
www.burmeseclassic.com

THE COUPLE စာစဉ် - ၂၃

တက္ကသိုလ်နေဝင်း

# ငြိုပြယ်မွှေတဲ့ကျောက်မျက်ရတနာ



Agatha Christie

CAT AMONG THE PIGEONS

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

တအုပ် (၂၃)

# တက္ကသိုလ်နေဝင်း
# ငြိုဟ်မွှေတဲ့ ကျောက်မျက်ရတနာ

## Cat Among The Pigeon

## Agatha Christie

THE COUPLE

၇၃ (F) ဒုတိယထပ်၊ စမ်းချောင်းလမ်း၊
စမ်းချောင်း၊ ရန်ကုန်။
ဖုန်း – ၅၁၂၀၄၆

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၄၃၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၁၅၀၆၀၆

■

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ မေလ၊ ၁၉၈၄
သက်တင်စာပေတိုက်
- ဒုတိယအကြိမ်၊ ဩဂုတ်လ၊ ၂၀၀၆
The Couple

အုပ်ရေ - ၁၀၀၀
မျက်နှာဖုံး - ဇင်မင်းလူ
ကွန်ပျူတာစာစီ - Dream City
မျက်နှာဖုံးဖလင် - Stars
အတွင်းဖလင် - ပုံရိပ်ရှင်
စာအုပ်ချုပ် - ကိုမြင့်

■

ဦးသန်းဆွေ (၀၃၉၂၀)၊ Unity စာပေ
၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့မှထုတ်ဝေ၍
ဒေါ်ခင်အေးမြင့် (၀၅၉၀၁)၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

တန်ဖိုး - ၂၀၀၀ ကျပ်

## ပုံနှိပ်ရာဇဝင်




**သက်တင်စာပေတိုက်**
ပထမအကြိမ်
မေလ၊ ၁၉၈၄




**The Couple**
ဒုတိယအကြိမ်
ဩဂုတ်လ၊ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

■

ဒီစာအုပ်လေးကို ဒုတိယအကြိမ် ထုတ်ဝေဖို့ ခွင့်ပြုခဲ့တဲ့ ဆရာတက္ကသိုလ်နေဝင်းရဲ့ ဇနီး အန်တီဒေါ်ခင်ညိမ်း၊ ထုတ်ဝေဖြစ်အောင် အစစအရာရာ အကူအညီပေးခဲ့တဲ့ ကိုနေမျိုးသူရ (တကောင်းစာအုပ်တိုက်) တို့ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**The Couple**

## ပထမအကြိမ်ထုတ်ဝေစဉ်က မြန်မာပြန်သူ၏အမှာ

ကမ္ဘာကျော် ဗြိတိသျှစာရေးဆရာမကြီး အာဂါသာခရစ္စတီ ဟူသော နာမည်ကို စာဖတ်ပရိသတ်က သိနေပြီး ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ စာရေးသူ မြန်မာပြန်ဆိုရေးသားခဲ့ပြီးသော အမြန်ရထားပေါ်မှ လူသတ်မှုနှင့် ဟီလာရီဝတ္ထုများသည် ဆရာမကြီး အာဂါသာခရစ္စတီ၏ လက်ရာများပင် ဖြစ်ပါသည်။

ကမ္ဘာ့စာပေနယ်တွင် ဆရာမကြီးသည် စုံထောက်ဝတ္ထုများ ရေးသားရာ၌ သူမတူအောင် ထူးချွန်ပြောင်မြောက်သူအဖြစ် အားလုံးက လက်ခံ အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။ ယနေ့ နာမည်ကြီး စုံထောက်ဝတ္ထုရေး စာရေးဆရာမှန်သမျှ ဆရာမကြီး အာဂါသာခရစ္စတီ၏ ဝတ္ထုများကို အထူးဂရုစိုက် လေ့လာခဲ့ကြသူချည်း ဖြစ်ပါသည်။

ဆရာမကြီး၏ ဝတ္ထုများသည် ဇာတ်အိမ်ဖန်တီး တည်ဆောက်ပုံ အလွန်ခိုင်ခံ့ ပီရိသလောက် ဇာတ်လမ်းကလည်း ပရိသတ် စိတ်ဝင်စားလောက်အောင် ဆွဲဆောင်မှု အပြည့်အဝ ရှိပါသည်။ လျှို့ဝှက်သည်းဖို မှုခင်းများ ဖန်တီးတင်ပြရာတွင်လည်း အလွန်ပီရိ သေသပ်လှပါသည်။ မှုခင်းများ စုံထောက်ခန်းကို သရုပ်ဖော် တင်ပြရာတွင် စာဖတ်သူတို့အား စိတ်ကူးဉာဏ် ရင့်သန်စေသည်ဟုလည်း အနောက်တိုင်းမှ စာပေ အကဲခတ်ပုဂ္ဂိုလ်များက ချီးကျူးထောက်ခံခဲ့ကြပါသည်။

ဆရာမကြီး၏ ဝတ္ထုများမှ နောက် ထူးခြားချက်တစ်ခုကတော့ အဓိက ဇာတ်ကောင်ဖြစ်သော စုံထောက်ကို ဖန်တီးတင်ပြပုံပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားရိုးကျစုံထောက်များကို စာရေးဆရာများက ဖန်တီးပြရာတွင် ဗလကောင်းကောင်း ထောင်ထောင် မောင်းမောင်းနှင့် ဖျတ်လတ်သွက်လက်ပြီး စွန့်စား လှုပ်ရှားခန်းများ၌ ထူးချွန်သူအဖြစ် ပြထားတတ်ရာ ဆရာမကြီး အာဂါသာခရစ္စတီကမူ စုံထောက်မည်သည် ဗလအားကိုး ဖြစ်ရန်မလို။ လက်ရုံးရည်ထက် နှလုံးရည်(ဉာဏ်ပညာ) ထက်မြက်ရန် အရေးကြီးသည်ဟု ဆိုချင်ဟန် တူပါသည်။

ထို့ကြောင့် သူမ၏ ဝတ္ထုများထဲမှ စုံထောက်ကို လူပုပုဝဝ အရုပ်ဆိုးဆိုးနှင့် ထိုးကြိတ် သတ်ပုတ်ခြင်း စွန့်စားခန်းများ မလုပ်သူတစ်ယောက်အဖြစ် ဖန်တီးတင်ပြခဲ့ပါသည်။

စုံထောက်၏ အမည်က ဟာကြျူလီဖြစ်ပါသည်။ နာမည်အပြည့်အစုံက ဟာကြျူလီပွာရိုဖြစ်သော်လည်း စာဖတ်ပရိသတ်များ မှတ်မိလွယ်အောင် ဟာကြျူလီဟုသာ အတိုကောက် အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။

စုံထောက်ဟာကြျူလီ၏ ဉာဏ်စွမ်းထက်ပုံကို အမြန်ရထားပေါ်မှ လူသတ်မှု ဝတ္ထုတွင် စာဖတ်ပရိသတ်က အကဲခတ် လေ့လာပြီး ဖြစ်ပါလိမ့်မည်။

ယခုဝတ္ထုသည်လည်း စုံထောက်ဟာကြျူလီအနေဖြင့် အလွန်ခက်ခဲသော မှုခင်းတစ်ခုကို စုံစမ်း ထောက်လှမ်းရာ၌ ဦးနှောက်ဉာဏ်စွမ်း အသုံးချ၍ တရားခံပေါ်အောင် ထောက်လှမ်းရပုံကို စိတ်ဝင်စားဖွယ် ဝတ္ထုဇာတ်လမ်းအဖြစ် ဖန်တီး တင်ပြထားပါသည်။

ထို့ကြောင့် အဆင့်အတန်းမြင့်မြင့် စုံထောက်ဝတ္ထုဖတ်ရှုလိုသူ စာဖတ်ပရိသတ်အနေဖြင့် စိတ်ဝင်စားကြလိမ့်မည်ဟု ယူဆမိပါသဖြင့် ဤဝတ္ထုကို မြန်မာပြန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

တက္ကသိုလ်နေဝင်း

## ဇာတ်လမ်းနိဒါန်း

အင်္ဂလန်ပြည်တွင် အလွန်နာမည်ကြီးသော မဲဒိုးဘင်း အမည်ရှိ မိန်းကလေးကျောင်းတစ်ကျောင်း ရှိသည်။ ထိုကျောင်းသည် မိန်းကလေးများအား ဘော်ဒါဆောင် ကျောင်းအိပ်ကျောင်းစားအဖြစ် ထားပြီး ဘာသာရပ်မျိုးစုံကို သင်ကြားပေးရာ၌ အလွန်စည်းကမ်းကြီးသလောက် ပညာသင်ကြားပေးရာတွင် အလွန်ထူးချွန်ကောင်းမွန်လှသည်ဟု နာမည်ကျော်ကြားလေသည်။

ကျောင်းလခဈေးနှုန်းက အလွန်ကြီးသဖြင့် သင်ကြားပြသသူ ဆရာမများကလည်း အတော်ဆုံး၊ အထူးချွန်ဆုံး ဆရာမများ ဖြစ်ကြသောကြောင့် မိန်းကလေး မိဘများအနေဖြင့် ကျောင်းလခဈေးနှုန်း ကြီးမြင့်ခြင်းကို ဂရုမစိုက်ဘဲ မိမိတို့ ရင်သွေးများကို လာရောက်အပ်နှံလေ့ ရှိကြသည်။ ကျောင်းသူဦးရေကိုလည်း ကန့်သတ်ထားသဖြင့် ငွေကြေး ပြည့်စုံစေကာမူ ကျောင်းသူအသစ်တစ်ဦး ရုတ်တရက် ဝင်ခွင့်ရရန် မလွယ်ကူလှချေ။

မဲဒိုးဘင်းကျောင်း၏ နာမည်သတင်းသည် ကမ္ဘာကသိအောင် ထင်ရှားကျော်ကြားနေပြီ ဖြစ်၍ နိုင်ငံခြားမှ ကြေးရတတ် မိဘများကလည်း မိမိတို့၏ သမီးများကို ဤကျောင်းသို့ လာရောက်အပ်နှံလေ့ ရှိကြပေသည်။

အင်္ဂလန်ပြည်မှ အထက်တန်းလွှာ ကြေးရတတ် မိဘများ၏ သမီးများ၊ မြို့စား နယ်စား ဘွဲ့ရပုဂ္ဂိုလ်များ၏ သမီးများ၊ ဥရောပနိုင်ငံများမှ ငွေကြေး ပြည့်စုံသူတို့၏ သမီးများအပြင် နိုင်ငံခြားမှ အထက်တန်းလွှာ မိဘများ၏ သမီးအချို့လည်း ဤကျောင်းသို့ လာရောက်ပညာသင်ကြားကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုဇာတ်လမ်း စတင်သည့်အချိန်ကား မဲဒိုးဘင်းကျောင်း၏ နွေရာသီ စာသင်တန်းများ ဖွင့်လှစ်တော့မည် ဖြစ်၍ အနယ်နယ် အရပ်ရပ်မှ ကျောင်းသူများသည် သူ့မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့်အတူ ကျောင်းသို့ အသီးသီး လာရောက်နေကြသည့် အချိန်ပင် ဖြစ်သည်။

ကျောင်းမှ ဆရာမများက ကျောင်းသူများနှင့် မိဘများကို ခရီးဦးကြိုပြု နှုတ်ဆက်ရင်း လက်ခံနေကြသည့် အချိန်ဖြစ်သည်။

ကျောင်းကို ကြီးကြပ်အုပ်ချုပ်သူ ကျောင်းအုပ်ဆရာမကြီးကား မစ္စဘားလ်စထရိ့အမည်ရှိ အမျိုးသမီးကြီး ဖြစ်သည်။ သူမသည် စည်းကမ်းကြီးပြီး ကျောင်းသူများနှင့်တကွ ဆရာမများအားလုံးအပေါ် စည်းကမ်းစနစ် ကျနစွာဖြင့် အုပ်ချုပ်ကွပ်ကဲတတ်သူလည်း ဖြစ်သည်။

သူမသည် ကျောင်းသူအသစ်များ လက်ခံရာတွင် အလွယ်တကူ လက်မခံဘဲ သေချာစွာ အသေးစိတ် စိစစ်ပြီးမှ ကျောင်းလက်ခံလေ့ရှိရာ ကျောင်းသူ မိန်းကလေးအသစ်တစ်ဦးကို သဘောမကျလျှင် မိဘက မည်မျှပင် ချမ်းသာကြွယ်ဝ၍ ဩဇာတိက္ကမ ကြီးမားစေကာမူ ဆရာမကြီးက လက်မခံဘဲ ငြင်းပယ်လွှတ်လေ့ ရှိသည်။ ထို့ကြောင့်လည်း သူမ၏ မဲဒိုးဘင်းကျောင်း အမည်မှာ ပို၍ ထင်ရှား ကျော်ကြားကာ တန်ဖိုးရှိနေခြင်း ဖြစ်သည်ဟု ဆိုကြလေသည်။

ယခုနှစ် မဲဒိုးဘင်းကျောင်း၌ စာသင်နှစ်အသစ် ဖွင့်စအချိန်တွင် ထူးခြားချက်တစ်ခုကား ကျောင်းသူအသစ်တစ်ဦးပင် ဖြစ်သည်။

ထိုကျောင်းသူအသစ်မှာ အရှေ့အလယ်ပိုင်းဒေသ တစ်နေရာရှိ ရာမတ်အမည်ရှိ အာရပ်စော်ဘွားပြည်နယ်တစ်ခုမှ မိန်းကလေးတစ်ဦး ဖြစ်သည်။ သူမ၏ နာမည်ကိုလည်း မင်းသမီး ရှာအီစတာဟု ခေါ်လေသည်။

ရှာအီစတာသည် အသက် ၁၅ နှစ်မျှသာရှိသေးသော်လည်း ကိုယ်လုံးကိုယ်ဟန် ထွားကျိုင်းသဖြင့် ပို၍ အသက်ကြီးသည်ဟု ထင်ရသည်။

ရှာအီစတာသည် အင်္ဂလိပ်စကားကိုလည်း ရေလည်တတ်ကျွမ်းစွာ ပြောတတ်သူ ဖြစ်သည်။ အရှေ့တိုင်းသူ မိန်းကလေးများကဲ့သို့ ယဉ်ကျေးသိမ်မွေ့သူဖြစ်၍ ဆရာမကြီး မစ္စဘားလ်စထရိ့က သူမကို သဘောကျမိလေသည်။

ယခုနှစ် ဤကျောင်းတွင် ထူးခြားချက် နောက်တစ်ခုကား ကျောင်း၏ ပန်းဥယျာဉ်များကို ကြည့်ရှုထိန်းသိမ်းရန် မူလက ဥယျာဉ်မှူးသုံးဦး ရှိ



သော်လည်း ယခုတော့ လူဟောင်းတွေ ထွက်သွားသဖြင့် ဥယျာဉ်မှူးလူသစ် တစ်ဦး ရောက်ရှိနေခြင်းပင် ဖြစ်သည်။

လူသစ်က လူငယ်တစ်ဦးဖြစ်ပြီး ဖျတ်လတ် သွက်လက်လျက် အသားရုပ်ကလည်း ခံ့ညားချောမွေ့သူဖြစ်ရာ ကျောင်းသူများကို လာပို့သူ မိဘအချို့ကပင်လျှင် ထိုလူငယ် ဥယျာဉ်မှူးလူသစ်ကို သတိပြုမိကြလေသည်။

"ကျောင်းက ဥယျာဉ်မှူး လူဟောင်းတွေ မရှိတာနဲ့ ကျွန်မတို့က အဲဒီလူတစ်ယောက်ကိုပဲ လောလောဆယ် ခေါ်ခိုင်းထားရတယ်ရှင့်"

ကျောင်းအုပ်ဆရာမကြီးက ကျောင်းသူမိဘတစ်ဦးအား ရှင်းပြလေသည်။

ဆရာမကြီးအနေဖြင့် မိမိကျောင်း ဂုဏ်သိက္ခာဖြင့် မြင့်မားနေပြီး ထိပ်တန်းမိန်းကလေးကျောင်းတစ်ကျောင်း ဖြစ်နေခြင်းကို စိတ်ထဲမှ ကျေနပ်ပီတိဖြစ်နေလေသည်။

သို့ရာတွင် အေးချမ်းသာယာပြီး နာမည်ဂုဏ်သတင်း ကောင်းလှသော ဤမိန်းကလေးကျောင်း၌ အရုပ်ဆိုးအကျည်းတန်လှသည့် လူသတ်မှုတစ်ခု ဖြစ်ပွားလာလိမ့်မည် ဟူ၍ကား ဆရာမကြီးက လုံးဝ မသိရှာချေ။

❑ ❑ ❑

## ၁

မဲဒိုးဘင်းမိန်းကလေး ကျောင်းမဖွင့်မီ နှစ်လခန့်က ဖြစ်သည်။

ထိုအချိန်၌ မိုင်ပေါင်းများစွာ ဝေးကွာသော နေရာဒေသတစ်ခု၌ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များသည် မိန်းကလေးများကျောင်းသို့ အကြီးအကျယ် ဂယက်ရိုက်လာလိမ့်မည်ဟု မည်သူကမှ မျှော်လင့်ကြမည် မဟုတ်ချေ။

ဖြစ်ပျက်သည့်နေရာကား ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသ ရာမတ်ခေါ် အာရပ်စော်ဘွားပြည်နယ်ကလေးပင် ဖြစ်သည်။

ရာမတ်စော်ဘွား၏ နန်းတော်တွင်း၌ လူငယ်နှစ်ဦးသည် ဆေးလိပ်ထိုင်သောက်ရင်း သူတို့၏ အနာဂတ်ကာလ ကံကြမ္မာအကြောင်း စဉ်းစားမိနေကြလေသည်။ လူငယ်နှစ်ဦးအနက် အသားညိုညိုလူငယ်မှာ ရာမတ်ပြည်နယ်၏ ရှိတ်ခေါ် စော်ဘွားပင် ဖြစ်သည်။ သူသည် မျိုးရိုးစဉ်ဆက်အရ ရှိတ်စော်ဘွားဘွဲ့ကို ခံယူရရှိခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားချက်တစ်ခုကား ရာမတ်ပြည်နယ်သည် အရွယ်ပမာဏအားဖြင့် သေးငယ်သော်လည်း အရှေ့အလယ်ပိုင်းဒေသတွင် ကြွယ်ဝချမ်းသာဆုံးတိုင်းပြည်တစ်ပြည် ဖြစ်နေခြင်းပင်တည်း။

ရှိတ်စော်ဘွားဖြစ်နေသူ လူငယ်၏အမည်ကား မင်းသားအလီယူဆွတ်ဟု ခေါ်လေသည်။

သူနှင့် စကားထိုင်ပြောနေသူ လူငယ်ကား ရော်လင်ဆင်အမည်ရှိ အင်္ဂလိပ်လူမျိုးတစ်ဦး ဖြစ်သည်။ သူသည် မင်းသားအလီယူဆွတ်၏ ကိုယ်ပိုင်လေယာဉ်ကို မောင်းသူ ပိုင်းလော့ (လေယာဉ်မှူး) ဖြစ်လေသည်။

သူတို့ ထိုင်စကားပြောနေကြသည့်အချိန်၌ ရာမတ်ပြည်နယ်တွင် ပြည်တွင်းရေး မငြိမ်မသက် ဖြစ်နေသည်။ မင်းသားအလီယူဆွတ်အား စော်ဘွားရာထူးမှ ဖြုတ်ချပြီး အာဏာသိမ်းယူလိုသည့် အုပ်စုများ ရှိနေသည်။ လက်နက်ကိုင် ပုန်ကန်တော်လှန်ရန် ပြင်ဆင် စိုင်းပြင်းနေကြသည့် အချိန်လည်း ဖြစ်လေသည်။

"ရန်သူအုပ်စုက ကျုပ်တို့လေယာဉ်ကို ပစ်ချဖို့ ကြိုးစားတာ ခင်ဗျားသိတယ်မဟုတ်လား"

မင်းသား အလီယူဆွတ်က ပြောလိုက်ရာ လေယာဉ်မှူး ရော်လင်ဆင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ သူတို့က အောက်က လှမ်းပစ်တော့ ကျုပ်တို့ လေယာဉ်ကို မထိတာ အလွန်ကံကောင်းတယ်လို့ ဆိုရမယ်။ နောက်အကြိမ်ဆိုရင် ဒီလိုကံကောင်းချင်မှ ကောင်းမယ်။ ဒီက အခြေအနေ မကောင်းလို့ ခင်ဗျားကို ရှောင်ထွက်သွားဖို့ ကောင်းပြီလို့ ကျုပ်က သတိပေးခဲ့တယ်မဟုတ်လား။ တကယ်ဆိုရင် ခင်ဗျားအနေနဲ့ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက ဒီရာမတ်ပြည်နယ်က ထွက်သွားဖို့ ကောင်းတယ်"

"ဒါတော့ဗျာ၊ ကိုယ့်တိုင်းပြည်က ရှောင်ထွက်ပြေးရတာမျိုးကို ကျုပ်က ဘယ်လုပ်ချင်ပါ့မလဲ"

"မှန်တယ်လေ၊ သို့သော်လည်း အခြေအနေအရ မီးစဉ်ကြည့်ပြီးကရမယ် မဟုတ်လား၊ လုပ်ကြံ သတ်ဖြတ်တာ မခံရအောင် ရှောင်ထွက်သွားမှသာ တစ်နေ့ ကိုယ်က ပြန်တိုက်နိုင်မှာပေါ့"

"ကျုပ်အနေနဲ့ ဒီတိုင်းပြည်က ရှောင်ထွက်သွားရမှာ အလွန်ရင်နာမိတယ်ဗျ"

"ဒီမယ် သံရုံးအကူအညီတောင်းလို့ မဖြစ်ဘူးလား"



"ဘာလဲ၊ ခင်ဗျားတို့ ဗြိတိသျှသံရုံးကို အကူအညီတောင်းဖို့ ပြောတာလား၊ မဖြစ်နိုင်ဘူး၊ သံရုံးထဲ ဝင်ပြီး ခိုလှုံခွင့်တောင်းဖို့ မလုပ်ချင်ဘူး၊ အခုပဲ ကျုပ်ဟာ အနောက်တိုင်းဆန်တယ်လို့ စွပ်စွဲနေကြတယ်၊ ကျုပ်ရဲ့ ရန်သူဖြစ်တဲ့ အကြမ်းဖက်အယူသီးဝါဒသမားတွေက ဒီနန်းတော်ကို တရကြမ်းဝင်တိုက်ကြမှာ သေချာတယ်၊ သံရုံးဆိုလို့ အကြမ်းဖက်သမားတွေက သံတမန်အခွင့်အရေးတို့ ဘာတို့ကိုလည်း ဂရုစိုက်မှာ မဟုတ်ဘူး"

အလီယူဆွတ်က စိတ်ပျက်ဟန်ဖြင့် ပြောလိုက်သည်။

သူသည် အသက်နှစ်ဆယ့်ငါးနှစ်မျှသာ ရှိသေးသော်လည်း အတွေးအခေါ် ရင့်ကျက်လေးနက်သူ ဖြစ်လေသည်။ သူ၏အဘိုး ပထမစော်ဘွားလက်ထက်က ဆင်းရဲသားများ၊ ကျေးကျွန်များအပေါ် အလွန်ရက်စက် ကြမ်းကြုတ်စွာ ဆက်ဆံ၍ အုပ်ချုပ်ခဲ့ပုံများကို မှတ်မိနေပြီး စက်ဆုပ် ရင်နာမိခဲ့သည်။ သူ၏အဘိုး စော်ဘွားကြီးကား ပဒေသရာဇ်အာဏာရှင်ဆန်ခဲ့သည်ဟုလည်း ဝေဖန်သုံးသပ်မိလေသည်။

မင်းသား အလီယူဆွတ်သည် သူ၏လေယာဉ်မှူး (ပိုင်းလော့) ရော်လင်ဆင်အား မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကဲ့သို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံတတ်လေသည်။ အစစအရာရာ တိုင်ပင်ဆွေးနွေးလေ့ ရှိသည်။ ထို့ကြောင့် သူသည် ရော်လင်ဆင်နှင့် အနာဂတ်အရေးအတွက် တိုင်ပင်နေခြင်း ဖြစ်လေသည်။

လေယာဉ်မှူး ရော်လင်ဆင်ကလည်း မင်းသား အလီယူဆွတ်အား မိတ်ဆွေကောင်းတစ်ဦးအနေဖြင့် စေတနာထားကာ အကြံပေးလေသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားအနေနဲ့ ဒီတိုင်းပြည်က ဘေးအန္တရာယ်မရှိဘဲ လွတ်အောင် ရှောင်ထွက်သွားနိုင်ဖို့က အရေးကြီးတယ်၊ ဒါထက် စစ်တပ်ထဲမှာ ခင်ဗျား ယုံကြည်စိတ်ချရပြီး အားကိုးရမယ့်လူ မရှိဘူးလား"

ရော်လင်ဆင်က မေးလိုက်ရာ အလီယူဆွတ်သည် ခေါင်းခါပြလေသည်။

"မရှိဘူးဗျ၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ခင်ဗျားမေးရင်တော့ ကျုပ်က စစ်တပ်ထဲမှာ ယုံရတဲ့လူ ရှိတယ်လို့ ဖြေရှင်ဖြေနိုင်မယ်၊ ဒါပေမဲ့ အခုတော့ အခြေအနေတစ်မျိုး ပြောင်းသွားပြီ၊ ယုံကြည် စိတ်ချရပါတယ်လို့ ပြောရမယ့်လူက မရှိသလောက်ပဲ"

"ကျုပ်တော့ ဒီနန်းတော်ထဲမှာ ကြာကြာမနေချင်ဘူး၊ ဒီမှာ နေရတာ အလိုလို ကြက်သီးထပြီး ကျောချမ်းမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါပဲ၊ ဒီနန်းတော်ထဲမှာကိုက ရန်သူ့ဘက်က သူလျှိုတွေ ရှိနေတယ်၊ ကျုပ်တို့က ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော သူလျှိုတွေက သိနေဖို့များတယ်"

"ဟုတ်တယ်ဗျ၊ လေဆိပ်က လေယာဉ်ထားတဲ့ နေရာမှာတောင်တယ်ပြီး စိတ်မချရဘူး၊ လေယာဉ်စက်ပြင် အလုပ်သမားတွေက လေယာဉ်ကို တစ်ခုခု ချွတ်ယွင်းအောင် လုပ်ထားရင် ဘယ့်နှယ်လုပ်မလဲ၊ ဘာပဲဖြစ်ဖြစ်လေ ခင်ဗျား ဒီက ရှောင်ထွက်မယ်ဆိုရင် အမြန်ဆုံးသွားမှပဲ ကောင်းမယ်"

"ကျုပ်လည်း သိပါတယ်၊ ဒီမှာသာ ဆက်နေရင် ကျုပ် အသတ်ခံရမှာ သေချာတယ်"

"တစ်ခုတော့ရှိတယ်၊ ကျုပ်တို့က အခု မြန်မြန် လေယာဉ်နဲ့ မောင်းပြေးရင် ဖြစ်နိုင်တယ်၊ မြောက်ဘက်ကို ဦးတည်ပျံသွားရင် ရန်သူက လိုက်နှောင့်ယှက်လို့ ရမှာမဟုတ်ဘူး။ သို့သော်လည်း အဲဒီဘက်မှာ တောင်တန်းကြီးတွေ ရှိနေတယ်"

လေယာဉ်မှူး ရော်လင်ဆင်က အကြံပေးရင်း အခြေအနေကိုပါ ပြောပြလိုက်သည်။

"ဒီမယ်... အခု ခင်ဗျားသာ တစ်ခုခုဖြစ်ရင်တော့ ဒုက္ခပဲ"

မင်းသား အလီယူဆွတ်က စိုးရိမ်ဟန်ဖြင့် ပြောလိုက်ပြန်သည်။

"ကျုပ်ကို ထည့်မစဉ်းစားပါနဲ့၊ ကျုပ်က အရေးကြီးတဲ့ လူတစ်ယောက်မဟုတ်ပါဘူး၊ ကျုပ်လိုလူမျိုးက အနေးနဲ့ အမြန် တစ်နေ့သေရမှာပဲ၊ ခင်ဗျားသိတဲ့အတိုင်း ကျုပ်က ဘာမဆို ခပ်ကြမ်းကြမ်းရမ်းရမ်း လုပ်တတ်တယ်"

"ဒီက ထွက်ပြေးတာကိုတော့ ကျုပ်သဘောမကျဘူး၊ ဒါပေမဲ့ ဒီမှာဆက်နေရင်လည်း သေချာပေါက် အသတ်ခံရမှာပဲ၊ ဘယ်တော့သွားရင်ကောင်းမလဲ"

"အမြန်ဆုံးသွားနိုင်လေ ကောင်းလေပဲ၊ အရေးကြီးတာက ခင်ဗျားကို ဘယ်သူကမှ မသင်္ကာမဖြစ်ဘဲ လေဆိပ်ရောက်အောင် သွားနိုင်ဖို့ လိုတယ်၊ ဒီလိုလုပ်ရင် မဖြစ်ဘူးလား၊ ခင်ဗျားအနေနဲ့ ရုတ်တရက် စိတ်ကူးပေါက်လို့ အာဂျာဆာအရပ်က လမ်းသစ်ဖောက်လုပ်ရေး လုပ်ငန်းကို သွားကြည့်မယ်ဆိုပြီး နန်းတော်က ထွက်ရင် မကောင်းဘူးလား၊ ကျုပ်က လေဆိပ်က စောင့်နေပြီး လေယာဉ်ကို အသင့်လုပ် စက်နှိုးထားမယ်၊ သူများတွေ မေးရင်တော့ ခင်ဗျားက လမ်းသစ်ဖောက်တာကို လေယာဉ်ပေါ်က လေ့လာကြည့်မယ်လို့



ပြောရုံပေါ့၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားမှာ မသင်္ကာစရာ အဝတ်အစားပစ္စည်းသေတ္တာတို့ ဘာတို့ ပါလို့မဖြစ်ဘူး"

"ဟုတ်ပါတယ်၊ ကျုပ်ကလည်း ဘာပစ္စည်းမှ ယူမသွားချင်ဘူး၊ ဩော်... တစ်ခုတော့ ရှိတယ်၊ ကျုပ်ယူသွားချင်တဲ့ ပစ္စည်းတစ်မျိုးပဲ ရှိတယ်"

မင်းသားအလီယူဆွတ်က ပြုံး၍ပြောရင်း သူ၏ ရှပ်အင်္ကျီအိတ်အတွင်းမှ သားရေအိတ်ငယ်တစ်ခုကို ထုတ်ယူပြီး အတွင်းမှ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်သည်။

ထိုပစ္စည်းများက အဖိုးတန် ကျောက်မျက်ရတနာများ ဖြစ်လေရာ လေယာဉ်မှူး ရော်လင်ဆင်သည် မျက်လုံးပြူးလောက်အောင်ပင် အံ့အားသင့်သွားလေသည်။

"ဒီကျောက်မျက်တွေက အားလုံး အစစ်တွေပဲလားဗျ"

"ဟ...အားလုံး အစစ်တွေချည်းပဲ။ ဒါတွေက အဘိုးနဲ့ ကျုပ်ဖေဖေလက်ထက်ကတည်းက စုဆောင်းထားတဲ့ ကျောက်မျက်ရတနာတွေ ဖြစ်တယ်။ မိသားစုက ယုံကြည်ရတဲ့ အဝယ်တော်လွှတ်ပြီး လန်ဒန်၊ ကလကတ္တားနဲ့ တောင်အာဖရိကနိုင်ငံတွေက သွားဝယ်ခဲ့တာတွေ ဖြစ်တယ်။ အခုပေါက်ဈေးနဲ့ဆိုရင် ဒီရတနာတွေဟာ အင်္ဂလိပ်ငွေ စတာလင်ပေါင် ခုနစ်သိန်းခွဲလောက်ဘန်တယ်"

အလီယူဆွတ်က ပြောလိုက်ရာ ရော်လင့်ဆင်သည် ပို၍ အံ့အားသင့်သွားမိလေသည်။

"ဟင်...စတာလင်ပေါင် ခုနစ်သိန်းခွဲတောင် တန်သလား။ ယုံနိုင်စရာတောင် မရှိဘူး။ ပုံပြင်ထဲက ဇာတ်လမ်းတစ်ခုလိုပါပဲလား။ ဒါလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ဆိုတော့ အများကြီး အသုံးချလို့ ရတယ်။ လိုချင်တပ်မက်တဲ့ လူလည်း သိပ်များမှာပဲ"

"ဟုတ်တယ်၊ လူတွေက အဖိုးတန် ကျောက်မျက်ရတနာတွေဆိုရင် ခိတ်ဖောက်ပြန်တတ်တယ်။ ဒီပစ္စည်းမျိုးတွေကြောင့် လောဘတက်ပြီး အကြမ်းဖက်မှုတွေ လူသတ်မှုတွေလည်း ဖြစ်တတ်တယ်။ ဒီပစ္စည်းမျိုးနဲ့ ပတ်သက်လာရင် မိန်းမတွေက အဆိုးဆုံးပဲဗျ။ အမျိုးသမီးတွေက ကျောက်မျက်ရတနာတွေကို မြင်ရင် အလွန်တပ်မက်ကြတယ်။ စိတ်ရူးပေါက်လာတတ်တယ်။ ဒါကြောင့် ဒီပစ္စည်းတွေနဲ့ မိန်းမတစ်ယောက်ကို စိတ်မချဝံ့ဘူး။ ခင်ဗျားကိုတော့ ယုံကြည်စိတ်ချတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ… ကျုပ်ကို ယုံကြည်စိတ်ချတယ်လား"

"ဟုတ်ပါတယ်၊ ဒီပစ္စည်းတွေကို ကျုပ်ရဲ့ ရန်သူလက်ထဲမရောက်စေချင်ဘူး။ သူတို့က ကျုပ်ကို ဘယ်တော့ ပုန်ကန်ဖို့ စီစဉ်မလဲ မသိဘူး။ ဒီနေ့လည်းပဲ ဖြစ်နိုင်တယ်။ အခု ကျုပ် လေဆိပ်ကို သွားဖို့ ကြိုးစားရာမှာတောင် လေဆိပ်ကို ရောက်ပါ့မလား မပြောနိုင်ဘူး။ ဒါကြောင့် ဒီပစ္စည်းတွေကို ခင်ဗျားက ထိန်းသိမ်းဖို့ တာဝန်ယူစေချင်ပါတယ်"

"နေပါဦးဗျ။ ကျုပ်က ဘာမှ နားလည်တာ မဟုတ်ဘူး။ ဒီပစ္စည်းတွေကို ဘာလုပ်ရမှာလဲ"

လေယာဉ်မှူး ရော်လင်ဆင်က ပြန်မေးလိုက်သည်။

"တစ်နည်းနည်းနဲ့ ဒီတိုင်းပြည်အပြင် ရောက်အောင် ထုတ်သွားပါ"

"ဘယ်လိုလဲဗျ။ ဒီပစ္စည်းတွေကို ခင်ဗျားကိုယ်စား ကျုပ်က သယ်ထုတ်သွားရမှာလား"

"ဟုတ်ပါတယ် ဆိုပါတော့။ ခင်ဗျားအနေနဲ့ ဒီပစ္စည်းတွေကို ဥရောပ တိုက်ရောက်အောင် ထုတ်သွားဖို့ ပိုလွယ်ပါလိမ့်မယ်"

"ကျုပ်က ဘယ်လိုလုပ်ရမှန်းတောင် သိတာ မဟုတ်ဘူးဗျ"

ရော်လင်ဆင်က ပြောလိုက်လျှင် အလီယူဆွတ်က ပြုံးလိုက်သည်။

"ခင်ဗျားမှာ စဉ်းစားဉာဏ် ရှိပါတယ်၊ ပြီးတော့ ခင်ဗျားဟာ ရိုးသားဖြောင့်မတ်တယ်။ ခင်ဗျားက နည်းလမ်းတစ်ခုခု စဉ်းစားလို့ ရပါတယ်။ ကျုပ် တကယ်လို့ တစ်ခုခုဖြစ်ရင် ခင်ဗျား ဆက်သွယ်ဖို့ လူတစ်ယောက်ရဲ့ နာမည်နဲ့ လိပ်စာလည်း ပေးထားပါတယ်။ ဒီလူက ဒါမျိုးတွေ လုပ်တတ်ကိုင်တတ်သူ ဖြစ်တယ်။ ဘာမှ စိုးရိမ်မနေပါနဲ့။ ခင်ဗျား တတ်နိုင်သလောက်သာ လုပ်ပါ။ ကံမကောင်းလို့ မအောင်မြင်ရင်လည်း ကျုပ်က အပြစ်မတင်ပါဘူး။ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်တယ်လို့ ယူဆပါမယ်။ ကျုပ်က ခင်ဗျားကို ဒီကျောက်မျက်ရတနာတွေ အပ်တဲ့ နောက်အကြောင်းတစ်ခုက တကယ်လို့ ကျုပ် လုပ်ကြံခံရရင် ရန်သူ အကြမ်းဖက်သမားတွေက ကျုပ်ရဲ့အလောင်းက နှိုက်ယူတာမျိုး မဖြစ်စေချင်ဘူး။ ဒါကြောင့် ခင်ဗျားက တာဝန်ယူစေချင်တယ်။ နောက်ပိုင်း ဖြစ်လာတာတော့ ကံတရားပေါ့"

"ခင်ဗျားဟာ မလွယ်လှပါလား"

"လွယ်ပါတယ်ဗျာ၊ ကျုပ်ပြောသလိုသာ လုပ်စမ်းပါ"

"ဒီမယ် အလီယူဆွတ် စောစောက ခင်ဗျားပြောခဲ့တဲ့အထဲမှာ ကျုပ်ဟာ ရိုးသားဖြောင့်မတ်တယ်လို့ ဆိုခဲ့တယ် မဟုတ်လား။ အခုလို စတာလင်



ပေါင် ခုနစ်သိန်းခွဲ တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ဆိုတော့ ကျုပ်စိတ်က စိတ်ဖောက်ပြန်သွားရင် ဘယ့်နှယ်လုပ်မလဲ"

ရော်လင်ဆင်က ဤသို့ မေးလိုက်သောအခါ မင်းသားအလီယူဆွတ်က လေယာဉ်မှူး၏ မျက်နှာကို ကြည့်၍ ဖြေလိုက်လေသည်။

"ဒါနဲ့ ပတ်သက်လို့ ကျုပ်က ခင်ဗျားအပေါ်မှာ လုံးဝ သံသယ မရှိဘူးဗျ"

❑ ❑ ❑

## ၂

လေယာဉ်မှူး ရော်လင်ဆင်သည် နန်းတော်၏စင်္ကြံအတိုင်း လမ်းလျှောက်လာရင်း စိတ်ညစ်နေမိလေသည်။ ယခု သူ၏ ဘောင်းဘီအိတ်ထဲတွင်ရှိသော ဗြိတိသျှ စတာလင်ငွေ ပေါင် ခုနစ်သိန်းခွဲတန် ကျောက်မျက်များနှင့် ပတ်သက်၍ အလွန်စိတ်မချမ်းမသာ ဖြစ်နေမိလေသည်။ ယခုပင်လျှင် မိမိတွင် ထိုကျောက်မျက်များ ရှိနေကြောင်းကို နန်းတော်အရာရှိများက သိနေပြီလောဟုလည်း စိုးရိမ်မကင်း ဖြစ်နေမိသည်။

နန်းတော်၏ အပြင်ဘက် တံခါးဝတွင် လက်နက်ကိုင်စစ်သားများ စောင့်နေသည်ကို မြင်လျှင် ပို၍ပင် စိုးရိမ်သွားမိလေသည်။ မင်းသားအလီယူဆွတ်၏ လေယာဉ်မှူးဖြစ်မှန်းသိသဖြင့် အလေးပြုလိုက်ကြသည်။

ရော်လင်ဆင်ကလည်း ရာမတ်မြို့တွင်းသို့ ဆက်လျှောက်ထွက်ခဲ့လေသည်။

မင်းသားအလီယူဆွတ်က သူ့အား ယုံကြည်စိတ်ချစွာဖြင့် အပ်နှံလိုက်သော ကျောက်မျက်ရတနာများကို ဘာလုပ်ရပါမည်နည်း။ ယခုလောလောဆယ် ဘာလုပ်ရမှန်းမသိ။ ဘာအကြံမှ မရှိဘဲ ဖြစ်နေသည်။ အချိန်က မရှိသဖြင့် တစ်ခုခု အမြန်ဆုံး စဉ်းစား၍ လုပ်မှ ဖြစ်ပေမည်။ ရော်လင်ဆင်သည် ရာမတ်မြို့၏ ဗဟိုလမ်းမကြီးအတိုင်း ဆက်လျှောက်လာရင်း အမျိုးမျိုး စဉ်းစားကြည့်လေသည်။ ထိုလမ်းမကြီးတွင် ကုန်ပစ္စည်းမျိုးစုံရောင်းသော ဈေးဆိုင်များ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရော်လင်ဆင်သည် မည်သို့မှ အကြံမရသဖြင့် စိတ်အိုက်အိုက်နှင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ပြီး 'လက်ဖက်ရည်တစ်ခွက်'ဟု မှာလိုက်လေသည်။

ဆိုင်အတွင်း၌ ထိုင်၍ လက်ဖက်ရည်သောက်နေစဉ် သူသည် အနည်းငယ် စိတ်တည်ငြိမ်သလို ဖြစ်လာလေသည်။ မလှမ်းမကမ်းရှိ စားပွဲတွင် အသက်ကြီးကြီး အာရပ်လူမျိုးတစ်ဦးသည် တစ်ယောက်တည်း ထိုင်၍ မွှတ်စလင်ဘာသာဝင်တို့ ကိုင်သော စိပ်ပုတီးတစ်ကုံးကို ကိုင်ကာ မျက်စိမှိတ်၍ ပုတီးစိပ်နေလေသည်။

လေယာဉ်မှူး ရော်လင်ဆင်သည် မင်းသားအလီယူဆွတ်က အပ်နှံလိုက်သော ကျောက်မျက်ရတနာများကို ဤတိုင်းပြည်မှ မည်သို့ထုတ်ယူသွားရပါမည်နည်းဟု ဆက်စဉ်းစားနေလေသည်။

ပထမတွင် ဗြိတိသျှသံရုံးသို့ သွား၍ အကူအညီတောင်းလျှင် ကောင်းမည်လောဟု စဉ်းစားမိသည်။ သို့ရာတွင် ဖြစ်နိုင်မည် မထင်ချေ။ သံရုံးအနေဖြင့် ပြည်နယ်တစ်ခု၏ ပြည်တွင်းရေးကိစ္စတွင် ပါဝင်ပတ်သက်ခြင်းမျိုး မလိုလားသဖြင့် လက်ခံမည်မဟုတ်ဟု စဉ်းစားမိပြန်လေသည်။

ရော်လင်ဆင်သည် အမျိုးမျိုး စဉ်းစားကြည့်ရင်း ကျောက်မျက်ရတနာများကို ထုတ်ယူသွားရန် အကောင်းဆုံးနည်းလမ်းမှာ ရိုးရိုးအရပ်သားခရီးသည် (ကုန်သည် သို့မဟုတ် တိုးရစ်ခရီးသည်) တစ်ဦးက သယ်ဆောင်သွားခြင်းပင် ဖြစ်သည်ဟု တွေးမိလေသည်။ သာမန်ခရီးသည်ဆိုလျှင် ပြည်ပသို့ထွက်သည့်အခါ အကောက်ခွန်ဌာနကလည်း အထူးစေ့စပ်သေချာစွာ ရှာဖွေစစ်ဆေးမည် မဟုတ်သောကြောင့် ကျောက်မျက်ရတနာများကို ချောမောစွာ ထုတ်ယူသွားနိုင်မည် ဖြစ်ပေသည်။

ရော်လင်ဆင်သည် ဤသို့ စဉ်းစားရင်း ရုတ်တရက် အကြံတစ်ခု ရလာလေသည်။

သာမန်ခရီးသည်တစ်ဦး၏ ကိုယ်ပိုင်ပစ္စည်းများနှင့် အတူ ကျောက်မျက်ရတနာများကို ထုတ်ယူသွားရန် စဉ်းစားမိရင်းက အသင့်တော်ဆုံး ခရီးသည်ကို သတိရမိခြင်း ဖြစ်သည်။

ထိုခရီးသည်ကား အခြားမဟုတ်၊ ရော်လင်ဆင်၏ အစ်မအရင်း ဂျူန်ဆိုသူ အမျိုးသမီးကြီးပင် ဖြစ်သည်။

ဂျူန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ဂျင်နီဖာအမည်ရှိ သမီးလေးတစ်ဦး ရှိလေသည်။ ယခု ဂျူန်က သူ့သမီးနှင့်အတူ ရာမတ်သို့ ရောက်နေလေသည်။ အင်္ဂလန်ပြည်တွင် နေထိုင်ရင်း တုပ်ကွေးရောဂါဖြစ်သဖြင့် ပြန်လည်နေကောင်းလာစချိန်တွင် ဆရာဝန်က ရာသီဥတုခြောက်သွေ့သောဒေသတစ်ခုခုသို့ သွားရောက်အနားယူရန် အကြံပေးသဖြင့် ဂျူန်သည် သမီးလေး ဂျင်နီဖာနှင့် အတူ ရာမတ်ပြည်နယ်သို့ ခေတ္တလာရောက် အပန်းဖြေနေခြင်း ဖြစ်သည်။ နောက်သုံးလေးရက်ကြာလျှင် သူတို့သားအမိသည် မီးသင်္ဘောဖြင့် အင်္ဂလန်နိုင်ငံသို့ ပြန်ကြရန် အစီအစဉ်ရှိလေသည်။

ယင်းအချက်ကို ရော်လင်ဆင်က သတိရမိလေရာ ကျောက်မျက်ရတနာများကို သူ့အစ်မ ဂျူန်၏ ပစ္စည်းများနှင့်အတူ ရောထုတ်သွားလျှင် အကောင်းဆုံးဟု တွေးမိလေသည်။

သို့သော် ဂျူန်က ယုံကြည်စိတ်ချရပါသလော။

သူ့အစ်မဂျူန်သည် ရိုးသားဖြောင့်မတ်သူ ဖြစ်ကြောင်းကိုတော့ ရော်လင်ဆင်က သိပေလိမ့်မည်။ ဤမျှ တန်ဖိုးရှိသော ကျောက်မျက်ရတနာများနှင့် ပတ်သက်၍ နှုတ်လုံပါမည်လော ဟူ၍ကား စဉ်းစားစရာ ရှိပေသည်။

အမှန်အတိုင်း ဖွင့်ပြောပြလိုက်လျှင် ဂျူန်သည် နှုတ်လုံစွာဖြင့် မည်သူ့ကိုမှ မပြောရန် စိတ်မချရဟု သုံးသပ်မိသည်။ ထို့ကြောင့် ရော်လင်ဆင်သည် တစ်နည်း စဉ်းစားမိပြန်သည်။ ဘာပစ္စည်း ဟူ၍ အသိမပေးဘဲ သူ၏ အထုပ်တစ်ထုပ်ကို အင်္ဂလန်ပြည်သို့ သယ်ယူသွားပေးစမ်းပါဟု ပြောပြီး ပေးလိုက်လျှင် အကောင်းဆုံးဖြစ်မည်ဟု တွေးမိလေသည်။

ဤသို့ စဉ်းစားပြီးနောက် ရော်လင်ဆင်သည် ဂျူန်တို့သားအမိ တည်းခိုနေထိုင်လျက် ရှိသော ဆာဗွိုင်းဟိုတယ်သို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် သူသည် လက်ဖက်ရည်ဆိုင်မှ ထွက်ပြီး ဆာဗွိုင်းဟိုတယ်သို့ တိုက်ရိုက်သွားလေသည်။

ဟိုတယ်အောက်ထပ်ရှိ ကောင်တာစာရေးသည် ရော်လင်ဆင်အား သိနေသဖြင့် ကောင်းမွန်စွာ နှုတ်ဆက်လေသည်။

"ဟဲလို... ဝွတ်မောနင်း၊ ခင်ဗျားအစ်မနဲ့ တွေ့ချင်လို့လား၊ လောလောဆယ် သူတို့ မရှိကြဘူးဗျ။ သူတို့သားအမိက ရေနံကုမ္ပဏီက မစ္စတာဟတ်ဇနီးမောင်နှံနဲ့အတူ ကာလီဒီဇာ ရေကာတာကြီးကို လေ့လာဖို့ ထွက်သွားကြတယ်"

စာရေးက ဤသို့ပြောလိုက်လျှင် ရော်လင်ဆင်သည် စိတ်ပျက်သွားမိလေသည်။ ဤအတိုင်းဆိုလျှင် သူ့အစ်မ ဂျူန်တို့သားအမိသည် တစ်နေ့ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြာလိမ့်မည် ဖြစ်သည်။ မိမိအနေဖြင့်လည်း တစ်နေကုန်စောင့်ရန် အချိန်မရှိချေ။ ဤတွင် သူသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည်။

"ကောင်းပြီလေ၊ ဒါဖြင့် ကျုပ်က သူ့အခန်းကို ခဏတက်သွားမယ်၊ အခန်းသော့ကိုသာ ပေးစမ်းပါ"

ရော်လင်ဆင်က ပြောလျှင် စာရေးကလည်း အခန်းသော့ကို ပေးလိုက်လေသည်။

ထို့နောက် သူသည် အစ်မဂျူန်၏ အခန်းသို့ တက်ပြီး သော့ဖွင့်၍ ဝင်လိုက်သည်။

အခန်းတွင်း၌ကား ဂျူန်တို့သားအမိ၏ ပစ္စည်းများ ရှုပ်ပွနေလေသည်။ အဝတ်အစားပစ္စည်း အသုံးအဆောင်များအပြင် ဂေါက်သီးရိုက်သည့် ကိရိယာ၊ တင်းနစ်ရိုက်သည့် ရက်ကက် စသော အားကစားပစ္စည်းများလည်း တွေ့ရသည်။

ရော်လင်ဆင်သည် ဘာလုပ်ရမှန်းမသိအောင် အကြံခက်နေလေသည်။ သူ့အနေဖြင့် အစ်မဖြစ်သူ ဂျူန်နှင့် တွေ့ဆုံစကားပြောရန် အချိန်မရတော့ပေ။ ကျောက်မျက်ရတနာတွေကို အထုပ်တစ်ခုဖြင့် ထုပ်၍ စာတစ်စောင်ရေးပြီး ဟိုတယ်အခန်းထဲတွင် ထားပစ်ခဲ့ရန် စိတ်ကူးမိလေသော်လည်း ထိုအကြံက စိတ်မချရကြောင်း စဉ်းစားမိပြန်သည်။ မိမိ ယခု နန်းတော်မှ ဤဟိုတယ်သို့ လာခဲ့စဉ် ဆန့်ကျင်ဘက် နိုင်ငံရေးအုပ်စုမှ သူလျှိုများ ခြေရာခံလိုက်လေသလောဟုလည်း စိုးရိမ်မိပြန်သည်။

ရော်လင်ဆင်သည် အကြံအိုက်စွာနှင့်ပင် ဟိုတယ်အခန်းတွင်း၌ လှည့်ပတ်ကြည့်လိုက်သည်။

ဤတွင် သူသည် အကြံတစ်ခု စိတ်ကူးရလာလေသည်။

သူ၏တူမလေး ဂျင်နီဖာ ပိုင်ဆိုင်သော ပစ္စည်းတစ်ခုခုထဲတွင် ကျောက်မျက်ရတနာများကို လျှို့ဝှက်စွာ ထည့်ထားလိုက်ရန် အကြံဖြစ်လေသည်။

ရော်လင်ဆင်သည် လေယာဉ်မှူးအဖြစ် အရေးပေါ် အသုံးပြုနိုင်ရန် စက်ပြင်ကိရိယာ တန်ဆာပလာများပါသည့် ဘူးငယ်တစ်ခု အမြဲဆောင်လေ့ရှိရာ ယခု သူသည် အင်္ကျီအိတ်ထဲမှ ကိရိယာဘူးကို ထုတ်ယူလိုက်သည်။

ထို့နောက် သူသည် ဘူးထဲမှ ကိရိယာတန်ဆာပလာအချို့ကို ထုတ်ယူကာ တူမလေး ဂျင်နီဖာ၏ ပစ္စည်းတစ်ခုမှ အစိတ်အပိုင်းတစ်ခုကို ဖြုတ်၍ အတွင်း၌ အံဖုံးသဖွယ်ရှိသည့် နေရာအတွင်းသို့ ကျောက်မျက်ရတနာများကို ထည့်လိုက်သည်။ ထို့နောက် သေသပ်ပိရိစွာ ပြန်ပိတ်လိုက်သည်။



ယခုအတိုင်းဆိုလျှင် သူ့အစ်မဂျူန်တို့သားအမိ အပါအဝင် မည်သူကမှ ပစ္စည်းဝှက်ထားသောနေရာကို ရိပ်မိကြမည်မဟုတ်သောကြောင့် ရော်လင်ဆင်သည် ကျေနပ်သွားမိလေသည်။

ကျောက်မျက်ရတနာတွေကိုတော့ ဝှက်ထားလိုက်ပေပြီ။ သို့သော် သူပြန်ထွက်မသွားမီ အစ်မဖြစ်သူ ဂျူန်အတွက် စာတစ်စောင်တော့ ရေးထားခဲ့မှ သင့်မည်ဟု စဉ်းစားမိပြန်သည်။

ရော်လင်ဆင်သည် အခန်းထဲတွင် အသင့်ရှိနေသော စာရေးစက္ကူကတ်ပြားငယ်ကို ဆွဲယူလိုက်သည်။

ရော်လင်ဆင်သည် စာထဲတွင် ကျောက်မျက်ရတနာများအကြောင်း ထည့်ရေး၍ မဖြစ်သောကြောင့် တစ်မျိုးစိတ်ကူးရပြန်လျက် အောက်ပါအတိုင်း ရေးလိုက်လေသည်။

**အစ်မဂျူန်**

*ကျွန်တော်က လမ်းကြုံလို့ ဟိုတယ်ကို ဝင်ခဲ့တယ်။ အစ်မက ရေကာတာ သွားကြည့်နေလို့ မတွေ့ရဘူး။ ဒီနေ့ ညနေဘက် ကျွန်တော်နဲ့ ဂေါက်သီးရိုက် တစ်ပွဲလောက် ကစားမလားလို့လည်း မေးရင်း လာတာပါ။ ဒါပေမဲ့ ဒီနေ့အဖို့တော့ အစ်မက ပင်ပန်းနေမှာပါ။ နက်ဖြန်ဆိုရင်ကော ကစားနိုင်မလား။ ကျွန်တော်က ညနေ လေးငါးနာရီလောက်ဆိုရင် ဂေါက်ကလပ်မှာ ရှိနေပါမယ်။*

**ရော်လင်ဆင်**

❒

ဤသို့ စာရေးပြီးနောက် သူသည် စာကို သေချာစွာ တစ်ခေါက်ပြန်ဖတ်ကြည့်လေသည်။ စာက ရိုးရိုးပင် ဖြစ်၍ အခြားလူများ မြင်သွားလျှင် သင်္ကာမကင်းဖြစ်စရာ အကြောင်းမရှိပေ။

သူ၏ စိတ်ထဲတွင်ကား နောက်တစ်နေ့ညနေတွင် သူသည် ဤရာမတ်တွင် ရှိတော့မည် မဟုတ်၊ အစ်မနှင့်လည်း တွေ့ဆုံနိုင်တော့မည် မဟုတ်ဟု သိနေပေသည်။ သို့သော် အခြေအနေအရ မည်သို့မှ မတတ်နိုင်တော့ချေ။

ရော်လင်ဆင်သည် စာကို ပြန်ချထားလိုက်ပြီးနောက် တစ်စုံတစ်ခု သတိရမိပြန်လေသဖြင့် အခန်းတွင်းရှိ တယ်လီဖုန်းမှ ဗြိတိသျှသံရုံးသို့ လှမ်းဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံရုံးမှ တတိယအတွင်းဝန် အက်မန်ဆင် ဆိုသူမှာ သူနှင့် ခင်မင်ရင်းနှီးသဖြင့် ထိုလူထံသို့ ဆက်လိုက်ခြင်း ဖြစ်သည်။

"ဟဲလို အက်မန်ဆင်လား၊ ကျုပ် ရော်လင်ဆင်ပါ၊ ဒီမယ် ခင်ဗျား အလုပ်ပြီးရင် ကျုပ်နဲ့ ခဏမတွေ့နိုင်ဘူးလား။ ခပ်စောစောလေး တွေ့ချင်တယ်။ ကိစ္စက အရေးကြီးတယ်ဗျ။ ဟိုလေဗျာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တယ်"

ရော်လင်ဆင်က အမျိုးသမီးကိစ္စဖြစ်၍ ရှက်ကိုးရှက်ကန်းဖြစ်သယောင်လေသံမျိုး လုပ်၍ ပြောလိုက်သည်။

"ခင်ဗျားကတော့ အမျိုးသမီးပြဿနာ တယ်ပြီး ရှုပ်တာပဲကိုး။ ကောင်းပြီလေ မွန်းလွဲပိုင်း နှစ်နာရီမှ တွေ့မယ်။ ခင်ဗျားက ဘဏ်တိုက်ရှေ့မှာ စောင့်နေပါ။ ကျုပ်က ကားနဲ့ လာခေါ်မယ်"

တတိယအတွင်းဝန် အက်မန်ဆင်က ပြော၍ စကားဖြတ်လိုက်သည်။

ရော်လင်ဆင်လည်း ရင်ထဲ၌ အနည်းငယ် ပေါ့ပါးသွားသလို ဖြစ်မိလေသည်။

မွန်းလွဲ နှစ်နာရီထိုး၍ မိမိအား အက်မန်ဆင်က ဘဏ်တိုက်ရှေ့တွင် လာခေါ်သောအခါ ကျောက်မျက်ရတနာများ ဝှက်ထားသည့် နေရာကို ပြောပြရင်း ထိုကိစ္စနှင့် ပတ်သက်၍ သူ့အစ်မ ဂျူန်သည် လုံးဝ မသိကြောင်းကိုပါ ပြောပြလိုက်မည်ဟု စိတ်ကူးမိလေသည်။

အနည်းငယ် ပေါ့ပါးသွားသလိုလည်း ဖြစ်မိလေသည်။

ဂျူန်တို့သားအမိက မီးသင်္ဘောဖြင့် ခရီးရှည်ကြီး ပြန်သွားကြမည်ဖြစ်၍ အင်္ဂလန်ပြည်သို့ တစ်လကျော်ကျော်ကြာမှ ရောက်ကြမည် ဖြစ်၏။

ထိုအတောအတွင်း ဤရာမတ်ပြည်နယ်မှ နိုင်ငံရေး မငြိမ်မသက်မှု၊ ပုန်ကန်တော်လှန်မှုသည်လည်း ပြီးဆုံးသွားဖွယ်ရာ ရှိပေရာ မင်းသား အလီယူဆွတ်သည်လည်း ဥရောပတိုက်သို့ ချောမောစွာ ရောက်ရှိနေမည်ဟု ခန့်မှန်းရသည်။

ရော်လင်ဆင်သည် ဤသို့ တွေးရင်း သံရုံးအတွင်းဝန် အက်မန်ဆင်နှင့် တွေ့လျှင် ပြောမည့်စကားများကိုသာ ကြိုတင်စဉ်းစားပြန်လေသည်။ ကျောက်မျက်ရတနာများ မည်သည့်နေရာ၌ ဝှက်ထားကြောင်းကိုတော့ ပြောမည်။ သို့သော် အကျိုးအကြောင်း အပြည့်အစုံကိုမူ မပြောရန် ဆုံးဖြတ်လိုက်သည်။

ရော်လင်ဆင်သည် ဟိုတယ်အခန်းတွင်း၌ လှည့်ပတ် ကြည့်လိုက်သည်။ သူ ပစ္စည်းဝှက်ထားသော နေရာသည် မည်သူမျှ မသိနိုင်အောင် သိုသိပ်ပိရိကြောင်း တွေ့ရသဖြင့် ကျေနပ်မိလေသည်။



သူသည် အစ်မဂျူန်ထံ ရေးထားသည့်စာကို မြင်လွယ်အောင် စားပွဲပေါ်တွင် တင်ထားလိုက်ပြီးနောက် အခန်းပြင်သို့ ထွက်လိုက်သည်။

ထိုအချိန်၌ ပြင်ဘက်စင်္ကြံတွင် လူသူတစ်ဦးတစ်ယောက်မှ မရှိချေ။

❑

သို့ရာတွင် ရော်လင်ဆင်အနေဖြင့် လုံးဝ မသိလိုက်သော ဖြစ်ရပ်တစ်ခု ရှိနေပေသည်။

ယင်းကား သူက ကျောက်မျက်ရတနာတွေ သိုဝှက်နေစဉ် ထိုအခန်းနှင့် ကပ်လျက် အခန်းမှ အမျိုးသမီးတစ်ဦး အပြင်ဘက် ဝရန်တာတွင် ရှိနေခြင်းပင် ဖြစ်လေသည်။ ထိုအမျိုးသမီးသည် ဝရန်တာထွက်၍ မှန်တစ်ချပ်ကိုင်ပြီး ဆံပင်ကို ပြုပြင်နေရင်း မှန်ရိပ်ထဲတွင် တစ်ဖက်ခန်း (ဂျူန်၏ အခန်းတွင်း) သို့ မြင်နေရလေသည်။

ထိုအခန်းတွင်း၌ ရှိနေသူ လေယာဉ်မှူး ရော်လင်ဆင်၏ လှုပ်ရှားမှုများကိုလည်း မှန်ထဲတွင် မြင်နေရသည်။

ရော်လင်ဆင်၏ နေရာကမူ တစ်ဖက်ခန်း၏ ဝရန်တာမှ အမျိုးသမီးကို မမြင်ရချေ။ အမျိုးသမီးကသာ မှန်ထဲမှတစ်ဆင့် ရော်လင်ဆင်ကို မြင်နေရခြင်း ဖြစ်သည်။

အမျိုးသမီးသည် မှန်ထဲကြည့်ရင်း စိတ်ဝင်စားလာမိသဖြင့် ဆံပင်ကို ဆက်မဖြီးတော့ဘဲ အသာငြိမ်၍ ကြည့်နေလေသည်။ တစ်ဖက်ခန်းမှ ရော်လင်ဆင် ဘာလုပ်နေသည်ကို အတိအကျ မမြင်ရသော်လည်း ပြုမူပုံက ထူးဆန်းသည်ဟု ထင်မိသည်။ ရော်လင်ဆင်က သူ၏ကိစ္စ အပြီးတွင် စာတစ်စောင် ထိုင်ရေးသည်ကိုလည်း မြင်ရသည်။

ထို့နောက် ရော်လင်ဆင်က တယ်လီဖုန်းဆက်သဖြင့် အမျိုးသမီးသည် ဝရန်တာမှ အခန်းတွင်းသို့ ပြေးဝင်ပြီး အခန်းနံရံနားတွင် ကပ်၍ နားထောင်ကြည့်လေသည်။

သို့သော်လည်း ရော်လင်ဆင် တယ်လီဖုန်းပြောသည့် စကားများကို သဲကွဲစွာ မကြားရချေ။ မကြာမီ အခန်းတံခါးပိတ်သံကြားလိုက်ရသည်။

အမျိုးသမီးသည် ရော်လင်ဆင် ပြန်ထွက်သွားပြီ ဖြစ်ကြောင်း သိလိုက်သည်။ ဤတွင် သူမအနေဖြင့် တစ်ဖက်ခန်း (ဂျူန်၏အခန်း) သို့ ဝင်ကြည့်ချင်စိတ် ဖြစ်ပေါ်လာမိပြန်သည်။ ယခုဆိုလျှင် အခန်းတွင်း၌ လူမရှိသဖြင့် ခဏဝင်ကြည့်လျှင် စိုးရိမ်စရာ မရှိဟုလည်း တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခေတ္တမျှ စောင့်နေလိုက်ပြီးနောက် အပြင်ဘက် စင်္ကြံသို့ ထွက်ကာ တစ်ဖက်ခန်းတံခါးဆီသို့ လျှောက်သွားလေသည်။

ကံအားလျော်စွာ စင်္ကြံတွင် လူသွားလူလာရှင်းနေသဖြင့် သူမသည် ဂျူန်၏ အခန်းတံခါးကို ဖွင့်ကြည့်ရာ သော့ခတ်ပိတ်ထားကြောင်း တွေ့ရလေသည်။ သို့ရာတွင် သူမသည် ဟိုတယ်အခန်းများမှ သော့အကြောင်း နားလည်သဖြင့် အသင့်ပါလာသော မောင်းချစားယေ၏ အသွားနှင့် ဆံညှပ်တစ်ခုကို အသုံးပြုပြီး ဖွင့်ကြည့်ရာ သော့သည် ပွင့်သွားလေသည်။

အမျိုးသမီးလည်း အခန်းတွင်းသို့ ဝင်ပြီး တံခါးကို ပြန်ပိတ်ထားလိုက်သည်။

အခန်းတွင်းသို့ လှည့်ပတ်ကြည့်ရာ ထူးထူးခြားခြား လက်ရာပျက်နေသည့် ပစ္စည်းဆို၍ ဘာမျှမတွေ့ရချေ။ စာစောပိုင်းက ရော်လင်ဆင် တကုပ်ကုပ်နှင့် ဘာလုပ်နေခဲ့သည်ကို ထင်ရှားစေသည့် အမှတ်အသား လက္ခဏာ ဘာမှမရှိချေ။

စားပွဲပေါ်တွင် ထောင်ထားသော ရော်လင်ဆင်၏ စာကို ယူဖတ်ကြည့်လိုက်သောအခါတွင် စာတွင် ဘာမှ ထူးထူးထွေထွေ ရေးမထားဘဲ ဂေါက်သီးရိုက်ရန် ချိန်းသည့် ရိုးရိုးစာပင် ဖြစ်နေလေသည်။

သူမသည် စာကို စားပွဲပေါ်တွင် ပြန်တင်ထားလိုက်ပြီး မျက်မှောင်ကြုတ်၍ စဉ်းစားနေမိလေသည်။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ စကားပြောသံများ ကြားရလေသည်။ အခန်းတွင်နေသူ ဂျူန်၏အသံနှင့် တူသဖြင့် အမျိုးသမီးသည် ထိတ်လန့်သွားမိလေသည်။

အခန်းပိုင်ရှင် ဂျူန် ပြန်ရောက်လာလျှင် သူ အခန်းတွင်း၌ မိသွားမည်ကို စိုးရိမ်လျက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့သည်။

ထိုအချိန်၌ လှေကားရင်းတွင် ရော်လင်ဆင်၏ အစ်မ ဂျူန်နှင့် သမီးကလေး ဂျင်နီဖာတို့သည် ဗြိတိသျှကောင်စစ်ဝန်ရုံးမှ အရာရှိတစ်ဦးနှင့် ကျယ်လောင်စွာ စကားပြောနေကြသည်။ ဂျင်နီဖာသည် အသက်ဆယ့်ငါးနှစ်ရွယ် မိန်းကလေး ဖြစ်သည်။

သူတို့ခရီးသွားလာရေးအတွက် ဗြိတိသျှ ကောင်စစ်ဝန်ရုံးမှ လူက အစီအစဉ်လုပ်ပေးပုံကို ဂျူန်က မကျေမနပ်ဖြင့် အရေးဆိုနေခြင်း ဖြစ်သည်။

သူမက ပင်လယ်ကူးသင်္ဘောနှင့် အင်္ဂလန်ပြည်သို့ ပြန်လိုသည်ဖြစ်ရာ သင်္ဘောကို အေဒင်မြို့ဆိပ်ကမ်းမှ စတင်စီးရမည်ဖြစ်၍ ရာမတ်မှ အေဒင်



မြို့သို့ လေယာဉ်နှင့် သွားနိုင်အောင် စီစဉ်ပေးပါမည်ဟု ကောင်စစ်ဝန်ရုံးမှ အရာရှိက ပြောတော့မှ ဂျူန်လည်း ကျေနပ်သွားပုံရသည်။

အခန်းတွင်းမှ အမျိုးသမီးသည် ကပျာကယာ အပြင်ဘက် စင်္ကြံသို့ ထွက်လိုက်ရာ ဂျူန်တို့သားအမိက မရောက်သေးသဖြင့် ချက်ချင်း တံခါးကို ပြန်ပိတ်လိုက်ပြီး ကပ်လျက်ရှိသော သူမ၏ အခန်းတွင်းသို့ ပြေးဝင်သွားလေသည်။

အခန်းတံခါးသို့အရောက်တွင် ဟိုတယ်စာရေးက ပြေးတက်လာပြီး ဂျူန်အား စကားပြောလေသည်။

"ဒီမယ် ခင်ဗျားရဲ့မောင် လေယာဉ်မှူးက ခင်ဗျားကို လာရှာတယ်၊ သူက ခင်ဗျားရဲ့အခန်းကိုလည်း တက်သွားသေးတယ်၊ အခုတော့ ပြန်ထွက်သွားပြီ ထင်ပါတယ်၊ လူချင်းလွဲသွားပြီ"

"ဟင်… ဟုတ်လား၊ လူချင်းလွဲသွားတာ ခုကျတာပဲ"

ဂျူန်က ပြောပြောဆိုဆို အခန်းတံခါးကို ဖွင့်လိုက်ရာ စားပွဲပေါ်မှ စာရွက်ကို မြင်မိလေသည်။

"ဩော်… ဟုတ်လိမ့်မယ်၊ သူက စာရေးသွားတာနဲ့ တူပါတယ်"

သူမသည် ရော်လင်ဆင် ရေးခဲ့သော စာကို ဖတ်ကြည့်လေသည်။ စာက မည်သည့်အကြောင်းထူးမှ မပါဘဲ ရိုးရိုးစာပင် ဖြစ်နေ၍ ဂျူန်သည် စိတ်ပျက်သွားမိလေသည်။

"အင်း … သူကတော့ နိုင်ငံရေးအခြေအနေကို ဘာမှသိပုံမရဘူး၊ ကိုင်း …သမီးလေး ဂျင်နီဖာ၊ သမီးရဲ့ပစ္စည်းတွေကို ဗီရိုထဲကထုတ်စမ်း၊ တို့ရဲ့ပစ္စည်းတွေအားလုံးကို မြန်မြန်သိမ်းရလိမ့်မယ်၊ ဒီတိုင်းပြည်မှာ နိုင်ငံရေးအခြေအနေ ရှုပ်ထွေးမလာခင် တို့က ထွက်သွားမှ ဖြစ်မယ်"

"သမီးကတော့ တော်လှန်ရေးဖြစ်တာမျိုး တစ်ခါမှ မကြုံဖူးပါဘူး"

ဂျင်နီဖာက ပြောလိုက်ရာ မိခင်ဖြစ်သူက…

"စကားရှည်မနေစမ်းနဲ့ သမီးရယ်၊ ပစ္စည်းတွေသာ မြန်မြန်သိမ်းစမ်းပါ၊ အခုလည်းပဲ တို့က ဒီမှာ တော်လှန်ရေးဖြစ်တာနဲ့ ကြုံမှာမဟုတ်ပါဘူး"ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## ၃

ရက်သတ္တခြောက်ပတ် ကြာသွားပြီ ဖြစ်သည်။

အင်္ဂလန်ပြည် ဘလူးဘယ်ရီအရပ်ရှိ အိမ်တစ်အိမ်၌ လူငယ်တစ်ဦးသည် အပြင်ဘက်မှ တံခါးအသာခေါက်လိုက်ရာ အတွင်းမှ တစ်စုံတစ်ယောက်က ဝင်လာခဲ့ပါဟု လှမ်းပြောလိုက်သည်။

အတွင်း၌ကား ဝဝဖိုင့်ဖိုင့်ကြီးတစ်ဦးသည် စားပွဲတစ်လုံးနှင့် ထိုင်နေလေသည်။ သူကား ကာနယ် (ဗိုလ်မှူးကြီး) ပိုက်ဝေးဆိုသူပင် ဖြစ်သည်။ သို့သော် သူ၏ အလုပ်က စစ်တပ်ကို တိုက်ရိုက် ကွပ်ကဲရသည့် အလုပ်မျိုး မဟုတ်ချေ။ သူ၏ အလုပ်တာဝန်ကို အတိအကျ သိသူဆို၍လည်း အလွန်နည်းပါးလေသည်။

လူငယ်က ဝင်လာပြီး...

"ဗိုလ်မှူးကြီးခင်ဗျား၊ နိုင်ငံခြားရေးရုံးက အက်မန်ဆင်ဆိုတဲ့လူ ရောက်နေပါတယ်" ဟု သတင်းပို့လိုက်သည်။

"ဟုတ်လား၊ အက်မန်ဆင်ဆိုတာ ရာမတ်ပြည်နယ်မှာ တော်လှန်ရေးဖြစ်ချိန်မှာ ဟိုက တို့ဗြိတိသျှသံရုံးက တတိယအတွင်းဝန် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"ဒါဖြင့် ငါ သူ့ကို လက်ခံတွေ့မှ ကောင်းမယ်"

ဗိုလ်မှူးကြီးက ပြောလိုက်သဖြင့် လူငယ်လည်း ပြန်ထွက်သွားပြီး မရှေးမနှောင်းမှာပင် အက်မန်ဆင်ဆိုသူသည် ဝင်လာလေသည်။

သူသည် အရပ်မြင့်မြင့် ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ဦး ဖြစ်လေသည်။

"ဗိုလ်မှူးကြီးခင်ဗျား ကျွန်တော်က အက်မန်ဆင် ဖြစ်ပါတယ်၊ ကျွန်တော့်ကို သက်ဆိုင်ရာက ဗိုလ်မှူးကြီးနဲ့ လာတွေ့ဖို့ စေလွှတ်လိုက်တယ်"

"ဟုတ်လား၊ ကိုင်း ထိုင်ပါဦး"

ဗိုလ်မှူးကြီး ပိုက်ဝေးက ဤသို့ပြောပြီးနောက် အက်မန်ဆင်အား စတင် မေးခွန်းထုတ်လေသည်။

"တော်လှန်ရေးဖြစ်ပွားချိန်က မောင်ရင်က ရာမတ်ပြည်နယ်မှာ ရှိနေခဲ့တယ် မဟုတ်လား"



"ဟုတ်ပါတယ်ခင်ဗျ၊ အခြေအနေက တော်တော်ပဲ ဆိုးပါတယ်"

"ဟုတ်မှာပေါ့။ ဒါထက် မောင်ရင်က လေယာဉ်မှူး ရော်လင်ဆင်ရဲ့ မိတ်ဆွေမဟုတ်လား"

"ဟုတ်ကဲ့"

"အခု ရော်လင်ဆင်က သေသွားရှာပြီ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ကြားပါတယ်၊ ဒါပေမဲ့ အတိအကျ မသိရသေးလို့ပါ"

"ဒီမယ် အက်မန်ဆင်၊ ဒီနေရာမှာက စကားကို ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်၊ ကျုပ်တို့က အခြေအနေအားလုံးကို သိနေတယ်၊ မသိလို့လည်း မဖြစ်ဘူး၊ ဖြစ်ပုံက ဒီလို...၊ ရာမတ်မှာ တော်လှန်ရေးဖြစ်တဲ့နေ့မှာ ရော်လင်ဆင်က သူ့လေယာဉ်နဲ့ မင်းသား အလီယူဆွတ်ကို တင်ခေါ်ပြီး ပျံသန်းထွက်ခွာသွားခဲ့တယ်၊ အဲဒီနောက်ပိုင်း သူတို့လေယာဉ် လုံးဝ အစအန ပျောက်နေခဲ့တယ်၊ နောက်ပိုင်းကျမှ အာရီလက် တောင်တန်းနားမှာ လေယာဉ် တစ်စင်း ပျက်ကျနေတာ တွေ့ရတယ်၊ လူနှစ်ယောက်ရဲ့ အလောင်းကိုလည်း တွေ့ရတယ်။ ဒါနဲ့ပတ်သက်လို့ နက်ဖြန်ကျရင် သတင်းကြေညာချက်ထုတ်ပြန်ဖို့ စီစဉ်ထားတယ်၊ ဘယ့်နှယ်လဲ"

အမှန်အားဖြင့် အက်မန်ဆင်ကလည်း ထိုအကြောင်းကို သိထားပြီးဖြစ်၍ ဟုတ်မှန်ကြောင်း ဝန်ခံလိုက်ရာ ဗိုလ်မှူးကြီးပိုက်ဝေးက ဆက်ပြောလေသည်။

"ဒီကိစ္စမျိုးတွေကို ကျုပ်တို့က သိနေတယ်၊ သိဖို့ကလည်း ကျုပ်တို့ရဲ့ အလုပ်ဖြစ်တယ်၊ သူတို့လေယာဉ်ဟာ တောင်တန်းတွေရှိတဲ့ ဒေသဘက်ကို ဦးတည်ပျံသန်းသွားတော့ ရာသီဥတုအခြေအနေက ဆိုးနေပုံရတယ်။ တစ်ခုဖြစ်နိုင်တာက အဲဒီလေယာဉ်ကို လမ်းမှာ ပျက်ကျအောင် တစ်စုံတစ်ယောက်က ကြိုတင်လုပ်ကြံတာလည်း ဖြစ်နိုင်တယ်၊ ကျုပ်တို့ဆီကို သတင်းပို့ချက် အပြည့်အစုံမရောက်သေးဘူး၊ လေယာဉ်ပျက်ကျတဲ့ နေရာကလည်း လမ်းပန်းအဆက်အသွယ် အလွန်ခက်ခဲတဲ့ နေရာမျိုး ဖြစ်တယ်။ ရှာတွေ့တဲ့လူကို ဆုငွေပေးပါမယ်လို့ ကြေညာထားတယ်၊ ဒါပေမဲ့ မလွယ်လှပါဘူး၊ နောက်ပိုင်းကျရင်တော့ ကျုပ်တို့ဆီက ကျွမ်းကျင်တဲ့ ပါရဂူတွေ လွှတ်ပြီး အသေးစိတ် စုံစမ်းစစ်ဆေးကြဖို့ ရှိတယ်၊ ဒါကလည်း သက်ဆိုင်ရာ အစိုးရဆီက ခွင့်ပြုချက်တွေ ဘာတွေ ရဖို့ လိုအပ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပုံကတော့ ဝမ်းနည်းစရာပဲခင်ဗျ၊ မင်းသား အလီယူဆွတ်ဟာ ခေတ်မီတဲ့ အတွေးအခေါ် အယူအဆတွေ ရှိသူဖြစ်တဲ့အတွက် သူဟာ ရာမတ်ပြည်မှာ အုပ်ချုပ်ရရင် ဒီမိုကရေစီနည်းနဲ့ အုပ်ချုပ်မယ့်ပုဂ္ဂိုလ် ဖြစ်ပါတယ်"

အက်မန်ဆင်က သူ၏ထင်မြင်ချက်ကို ပြောလိုက်ရာ ဗိုလ်မှူးကြီးက ခေါင်းညိတ်လိုက်သည်။

"အဲဒီလို ဒီမိုကရေစီဆန်ဆန် အတွေးအခေါ် ရှိခဲ့လို့လည်း မင်းသား အလီယူဆွတ်ဟာ ဒုက္ခရောက်ရရှာတယ်လို့လည်း ဆိုနိုင်တယ်၊ ဒါတွေကို အသာထားလို့ ကျုပ်တို့အနေနဲ့ လုပ်စရာတွေ ရှိနေတယ်၊ လီမွာပါးနပ်စ္စာ စုံစမ်းဖို့လည်း လိုတယ်၊ ကျုပ်တို့ ဗြိတိသျှအစိုးရအနေနဲ့ လိုလားတဲ့ နိုင်ငံရေး ပါတီအုပ်စုတွေကို လေ့လာရမယ်။ ကျုပ် ဆိုလိုတာ မောင်ရင် သဘောပေါက်ရဲ့ မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း နည်းနည်းပါးပါး သိထားပါတယ်"

"နောက်တစ်ခုက မောင်ရင်လည်း သိပြီးပြီ ထင်ပါတယ်။ လေယာဉ် ပျက်ကျတဲ့ နေရာမှာ တွေ့ရတဲ့ လူအလောင်းနှစ်လောင်းမှာ အဖိုးတန်တဲ့ ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မတွေ့ရဘူး။ အဲဒီဒေသက တိုင်းရင်းသား ကျေးရွာသားတွေက ယူသွားတာလည်း မဖြစ်နိုင်ဘူး။ အဲဒီအချက်က ထူးဆန်းနေတယ်။ မောင်ရင်ကော ဘာများ ကြားသေးသလဲ"

"ကျွန်တော်တော့ ဘာမှ မကြားမိဘူးခင်ဗျ"

"လေယာဉ်ပျက်ကျတဲ့နေရာမှာ အဖိုးတန်ပစ္စည်းတစ်ခုခုတော့ တွေ့ဖို့ သင့်တယ် ဆိုတာကော မကြားမိဘူးလား။ ဒါဖြင့် မောင်ရင့်ကို ဘာကြောင့် နိုင်ငံခြားရေးရုံးက ကျုပ်ဆီ လွှတ်လိုက်တာလဲ"

"ဗိုလ်မှူးကြီးက ကျွန်တော့်ကို မေးစရာတွေ ရှိလိမ့်မယ်လို့ ပြောပါတယ်"

"ဟုတ်ပြီ၊ ကျုပ်က မေးခွန်းမေးရင် တိကျတဲ့အဖြေကို လိုချင်တယ်"

"ဟုတ်ကဲ့ခင်ဗျ"

"လေယာဉ်မှူး ရော်လင်ဆင်ဟာ ရာမတ်က လေယာဉ်နဲ့ မထွက်ခွာမီ မောင်ရင့်ကို တစ်ခုခုများ ပြောခဲ့သလား။ သူဟာ မင်းသား အလီယူဆွတ်နဲ့ ရင်းနှီးသူဖြစ်တယ်။ သူ့ကို မင်းသားက ယုံကြည်စိတ်ချတယ်။ ဒါကြောင့် ရော်လင်ဆင်က မောင်ရင့်ကို ဘာများ ပြောသေးသလဲလို့ ကျုပ်က မေးတာ"

"ဘာနဲ့ ပတ်သက်လို့လဲဗျ"



"မောင်ရင်က တော်တော် ခက်တာပဲ၊ ကျုပ် ဘာကိုဆိုလိုတယ် ဆိုတာ မောင်ရင် သဘောမပေါက်ဘူး ဆိုရင်တော့ ကျုပ်မေးတာကို သိမှာ မဟုတ်ဘူး"

"တစ်ခုတော့ ရှိတယ်ခင်ဗျာ။ လေယာဉ်မှူး ရော်လင်ဆင်ဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုအကြောင်း ကျွန်တော့်ကို ပြောခဲ့ချင်ပုံ ရပါတယ်"

အက်မန်ဆင်က မရဲတရဲ ပြောလိုက်ရာ ဗိုလ်မှူးကြီး ပိုက်ဆေးသည် ချက်ချင်း စိတ်ဝင်စားလာပုံ ရလေသည်။

"ဟုတ်လား၊ စိတ်ဝင်စားစရာပဲ။ ကိုင်း... မောင်ရင် သိသလောက် ပြောစမ်းပါဦး"

"ဘာမှ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ရော်လင်ဆင်တို့က တစ်ယောက်နဲ့တစ်ယောက် တယ်လီဖုန်းနဲ့ စကားပြောရင် သင်္ကေတ သဘောမျိုးနဲ့ ပြောကြဖို့ သတ်မှတ်ထားခဲ့ပါတယ်။ ရာမတ်မှာက တယ်လီဖုန်းတွေကို ကြားဖြတ်နားထောင်တာတွေ ရှိတယ်လို့ ယူဆတဲ့အတွက် ဒီလို စီစဉ်ထားပါတယ်။ ဒါကြောင့် လူချင်း ဖုန်းဆက်ချိန်းတဲ့အခါ ကိစ္စက အထူး အရေးကြီးတယ် ဆိုရင် တယ်လီဖုန်းဆက်ပြီး မိန်းကလေးတစ်ယောက်အကြောင်းနဲ့ ပတ်သက်လို့ ပြောစရာရှိတယ်လို့ ပြောလေ့ ရှိကြပါတယ်"

"ဟုတ်လား၊ ဆက်ပြောစမ်းပါဦး"

"ဟုတ်ကဲ့၊ ရာမတ်မှာ တော်လှန်ရေးဖြစ်တဲ့နေ့က ရော်လင်ဆင်က ကျွန်တော့်ကို တယ်လီဖုန်းဆက်ပြီး ချိန်းတော့ ကျွန်တော့်ကို သင်္ကေတအတိုင်း မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တယ်လို့ ပြောခဲ့ပါတယ်။ အစီအစဉ်က တော့ ကျွန်တော်က သူ့ကို ဘဏ်တိုက်ရှေ့မှာ ကားနဲ့ ဝင်ခေါ်ဖို့ပါပဲ။ ဒါပေမဲ့ အဲဒီအချိန်က မြို့ထဲမှာ ရုန်းရင်းဆန်ခတ်မှုတွေ ဖြစ်ပွားလာတော့ ရဲက လမ်းတွေ ပိတ်လိုက်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ရော်လင်ဆင်နဲ့ မတွေ့လိုက်ရပါဘူးဗျာ။ သူက အဲဒီနေ့ မွန်းလွဲပိုင်းမှာပဲ မင်းသား အလီယူဆွတ်ကို ခေါ်ပြီး လေယာဉ်နဲ့ ထွက်သွားတယ်လို့ သိရပါတယ်"

"ဒီလိုလား၊ ဒါထက် မောင်ရင့်ဆီကို တယ်လီဖုန်းဆက်တော့ ရော်လင်ဆင်က ဘယ်ကနေပြီး ဆက်တာလဲ ဆိုတာ သိသလား"

"မသိဘူး ခင်ဗျ"

"ဟုတ်လား၊ နောက်ပြီး ဂျန်ဆိုတဲ့ အမျိုးသမီးကို သိလား"

"ရော်လင်ဆင်ရဲ့ အစ်မ ဂျန်ကို ပြောတာ မဟုတ်လား။ ဟုတ်ကဲ့ ကျွန်တော်က သူ့ကို ရာမတ်မှာ တွေ့ဆုံခဲ့ပါတယ်။ ဂျန်ဟာ သူ့သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့အတူ ရာမတ်မှာ ရောက်နေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဂျုန်နဲ့ လူချင်း သိပ်ပြီး မရင်းနှီးပါဘူး"

"ရော်လင်ဆင်ဟာ သူ့အစ်မနဲ့ အတော် နီးနီးကပ်ကပ် နေလေ့ရှိသလား။ မောင်နှမအနေနဲ့ သိပ်ပြီး ခင်မင်ရင်းနှီးကြသလား"

"သိပ်တော့ ခင်ခင်မင်မင် ရှိပုံ မရဘူး။ ဂျုန်က အစ်မဆိုပေမယ့် ရော်လင်ဆင်ထက် အသက်တော်တော်ပိုကြီးတယ်။ ပြီးတော့ ရော်လင်ဆင်ဟာ သူ့အစ်မယောက်ျား (ယောက်ဖ) နဲ့လည်း သိပ်ပြီး ခင်မင်ပုံ မရဘူး"

"ဟုတ်လား၊ ဒါဖြင့် မောင်ရင် ဘယ်လိုသဘောရသလဲ။ ရော်လင်ဆင်ဟာ အရေးကြီးတဲ့ လျှို့ဝှက်ကိစ္စတစ်ခု ရှိရင် သူ့အစ်မကို ယုံကြည်စိတ်ချစွာနဲ့ ဖွင့်ပြော တိုင်ပင်လိမ့်မယ်လို့ မထင်ဘူးလား"

"ဒါတော့ အတတ်မပြောတတ်ဘူး။ ကျွန်တော့် သဘောကတော့ ရော်လင်ဆင် သူ့အစ်မကို ဖွင့်ပြောတိုင်ပင်လိမ့်မယ်လို့ မထင်မိဘူး"

"ကဲ... ထားပါတော့။ အခု ရော်လင်ဆင်ရဲ့အစ်မ ဂျုန်နဲ့ သူ့သမီးတို့ဟာ သင်္ဘောခရီးနဲ့ အင်္ဂလန်ပြည်ကို ပြန်လာနေတယ်။ သူတို့ လိုက်ပါလာတဲ့ အီစတင်းကွင်းဆိုတဲ့ သင်္ဘောက နက်ဖြန်ပဲ ဆိုက်လာလိမ့်မယ်"

ဤသို့ပြောပြီး ဗိုလ်မှူးကြီးသည် ခေတ္တစဉ်းစားနေဟန်ဖြင့် ဆိတ်ဆိတ်နေလေသည်။

ထို့နောက် အက်မန်ဆင်အား အကဲခတ်ကြည့်နေပြီး...

"ကောင်းပြီလေ၊ မောင်ရင် အခုလို ကျုပ်ဆီလာတွေ့တာ ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်လေသည်။

"ကျွန်တော့်အနေနဲ့ ဗိုလ်မှူးကြီးတို့ကို ဒါထက် ပိုပြီး အချက်အလက်စုံလင်အောင် ပြောမပြနိုင်တာ ဝမ်းနည်းပါတယ်၊ ကျွန်တော် နောက်ထပ်ဘာများကူညီရဦးမလဲ"

"လောလောဆယ်တော့ မလိုသေးပါဘူး၊ ကျေးဇူးတင်ပါတယ်"

ဗိုလ်မှူးကြီးက ပြောလိုက်လျှင် အက်မန်ဆင်ကလည်း ပြန်ထွက်သွားလေသည်။ ထိုအခါ ဗိုလ်မှူးကြီး၏တပည့် လူငယ်သည် အခန်းတွင်းသို့ ပြန်ဝင်လာလေသည်။

"စောစောကတော့ ငါက ရော်လင်ဆင် လေယာဉ်ပျက်လို့ သေတဲ့သတင်းကို သူ့အစ်မကို ပြောပြဖို့ အက်မန်ဆင်ကို ခိုင်းမယ်လို့ စိတ်ကူးမိသေးတယ်၊ ဒါပေမဲ့ အခုတော့ သူ့ကို မခိုင်းချင်တော့ဘူး၊ သူတို့လို နိုင်ငံခြားရေးဝန်ထမ်းအရာရှိမျိုးနဲ့ မသင့်တော်ဘူး"



ဗိုလ်မှူးကြီးက သူ၏ သဘောထားကို ပြောလိုက်သည်။

"ဒါဖြင့် ဒဲရစ်ကို လွှတ်လိုက်မလား"

"အေး...ဟုတ်တယ်၊ ဒဲရစ်ကို ခိုင်းမယ်၊ ဒါပေမဲ့ နေဦးကွ၊ လောလောဆယ် ငါ့ဆီကို ရော်နီ ခဏလွှတ်လိုက်စမ်း၊ ငါက သူ့ကို တာဝန်ပေးစရာရှိတယ်"

❒

ဗိုလ်မှူးကြီးပိုက်ဝေးသည် တစ်ယောက်တည်း ကျန်ရစ်ချိန်တွင် အနည်းငယ်ငိုက်မျဉ်းသလို ရှိလာသဖြင့် ခေတ္တမှိန်းမည်ဟု ကြံလိုက်စဉ်မှာပင် ရော်နီအမည်ရှိ လူငယ် ဝင်လာလေသည်။ သူသည် အရပ်မြင့်မြင့် ခန္ဓာကိုယ်တောင့်တင်းသန်မာသူ လူငယ်တစ်ဦး ဖြစ်ပြီး အင်္ဂါရပ်အားဖြင့်လည်း ခံ့ညားချောမွေ့လေသည်။

ဗိုလ်မှူးကြီးသည် ရော်နီအား မြင်လျှင် ပြုံးလိုက်သည်။

"ဟေ့... ရော်နီ၊ မင်းကို ငါတို့က မိန်းကလေးကျောင်းတစ်ကျောင်းထဲမှာ လျှို့ဝှက်ထောက်လှမ်းဖို့ သူလျှိုအဖြစ်နဲ့ လွှတ်လိုက်ရင် ဘယ်လိုသဘောရသလဲ"

"ဟင်... မိန်းကလေးကျောင်းဆိုတော့ ဘာပြဿနာများရှိလို့လဲ ခင်ဗျ၊ ဓာတုဗေဒဘာသာ သင်ကြားတဲ့ ဓာတ်ခွဲခန်းမှာ ဗုံးတွေ အများကြီး လုပ်နေလို့လား"

ရော်နီက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်လေသည်။

"မဟုတ်ပါဘူး၊ ဒီမိန်းကလေးကျောင်းက အလွန် အဆင့်အတန်းမြင့်တဲ့ ကျောင်းတစ်ကျောင်းဖြစ်တယ်။ ကျောင်းနာမည်ကတော့ မဲဒိုးဘင်းကျောင်းလို့ ခေါ်ပါတယ်"

"ဟာ... မဲဒိုးဘင်းဆိုတာ နာမည်ကြီးကျောင်းတစ်ကျောင်းပါလား"

"ဟုတ်တယ်၊ ငါပြောတာကိုသာ ဆုံးအောင်နားထောင်ပါဦး။ ရာမတ်အာရပ်နိုင်ငံက မင်းသားအလီယူဆွတ် ဆိုတာ မင်း ကြားဖူးမှာပေါ့။ အဲဒီမင်းသားမှာ ဆွေမျိုးဆိုလို့ နှမဝမ်းကွဲတော်တဲ့ မင်းသမီး ရှာအီစတာဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိတယ်။ ရှာအီစတာ မင်းသမီးကလေးဟာ အခု မဲဒိုးဘင်း မိန်းကလေးကျောင်းမှာ သွားပညာသင်လိမ့်မယ်။ စောစောပိုင်းကတော့ သူဟာ ဆွစ်ဇာလန်နိုင်ငံကကျောင်းတစ်ကျောင်းမှာ နေခဲ့တယ်"

"ကျွန်တော်က ဘာလုပ်ရမှာလဲ၊ မင်းသမီး ရှာအီစတာကို ပြန်ပေးဆွဲရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ရော်နီက ရယ်စရာသဘောပြောလိုက်သော်လည်း ဗိုလ်မှူးကြီးက မပြုံးမရယ်ဘဲ ခပ်တည်တည် ဆက်ပြောလေသည်။

"ဘယ်ကဟုတ်ရမှာလဲကွ၊ ဒီမယ်ရှေ့လျှောက်ဆိုရင် နိုင်ငံရေး အခြေအနေအရ မင်းသမီးလေး ရှာအီစတာဟာ အရေးပါလာလိမ့်မယ်လို့ ငါတို့ယူဆတယ်။ ဒါကြောင့် သူ အခု ပညာသင်မယ့် မဲဒိုးဘင်းကျောင်းမှာ မင်းရှိနေအောင် ငါတို့က လွှတ်ချင်တယ်။ မင်းတာဝန်က မင်းသမီး ရှာအီစတာကို တစေ့တစောင်း အကဲခတ်ကြည့်နေဖို့ပဲ။ ဘယ်လိုတွေ ဖြစ်လာမလဲဆိုတာတော့ လောလောဆယ် ငါတို့လည်း မပြောတတ်ဘူး။ ဒါပေမဲ့ မင်းက ဟိုမှာသွားနေပြီး ထူးခြားတာ တစ်စုံတစ်ခု သတိပြုမိတာနဲ့ ငါတို့ဆီ အစီရင်ခံ သတင်းပို့ပေးရမယ်"

ရော်နီက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဒါထက် ကျွန်တော်က ကောင်မလေးကို အကဲခတ်ကြည့်ဖို့ ဘယ်လိုလုပ်ရမှာလဲ။ ကျောင်းမှာ ဆရာသွားလုပ်ရမှာလား"

"ဒီလိုလည်း မဖြစ်နိုင်ဘူး၊ အဲဒီကျောင်းမှာက သင်ကြားပို့ချသူတွေအားလုံး ဆရာမတွေချည်းပဲ ဖြစ်နေတယ်။ ဒီတော့ မင်းအနေနဲ့ ကျောင်းထဲမှာလည်းရှိအောင် ဥယျာဉ်မှူးအလုပ်သွားလုပ်ရမယ်"

"ခင်ဗျာ... ဥယျာဉ်မှူးအလုပ် လုပ်ရမှာလား"

ရော်နီက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်သည်။

"အေး... ဟုတ်တယ်၊ ဥယျာဉ်မှူးလုပ်ရမယ်၊ မင်းက ဥယျာဉ်စိုက်ပျိုးထိန်းသိမ်းမှုနဲ့ ပတ်သက်လို့ နည်းနည်းပါးပါးတော့ နားလည်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော် တစ်ချိန်က ဥယျာဉ်ပန်းခြံ ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ ပတ်သက်လို့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်"

"ဆောင်းပါးရေးတာလောက်က လွယ်ပါတယ်ကွာ၊ ရည်ညွှန်းစာအုပ်တွေ ဖတ်ပြီး ဖြီးဖြန်းရေးရင် ရတာပဲ။ ငါဆိုလိုတာက ဥယျာဉ်ပန်းခြံထဲမှာ လက်တွေ့ အလုပ်လုပ်တာမျိုး တကယ် လုပ်နိုင်ပါ့မလားလို့"

"ကျွန်တော် ငယ်ငယ်က ပန်းခြံထဲမှာ လက်တွေ့လည်း လုပ်ခဲ့ဖူးပါတယ်"

"ဒါဖြင့် ဟုတ်ပြီ၊ မင်းကို လွှတ်ရင် ဖြစ်မယ်"

"ဒါထက် ဗိုလ်မှူးကြီးခင်ဗျာ၊ မဲဒိုးဘင်းကျောင်းမှာ ဥယျာဉ်မှူးအလုပ်နေရာ လစ်လပ်နေတာ ရှိလို့လား"



"ဒါတော့ ရှိဖို့များတယ်၊ အခုခေတ် အင်္ဂလန်ပြည်မှာက ဥယျာဉ်မှူးလုပ်တဲ့ လူတွေက အလွန်ရှားပါးနေတယ်။ ငါက မင်းရဲ့အရည်အချင်းကောင်းကြောင်း ထောက်ခံစာကောင်းကောင်းတွေရအောင် ဖန်တီးရမယ်၊ အဲဒါနဲ့ မင်းအလုပ်လျှောက်လိုက်ရင် ချက်ချင်းရမှာပဲ။ အချိန်က သိပ်မရှိတော့ဘူးကွ၊ ကျောင်းစာသင်နှစ်က အခုလ ၂၉ ရက်နေ့ စတော့မယ်"

"ဒါဖြင့် ကျွန်တော်က ဥယျာဉ်မှူးလုပ်နေရင်း အကဲခတ်စောင့်ကြည့်ရမယ်ဆိုပါတော့"

"ဟုတ်တယ်၊ တစ်ခုတော့ မင်းကို သတိပေးချင်တယ်၊ အဲဒီကျောင်းမှာက အရွယ်ရောက်ကာစ မိန်းကလေးချောချောလှလှလေးတွေလည်း ရှိလိမ့်မယ်၊ မင်းက ကောင်မလေးတွေနဲ့ ပြဿနာဖြစ်လို့ ထုတ်ပစ်ခံရတာမျိုး မဖြစ်စေချင်ဘူး၊ နောက်တစ်ခုက မင်းက နာမည်အသစ်တစ်ခု ယူရလိမ့်မယ်၊ ဘယ်လိုနာမည်မျိုး ကြိုက်သလဲ"

"အာဒမ်ဆိုရင် မကောင်းဘူးလားခင်ဗျ"

ရော်နီသည် ခရစ်ယာန်သမ္မာကျမ်းစာထဲမှ ပထမဆုံးလူသားဟု ဆိုသော အာဒမ်ကို စိတ်ကူးရ၍ ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပြီ၊ မင်းနာမည်အသစ်ကို အာဒမ်လို့ပဲ ပေးမယ်၊ နာမည်အပြည့်အစုံကတော့ အာဒမ်ဂွတ်ဒ်မင်း ဆိုပါတော့၊ ကိုင်း... အခု မင်း ဒီက ကိုယ်ရေးရာဇဝင်တစ်ခု သဘာဝကျကျ လုပ်ကြံပြီး ရေးရမယ်၊ ဒါမှ မင်းရဲ့နောက်ကြောင်းကို လိုက်လံစုံစမ်းရင်လည်း ခိုင်ခိုင်လုံလုံရှိအောင် တို့က ပြင်ဆင်ထားရမယ်။ အချိန်သိပ်မရဘူးကွ၊ မြန်မြန်လုပ် မစ္စတာ ရော်ဘင်ဆင်က စောင့်နေလိမ့်မယ်"

"မစ္စတာ ရော်ဘင်ဆင်ဆိုတာ လာမှာလား"

"လာမှာပေါ့၊ သူက အမြဲတမ်း အချိန်မှန်တယ်"

"ဗိုလ်မှူးကြီးခင်ဗျား၊ မစ္စတာ ရော်ဘင်ဆင်ဆိုတာက ဘယ်သူလဲခင်ဗျာ၊ သူ့နာမည်အမှန်က ဘာတဲ့လဲ"

"သူ့နာမည်က မစ္စတာရော်ဘင်ဆင်လို့ပဲ ငါသိတယ်၊ မင်းလည်း ဒါလောက်ပဲ သိထားဖို့ လိုတယ်"

ဗိုလ်မှူးကြီးက ထိုမျှနှင့်ပင် စကားဖြတ်လိုက်လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ရော်ဘင်ဆင်ဆိုသူကား အဝတ်အစား အထူးသပ်ရပ်စွာ ဝတ်ဆင်ထားသော လူဝဝတစ်ယောက်ဖြစ်လေသည်။ အင်္ဂါရပ်ကို ကြည့်လျှင် အင်္ဂလိပ်လူမျိုးတစ်ဦး မဟုတ်ဟု ထင်ရသည်။ သို့ရာတွင် သူ အင်္ဂလိပ်စကားပြောပုံက ကျွမ်းကျင်ပြီး အင်္ဂလန်ပြည်သားများ ပြောသည့် လေသံအတိုင်း ဖြစ်လေသည်။

ဝင်လာလာချင်း ဗိုလ်မှူးကြီး ပိုက်ဝေးက ဆီးကြိုနှုတ်ဆက်ပြီးနောက် မစ္စတာရော်ဘင်ဆင်အား ဆေးပြင်းလိပ် အကောင်းစားတစ်လိပ် ထုတ်တည်လိုက်သည်။

“မစ္စတာ ရော်ဘင်ဆင်က ကျုပ်တို့ကို ကူညီဖို့ သဘောတူတာကို အထူးပဲ ကျေးဇူးတင်ပါတယ်”

“ဒါတော့ဗျာ၊ ကျုပ်မှာက အခြေအနေပေးလို့လည်း ဖြစ်ပါတယ်။ ကျုပ်က လူတွေ အများကြီး အသိတွေရှိသလို သတင်းတွေလည်း အစုံရတတ်ပါတယ်”

မစ္စတာရော်ဘင်ဆင်က ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်ရင်း ပြောလိုက်သည်။

“မင်းသား အလီယူဆွတ်ရဲ့ လေယာဉ်ပျက်ကျတာကို ရှာလို့ တွေ့တဲ့အကြောင်း သတင်းကြားလိုက်မိမှာပေါ့”

ဗိုလ်မှူးကြီးက အရေးကြီးသည့်ကိစ္စကို စတင် ဆွေးနွေးလေတော့သည်။

“ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က တွေ့တယ်လို့ သိရတယ်။ လေယာဉ်မောင်းသူက ရော်လင်ဆင်ဆိုတဲ့ လူတစ်ယောက်ပဲ။ သူတို့ပျံသန်းခဲ့တဲ့ လေယာဉ်လမ်းကြောင်းမျိုးကလည်း အလွန်အန္တရာယ်များတဲ့ လမ်းကြောင်းမျိုး ဖြစ်တယ်။ ဒါပေမဲ့ လေယာဉ်ပျက်ကျတာဟာ လေယာဉ်မှူး ရော်လင်ဆင်ရဲ့ အပြစ်မဟုတ်ဘူး။ အဲဒီ လေယာဉ်ကို ကွင်းက မထွက်ခင်က အာမက်ဆိုတဲ့ လေယာဉ်စက်ပြင် အလုပ်သမားတစ်ဦးက စက်ချွတ်ယွင်းအောင် တမင်လုပ်လွှတ်လိုက်တယ်။ ရော်လင်ဆင်ကတော့ စက်ပြင်သမားအာမက်ဟာ ယုံကြည်စိတ်ချရတယ်လို့ ထင်ခဲ့တယ်။ တကယ်တော့ ဒီလိုမဟုတ်ဘူး၊ အခုဆိုရင် ရာမတ်ပြည်နယ်မှာ အာဏာသိမ်းလိုက်တဲ့ အုပ်စုသစ်က အာမက်ကို အလုပ်ကောင်းကောင်းပေးထားတယ်”

မစ္စတာရော်ဘင်ဆင်ဆိုသူက အချက်အလက် အပြည့်အစုံကို ပြောလိုက်လေသည်။



“ဒါဖြင့် သူတို့လေယာဉ်ကို လမ်းမှာ ပျက်ကျအောင် တမင်လုပ်လွှတ်လိုက်တာပေါ့။ စောစောက ကျုပ်တို့ကလည်း ဒီလို ထင်ခဲ့ပေမယ့် တိတိကျကျ မပြောနိုင်ခဲ့ဘူး။ အင်း... ဖြစ်ပုံကတော့ ဝမ်းနည်းစရာပဲဗျာ”

ဗိုလ်မှူးကြီးပိုက်ဝေးက မှတ်ချက်ချသလို ပြောလိုက်သည်။

“ဟုတ်ပါတယ်၊ မင်းသား အလီယူဆွတ်ဟာ သနားစရာ လူငယ်တစ်ယောက် ဖြစ်တယ်။ သူတို့ရဲ့ တိုင်းပြည်မှာ ဖောက်ပြန်မှုတွေ၊ အဂတိလိုက်စားမှုတွေ အကြီးအကျယ်ဖြစ်နေတဲ့ အခြေအနေမှာ သူက အံဝင်ခွင်ကျမဖြစ်တော့ ဒုက္ခရောက်ရရှာတယ်။ မင်းသားအလီယူဆွတ်အနေနဲ့ အနောက်နိုင်ငံမှာ ကျောင်းနေပြီး ခေတ်ပညာတတ်မြောက်နေတာကိုက သူ့အဖို့ မကောင်းဘူးလို့ ကျုပ်က ယူဆမိတယ်။ ကိုင်း ဒါတွေက အရေးမကြီးပါဘူး၊ အခုခင်ဗျားတို့ ကျုပ်တို့ စိတ်ဝင်စားရမှာက မင်းသားအနေနဲ့ အခု သူသေဆုံးသွားချိန်မှာ ဘာပစ္စည်းတွေ ထားပစ်ခဲ့သလဲဆိုတာပဲ မဟုတ်လား”

“ဟုတ်ပါတယ်၊ ဘာတွေများ ထားခဲ့သလဲ”

“မင်းသားအလီယူဆွတ်ဟာ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့က ဘဏ်တစ်ခုမှာ ငွေစာရင်းဖွင့်ပြီး ငွေအတော်များများ ထားခဲ့တယ်။ လန်ဒန်မြို့မှာလည်း ငွေအသင့်အတင့်ရှိတယ်။ သူတို့ တိုင်းပြည်မှာလည်း သူပိုင်ပစ္စည်းဥစ္စာတွေ ရှိခဲ့သော်လည်း အခုတော့ နောက်တက်တဲ့ အစိုးရအဖွဲ့သစ်က သိမ်းယူလိုက်ပြီ ဖြစ်တယ်။ ပြီးတော့ သူ့ကိုယ်ပိုင်ပစ္စည်း အသေးအဖွဲတစ်မျိုးလည်း ရှိခဲ့တယ်”

“ အသေးအဖွဲဆိုတာက ဘယ်လိုလဲ”

“အသေးအဖွဲဆိုတာ တန်ဖိုးကိုပြောတာ မဟုတ်ဘူး။ ပစ္စည်းရဲ့ အရွယ်ပမာဏ သေးငယ်ပြီး ကိုင်တွယ်ယူဆောင်ဖို့ လွယ်တာကို ဆိုလိုတာပါ။ လူ့ရဲ့ကိုယ်မှာ အလွယ်တကူ ဆောင်သွားနိုင်တဲ့ ပစ္စည်းမျိုး ဖြစ်တယ်”

“ဟုတ်လား၊ ကျုပ်သိရသလောက် လေယာဉ်ပျက်ကျတဲ့နေရာမှာ မင်းသား အလီယူဆွတ်ရဲ့ ကိုယ်မှာတော့ ဘာပစ္စည်းမှ မတွေ့ရဘူးဗျ”

“ဘယ်တွေ့မှာလဲ။ သူက အဲဒီပစ္စည်းကို လေယာဉ်မှူး ရော်လင်ဆင်လက်ကို ပေးအပ်လိုက်တာကိုး”

“ဟုတ်လား၊ သေချာရဲ့လားဗျ”

ဗိုလ်မှူးကြီးက ပြန်မေးလိုက်သည်။

“သေချာရဲ့လား ဆိုတာတော့ တထစ်ချ ပြောလို့မရဘူး။ ရာမတ်ပြည်က နန်းတော်မှာ ကောလာဟလသတင်းတွေက အမျိုးစုံထွက်နေတယ်။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



သတင်းတွေအားလုံးတော့ မမှန်နိုင်ဘူး။ သို့သော်လည်း မင်းသားအလီယူဆွတ်က သူ့ရဲ့အဖိုးတန်ပစ္စည်းကို လေယာဉ်မှူး ရော်လင်ဆင်ကို အပ်ထားလိုက်တယ်လို့ ခိုင်ခိုင်လုံလုံ ကြားရတယ်"

"ရော်လင်ဆင်ရဲ့ အလောင်းမှာလည်း ဘာအဖိုးတန်ပစ္စည်းမှ ရှာမတွေ့ဘူးဗျ"

"ဒီလိုဆိုရင်တော့ ပစ္စည်းကို ရာမတ်ပြည်က နိုင်ငံခြား ပြည်ပကို တခြားနည်းလမ်းနဲ့ ထုတ်သွားတာ ဖြစ်ရမယ်"

"ဘယ်လိုအခြေအနေမျိုးလဲဗျ။ ခင်ဗျား ဘယ်လိုထင်သလဲ"

"အဖိုးတန် ပစ္စည်းဆိုတာက ကျောက်မျက်ရတနာတွေပဲ။ လေယာဉ်မှူး ရော်လင်ဆင်ဟာ အဲဒီပစ္စည်းတွေ လက်ခံယူပြီးတော့ စားသောက်ဆိုင် တစ်ဆိုင်ကို သွားခဲ့တယ်။ အဲဒီဆိုင်ထဲမှာတော့ သူဟာ ဘယ်သူနဲ့မှ ဆက်သွယ်စကားပြောတာ မရှိခဲ့ဘူး။ ပြီးတော့ ရော်လင်ဆင်ဟာ သူ့အစ်မတည်းခိုနေတဲ့ ဆာဗွိုင်းဟိုတယ်ကို သွားတယ်။ ဒီအချိန်က သူ့အစ်မက မရှိဘဲ အပြင်ဘက် ထွက်နေတယ်။ ရော်လင်ဆင်က သူ့အစ်မရဲ့အခန်းကို တက်သွားပြီး မိနစ်နှစ်ဆယ်လောက်ကြာအောင် နေခဲ့တယ်။ ဟိုတယ်က ပြန်ထွက်လာပြီးတော့ မားချင်းဘဏ်ကို သွားပြီး ချက်လက်မှတ်တစ်စောင်နဲ့ ငွေထုတ်တယ်။ ရော်လင်ဆင် ဘဏ်တိုက်က ပြန်လည်ထွက်လာချိန်မှာပဲ မြို့ထဲမှာ ဆူပူမှုတွေ စတင်ဖြစ်နေပြီ။ ဒါနဲ့ ရော်လင်ဆင်ဟာ လေဆိပ်ကို တိုက်ရိုက်သွားတယ်။ မင်းသားအလီယူဆွတ်ကတော့ လမ်းဖောက်လုပ်ရေး လုပ်ငန်းကို ကြည့်ဖို့ဆိုပြီး နန်းတော်က မော်တော်ကားနဲ့ ထွက်ခဲ့တယ်။ လေဆိပ်ကို ရောက်တော့ ရော်လင်ဆင်နဲ့ ဝင်တွေ့ပြီး လေယာဉ်နဲ့ ကောင်းကင်ကနေပြီး လမ်းဖောက်လုပ်ငန်းနဲ့ ရေကာတာအသစ်ကို ကြည့်ချင်ပါတယ်လို့ ပြောသတဲ့။ ဒါနဲ့ပဲ ရော်လင်ဆင်နဲ့ မင်းသားအလီယူဆွတ်တို့ဟာ လေယာဉ်နဲ့ ထွက်သွားလိုက်ကြတာ နောက်ထပ် ဘာမှ သတင်းမရတော့ဘူး"

"ဟုတ်ပြီ။ ဒါကို ခင်ဗျားအနေနဲ့ ဘယ်လိုကောက်ချက်ချပါသလဲ"

"ဒါတော့ ကျုပ်ကလည်း ခင်ဗျားတို့လိုပဲ ကောက်ချက်ချရမှာပေါ့။ လေယာဉ်မှူး ရော်လင်ဆင်ဟာ သူ့အစ်မရဲ့ဟိုတယ်ခန်းကို သွားပြီး အစ်မဖြစ်သူလည်း မရှိဘဲနဲ့ ဘာကြောင့် မိနစ်နှစ်ဆယ်ကြာအောင် နေခဲ့တာလဲဆိုတာ စဉ်းစားရမယ်။ အခန်းထဲမှာ သူထားပစ်ခဲ့တဲ့ စာကလည်း တကယ်ရေးလိုက်ရင် သုံးမိနစ်ထက် ပိုပြီး မကြာနိုင်ဘူး။ ဒီတော့ ရော်လင်ဆင်ဟာ သူ့အစ်မရဲ့ အခန်းထဲမှာ မိနစ်နှစ်ဆယ်လုံးလုံး ဘာလုပ်နေလဲ"



"ဘာလဲ ခင်ဗျားက ရော်လင်ဆင်ဟာ ကျောက်မျက်ရတနာတွေကို သူ့အစ်မရဲ့ ပစ္စည်းတစ်ခုခုထဲမှာ ဝှက်ထားခဲ့တယ်လို့ ဆိုလိုပါသလား"

"ဟုတ်တယ်၊ ဒီတိုင်းပဲ ယူဆစရာရှိတယ်၊ သူ့အစ်မဂျွန်ဟာ ဗြိတိသျှနိုင်ငံသားဖြစ်လေတော့ အဲဒီနေ့ကပဲ တခြားဗြိတိသျှလူမျိုးတွေနဲ့အတူ ရာမတ်ပြည်ကနေ ပြောင်းရွှေ့ဖို့ သက်ဆိုင်ရာက စီစဉ်ခဲ့တယ်။ သူနဲ့ သူ့သမီးလေးတို့ကို လေယာဉ်တစ်စင်းနဲ့ အေဒင်မြို့ကို ပို့ပေးပြီး ဟိုကမှတစ်ဆင့် အင်္ဂလန်ကို သင်္ဘောနဲ့ ဆက်လိုက်လာတာ နက်ဖြန်ဆိုရင် သူတို့သင်္ဘောဆိုက်ကပ်တော့မယ်လို့ သိရတယ်"

ဗိုလ်မှူးကြီး ပိုက်ဝေးက ခေါင်းညိတ်လိုက်ရာ မစ္စတာရော်ဘင်ဆင်သူက..."ခင်ဗျားတို့က ဂျွန်ဆိုတဲ့ အမျိုးသမီးကို ကောင်းကောင်းဂရုစိုက်ကြည့်စေချင်တယ်" ဟု ပြောလိုက်သည်။

"ဒါတော့ စိတ်ချပါ။ ကျုပ်တို့ကလည်း သူတို့သားအမိကို ဂရုစိုက်ကြည့်ဖို့ စီစဉ်ထားပါတယ်"

ဗိုလ်မှူးကြီးက ပြန်ပြောလိုက်သည်။

"တကယ်လို့ ဂျွန်ဆိုတဲ့ အမျိုးသမီးဆီမှာ ကျောက်မျက်ရတနာတွေ ရှိနေရင်တော့ သူ့အဖို့ အလွန်အန္တရာယ်ရှိနိုင်တယ်။ ကျုပ်အနေနဲ့က အကြမ်းဖက်မှုတို့ သွေးထွက်သံယိုဖြစ်တာတို့ကို အလွန်စက်ဆုပ်တယ်"

မစ္စတာရော်ဘင်ဆင်က သူ၏ အာဘော်ကို ပြောလိုက်ပြန်သည်။

"အကြမ်းဖက်မှုတွေ ဖြစ်လာလိမ့်မယ်လို့ ထင်မိပါသလား"

"ဒီကျောက်မျက်ရတနာတွေကို စိတ်ဝင်စားနေတဲ့ လူတွေ အများကြီးရှိတယ်။ ကြောက်စရာကောင်းတဲ့ လူမျိုးတွေ ဖြစ်တယ်။ အဲဒါနဲ့ ဆက်စပ်စဉ်းစားကြည့်ပေါ့"

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်"

"ပြီးတော့ ကျောက်မျက်ရတနာတွေကို စိတ်ဝင်စားတဲ့ လူတွေက သူတို့အချင်းချင်းလည်း ပဋိပက္ခဖြစ်ပြီး အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာနိုင်တယ်။ အခြေအနေက အတော့်ကို ရှုပ်ထွေးတယ်"

"မစ္စတာရော်ဘင်ဆင်အနေနဲ့ ဒီကိစ္စမှာ အထူးစိတ်ဝင်စားဖို့ အကြောင်းရှိပါသလား"

"ကျုပ်က စိတ်ဝင်စားတဲ့ လူတစ်စုကို ကိုယ်စားပြုသူဖြစ်တယ်။ မင်းသား အလီယူဆွတ်ရဲ့ ကျောက်မျက်ရတနာတွေထဲမှာ ကျုပ်ကိုယ်စားပြုတဲ့ အဖွဲ့က မင်းသားကို ရောင်းချခဲ့တဲ့ ရတနာတွေလည်း ပါတယ်။ ဒီအုပ်စု

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကွယ်လွန်သူ မင်းသားက ယုံကြည်စိတ်ချခဲ့တယ်။ ဒါကြောင့် သူတို့က ကျောက်မျက်ရတနာတွေ ပြန်လည် တွေ့ရှိရေးကို စိတ်ဝင်စားနေကြခြင်း ဖြစ်တယ်။ ကျုပ်အနေနဲ့ ဒါလောက်ပဲ ပြောပြနိုင်တယ်"

"ခင်ဗျားက မှန်ကန်ဖြောင့်မတ်တဲ့ လူတွေဘက်က ရှိတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဒါထက် ရာမတ်ပြည်က ဆာဗွိုင်းဟိုတယ်မှာ ဂျူန်တို့သားအမိရဲ့ အခန်းနဲ့ ကပ်နေတဲ့ ဝဲယာနှစ်ဖက်က အခန်းတွေမှာ ဘယ်သူတွေ တည်းခိုနေခဲ့တယ်ဆိုတာ သိပါသလား"

မစ္စတာရော်ဘင်ဆင်က ဤသို့မေးလိုက်ရာ ဗိုလ်မှူးကြီးပိုက်ဝေးသည် ရုတ်တရက် ပြန်မဖြေနိုင်သလို ဖြစ်သွားလေသည်။

"နေဦးဗျ၊ ကျုပ် စဉ်းစားကြည့်ပါဦးမယ်၊ ကျုပ်တို့သတင်းကတော့ ရထားပါတယ်။ ဂျူန်ရဲ့အခန်းနဲ့ ကပ်လျက် ဝဲဘက်အခန်းမှာ စပိန်လူမျိုး အင်ဂျီလီကာဆိုတဲ့ ကချေသည် အမျိုးသမီးက တည်းခိုနေတယ်။ သူက ဟိုတယ်တွေမှာ လိုက်ပြီး ကပြ ဖြေဖျော်တဲ့ ကချေသည် ဖြစ်တယ်။ လက်ယာဘက်က ကပ်လျက် အခန်းမှာတော့ လေ့လာရေးထွက်တဲ့ ကျောင်းဆရာမ အုပ်စုထဲက ဆရာမတစ်ဦး တည်းခိုနေခဲ့တယ်"

ဗိုလ်မှူးကြီးက ပြောလိုက်လျှင် မစ္စတာရော်ဘင်ဆင်သည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

"ခင်ဗျားက ဘယ်ဆိုးလို့လဲ၊ ကျုပ်က ခင်ဗျားကို သတင်းအချက်အလက်တွေ လာပြောနေပေမယ့် ကျုပ်ပြောတာတွေကို ခင်ဗျားက သိပြီးသားဖြစ်နေပါလား"

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်ပေါင်းလိုက်ရင် အတော်ပြည့်ပြည့်စုံစုံ သိထားပြီလို့ ဆိုရမယ်။ တစ်ခုပဲ ရှိတာက ကျုပ်တို့သိထားတဲ့ အချက်တွေက ပြည့်စုံလုံလောက်တယ်လို့ မျှော်လင့်ပါတယ်"

မစ္စတာရော်ဘင်ဆင်က စကားကို အဆုံးသတ်လိုက်သည်။

❑ ❑ ❑



## ၄

လေယာဉ်မှူး ရော်လင်ဆင်၏ အစ်မ ဂျူန်နှင့် သမီးကလေး ဂျင်နီဖာတို့သည် အင်္ဂလန်ပြည်သို့ ရောက်ရှိပြီး ဟိုတယ်ခန်းတစ်ခန်းတွင် ရောက်ရှိနေကြလေသည်။

သားအမိနှစ်ယောက် စကားပြောရင်း ဂျူန်က အင်္ဂလန်ပြည်တွင် မိုးရွာနေ၍ စိတ်ညစ်ကြောင်း ညည်းညူလျက် ရှိလေသည်။

"မိုးရွာတာ ဘာဖြစ်သလဲ မာမီရယ်၊ သမီးတော့ အင်္ဂလန်ပြည်ကို ပြန်ရောက်လာတာကိုပဲ စိတ်ထဲက ပျော်နေမိတယ်။ လမ်းပေါ်က လူတိုင်းက အင်္ဂလိပ်စကားပြောသံ ကြားနေရတာပဲ နားထဲမှာ သာယာမိတယ်။ ပြီးတော့ အစားအသောက်ဆိုရင်လည်း အခုမှပဲ အင်္ဂလိပ်အစားအစာ ကောင်းကောင်းဆွဲ ပြန်စားရတော့တယ်"

သမီးဖြစ်သူ ဂျင်နီဖာက ပြောလိုက်ရာ ဂျူန်သည် သဘောကျပုံမရချေ။

"သမီးကလည်းကွယ်၊ ဒီလိုမပြောစမ်းပါနဲ့။ ဒီလိုသာ အင်္ဂလန်ပြည်မှာ နေရတာကို သဘောကျတယ်ဆိုရင် မာမီက သမီးကို အရှေ့အလယ်ပိုင်းပါ ရှင်းပင်လယ်ကွေ့ဒေသကို ခေါ်သွားတာ အလကားဖြစ်နေတာပေါ့"

"သမီးကလည်း ဒီလိုသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး မာမီ၊ နိုင်ငံခြားကို အလည်အပတ်သွားရတာ သဘောကျပါတယ်။ အခု သမီးက အင်္ဂလန်ပြည်ကို ပြန်ရောက်လာတာကို ဝမ်းသာတဲ့အကြောင်း ရိုးရိုးပြောတာပါ"

"ကဲ... ဒါတွေ အသာထားဦး၊ တို့ရဲ့ပစ္စည်းတွေအားလုံး ပြည့်ပြည့်စုံစုံရောက်လာရဲ့လားဆိုတာ စစ်ကြည့်ရမယ်၊ သင်္ဘောပေါ်မှာက ပစ္စည်းတွေသယ်ချတဲ့ အလုပ်သမားတွေက ယုံရတာမဟုတ်ဘူးကွဲ့၊ ပြီးတော့ ဆိပ်ကမ်းမှာက လစ်ရင် ခိုးတဲ့ အလုပ်သမားတွေလည်း ရှိတယ်"

"ဟာ... မာမီကလည်း၊ လူတကာကို ရိုးသားဖြောင့်မတ်တာ မဟုတ်ဘူးလို့ ထင်နေတာကိုး"

"လူအများစုက မရိုးဖြောင့်ကြဘူး သမီးရဲ့"

"အင်္ဂလိပ်လူမျိုးတွေကတော့ ရိုးသားပါတယ်"

"အဲဒါ ခက်တာပေါ့။ လူတွေက နိုင်ငံခြားရောက်နေရင်သာ ကိုယ့်လူမျိုးတွေ ဂုဏ်ရှိက်ကြည့်ကြတယ်။ အင်္ဂလန်ပြည်ပြန်ရောက်တယ်ဆိုရင်ပဲ ဂရုမစိုက်ဘဲ ပေါ့ပေါ့ဆဆနေတတ်တယ်။ ကဲပါ တို့ပစ္စည်းတွေ ပြန်စစ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်။ အဝတ်အစားသေတ္တာအစိမ်းရောင်နဲ့ အနက်ရောင်နှစ်လုံးကတော့ ဟုတ်ပြီ။ လက်ဆွဲအိတ်နှစ်ခုလည်း ရှိတယ်။ ဂေါက်သီးရိုက်တဲ့ ပစ္စည်းတွေနဲ့ တင်းနစ်ရိုက်တဲ့ ရက်ကက်တွေလည်း စုံပြီ။ နောက်ပြီး အစိမ်းရောင်အိတ်အသစ်တစ်ခုကကော၊ ဟောဟိုမယ် တွေ့ပြီ၊ တို့ပစ္စည်းအားလုံး စုစုပေါင်းကဆယ့်လေးခု ရှိတယ်ကွဲ့"

သမီးဖြစ်သူ ဂျင်နီဖာသည် ငြီးငွေ့လာဟန်ဖြင့် "မာမီ၊ သမီး လက်ဖက်ရည်သောက်ချင်လာပြီ" ဟု ပြောလိုက်သည်။

"ဟာ... သမီးကလည်းကွယ်၊ အခုမှ သုံးနာရီ ရှိသေးတယ်။ လက်ဖက်ရည်သောက်ချိန်လည်း မဟုတ်ဘူး"

"သမီးက ဆာလို့ပါ မာမီ"

"ကဲ... ဒါဖြင့် အောက်ထပ်ဆင်းပြီး လက်ဖက်ရည်မှာသောက်ပေတော့။ မာမီကတော့ ပင်ပန်းလို့ ခဏနားနေလိုက်ဦးမယ်။ ပြီးတော့ ပစ္စည်းတွေကို ပြန်ပြီး နေရာချရဦးမယ်။ သမီးတစ်ယောက်တည်း အောက်ထပ်ဆင်းပြီး လက်ဖက်ရည်သောက်လို့ ဖြစ်ပါ့မလား"

"မာမီကလည်း သမီးက ကလေးပေါက်စအရွယ်မှ မဟုတ်တော့တာ။ ဩော်... သမီးကို အင်္ဂလိပ်ငွေ နည်းနည်းပေးပါဦး"

ဤသို့ ပြောရင်း ဂျင်နီဖာသည် မိခင်ထံမှ အင်္ဂလိပ်ငွေ ဆယ်ရှီလင်တန် ငွေစက္ကူတစ်ရွက်တောင်းပြီး ယူထွက်သွားလေသည်။

ထိုအခိုက် ထိုအခန်းထဲမှ တယ်လီဖုန်းလာသဖြင့် ဂျူနံက ကောက်ကိုင်ပြီး...

"ဟဲလို ကျွန်မ ဂျူနံပါ"ဟု ပြောနေစဉ်မှာပင် အခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်သဖြင့် တယ်လီဖုန်းထဲသို့...

"ဟဲလို ခဏလေးနော်" ဟု ပြောပြီး တံခါးကို သွားဖွင့်လိုက်သည်။

အခန်းအပြင်ဘက်တွင် အလုပ်သမားဝတ်စုံ ဝတ်ဆင်ထားသူ လူငယ်တစ်ဦးသည် ကိရိယာတန်ဆာပလာအိတ်တစ်ခု ဆွဲလျက် ရပ်နေလေသည်။

"ကျွန်တော်က လျှပ်စစ်အလုပ်သမားပါ။ ဒီအခန်းက လျှပ်စစ်မီးအချို့ ချွတ်ယွင်းနေလို့ ပြင်ဖို့ လွှတ်လိုက်ပါတယ်"

ထိုလူငယ်က ပြောသဖြင့် ဂျူနံသည် အခန်းတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

"ရေချိုးခန်းက ဘယ်နားမှာလဲ"

"ဟောဟို အိပ်ခန်းထဲက ဖြတ်ဝင်သွားရင် ရောက်ပါတယ်"



ဤသို့ ပြောပြီးနောက် ဂျူနံသည် တယ်လီဖုန်းရှိရာသို့ ပြန်လျှောက်သွားပြီး ဆက်စကားပြောလေသည်။

လျှပ်စစ်အလုပ်သမားလူငယ်သည် အိပ်ခန်းတွင်းသို့ ဝင်သွားလေသည်။

"ဟဲလို...ဟုတ်ကဲ့ ပြောပါ၊ ကျွန်မ ဂျူနံဖြစ်ပါတယ်"

ဂျူနံက တယ်လီဖုန်းထဲသို့ ဖြေရာ တစ်ဖက်မှ ယောကျ်ားတစ်ဦး၏ အသံကို ကြားရလေသည်။

"ဟဲလို ကျွန်တော့်နာမည် ဒဲရစ်လို့ ခေါ်ပါတယ်။ ခဏလာပြီး တွေ့ပါရစေ၊ ကိစ္စကတော့ ခင်ဗျားရဲ့မောင်နဲ့ ပတ်သက်ပါတယ်"

"ဟင်...ဟုတ်လား၊ ကျွန်မရဲ့မောင်အကြောင်း သတင်းများရလို့လားရှင်"

"ဟုတ်ကဲ့၊ သတင်းရပါတယ်"

"ဒါဖြင့် ကျွန်မရဲ့အခန်းကို လာခဲ့ပါ။ အခန်းက တတိယထပ်မှာ ရှိတယ်။ အခန်းနံပါတ် (၃၁၀)"

ဤသို့ပြော၍ ဂျူနံသည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

စိတ်ထဲတွင်ကား မိမိ၏မောင် ရော်လင်ဆင်အကြောင်း သတင်းရသည်ဆိုခြင်းမှာ မည်သည့်သတင်းမျိုး ဖြစ်လိမ့်မည်ကို ကြိုတင် ရိပ်မိနေပြီး စိတ်မကောင်းဖြစ်မိလေသည်။

ခဏမျှကြာသော် အခန်းပြင်ဘက်မှ တစ်စုံတစ်ယောက်က တံခါးခေါက်သဖြင့် ဂျူနံလည်း ထ၍ တံခါးဖွင့်ပေးလိုက်သည်။

အဝတ်အစား သပ်ရပ်စွာ ဝတ်ဆင်ထားသော လူငယ်တစ်ဦး ဖြစ်နေလေသည်။

"ကျွန်တော့်နာမည် ဒဲရစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အထက်လူကြီးက ခင်ဗျားရဲ့မောင်အကြောင်း သတင်းပြောဖို့ လွှတ်လိုက်ပါတယ်"

ဝင်လာသူက သူ့ကိုယ်သူ မိတ်ဆက်ရင်း ပြောလိုက်သည်။

"အမှန်အတိုင်းသာ ပြောစမ်းပါရှင်၊ ကျွန်မရဲ့မောင်က သေပြီမဟုတ်လား"

ဂျူနံက ခပ်ပြတ်ပြတ်မေးလိုက်ရာ ဒဲရစ်ဆိုသူကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ လေယာဉ်မှူး ရော်လင်ဆင်ဟာ ရာမတ်ပြည်နယ်က မင်းသား အလီယူဆွတ်ကို သူ့လေယာဉ်နဲ့တင်ပြီး ပျံသန်းထွက်ခွာသွားတော့ တောင်တန်းဒေသမှာ လေယာဉ်ပျက်ကျသွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီအကြောင်း ကျွန်မ စောစောက ဘာဖြစ်လို့ မသိရတာလဲ။ ကျွန်မတို့ သင်္ဘောနဲ့ ပြန်လာနေတုန်းမှာ တစ်ယောက်ယောက်က ဝိုင်ယာလက်နဲ့ သတင်းပို့လိုက်ရင် ရသားပဲ မဟုတ်လား"

"ဒီလိုရှိပါတယ်၊ စောစောပိုင်းက သတင်းအတိအကျ မရခဲ့ပါဘူး။ သူတို့လေယာဉ်ပျက်ကျနေတာပဲ သိရတယ်။ အခုတော့ လေယာဉ်ပျက်နေတာကို သက်ဆိုင်ရာက ရှာတွေ့ပါပြီ။ ခင်ဗျားရဲ့မောင်ဟာ လေယာဉ်ပျက်ကျတဲ့ဆီမှာ ပွဲချင်းပြီး သေသွားရှာပါတယ်"

"မင်းသား အလီယူဆွတ်လည်း သေသွားသလား"

"ဟုတ်ကဲ့ သေဆုံးသွားပါတယ်"

"မှန်တာပြောရရင် ဒီသတင်းကြားရတော့ ကျွန်မအနေနဲ့ သိပ်ပြီး မအံ့ဩမိပါဘူး။ ကျွန်မရဲ့မောင် ရော်လင်ဆင်ဟာ မိုက်ရူးရဲလုပ်တတ်တဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။ အထူးသဖြင့် လေယာဉ်မောင်းတဲ့နေရာမှာ အလွန်ကြမ်းချင် ရမ်းချင်တဲ့ ဝါသနာရှိခဲ့တယ်။ ဒါလည်း အခက်သားပဲလေ။ လူတစ်ယောက်ရဲ့ ဝါသနာစရိုက်ဆိုတာ ပြောင်းလွဲဖို့ မလွယ်လှဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ မှန်ပါတယ်ခင်ဗျ"

"ကျွန်မမောင်ကိုယ်တိုင်က သူဟာ တစ်နေ့ လေယာဉ်ပျက်ကျပြီး သေရမှာပဲလို့ သူ့ဘာသာသူ ယူဆလေ့ ရှိတယ်။ အခုလို သတင်းကြားလိုက်ရတော့ ကျွန်မစိတ်ထဲမှာ တစ်မျိုးဖြစ်မိပါတယ်။ တုန်လှုပ်ချောက်ချားမိပါတယ်ရှင်"

ပြောရင်းနှင့် ဂျူန်သည် မျက်ရည်လည်လာလေသည်။

"ကျွန်တော်တို့ကလည်း ဝမ်းနည်းပါတယ်"

"တစ်ခုတော့ ရှိပါတယ်။ ကျွန်မမောင်ဟာ လေယာဉ်မောင်းကျွမ်းကျင်သူတစ်ဦးဖြစ်တယ်။ အခု မင်းသားအလီယူဆွတ်နဲ့ လေယာဉ်နဲ့ ထွက်သွားပြီးမှ တောင်နဲ့ တိုက်လို့ ပျက်ကျတယ်ဆိုတာ ကျွန်မမောင်ရဲ့ ချွတ်ယွင်းချက်တော့ ဟုတ်မယ်မထင်ပါဘူးရှင့်"

"ဟုတ်ပါတယ်၊ သူ့အပြစ်မဟုတ်ပါဘူး၊ မင်းသားကို ရန်သူတွေ မလိုက်နိုင်အောင် ခေါ်ထုတ်သွားတော့ တောင်တန်းတွေ ရှိတဲ့ဘက်ကိုပဲ ပျံသန်းသွားရတာနဲ့ တူတယ်။ အဲဒီလမ်းက အန္တရာယ်အလွန်များပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်၊ ရှင်က အခုလို ကျွန်မကို လာပြီး အကြောင်းကြားတာ ကျေးဇူးတင်ပါတယ်"



ဤတွင် ဒဲရစ်သည် သူလာရောက်ခြင်း၏ အဓိကကိစ္စကို ပြောသေသည်။

"ကျွန်တော် တစ်ခုမေးပါရစေ၊ ရာမတ်ပြည်နယ်မှာ ရှိစဉ်က ခင်ဗျားရဲ့မောင်က အင်္ဂလန်ပြည်ကို ပြန်ယူသွားဖို့ ပစ္စည်းတစ်စုံတစ်ခု သို့မဟုတ် ပါဆယ်ထုပ်တစ်ထုပ်များ ခင်ဗျားနဲ့ ပေးလိုက်သလားလို့ သိချင်ပါတယ်"

"ရှင်ပြောတာ ကျွန်မ ကောင်းကောင်း နားမလည်ဘူးရှင့်"

ဂျူန်က ပြန်မေးလိုက်သည်။

"ရော်လင်ဆင်က ခင်ဗျား အင်္ဂလန်ပြည်ကို အပြန်မှာ ဒီက ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ပေးဖို့ ပစ္စည်းအထုပ်တစ်ထုပ်များ လူကြုံပါးလိုက်သလားလို့ မေးတာပါ"

"ဟင့်အင်း...မပေးလိုက်ပါဘူး၊ သူက ဘာကြောင့် ကျွန်မကို လူကြုံပါးလိုက်ရမှာလဲ"

"ဒီလိုပါခင်ဗျ၊ အဲဒီအချိန်က ခင်ဗျားမောင် ရော်လင်ဆင်လက်မှာ အရေးကြီးတဲ့ ပစ္စည်းအထုပ်တစ်ထုပ် ရှိနေခဲ့တယ်လို့ သိရပါတယ်။ အဲဒီပစ္စည်းကို အင်္ဂလန်ပြည်ကို သယ်ယူသွားဖို့ သူက တစ်ယောက်ယောက်ကို အပ်လိုက်တယ်လို့ ယူဆရပါတယ်။ နောက်တစ်ချက်က ရာမတ်ပြည်မှာ တော်လှန်ရေးဖြစ်တဲ့ နေ့က ရော်လင့်ဆင်ဟာ ခင်ဗျားရဲ့ ဟိုတယ်အခန်းကို လာခဲ့တယ်ဆိုတာလည်း သိရပါတယ်"

"ဟုတ်တယ်လေ၊ သူက ကျွန်မရဲ့ ဟိုတယ်အခန်းကို လာပြီး စာတစ်စောင်တောင် ရေးထားပစ်ခဲ့သေးတယ်။ စာထဲမှာ ဘာမှ အရေးကြီးတာ မပါဘူး။ ကျွန်မကို ဂေါက်သီးရိုက်ဖို့ ချိန်းတာပဲ"

"စာထဲမှာ တခြား ဘာအကြောင်းမှ မပါဘူးလား ခင်ဗျ"

"ဟုတ်ကဲ့၊ မပါပါဘူး"

"အဲဒီစာကလေး အခု ခင်ဗျားမှာ ရှိသေးသလား"

"ရှိတော့မယ် မထင်ဘူး၊ ကျွန်မ ဆုတ်ဖြဲပစ်လိုက်ပြီ ထင်မိတယ်၊ ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်လို့မှ မဟုတ်ပါဘူး၊ ကျွန်တော်က မေးကြည့်တာပါ။ တစ်ခုတော့ ရှိတယ်၊ အဲဒီစာထဲမှာ ခင်ဗျားမောင်က တစ်ခုခု လျှို့ဝှက်အရာများ ရှိသလားလို့ စဉ်းစားမိပါတယ်။ ဥပမာ လျှို့ဝှက်စာရေးတဲ့ နည်းတစ်မျိုး ရှိတယ်။ ဒီမင်မျိုးနဲ့ စာရွက်ပေါ်မှာ ရေးလိုက်ရင် ရိုးရိုးမျက်စိနဲ့ ဖတ်လို့ မရဘူးခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...လျှို့ဝှက်မင်ဆိုတော့ သူလျှိုဝတ္ထုတွေထဲမှာ ရေးလေ့ရှိတဲ့ဟာမျိုးလား" ဂျူန်က အထူးအံ့ဩစွာဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျ"

"ဪ...ဟုတ်လား၊ ဒါပေမဲ့ရှင် ကျွန်မရဲ့မောင် ရော်လင်ဆင်က အဲဒီ လျှို့ဝှက်မင်မျိုး သုံးမှာ မဟုတ်ပါဘူး။ သူက လူတစ်မျိုးရှင့်၊ စိတ်ကူးယဉ်သမား မဟုတ်ဘူး၊ လက်တွေ့သမားတစ်ဦး ဖြစ်ပါတယ်။ ဪ... ခဏလေးနော်၊ ကျွန်မ အိတ်ထဲက လက်ကိုင်ပဝါတစ်ထည် ကောက်ယူလိုက်ဦးမယ်၊ အရေးထဲ လက်အိတ်က ဘယ်ရောက်နေမှန်း မသိပါဘူး"

ဂျူန်က ဤသို့ ပြောလိုက်ရာ ဒဲရစ်ဆိုသူသည် ကူညီလိုသည့်သဘောဖြင့်...

"အခန်းထဲမှာဆိုရင် ကျွန်တော် သွားယူပေးပါ့မယ်" ဟု ပြောပြီး အတွင်းခန်းထဲသို့ လျှောက်ဝင်လိုက်သည်။

အခန်းတွင်း၌ အလုပ်သမားဝတ်စုံနှင့် (လျှပ်စစ်အလုပ်သမားဆိုသူ) လူငယ်သည် သားရေသေတ္တာတစ်လုံးအနီးတွင် ရှိနေသဖြင့် ဒဲရစ်သည် အံ့အားသင့်သွားမိလေသည်။

လျှပ်စစ်အလုပ်သမားဆိုသူကလည်း ဒဲရစ်ဝင်လာသဖြင့် ရုတ်တရက် လန့်သွားပုံရသည်။

"ကျွန်တော်က လျှပ်စစ်အလုပ်သမားပါ။ ဒီအခန်းမှာ မီးပျက်နေလို့ လာပြင်ပါတယ်"

ဤတွင် ဒဲရစ်က မီးခလုတ်တစ်ခုကို ဖွင့်ကြည့်လိုက်သည်။

"ဒီအခန်းမှာ မီးမပျက်ပါဘူး"

"ဒါဖြင့် ကျွန်တော့်ကို အခန်းနံပါတ်မှားပြောလိုက်တာ ဖြစ်လိမ့်မယ်"

ပြောပြောဆိုဆို လျှပ်စစ်အလုပ်သမားသည် ပျာပျာသလဲ ပြန်ထွက်သွားလေသည်။

ဒဲရစ်သည် ထိုလူ၏ အပြုအမူကို ချက်ချင်း သင်္ကာမကင်းဖြစ်မိလေသည်။

ထို့ကြောင့် သူသည် ဂျူန်၏ လက်ကိုင်အိတ်ကို ယူ၍ ပေးလိုက်ပြီးနောက် တယ်လီဖုန်းဖြင့် ဟိုတယ်ရုံးခန်းသို့ လှမ်းဆက်လိုက်သည်။

"ဒီမယ် အခု အခန်းနံပါတ် (၃၁၀) က ပြောပါတယ်၊ ခင်ဗျားတို့က ဒီအခန်းမှာ မီးပြင်ဖို့ဆိုပြီး လျှပ်စစ်အလုပ်သမားတစ်ဦးကို လွှတ်လိုက်သလား၊ ဟုတ်ကဲ့ ကြည့်လိုက်ပါဦး၊ ကျုပ် စောင့်နေပါတယ်"



ဤသို့ပြောပြီး ဒဲရစ်သည် ခေတ္တစောင့်နားထောင်နေလိုက်သည်။ ချက်ချင်းလိုပင် တစ်ဖက်မှ ပြန်ဖြေသံကို ကြားရပြီးနောက် ဒဲရစ်က...

"ဟုတ်လား၊ ခင်ဗျားတို့က လျှပ်စစ်အလုပ်သမား တစ်ယောက်မှ မလွှတ်ဘူးလား၊ ကျေးဇူးတင်ပါတယ်၊ ဘာမှဖြစ်လို့ မဟုတ်ပါဘူး၊ ဒါပါပဲ" ဟု ပြောကာ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် သူသည် ဂျူန်ဘက်သို့လှည့်၍...

"ဒီအခန်းမှာ မီးလည်းပျက်နေတာ မဟုတ်ဘူး၊ ဟိုတယ်ရုံးခန်းကလည်း လျှပ်စစ်အလုပ်သမားတစ်ယောက်မှ မလွှတ်လိုက်ဘူးလို့ ဆိုတယ်" ဟု ပြောလိုက်သည်။

ဂျူန်လည်း အံ့အားသင့်သွားလေသည်။

"ဟင်... ဒါဖြင့် စောစောကလူဟာ ဘာလာလုပ်တာလဲ၊ သူခိုးများဖြစ်နေရော့သလား"

"ဒါလည်း ဖြစ်နိုင်တာပဲ"

ဒဲရစ်က ပြောလိုက်လျှင် ဂျူန်သည် သူ၏လက်ကိုင်အိတ်ကို ဖွင့်ကြည့်သည်။

"ကျွန်မအိတ်ထဲကတော့ ဘာမှ ယူမသွားဘူးရှင့်၊ အထဲက ငွေတွေလည်း အပြည့်အစုံ ရှိတယ်"

ဒဲရစ်သည် စောစောက မေးခွန်းကို ပြန်ကောက်မေးပြန်သည်။

"ခင်ဗျားရဲ့မောင်က အင်္ဂလန်ပြည်ကို ယူသွားဖို့ ဘာပစ္စည်းမှ လူကြုံမပါးလိုက်တာ သေချာတယ်နော်။ ခင်ဗျားရဲ့ပစ္စည်းတွေနဲ့အတူ ရောယူသွားဖို့ ဘာမှမပေးလိုက်ဘူးလား"

"သေချာပါတယ်ရှင့်၊ ဘာပစ္စည်းမှ မပေးလိုက်ပါဘူး"

"ဒါမှမဟုတ်ရင် ခင်ဗျားရဲ့သမီးကလေးကိုများ ပေးလိုက်သလား၊ ခင်ဗျားမှာ သမီးရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်၊ အခု သမီးက အောက်ထပ်မှာ လက်ဖက်ရည်သွား သောက်နေပါတယ်"

"ခင်ဗျားမောင်က သမီးလေးကို ပစ္စည်းတစ်ခုခုပေးလိုက်တာများ ဖြစ်နိုင်ပါသလား"

"မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် ရော်လင်ဆင်ဟာ ဟိုတယ်ခန်းထဲမှာ ရှိနေတုန်း ပစ္စည်းတစ်ခုခုကို ခင်ဗျားရဲ့ အဝတ်အစားပစ္စည်းတွေ ကြားထဲမှာ ဝှက်ထားလိုက်တာလည်း ဖြစ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကျွန်မမောင်က ဘာကြောင့် ဒီလိုလုပ်မှာလဲ၊ အဓိပ္ပာယ်မရှိဘူး"

"ဒီလိုရှိပါတယ်၊ မင်းသားအလီယူဆွတ်က ခင်ဗျားမောင်ကို ပစ္စည်းတစ်စုံတစ်ခု အပ်ထားလိုက်တယ်ဆိုပါတော့။ ဒီတော့ သူက ပစ္စည်းများကို သူ့လက်မှာထားတာထက် ခင်ဗျားရဲ့ပစ္စည်းတွေနဲ့ထားရင် ပိုပြီး လုံခြုံစိတ်ချရလိမ့်မယ်လို့ ယူဆတာမျိုး ဖြစ်နိုင်တယ်"

"ကျွန်မတော့ ဒီလိုလည်း ဖြစ်မယ်မထင်ပါဘူး"

"ဒီလိုဆိုရင် ခင်ဗျားပစ္စည်းတွေကို ကျွန်တော်တို့ ရှာကြည့်ချင်တယ်၊ ခွင့်ပြုပါ"

ဤတွင် ဂျူန်သည် အံ့အားသင့်သွားလေသည်။

"ဟင်...ရှင်က ကျွန်မရဲ့ အဝတ်အစား ပစ္စည်းတွေ အားလုံး အပြင်ဘက်ဆွဲထုတ်ပြီး ရှာကြည့်မှာလား။ ပစ္စည်းတွေထုတ်ပြီး ပြန်သိမ်းရတာ မလွယ်ဘူးရှင့်"

"ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ဘာမှမပူပါနဲ့။ ပစ္စည်းတွေကို ထုတ်ရှာပြီးတော့ ကျွန်တော်ကိုယ်တိုင် အားလုံး သေသေသပ်သပ် ပြန်ထည့်ပေးပါ့မယ်။ ကျွန်တော်က အိမ်မှာ မိခင်ကြီးအတွက် အဝတ်အစားပစ္စည်းတွေ သိမ်းဆည်း ထုပ်ပိုးနေကျဖြစ်ပါတယ်။ ခင်ဗျား ဘာမှလုပ်စရာ မလိုပါဘူး။ ထိုင်ကြည့်နေရုံပါပဲ"

ဒဲရစ်က ဤသို့ပြောလိုက်လျှင် ဂျူန်လည်း သဘောတူလိုက်ရတော့သည်။

"ဒါဖြင့် ရှင်တို့ကိစ္စက အရေးကြီးတယ်ဆိုရင်လည်း ရှာကြည့်ပေါ့လေ"

❒

နောက်နာရီဝက်သာသာ ကြာသောအခါ ဂျူန်၏သမီးကလေး ဂျင်နီဖာသည် လက်ဖက်ရည်သောက်ပြီး၍ ပြန်လာလေသည်။

အခန်းထဲ၌ သူတို့ပစ္စည်းတွေ ပြန့်ကျဲနေသည်ကို မြင်လျှင် ဂျင်နီဖာသည် အံ့အားသင့်လျက်"ဟင် မာမီ ပစ္စည်းတွေကို ဘာလုပ်တာလဲ" ဟု မေးလိုက်လေသည်။

"သြော်... စောစောက မာမီတို့က ပစ္စည်းတွေ ဆွဲထုတ်စစ်ကြည့်ပြီးတော့ အခုပြန်သိမ်းနေတာပါ။ ဒါထက် မိတ်ဆက်ပေးရဦးမယ်။ ဟောဒါက



မစ္စတာဒဲရစ်ဆိုတာပဲကွဲ့။ မစ္စတာဒဲရစ်ရှင့်၊ ဒါက ကျွန်မရဲ့သမီးကလေး ဂျင်နီဖာ ဖြစ်ပါတယ်"

ဂျူန်က မိတ်ဆက်ပေးလိုက်သည်။

ဂျင်နီဖာသည် မိခင်ပြောပြပုံကို နားမလည်ဟန်ဖြင့် "နေပါဦး မာမီရဲ့ပစ္စည်းတွေအားလုံး ထုတ်ကြည့်ပြီး ဘာကြောင့် ပြန်သိမ်းနေရတာလဲ"ဟု မေးပြန်သည်။

"ဘာကြောင့်ရယ်လို့ မေးမနေပါနဲ့သမီး။ အခုကိစ္စက သမီးရဲ့အန်ကယ် ရော်လင်ဆင်က မာမီတို့ အင်္ဂလန်ပြည်အပြန်မှာ တို့ပစ္စည်းတွေထဲ သူက ပစ္စည်းတစ်ခုခုထည့်ပေးလိုက်တယ်လို့ ထင်တဲ့အတွက် အခုရှာကြည့်တာပဲ။ သမီးကိုကော အန်ကယ်ရော်လင်ဆင်က ဘာပစ္စည်းမှ မပေးလိုက်ဘူး မဟုတ်လား"

"ဟင့်အင်း... သမီးကိုတော့ ဘာပစ္စည်းမှ မပေးလိုက်ပါဘူး၊ အခု မာမီတို့က သမီးရဲ့သေတ္တာတွေထဲကော ဖွင့်ရှာကြည့်သလား"

ဤတွင် ဒဲရစ်က ဝင်ဖြေလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီမှာရှိတဲ့ပစ္စည်းအားလုံး တစ်ခုမကျန် ထုတ်ပြီး ရှာကြည့်ပါတယ်။ ဒါပေမဲ့ ဘာမှမတွေ့လို့ အခုပစ္စည်းတွေ ပြန်သိမ်းနေပါတယ်"

"ခင်ဗျား လက်ဖက်ရည် သို့မဟုတ် တစ်ခုခုလိုက်သောက်ရင် ကောင်းလိမ့်မယ် ထင်ပါတယ်။ ကျွန်တော် မှာပေးရမလား၊ ဘရမ်ဒီနဲ့ ဆိုဒါ ဖြစ်ဖြစ်ပေါ့" ဟု ပြောလိုက်သည်။

"အင်း... လက်ဖက်ရည်တစ်ခွက်လောက် သောက်ရရင် မဆိုးပါဘူး"

ဂျူန်က ပြောလိုက်သည်။

ဂျင်နီဖာက သူ လက်ဖက်ရည် ဆင်းသောက်ခဲ့ပုံကို အားရပါးရ ပြောပြလေသည်။

"သမီးလေ လက်ဖက်ရည်ကောင်းကောင်းသောက်ခဲ့ရတယ် မာမီ။ လက်ဖက်ရည်နဲ့ ကိတ်မုန့်ရော အသားညှပ်ပေါင်မုန့်တွေရော တဝကြီးစားခဲ့ရတယ်။ သမီးဖြင့် ဗိုက်က ဖောင်းလာတာပဲ"

ဒဲရစ်သည် တယ်လီဖုန်းဖြင့် ဟိုတယ်အောက်ထပ်သို့ လက်ဖက်ရည် မှာလိုက်ပြီးနောက် ပစ္စည်းများကို သေသပ်စွာ ပြန်ထည့်သိမ်းနေလေသည်။

ဂျူန်သည် ဒဲရစ်၏ ကျွမ်းကျင်သပ်ရပ်မှုကို ကြည့်ပြီး အံ့သြနေပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အမေက ရှင့်ကို အခုလို ပစ္စည်းတွေ ကောင်းကောင်း ထုပ်ပိုး သိမ်းဆည်းဖို့ လေ့ကျင့်သင်တန်းပေးထားတာကျနေတာပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ကြိုးစားပြီး လေ့ကျင့်ထားပါတယ်။ ဒါထက် တစ်ခုပြောရဦးမယ်၊ ရှေ့လျှောက် ခင်ဗျားအနေနဲ့ အထူးသတိထား ပြီး နေစေချင်ပါတယ်"

"ဟင်...ဘာကိုဆိုလိုတာလဲရှင့်၊ ဘယ်လိုသတိထားပြီး နေရမှာလဲ"

ဂျုန်က နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"နိုင်ငံရေးဆိုတာ အလွန်ရှုပ်ထွေးတတ်ပါတယ်။ အထူးသဖြင့် တော်လှန်ရေးတစ်ရပ် ဖြစ်လာတယ်ဆိုရင် ဂယက်ရိုက်မှုတွေ ဖြစ်ပေါ်လာတတ်တယ်။ ဒါကြောင့် သတိပေးတာပါ"

ဒဲရစ်က ယင်းသို့ မရေမရာသတိပေးစကားဖြင့်ပင် ပြောလိုက်ပြီး နောက် "ဒါထက် ခင်ဗျားတို့ လန်ဒန်မြို့မှာ ကြာကြာနေကြမှာလား" ဟု မေးလိုက်လေသည်။

"မနေဘူးရှင့်၊ မနက်ဖြန်ပဲ ကျွန်မတို့က နယ်မှာရှိတဲ့ ကျွန်မတို့ရဲ့ အိမ်ကို ပြန်ကြတော့မယ်။ ကျွန်မယောကျ်ားက မော်တော်ကားနဲ့ မောင်းပို့ဖို့ စီစဉ်ထားပါတယ်"

"ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ဘာပဲဖြစ်ဖြစ် သတိထားပြီးနေဖို့တော့ ပြောချင်ပါတယ်။ အရေးကြီး အကြောင်းအရာရှိရင်လည်း တယ်လီဖုန်းနဲ့ နံပါတ် (၉၉၉) ကိုသာ ချက်ချင်းလှည့်လိုက်ပါ"

ဒဲရစ်က ပြောလိုက်လျှင် သမီးကလေး ဂျင်နီဖာသည် စိတ်ဝင်စား ဟန်ဖြင့်...

"ဟင်...ဟုတ်လား၊ တယ်လီဖုန်း နံပါတ် ၉၉၉ ကို လှည့်လိုက်ရ မှာလား၊ ဟန်ကျတာပဲ၊ ကျွန်မက အဲဒီဖုန်းနံပါတ် ၉၉၉ ကို သိပ်ပြီး လှည့် ကြည့်ချင်နေတယ်" ဟု ပြောလိုက်သည်။

ထိုအခါ မိခင်ဖြစ်သူ ဂျုန်က "သမီးကလည်းကွယ်၊ ဘာတွေလျှောက် ပြောနေရတာလဲ" ဟု ဟန့်လိုက်သည်။

❐

နောက်ရက်အနည်းငယ် ကြာသောအခါ သတင်းစာထဲတွင် အောက်ပါမှခင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိလေသည်။



"ယမန်နေ့က မြို့နယ်တရားရုံးသို့ ခိုးဖုက်ရန် ရည်ရွယ်၍ ဖောက် ထွင်း ဝင်ရောက်မှုတစ်ခု ရောက်ရှိလာကြောင်း၊ ဖောက်ထွင်းခံရသည့်အိမ်မှာ မစ္စက်ဂျုန် အမည်ရှိ အမျိုးသမီးနှင့် ခင်ပွန်း ဟင်နရီတို့၏ နေအိမ်ဖြစ်ကြောင်း၊ အိမ်သားများက တနင်္ဂနွေနံနက်စောစောပိုင်း ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုရန် သွားနေခိုက် တရားခံက အိမ်တွင်းသို့ ဖောက်ထွင်း ဝင်ရောက်ခဲ့ကြောင်း၊ အိမ်ရှင် ဇနီးမောင်နှံနှစ်ဦး၏ အိပ်ခန်းမှ ပစ္စည်းအသုံးအဆောင်များကို မွှေ နှောက် ရှာဖွေထားဟန်ဖြင့် ပြန့်ကျဲ ရှုပ်ပွကျန်ရစ်ကြောင်း၊ တရားခံသည် ထိုအိမ်ပြတင်းပေါက်မှ ပြန်ဆင်းပြီး ထွက်ပြေးမည်ပြုစဉ် ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိ၍ ဖမ်းဆီးလိုက်ကြောင်း၊ တရားခံသည် တစ်စုံတစ်ခုသော အကြောင်း ကြောင့် ထိတ်ထိတ်ပျာပျာဖြစ်ပြီး ရုတ်တရက် ထွက်ပြေးခြင်း ဖြစ်ဟန်တူကြောင်း၊ ရဲက ဖမ်းထားသော တရားခံ၏ အမည်မှာ အင်ဒရူးဘောလ်ဖြစ်ပြီး အလုပ်အကိုင် နေရပ်လိပ်စာ အတိအကျ မရှိသူ ဖြစ်ကြောင်း၊ တရားရုံးတော်က မေးမြန်းသော အခါ တရားခံက သူသည် အပြစ်ရှိပါသည်ဟု ဝန်ခံထွက်ဆိုကြောင်း၊ တရားခံ က သူသည် အလုပ်လက်မဲ့ဖြစ်ပြီး ကျပ်တည်း ဆင်းရဲလွန်း၍ ငွေကြေးလိုချင် သောကြောင့် အိမ်ကို ဖောက်ထွင်းဝင်ရောက်ခဲ့ပါသည်ဟု ထွက်ဆိုအစစ်ခံခဲ့ ကြောင်း၊ အိမ်ရှင်အမျိုးသမီး ဂျုန်သည် အဖိုးတန် လက်ဝတ်ရတနာများကို အိမ်တွင် မထားဘဲ ဘဏ်တိုက်တွင် အပ်နှံထားသဖြင့် ဖောက်ထွင်းခံရချိန်၌ အဖိုးတန်ပစ္စည်း ဘာမျှ အိမ်တွင်မရှိဟု သိရကြောင်း" အိမ်ဖောက်ထွင်းခံရပြီး နောက်တစ်နေ့တွင် ဂျုန်တို့မိသားစုသည် ထိုအကြောင်းကို အချင်းချင်း စကား ဖောင် ပြောဆိုနေကြလေသည်။

"အိမ်ဖောက်ထွင်းတဲ့လူတွေဟာ ဘယ်အိမ်ကိုမဆို သူတို့ဝင်ချင်ရင် ကြံဖန်ဝင်လို့ရသလို ဖြစ်နေပါလား"

ဂျုန်က စတင်၍ ပြောလိုက်ပြီးနောက် သမီးကလေး ဂျင်နီဖာက...

"ရဲတွေက လူဆိုးကို ဖမ်းမိအောင် အချိန်မီ ရောက်လာတာ အံ့သြ စရာပဲနော်" ဟု ဝင်ပြောလိုက်သည်။

"ဒီလူဟာ အိမ်က ဘာပစ္စည်းမှ ယူမသွားတာ အံ့သြစရာပါပဲ"

ဂျုန်က ဤသို့ပြောလျှင် ခင်ပွန်းဖြစ်သူ ဟင်နရီက "အဲဒါ သေချာရဲ့ လားကွဲ့၊ မင်းရဲ့ပစ္စည်းအားလုံး သေသေချာချာ စစ်ကြည့်ရဲ့လား။ ဘာများပျောက် နေသလဲဆိုတာ ကြည့်ပါဦး" ဟု ပြောလိုက်သည်။

သည်တော့မှ ဂျုန်သည် တစ်စုံတစ်ခုကို သတိရလာဟန် တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောမှပဲ ကျွန်မ သတိရတယ်။ အိမ်ခန်းထဲက ပစ္စည်းတွေ မွှေနှောက် ရှာဖွေပြီး ပြန့်ကျဲနေတဲ့အထဲမှာ ကျွန်မရဲ့ ဂျက်ကမာ လည်စီးတစ်ခုကို မတွေ့မိဘူးရှင့်"

ထိုအခါ ဂျင်နီဖာက ဝင်၍ ရှင်းပြလေသည်။

"အဲဒါ သမီးအပြစ်ပါ မာမီ၊ သဘော်ခရီးနဲ့ ပြန်လာတုန်းက သမီးက မာမီရဲ့ လည်စီးကို ခဏယူသုံးခဲ့ပါတယ်။ သင်္ဘောကုန်းပတ်ပေါ်မှာက လေပြင်းက တိုက်နေလို့ လည်စီးကို လေတိုက်ပြီး ရေထဲလွင့်ကျသွားပါတယ်။ အဲဒါ မာမီကို စောစောက ပြောဖို့ဟာ သမီးမေ့သွားပါတယ်"

"ဟုတ်လား၊ သမီးကလည်းကွယ် စောစောက ပြောပါလား၊ မာမီ ပစ္စည်းကို ယူသုံးချင်ရင် မာမီကို ပြောပြီးမှ သုံးပါလို့ သမီးကို ပြောထားလျက်သားနဲ့"

ဂျင်နီဖာသည် ထိုအကြောင်းကို ဆက်မပြောချင်သဖြင့် စကားကို တစ်မျိုးလွှဲပြောင်းကာ "သမီး အခု ကျောင်းသွားနေရမယ့် မဲဒိုးဘင်းကျောင်းကို သိပ်မသွားချင်ဘူး၊ စည်းကမ်းသိပ်တင်းကျပ်တယ်လို့ ကြားတယ်"ဟု ပြောလိုက်လေသည်။

သို့သော် မိခင်ဂျူနက ထိုစကားကို လက်မခံချေ။

"သမီးကလည်းကွယ် ဒီစကားမျိုး မပြောစမ်းပါနဲ့။ မဲဒိုးဘင်းကျောင်းကို သမီး ဝင်ခွင့်ရတာပဲ ကံကောင်းတယ်လို့ မှတ်ပါ။ ကျောင်းအုပ်ဆရာမကြီး မစ္စက်ဘားလ်စထရိုက သူ့ကျောင်းမှာ တော်ရုံတန်ရုံ မိန်းကလေးကို လက်သင့်ခံတာ မဟုတ်ဘူး၊ အခု သမီးဝင်ခွင့်ရတာဟာ သမီး၊ဂက်ဒီရဲ့ ရာထူးအရှိန်အဝါ ဩဇာကြောင့် ဝင်ခွင့်ရတာ။ ဒီကျောင်းက အလွန်အဆင့်အတန်းမြင့်တယ်။ ရိုးရိုးကျောင်းပညာ သင်ပေးရုံမကဘူး၊ လူမှုဆက်ဆံရေးကိုလည်း သင်ပေးတယ်။ ဥပမာ သမီးကို ဘုရင်မကြီးက နေ့လယ်စာစားဖို့ ဖိတ်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာကအစ သင်ပေးတယ်"

"ဟင်... ဟုတ်လား၊ ဘုရင်မကြီးက တစ်ခါတစ်ခါ အာဖရိကတိုက်က လူမည်းခေါင်းဆောင်တွေကိုလည်း နန်းတော်ကို ဖိတ်ကြားတယ်လို့ သိရတယ်"

"အာဖရိကတိုက်က ခေါင်းဆောင်တွေက အလွန်ရည်မွန် ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်ကွဲ့"

ဖခင် မစ္စတာ ဟင်နရီက ဝင်ပြောလိုက်သည်။ ထိုစကားကို ဇနီး ဂျူနကလည်း ထောက်ခံသည့်အနေဖြင့်...



"ဟုတ်တယ်ရှင့်၊ အာရပ်လူမျိုး စော်ဘွားတွေကလည်း အလွန်ရည်မွန်ကြတယ်"

ဤတွင် ဂျင်နီဖာကပါ ဝင်၍–

"ဟုတ်တယ်နော် မာမီ၊ သမီးတို့တောင် တစ်ခါက အာရပ်စော်ဘွားတစ်ဦးက ဖိတ်တဲ့ ထမင်းစားပွဲတစ်ခုကို သွားခဲ့ရတယ်လေ။ သမီး အဲဒီ ထမင်းစားပွဲကို မမေ့နိုင်ဘူး" ဟု ပြောလိုက်သည်။

❒

မြို့နယ်တရားရုံးက ဖောက်ထွင်းမှုတရားခံ အင်ဒရူးဘောလ်ဆိုသူအား ပြစ်မှုထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးလ အပြစ်ပေးလိုက်လေသည်။

စီရင်ချက်ချသည့်နေ့က တရားရုံး၌ လာရောက်လေ့လာသူ ပရိသတ်ထဲတွင် ဒဲရစ်ဆိုသူလည်း ပါဝင်လေသည်။ တရားရုံးက အမိန့်ချမှတ်လိုက်ပြီးနောက် ဒဲရစ်သည် သူ၏ အထက်လူကြီးထံသို့ တယ်လီဖုန်းဖြင့် လှမ်းဆက်၍ သတင်းပို့ အစီရင်ခံလိုက်သည်။

"ဖောက်ထွင်းမှုတရားခံကို အမျိုးမျိုး လှည့်ပတ်စစ်ဆေးခဲ့ပေမယ့် ကျွန်တော်တို့လိုချင်တဲ့ သဲလွန်စ တစ်ခုမှ မရခဲ့ဘူးဗျ"

ဒဲရစ်က သူ၏ အစီရင်ခံချက်ကို အဆုံးသတ်လိုက်ရာ တစ်ဖက်မှ သူ၏ အကြီးအကဲက...

"ဒါထက် ဒီလူက ဘယ်သူလဲ။ ကျုပ်တို့သိထားတဲ့ ရဲမှတ်တမ်းစာရင်းဝင် ရာဇဝင်လူဆိုးတစ်ယောက်များလား"ဟု ပြန်မေးလေသည်။

"ဒီလူက ရိုးရိုးကြေးစား လူဆိုးလူမိုက် အုပ်စုထဲကပါပဲ။ ကျွန်တော်တို့ သိထားတဲ့ ဂက်ကို ဂိုဏ်းထဲကလို့ ယူဆပါတယ်။ ဦးနှောက်ဉာဏ်မရှိဘဲ ငွေပေးခိုင်းရင် လုပ်တတ်တဲ့ လူစားမျိုး ဖြစ်ပါတယ်။ သူ့ကို တစ်ယောက်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ငွေပေးပြီး မစ္စက်ဂျူန်အိမ်ကို ဖောက်ထွင်းခိုင်းတာနဲ့ တူပါတယ်"

ဒဲရစ်က ဤသို့ ပြောလိုက်ရာ တစ်ဖက်မှ သူ၏ အကြီးအကဲဖြစ်သူ ဒိုလ်မှူးကြီး ပိုက်ဝေးက "ဒီလူက တရားရုံးမှာ အပြစ်ရှိကြောင်းလည်း ဝန်ခံဘယ်။ ရုံးတော်က အပြစ်ပေးလိုက်တော့လည်း အသာငြိမ်ပြီး နာခံသွားတယ်လား" ဟု ဆက်၍ မေးပြန်လေသည်။

"ဟုတ်ပါတယ်။ သူဟာ အိမ်ဖောက်ထွင်းတာကို အပြစ်ရှိကြောင်း ဝန်ခံပြီး ရုံးက အပြစ်ဒဏ်ပေးတာကိုလည်း ဘာမှ ပြန်မပြောဘဲ နာခံသွား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ နောက်တစ်ချက်က ဒီလူ့ကို ဘယ်လိုစစ်ဆေး မေးမြန်းပေမယ့် သူ့ကို ဘယ်သူက ငွေပေးခိုင်းတယ်ဆိုတာ လုံးဝ မပြောဘူး။ တစ်ခါတည်း နှုတ်ပိတ်နေပါတယ်"

"ဒါက ထားပါတော့၊ မောင်ရင်တို့က ဒီအမျိုးသမီးဂျူနဲ့ရဲ့ ပစ္စည်းတွေထဲမှာ ဘာမှ ရှာမတွေ့ဘူး မဟုတ်လား။ ဒီတော့ လေယာဉ်မှူး ရော်လင်ဆင်ဟာ ရာမတ်ပြည်နယ်က အဖိုးတန်ပစ္စည်းကို သူ့အစ်မဂျူနဲ့ရဲ့ပစ္စည်းတွေထဲ ဝှက်ထားခဲ့တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား"

"အခု ဂျူနဲ့ရဲ့ အိမ်ဖောက်ထွင်းခံရပုံ ထောက်တော့ တခြားလူတွေကလည်း ကျွန်တော်တို့လိုပဲ ရော်လင်ဆင်ဟာ အဖိုးတန်ပစ္စည်းကို သူ့အစ်မရဲ့ ပစ္စည်းတွေထဲမှာ ထည့်လွှတ်လိုက်တယ်လို့ ယူဆပုံ ရတယ်ခင်ဗျာ။ ဒီလို မဟုတ်ရင် တခြားဖြစ်နိုင်တဲ့နည်းတွေ ရှိသေးလို့လား ခင်ဗျ"

"ရှိတာပေါ့၊ ဥပမာ မင်းသား အလီယူဆွတ်က လေယာဉ်မှူး ရော်လင်ဆင်ကို ပေးလိုက်တဲ့ ပစ္စည်းဟာ အခုအချိန်အထိ ရာမတ်ပြည်နယ်မှာပဲ ရှိချင်ရှိနေမှာပေါ့။ ရော်လင်ဆင်က သူ့အစ်မ တည်းခိုခဲ့တဲ့ ဆာဗွိုင်းဟိုတယ် တစ်နေရာရာမှာ ဝှက်ထားခဲ့တာ ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ရော်လင်ဆင်က လေဆိပ်ကို အသွားမှာ တစ်ယောက်ယောက်ကို အပ်ထားခဲ့တာလည်း ဖြစ်နိုင်တာပဲ။ နောက်တစ်ခုက သူ့အစ်မဂျူနဲ့ အင်္ဂလန်ကို သင်္ဘောနဲ့ ပြန်အလာမှာ သူ့အဖို့ အသုံးမဝင်တော့ ပစ္စည်းတစ်ခုခုကို ရေထဲ လွှင့်ပစ်လိုက်တယ် ဆိုပါတော့။ အဲဒီပစ္စည်းရဲ့ အတွင်းဘက်မှာ ရော်လင်ဆင်ဟာ အဖိုးတန်ပစ္စည်းကို ဝှက်ထားခဲ့တာကော မဖြစ်နိုင်ဘူးလား။ ဒီလိုဆိုရင်လည်း လူတွေအားလုံးအတွက် တစ်မျိုးကောင်းတာပဲ"

ဗိုလ်မှူးကြီးပိုက်ဝေးက ဤသို့ ပြောသည်ကို ဒဲရစ်သည် အံ့အားသင့်သွားပုံရလေသည်။

"ဟာ... ပစ္စည်းက တန်ဖိုးအလွန်များတာပဲ ခင်ဗျ"

"အေး... မောင်ရင်ပြောသလို ပစ္စည်းက တန်ဖိုးအလွန်များတာ မှန်တယ်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်စမ်း။ ဒီပစ္စည်းကြောင့် နောက်ထပ်လူတွေ အသက် သေရမယ်ဆိုရင် လူ့ရဲ့အသက်က ပစ္စည်းဥစ္စာထက် ပိုပြီး တန်ဖိုးရှိတယ် ဆိုတာကိုလည်း ထည့်တွက်ရမယ်"

ဤသို့လျှင် ဗိုလ်မှူးကြီး ပိုက်ဝေးက စကားကို ဖြတ်လိုက်သည်။

❑ ❑ ❑



# ၅

မဲဒိုးဘင်းမိန်းကလေးသီးသန့်ကျောင်းဖွင့်နေပြီဖြစ်၍ မိန်းကလေးများလည်း စုံညီစွာ ရောက်ရှိနေပြီ ဖြစ်သည်။

မိန်းကလေးများသည် ကျောင်းသို့ ရောက်ပြီးနောက် မိဘများထံသို့ အသီးသီး စာရေးကြလေရာ သူတို့ရေးသော စာများတွင် ကျောင်းအခြေအနေအကြောင်း၊ အခြားမိန်းကလေးကျောင်းသူများအကြောင်း စသည်ဖြင့် အကြောင်းအရာမျိုးစုံ ပါရှိလေရာ အချို့သော အချက်အလက်များမှာ ဤဝတ္ထုဇာတ်လမ်းနှင့် တိုက်ရိုက်သက်ဆိုင်သဖြင့် ကျောင်းသူမိန်းကလေးများ၏ စာအချို့ကို ဖော်ပြလိုက်ရလေသည်။

ဂျူလီယာ အမည်ရှိ ကျောင်းသူတစ်ဦးက သူ့မိခင်ထံသို့ ရေးလိုက်သောစာ။

**မာမီရှင့်**

ချစ်သမီး ဂျူလီယာ စာရေးလိုက်ပါတယ်။ သမီးတော့ အခုဆိုရင် မဲဒိုးဘင်းကျောင်းမှာ အခြေကျနေပါပြီ။ ဒီမှာ ဂျင်နီဖာဆိုတဲ့ ကျောင်းသူတစ်ဦးနဲ့ သမီးက ခင်မင်ရင်းနှီးနေကြပါတယ်။ ဂျင်နီဖာက တင်းနစ်ရိုက်ဝါသနာပါတယ်။ ကစားတာလည်း တော်တယ်။ သူက ဒီကျောင်းကို မလာခင် ပါရှင်းပင်လယ်ကွေ့က ရာမတ်ပြည်ကို အလည်အပတ်ရောက်ခဲ့တယ်တဲ့။ အဲဒီမှာက ရာသီဥတုပူလို့ သူ့ရဲ့တင်းနစ်ရိုက်တဲ့ ရက်ကက်ဟာ နည်းနည်းတောင် ကောက်ကွေးသွားတယ်လို့ ပြောတယ်။ ဂျင်နီဖာက ပြောတော့ ရာမတ်ပြည် နယ်မှာ တော်လှန်ရေးဖြစ်တဲ့နေ့က သူတို့သားအမိ အဲဟိုမှာ ရှိနေတယ်လို့ ပြောတယ် မာမီ။ ဒါပေမဲ့ သူတို့ ဘာမှမမြင်လိုက်ရပါဘူး။ သူတို့ကို ဗြိတိသျှသံရုံးက တာဝန်ယူပြီး ခေါ်ထားတယ်လို့ ဆိုတယ်။

ကျောင်းအုပ်ဆရာမကြီး မစ္စဘားလ်စတရို့က သဘောကောင်းပါတယ်။ ဒါပေမဲ့ စည်းကမ်းအလွန်ကြီးတဲ့အတွက် တစ်မျိုးပဲ ကြောက်စရာကောင်းတယ်၊ သမီးတို့ကို အင်္ဂလိပ်စာပေ သင်ကြားပို့ချပေးတဲ့ ဆရာမ မစ္စရစ်(ချ)ဆိုတာကတော့ ချစ်ဖို့ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာသင်လည်း ကောင်းတယ်။ အခု သမီးတို့က ဘာသာစုံသင်ရတော့ ပန်းချီအနုပညာကို ဆရာမ လော့်ရီဆိုတာက သင်ပေးတယ်။ ပြင်သစ်ဘာသာကို ပြင်သစ်အမျိုးသမီး ဆရာမ မစ္စဘာလန့်(ချ) ဆိုတာက သင်ပါတယ်။ အားကစားနဲ့ ကာယပညာသင်တန်းကို ကိုင်တာက မစ္စစပရင်လာ ဆိုတဲ့ ဆရာမဖြစ်တယ်။ သူကတော့ နည်းနည်းကြမ်းတယ်။ မစ္စချက်ဒစ် ဆိုတဲ့ ဆရာမကြီးတစ်ယောက်က သင်္ချာဘာသာသင်တယ်။ ပြီးတော့ သမိုင်းနဲ့ ဂျာမန်ဘာသာသင်ကြားပို့ချတဲ့ ဆရာမ မစ္စဗန်ဆီတတ်ဆိုတာလည်း ရှိသေးတယ်။

ဒီကျောင်းမှာ နိုင်ငံခြားက ကျောင်းသူမိန်းကလေးတွေလည်း ရှိတယ် မာမီ။ ဂျာမန်မိန်းကလေးတချို့နဲ့ အီတလီ မိန်းကလေးနှစ်ယောက်ရယ်၊ ဆွီဒင်နိုင်ငံသူတစ်ယောက်ရယ် ရှိတယ်။ ပြီးတော့ အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံတစ်ခုက မင်းသမီးရှာအီစတာ ဆိုတာလည်း ရှိသေးတယ်။ သူဟာ လေယာဉ်ပျံပျက်ကျပြီး သေဆုံးသွားတဲ့ မင်းသား အလီယူဆွတ်နဲ့ လက်ထပ်ရမယ့် မိန်းကလေးလို့လည်း ပြောတယ်။ ဒါပေမဲ့ ဂျင်နီဖာက ပြောတော့ ဒီလိုမဟုတ်ဘူးတဲ့။ ရှာအီစတာက မင်းသား အလီယူဆွတ်နဲ့ မောင်နှမဝမ်းကွဲတော်တယ်။ သူတို့ တိုင်းပြည်မှာက မောင်နှမဝမ်းကွဲချင်း ထိမ်းမြားလက်ထပ်ရတဲ့ ထုံးစံရှိလို့ ရှာအီစတာက ပြောတာပါလို့ ဂျင်နီဖာက ပြောတယ်။ တကယ်တော့ မင်းသား အလီယူဆွတ်ဟာ သူချစ်နေတဲ့ တခြားမိန်းကလေးတစ်ယောက် ရှိတယ်တဲ့။ ဒီတစ်ခါတော့ ဒါလောက်ပဲ နော် မာမီ။

ချစ်သမီး ဂျူလီယာ

❐

ဂျင်နီဖာထံမှ မိခင်ဖြစ်သူ ဂျူန်ထံသို့ ရေးလိုက်သောစာ။

ဟဲလို မာမီ...

ဒီကျောင်းကို တကယ်ရောက်တော့ သမီး ထင်သလို မဆိုးပါဘူး မာမီ။ မျှော်လင့်တာထက်တောင် ပိုကောင်းနေပါတယ်။ ရာသီဥတု အခြေအနေကလည်း ဒီမှာ သာယာပါတယ်။ သမီးတို့ မနေ့က စာစီစာကုံးတစ်ပုဒ် ရေးရတယ်။ နောက်တစ်ပတ်ကျရင်လည်း စာစီစာကုံး



ရေးရဦးမယ်တဲ့။ သြော်...ဒါထက် သမီး တင်းနစ်ရိုက်တဲ့ ရက်ကက် တစ်ခု အသစ်ဝယ်ရရင် ကောင်းမလား မသိဘူး။ အခု သမီးရဲ့ ရက်ကက်နည်းနည်းကောက်ကွေးနေတယ်။ ဒီကျောင်းမှာ နိုင်ငံခြားဘာသာမျိုးစုံ သင်ရတဲ့အတွက် သမီးက ဂရိတ်(ခေါ်မ) ဘာသာသင်ရရင် ကောင်းမလားလို့ စဉ်းစားမိတယ်။ သမီးက နိုင်ငံခြားဘာသာတွေ ဝါသနာပါတယ်လေ။ နောက်တစ်ပတ်ကျရင် သမီးတို့ ဘဲလေးကပွဲ ကြည့်ရမယ်။ အစားအသောက်ကတော့ မဆိုးပါဘူး။ မနေ့က ကြက်သားစားရတယ်။ ဒါပဲနော် မာမီ။ မာမီတို့အိမ် နောက်ထပ် ဖောက်ထွင်းခံရသေးလား။

အချစ်များစွာဖြင့်
သမီး ဂျင်နီဖာ

❐

ကျောင်းသူမာဂရက်ထံမှ မိခင်ထံသို့ ရေးလိုက်သည့်စာ။

(မာဂရက်သည် ကျောင်းသူများကို ကြီးကြပ်ကွပ်ကဲရသော ပရီးဖက်ခေါ် ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။)

မာမီရှင့်...

သမီးမာဂရက် စာရေးလိုက်ပါတယ်။ ရေးစရာသတင်းကတော့ သိပ်များများမရှိပါဘူး။ ဒီကျောင်းမှာ ပြောနေကြတဲ့ ကောလာဟလသတင်းတစ်ခုက ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့က အငြိမ်းစားယူတော့မယ်တဲ့။ သူသွားရင် ဆရာမကြီး မစ္စဗန်ဆီတတ်ဆိုတာက ကျောင်းအုပ်ဖြစ်လိမ့်မယ်လို့ ဆိုတယ်။ ဒါပေမဲ့ သမီးတော့ ဟုတ်မယ်မထင်ဘူး။ ဒီသတင်းဖြစ်နေတာ တစ်နှစ်ကျော်သွားပြီ၊ ယခုအချိန်အထိ မမှန်ဘူး။ ဆရာမ မစ္စချက်ဒစ်ကတော့ သမီးတို့ကို ဒီလို အတင်းအဖျင်းစကားတွေ ဂရုစိုက် နားမထောင်ဖို့ သတိပေးပါတယ်။ အင်္ဂါနေ့ညက သမီးတို့ ဘဲလေးကပွဲသွားကြရတယ်။

ဆွီဒင်နိုင်ငံက ကျောင်းသူ အင်းဂရစ်က သူတို့နိုင်ငံက မင်းဆွေမင်းမျိုး မင်းသမီးတစ်ဦး ဖြစ်တယ်လို့ ဆိုတယ်။ သူက သဘောကောင်းပါတယ်။ ဒီမှာရောက်နေတဲ့ ဂျာမန်မိန်းကလေးနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အင်္ဂလိပ်လို ကောင်းကောင်းတတ်ကြတယ်။ အားကစားဆရာမ မစ္စစပရင်လာက နည်းနည်းကြမ်းတယ်။ သူ့ကို ကျောင်းသူတွေက သဘောမကျဘူး။ ဒါပေမဲ့ တင်းနစ်ရိုက်တာ သင်ပေးတာတော့ ဆရာမက သိပ်ကောင်းတယ်။ ကျောင်းသူထဲက ဂျင်နီဖာဆိုတာ တင်းနစ်ရိုက် သိပ်ကောင်းတယ်။ သူက ဂျူလီယာဆိုတဲ့ကျောင်းသူနဲ့ အလွန်ခင်ပြီး တည့်နေတယ်။ မာမီက ၂၀ ရက်နေ့ကျရင် သမီးဆီလာခဲ့မယ် မဟုတ်လား။

မာဂရက်

❒

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့၏ အတွင်းရေးမှူး အယ်နီထံမှ ဒင်းနစ်အမည်ရှိ လူငယ်တစ်ဦးထံသို့ ရေးလိုက်သောစာ။

ဒင်းနစ်

အခု ဒီကျောင်းမှာ စာသင်နှစ်စကာစမို့ သိပ်အလုပ်များနေပါတယ်။ ကျွန်မအနေနဲ့ အပြင်ဘက် ထွက်ဖို့ အားလပ်ခွင့်လည်း မရဘူး။ ရက်သတ္တသုံးပတ်လောက်ကြာမှပဲ ခွင့်ရလိမ့်မယ်။ ကျွန်မက ရှင်နဲ့အတူ ချိန်းပြီး ညစာထွက်စားချင်ပါတယ်။ ဖြစ်ရင်လည်း စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့ချိန်းမှ ဖြစ်မယ်။ ကျွန်မ အပြင်ဘက် ထွက်ခွင့်ရမယ်ဆိုရင် ရှင့်ကို ကြိုတင်အကြောင်းကြားလိုက်မယ်။ စာသင်ကျောင်းမှာ အလုပ်လာလုပ်ရတာ သိပ်မဆိုးပါဘူး။ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ ကျွန်မက စာသင်ကြားရတဲ့ ဆရာမတစ်ယောက်မဟုတ်တာပဲ ကောင်းတယ်။ စာသင်ရတဲ့ဆရာမသာ လုပ်ရရင် ကျွန်မတော့ ရူးသွားမယ် ထင်တာပဲ။

တော်သေးပြီ

ရှင့်ရဲ့
**အယ်နီ**

❒

အဆောင်မှူး ဆရာမ မစ္စရွှန်ဆင်ထံမှ သူ၏ ညီမ အီဒစ်ထံသို့ ရေးလိုက်သည့်စာ။



**ညီမလေးအီဒစ်**

ကျောင်းမှာ အခြေအနေ ခါတိုင်းလိုပါပဲ။ အခုလို ကျောင်းဖွင့်ကာစနွေဦးရာသီမှာ သာယာကြည်နူးဖို့လည်း ကောင်းပါတယ်။ ကျောင်းရဲ့ ဥယျာဉ်ကို ထိန်းသိမ်းပြုပြင်တဲ့ ဥယျာဉ်မှူးအဘိုးကြီးဘရစ်ကို ကူညီဖို့ လူငယ်ဥယျာဉ်အလုပ်သမားသစ်တစ်ယောက်လည်း ရောက်နေတယ်ကွဲ့။ ဒီလူက လူငယ်ဆိုတော့ ကျန်းမာသန်စွမ်းပြီး ရုပ်ရည်ကလည်း အတော်ချောမောသူ ဖြစ်တယ်။ အဲဒီအချက်က ပြဿနာဖြစ်လာနိုင်တယ်။ ညီမလေးသိတဲ့အတိုင်း ကျောင်းက ကျောင်းသူမိန်းကလေးတွေက အရွယ်ရောက်ကာစ အပျိုဖြန်းကလေးတွေဆိုတော့ ပြဿနာဖြစ်နိုင်တယ် မဟုတ်လား။

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစတရို့က အငြိမ်စားယူမယ်ဆိုတာ ပြောသံ သိပ်မကြားရတော့ဘူး။ ဒါပဲ ကောင်းပါတယ်လေ။

ရွှင်လန်းပါစေ
**မစ္စရွှန်ဆင်**

❒

ပြင်သစ်ဘာသာသင်တန်းဆရာမ မစ္စဘလန့်ချ်ထံမှ ပြင်သစ်ပြည် ဘောဒိုမြို့နေ ဒုပွန်းဆိုသူထံသို့ ရေးလိုက်သောစာ။

“ဒီမှာ အခြေအနေအားလုံး အဆင်ပြေနေပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ ပျော်ရွှင်နေတယ်လို့တော့ မဆိုနိုင်ဘူး။ ကျောင်းသူမိန်းကလေးတွေက စည်းကမ်းကို တယ်ပြီး မရှိသေကြဘူး။ ဆရာမတွေကိုလည်း လေးစားမှုနည်းတယ်။ ကျွန်မကတော့ သည်းခံပြီးနေပါတယ်။ ကျောင်းသူမိန်းကလေးတွေနဲ့ ပတ်သက်ပြီး ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့ကိုလည်း ကျွန်မက တိုင်တောတာမျိုး မလုပ်ပါဘူး။ ဆရာမကြီးက တစ်မျိုးပဲရှင့်။

လောလောဆယ်တော့ ဒီကျောင်းမှာ ရှင့်ကို ပြောစရာ ထူးထူးထွေထွေ ဘာသတင်းမှ မရှိသေးဘူးရှင့်။ ဒါပဲနော်”

❒

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ဆရာမကြီး မစ္စဗာဆီတတ်ထံမှ မိတ်ဆွေဖြစ်သူအမျိုးသမီး ဂလိုရီဖာထံသို့ ရေးလိုက်သောစာ။

"နွေရာသီ စာသင်နှစ် စတင်ဖွင့်လှစ်ချိန်မှာ အားလုံး အဆင်ပြေချောမွေ့နေပါတယ်။ ဒီနှစ်ဝင်လာတဲ့ ကျောင်းသူအသစ်တွေကလည်း ကျေနပ်ဖို့ ကောင်းပါတယ်။ နိုင်ငံခြားအမျိုးသမီး ကျောင်းသူကလေးတွေဆိုရင် အခု အတော်ကလေး အခြေကျနေကြပါပြီ။ အရှေ့အလယ်ပိုင်းဒေသ အာရပ်စော်ဘွားနယ်တစ်ခုက မင်းသမီးကလေးဆိုတဲ့ ကျောင်းသူကတော့ ကျောင်းစည်းကမ်း တင်းကျပ်တာကို သဘောကျပုံ မရဘူး။ ဒါကလည်း သူ့အဖို့ တဖြည်းဖြည်း ကျင့်သားရသွားမှာပါ။ မင်းသမီးကလေးက ချစ်ဖို့ကောင်းပါတယ်။ အားကစားဆရာမအသစ် မစ္စစပရင်လာဆိုတာကတော့ တယ်ပြီး မအောင်မြင်ဘူးလို့ ဆိုရမလိုဖြစ်နေတယ်။ သူက ဆက်ဆံရေးလည်း တင်းကျပ် ပြင်းထန်တော့ ကျောင်းသူမိန်းကလေးတွေက သူ့ကို သဘောမကျဘူး။ တကယ်တော့ ဒီကျောင်းက သာမန်ကျောင်းတစ်ကျောင်း မဟုတ်တဲ့အတွက် အားကစားနဲ့ ကာယပညာ လေ့ကျင့်မှုကို ဒါလောက်ကြီး ဦးစားပေးဖို့ မလိုပါဘူး။

ပြင်သစ်ဘာသာသင်တဲ့ ဆရာမအသစ် မစ္စဘလန့်ချ်က မဆိုးပါဘူး။ သို့သော်လည်း အရင်ဆရာမ မစ္စဒုပိုင်ကိုတော့ မမီဘူးလို့ ဆိုရမယ်။

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့က ရှေ့အနာဂတ်ရေးနဲ့ ပတ်သက်လို့ ဘာမှ မပြောသေးဘူး။ ဒါပေမဲ့ စိတ်ထဲမှာတော့ ဆုံးဖြတ်ပြီးသားနဲ့ တူပါတယ်။

ဘာပဲဖြစ်ဖြစ် မဲဒိုးဘင်းကျောင်းဟာ တကယ်ဂုဏ်ယူ ကြွားဝင့်စရာကောင်းပါတယ်။ ကျွန်မအနေနဲ့ ကျောင်းရဲ့ အစဉ်အလာကောင်းကို ဆက်ပြီး ထိန်းသိမ်းဖို့လည်း ရည်ရွယ်ထားပါတယ်။ တော်သေးပြီ"

❐

ဗိုလ်မှူးကြီး ပိုက်ဝေးထံသို့ သူ၏ လူယုံတော် ရော်နီ (သို့မဟုတ်) ဥယျာဉ်အလုပ်သမား အာဒမ်ဆိုသူထံမှ ပေးပို့လိုက်သောစာ။

"အခြေအနေကို သတင်းပို့ အစီရင်ခံလိုက်ပါတယ်။



ကျွန်တော့်ကို တာဝန်ပေးလိုက်တဲ့ အာရပ်မင်းသမီးကလေးကို အထူးဂရုစိုက်ကြည့်နေပါတယ်။ ကျောင်းကို ရောက်လာတဲ့ နေ့ကဆိုရင် မင်းသမီးလေးဟာ ကက်ဒီလက်အမျိုးအစား အဖိုးတန် မော်တော်ကားကြီးနဲ့ ရောက်လာတယ်။ ဝတ်စားထားပုံကလည်း သူတို့နိုင်ငံက တိုင်းရင်းသားဝတ်စုံကို ဝတ်ထားပါတယ်။ နောက်တစ်နေ့ ကျောင်းဝတ်စုံ ယူနီဖောင်းလဲဝတ်လိုက်တော့မှ ကျွန်တော်ဖြင့် ရုတ်တရက် မမှတ်မိအောင် ပြောင်းလဲသွားပါတယ်။ ကျွန်တော့်တာဝန်အရ သူနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ဖို့က ခက်ခဲစရာရှိမယ် မထင်ပါဘူး။ တစ်နေ့ကပဲ မင်းသမီးလေးဟာ ပန်းခြံထဲ ဆင်းလာပြီး ကျွန်တော့်ကို ပန်းတွေရဲ့အမည်တွေ၊ အမျိုးအစားတွေ အကြောင်း လာမေးပါတယ်။ သို့သော်လည်း ဆံပင်နီနီနဲ့ ဆရာမတစ်ယောက်က ရောက်လာပြီး သူ့ကို မြင်လို့ ပြန်ခေါ်သွားလို့ စကားကြာကြာမပြောလိုက်ရဘူး။ မင်းသမီးလေးကို ကြည့်ရတာ ကျွန်တော်နဲ့ ဆက်ပြီး စကားပြောချင်ပုံရပါတယ်။ ကျွန်တော် နားလည်ထားတာက အရှေ့တိုင်းက မိန်းကလေးများဟာ အလွန် ရှက်ကြောက်တတ်တယ်လို့ သိရတယ်။ အခု မင်းသမီးလေးကတော့ ဆွစ်ဇာလန်နိုင်ငံမှာ ကျောင်းနေခဲ့ဖူးလို့လား မပြောတတ်ဘူး၊ အတော် ခေတ်ဆန်ဆန်နေတယ်။ ရဲတင်းပွင့်လင်းပုံလည်း ရတယ်။

ဆံပင်နီနီနဲ့ ဆရာမဆိုတာက အားကစားနဲ့ ကာယပညာဆရာမ မစ္စစပရင်လာဆိုသူ ဖြစ်ပါတယ်။ သူက နောက်တစ်ခေါက် ကျွန်တော့်ဆီကို လာပြီး ဥယျာဉ်အလုပ်သမားတွေဟာ ကျောင်းသူတွေနဲ့ စကားမပြောရဘူးလို့ ခပ်တည်တည်ပြောတယ်။ ကျွန်တော်ကလည်း လူသစ်တစ်ယောက်အနေနဲ့ မသိချင်ဟန်ဆောင်ပြီး တောင်းပန်လိုက်ပါတယ်။ မင်းသမီးလေးက သူမသိတဲ့ ပန်းနာမည် အမျိုးအစားအကြောင်း လာမေးတာပါပဲလို့လည်း ပြောလိုက်တာနဲ့ ဆရာမလည်း ကျေနပ်သွားပုံရတယ်။

ကျွန်တော်က ဒီမှာ တတ်နိုင်သလောက် လူတွေနဲ့ ရင်းနှီးအောင် ကြိုးစားနေပါတယ်။ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့ရဲ့ အတွင်းရေးမှူး မိန်းကလေးနဲ့ ရင်းနှီးအောင် ကြိုးစားနေတာ အခုအထိတော့ သိပ်ပြီး မအောင်မြင်သေးဘူး။ ပြင်သစ်ဘာသာသင်တဲ့ ဆရာမကတော့ ပေါင်းသင်းရလွယ်ကူပါတယ်။ ဒီဆရာမတာအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မိန်းကလေးသုံးယောက်နဲ့လည်း ခင်မင်ရင်းနှီးနေပြီ ဖြစ်ပါတယ်။ သူတို့နာမည်တွေကတော့ မေရီ၊ ပင်မလာနဲ့ လျှိုင်းဖြစ်ပါတယ်။ သူတို့က အထက်တန်းလွှာ သားသမီးများ ဖြစ်ပုံရပါတယ်။

မျက်နှာပေါက်ဆိုးဆိုးနဲ့ မစ္စချက်ဒစ်ဆိုတဲ့ ဆရာမကြီးတစ်ယောက်က ကျွန်တော့်ကို အကဲခတ်ကြည့်နေပုံရတယ်။ ဒါကြောင့် ကျွန်တော်လည်း ကျောင်းသူမိန်းကလေးတွေနဲ့ ဆက်ဆံရာမှာ အထူးသတိထားနေရပါတယ်။

ကျွန်တော့်အထက်က တာဝန်ခံ ဥယျာဉ်မှူးက ဘရစ်ဆိုတဲ့ အဘိုးကြီးတစ်ဦး ဖြစ်ပါတယ်။ သူကတော့ မဆိုးပါဘူး။ ကျောင်းအုပ်ဆရာမကြီးကိုလည်း အထူးလေးစားသူ ဖြစ်ပါတယ်။

ကျွန်တော့်စိတ်ထဲမှာ ဆရာမကြီးက တစ်ခါတစ်ခါ ကြည့်နေပုံက ကျွန်တော် ဘာကောင်ဆိုတဲ့ အမှန်အတိုင်း သိနေသလို စိတ်ထဲက ထင်မိတယ်။ သို့သော်လည်း အခုအချိန်အထိတော့ ဘာမှ မဖြစ်သေးပါဘူး။

လောကောဆယ်တော့ စိုးရိမ်စရာ သံသယဖြစ်စရာ ဘာမှ မတွေ့ရသေးပါဘူး။ အကြောင်းထူးရင် သတင်းပို့လိုက်ပါမယ်။ ဒါပါပဲ"

❑ ❑ ❑

၆

မဲဒီးဘင်းကျောင်း၏ ဆရာမများ သီးသန့်အခန်းသည် ဆရာမများ အပန်းဖြေ အနားယူရာဖြစ်သည့်ပြင် အချင်းချင်း အာလာပသလ္လာပ စကားပြောရာ၊ သတင်းများ ဖလှယ်ပြောဆိုရာ နေရာလည်း ဖြစ်ပေသည်။ ဆရာမများသည် ကျောင်းနှင့် ပတ်သက်သည့်ကိစ္စများကိုလည်း ဆွေးနွေးလေ့ ရှိကြသည်။ ဥပမာ ယခုနှစ်မှ အသစ်တည်ဆောက်သော အားကစားရုံသစ်နှင့် ပတ်သက်၍ ကောင်းပါသည်ဟု ချီးကျူးသူရှိသလို ဝေဖန်ပြောဆိုသူလည်း ရှိပေသည်။



ကျောင်းသူအသစ်များအကြောင်းကိုလည်း ဆရာမအချင်းချင်း ဝေဖန်သုံးသပ် ပြောဆိုလေ့ ရှိကြပါသည်။ ယခု စာသင်နှစ်တွင် ရောက်ရှိလာသည့် ကျောင်းသူသစ်များအပေါ် ဝေဖန်သုံးသပ်ကြရာတွင် ယေဘုယျအားဖြင့် ကျေနပ်ဖွယ်ရှိသည်ဟု ကောက်ချက်ချကြလေသည်။

ထို့ပြင် ဆရာမများသည် ကျောင်းသို့ ယခုနှစ်မှ ရောက်လာသည့် ဆရာမအသစ်များအကြောင်းကိုလည်း ဆွေးနွေး တင်ပြ ပြောဆိုတတ်ကြလေသည်။

ပြင်သစ်ဘာသာ သင်ကြားပို့ချသူ ဆရာမ မစ္စဘလန့်ချ်သည် အင်္ဂလန်နိုင်ငံသို့ ရောက်ဖူးပါသလော။ သူမ၏ ဇာတိနေရပ်က ပြင်သစ်ပြည် မည်သည့်ဒေသက ဖြစ်ပါသနည်း။

ယင်းသို့ မေးခွန်းမျိုးကို အခြားဆရာမများက မေးတတ်လေရာ၊ မစ္စဘလန့်ချ်ကလည်း ရည်မွန်စွာဖြင့် ပြန်ဖြေတတ်လေသည်။

အားကစားဆရာမဖြစ်သူ မစ္စစပရင်လာကမူ စိတ်ဓာတ်ခိုင်မာ ပြင်းထန်သော အမျိုးသမီးတစ်ဦး ဖြစ်သည်။ စကားပြောလျှင် အားမနာတတ်ဘဲ ခပ်ပြတ်ပြတ် ပြန်ပြောလေ့ ရှိသည်။ သူ၏ အယူအဆ သဘောထားများကို ပွင့်လင်းစွာ ပြောဆိုတတ်သူလည်း ဖြစ်သည်။

တစ်ခါသော် အဆောင်မှူးဆရာမ မစ္စဂျွန်ဆင်က မစ္စစပရင်လာအား–

"ဆရာမရဲ့ အယူအဆ သဘောထားတွေက ပြင်းထန်လွန်းတော့ ဘခြားလူတွေက လက်ခံနိုင်ပါ့မလား" ဟု မေးဖူးရာ မစ္စစပရင်လာကလည်း ပြတ်ပြတ်သားသားပင် ပြန်ပြောလေသည်။

"ဒါကတော့ လူတွေရဲ့သဘာဝပါပဲ။ ခက်တာက လူအများစုဟာ သတ္တိမရှိတဲ့လူတွေ ဖြစ်နေတယ်။ အမှန်တရားကို ရင်ဆိုင်ဝံ့တဲ့ သတ္တိမရှိကြဘူး။ ဒါကြောင့်လည်း အဲဒီလူမျိုးဟာ ကိုယ့်မျက်စိအောက်မှာ အမြင်မတော်တာကို တွေ့နေလျက်သားနဲ့ ပြဿနာကို ရင်မဆိုင်ချင်လို့ မမြင်ချင်ဟန်ဆောင်နေတတ်တယ်။ ကျွန်မကတော့ ဒီလိုမဟုတ်ဘူးရှင့်၊ ဘာမဆို ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်တာပဲ။ ဒါကြောင့်လည်း ကျွန်မက မကြာခဏ မလိုအပ်တဲ့ ပြဿနာတွေကို ဖော်ထုတ် ရှင်းလင်းနိုင်ခဲ့တာပေါ့။ ဥပမာ လူတစ်ယောက်အကြောင်း တီးတိုး သားပုပ်လေလွင့်ပြောတာမျိုးဆိုရင် ကျွန်မက ငြိမ်မနေဘဲ အကြောင်းရင်း ဇာစ်မြစ်ကို မရ ရအောင် လိုက်ပြီး ဖော်ထုတ်လိုက်ခြင်းအားဖြင့် တကယ့်အဖြစ်မှန်ဟာ ပေါ်လာတယ်။ တီးတိုးပြောတာတွေလည်း ပျောက်သွားတယ်။ ကျွန်မက လူအတော်များများရဲ့ အကြောင်းကို သိခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မ သိထားတာတွေ အားလုံးကို ပြောရရင် ဆရာမတို့ အလွန် အံ့သြသွားမှာပဲ"

"ဟုတ်လား၊ ဆရာမကတော့ ဒီလိုလိုက်စုံစမ်း ဖော်ထုတ်ရတဲ့ အတွေ့အကြုံကို ကျေနပ်သဘောကျမိမှာပေါ့နော်"

ပြင်သစ်ဘာသာ ဆရာမ မစ္စဘာလန့်ချ်က ပြောလိုက်ရာ မစ္စစပရင်လာက ခေါင်းခါပြလိုက်သည်။

"ကျေနပ်တယ်ရယ်လို့ မဟုတ်ပါဘူး၊ ကျွန်မက တာဝန်ဝတ္တရားရှိတဲ့ သဘောနဲ့ လုပ်တာပါ။ ဒါထက် ဒီကျောင်းက ဆရာမတွေထဲကတော့ ကိုယ့်ဘဝမှာ လျှို့ဝှက် ဖုံးဖိစရာရှိတဲ့ လူတစ်ယောက်မှ မရှိဘူးလို့ မျှော်လင့်ပါတယ်" .

သူမက ဤသို့ပြောလိုက်လျှင် ကျန်ဆရာမများက မည်သို့မှ ပြန်မပြောကြဘဲ ဆိတ်ဆိတ်နေလိုက်ကြသည်။

❐

"ဆရာမကြီးရှင့်၊ ကျွန်မ ဆရာမကြီးနဲ့ ခဏစကားပြောခွင့်ပြုပါ"

အဆောင်မှူး မစ္စဂျွန်ဆင်က ရုံးခန်းတွင်းသို့ ဝင်လာပြီး ပြောလေရာ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့သည် စာရေးနေရာမှ မော်ကြည့်လိုက်သည်။

"ပြောနိုင်ပါတယ် မစ္စဂျွန်ဆင်။ ဘာများပြောစရာရှိလို့လဲ"

"တခြားမဟုတ်ပါဘူး၊ ရှာအီစတာ ဆိုတဲ့ အာရပ်လူမျိုးကျောင်းသူ အသစ်အကြောင်း ပြောမလို့ပါပဲ"

"ဟုတ်လား၊ ရှာအီစတာက ဘာဖြစ်လို့လဲ"

"ဒီလိုပါဆရာမကြီး၊ ရှာအီစတာနဲ့ ဝတ်ပုံစားပုံနဲ့ ပတ်သက်လို့ ပြောချင်တယ်။ သူက အတွင်းခံဘရာစီယာ ဝတ်ထားတာက အခြားမိန်းကလေးတွေလို မဟုတ်ဘဲ ရင်သားအတုသဘောမျိုး ဖန်တီးထားတဲ့ ဘရာစီယာမျိုး ဖြစ်နေပါတယ်။ အဲဒီ ဘရာစီယာဝတ်ထားလိုက်တော့ ရှာအီစတာရဲ့ ကိုယ်လုံးကိုယ်ပေါက်ဟန်က ကျောင်းသူမိန်းကလေးတစ်ယောက်နဲ့ မတူတော့ဘူး။ ဒါကြောင့် ကျွန်မက မသင့်တော်ဘူးလို့ ထင်ပါတယ် ဆရာမကြီး"

"ဟုတ်လား၊ ဒါဖြင့် ကျုပ်ကိုယ်တိုင် လိုက်ကြည့်ဦးမှပဲ"

ဆရာမကြီးက ပြောလိုက်ပြီးနောက် အဆောင်မှူး မစ္စဂျွန်ဆင်နှင့် အတူ ရှာအီစတာ၏ အတွင်းခံဘရာစီယာကို သွားရောက်စစ်ဆေးကြည့်လေသည်။



"အဲဒါပဲ ကြည့်ပါတော့ ဆရာမကြီး။ ဒီကျောင်းက ကျောင်းသူ မိန်းကလေးတစ်ယောက်အနေနဲ့ ဒါမျိုး မဝတ်သင့်ပါဘူး"

မစ္စဂျွန်ဆင်က ပြောလိုက်ရာ ရှာအီစတာသည် မကျေမနပ်ဟန်ဖြင့် ဆရာမကြီးအား ရှင်းပြလေသည်။

"ဆရာမကြီးရှင့်၊ ကျွန်မက ဒါကို ဝတ်ထားတာ မိန်းကလေးတစ်ယောက်ရဲ့အလှကို ပိုပြီး ပေါ်လွင်စေအောင် ဝတ်တာပါ။ ဒါမှလည်း ကျွန်မရဲ့ ကိုယ်လုံးက အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက်နဲ့ တူလာမယ် မဟုတ်ပါလား"

ဤတွင် အဆောင်မှူး မစ္စဂျွန်ဆင်က ဝင်၍ "မင်းက အခုမှ အသက် ဆယ့်ငါးနှစ် ရှိသေးတယ် မဟုတ်လား၊ အရွယ်မှမရောက်သေးဘဲနဲ့" ဟု ပြောလိုက်သည်။

"ဆယ့်ငါးနှစ်ဆိုတာ အရွယ်ရောက်ပြီပေါ့ရှင့်၊ ဟုတ်တယ် မဟုတ်လား ဆရာမကြီး"

ရှာအီစတာက ပြန်ပြောရာ ဆရာမကြီး မစ္စဘားစထရို့က လေသံအေးအေးဖြင့် ရှင်းပြလေသည်။

"ဒီလိုရှိတယ်ကွဲ့ ရှာအီစတာ၊ ဒီကျောင်းက မိန်းကလေးအများစုဟာ အင်္ဂလိပ်လူမျိုးတွေ ဖြစ်ကြတယ်။ အင်္ဂလိပ်လူမျိုးဆိုတာ အသက်ဆယ့်ငါးနှစ်ဆိုရင် အရွယ်ရောက်ပြီလို့ မဆိုနိုင်သေးဘူး။ နောက် ဒီကျောင်းမှာက ဘို့အနေနဲ့ ကျောင်းသူမိန်းကလေးတွေကို အရွယ်ရောက်ပြီးသူတွေလို ဝတ်စားဆင်ယင်တာတို့ အလှပြင်တာတို့ကို မလုပ်စေချင်ဘူး။ ဒီတော့ မင်းက ဘရာစီယာ ဝတ်ချင်တယ်ဆိုရင် အပြင်ဘက် ညည့်ခံပွဲ ပါတီတို့ ဘာတို့ သွားတဲ့အခါ ဝတ်ပေါ့။ ကျောင်းအားရက်မှာ လန်ဒန်မြို့ကိုသွားတဲ့အခါမျိုးကျရင်လည်း ဝတ်ပေါ့။ ဒါပေမဲ့ ကျောင်းမှာရှိနေရင် နေ့စဉ် မဝတ်ပါနဲ့။ ကျောင်းမှာက အားကစား လှုပ်ရှားမှုတွေလည်း လုပ်ရတော့ ခန္ဓာကိုယ်က လွှတ်လွှတ်လပ်လပ်ရှိဖို့ လိုတယ်ကွဲ့"

"အားကစားလေ့ကျင့်ခန်းတွေ လုပ်ရတာ များလွန်းလှတယ်။ သိပ်ပြီးလည်း ပင်ပန်းပါတယ်။ ဆရာမ မစ္စစပရင်လာကိုလည်း ကျွန်မ သဘောမကျဘူး။ သူက တစ်ချိန်လုံး ပြေးလွှားခိုင်း၊ လေ့ကျင့်ခန်းတွေ တရကြမ်းလုပ်ခိုင်းတယ်"

"ဒီမယ် ရှာအီစတာ မင်း ဘာမှ ဆက်ပြောမနေနဲ့တော့။ မင်းအဖေမိသားစုက မင်းကို ဒီကျောင်းကို ပို့လိုက်တာဟာ မင်းကို အင်္ဂလိပ်မိန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ခလေ့ထုံးစံတွေ နားလည်လာအောင် ပို့လိုက်ခြင်းဖြစ်တယ်။ အားကစားလေ့ကျင့်ခန်းတွေ လုပ်ရတာလည်း မင်းရဲ့ကျန်းမာရေးကောင်းဖို့ မင်းရဲ့ ခန္ဓာထွားကျိုင်းလာဖို့အတွက် ဖြစ်တယ်။ ငါတော့ ဒါပဲ ပြောချင်တယ်"

ဤသို့ ခပ်ပြတ်ပြတ် ပြောလိုက်ပြီးနောက် ဆရာမကြီးသည် အဆောင်မှူး မစ္စဂျွန်ဆင်ကို ခေါ်၍ ပြန်ထွက်သွားလေသည်။

ရုံးခန်းထဲသို့ ပြန်ရောက်ပြီးမှ ဆရာမကြီးသည် မစ္စဂျွန်ဆင်အား ပြုး၍ ရှင်းပြလေသည်။

"ဒီလိုလည်း ရှိတယ် ဆရာမ။ ရှာအီစတာက ကျုပ်တို့အင်္ဂလန်ပြည်က မိန်းကလေးတွေလို မဟုတ်ဘူး။ သူတို့ တိုင်းပြည်တွေမှာဆိုရင် အသက်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးများဟာ အရွယ်ရောက်ပြီလို့ ယူဆကြရုံမက အိမ်ထောင်ပြုလေ့ ရှိကြတယ်။ ရှာအီစတာကိုယ်တိုင်က သူ့ကိုယ်သူ အရွယ်ရောက်ပြီးတဲ့ မိန်းကလေးတစ်ယောက်လို့ ယူဆနေတယ်။ တစ်နည်းအားဖြင့် သူဟာ တကယ်အရွယ်ရောက်နေပြီ ဖြစ်တယ်။ ဒါကြောင့် သူ့ကို ဆရာမတို့က ဂျူလီယာလို အင်္ဂလိပ်မိန်းကလေးကျောင်းသူတစ်ယောက်လို နေဖို့ မျှော်လင့်လို့ မရဘူး"

"ကျွန်မတော့ မိန်းကလေးအားလုံးကို ဂျူလီယာလိုပဲ ရိုးရိုးသားသား ဖြစ်စေချင်ပါတယ်"

မစ္စဂျွန်ဆင်က ပြန်ပြောရာ ဆရာမကြီးက ခေါင်းခါလိုက်ပြန်သည်။

"ဒီလိုလည်း သဘောမထားပါနဲ့လေ။ ကျောင်းသူမိန်းကလေးတွေအားလုံးက ရိုးရိုးအေးအေးတွေပဲ ဖြစ်နေရင် ဒီကျောင်းက ပျင်းစရာ ငြီးငွေ့စရာကြီး ဖြစ်နေမှာပေါ့"

ဆရာမကြီးက ဤသို့ ပြောလိုက်ခြင်းမှာ အဓိပ္ပာယ်ရှိလေသည်။ မဲဒိုးဘင်းကဲ့သို့ ထိပ်တန်းကျောင်းတစ်ကျောင်းသည် ပျင်းရိငြီးငွေ့ဖွယ်ရာမဖြစ်သင့်ဟု သူမက ယူဆထားပေသည်။

ဤကျောင်းကို သူမက စတင်တည်ထောင် ဖွင့်လှစ်ခဲ့ချိန်ကစ၍ ပျင်းရိငြီးငွေ့ဖွယ်မရှိ။ အလွန် စိတ်ဝင်စားစရာကောင်းခဲ့ပေသည်။

ဆရာမကြီး မစ္စဘားစထရို့သည် ကျောင်းအခြေအနေကို အလွန်ကျေနပ်သဘောကျမိလေသည်။ သို့သော် များမကြာမီ သူမသည် အငြိမ်းစားယူတော့မည် ဖြစ်လေသည်။ အချိန်တန်၍ အငြိမ်းစားယူတော့မည့် သဘောဖြစ်သည်။ ကျောင်းအပေါ်တွင်မူ သူမသည် အလွန်သဘောကျမိလေသည်။



အဆောင်မှူး မစ္စဂျွန်ဆင်အား ပြန်လွှတ်လိုက်ပြီးနောက် ဆရာမကြီးသည် အတွင်းရေးမှူး စာရေးမအယ်နီအား ခေါ်ယူ၍ ရေးစရာရှိသော စာများကို ရေးလေတော့သည်။

သူမက ပါးစပ်က ပြောသည်ကို အယ်နီက လက်ရေးတိုဖြင့် လိုက်ရေး မှတ်ရလေသည်။ စာတွေအားလုံး ရေးမှတ်ပြီးမှ လက်နှိပ်စက်ဖြင့် အချောရိုက်ပြီး ဆရာမကြီးက လက်မှတ်ရေးထိုးမည် ဖြစ်သည်။

စာတွေအားလုံး ရေးပြီးသောအခါ ဆရာမကြီးက...

"ကျောင်းသူမိဘတွေဆီ စာရေးရတာ ပျင်းစရာအကောင်းသားပဲကွဲ့။ ခက်တာက စာရေးတော့လည်း တို့အနေနဲ့ မိဘတွေ စိတ်ချမ်းသာအောင် ကြံဖန်ပြီး ရေးရတယ်" ဟု ပြောလိုက်ရာ အယ်နီက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ထိုအခါ ဆရာမကြီးကပင် ဆက်၍ "ဒါထက် အယ်နီ။ ညည်းက ဘာကြောင့် အခုလို အတွင်းရေးမှူးအလုပ်ကို လုပ်ချင်တာလဲ" ဟု မေးလိုက်ပြန်သည်။

"ဘာကြောင့်ရယ်လို့ မပြောတတ်ဘူး ဆရာမကြီး။ ကျွန်မက တခြားအလုပ်လည်း မလုပ်တတ်ဘဲ လက်ရေးတိုနဲ့ လက်နှိပ်စက်ပဲ တတ်တာနဲ့ ဝင်လုပ်တာပါပဲ"

"ဒီအလုပ် လုပ်ရတာ ငြီးငွေ့စရာမကောင်းဘူးလား"

"မငြီးငွေ့ပါဘူး။ ဒီတော့ ကျွန်မ ကံကောင်းတယ်လို့ ဆိုရပါမယ်။ ဒီမှာ အလုပ်ဝင်မလုပ်ခင်က ကျွန်မ တခြားမှာ အလုပ်ဝင်လုပ်ဖူးပါတယ်။ ရှေ့ဟောင်း သုတေသနဆရာကြီး အာမာဝင်ဆီမှာ တစ်နှစ်လောက် အတွင်းရေးမှူး လုပ်ခဲ့ပါတယ်။ ပြီးတော့ ရှဲလ် ရေနံကုမ္ပဏီက ဆာအင်ဒရူးဆီမှာလည်း လုပ်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်မက ပြဇာတ်မင်းသမီး မော်နီကာရဲ့ အတွင်းရေးမှူးလည်း ခဏ ဝင်လုပ်ခဲ့ဖူးပါတယ်။ လုပ်ခဲ့သမျှ အလုပ်တွေအားလုံးက ပျင်းစရာမကောင်းဘဲ စိတ်ဝင်စားဖို့ ကောင်းပါတယ်"

"သြော်...ညည်းက အလုပ်တွေ အတော်များများ ပြောင်းလုပ်ဖူးတာကိုး"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မရဲ့ အခြေအနေကလည်း အလုပ်တစ်ခုမှာ ကြာကြာလုပ်လို့မဖြစ်ပါဘူး။ ကျွန်မမှာ နာတာရှည် လူမမာမိခင်ကြီး ရှိတယ်။ တစ်ခါတစ်ခါ ကျွန်မက ပြန်ပြီး မိခင်ကြီးကို ကြည့်ရပါတယ်"

"သြော်...ဒီလိုလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်မအနေနဲ့က အလုပ်တစ်ခုက ထွက်ပြီး နောက် အလုပ်တစ်မျိုး ပြောင်းလုပ်ရတာကိုပဲ စိတ်ဝင်စားစရာကောင်းတယ်လို့ ထင်မိပါတယ်"

"ဒါထက် ညည်းက ကျောင်းဆရာမ မလုပ်ချင်ဘူးလား"

"မလုပ်ချင်ပါဘူး ဆရာမကြီး၊ စာသင်ရတဲ့ အလုပ်က ငြီးငွေ့စရာ ကောင်းတယ်လို့ ထင်ပါတယ်"

"မဟုတ်ဘူးကွဲ့၊ စာသင်ရတဲ့အလုပ်က လုံးလုံးငြီးငွေ့စရာ မကောင်းဘူးလို့ ထင်တယ်။ ငါဆိုရင် အငြိမ်းစားယူတဲ့အခါ စာသင်ရတဲ့ အလုပ်ကို ပြန်ပြီး သတိရအောက်မေ့နေမိမှာ သေချာတယ်"

"ဟင်...ဆရာမကြီး အငြိမ်းစားယူဖို့ စိတ်ကူးလို့လား"

အယ်နီက အံ့အားသင့်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ အငြိမ်းစားယူဖို့ ဆုံးဖြတ်ပြီးပြီ"

"ဘာဖြစ်လို့လဲ ဆရာမကြီး"

"ငါက ဒီကျောင်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့တာ ငါ့တာဝန် ကျေသွားပြီ"

"ဆရာမကြီး အငြိမ်းစားယူသွားရင် ဒီကျောင်းက အရင်လိုပဲ အစဉ်အလာကောင်းကောင်းနဲ့ ဆက်သွားနိုင်ပါ့မလား"

"ဆက်သွားမှာပေါ့ကွယ်။ ငါ့နေရာကို ဆက်ခံလုပ်ကိုင်မယ့် အကောင်းဆုံး ဆရာမကြီးလည်း ရှိပြီးသားပဲ"

"ဆရာမကြီးရဲ့နေရာကို ဆက်ခံရမှာက ဆရာမမစ္စဗာဆီတတ် ထင်ပါရဲ့"

"သြော်... ညည်းက မစ္စဗာဆီတတ်ကို ချက်ချင်း ပြေးမြင်လိုက်ပြီကိုး။ အင်း... ဒါဟာလည်း စိတ်ဝင်စားစရာပါပဲ"

"ဒီလိုရယ်တော့ မဟုတ်ပါဘူး၊ ကျွန်မက ဆရာမတွေအချင်းချင်း ဆွေးနွေးပြောဆိုနေတာကို နားစွန်နားဖျား ကြားမိတာရယ်၊ ပြီးတော့ မစ္စဗာဆီတတ်ရဲ့ အရည်အချင်းကို သတိပြုမိလို့ အခုလို ထင်ကြေးနဲ့ ပြောတာပါ ဆရာမကြီး"

"ဒါလည်း ဟုတ်တာပဲ။ တကယ်လည်း ဆရာမ မစ္စဗာဆီတတ်ဟာ ငါ့နေရာကို ဆက်ပြီး ထိန်းသိမ်းသွားနိုင်မှာပေါ့နော်"

ဆရာမကြီးက မှတ်ချက်ချသလို ပြောလိုက်ပြီးနောက် စကားပြတ်သွားကြလေသည်။



အယ်နီသည် မှတ်စုစာအုပ်များကို သိမ်းဆည်း၍ အပြင်ထွက်သွားချိန် မစ္စချက်ဒစ် အမည်ရှိ ဆရာမသည် အခန်းတွင်းသို့ ဝင်လာလေသည်။

"သြော်...ဆရာမ လာပါ၊ ထိုင်ပါဦး ဆရာမ၊ အခုလာတာကို ဝမ်းသာပါတယ်"

ဆရာမကြီးက ဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။

"ပြောစရာအကြောင်းထူး ရှိပါသလား ဆရာမကြီး"

"အကြောင်းထူးတော့မရှိပါဘူး၊ အခု စာသင်နှစ်အသစ်စတဲ့ အချိန်မှာ ကျောင်းအခြေအနေက ဘယ်လိုရှိသလဲ"

"ဟုတ်ကဲ့၊ ကျောင်းအခြေအနေက ကောင်းတယ်လို့ ဆိုရပါမယ်"

မစ္စချက်ဒစ်က ပြောလိုက်ပုံမှာ တကယ်မကောင်းဘဲ အားနာ၍ကောင်းသယောင် ပြောပုံမျိုး ဖြစ်နေသည်ကို ဆရာမကြီး မစ္စဘားစထရို့က ချက်ချင်း ရိပ်မိလေသည်။

"ဒီမယ် ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ဆရာမ။ ကျောင်းရဲ့အခြေအနေမှန်က ဘယ်လိုရှိသလဲ။ စိတ်တိုင်းမကျစရာ ဘာများ ရှိသလဲ"

"ကြီးကြီးကျယ်ကျယ်တော့ ဘာမှမရှိပါဘူး၊ ကျောင်းသူမိန်းကလေး အသစ်တွေကလည်း ကောင်းကြပါတယ်။ ကျွန်မအနေနဲ့ ပြောရရင်တော့ ပြင်သစ်ဆရာမ မစ္စဘလန့်(ချ)ကို သိပ်ပြီး သဘောမကျမိဘူး ဆရာမကြီး"

မစ္စချက်ဒစ်က ဤသို့ပြောသည်ကို ဆရာမကြီးက အရေးမကြီးလှဟု ယူဆလိုက်မိသည်။ မစ္စချက်ဒစ်သည် ပြင်သစ်ဘာသာသင် ဆရာမများကို အမြဲသဘောမကျတတ်ချေ။

"ဘာဖြစ်လို့လဲ။ သူက ပြင်သစ်ဘာသာ သင်ကြားပို့ချတာ မကောင်းလို့လား။ သူ့ကို ထောက်ခံထားတဲ့ ထောက်ခံစာတွေကတော့ သိပ်ကောင်းတာပဲ"

"ပြင်သစ်လူမျိုး မှန်သမျှက စာသင်ကြားပို့ချတဲ့ နေရာမှာ မတော်ကြပါဘူး။ သူတို့က စည်းကမ်းထိန်းသိမ်းမှု ညံ့ဖျင်းကြပါတယ်။ နောက်ပြီး အားကစားဆရာမ မစ္စစပရင်လာကလည်း ကျောင်းသူတွေကို လေ့ကျင့်ခန်းလုပ်နိုင်းတာ ကြမ်းလွန်းပါတယ်"

"ဒါတော့ သူ့အလုပ်တာဝန်ကို သူလုပ်တာပဲမဟုတ်လား။ ဒီလိုပေါ့ ဆရာမရယ်၊ ကျောင်းမှာ ဆရာမအသစ်တွေ ရောက်လာစအချိန်ဆိုရင် ရတ်ဘရက်တော့ တစ်မျိုးကြီး ဖြစ်နေတတ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဒါတော့လည်း ဟုတ်ပါတယ် ဆရာမကြီး၊ ဒါထက် ဆရာမကြီးလည်း သတိပြုမိပါလိမ့်မယ်။ ဥယျာဉ်အလုပ်သမား လူသစ်တစ်ယောက်လည်း အခုရောက်နေတယ်။ ထူးခြားပုံက သူဟာ လူငယ်တစ်ယောက် ဖြစ်တဲ့အပြင် အင်္ဂါရုပ်ကလည်း အတော်ခံ့ညား ချောမွေ့တယ်။ ကျောင်းသူမိန်းကလေးတွေက အရွယ်ရောက်ခါစ ဆိုတော့ ဒီလိုလူငယ်လူချောတွေ ကျောင်းမှာ ရှိနေတာဟာ တယ်ပြီး မကောင်းလှဘူး။ ကျွန်မတို့က ဒီလူ့ကို အထူးသတိထားကြည့်နေမှ ကောင်းမယ် ထင်ပါတယ်”

မစ္စချက်ဒစ်၏စကားကို ဆရာမကြီးကလည်း ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။

ရုပ်ချောချောလူငယ်တစ်ယောက် မိန်းကလေးကျောင်းတွင် ရှိနေခြင်းသည် မည်သို့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်ကြောင်း ကောင်းစွာ သိ၍ ခေါင်းညိတ်လိုက်ခြင်း ဖြစ်လေသည်။

❑ ❑ ❑

## ၇

ကျောင်းမှ တာဝန်ခံ ဥယျာဉ်မှူး အဘိုးကြီး ဘရစ်သည် အသစ်ရောက်လာသော ဥယျာဉ်မှူး အလုပ်သမားလူငယ် ပန်းခြံထဲ အလုပ်လုပ်နေသည်ကို ကြိုးကြပ်ကွပ်ကဲရင်း လူငယ်၏ အရည်အသွေးကို အကဲခတ်ကြည့်နေလေသည်။

“အင်း…အခုအတိုင်းဆိုရင် မင်းလုပ်တာ မဆိုးပါဘူး၊ တစ်ခုပဲ ရှိတယ်ကွဲ့၊ ပန်းခြံအလုပ် လုပ်တဲ့နေရာမှာ သိပ်ရှေ့လောမကြီးရဘူး။ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်လုပ်ဖို့ အရေးကြီးတယ်။ ကဲ…တို့ ဟောဟိုဘက်က ပန်းပင်တွေ သွားကြည့်လိုက်ကြဦးစို့။ မောင်ရင်သိတဲ့အတိုင်း ဆရာမကြီး တွေက သိပ်ကို ဇေးများတယ်”

ပြောပြောဆိုဆို အဘိုးကြီးဘရစ်သည် လူငယ်အာဒမ် (ရော်နီ) အား တစ်ဖက်သို့ ခေါ်သွားရင်း မေးခွန်းထုတ်ပြန်လေသည်။

“ဒါထက် မင်းစကားပြောနေတာ ဘယ်သူနဲ့ ပြောနေတာလဲ”



အဘိုးကြီးက သက်ာမကင်းဖြစ်ဟန်နှင့် မေးလိုက်သည်။

“သြော်…ကျောင်းသူမိန်းကလေးတစ်ယောက်ပါ”

အာဒမ်က ခပ်ပေါ့ပေါ့ဖြေလိုက်သည်ကို အဘိုးကြီး ဘရစ်သည် ကျေနပ်ပုံမရချေ။

“ကျောင်းသူကောင်မလေးချောချောတစ်ယောက်နဲ့ စကားပြောနေတာ ဟုတ်လား။ ဒီမယ် ငါပြောမယ်၊ မင်း အထူးသတိထားပါ။ ကျောင်းသူကောင်မလေးတွေနဲ့ ဘာမှ ရှုပ်ရှုပ်ယှက်ယှက်မဖြစ်ပါစေနဲ့ ဒါဟာ အလွန်အရေးကြီးတယ်။ ပြဿနာဖြစ်လာရင် မလွယ်ဘူး။ ငါက အတွေ့အကြုံဝါရင့်တဲ့ လူတစ်ယောက်အနေနဲ့ ပြောတာကွဲ့”

ထိုအခါ အာဒမ်က သဘောမကျဟန်ဖြင့် “ဟာဗျာ ကောင်မလေးက ရိုးရိုးလာစကားပြောတာပဲဟာ၊ ဘာဖြစ်မှာ လိုက်လို့၊ သူက ပန်းပင်တွေအကြောင်း မသိလို့ ကျွန်တော့်ကို လာမေးတာပါ”

ဟု ပြန်ပြောလိုက်သည်။

“ဘာပဲဖြစ်ဖြစ်လေ မောင်ရင် အထူးသတိထားဖို့ ပြောနေတာပါ။ မောင်ရင့် အလုပ်သဘောအရ မိန်းကလေးတွေနဲ့ စကားပြောဆိုခွင့် မရှိဘူး။ ဆရာမကြီးက သိသွားရင်လည်း ကြိုက်မှာ မဟုတ်ဘူး”

“ကျွန်တော်က ဘာမှမဟုတ်တာ လုပ်တာမှ မဟုတ်ဘဲ၊ ဘာမှလည်း ပြောတာ မဟုတ်ပါဘူး”

“အေးပါ၊ ငါကလည်း မင်းမဟုတ်တာလုပ်တယ်လို့ မပြောပါဘူး”

“ဒီကျောင်းမှာက အရွယ်ရောက်ခါစမိန်းကလေးကျောင်းသူတွေ အများကြီးရှိတယ်။ သူတို့ဟာ စိတ်ကစားတဲ့အရွယ်တွေလည်း ဖြစ်ကြတယ်။ ကျောင်းသင်ခန်းစာမဟုတ်တဲ့ကိစ္စတွေကိုလည်း စိတ်ကူးတတ်တဲ့ အရွယ်တွေလည်း ဖြစ်ကြတယ်။ ဒါကြောင့်လည်း မောင်ရင့်ကို ကျုပ်က သတိပေးရခြင်း ဖြစ်တယ်။ ကြည့်သာနေပေတော့၊ ဟော အခုရေးထဲ ဆရာမကြီးလာနေပြီ”

အဘိုးကြီးပြောနေစဉ်မှာပင် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုသည် အနီးသို့ ရောက်လာလေသည်။

“ဟဲလို…ဂွတ်မောနင်း ဘရစ်”

ဆရာမကြီးက အဘိုးကြီးဘရစ်အား နှုတ်ဆက်ပြီးနောက် အာဒမ်ဘက်သို့ လှည့်၍ “ဂွတ်မောနင်း” ဟု စလိုက်ပြီးမှ နာမည်ကို သတိမရဟန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရာ အာဒမ်ကပင် "ကျွန်တော် အာဒမ်ဖြစ်ပါတယ် ဆရာမကြီး" ဟု ပြောလိုက်သည်။

"သြော်... ဟုတ်ပြီ၊ ဂွတ်မောနင်း အာဒမ်၊ ဒါထက် ဘရစ် ပန်းခြံကို ဂရုစိုက်ပါနော်။ ဟိုဘက်က ဒေလီယာပန်းတွေလည်း ကြည့်လုပ်လိုက်ပါဦး"

ဆရာမကြီးက ပန်းခြံပြုပြင်ရေးနှင့်ပတ်သက်၍ ညွှန်ကြားပြောဆိုပြီးနောက် ပြန်ထွက်သွားလေသည်။

အဘိုးကြီးဘရစ်သည် သဘောမကျဟန်ဖြင့် အာဒမ်အား ခပ်တိုးတိုးကလေး ပြောလေသည်။

"ဒီမိန်းမကြီးကတော့ ဒီလိုပဲ ခဏခဏလာပြီး ဆရာလုပ်တတ်တယ်၊ ခက်တာ သူက မျက်စိလည်း အလွန်လျင်တယ်။ ပန်းခြံမှာ ကောင်းကောင်းလုပ်မထားရင် ချက်ချင်း သတိပြုမိတတ်တယ်။ မောင်ရင်ကတော့ ကျုပ်သတိပေးတာကို မမေ့ပါနဲ့၊ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး သတိထားနေဖို့ ပြောတာပါ"

"ဆရာမကြီးက အပြစ်ရှာတာကို ကျွန်တော်က မကြောက်ပါဘူး၊ ဒီမှာမလုပ်ရင်ကော ဘာဖြစ်မှာလဲ။ အလုပ်တွေကို ဒီခေတ်မှာပေါလွန်းလို့"

အာဒမ်က ပြောလိုက်ရာ အဘိုးကြီးဘရစ်က "အေး... မင်းတို့လူငယ်တွေက ဒီစကားမျိုးပဲ ပြောတတ်တယ်။ ဝေဖန်တာကို နည်းနည်းမှ မခံချင်ကြဘူး။ ဘာပဲဖြစ်ဖြစ်လေ မင်းအနေနဲ့ သတိထားနေဖို့ကောင်းတာ အမှန်ပဲ" ဟု ပြောလိုက်သည်။

အာဒမ်သည် ဘာမှဆက်မပြောတော့ဘဲ အလုပ်ကိုသာ ဆက်လုပ်နေလိုက်သည်။

□

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့သည် ကျောင်းအဆောက်အအုံဘက်ဆီသို့ လျှောက်သွားစဉ် တစ်ဖက်မှ လာနေသူ ဆရာမ မစ္စဗာဆီတတ်နှင့် ဆုံမိလေသည်။

"ဒီနေ့ ရာသီဥတုက တော်တော်ပူတာပဲနော် ဆရာမကြီး"

မစ္စဗာဆီတတ်က စတင်နှုတ်ဆက်စကားပြောရာ ဆရာမကြီးက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ အတော်ပူတယ်၊ ဒါထက် ဆရာမအနေနဲ့ ဟိုလူငယ် ဥယျာဉ်မှူး အလုပ်သမားအသစ်ကို သတိပြုမိသလား"

"အထူးတလည်တော့ သတိမထားမိပါဘူး"

"သူ့ကြည့်ရတာ တစ်မျိုးပဲ။ ဒီအရပ်မှာ မြင်တွေ့နေကျ လူတစ်ယောက်နဲ့ မတူဘူး"

"ဒါတော့ သူက ဒီအရပ်က မဟုတ်ဘဲ အော့စဖို့ဒ်က လာပြီး ငွေပိုငွေလျှံရအောင် အလုပ်လာလုပ်နေတာလည်း ဖြစ်နိုင်တာပဲ"

"ဒါက အရေးမကြီးပါဘူး။ ဒီလူငယ်က ရုပ်ချောတယ်။ ကျောင်းသူမိန်းကလေးတွေက သူ့ကို သတိပြုမိကြတယ်"

ဆရာမကြီးက ပြောလိုက်သည်ကို မစ္စဗာဆီတတ်ကလည်း ချက်ချင်း သဘောပေါက် နားလည်မိလေသည်။

"ဒါကတော့ ဖြစ်လာတတ်တဲ့ ပြဿနာမျိုးပါပဲ ဆရာမကြီး"

"ဘာပြဿနာလဲ၊ မိန်းကလေးတွေကို တစ်ဖက်ကလည်း လွတ်လပ်မှုပေးထား၊ တစ်ဖက်ကလည်း စည်းကမ်းထိန်းသိမ်းရတဲ့ ပြဿနာကို ဆိုလိုတာလား" ဆရာမကြီးက ပြုံး၍ ပြန်မေးလိုက်သည်။

"ဟုတ်ပါတယ် ဆရာမကြီး"

"ဒီကျောင်းအနေနဲ့တော့ ဒီပြဿနာကို ထိန်းနိုင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မသိရသလောက်ဆိုရင် ဒီမဲဒိုးဘင်းကျောင်းမှာ နာမည်ပျက်စရာ ဂုဏ်သိက္ခာပျက်စရာ ပြဿနာမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူး"

"ဒါလည်း ဟုတ်ပါတယ်၊ ဒါထက် ဆရာမကို တစ်ခုမေးရဦးမယ်။ ဘာကယ်လို့ ဒီကျောင်းမှာ ဆရာမက ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ယူရမယ်ဆိုရင် ဘာတွေများ ပြုပြင်ပြောင်းလဲမယ် စိတ်ကူးသလဲ"

"ကျွန်မတော့ ဘာမှပြုပြင်ပြောင်းလဲစရာ မလိုဘူးလို့ ထင်ပါတယ်။ အခု လက်ရှိအစီအစဉ်က အားလုံးကောင်းနေပြီသား မဟုတ်လား"

"ဒါဖြင့် ဆရာမက ကျောင်းအုပ်လုပ်ရရင် ဒီအတိုင်းပဲ ဆက်သွားမယ်ဆိုပါတော့"

"ဟုတ်ကဲ့၊ ဒါထက်ပိုကောင်းတဲ့ အစီအစဉ်တွေကို ကျွန်မဖြင့် မမြင်မိပါဘူး"

မစ္စဗာဆီတတ်က ပြောလိုက်ပြီးနောက် ဆရာမကြီးသည် ခဏတရက် ဘာမှမပြောဘဲ ခေတ္တငြိမ်နေလိုက်သည်။ သူမသည် မစ္စဗာဆီတတ်၏ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြချက်ကို စဉ်းစားနေခြင်း ဖြစ်သည်။ ဆရာမက အလိုက်သင့်ပြောနေတာများလားဟု စဉ်းစားနေခြင်း ဖြစ်လေသည်။

ခဏကြာမှ ဆရာမကြီးက ပြန်ပြောလေသည်။

"ပြုပြင်ပြောင်းလဲမှုဆိုတာ လိုအပ်လာရင် လုပ်ရမှာပဲ ဆရာမ၊ တစ်ခါတလေ အခြေအနေအရ ပြုပြင်ပြောင်းလဲမှု နည်းနည်းပါးပါးလုပ်ဖို့ လိုလာတတ်တယ်"

"ဒါတော့ ဟုတ်ပါတယ်၊ သို့သော်လည်း ဒီကျောင်းကို ဆရာမကြီး အုပ်ချုပ်လာတဲ့ အစဉ်အလာကလည်း ကောင်းနေတာပဲမို့ အဲဒီအစီအစဉ်ကို ထိန်းသိမ်းဖို့လည်း အရေးကြီးပါတယ်"

ထိုအခိုက် မလှမ်းမကမ်းမှ ခေါင်းလောင်းတီးသံ ကြားရလေသည်။

မစ္စဗာဆိတတ်သည် ပျာပျာသလဲဖြစ်သွားကာ "ဟော...ကျွန်မ သင်ကြားရမယ့် ဂျာမန်ဘာသာ သင်ကြားပို့ချဖို့ အချိန်ရောက်နေပြီ။ သွားလိုက်ဦးမှပဲ"ဟု ပြောကာ ကျောင်းဘက်ဆီသို့ လျှောက်ထွက်သွားလေသည်။

ဆရာမကြီးလည်း နောက်မှ ခပ်ဖြည်းဖြည်း လျှောက်လိုက်လာရာ တစ်နေရာတွင် တစ်ဖက်မှ လျှောက်လာသူ အင်္ဂလိပ်စာနှင့် ပထဝီဘာသာ ဆရာမ မစ္စရစ်(ချ) ဆိုသူနှင့် ဝင်တိုးမိလေသည်။

"ဟင်...ဆရာမကြီး၊ ကျွန်မက ကမန်းကတန်းလျှောက်လိုက်လာတာ ဆရာမကြီးကို မမြင်မိလို့ ဝင်တိုးမိတာကို ခွင့်လွှတ်ပါနော်"

မစ္စရစ်(ချ)က လူငယ်ဖြစ်၍ အလွန်အားနာဟန်ဖြင့် တောင်းပန်လေသည်။

"ကိစ္စမရှိပါဘူးကွယ်၊ အခု ဆရာမက စာသင်ရမယ့် သင်တန်းရှိနေသလား" ဆရာမကြီးက ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ ရှိပါတယ်၊ ကျွန်မ အခု အင်္ဂလိပ်စာ သင်ရပါမယ်"

"ဒါထက် ဆရာမက စာသင်ရတာကို စိတ်ပျော်ရဲ့လား"

"ပျော်ပါတယ် ဆရာမကြီး၊ ကျွန်မအဖို့ စာသင်ရတာဟာ အလွန်စိတ်ဝင်စားစရာကောင်းတယ်လို့ ယူဆပါတယ်"

"ဘာကြောင့် စိတ်ဝင်စားစရာကောင်းတာလဲ။ ပြောစမ်းပါဦး"

"ဒီလိုပါ၊ စာသင်နေရချိန်မှာ အလွန်မွန်မြတ်တဲ့ အလုပ်တစ်ခု လုပ်နေရပါကလားလို့ စိတ်ထဲက ပျော်ရွှင်ကြည်နူးမိပါတယ်။ အထူးသဖြင့် ကိုယ် စာသင်နေတုန်း သင်တန်းသားတွေက စိတ်ဝင်စားနေပုံကို မြင်ရတဲ့ အခါမျိုးဆိုရင် ပျော်ရွှင်ကျေနပ်စရာကောင်းပါတယ်"



"ဟုတ်ပါတယ်၊ တစ်နေ့ကျရင် ဆရာမကိုယ်တိုင် ကျောင်းတစ်ကျောင်းကို ဦးစီးအုပ်ချုပ်ရတဲ့ အခြေအနေကို ရောက်လာဖို့ ရည်မှန်းချက် ရှိမှာပေါ့နော်"

ဆရာမကြီးက ပြောလိုက်ရာ မစ္စရစ်(ချ) ကလည်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မမှာ ရည်မှန်းချက်ရှိပါတယ်။ တစ်နေ့ကျရင် ကျောင်းတစ်ကျောင်းကို ကျွန်မကိုယ်တိုင် စီမံအုပ်ချုပ်ရတဲ့အဖြစ်မျိုး ရောက်ဖို့ မျှော်လင့်မိပါတယ်"

"ဒါဖြင့် ဆရာမကိုယ်တိုင် ကျောင်းအုပ်ဖြစ်လာရင် ဘာတွေ ဘယ်လို လုပ်မယ်လို့ အစီအစဉ်တွေ စိတ်ကူးထားမှာပေါ့"

"ဒါတော့ စိတ်ကူးမိတာတွေ ရှိပါတယ်။ သို့ပေမဲ့ စိတ်ကူးနဲ့ လက်တွေ့ဟာ တစ်ခါတလေ အံမဝင်တာမျိုး ရှိတတ်တာကိုလည်း ကျွန်မ သဘောပေါက်ပါတယ်။ လောကမှာ မိမိကိုယ်တိုင် အတွေ့အကြုံရှိမှသာ သင်ခန်းစာယူပြီး ပြုပြင်နိုင်မယ် မဟုတ်ပါလား ဆရာမကြီး"

"မှန်ပါတယ်၊ လူ့ဘဝမှာ မိမိကိုယ်တိုင် အမှားတွေ လုပ်မိတော့မှသာ အတွေ့အကြုံက သင်ခန်းစာဖြစ်ပြီး တိုးတက်အောင် ပြုပြင်လို့ရတာယ်။ ဒါထက် တကယ်လို့ ဆရာမက ဒီမဲဒိုးဘင်းကျောင်းကို အုပ်ချုပ်ရမယ်ဆိုရင် ပြုပြင်ပြောင်းလဲမှုတွေ လုပ်မှာလား"

ဆရာမကြီးက ဤသို့ မေးလိုက်လျှင် မစ္စရစ်(ချ)သည် ရုတ်တရက် အဖြေရခက်သွားသည်။

"ဒါတော့ ပြောရခက်ပါတယ် ဆရာမကြီး"

"မဟုတ်ဘူးလေ၊ ဆရာမမှာ စိတ်ကူးရှိတယ် မဟုတ်လား၊ အဲဒီလို စိတ်ကူးရှိတာကို ရဲရဲပြောစမ်းပါ"

"ကျွန်မစိတ်ကူးရတာတွေကို လုပ်ကြည့်ချင်ပေမယ့် တကယ့်လက်တွေ့ကျတော့ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ မသေချာပါဘူး"

"ဒါပေမဲ့ စမ်းပြီး လုပ်ကြည့်ဖို့တော့ ရည်ရွယ်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"လောကမှာ အောင်မြင်ဖို့ မသေချာတာကို လုပ်တယ်ဆိုတာ အန္တရာယ်ရှိတဲ့သဘောပဲ။ ဆရာမက အန္တရာယ်ရှိတဲ့ အလုပ်မျိုးကို လုပ်ဖို့ ရင်ဆိုင်ရမှာ ကြောက်ပုံမရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ဘဝတစ်လျှောက်လုံးမှာ အန္တရာယ်ရှိတဲ့ အဖြစ်မျိုးတွေ အများကြီး ရင်ဆိုင်ခဲ့ရပါတယ်။ ကဲ… ကျွန်မကို ခွင့်ပြုပါဦး ဆရာမကြီး၊ စာသင်ချိန်ရောက်နေပါပြီ"

ပြောပြောဆိုဆို မစ္စရစ်(ချ)သည် လျှောက်ထွက်သွားရာ ဆရာမကြီး သည် ငေးကြည့်ရင်း ကျန်ရစ်လေသည်။

ဤသို့ တစ်ယောက်တည်း ရပ်၍ ဆရာမ မစ္စရစ်(ချ)အကြောင်း စဉ်းစားနေစဉ်မှာပင် မစ္စချက်ဒစ်ဆိုသူ ဆရာမရောက်လာပြန်သည်။

"ဆရာမကြီးက အငြိမ်းစားယူဖို့ စိတ်ကူးတာကို ခွန့်လွှတ်လိုက်စေ ချင်ပါတယ်။ မဲဒိုးဘင်းကျောင်းအနေနဲ့ ဆရာမကြီးမရှိလို့ မဖြစ်နိုင်ဘူး"

မစ္စချက်ဒစ်က ပြောလိုက်ရာ ဆရာမကြီးသည် ပီတိဖြစ်သွားဟန်ဖြင့် ပြုံးလိုက်သည်။

"ဒီလိုပြောတာကို ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဆရာမကိုယ် တိုင်က ဒီကျောင်းအပေါ် အခုလို သံယောဇဉ်ကြီးတာ သိရလို့လည်း အထူးပဲ ဝမ်းသာမိပါတယ်"

❒

"ဒီတင်းနစ်ရက်ကက်က စိတ်ပျက်ဖို့ ကောင်းလှတယ်။ လုံးလုံးရိုက်လို့ မကောင်းဘူး"

ဂျင်နီဖာ (လေယာဉ်မှူး ရော်လင်ဆင်၏ အစ်မဂျုန်၏သမီး) သည် သူမ၏ တင်းနစ်ရက်ကက်ကို မကျေနပ်ဟန်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ဂျင်နီဖာကလည်းကွယ် ကြေးများလိုက်တာ လွန်ပါရော"

ဂျူလီယာအမည်ရှိ မိန်းကလေးက ပြောလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ဘူး ဂျူလီယာရဲ့ ဒီရက်ကက်က လုံးလုံးရိုက်လို့ မကောင်း ဘူး။ ကိုင်ရတာကိုက အချိန်အဆ မမှန်ဘူး"

"ဘာပဲဖြစ်ဖြစ် ဂျင်နီဖာရဲ့ ရက်ကက်က အတော်သစ်နေသေးတယ်။ ကိုယ့်ဟာကဆိုရင် အလွန်ဟောင်းနေပြီ။ အရေးထဲ ကြိုးတွေ အသစ်လဲတပ် မို့ မာမီက မေ့သွားတယ်"

"ပြစမ်းပါဦး၊ ဂျူလီယာရဲ့ရက်ကက်ကမှ ကောင်းဦးမယ် ထင်တယ်"

ပြောပြောဆိုဆို ဂျင်နီဖာသည် ဂျူလီယာ၏ ရက်ကက်ကို ယူ၍ လက်တွင် ချိန်ဆကြည့်လိုက်ပြီး သဘောကျသွားဟန် တူလေသည်။



"ကိုယ့်ဟာထက်စာရင် ဒီရက်ကက်ကမှ ကိုင်လို့ ကောင်းသေးတယ်"

"ဒါဖြင့် ရက်ကက်ချင်းလဲမလား"

"ကောင်းသားပဲ၊ လဲကြတာပေါ့"

ဂျင်နီဖာက ပြောလိုက်ပြီးနောက် နှစ်ယောက်သား ရက်ကက်ချင်း လဲလိုက်ကြလေသည်။ သူတို့နာမည် ပလတ်စတာပြားဖြင့် ကပ်ထားသည်ကို လည်း ခွာ၍ ရက်ကက်နှစ်ခုတွင် လဲကပ်လိုက်ကြသည်။

"ဒါပဲနော် အခုနှစ်ဦး သဘောတူ လဲကြပြီးကာမှ ပြန်လဲချင်တယ် ဆိုရင် မရဘူး"

ဂျူလီယာက ပြုံး၍ ပြောလိုက်သည်။

❒

အာဒမ်သည် လေချွန်ရင်း လမ်းလျှောက်လာရာ တင်းနစ်ရိုက်ကွင်းအနီး အရောက်တွင် အားကစားရုံ တံခါးပွင့်လာပြီး ပြင်သစ်ဘာသာဆရာမ မစ္စ ဘလန့်(ချ)က ထွက်ကြည့်လေသည်။

သူမသည် အပြင်ဘက် ထွက်မည်ပြုပြီးမှ အာဒမ်ကို မြင်လျှင် ရုတ် တရက် အံ့အားသင့်သလို ဖြစ်သွားပြီး အားကစားရုံအတွင်းသို့ လျင်မြန်စွာ ပြန်ဝင်သွားလေသည်။

အာဒမ်သည် အံ့သြသွားမိလေသည်။

"ဒီဆရာမက တင်းနစ်ကစားကွင်းကို တစ်ယောက်တည်း ထွက်ပြီး ဘာလုပ်မလို့ပါလိမ့်"

ဤသို့လည်း အာဒမ်က စဉ်းစားမိလေသည်။ ဆရာမ၏ အမူအရာက တစ်စုံတစ်ခုကို ခိုးကြောင်ခိုးဝှက် ပြုလုပ်တော့မည့်ဟန် ဖြစ်ပြီး အာဒမ်ကို မြင်မှ ထိတ်လန့်၍ ပြန်ဝင်သွားပုံမျိုး ဖြစ်နေသောကြောင့် ဤသို့စဉ်းစားမိ ခြင်းပင် ဖြစ်သည်။

ခဏမျှအကြာတွင် မစ္စဘလန့်(ချ)သည် ပြန်ထွက်လာပြီး အာဒမ် အား စကားလာပြောလေသည်။

"ရှင်က တင်းနစ်ကစားကွင်းမှာ ပြုပြင်မလို့ ထင်ပါရဲ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ၊ ဒီကစားကွင်းမှာ ပိုက်တွေ နည်းနည်းပြုပြင် စရာရှိလို့ပါဆရာမ"

ပြောရင်းနှင့် အာဒမ်သည် တင်းနစ်ကစားကွင်းအလယ်ရှိ ပိုက်လျော့ ရဲရဲ ဖြစ်နေသည်ကို နေရာတကျ ပြန်ဖြစ်အောင် ပြုလုပ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောင်းက တင်းနစ်ရိုက်တဲ့ ကစားကွင်းတွေက အလွန်ကောင်းတာပဲ။ ပြီးတော့ ရေကူးကန်နဲ့ အားကစားရုံဆိုရင်လည်း ပြောစရာမရှိဘူး။ အင်္ဂလန်ပြည်က လူတွေဟာ အားကစားကို အထူးအလေးပေးကြတယ်နော်"

"ဟုတ်ကဲ့ ဆရာမ။ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးတွေက အားကစားကို အလွန်ဝါသနာပါကြပါတယ်"

အာဒမ်က စကားကို အလိုက်သင့် ပြန်ပြောလိုက်သည်။

"ရှင်ကိုယ်တိုင်ကကော တင်းနစ်မကစားဘူးလားဟင်"

မစ္စဘာလန့်(ချ)က ပြောလိုက်စဉ် အာဒမ်သည် ဆရာမ၏ မျက်နှာအမူအရာကို အကဲခတ်ကြည့်ရင်း စဉ်းစားရခက်သလို ဖြစ်သွားမိလေသည်။ ဆရာမ အမူအရာမှာ ကျောင်းဆရာမတစ်ဦးက ပန်းခြံအလုပ်သမားတစ်ဦးကို ပြောနေသည့် ဟန်မျိုးမဟုတ်ဘဲ မိန်းကလေးက လူပျိုတစ်ယောက်ကို စိတ်ဝင်စားလျက် စကားပြောနေသည့်ဟန်မျိုး ဖြစ်နေလေသည်။

ဤဆရာမသည် မဲဒိုးဘင်းကျောင်းတွင် ဆရာမလာလုပ်နေခြင်းမှာ အံဝင်ခွင်ကျမရှိဟုလည်း သူ့စိတ်ထဲမှာ သုံးသပ်မိလေသည်။

သို့ရာတွင် မိမိအား လာစကားပြောနေသဖြင့် အလိုက်သင့် ပြန်ပြောမှ သင့်မည်ဟု ဆုံးဖြတ်ကာ–

"ကျွန်တော်က တင်းနစ်မကစားပါဘူး။ ကစားဖို့ အချိန်မရလို့ပါပဲ"

"ဒါဖြင့် ရှင်က ခရစ်ကက်ကော မကစားဖူးဘူးလားရှင့်"

"ငယ်ငယ်ကတော့ ခရစ်ကက်ကစားဖူးပါတယ်"

"ကျွန်မက ဒီနေ့မှပဲ အချိန်နည်းနည်းအားလို့ ဒီကျောင်းမှာ ရှိတဲ့ အားကစားကွင်းတွေကို လျှောက်လေ့လာကြည့်နေပါတယ်။ ပြင်သစ်ပြည်မှာ ရှိတဲ့ ကျွန်မရဲ့ မိတ်ဆွေတွေဆီကို စာရေးတဲ့အခါ ဒီကျောင်းက အားကစားကွင်းတွေ စီမံထားပုံအကြောင်း ထည့်ရေးချင်လို့ပါ"

မစ္စဘာလန့်(ချ)က ဤသို့ပြောလိုက်သည်ကိုလည်း အာဒမ်က စဉ်းစားမိလေသည်။ ဤဆရာမသည် မိမိအား လာ၍ စကားစပ်ပြောရင်း မလိုအပ်သော အပိုစကားတွေ ပြောနေသည်ဟု ထင်မိလေသည်။ သူမသည် တစ်ယောက်တည်း အားကစားကွင်းသို့ ထွက်လာပြီး လျှောက်ကြည့်နေခြင်းကို အကြောင်းပြကောင်းအောင် တမင်သက်သက် ရှင်းလင်း ပြောပြနေသလို ဖြစ်နေလေသည်။

စင်စစ်အားဖြင့် ဤသို့ မိမိအား ရှင်းပြနေစရာ မလိုချေ။ ကျောင်းဆရာမတစ်ဦးအနေဖြင့် ကျောင်းအတွင်း မည်သည့်နေရာကိုမဆို လွတ်လပ်စွာ သွား၍ ကြည့်ရှုလေ့လာခွင့် ရှိသည်မဟုတ်ပါလော။



သို့ဖြစ်ခြင်းကြောင့် မစ္စဘာလန့်(ချ)အနေဖြင့် အားကစားရုံနှင့် အားကစားကွင်းသို့ တစ်ယောက်တည်းလာခြင်းမှာ ထူးခြားသော အကြောင်းတစ်ခု ရှိနိုင်ပေသည်။

သူမသည် ဘာကြောင့် ယခုလို တစ်ယောက်တည်း လာခဲ့ခြင်း ဖြစ်လေသနည်း။

ဤသို့ စဉ်းစားရင်း အာဒမ်သည် ပြင်သစ်ဆရာမ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်လေသည်။ အကျိုးအကြောင်း သိရှိနိုင်ရန်အတွက် ဤဆရာမနှင့် ခင်မင်ရင်းနှီးအောင် ဆက်ဆံလျှင် ကောင်းမည်ဟုလည်း တွေးမိလေသည်။

"ဒီလို မိန်းကလေးကျောင်းမှာ အလုပ်လုပ်ရတာ တစ်ခါတလေ ပျင်းရိ ငြီးငွေ့စရာကောင်းမယ်လို့ ထင်ပါတယ်"

အာဒမ်က စကားစပ်၍ ပြောလိုက်လေသည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မအဖို့ သိပ်ပြီး ပျော်ရွှင်တယ်လို့ မဆိုနိုင်ပါဘူး"

"ဒါပေမဲ့ ဆရာမတို့က အလှည့်ကျ အားလပ်ခွင့်ရကြပြီး အပြင်ဘက်ထွက်လည်ခွင့်ရှိတယ် မဟုတ်လား"

အာဒမ်က ဤသို့ မေးလိုက်သောအခါ မစ္စစ်ဘာလန့်(ချ)သည် ချက်ချင်း ပြန်မဖြေဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် ဆိတ်ဆိတ်နေလေသည်။ သူမသည် တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် စဉ်းစားချိန်ဆနေပုံရလေသည်။

ခဏမျှကြာမှ သူမက ပြန်ပြောလေသည်။

"ဟုတ်ပါတယ်၊ ကျွန်မတို့ အားလပ်ခွင့်အချိန်တွေ ရှိပါတယ်။ ဒီကျောင်းမှာ အလုပ်လုပ်ရတာ အခြေအနေကောင်းပါတယ်ရှင့်။ ကဲ သွားဦးမယ်နော်၊ ဂွတ်မောနင်း"

ပြောပြောဆိုဆို သူမသည် ကျောင်းအဆောက်အအုံဆီသို့ သွက်လက်စွာ လျှောက်ထွက်သွားလေသည်။

အာဒမ်သည် ဆရာမအား လှမ်းကြည့်ရင်း "ကေန္တ ဒီဆရာမဟာ အားကစားရုံကို လာတာဟာ တစ်ခုခုလျှို့ဝှက်ကိစ္စရှိလို့ လာတာဖြစ်မယ်"ဟု စဉ်းစားမိလေသည်။

ထို့နောက် သူသည် အားကစားရုံအတွင်းသို့ ဝင်ကြည့်လေသည်။

အတွင်း၌ကား ဘာမှ ထူးထူးခြားခြားမတွေ့ရသဖြင့် ခေတ္တမျှသည့်ပတ်ကြည့်ပြီးနောက် အပြင်ဘက်သို့ ပြန်ထွက်လာစဉ် ကျောင်းအုပ်ဆရာမကြီး၏ အတွင်းရေးမှူးအယ်နီနှင့် တွေ့ဆုံမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကြီး မစ္စဘားစထရိ, ဘယ်မှာရှိသလဲရှင့်"

အယ်နီက စတင်၍ မေးလိုက်သည်။

"ကျောင်းထဲပြန်ဝင်သွားတယ်ထင်တာပဲ။ စောစောကတော့ ဥယျာဉ်မှူးကြီး မစ္စတာဘာရစ်နဲ့ လာစကားပြောပါတယ်"

အာဒမ်က ပြောလိုက်ပြီးနောက် အယ်နီကပင် "ရှင်က အားကစားရုံမှာ ဘာလာလုပ်တာလဲ" ဟု မျက်မှောင်ကြုတ်၍ မေးလိုက်ပြန်သည်။

အာဒမ်သည် အံ့အားသင့်သွားမိလေသည်။ အယ်နီက ပြောလိုက်ပုံမှာ သူ့အား တစ်စုံတစ်ရာ သင်္ကာမကင်းဖြစ်၍ မေးသည့် ဟန်မျိုးဖြစ်နေလေသည်။ စိတ်ထဲမှလည်း အောင့်သက်သက်ဖြစ်သွားမိသည်။

ထို့ကြောင့် မျက်နှာထားခပ်တည်တည်ဖြင့် "ကျုပ်က အားကစားရုံထဲ ခဏဝင်ကြည့်တာပဲ။ ဒီလိုဝင်ကြည့်တာ အပြစ်မရှိပါဘူး မဟုတ်လား" ဟု သရော်သလို ပြန်ပြောလိုက်သည်။

"ရှင်က ရှင့်အလုပ်ကိုပဲ လုပ်နေဖို့ကောင်းတယ်"

အယ်နီက အပြစ်တင်သလို ပြောပြန်ရာ အာဒမ်သည် ပို၍မခံချင်ဖြစ်သွားမိလေသည်။

"ကျုပ်က တင်းနစ်ကစားကွင်းက ပိုက်ချွတ်ယွင်းနေလို့ လာပြင်တာ။ အခုပဲ ပြီးသွားတယ်"

ဤသို့ ပြောလိုက်ပြီးမှ အားနာသလိုဖြစ်သွားပြန်ကာ လေသံတစ်မျိုးပြင်၍..."ဒီအားကစားရုံက အလွန်ကောင်းတာပဲနော်။ အသစ်ဆောက်ထားတာ၊ စရိတ်စက မနည်းကုန်ကျမယ် ထင်ပါတယ်။ ဒီကျောင်းက ကျောင်းသူမိန်းကလေးတွေက ဘာမဆို ထိပ်တန်းအကောင်းဆုံးချည်းပဲ ရတယ်လို့ ဆိုရမယ်" ဟု ပြောလိုက်သည်။

"ကျောင်းသူတွေက ကျောင်းလခနဲ့ ဘော်ဒါစရိတ်ကို ထိုက်ထိုက်တန်တန် ပေးကြရတယ် ရှင့်"

"ပေးတော့ ပေးကြတာပေါ့။ ဒါပေမဲ့ ဒီကျောင်းက လခနှုန်းက အလွန်ကြီးတယ်လို့ သိရပါတယ်"

ထိုစကားကို အယ်နီက ပြန်မဖြေဘဲ "ကဲ... ရှင့်အလုပ်ကိုသာ ဆက်လုပ်ပါ" ဟု ပြောပြီး ထွက်သွားလေသည်။

အာဒမ်လည်း တင်းနစ်ကစားကွင်းသို့ ပြန်လျှောက်လာလေသည်။

အယ်နီသည် အားကစားရုံအတွင်းသို့ ပြန်ဝင်သွားပြီးမှ အာဒမ် အား ပြန်လှည့်ကြည့်လေသည်။



သူမ၏ မျက်နှာအမူအရာက အာဒမ် ဘာကြောင့် အားကစားရုံသို့ လာသည်ကို နားမလည်နိုင်သည့်ဟန်မျိုး ဖြစ်နေပေသည်။

❑ ❑ ❑

## ၈

မဲဒိုးဘင်းမိန်းကလေးကျောင်း တည်ရှိရာ မြို့ကလေး၏ ရဲစခန်း၌ ညဘက်တာဝန်ကျသူမှာ ဆာဂျင် (ရဲကြပ်ကြီး) ဂရင်းဆိုသူဖြစ်လေသည်။

ထိုညအဖို့ ရဲစခန်းတွင် ဘာအလုပ်မှမရှိသဖြင့် သူသည် ပျင်းရိငြီးငွေ့ကာ အိပ်ငိုက်နေလေသည်။

ထိုအခိုက် စူးရှစွာ မြည်လာသော တယ်လီဖုန်းခေါင်းလောင်းသံက ညဥ့်၏တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သလို ဖြစ်သွားလေသည်။

ဆာဂျင်ဂရင်းသည် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်နားထောင်ပြီး 'ဟဲလို ရဲစခန်းကပါ'ဟု ပြောလိုက်သည်။

တစ်ဖက်မှ ပြောသည်ကို ခေတ္တမျှ နားထောင်ပြီးနောက် စောစောက အိပ်ငိုက်နေသူ ဆာဂျင်ဂရင်းသည် ချက်ချင်း မျက်လုံးကျယ်လာကာ တယ်လီဖုန်း နားထောင်ရင်း လက်တစ်ဖက်က မှတ်စုစာအုပ်တွင် လျင်မြန်သွက်လက်စွာ ရေးမှတ်နေလေသည်။

"ဟဲလို ပြန်ပြောပါဦး၊ ဖြစ်တာက မဲဒိုးဘင်းမိန်းကလေးကျောင်းမှာနော်။ လူနာမည်က စပရင်လာတဲ့လား။ သြော်...ဟုတ်ကဲ့၊ ဆရာမ မစ္စစပရင်လာနော်။ ဟုတ်ပြီ။ ကျွန်တော် မှတ်ထားပြီးပါပြီ။ ဒီမယ် အရေးကြီးတာက ခင်ဗျားတို့ ဘာမှ လက်ရာခြေရာ မပျက်ပါစေနဲ့။ ဘာကိုမှလည်း သွားမကိုင်ပါနဲ့။ ကျွန်တော်တို့ဆီက လူတွေ အမြန်ဆုံးလာခဲ့ပါမယ်"

ဤသို့ ပြော၍ တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ဆာဂျင်ဂရင်းသည် စုံထောက်ရဲမှူးကြီး ကယ်လ်ဆီအား ချက်ချင်းသတင်းပို့လိုက်သည်။

"ဟေ...ဟုတ်လား။ မဲဒိုးဘင်းဆိုတာ နာမည်ကြီးမိန်းကလေးကျောင်း မဟုတ်လား။ အဲဒီမှာ လူသတ်မှုဖြစ်တယ်ဆိုတာ ဘယ်သူ့အသတ်ခံရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ရဲမှူး ကယ်လ်ဆီက မေးရာ ဆာဂျင်ဂရင်းက "အားကစားနည်းပြဆရာမဖြစ်တဲ့ မစ္စစပရင်လာဆိုတာ အသတ်ခံရတယ်လို့ ပြောပါတယ်" ဟု ပြန်ပြောလိုက်သည်။

"အားကစားနည်းပြဆရာမ အသတ်ခံရတယ်ဆိုတော့ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်လမ်းလိုဖြစ်နေပါလား"

ရဲမှူး ကယ်လ်ဆီက မှတ်ချက်ချလိုက်ပြီးနောက် ဆာဂျင်ဂရင်းက "အဲဒီဆရာမကို ဘယ်သူက သတ်တယ်လို့ ထင်ပါသလဲ" ဟု မေးလိုက်သည်။

"အားကစားဆရာမဆိုပေမယ့် အချစ်ရေး ပြဿနာလည်း ရှိနိုင်တာပဲ။ ဒါထက် အလောင်းကို ဘယ်နေရာမှာ တွေ့တာလဲ"

စုံထောက်ရဲမှူး ကယ်လ်ဆီက ပြန်မေးလိုက်သည်။

"အားကစားရုံထဲမှာ တွေ့ပါတယ်လို့ ပြောပါတယ်"

"အင်း... အားကစားနည်းပြ ဆရာမတစ်ယောက် အားကစားရုံထဲမှာ အသတ်ခံရတယ်ဆိုပါတော့။ ဒါထက် အဲဒီဆရာမ သေတာဟာ သေနတ်ပစ်ခံရတာလား"

"ဟုတ်ပါတယ်"

"အသုံးပြုတဲ့သေနတ်ကိုကော တွေ့သတဲ့လား"

"မတွေ့ဘူးတဲ့ခင်ဗျ"

"အဲဒါလည်း စိတ်ဝင်စားစရာပဲ"

ရဲမှူးကြီးက မှတ်ချက်ချလိုက်ပြီးနောက် လူသတ်မှုဖြစ်ပွားခြင်းနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်စရာ ရှိသည်တို့ကို ပြုလုပ်ရန် ပြင်ဆင်နေလေသည်။

❐

မဲဒိုးဘင်းမိန်းကလေးကျောင်းမှ ကျောင်းအုပ်ဆရာမကြီးမစ္စဘားစထရို့ကိုယ်တိုင် စုံထောက်ရဲမှူးကြီး ကယ်လ်ဆီအား ခရီးဦးကြိုပြုလေသည်။

ဆရာမကြီးသည် တုန်လှုပ်ချောက်ချားပုံမရဘဲ တည်ငြိမ်သော ဣန္ဒြေ ရှိနေလေသည်။

"ဆရာမကြီးခင်ဗျား၊ ကျွန်တော်က ရဲစုံထောက်ဌာနက ရဲမှူးကယ်လ်ဆီ ဖြစ်ပါတယ်"

ရဲမှူးကြီးက သူ့ကိုယ်သူ မိတ်ဆက်၍ ပြောလိုက်သည်။

"ဟုတ်ကဲ့ ရဲမှူးကြီးရှင့်၊ အခုချက်ချင်းပဲ အားကစားရုံကို သွားကြည့်ချင်ပါသလား။ ဒါမှမဟုတ် အသေးစိတ် အချက်အလက်တွေကို ပြောရမလား"



"ကျွန်တော်နဲ့အတူ ဆရာဝန်လည်း ပါလာပါတယ်။ ဆရာဝန်နဲ့ ကျွန်တော့်လူနှစ်ယောက် အလောင်းကို စစ်ဆေးကြည့်ပါမယ်။ ကျွန်တော်ကတော့ ဆရာမကြီးနဲ့ စကားပြောချင်ပါတယ်"

"ဟုတ်ကဲ့ ကောင်းပါပြီ။ ရဲမှူးကြီးက ကျွန်မရဲ့ ဧည့်ခန်းထဲကို ကြွပါ"

ဤသို့ပြော၍ ဆရာမကြီးသည် မစ္စရိုဝင်အမည်ရှိ ဆရာမငယ်တစ်ဦးအား ဆရာဝန်နှင့် ရဲအရာရှိနှစ်ဦးတို့ကို အားကစားရုံသို့ လိုက်ပို့ရန် ညွှန်ကြားလိုက်သည်။

"အားကစားရုံမှာ ဘယ်သူမှ အနားမကပ်ရအောင် ကျွန်မက ဆရာမတစ်ယောက်လည်း တာဝန်ချထားပါတယ်"

ပြောပြောဆိုဆို ဆရာမကြီးသည် ရဲမှူး ကယ်လ်ဆီအား ဧည့်ခန်းတွင်းသို့ ခေါ်သွားလေသည်။

"ဆရာမကြီးခင်ဗျား၊ အလောင်းကို ဘယ်သူက စတွေ့ခဲ့သလဲ"

ရဲမှူးကယ်လ်ဆီက စတင်မေးခွန်းထုတ်လိုက်သည်။

"အဆောင်မှူး မစ္စဂျွန်ဆင်က စတွေ့ပါတယ်။ ညက ကျောင်းသူမိန်းကလေးတစ်ယောက်က နားကိုက်တယ်ဆိုလို့ မစ္စဂျွန်ဆင်က ထပြီး ပြုစုနေပါတယ်။ အချိန်က သန်းခေါင်ကျော် တစ်နာရီရှိနေပြီလို့ ဆိုပါတယ်။ မစ္စဂျွန်ဆင်က ပြတင်းပေါက် အမှတ်မဲ့ လှမ်းကြည့်လိုက်တော့ အားကစားရုံထဲမှာ လျှပ်စစ်မီးလင်းနေတာကို သတိပြုမိခဲ့ရာက စတင်ပါတယ်။ ညအချိန်မတော် အားကစားရုံထဲမှာ မီးလင်းနေတာက ထူးဆန်းနေတယ်ဆိုပါတော့"

"ဟုတ်ကဲ့၊ အဲဒီအဆောင်မှူး မစ္စဂျွန်ဆင်က အခု ဘယ်မှာ ရှိပါသလဲ"

"ရှိပါတယ်၊ ရဲမှူးကြီးက တွေ့ချင်ရင် ကျွန်မ ခေါ်ပေးပါမယ်"

"နောက်မှပဲ တွေ့ပါမယ်။ ဆရာမကြီး ပြောစရာရှိတာသာ ဆက်ပြောပါ"

"ဟုတ်ကဲ့၊ ဒါနဲ့ပဲ မစ္စဂျွန်ဆင်က မစ္စချက်ဒစ်ဆိုတဲ့ ဆရာမတစ်ဦးကိုပါ နှိုးလိုက်တယ်။ သူတို့နှစ်ယောက် အားကစားရုံကို သွားကြည့်ကြဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီကို သွားကြည့်ဖို့ တံခါးပေါက်က ထွက်ချိန်မှာပဲ သူတို့က သေနတ်ပစ်သံတစ်ချက် ကြားလိုက်တယ်။ ဒါနဲ့ပဲ သူတို့လည်း အားကစားရုံဘက်ကို သုတ်ခြေတင် ပြေးသွားကြပါတယ်။ အားကစားရုံရောက်တဲ့အခါကျတော့..."

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး၏ စကားမဆုံးမီ ရဲမှူးကြီးကယ်လ်ဆီက ကြားဖြတ်၍ ဝင်ပြောလေသည်။

"ခဏနေပါဦး၊ အားကစားရုံထဲက အကြောင်းကိုတော့ မစ္စဂျွန်ဆင်က တိုက်ရိုက်ပြောတာကို နားထောင်ချင်ပါတယ်၊ အခု လောလောဆယ်တော့ ဆရာမကြီးက သေသူ ဆရာမအကြောင်း ပြောပြစမ်းပါ"

"သူ့နာမည်က မစ္စစပရင်လာလို့ ခေါ်ပါတယ်"

"သူက ဒီကျောင်းမှာ အလုပ်လုပ်တာ ကြာပြီလား"

"မကြာသေးပါဘူး။ ဒီစာသင်နှစ်ကျမှ ရောက်လာတာပါ။ ကျွန်မတို့ရဲ့ မူလအားကစားဆရာမက ဩစတြေးလျနိုင်ငံကို ပြောင်းရွှေ့သွားလို့ သူ့နေရာကို မစ္စစပရင်လာက ဝင်လာတာ ဖြစ်ပါတယ်"

"ကောင်းပါပြီ၊ ဆရာမကြီးအနေနဲ့ မစ္စစပရင်လာအကြောင်း ဘာများ သိပါသလဲ"

"သူ့မှာပါလာတဲ့ ထောက်ခံစာတွေကတော့ အလွန်ကောင်းပါတယ်"

"သူ ဒီကျောင်းကို မလာခင်က ဆရာမကြီးက မစ္စစပရင်လာကို လူချင်း မသိဖူးဘူးလား"

"မသိဖူးပါဘူး"

"အခု လူသတ်မှုဖြစ်ရတဲ့ အကြောင်းက ဘာလဲဆိုတာ စဉ်းစားလို့ ရပါသလား။ ဒီဆရာမမှာ ဘာပြဿနာတွေများ ရှိသလဲ၊ သူဟာ စိတ်ညစ်နေပုံရသလား"

ရဲမှူးက ဤသို့မေးလျှင် ဆရာမကြီးက ခေါင်းခါပြလိုက်သည်။

"ကျွန်မသိရသလောက်တော့ ဒီဆရာမအနေနဲ့ ဘာပြဿနာမှ မရှိပါဘူး။ သူက ပြဿနာဖြစ်အောင်လုပ်တတ်တဲ့ အမျိုးသမီးတစ်ယောက်လည်း မဟုတ်ပါဘူး"

"ဒါက ဆရာမကြီးအထင် ပြောတာနော်"

"ဟုတ်ပါတယ်၊ အခု ကျွန်မက မစ္စဂျွန်ဆင်ကို သွားခေါ်ပေးရတော့မလား"

"ဟုတ်ကဲ့၊ သွားခေါ်လိုက်ပါ။ သူ့ပြောပြချက်ကို နားထောင်ပြီးရင် ကျွန်တော်တို့ အားကစားရုံကို သွားကြည့်ချင်ပါတယ်"

"ဒီအားကစားရုံက ဒီနှစ်မှ အသစ်တည်ဆောက်တာ ဖြစ်ပါတယ်။ တည်နေရာကတော့ ရေကူးကန်အနီးမှာဖြစ်ပြီး အလွန်ကျယ်ဝန်းပါတယ်။ ကလေးတွေ တင်းနစ်ကစားတဲ့ ရက်ကက်လို အားကစားကိရိယာများထားတဲ့ သီးသန့်အခန်းတစ်ခန်းလည်း ရှိပါတယ်"



"ဒါထက် ဆရာမကြီး၊ သေသူ မစ္စစပရင်လာအနေနဲ့ ညအချိန်မတော် အားကစားရုံထဲသွားဖို့ အကြောင်းတစ်စုံတစ်ရာ ရှိနိုင်ပါသလား"

"လုံးဝ မရှိနိုင်ပါဘူး"

"ကောင်းပါပြီ၊ မစ္စဂျွန်ဆင်ကိုသာ ခေါ်ပေးပါတော့"

ရဲမှူးကြီးက ပြောလိုက်ပြီးနောက် ဆရာမကြီးသည် ဧည့်ခန်းမှ ထွက်သွားလေသည်။ ချက်ချင်းလိုပင် အဆောင်မှူး မစ္စဂျွန်ဆင်ကို ခေါ်၍ ပြန်ဝင်လာလေသည်။

"ကဲ... ဆရာမ ဟောဒါက ရဲစုံထောက်ဌာနက ရဲမှူးကြီးကယ်လ်ဆီ ဖြစ်ပါတယ်။ ဆရာမက ဖြစ်ပျက်ပုံကို ပြောပြလိုက်ပါ"

ဆရာမကြီးက မိတ်ဆက်ပေးရင်း ပြောလိုက်ရာ မစ္စဂျွန်ဆင်သည် စိတ်တုန်လှုပ် ချောက်ချားဟန်ဖြင့် စကားစပြောလေသည်။

"အလွန် စိတ်တုန်လှုပ် ချောက်ချားစရာပါပဲရှင်။ ကျွန်မ တစ်သက်တာမှာ တစ်ခါမှ ဒါမျိုးမကြုံဖူးပါဘူး။ ဖြစ်ပုံကလည်း ယုံနိုင်စရာတောင် မရှိပါဘူး။ ပြီးတော့ မစ္စစပရင်လာမှ ဖြစ်ရတာဟာ စိတ်မကောင်းစရာ ဖြစ်ပါတယ်"

"မစ္စဂျွန်ဆင်ခင်ဗျား၊ မစ္စစပရင်လာ အသတ်ခံရတာဟာ ယုံနိုင်စရာ မရှိအောင် ထူးဆန်းတယ်လို့ ဆိုလိုပါသလား"

ရဲမှူးကယ်လ်ဆီက မေးလိုက်ရာ မစ္စဂျွန်ဆင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ရဲမှူးကြီးရှင့်၊ မစ္စစပရင်လာဟာ အလွန်ကျန်းမာသန်ခွမ်းသူ အမျိုးသမီးတစ်ဦးလည်း ဖြစ်ပါတယ်။ ဖျတ်လတ် လျင်မြန်သူလည်း ဖြစ်ပါတယ်။ ဖောက်ထွင်းဝင်ရောက်လာတဲ့ လူဆိုးသူခိုးနဲ့ တွေ့ရင် မစ္စစပရင်လာဟာ ကောင်းကောင်းကြီး ခုခံကာကွယ်နိုင်စွမ်းရှိသူ ဖြစ်ပါတယ်"

"နေပါဦးခင်ဗျ။ လူဆိုးသူခိုးဆိုလို့ အားကစားရုံထဲမှာ ခိုးယူချင်စရာ ပစ္စည်းတစ်စုံတစ်ရာကော ရှိပါသလား"

"ဒီလိုတော့လည်း မရှိပါဘူး၊ ပစ္စည်းဆိုလို့ ရေကူးဝတ်စုံလို အားကစားသုံးပစ္စည်းတွေလောက်ပဲ ရှိပါတယ်"

"အင်း...ဒါမျိုးဆိုတော့လည်း သူခိုးက ဝင်ခိုးစရာ အကြောင်းမရှိပါဘူး။ ဒါထက် အားကစားရုံထဲကို ဖောက်ထွင်းဝင်ရောက်တဲ့ လက္ခဏာများ တွေ့ရပါသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်မလည်း မပြောတတ်ဘူးရှင့်။ ကျွန်မက သေသေချာချာ မကြည့်မိဘူး။ ကျွန်မတို့ရောက်သွားချိန်မှာတော့ အားကစားရုံရဲ့တံခါးက ပွင့်နေပါသေးတယ်"

ဤတွင် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုက ဝင်၍ "အားကစားရုံထဲကို ဖောက်ထွင်းပြီး ဝင်တာ မဟုတ်ဘူးရှင့်" ဟု ပြောလိုက်သည်။

"သေသူ မစ္စစပရင်လာဟာ လူချစ်လူခင်ပေါပါသလား"

ရဲမှူးကယ်လ်ဆီက မေးလိုက်ပြန်သည်။

"အဲဒါ ပြောရခက်တယ်ရှင့်၊ အခု သူက သေနေမှပြောလို့ မကောင်းပါဘူး"

အဆောင်မှူး မစ္စရှုန်ဆင်က ဤသို့ ပြောရာ ရဲမှူးကြီးက ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိဟန်ဖြင့် "ခင်ဗျားအနေနဲ့ မစ္စစပရင်လာကို သိပ်သဘောမကျဘူး ဆိုပါတော့" ဟု ပြောလိုက်သည်။

"ဒါတော့ မစ္စစပရင်လာကို ဘယ်သူကမှ သိပ်သဘောကျမှာ မဟုတ်ပါဘူး။ သူက ဆက်ဆံရေးမှာ တင်းမာတယ်။ ဒါပေမဲ့လည်း အလုပ်တာဝန်မှာတော့ သူ့ကို ဘာမှ ပြောစရာမရှိဘူး။ အလွန်အရည်အချင်းနဲ့ ပြည့်စုံတယ်"

"ကောင်းပါပြီ မစ္စရှုန်ဆင် ခင်ဗျား၊ ဖြစ်ပျက်ပုံကို ပြောပြစမ်းပါဦး"

"ဟုတ်ကဲ့ရှင့်၊ ညက ကျွန်မတို့ရဲ့ကျောင်းသူတစ်ဦးက နားကိုက်တဲ့ဝေဒနာဖြစ်ပါတယ်၊ သူ့နာမည်က ဂျိန်းလို့ ခေါ်ပါတယ်။ သူဟာ နားကိုက်လွန်းလို့ အိပ်ရာက လန့်နိုးပြီး ကျွန်မဆီကို လာပါတယ်။ ကျွန်မဆီမှာ ဆေးဝါးပစ္စည်းတွေ ဆောင်ထားတာရှိတော့ ကောင်မလေးကို နားကိုက်ပျောက်ဆေးပေးပြီး ပြန်အိပ်ခိုင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ ပြတင်းပေါက်က ပွင့်ထားပြီး ခန်းဆီးတွေက လေတိုက်လို့ ပွင့်နေပါတယ်။ ဒါနဲ့ ကျွန်မက ပြတင်းပေါက်ကို ပိတ်မလို့ သွားလိုက်တော့ အားကစားရုံထဲမှာ မီးလင်းနေတာတွေ့ရပြီး အံ့အားသင့်သွားမိပါတယ်။ မီးရောင်ကလည်း လှုပ်ရှားရွေ့လျားနေသလို ထင်ရတယ်"

"နေပါဦးဗျာ၊ မီးက လှုပ်ရှားနေတယ်ဆိုတော့ လျှပ်စစ်မီးပွင့်တာ မဟုတ်ဘဲ လက်နှိပ်ဓာတ်မီးလို မီးရောင်မျိုးကို ဆိုလိုတာလား"

"ဟုတ်တယ်ရှင့်၊ အဲဒီ မီးရောင်မျိုး ဖြစ်မှာပါပဲ။ ကျွန်မကလည်း အံ့သြမိရာက ညကြီးအချိန်မတော် အားကစားရုံထဲ ဘယ်သူက ဘာသွားလုပ်နေပါလိမ့်လို့ တွေးမိပါတယ်။ လူဆိုး သူခိုး ဖောက်ထွင်း ဝင်ရောက်တာလားလို့ ကျွန်မက မစဉ်းစားမိပါဘူး"



"ခင်ဗျားက ဘယ်လိုစဉ်းစားမိပါသလဲ။ ဘယ်လိုထင်ပါသလဲ"

"တိတိကျကျတော့ ဘယ်လိုမှ မထင်မိပါဘူး"

မစ္စရှုန်ဆင်က ပြောလိုက်ပြီးနောက် ကျောင်းအုပ်ဆရာမကြီးက ဝင်ကူရှင်းပြသည့်အနေဖြင့် "မစ္စရှုန်ဆင်ဆိုလိုတာက ဒီလိုထင်ပါတယ်၊ အားကစားရုံထဲမှာ မီးလင်းနေတာ မြင်တော့ သူ့စိတ်ထဲမှာ ကျောင်းသူမိန်းကလေးတစ်ယောက်ဟာ တစ်ယောက်ယောက်နဲ့ ချိန်းတွေ့တာများလားလို့ ထင်မိပုံရပါတယ်။ မဟုတ်ဘူးလား ဆရာမ" ဟု ပြောလိုက်ရာ မစ္စရှုန်ဆင်သည် အံ့အားသင့်သွားသော်လည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ အဲဒီလိုတော့ ကျွန်မစိတ်ထဲက တွေးလိုက်မိပါတယ်။ ကျွန်မတို့ ကျောင်းသူတွေထဲက အီတလီလူမျိုးတစ်ယောက်ယောက်များ ဖြစ်နေမလားလို့ ထင်လိုက်မိပါတယ်။ နိုင်ငံခြားသူ မိန်းကလေးတွေက အင်္ဂလိပ်မိန်းကလေးတွေနဲ့ မတူဘူး မဟုတ်လား"

ထိုစကားကို ဆရာမကြီးက လက်ခံချင်ပုံမရချေ။

"ဒီလိုလည်း မပြောပါနဲ့၊ ဒီကျောင်းမှာ လာနေတဲ့ အင်္ဂလိပ်မိန်းကလေးတွေကလည်း ဒါမျိုး လုပ်တတ်သူတွေ ရှိခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဆရာမက မီးရောင်မြင်တော့ ဒီလိုထင်လိုက်တာဟာ သဘာဝကျပါတယ်"

ဆရာမကြီးက ပြောလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီက မစ္စရှုန်ဆင်ဘက်သို့ လှည့်၍ "ကိုင်း... ဆက်ပြောပါဦး" ဟု ပြောလိုက်သည်။

"ဒါနဲ့ ကျွန်မလည်း ဆရာမမစ္စစ်ချက်ဒစ်ကို ခေါ်ပြီး အားကစားရုံကို သွားကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်"

"ခင်ဗျားက တခြားဆရာမတစ်ယောက်ယောက်ကို မခေါ်ဘဲ မစ္စစ်ချက်ဒစ်ကိုမှ ခေါ်တာဟာ အကြောင်းရှိပါသလား"

"ဒီလိုရှိပါတယ်။ ကျွန်မအနေနဲ့ မစ္စစ်ဘားစထရိုကို အနှောင့်အယှက်မပေးချင်လို့ပါ။ ကျွန်မတို့တစ်တွေက အကြောင်းကိစ္စတစ်ခုခုရှိရင် မစ္စစ်ချက်ဒစ်ဆီကိုပဲ သွားလေ့ရှိပါတယ်။ သူက ဒီကျောင်းမှာ ဝါရင့်ပြီး အတွေ့အကြုံများသူလည်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ ခင်ဗျားက မစ္စစ်ချက်ဒစ်ကို သွားနှိုးလိုက်သလား"

"ဟုတ်ပါတယ်၊ သွားနှိုးလိုက်တော့ မစ္စစ်ချက်ဒစ်ကလည်း အားကစားရုံထဲ ချက်ချင်းသွားကြည့်ဖို့ သဘောတူပါတယ်။ ကျွန်မတို့ အဝတ်အစားလဲမနေတော့ပါဘူး။ ကုတ်အင်္ကျီတစ်ထည်စီ ဆွဲဝတ်ပြီး အဆောင်အပြင်ဘက်ကို ထွက်သွားကြပါတယ်။ ကျွန်မတို့နှစ်ယောက် အပြင်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



လူသွားစင်္ကြံကို ရောက်ချိန်မှာပဲ အားကစားရုံဘက်က သေနတ်သံတစ်ချက် ကြားလိုက်ရပါတယ်။ ဒီတော့ ကျွန်မတို့က သုတ်ခြေတင် ပြေးသွားကြပါတယ်။ အရေးထဲ ကျွန်မတို့မှာ လက်နှိပ်ဓာတ်မီးတောင် မပါကြပါဘူး။ အားကစားရုံရောက်တော့ တံခါးပွင့်နေတာ တွေ့ရပါတယ်။ ကျွန်မတို့က ဝင်ပြီး လျှပ်စစ်မီးခလုတ်ကို ဖွင့်လိုက်ပါတယ်"

ဤတွင် ရဲမှူးကယ်လ်ဆီက ဖြတ်၍ "ခင်ဗျားတို့ ရောက်သွားတော့ ဘာမီးရောင်မှ မရှိဘူးလား။ လက်နှိပ်ဓာတ်မီးအလင်းရောင်တို့ ဘာတို့ မတွေ့ရဘူးလား" ဟု မေးလိုက်သည်။

"မတွေ့ရဘူးရှင့်၊ မှောင်မည်းနေပါတယ်။ ဒါကြောင့် ကျွန်မတို့က လျှပ်စစ်မီးခလုတ်ကို ဖွင့်လိုက်ပါတယ်။ အဲဒီတော့ မစ္စစ်စပရင်လာကို တွေ့ရတာပါပဲ"

"ဟုတ်ကဲ့၊ အားကစားရုံထဲက အခြေအနေကို ပြောပြဖို့မလိုပါဘူး။ ကျွန်တော်ကိုယ်တိုင် အခုပဲ သွားကြည့်ပါမယ်။ ခင်ဗျားတို့နှစ်ယောက် အဆောင်ကနေပြီး အားကစားရုံကို သွားတော့ လမ်းမှာ ဘယ်သူမှ မတွေ့ဘူးလား"

"မတွေ့ဘူးရှင့်"

"တစ်ယောက်ယောက် ပြေးလွှားသံကော မကြားမိဘူးလား"

"ဘာသံမှ မကြားမိဘူးရှင့်"

"ကောင်းပါပြီ၊ ခင်ဗျားတို့ သေနတ်သံကြားတယ် မဟုတ်လား၊ အဲဒီ သေနတ်သံကို ဒီကျောင်းထဲက တခြားလူ ဘယ်သူများ ကြားသေးသလဲ"

ရဲမှူးကယ်လ်ဆီက ဆရာမကြီး မစ္စဘားစထရို့အား လှမ်းကြည့်ရင်း မေးလိုက်သည်။

ဆရာမကြီးက ခေါင်းခါပြလေသည်။

"ကျွန်မ သိသလောက်တော့ ဘယ်သူမှ မကြားလိုက်ဘူးရှင့်၊ ကြားဖို့လည်း မလွယ်ဘူး။ အားကစားရုံက ကျောင်းအဆောင်နဲ့ ဆိုရင် အတော် အလှမ်းဝေးပါတယ်"

"အားကစားရုံဘက် မျက်နှာပြုထားတဲ့ အဆောင်က အခန်းတစ်ခန်းက ဆိုရင်ကော မကြားနိုင်ဘူးလား"

"ဒါလည်း လွယ်မယ်မထင်ဘူး။ လူတစ်ယောက်ယောက်က သေသေချာချာ နားစွင့်ထောင်နေမှသာ ကြားနိုင်မယ်။ ဒီအချိန်က အားလုံး အိပ်ပျော်



နေကြတာမို့ သေနတ်သံက အိပ်ရာက လန့်နိုးလောက်အောင် ကျယ်မယ်လို့ မထင်ဘူး"

"ကျေးဇူးတင်ပါတယ်၊ ကိုင်း... ကျွန်တော် အားကစားရုံဘက် သွားကြည့်လိုက်ဦးမယ်"

ရဲမှူးကြီးက ပြောလိုက်လျှင် ဆရာမကြီးက "ကျွန်မလည်း ရဲမှူးကြီးနှင့်အတူ လိုက်ခဲ့ပါမယ်" ဟု ပြောလိုက်သည်။

ထိုအခါ အဆောင်မှူး မစ္စရွှန်ဆင်က "ကျွန်မ လိုက်ခဲ့ရမလားရှင့်၊ လိုအပ်ရင် လိုက်ခဲ့ပါမယ်၊ ဒါမျိုးဆို တာ ရှောင်နေလို့လည်း ဖြစ်တာမဟုတ်ဘူး" ဟု ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မစ္စရွှန်ဆင် လိုက်ဖို့မလိုပါဘူး။ ဆရာမအနေနဲ့ အလကားသက်သက် ပင်ပန်းနေပါဦးမယ်"

"ကျွန်မကတော့ အလွန်စိတ်မကောင်း ဖြစ်မိပါတယ်။ ကျွန်မက မစ္စစပရင်လာကို သိပ်သဘောမကျဖြစ်ခဲ့သူ ဖြစ်တဲ့အတွက် ပိုပြီး စိတ်မကောင်း ဖြစ်မိပါတယ်။ သူနဲ့ ကျွန်မဟာ သဘောကွဲလွဲမှုတွေလည်း ရှိခဲ့ပါတယ်။ မနေ့ညကပဲ သူနဲ့ ကျွန်မတို့ အငြင်းပွားကြပါသေးတယ်။ ကျွန်မက ကျောင်းသူ မိန်းကလေးတွေကို အားကစားလေ့ကျင့်မှုတွေ ခပ်ကြမ်းကြမ်း လုပ်ခိုင်းတာ မသင့်တော်ဘူးလို့ ပြောမိပါတယ်။ တချို့မိန်းကလေးတွေဟာဆိုရင် သိပ်ပြီး ကျန်းမာသန်စွမ်းသူတွေ မဟုတ်တဲ့အတွက် အားကစားလေ့ကျင့်ခန်းတွေ တရကြမ်းလုပ်ရင် ပင်ပန်းလွန်းပြီး ကျန်းမာရေး ထိခိုက်မှာ စိုးရိမ်ရတယ်လို့ ကျွန်မက ပြောတော့ မစ္စစပရင်လာက လက်မခံဘူးရှင့်၊ သူက အဲဒီ အားနည်းတဲ့ မိန်းကလေးတွေကို လေ့ကျင့်ခန်းတွေ အကြမ်းလုပ်ခိုင်းမှသာ ကိုယ်ခန္ဓာ သန်စွမ်းတောင့်တင်းလာမယ်လို့ ပြောပါတယ်။ တကယ်တော့ ကျွန်မက အတွေ့အကြုံ ဝါရင့်တဲ့အတွက် မိန်းကလေးများရဲ့ ကျန်းမာရေး အခြေအနေအကြောင်း ပိုသိပါတယ်။ ဒါကို မစ္စစပရင်လာက လုံးဝ လက်မခံဘဲ ဖွတ်ငြင်းပါတယ်။ သူဟာ အားကစားပညာမှာ တော်တာမှန်ပါတယ်။ ဒါပေမဲ့ တခြား ဘာမှ သိပ်သိတာ မဟုတ်ပါဘူး။ မစ္စစပရင်လာဟာ အလွန် ခေါင်းမာပြီး တစ်ဖွတ်ထိုး ဝါသနာရှိတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ။ အဲဒီလို နဲ့ သူနဲ့ ကျွန်မ ပဋိပက္ခဖြစ်သလို အငြင်းပွားပြီးကာမှ သူ သေဆုံးသွားတယ် ဆိုတော့ ကျွန်မမှာ အထူးစိတ်မကောင်း ဖြစ်မိတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိပါတယ်ရှင်"

မစ္စရွှန်ဆင်သည် တကယ်ပင် စိတ်ထိခိုက် ဝမ်းနည်းဟန်ဖြင့် ပြောသေးရာ ဆရာမကြီး မစ္စဘားစထရို့က နှစ်သိမ့်အားပေးသည့်အနေဖြင့် ပခုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို ညင်သာစွာ ကိုင်ကာ ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းလိုက်သည်။

"ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့ ဆရာမရယ်၊ ပြီးခဲ့တာလည်း ပြီးနေပါပြီ။ လူတစ်ယောက်နဲ့တစ်ယောက် သဘောကွဲလွဲတယ်ဆိုတာက သဘာဝပဲ။ စိတ်အေးအေးထားပြီးသာ နေစမ်းပါ"

ဤသို့ပြောပြီး ဆရာမကြီးသည် ရဲမှူးကယ်လ်ဆီနှင့် အတူလိုက်ထွက်လာလေသည်။

ဘေးတံခါးတစ်ခုမှ အပြင်ဘက်သို့ ထွက်လိုက်ကြစဉ် ရဲမှူးကြီးက "မနေ့ညက မစ္စဂျွန်ဆင်နဲ့ မစ္စချက်ဒစ်တို့ ထွက်လာတာလည်း ဒီတံခါးကပဲလား" ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီတံခါးက ထွက်လိုက်ရင် ပန်းပင်တွေ စိုက်ထားတဲ့ လူသွားလမ်းတစ်ခုက တစ်ဆင့် အားကစားရုံကို ရောက်ပါတယ်"

ဆရာမကြီးက ပြန်ပြောလိုက်ပြီးနောက် ဆက်လျှောက်သွားကြရာ မကြာမီ အားကစားရုံ အဆောက်အအုံသို့ ရောက်သွားကြလေသည်။ ထိုအချိန်၌ အားကစားရုံအတွင်း လျှပ်စစ်မီးများ ထိန်လင်းနေလေသည်။

အတွင်းသို့ ဝင်လိုက်ကြသောအခါ အားကစားရုံသည် အတော်ကျယ်ဝန်းကြောင်း တွေ့ရှိရလေသည်။ တစ်နေရာ၌ ကျောင်းသူမိန်းကလေးများ အဝတ်အစား စသည်တို့ ထည့်ပြီး သော့ခတ်ထားနိုင်သည့် သစ်သားအံဆွဲများ ရှိသည်။ အံဆွဲများပေါ်တွင်လည်း မိန်းကလေးများ၏ နာမည်များ ရေးသားထားလေသည်။ တစ်ဖက်အစွန်တွင် တင်းနစ်ရိုက်သည့် ရက်ကက်များထားသည့် သီးသန့်နေရာတစ်ခု ရှိလေသည်။ အဆောက်အအုံ၏ တစ်နေရာတွင် ဘေးသို့ ထွက်သည့် တံခါးရှိပြီး ထိုတံခါးမှ ထွက်လိုက်လျှင် ရေချိုးခန်းများသို့ ရောက်လေသည်။

သူတို့ရောက်သွားသောအချိန်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့သည် အလုပ်လုပ်နေကြသည်။ တစ်ဦးက ဓာတ်ပုံများ ရိုက်ယူနေပြီး တစ်ဦးက လက်ဗွေပုံစံများကို ရှာဖွေလေ့လာကြည့်နေလေသည်။

ရဲမှူးကယ်လ်ဆီအား မြင်လျှင် လက်ဗွေပုံစံရိုက်ယူနေသူက "ရဲမှူးကြီးတို့ ကြမ်းပြင်အလယ်က ဖြတ်လျှောက်လို့ ရပါတယ်။ အနှောင့်အယှက်မဖြစ်ပါဘူး။ ကျွန်တော်တို့က အလုပ်နည်းနည်းကျန်နေသေးတယ်" ဟု ပြောလိုက်လေသည်။



ရဲမှူးကယ်လ်ဆီသည် လူသေအလောင်းရှိရာသို့ ဆက်လျှောက်သွားလေသည်။ ထိုအချိန်၌ ရဲတပ်ဖွဲ့ဆရာဝန်က အလောင်းကို ကြည့်ရှု စစ်ဆေးလျက် ရှိသည်။

ရဲမှူးကယ်လ်ဆီ ချဉ်းကပ်သွားသောအခါ ဆရာဝန်က...

"အမျိုးသမီး သေဆုံးသွားပုံက သူ့ကို လေးပေလောက်အကွာကနေပြီး သေနတ်ပစ်ခံရတယ်။ ကျည်ဆန်က နှလုံးတည့်တည့်ကို ထိမှန်တဲ့အတွက် ချက်ချင်းပဲ သေဆုံးသွားတာ ဖြစ်တယ်" ဟု ပြောလိုက်သည်။

"သူသေနေတာဟာ ဘယ်လောက်ကြာပြီလဲ"

ရဲမှူးကယ်လ်ဆီက ပြန်မေးလိုက်သည်။

"ခန့်မှန်းကြည့်ရတာကတော့ လွန်ခဲ့တဲ့ တစ်နာရီကျော်ကျော်လောက်က သေဆုံးသွားတယ်လို့ ယူဆရပါတယ်"

ဆရာဝန်က ပြောလိုက်ပြီးနောက် ကယ်လ်ဆီသည် လှည့်လျှောက်ကြည့်ရင်း ပိန်ပိန်ပါးပါး အရပ်မြင့်မြင့်နှင့် ဆရာမ မစ္စချက်ဒစ်ကို မြင်မိလေသည်။ သူမသည် အသက်ငါးဆယ့်ငါးနှစ်ခန့် ရှိပြီဖြစ်သည်။

"မစ္စချက်ဒစ် မဟုတ်ပါလားခင်ဗျ"

ရဲမှူးကယ်လ်ဆီက စတင်နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ရှင့်"

"ဆရာမက အဆောင်မှူး မစ္စဂျွန်ဆင်နဲ့အတူ လိုက်လာပြီး အလောင်းကို တွေ့ခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မတို့ ရောက်လာတဲ့ အချိန်မှာ မစ္စစပရင်လာဟာ အခုအတိုင်းပဲ သေနေပါတယ်"

"ဘယ်အချိန်လောက်ကပါလဲ"

"မစ္စဂျွန်ဆင်က လာနှိုးတော့ ကျွန်မ နာရီကိုကြည့်လိုက်မိတယ်။ အဲဒီအချိန်က တစ်နာရီထိုးဖို့ ဆယ်မိနစ်အလို ဖြစ်နေပါတယ်"

ရဲမှူး ကယ်လ်ဆီက ခေါင်းညိတ်လိုက်သည်။ အဆောင်မှူး မစ္စဂျွန်ဆင် ပြောပြသော အချိန်နှင့် ကိုက်နေပေသည်။ ထို့နောက် သူသည် သေဆုံးနေသူ မစ္စစပရင်လာကို ကြည့်လိုက်သည်။

သူမသည် ဆံပင်အနီရောင်ရှိပြီး မျက်နှာတွင် ယင်ချေးဉများ ရှိသည်ကို သတိပြုမိသည်။ အားကစားနည်းပြဆရာမပီပီ ခန္ဓာကိုယ်ကလည်း တောင့်တင်းသန်မာပုံရလေသည်။

"လူသတ်လက်နက်ဖြစ်တဲ့ သေနတ်ကို ရှာတွေ့သလား"

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကယ်လ်ဆီက မေးလိုက်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးက "လက်နက်ကို လုံးဝ ရှာမတွေ့ဘူးဆရာ" ဟု ပြန်ပြောလေသည်။

"လက်နှိပ်ဓာတ်မီး တွေ့သလား"

"ဟုတ်ကဲ့၊ အခန်းထောင့်နားမှာ လက်နှိပ်ဓာတ်မီးတစ်လက် တွေ့ပါတယ်"

"အဲဒီလက်နှိပ်ဓာတ်မီးမှာ လက်ဗွေပုံစံ တွေ့ရသလား"

"ဟုတ်ကဲ့၊ သေဆုံးသူအမျိုးသမီးရဲ့ လက်ဗွေပုံစံ တွေ့ရပါတယ်"

"ဒါဖြင့် သေသူအမျိုးသမီးဟာ လက်နှိပ်ဓာတ်မီးအသုံးပြုခဲ့တာ သေချာတယ်။ သူဟာ လက်နှိပ်ဓာတ်မီးကို ကိုင်ပြီး ဒီအားကစားရုံကို လာခဲ့တာ ဖြစ်ရမယ်။ ဘာကိစ္စလာတာပါလိမ့်"

ဤသို့ ပြောပြီးမှ မစ္စချက်ဒစ်ဘက်သို့ လှည့်၍"ဆရာမ ဘယ်လိုထင်ပါသလဲ" ဟု မေးလိုက်သည်။

မစ္စချက်ဒစ်က ခေါင်းခါပြလေသည်။

"ဘယ်လိုမှ မထင်တတ်ဘူးရှင့်၊ မစ္စစပရင်လာဟာ အားကစားရုံထဲမှာ ပစ္စည်းတစ်ခုခု မေ့ကျန်လို့ လာယူတာလား မပြောတတ်ဘူး၊ အဲဒါလည်း ညကြီးအချိန်မတော်လာလို့ ဖြစ်မယ် မထင်ပါဘူး"

"ဒီလိုသာ ဆိုရင်တော့ အလွန်အရေးကြီးလို့သာ ညကြီးလာတာ ဖြစ်ရမယ်"

ရဲမှူး ကယ်လ်ဆီက မှတ်ချက်ချလိုက်ပြီးနောက် အားကစားရုံအတွင်း လှည့်ပတ်ကြည့်လိုက်ပြန်သည်။

တစ်နေရာရှိ တင်းနစ်ရက်ကက်များ ထားသည့် စင်မှာ လက်ရာပျက်နေသည်ကို သတိပြုမိလေသည်။ တစ်စုံတစ်ယောက်က လာရောက် ကိုင်တွယ်ခဲ့ကြောင်း ထင်ရှားနေသည်။ ရက်ကက်အချို့မှာ ကြမ်းပြင်ပေါ်တွင် ကျနေလေသည်။

မစ္စချက်ဒစ်သည် သူ၏ ထင်မြင်ချက်ကို ပြောပြန်လေသည်။

"အားကစားရုံထဲ မီးလင်းနေတာကို မစ္စဗျွန်ဆင် မြင်သလို မစ္စစပရင်လာက မြင်လို့ လာကြည့်တာလည်း ဖြစ်နိုင်မယ် ထင်ပါတယ်"

"ဒါလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ စဉ်းစားစရာက ညအချိန်မတော် တစ်ယောက်တည်း လာပါ့မလား"

"မစ္စပရင်လာက တစ်ယောက်တည်းလာဝံ့သူ ဖြစ်ပါတယ်"

မစ္စချက်ဒစ်က သွက်လက်စွာပင် ပြန်ပြောလိုက်သည်။



"ဒါထက် ခင်ဗျားကို အဆောင်မှူး မစ္စဗျွန်ဆင်က လာနှိုးတယ် မဟုတ်ပါလား"

"ဟုတ်ပါတယ်၊ ကျွန်မကိုယ်တိုင်ကလည်း ညအချိန်မတော် မီးလင်းနေတာမြင်ရင် ဆရာမကြီး ဖြစ်ဖြစ်၊ တခြားဆရာမတစ်ယောက်ဖြစ်ဖြစ် နှိုးလိုက်မှာပါပဲ။ ဒါပေမဲ့ မစ္စစပရင်လာကတော့ ဘယ်သူ့ကိုမှ မနှိုးဘဲ သူတစ်ယောက်တည်း သွားခဲ့တယ်။ တကယ်လို့ လူဆိုးသူခိုးဖြစ်နေရင် သူတစ်ယောက်တည်း ရင်ဆိုင်မယ့်ပုံမျိုးပါပဲ"

"နောက်တစ်ချက်က ခင်ဗျားနဲ့ မစ္စဗျွန်ဆင်တို့က ဘေးတံခါးအပြင်ဘက်က ထွက်ကြတယ်လို့ ဆိုတယ်။ အဲဒီ ဘေးတံခါးသော့ခတ်ပိတ်မထားဘူးလား"

ရဲမှူး ကယ်လ်ဆီက မေးလိုက်ပြန်ရာ မစ္စချက်ဒစ်ကလည်း "ဟုတ်ကဲ့၊ သော့ခတ်မထားဘူးရှင့်" ဟု ပြန်ပြောလေသည်။

"ဒါဖြင့် မစ္စစပရင်လာက အဲဒီတံခါးက အပြင်ဘက်ထွက်သွားလို့ တံခါးသော့ပွင့်နေဟန် တူတယ်"

"ဟုတ်ကဲ့၊ ဒီလိုပဲ ယူဆစရာရှိပါတယ်"

"ဒါဖြင့် ကျွန်တော်တို့ ယူဆရမှာက မစ္စစပရင်လာဟာ အားကစားရုံထဲမှာ မီးရောင်မြင်လို့ စုံစမ်းကြည့်ရအောင် သွားကြည့်တဲ့အခါမှာ ရှိတဲ့လူက ဆရာမကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်လို့ပဲ ယူဆရပါတယ်။ အဲဒါ ဖြစ်ပျက်ပုံအမှန်ပဲလို့ ယူဆပါသလား"

ဤတွင် ဆရာမကြီး မစ္စဘားစထရို့က သူ၏ ထင်မြင်ချက်ကို ဝင်ပြောလေသည်။

"ကျွန်မတော့ ဒီလိုမဖြစ်နိုင်ဘူးလို့ ယူဆတယ်။ ရဲမှူးကြီးပြောတာ ပထမပိုင်းကတော့ ဟုတ်ပါတယ်။ မစ္စစပရင်လာဟာ အားကစားရုံထဲမှာ မီးအလင်းရောင်တွေ့လို့ သူတစ်ယောက်တည်း သွားစုံစမ်းကြည့်တာ ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ဟိုမှာရှိနေတဲ့လူက ဆရာမကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်ဆိုတာက တယ်ပြီး သဘာဝမကျဘူး။ တကယ်လို့ သူခိုးတစ်ယောက်ရှိနေရင် ဒီလူဟာ ဆရာမ ရောက်လာတာကို မြင်ရင် ထွက်ပြေးမှာပဲ။ နောက်တစ်ခုက ညအချိန်မတော် လူတစ်ယောက်က သေနတ်ကိုင်ပြီး အားကစားရုံထဲ လာတယ်ဆိုတာလည်း အဓိပ္ပာယ်မရှိပါဘူး၊ အားကစားရုံထဲမှာ ခိုးယူစရာ အဖိုးတန်တာမရှိဘူး။ လူသတ်မှုကျူးလွန်လောက်အောင်လည်း အကြောင်းမရှိဘူးလို့ ကျွန်မတို့တော့ ယူဆမိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မစ္စစပရင်လာက ရောက်လာတော့ ဒီမှာ လူနှစ်ယောက် တိတ်တိတ်ချိန်းတွေ့နေတာနဲ့ ပက်ပင်းတိုးမိတယ်လို့ ဆရာမကြီးက ထင်ပါသလား"

ရဲမှူးကယ်လ်ဆီက ပြန်မေးလိုက်ရာ ဆရာမကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဒါမျိုး ဖြစ်နိုင်တယ်လို့ ထင်မိပါတယ်။ ဒါပေမဲ့လည်း လူသတ်မှုကျူးလွန်လောက်အောင်တော့ အကြောင်းမခိုင်လုံဘူးလို့ ထင်ပါတယ်။ ကျွန်မတို့ကျောင်းက ကျောင်းသူမိန်းကလေးတွေက သေနတ်ကိုင်ဆောင်တာ မဖြစ်နိုင်ဘူး။ သူတို့က ယောကျ်ားကလေးတစ်ယောက်ယောက်နဲ့ ချိန်းတွေ့တယ်ဆိုရင်လည်း အဲဒီယောကျ်ားလေးက သေနတ်ကိုင်လာဖို့ မရှိဘူး"

ထိုစကားကို ရဲမှူးကယ်လ်ဆီကလည်း သဘောတူ လက်ခံလိုက်သည်။

"မှန်ပါတယ်၊ ယောကျ်ားကလေးတစ်ယောက်ဆိုရင် အလွန်ဆုံး မောင်းချဓားလောက်ပဲ ကိုင်ဆောင်လေ့ ရှိပါတယ်။ တစ်ခုစဉ်းစားစရာက မစ္စစပရင်လာက ဒီအားကစားရုံကို လာတာဟာ လူတစ်ယောက်ယောက်နဲ့ တွေ့ဆုံတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

မစ္စချက်ဒဲစ်က ဝင်ပြောလိုက်သည်။

"ကျွန်တော်ပြောနေတာက ချစ်သူနဲ့ ချိန်းတွေ့တာမျိုးကို မဆိုလိုပါဘူး။ တစ်ယောက်ယောက်က မစ္စစပရင်လာကို လုပ်ကြံသတ်ဖြတ်ဖို့ ရည်ရွယ်ပြီး သေနတ်နဲ့ ပစ်သတ်သွားတာ မဖြစ်နိုင်ဘူးလားလို့ ဆိုလိုတာပါ"

ရဲမှူးကယ်လ်ဆီက သူ၏ ထင်မြင်ချက်ကို ပြောလိုက်သည်။

❐

ဂျင်နီဖာထံမှ မိခင်ဖြစ်သူထံသို့ ရေးလိုက်သောစာ။

**မာမီရှင့်**...

မနေ့ညက သမီးတို့ကျောင်းမှာ လူသတ်မှုတစ်ခု ဖြစ်ပွားတယ်။ အသတ်ခံရသူက အားကစားနည်းပြဆရာမဖြစ်တဲ့ မစ္စစပရင်လာပဲ ဖြစ်ပါတယ်။ လူသတ်မှုဖြစ်တာက ညသန်းခေါင်ကျော် အချိန်ကြီးမှာ ဖြစ်ပြီး ရဲအရာရှိတွေ ချက်ချင်း ရောက်လာကြပါတယ်။ ဒီနေ့မနက်ကျတော့ ရဲအရာရှိတွေက လူတွေကို မေးခွန်းတွေ လျှောက်မေးကြတယ်။



မစ္စချက်ဒဲစ်ကတော့ သမီးတို့ကို ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောရဘူးလို့ ဆိုတယ်။ သမီးက မာမီသိသင့်တယ်ထင်လို့ စာရေးလိုက်တာပဲ။ ဒါပဲနော်...

**ချစ်သမီး ဂျင်နီဖာ**

❐

မဲဒိုးဘင်းကျောင်းသည် အင်္ဂလန်ပြည်၌ ထိပ်တန်းနာမည်ကြီး မိန်းကလေးကျောင်းတစ်ကျောင်းဖြစ်ပြီး နေရာတကာတွင် အရေးပါလောက်အောင် ဩဇာညောင်းသည့်ကျောင်းလည်းဖြစ်ပေသည်။ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့သည်လည်း တိုင်းပြည်တွင် ဩဇာတိက္ကမကြီးမားသူ အထက်တန်းလွှာပုဂ္ဂိုလ်ကြီးများနှင့် ခင်မင်ရင်းနှီးလေသည်။

ထို့ကြောင့် ဆရာမကြီးသည် သူနှင့် သိကျွမ်းသူ ပြည်ထဲရေးဝန်ကြီးနှင့် သတင်းစာခပ်များများကို ကြီးကြပ် ချုပ်ကိုင်ထားသူ ပုဂ္ဂိုလ်ကြီးတစ်ဦးထံသို့ တယ်လီဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြလိုက်သည်။ ထို့ကြောင့် ကျောင်း၌ ဖြစ်ပွားသည့် လူသတ်မှုအကြောင်းကို သတင်းစာများတွင် အကြီးအကျယ် ပုံကြီးချဲ့၍ အကျယ်တဝင့် ရေးသားဖော်ပြခြင်း မရှိဘဲ သာမန်သဘောလောက်သာ ဖော်ပြပါရှိကြလေသည်။ ကျောင်းမှ အားကစားနည်းပြဆရာမတစ်ဦး အားကစားရုံထဲတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ မတော်တဆ ထိခိုက်မှုလည်း ဖြစ်နိုင်ကြောင်း၊ အဖြစ်မှန်ကို စုံစမ်းဆဲဖြစ်ကြောင်း စသည်ဖြင့် အကျဉ်းမျှသာ ဖော်ပြပါရှိလေသည်။

ဆရာမကြီး၏ အတွင်းရေးမှူး အယ်နီသည် လက်ရေးတိုဖြင့် စာတွေ တစ်စောင်ပြီးတစ်စောင် ရေးမှတ်ရင်း အလုပ်များနေလေသည်။ စာများက ကျောင်းသူများ၏ မိဘများထံသို့ ဆရာမကြီး ရေးသည့်စာများပင် ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီးအနေဖြင့် ကျောင်းသူမိန်းကလေးများအား မည်သို့ပင် နှုတ်ပိတ်ထားစေကာမူ မိမိတို့မသိအောင် မိဘများထံသို့ စာရေးသွင်း ထိုကိစ္စအကြောင်း ထည့်ရေးကြမည်မှာ သေချာသည်ဟု တွက်မိလေသည်။ ထို့ကြောင့် ကျောင်းသူများ ရေးသားပုံက မိဘများ စိုးရိမ်စိတ်ပူမည့် အဖြစ်မျိုး ရောက်သွားမည်စိုးသဖြင့် ဆရာမကြီးကိုယ်တိုင်က လူသတ်မှုအကြောင်းကို ဘာမျှ စိုးရိမ်ဖွယ်မဖြစ်အောင် သူကိုယ်တိုင် မိဘများထံတိုက်ရိုက်စာရေးခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေဘက်တွင် ဆရာမကြီးသည် ရဲမှူးကယ်လ်ဆီအပြင် ရဲတပ်ဖွဲ့အကြီးအကဲ မစ္စတာစတုံးဆိုသူနှင့်ပါ တွေ့ဆုံဆွေးနွေးရလေသည်။

"ဆရာမကြီးတို့ကျောင်းမှာ ခုလိုမှုခင်းဖြစ်ရတာကို ဝမ်းနည်းပါတယ်။ ဆရာမကြီးတို့ကျောင်းအတွက် လူသတ်မှုဖြစ်ပွားတယ်ဆိုတာ စိတ်အနှောင့်အယှက် ဖြစ်စရာပါပဲ"

ရဲတပ်ဖွဲ့အကြီးအကဲ မစ္စတာစတုံးက စတင်ပြောလိုက်သည်။

"လူသတ်မှု ဖြစ်ပွားတယ်ဆိုတာ ကျွန်မတို့ကျောင်းအတွက်သာ မဟုတ်ပါဘူး။ ဘယ်ကျောင်းမဆို ဒါမျိုးဖြစ်ရင် မကောင်းတာအမှန်ပဲ။ သို့သော်လည်း အခုအခြေအနေမှာ ဒီလိုပြောနေလို့ ဘာမှမထူးတော့ပါဘူး။ ကျွန်မတို့အနေနဲ့ စိတ်ခတ်ခိုင်ခိုင် ရင်ဆိုင်ဖို့ ရှိပါတယ်။ တစ်ခုပဲ ရှိတာက ဒီအမှုဟာ အမြန်ဆုံး ပြီးပြတ် ရှင်းလင်းသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ဆရာမကြီးကပြောလိုက်ရာ မစ္စတာစတုံးက ရဲမှူးကယ်လ်ဆီအား လှမ်းကြည့်လိုက်သည်။

"မရှင်းလင်းစရာလည်း အကြောင်းမရှိပါဘူး မဟုတ်လား"

ထိုအခါ ရဲမှူးကယ်လ်ဆီက "အသတ်ခံရတဲ့ ဆရာမရဲ့နောက်ကြောင်းရာဇဝင်ကိုသိရရင် ကျွန်တော်တို့ စုံစမ်းထောက်လှမ်းရေးမှာ အထောက်အကူ ဖြစ်နိုင်ပါတယ်" ဟု ပြောလိုက်သည်။

"ဘာလဲ၊ လူသတ်မှုဖြစ်ပွားတာဟာ ဒီကျောင်းနဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ ထင်နေလား"

မစ္စတာစတုံးက မေးလိုက်ရာ ရဲမှူးကယ်လ်ဆီက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်တော့ လူသတ်မှုဟာ ဒီမဲဒိုးဘင်းကျောင်းနဲ့ ပတ်သက်နေတယ်လို့ ထင်မိပါတယ်။ သေသူ မစ္စစပရင်လာဟာ တခြားဆရာမတွေနည်းတူ အားလပ်ချိန်ရတဲ့အခါ ရပါတယ်။ ဒီတော့ သူက အပြင်လူတစ်ယောက်ယောက်နဲ့ တွေ့ဆုံဖို့ ချိန်းတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဘာကြောင့် အားကစားရုံမှာမှ ရွေးပြီး ချိန်းတယ်ဆိုတာ စဉ်းစားလို့မရဘူး"

ဤတွင် မစ္စတာစတုံးက ဆရာမကြီးဘက်သို့ လှည့်၍ "တကယ်လို့ ကျုပ်တို့ရဲတပ်ဖွဲ့ဝင်တွေက ဒီကျောင်းရဲ့ နေရာအနှံ့အပြားမှာ သဲလွန်စလိုက်ရှာမယ်ဆိုရင် ဆရာမကြီးအနေနဲ့ ကန့်ကွက်စရာရှိပါသလား"ဟု မေးလိုက်သည်။

"ကန့်ကွက်စရာ မရှိပါဘူးရှင့်။ ရှင်တို့က လူသတ်လက်နက်ဖြစ်တဲ့ သေနတ်ကို လိုက်ရှာချင်တယ်လို့ ထင်ပါတယ်"



"ဟုတ်ပါတယ်၊ အသုံးပြုတဲ့ လက်နက်က နိုင်ငံခြားလုပ် ပစ္စတိုသေနတ် အငယ်စား ဖြစ်ပါတယ်"

"ဟင်... နိုင်ငံခြားလုပ် သေနတ်အမျိုးအစားလား"

"ဟုတ်ပါတယ်၊ ဆရာမကြီး သိရသလောက် ကျောင်းက ဆရာမတွေနဲ့ ကျောင်းသူတွေထဲမှာ ပစ္စတိုသေနတ်ကိုင်တဲ့ လူများ ရှိပါသလား"

"ကျွန်မသိသလောက် မရှိပါဘူး။ ကျောင်းသူမိန်းကလေးတွေ ဆိုရင် ဘယ်သူမှ ပစ္စတိုသေနတ်မကိုင်တာ သေချာပါတယ်။ သူတို့ကျောင်းကို လာတဲ့အချိန်မှာ အဝတ်အစား ပစ္စည်းတွေကို ဆရာမတွေ ကိုယ်တိုင်က တာဝန်ယူ နေရာချပေးကြပါတယ်။ တကယ်လို့ သေနတ်လက်နက်ပါလာရင် ချက်ချင်းတွေ့မှာပါပဲ။ ဘာပဲဖြစ်ဖြစ်လေ ရဲမှူးကြီးတို့ လိုအပ်သလိုသာ ဆောင်ရွက်ကြပါ၊ ဒီနေ့ပဲ ရဲအရာရှိတွေက ကျောင်းဝင်းအတွင်း လိုက်ရှာနေတာ ကျွန်မ သတိပြုမိပါတယ်"

"ဟုတ်ကဲ့ နောက်ပြီး ကျွန်တော့်အနေနဲ့ မမေးရသေးတဲ့ ဆရာမတွေကိုလည်း တွေ့ဆုံမေးမြန်းချင်ပါသေးတယ်။ သူတို့က မစ္စစပရင်လာနဲ့ ပတ်သက်လို့ သတိပြုမိတဲ့ အချက်တစ်ခုနှစ်ခု ရှိကောင်း ရှိနိုင်တယ်။ ဒါဆိုရင် ကျွန်တော်တို့အဖို့ သဲလွန်စရနိုင်မယ် ထင်ပါတယ်"

ဤသို့ ပြောပြီးမှ ရဲမှူးကယ်လ်ဆီကပင် ဆက်လက်၍ "အလားတူပဲ ကျွန်တော်တို့အနေနဲ့ သဲလွန်စတစ်ခုခု ရလိုရငြား ကျောင်းသူမိန်းကလေးတွေကိုလည်း မေးမြန်းကြည့်ချင်ပါတယ်" ဟု ပြောလိုက်သည်။

"ဒီနေ့ညနေ ကျွန်မက ကျောင်းသူတွေကို စုခေါ်ပြီး စကားပြောဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီကျတော့ ကျောင်းသူတွေထဲက မစ္စစပရင်လာနဲ့ ပတ်သက်လို့ သိတာများရှိရင် ကျွန်မကို လာပြီး ပြောပြဖို့ ကျွန်မက ပြောကြည့်မယ်လို့ စိတ်ကူးပါတယ်"

"ဒါဟာ အလွန်ကောင်းတဲ့ အစီအစဉ်ပါပဲ"

ရဲတပ်ဖွဲ့မှူး မစ္စတာစတုံးက မှတ်ချက်ချလိုက်သည်။

"တစ်ခုတော့ ရှိတယ်ရှင့်၊ ကျောင်းသူ မိန်းကလေးတွေက သူတို့ကိုယ်သူတို့ အရေးပါတဲ့လူ ဖြစ်ချင်တာနဲ့ ဘာမဟုတ်တဲ့ အကြောင်းအချက်တွေကို လာပြောတာတို့၊ ဒါမှမဟုတ် လုပ်ကြံပြီး ပြောတာမျိုးတို့က ရှိချင်လည်း ရှိမယ်။ ဒါကို ရဲမှူးကြီးတို့က နားလည်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အတွေ့အကြုံ ရှိပါတယ်။ ဘာမှ မပူပါနဲ့။ ဒီတော့... ဆရာမကြီးကျောင်းက ကျောင်းဆရာမတွေနဲ့ ဝန်ထမ်းတွေရဲ့ အမည်စာရင်းကိုသာ ကျွန်တော့်ကို ပေးစေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကယ်လ်ဆီက ပြောလိုက်လေသည်။

"အားကစားရုံထဲက အဝတ်အစားထည့်တဲ့ အံဆွဲတွေ အားလုံး ကျွန်တော် ရှာကြည့်ပြီးပါပြီ"

ရဲသားတစ်ဦးက လာ၍ သတင်းပို့ရာ ရဲမှူးကယ်လ်ဆီက "ရှာကြည့်တော့ ဘာမှမတွေ့ဘူးလား" ဟု ပြန်မေးလိုက်သည်။

"အရေးကြီးတဲ့ပစ္စည်းဆိုလို့ ဘာမှ မတွေ့ပါဘူး"

"အံဆွဲတွေက သော့ခတ်ထားသလား"

"သော့ခတ်လို့တော့ ရတယ်ခင်ဗျ။ ဒါပေမဲ့ တစ်ခုမှ ခတ်မထားဘူး"

"ဟုတ်လား၊ ကိုင်း… ဒါဖြင့် ကျုပ်က ကျောင်းဘက်ပြန်သွားပြီး ဆရာမတွေနဲ့ စကားပြောကြည့်မယ်"

"ဒီအမှုဟာ အတွင်းလူတစ်ဦးဦးရဲ့ လက်ချက်လို့ ထင်ပါသလား"

"ဒါတော့ ဘယ်ပြောလို့ရမလဲ။ အတွင်းလူ မဟုတ်ဘူးလို့ ပြောလို့ မရဘူး။ ဒါမျိုးက အခက်သားကလား။ လူသတ်မှုဖြစ်ချိန်မှာ မသင်္ကာစရာ လုံးလုံးမရှိဘူးလို့ ဆိုနိုင်တဲ့လူက သုံးဦးပဲ ရှိတယ်။ ဆရာမနှစ်ယောက်ဖြစ်တဲ့ အဆောင်မှူးမစ္စဗွန်ဆင်ရယ်၊ မစ္စချက်ဒဝစ်ရယ်၊ နောက်ပြီး နားကိုက်တဲ့ ကလေးမ ဂျိန်းရယ် သူတို့ပဲ ရှိတယ်။ လူတွေအားလုံးကိုတော့ မသင်္ကာစရာ ဖြစ်တဲ့ လူစာရင်းထဲ ထည့်လို့ ရပါတယ်။ အဲဒီအချိန်က သူတို့တွေအားလုံးက အိပ်ရာဝင်နေကြတယ်ဆိုပေမယ့် အတိအကျ အထောက်အထားမရှိဘူး။ ဥပမာ သေသူ မစ္စပရင်လာက အားကစားရုံကိုသွားတော့ ဆရာမတစ်ယောက်ယောက်က နောက်က အသာလိုက်သွားပြီး သေနတ်နဲ့ ပစ်သတ်ရင်လည်း ဖြစ်တာပဲ။ ပြီးတော့မှ ကိုယ့်အိပ်ရာကိုယ်ပြန်လာပြီး အိပ်နေလိုက်ရုံပဲ။ ဒါကလည်း ဖြစ်နိုင်တာကို ပြောတာပါ။ အရေးကြီးတာက ဘာကြောင့် သတ်ရသလဲဆိုတဲ့ ရည်ရွယ်ချက်ပဲ။ ဒါကြောင့် ငါတို့တစ်တွေအနေနဲ့ ဒီကျောင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတဲ့ နောက်ခံအတွင်းရေးကို သိဖို့လိုတယ်"

ပြောပြောဆိုဆို ရဲမှူးကယ်လ်ဆီသည် ဆရာမများ၏ အဆောင်ဘက်သို့ လျှောက်သွားရာ ပန်းခြံထဲတွင် အလုပ်လုပ်နေသော ဥယျာဉ်မှူးကြီးဘရစ်ကို မြင်မိလေသည်။

"အလို…ခင်ဗျားက ဒီအချိန်ထိအောင် အလုပ်လုပ်နေတုန်းပဲပါလား"

ရဲမှူးကယ်လ်ဆီက ပြုံး၍ နှုတ်ဆက်လိုက်ရာ အဘိုးကြီးဘရစ်က ခေါင်းညိတ်လိုက်သည်။

"မလုပ်လို့ မဖြစ်ဘူးဗျ။ အခုခေတ်လူငယ် အလုပ်သမားတွေက ဘာမှ အားမကိုးရဘူး။ မနက်ရှစ်နာရီ အလုပ်ဝင်ပြီး ငါးနာရီထိုးတာနဲ့ ပြန်



သွားတတ်ကြတယ်။ ပန်းဥယျာဉ်အလုပ်ဆိုတာ အချိန်ကုန်အောင် လုပ်နိုင်မှ ဖြစ်တယ်။ ဒါမှလည်း ပန်းခြံအခြေအနေက ကောင်းနိုင်တယ်"

"အခု ကြည့်ရသလောက်ကတော့ ဒီပန်းခြံက ဘာမှပြောစရာမရှိအောင် ကောင်းနေတာပဲ"

"ဟုတ်ပါတယ်၊ ကျုပ်မှာ အကူအလုပ်သမားဆိုလို့ စောစောက လူငယ်နှစ်ယောက်ရှိပေမယ့် နောက်ပိုင်း သူတို့က ထွက်သွားကြတယ်။ ခေတ်လူငယ်တွေက ပန်းခြံအလုပ်ကို မလုပ်ချင်ကြဘူး။ စက်ရုံ၊ အလုပ်ရုံမှာသာ လုပ်ချင်ကြတယ်။ တော်သေးတာက မကြာခင်က ကျုပ်ဆီမှာ လူငယ် အလုပ်သမားတစ်ဦး အလုပ်လာလုပ်တဲ့အတွက် ကျုပ်မှာ အသင့်အတင့် အကူအညီရနေပါတယ်"

"အဲဒီ အလုပ်သမားအသစ်ဆိုတာ မကြာသေးခင်ကမှ ရောက်လာတာလား" ရဲမှူးကယ်လ်ဆီက စိတ်ဝင်စားဟန်ဖြင့် မေးလိုက်သည်။

"ဟုတ်ကဲ့၊ အခု စာသင်နှစ်စချိန်မှာ ရောက်လာပါတယ်။ သူ့နာမည်က အာဒမ်လို့ ခေါ်တယ်"

"ဟုတ်လား၊ ဒီအကြောင်းကို ခင်ဗျား စောစောက ကျုပ်ကို ပြောဖို့ ကောင်းတယ်"

ရဲမှူးကယ်လ်ဆီက ဤသို့ ပြောလိုက်သည်ကို အဘိုးကြီးဘရစ်က အံ့အားသင့်စွာ ဖြစ်သွားဟန် တူလေသည်။

"ဘာကို ဆိုလိုတာလဲ ခင်ဗျ"

"ကျောင်းအုပ်ဆရာမကြီးက ကျုပ်ကိုပေးတဲ့ ကျောင်းက ဝန်ထမ်းစာရင်းထဲမှာ အာဒမ်ဆိုတဲ့ လူငယ်မပါဘူးဗျ"

"သူက အရေးမကြီးပါဘူး။ ခင်ဗျား သူ့ကို တွေ့ချင်ရင် နက်ဖြန်ကျတော့ တွေ့နိုင်ပါတယ်။ ဒီနေ့တော့ သူက ခွင့်တစ်ရက်တောင်းလို့ ကျုပ်က ပေးလိုက်ပါတယ်။ တကယ်တော့ အာဒမ်က ခင်ဗျားတို့ကို ဘာမှ ပြောပြနိုင်မှာ မဟုတ်ဘူး"

"ဒီလိုလည်း ပြောလို့ မရဘူး"

ဤသို့ ပြောလိုက်ရင်း ရဲမှူးကယ်လ်ဆီက စိတ်ထဲမှ လူငယ်တစ်ယောက် ဤကျောင်းတွင် ပန်းခြံအလုပ်သမားအဖြစ် လာရောက် အလုပ်လုပ်သည်ဆိုခြင်းမှာ ထူးခြားနေသည်ဟု ထင်မိလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၏ ထုံးစံအရ ကျောင်းသူမိန်းကလေးများသည် ညနေဘက် ဘုရားရှိခိုးဝတ်ပြုကြရပြီးနောက် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိ့က ကျောင်းသူများအား ပြန်မထွက်သွားစေဘဲ စကားပြောလေသည်။

"ဒီနေ့ ဆရာမကြီး စကားနည်းနည်းပြောစရာ ရှိတယ်။ မနေ့ညက အားကစားရုံထဲမှာ မစ္စစပရင်လာ သေနတ်ပစ်ခံရတာကို အားလုံးသိကြပြီးဖြစ်တယ်။ ဒါနဲ့ ပတ်သက်လို့ မင်းတို့ကျောင်းသူ မိန်းကလေးတွေထဲက လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်း ထူးခြားတာတစ်ခုခု မြင်မိ ကြားမိတယ်ဆိုရင် ဆရာမကြီးကို ပြောစေချင်ပါတယ်။ ဆရာမ မစ္စစပရင်လာက ပြောတာ ဆိုတာ ပြုမူတာတို့ ထူးခြားတယ်လို့ ထင်ရတာမျိုးကို ဆိုလိုတယ်။ အဲဒီအချက်အလက် တစ်စုံတစ်ခု သတိပြုမိတာရှိရင် ဆရာမကြီးရဲ့ ရုံးခန်းကို လာပြီး ပြောပြစေချင်တယ်"

ဆရာမကြီးက ထိုမျှသာ တိုတိုတုတ်တုတ်ပြောပြီး ကျောင်းသူများအား ပြန်လွှတ်လိုက်လေသည်။

အဆောင်သို့ အပြန်လမ်းတွင် ဂျူလီယာသည် သူ၏အဖော်ဂျင်နီဖာအား ခပ်တိုးတိုးကလေး ပြောလေသည်။

"ဆရာမကြီးကို ပြောပြစရာ တို့အနေနဲ့ တစ်ခုခုသိရင် ကောင်းမှာပဲ။ ဒါပေမဲ့ တို့က ဘာမှမသိတာ ခက်တယ်"

"ဟုတ်တယ်၊ တို့က ဘာမှမသိတာ အမှန်ပဲ"

ဂျင်နီဖာက ပြန်ပြောလိုက်လေသည်။

"မစ္စစပရင်လာကို ကြည့်ရတာ ရိုးရိုးကြီးပဲကွဲ့၊ သူ့လို ရိုးရိုးဆရာမတစ်ယောက်က ခုလို ထူးထူးဆန်းဆန်း အသတ်ခံရတာက သဘာဝမကျဘူးလို့ ဆိုရမယ်"

ဂျူလီယာက သူ၏ ထင်မြင်ချက်ကို ပြောပြလိုက်ပြန်သည်။

"အသတ်ခံရပုံက တယ်ပြီး မထူးဆန်းလှပါဘူး။ လူဆိုးသူခိုးတစ်ယောက်နဲ့ ပက်ပင်းတိုးမိလို့ အခုလို ဖြစ်သွားတာနဲ့ တူပါတယ်"

"ဟာ... ဂျင်နီဖာကလည်း အားကစားရုံထဲမှာ သူခိုးက ဘာလို့ ဘာများခိုးစရာရှိလို့လဲ။ တင်းနစ်ရိုက်တဲ့ ရက်ကက်တွေကို ခိုးမှာလား"

ဂျူလီယာက ဤသို့ ပြန်ပြောရာ ဘေးမှ အခြားကျောင်းသူတစ်ဦးက ဝင်၍ "မစ္စစပရင်လာကို တစ်ယောက်ယောက်က အကြောင်းကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ခြိမ်းခြောက် အကျပ်ကိုင်နေသလားမှ မသိဘဲ" ဟု ပြောလိုက်သည်။

"ဘာအကြောင်းကိစ္စနဲ့ ခြိမ်းခြောက် အကျပ်ကိုင်မှာလဲ"



ဂျင်နီဖာက ဤသို့ ပြန်မေးလိုက်သောအခါ မည်သူကမှ အဖြေမပေးနိုင်ကြချေ။

❒

ရဲမှူးကယ်လ်ဆီသည် ကျောင်းမှ ဆရာမများအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းရာတွင် ရှေးဦးစွာ မစ္စဗာဆီတတ်အား ခေါ်ယူတွေ့ဆုံလေသည်။

သူမသည် ရုပ်ရည်သန့်ပြန့်ပြီး အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိသူ ဖြစ်သည်။ မျက်နှာထားကလည်း တည်ငြိမ်သော ဣန္ဒြေဆောင်သူ ဖြစ်သည်။

ရဲမှူးကယ်လ်ဆီက မေးခွန်းတွေ စတင်မေးရာ မစ္စဗာဆီတတ်ကလည်း သွက်လက်စွာ ပြန်ဖြေလေသည်။ သို့သော် လူသတ်မှုနှင့် ပတ်သက်၍ အထောက်အထား သဲလွန်စဖြစ်နိုင်မည့် အချက်အလက်ဆို၍ မပြောနိုင်ပေ။

မစ္စဗာဆီတတ်က ဖြေကြားရာတွင် သေသူမစ္စစပရင်လာသည် အလုပ်လုပ်ရာ၌ အလွန်တော်ကြောင်း၊ သို့သော် ဆက်ဆံရေး အနည်းငယ် တင်းမာကြောင်း၊ ထို့ကြောင့် ကျောင်းသူမိန်းကလေးများက သိပ်သဘောမကျကြောင်းသည်ဖြင့် ပြောဆိုသွားလေသည်။

နောက်ထပ် မေးစရာမရှိတော့သဖြင့် ရဲမှူးကယ်လ်ဆီလည်း မစ္စဗာဆီတတ်အား ပြန်လွှတ်လိုက်လေသည်။

"ဒီဆရာမ ပြောသွားပုံအရ အမှုမှာ အထောက်အကူဖြစ်စေမယ့် အချက်တစ်ချက်မှ မပါဘူး ဆရာ။ ကေ့စ်နဲ့ ဆရာမအနေနဲ့ အမှုနဲ့ ပတ်သက်ပြီး ဘာမှ ပြောချင်ပုံမရဘူး။ သူ့ကို မေးလိုက်ရင် မသိဘူးလို့ချည်း ပြောသွားတာပဲ"

ရဲကြပ်ကြီး ဆာဂျင်ပါစီဆိုသူက ဘေးမှ မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရင်း ပြောရာ ရဲမှူးကယ်လ်ဆီလည်း ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"အေးကွ၊ မင်းပြောတဲ့အတိုင်းပဲ ဖြစ်နေတယ်ဆိုပါတော့"

"ကျွန်တော်တော့ ကျောင်းဆရာမဆိုရင် ငယ်ငယ်ကတည်းက သဘောမကျခဲ့ဘူး ဆရာ။ ကလေးဘဝကတည်းက ဆရာမတွေကို အလိုလိုကြောက်နေမိခဲ့တယ်"

ဆာဂျင်ပါစီက ဤသို့ မှတ်ချက်ချလိုက်စဉ်မှာပင် နောက်ဆရာမတစ်ဦး အစစ်ခံရန် ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ကျောင်းတွင် ပထဝီဘာသာ သင်ကြားပို့ချသူ မစ္စရစ်(ချ်) ဆိုသူပင် ဖြစ်သည်။

ရဲမှူးကယ်လ်ဆီသည် အကဲခတ်ကြည့်ရင်း ဤဆရာမသည် အတော်ပင် အရုပ်ဆိုး အကျည်းတန်သူပါတကားဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိလေသည်။

ထုံးစံအတိုင်း ရဲမှူးက စတင်မေးမြန်းသောအခါ ဆရာမက သေသူ မစ္စစပရင်လာနှင့် ပတ်သက်၍ ထူးထူးခြားခြား ဘာမှ မမြင်မိ မကြားမိကြောင်းကိုသာ ဖြေကြားလေသည်။ သို့သော် ရဲမှူးကြီးက ဆက်မေးလိုက်သော မေးခွန်းကို ပြန်ဖြေပုံမှာ အတော်ထူးဆန်းနေလေသည်။

"ဒါထက် ဆရာမ၊ သေသူ မစ္စစပရင်လာအပေါ် မုန်းတီးပြီး ရန်ငြိုးဖွဲ့တဲ့ လူတစ်စုံတစ်ယောက်မရှိဘူးလား"

"မရှိနိုင်ပါဘူး၊ မစ္စစပရင်လာက တစ်မျိုးပဲရှင်၊ သူ့ကို ဘယ်သူကမှ မုန်းလို့ရမှာမဟုတ်ဘူး"

"ဘာကိုဆိုလိုတာလဲခင်ဗျ"

ရဲမှူး ကယ်လ်ဆီက နားမလည်နိုင်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"ဒီလိုပါ၊ မစ္စစပရင်လာက လူချစ်လူခင် မပေါပါဘူး၊ လူအတော်များများက သူ့ကို သဘောမကျဘူးရှင့်၊ သို့သော်လည်း သူ့ကို သဘောမကျတာကလွဲပြီး သူ့ကို ဘယ်သူကမှ မုန်းတီးပြီး ရန်ငြိုးဖွဲ့ကြမှာ မဟုတ်ပါဘူး။ အခု သူအသတ်ခံရတာ သူ့ကို မုန်းတီးလို့ အသတ်ခံရတာမျိုး ဖြစ်နိုင်မယ် မထင်ဘူး"

"ဆရာမ အခုပြောတာကို ထပ်ပြီး ရှင်းပြပါဦး"

"မစ္စစပရင်လာကို ချစ်တဲ့လူမရှိသလို မုန်းတဲ့လူလည်း မရှိဘူးရှင်၊ လူတွေက သူ့ကို သဘောမကျတာတော့ အမှန်ပဲ"

"သူက လူတွေ သဘောမကျလောက်အောင် နေထိုင်ပြုမူတတ်လို့လား"

"ဒီလိုလည်းမဟုတ်ပါဘူး၊ သူက နေရာတကာမှာ စပ်စုတတ်တယ်လို့ ဆိုရမယ့်သဘောပါ။ ကိစ္စတစ်ခုခုအကြောင်း သူက တစ်စွန်းတစ်စသိရရင် အေးအေးမနေဘဲ အဲဒီကိစ္စရဲ့ ဇာစ်မြစ် အပြည့်အစုံသိရအောင် လိုက်စုံစမ်းလေ့ ရှိပါတယ်"

"ခင်ဗျားကိုယ်တိုင်ကလည်း မစ္စစပရင်လာကို သိပ်ပြီး သဘောမကျဘူးထင်ပါတယ်။ ဟုတ်ပါသလား"



"ကျွန်မက သူ့ကို ဘယ်လိုမှ သဘောမထားပါဘူး။ သူဟာ ကျောင်းက အားကစားနည်းပြဆရာမတစ်ယောက်ဖြစ်တယ်လို့ပဲ ယူဆပါတယ်။ ကျွန်မအနေနဲ့ ဒီလိုပြောရတာကိုက မကောင်းပါဘူးရှင်၊ မစ္စစပရင်လာရဲ့ ပင်ကိုစရိုက်က တစ်မျိုးပဲလို့ ဆိုရပါမယ်။ သူသင်ပြပေးလို့ ကျောင်းသူတစ်ယောက်ယောက်က အားကစားမှာ ထူးချွန်လာတယ်ဆိုရင်လည်း ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘတ်ဘူး"

"ကောင်းပါပြီ၊ ဒါထက် ခင်ဗျားက ဒီမဲဒိုးဘင်းကျောင်းမှာ အလုပ်လာလုပ်တာ ဘယ်လောက်ကြာသွားပြီလဲ"

"တစ်နှစ်ခွဲလောက် ရှိသွားပါပြီ"

"အဲဒီအချိန်ကာလအတွင်း ဒီကျောင်းမှာ ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ဘူးလား"

"ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ဘူး။ ဒါက အခုစာသင်နှစ်အစအထိ ဆိုပါတော့"

"အခုစာသင်နှစ်မှာ ဘာဖြစ်လို့လဲ။ ဒီလူသတ်မှု ဖြစ်ပွားတာကို ဆိုလိုတာလား"

"မဟုတ်ပါဘူး၊ ကျွန်မဆိုလိုတာက အခုတစ်လော ကျွန်မတို့ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုဲ့ဟာ စိတ်ပျော်ရွှင်ချမ်းမြေ့ပုံမရဘူး။ ဒါလည်း လူတိုင်းက သတိပြုမိမယ် မထင်ပါဘူး။ ကျွန်မကသာ သတိပြုမိပါတယ်။ နောက်ပြီး ဒီကျောင်းမှာ စိတ်မချမ်းမသာဖြစ်နေတာ ဆရာမကြီးတစ်ယောက်တည်း မဟုတ်ဘူးရှင့်။ ဒီအကြောင်းကိုပြောရတာ အတော်ခက်ပါတယ်။ ကျွန်မတို့ မဲဒိုးဘင်းကျောင်းရဲ့ ပတ်ဝန်းကျင် အခြေအနေက တစ်မျိုးကြီးပဲလို့ ထင်ရတယ်။ ဒီကျောင်းမှာမရှိသင့်တဲ့ လူတစ်ယောက် ရှိနေသလိုပဲ။ အဲဒီလူက ဘယ်သူဆိုတာလဲ ကျွန်မတို့က မသိရဘူး၊ အဲဒီလိုဖြစ်နေတယ်ရှင့်"

"ဆရာမပြောပုံက မရှင်းပါဘူး၊ ကျုပ်ဖြင့် ကောင်းကောင်း သဘောမပေါက်သလို ဖြစ်နေပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်မပြောတဲ့ စကားကိုက မရှင်းပါဘူး၊ ဒီကျောင်းမှာ ခါတိုင်းလိုမဟုတ်ဘဲ တစ်ခုခုထူးခြားတာ ရှိနေတယ်။ ဒါပေမဲ့ အဲဒီတစ်ခုခုက ဘာလဲဆိုတာလည်း မသိဘူး"

"ထူးခြားတယ်ဆိုတာ လူတစ်ယောက်ယောက်နဲ့ ပတ်သက်လို့များလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဘာရယ်လို့ တိတိကျကျ မပြောတတ်ဘူးရှင့်။ ဒီကျောင်းမှာ အခြေအနေက တစ်မျိုးကြီး ဖြစ်နေလို့ ကျွန်မတို့စိတ်ထဲ စနိုးစနောင့်ဖြစ်နေရသလို သဘောမျိုး ဖြစ်ပါတယ်။ ဒါလည်း ကျွန်မစိတ်ထဲက ထင်တာကို ပြောရတာပါ။ ရဲမှူးကြီးတို့ စိတ်ဝင်စားမယ့် အထောက်အထားလည်း မဟုတ်ပါဘူး"

"မှန်ပါတယ်၊ အထောက်အထား မဟုတ်ပေမယ့် ဆရာမ အခုပြောတာဟာ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်"

"ဒါထက် ရဲမှူးကြီးရှင့်၊ အခု လူသတ်မှု ဖြစ်ပွားတယ်ဆိုတော့ သတ်သူတရားခံဟာ အဝေးကြီး ရောက်ချင်လည်း ရောက်နေမယ်။ ဒါမှမဟုတ် လူသတ်သမားဟာ ဒီကျောင်းထဲမှာပဲ ရှိချင်ရှိနေနိုင်တယ် မဟုတ်ပါလား။ ဒီလိုဆိုရင် လူသတ်လက်နက်ဖြစ်တဲ့ သေနတ်ကလည်း ဒီမှာပဲ ရှိနေမယ် မဟုတ်လားရှင့်။ ကဲ... ကျွန်မကို မေးစရာမရှိတော့ဘူး မဟုတ်လား။ ဒါဖြင့် ခွင့်ပြုပါဦး"

ပြောပြောဆိုဆို မစ္စရစ်(ချ)သည် ပြန်ထွက်သွားလေသည်။

"ဘယ်လိုသဘောရသလဲဆရာ"

ရဲကြပ်ကြီး ဆာဂျင်ပါစီက ဆရာမ ထွက်သွားပြီးနောက် သူ့ဆရာရဲမှူးကယ်လ်ဆီအား မေးကြည့်လေသည်။

"ဒီဆရာမက စိတ်ဝင်စားဖို့တော့ ကောင်းတယ်။ သူက စိတ္တဗေဒပညာအရ ပြောရရင် စိတ်အာရုံ စူးရှ ထက်မြက်တယ်လို့ ဆိုရမယ်။ မင်းလည်း ကြားဖူးမှာပေါ့။ တချို့လူတွေက အန္တရာယ်တစ်ခုခု နီးကပ်လာပြီဆိုရင် ဘာမှ မမြင်ရ မကြားရသေးဘဲနဲ့ အလိုလို စိတ်က ကြိုသိနေတတ်တယ်ဆိုတာမျိုးလေကွာ။ ဒီဆရာမက အဲဒီသဘောမျိုး ဖြစ်ဟန်တူတယ်"

ရဲမှူးကယ်လ်ဆီက ပြန်ပြောပြလိုက်ရာ ဆာဂျင်ပါစီက ပြုံးလိုက်သည်။

"အန္တရာယ်ကို အနံ့ခံပြီးသိတဲ့ သဘောမျိုးပေါ့ဆရာ။ ဟုတ်လား"

"ဟုတ်တယ်၊ အခုဒီအမှုမှာ ငါကိုယ်တိုင်က ဘာသဲလွန်စမှ မရလို့ အနံ့ခံပြီး လိုက်ရှာရမလို ဖြစ်နေတယ်။ ကိုင်း... တို့အလုပ် ဆက်ကြဦးစို့။ ဒီတစ်ခါတော့ ပြင်သစ်ဆရာမကို ခေါ်ပြီး မေးကြမယ်"

□ □ □



# ၉

ပြင်သစ်ဆရာမ မစ္စဘလန့်(ချ)သည် အသက်သုံးဆယ့်ငါးနှစ်ခန့်အရွယ်ဖြစ်ပြီး အညိုရင့်ရောင်ဆံပင်ရှိသူ ဖြစ်သည်။ မျက်နှာတွင် မိတ်ကပ်အလှပြင်ထားခြင်း လုံးဝမရှိချေ။

သူမအဖို့ ဤမဲဒိုးဘင်းကျောင်းတွင် ပထမဆုံးအကြိမ် လာရောက်အလုပ်လုပ်ခြင်း ဖြစ်ပြီး စာသင်နှစ် ပြီးဆုံးလျှင် ဆက်လက် အလုပ်လုပ်ချင်မှ လုပ်မည်ဟုလည်း ဆိုလေသည်။

"ရဲမှူးကြီးရှင့်၊ အခုလို လူသတ်မှုဖြစ်တဲ့ ကျောင်းမျိုးမှာ ဆက်ပြီး အလုပ်လုပ်ဖို့ မကောင်းဘူး မဟုတ်လား"

ဤသို့လည်း မစ္စဘလန့်(ချ)က ပြောလိုက်သေးသည်။

"ဒီကျောင်းမှာ လူဆိုး သူခိုးတွေ ဝင်ခိုးချင်စရာ အဖိုးတန်ပစ္စည်းဆိုလို့ ဘာမှမရှိဘူး မဟုတ်လား"

ရဲမှူးကယ်လ်ဆီက ပြန်မေးလိုက်ပြန်သည်။

"ဒါတော့ ကျွန်မလည်း မပြောတတ်ဘူးရှင့်၊ ကျောင်းသူ မိန်းကလေးတချို့ရဲ့ မိဘများက အလွန်ချမ်းသာကြွယ်ဝတယ်လို့ သိရပါတယ်။ အဲဒီမိန်းကလေးတွေဆီမှာ အဖိုးတန်တဲ့ ပစ္စည်းတွေ ရှိချင်လည်း ရှိမှာပဲ။ ဒါကို လူဆိုး သူခိုးတွေက သိပြီး လွယ်လွယ်နဲ့ ခိုးယူရနိုင်မယ် ထင်ပြီး လာတာဖြစ်နိုင်ပါတယ်"

"ဒါပေမဲ့ ဆရာမ၊ မိန်းကလေးတစ်ယောက်ဆီမှာ အဖိုးတန်ပစ္စည်းရှိရင် သူက ပစ္စည်းကို အားကစားရုံထဲမှာတော့ ထားမှာ မဟုတ်ပါဘူး"

"ဒါကို ရှင်က ဘာဖြစ်လို့ တထစ်ချ ပြောနိုင်တာလဲ။ အားကစားရုံထဲမှာ မိန်းကလေးတွေအတွက် အဝတ်အစားပစ္စည်းတွေ သော့ခတ်ထားလို့ရတဲ့ အံဆွဲတွေရှိတယ် မဟုတ်လား"

မစ္စဘလန့်(ချ)က ပြန်မေးရာ ရဲမှူးကယ်လ်ဆီက "အဲဒါက သူတို့ရဲ့ အားကစားပစ္စည်းတွေသာ ထားတဲ့အံဆွဲ ဖြစ်ပါတယ်" ဟု ပြောလိုက်သည်။

"ဟုတ်တယ်လေ၊ အဲဒီအားကစားပစ္စည်းထားတဲ့နေရာမှာ မိန်းကလေးတစ်ယောက်က အဖိုးတန်ပစ္စည်းတစ်ခုခု ဖွက်ထားရင်လည်း ဖြစ်နိုင်တာပဲ"

"ဘယ်လိုအဖိုးတန်ပစ္စည်းလဲ ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကို မစ္စဘာလန့်(ချ)က ရုတ်တရက် ပြန်မဖြေနိုင်ဘဲ ဖြစ်နေရာ ရဲမှူး ကယ်လ်ဆီကပင် ဆက်၍–

"ဒီမယ် ဆရာမ၊ ချမ်းသာကြွယ်ဝတဲ့ မိဘတွေကလည်း သူတို့ရဲ့သမီးကျောင်းမှာ သွားနေစဉ်မှာ အဖိုးတန်တဲ့ စိန်ဘယက်လို လက်ဝတ်လက်စားမျိုးတွေ ပေးလိုက်မှာ မဟုတ်ဘူးထင်တယ်" ဟု ပြောလိုက်သည်။

"စိန်ရွှေ လက်ဝတ်လက်စား မဟုတ်ပေမယ့် အဖိုးတန်တဲ့ တခြားပစ္စည်းလည်း ဖြစ်နိုင်တာပဲ။ ဥပမာ အလွန်တန်ဖိုးရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းတစ်ခုခု မဖြစ်နိုင်ဘူးလား။ ကျွန်မအနေနဲ့ ကြားသိရသလောက် ကျောင်းသူမိန်းကလေးတစ်ဦးရဲ့ ဖခင်က ရှေးဟောင်းသုတေသန ပညာရှင်ကြီးဖြစ်တယ်လို့ သိရပါတယ်"

ဤတွင် ရဲမှူး ကယ်လ်ဆီက ပြုံးလိုက်သည်။

"ဒါတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

"ကျွန်မကလည်း အကြံပေးတဲ့သဘော ပြောတာပါ"

"ဒါထက် ဆရာမ၊ ခင်ဗျားက ဒီကျောင်းကို မလာခင် အင်္ဂလန်ပြည်က တခြားကျောင်းတွေမှာ အလုပ်လုပ်ခဲ့ဖူးပါသလား"

"တစ်ခါတော့ အင်္ဂလန်ပြည်မြောက်ပိုင်းက ကျောင်းတစ်ကျောင်းမှာ လုပ်ခဲ့ဖူးပါတယ်။ များသောအားဖြင့် ကျွန်မက ပြင်သစ်နဲ့ ဆွစ်ဇာလန်နိုင်ငံတွေက ကျောင်းတွေမှာ စာသင်ခဲ့ပါတယ်။ အင်္ဂလန်ပြည်ကိုလာတဲ့ အကြောင်းက ကျွန်မကိုယ်တိုင် အင်္ဂလိပ်ဘာသာ ပိုပြီး ကျွမ်းကျင်လာအောင် လေ့ကျင့်နိုင်ဖို့ ဖြစ်ပါတယ်။ အင်္ဂလန်မှာ ကျွန်မရဲ့ မိတ်ဆွေတစ်ဦး ရှိပါတယ်။ သူက တစ်ဆင့် မဲဒိုးဘင်းကျောင်းမှာ ပြင်သစ်ဘာသာဆရာမ လစ်လပ်နေတယ်ဆိုတဲ့အကြောင်း သိရလို့ ကျွန်မက လာပြီး အလုပ်ဝင်လုပ်တာပါပဲ။ ဒါပေမဲ့ ဒီကျောင်းကို ကျွန်မ သိပ်ပြီး သဘောမကျဘူးရှင့်။ အခု စာသင်နှစ် ပြီးဆုံးသွားရင် ဆက်မနေချင်တော့ဘူး"

"ဘာ့ကြောင့် သဘောမကျတာလဲ"

"သေနတ်ပစ်ခတ်မှု၊ လူသတ်မှုဖြစ်တဲ့ နေရာမျိုးကို ကျွန်မက သဘောမကျနိုင်ဘူး။ ပြီးတော့ ကလေးတွေကလည်း ရိုသေလေးစားမှု မရှိကြဘူးရှင့်"

"ဒီကျောင်းက ကျောင်းသူတွေက ကလေးတွေမှ မဟုတ်ဘဲ"

"ဟုတ်ပါတယ်၊ တချို့မိန်းကလေးတွေက အသက်နှစ်ဆယ်ကျော်ဖြစ်ချင်ဖြစ်မယ်၊ သူတို့ဟာ ဒါပေမဲ့ ကလေးငယ်ကလေးတွေလိုပဲ နေတတ်



ကြတယ်။ နောက်တစ်ချက်က ဒီကျောင်းမှာ လွတ်လပ်မှုပေးထားတာ များလွန်းတယ်။ ကျွန်မက စည်းကမ်းကြီးတဲ့ ကျောင်းမျိုးမှ ကြိုက်တာ"

"သေသူမစ္စစပရင်လာကို ခင်ဗျား ကောင်းကောင်းသိလား"

"သိပ်မသိဘူးရှင့်၊ ဒီဆရာမက ယဉ်ကျေးမှု၊ ရည်မွန်မှု မရှိဘူးရှင့်။ ဒါကြောင့် ကျွန်မက တတ်နိုင်သလောက် သူနဲ့ စကားများများ မပြောဘဲနေခဲ့ပါတယ်။ သူက ဆက်ဆံရေးလည်း ညံ့တယ်၊ အားကစားရုံကိုလည်း သူတစ်ယောက်တည်း ပိုင်သလို ဟန်မျိုး လုပ်နေတတ်တယ်။ တစ်နေ့ ကျွန်မက အားကစားရုံကို စိတ်ဝင်စားလို့ သွားကြည့်တော့ မစ္စစပရင်လာက ခပ်ဘည်တည်နဲ့ ဘာလာလုပ်တာလဲ၊ ဒီမှာ ဆရာမရဲ့ အလုပ်မရှိဘူးလို့ ပြောတယ်။ ပြောပုံကလည်း ကျွန်မကို ကျောင်းသူ မိန်းကလေးတစ်ယောက်ကို အပြစ်တင်တဲ့ ဟန်မျိုးနဲ့ ပြောတယ်ရှင့်"

"ဟုတ်ကဲ့ ဒါမျိုးကတော့ စိတ်တိုစရာပါပဲ"

"ဟုတ်တယ်ရှင့်၊ သူက ဆက်ဆံရေးမှာ အလွန်ရိုင်းစိုင်းတယ်။ ကျွန်မကို ဆက်ဆံရာမှာလည်း ကျောင်းသူမိန်းကလေးတစ်ယောက်လို အော်ငေါက်ပြောသလို ငေါက်ပြောတယ်"

"သေသူမစ္စစပရင်လာက အားကစားရုံကို သူ့ပိုင်ပစ္စည်းလို သဘောထားတယ် ဆိုတာက အတော်ထူးဆန်းတာပဲ။ အဲဒီ အားကစားရုံထဲမှာ သူက ပစ္စည်းတစ်ခုခု ဝှက်ထားလို့ တခြားလူတွေက လာပြီး ရှာတွေ့သွားမှာ စိုးရိမ်သလို ဟန်မျိုး ဖြစ်နေတယ်"

ရဲမှူး ကယ်လ်ဆီက စကားနှိုက်သလို ပြောလိုက်ရာ မစ္စဘာလန့်(ချ)က ရယ်မောလိုက်သည်။

"ဟာ ရဲမှူးကြီးကလည်း အားကစားရုံထဲမှာ ဘာပစ္စည်းများ ဝှက်ထားမှာလဲရှင့်။ သူ့ရည်းစားစာတွေများ ဝှက်ထားတယ်ထင်လို့လား။ ကျွန်မသင်တာပြောရရင် ဒီဆရာမဟာ ရည်းစားစာဆိုလို့ တစ်စောင်မှတောင် မရရှိခဲ့ဘူးလို့ ထင်ပါတယ်။ ဒါဟာ ပွင့်ပွင့်လင်းလင်း ပြောတာပါပဲ။ တခြားဆရာမတွေက ဆိုရင် ယဉ်ကျေးသိမ်မွေ့ကြတယ်။ မစ္စချက်ဒစ်ဆိုရင် ရှေးဆန်ပေမယ့် ယဉ်ကျေးတယ်။ မစ္စဗာဆီတတ်ဆိုရင်လည်း အလွန်သဘောကောင်းပါတယ်။ မစ္စရစ်(ချ)က တစ်မျိုးဖြစ်ပေမယ့် ခင်မင်ဖော်ရွေတယ်။ ကျန်တဲ့ ဆရာမငယ်ငယ်တွေက အားလုံးပဲ ကောင်းကြပါတယ်"

ထို့နောက် ရဲမှူးကယ်လ်ဆီသည် နောက်ထပ် မေးခွန်းအနည်းငယ်ကိုသာ မေးပြီးနောက် မစ္စဘာလန့်(ချ)အား ပြန်လွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆရာမက ပြင်သစ်လူမျိုးမို့လား မပြောတတ်ဘူး၊ တစ်မျိုးပဲနော် ဆရာ"

ဆာဂျင်ပါစီက မှတ်ချက်ချလိုက်ရာ ရဲမှူးကယ်လ်ဆီက "ဘာပဲဖြစ်ဖြစ်လေ၊ သူပြောသွားတာ စိတ်ဝင်စားဖို့တော့ ကောင်းတယ်၊ မစ္စစပရင်လာဟာ သူ့အားကစားရုံထဲ တခြားဆရာမတွေ ဝင်လာတာကို မကြိုက်ဘူး၊ အဲဒါ ဘာကြောင့်လဲဆိုတာ စဉ်းစားစရာရှိတယ်" ဟု ပြောလိုက်သည်။

"ပြင်သစ်ဆရာမက သူ့ကို လိုက်ပြီး ချောင်းတယ်ထင်လို့များလား ဆရာ"

"ဒီလို ဘာကြောင့်ထင်ရမှာလဲ။ သူ့အနေနဲ့ မစ္စဘလက်(ချ) သိသွားမှာ စိုးလို့ဆိုတဲ့ လျှို့ဝှက်ချက်တစ်ခုခု ရှိနေလို့လား။ ဒါက စဉ်းစားစရာဖြစ်နေတယ်။ ဒါထက် တို့အနေနဲ့ တွေ့ဆုံမေးမြန်းဖို့ ဘယ်သူတွေ ကျန်သေးသလဲ"

"မစ္စဘလိတ်နှင့် မစ္စရိုဝင်ဆိုတဲ့ ဆရာမအငယ်နှစ်ယောက်ရယ်၊ ကျောင်းအုပ်ဆရာမကြီးရဲ့ အတွင်းရေးမှူးရယ် ဒါပဲ ကျန်ပါတော့တယ်"

ဆာဂျင်ပါစီက ပြန်ပြောပြီးနောက် ရှေးဦးစွာ မစ္စဘလိတ်အမည်ရှိ ဆရာမကို ခေါ်ယူတွေ့ဆုံကြလေသည်။

သူမသည် အသက်ငယ်ငယ်ရှိသေးပြီး ကျောင်းတွင် ရုက္ခဗေဒနှင့် ရူပဗေဒ ဘာသာရပ်များ သင်ကြားပို့ချသူ ဖြစ်သည်။ မစ္စဘလိတ်က မေးခွန်းများကို ဖြေဆိုရာတွင် အမှုအတွက် သဲလွန်စ အထောက်အထားဖြစ်နိုင်မည် တစ်စုံတစ်ရာကို မပြောနိုင်ချေ။ သူမအနေဖြင့် သေသူ မစ္စစပရင်လာနှင့် သိပ်မကျွမ်းသေးကြောင်း၊ ဘာကြောင့် အသတ်ခံရသည်ကိုလည်း မပြောတတ်ကြောင်းသာ ထွက်ဆိုလေသည်။

ထို့နောက် မစ္စရိုဝင်ဆိုသူကို ခေါ်တွေ့ကြပြန်သည်။ သူမသည် စိတ္တဗေဒဘာသာဘွဲ့ရသူ ဖြစ်သည့်အလျောက် ထင်မြင်ချက် သဘောထားများကိုပါ ပြောလေသည်။ သူမက မစ္စစပရင်လာသည် သူ့ကိုယ်သူ သတ်သေသွားခြင်း ဖြစ်နိုင်သည်ဟု ပြောသဖြင့် ရဲမှူးကယ်လ်ဆီသည် အံ့အားသင့်သွားမိလေသည်။

"ဘာကြောင့် သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်တာလဲ။ မစ္စစပရင်လာက အကြောင်းတစ်ခုခုကြောင့် စိတ်မချမ်းမသာ ဖြစ်နေလို့လား"

"ကျွန်မက မစ္စစပရင်လာရဲ့ ပင်ကိုသဘာဝစရိုက်ကို ကြည့်ပြီး ပြောတာပါ။ သူဟာ လူတကာကို ခပ်တင်းတင်း ဆက်ဆံတယ်။ ခက်ထန်တယ်။



ဒါဟာ စိတ္တဗေဒပညာ သဘောအရ ပြောရရင် သူ့စိတ်ထဲမှာ သိမ်ငယ်မှု ရှိနေလို့ပဲ။ အဲဒီအတွင်းစိတ်က သိမ်ငယ်မှုကို အပြင်ပန်းက ရန်လိုတဲ့စိတ်ဓာတ်နဲ့ ဖုံးကွယ်ထားတာ ဖြစ်နိုင်ပါတယ်"

"ကျွန်တော်တို့ လေ့လာကြည့်ရသလောက် သေသူ မစ္စစပရင်လာဟာ သူ့ကိုယ်သူ ယုံကြည်မှုစိတ်ဓာတ် အပြည့်အဝရှိတယ်လို့ ခန့်မှန်းရတယ်၊ တစ်နည်းအားဖြင့် သူဟာ စိတ်ဓာတ်ကျနေတဲ့ အမျိုးသမီးတစ်ဦးနဲ့ မတူဘူး"

"ဟုတ်ကဲ့ အဲဒီလို စိတ်ဓာတ်ပြင်းထန်ခိုင်မာတဲ့ ဟန်မျိုး ဖြစ်နေတာကိုက သိမ်ငယ်တဲ့သဘော ဖြစ်ပါတယ်။ နောက်ပြီး သူပြောတဲ့စကားတွေကို လေ့လာကြည့်တော့လည်း ကျွန်မရဲ့ ယူဆချက်ကို အထောက်အကူ ဖြစ်စေပါတယ်"

"ဟုတ်လား၊ ဥပမာ ပြောစမ်းပါဦး"

"ဥပမာ တစ်ခါက မစ္စစပရင်လာက ပြောဖူးတယ်။ လူတွေဟာ အပေါ်ယံက ပုံသဏ္ဌာန်တစ်မျိုး ထင်ရပေမယ့် တကယ်တော့ အတွင်းသဏ္ဌာန် အစစ်အမှန်က တစ်မျိုးဖြစ်နေတတ်တယ်တဲ့။ ဒီကျောင်းကို မလာခင် သူ အရင်အလုပ်လုပ်ခဲ့တဲ့ ကျောင်းတစ်ကျောင်းမှာ လူတစ်ယောက်ရဲ့ အတွင်းရုပ်လုံး အမှန်ပေါ်အောင် သူက ဖော်ထုတ်နိုင်ခဲ့သတဲ့ရှင်"

"မစ္စစပရင်လာက တခြားဆရာမတွေက သူ့ကို မလိုလားဘဲ မုန်းတီးနေကြကြောင်း သူ သိပါတယ်လို့လည်း ပြောတယ်။ ဒါဟာ သူ့ဘာသာသူ အလိုလိုနေရင်း စိတ်ဓာတ်သိမ်ငယ်တဲ့ သဘောဖြစ်ပါတယ်"

မစ္စရိုဝင်၏ စကားအဆုံးတွင် ရဲမှူးကယ်လ်ဆီက ပြန်၍ ချေပပြောဆိုလိုက်သည်။ သေသူ မစ္စစပရင်လာသည် သူ့ကိုယ်သူ သတ်သေသည် ဆိုခြင်းကို လက်မခံနိုင်ကြောင်း၊ လူတစ်ယောက်သည် မိမိကိုယ်ကိုယ် သေနတ်ဖြင့် လေးပေအကွာမှ ပြန်ပစ်ရန်လည်း မဖြစ်နိုင်ကြောင်း ပြောပြလိုက်လေသည်။

မစ္စရိုဝင်ကမူ ကျေနပ်ပုံမရဘဲ ရဲအရာရှိများသည် စိတ္တဗေဒပညာအပေါ် အထင်သေးသူများ ဖြစ်ကြောင်း ပြန်လည်ဝေဖန်ပြီး နောက်ကြောင်းပြန်ထွက်သွားလေသည်။

ဆက်လက်ခေါ်ယူ တွေ့ဆုံသူမှာ ကျောင်းအုပ်ဆရာမကြီး၏ အတွင်းရေးမှူး အယ်နီဖြစ်လေသည်။

"ကဲ…မစ္စအယ်နီက အမှုနဲ့ ပတ်သက်လို့ ဘာအချက်အလက်များ ပြောပြနိုင်ပါသလဲ" ရဲမှူးကြီးကယ်လ်ဆီက စတင်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ဘာမှ ပြောမပြနိုင်ပါဘူးရှင်။ ကျွန်မက ကိုယ့်ရုံးခန်းမှာပဲ နေရတာများတော့ ကျောင်းဆရာမတွေနဲ့ တွေ့ဆုံမှုလည်း အလွန်နည်းပါးပါတယ်။ အမှုဖြစ်ပွားတာကတော့ ယုံနိုင်စရာတောင် မရှိပါဘူး"

အယ်နီက ဤသို့ပြောရာ ရဲမှူးကယ်လ်ဆီက "ဘယ်လိုယုံနိုင်စရာမရှိတာလဲ" ဟု ပြန်မေးလိုက်သည်။

"မစ္စစပရင်လာ သေနတ်ပစ်ခံရတယ်ဆိုတာကိုက ယုံနိုင်စရာမရှိအောင် အံ့သြဖို့ကောင်းနေပါတယ်။ တကယ်လို့ အားကစားရုံထဲမှာကို တစ်ယောက်ယောက်က ဖောက်ထွင်းလာလို့ မစ္စစပရင်လာက သွားစုံစမ်းကြည့်ရာက ဖြစ်သွားတာဆိုရင်လည်း အားကစားရုံထဲကို ဘယ်သူက ဖောက်ထွင်းဝင်မှာတဲ့လဲ"

"ဒေသခံ လူငယ်ထဲက အားကစားပစ္စည်း ကိရိယာတွေ ခိုးယူချင်လို့လာတာ မဖြစ်နိုင်ဘူးလား"

"ဒီလိုဆိုရင်လည်း မစ္စစပရင်လာ ရောက်သွားတော့ ကောင်ကလေးတွေကို 'ဟေ့ မင်းတို့ ဘာလာလုပ်တာလဲ၊ အခု ထွက်သွားကြ' လို့ ပြောလိုက်တာနဲ့ လူငယ်တွေကလည်း ထွက်သွားကြမှာပဲ"

"ကောင်းပါပြီ။ ဒါထက် မစ္စစပရင်လာက အားကစားရုံအပေါ် ဘယ်လိုသဘောထားပါသလဲ"

"ဘာကိုဆိုလိုတာလဲရှင့်"

"အားကစားရုံကို သူတစ်ဦးတည်းပိုင်သလို တခြားလူတွေ ဝင်ထွက်သွားလာတာကို မကြိုက်သလို သဘောမျိုး ရှိသလားလို့ မေးတာပါ"

"ဒါတော့ ကျွန်မအနေနဲ့ မပြောတတ်ဘူးရှင့်။ သူက ဘာကြောင့် အားကစားရုံကို တစ်ဦးတည်း ပိုင်ဆိုင်တယ်လို့ သဘောထားနိုင်မှာလဲ။ အားကစားရုံဟာ ကျောင်းရဲ့ တစ်စိတ်တစ်ဒေသပဲ မဟုတ်ပါလား"

"မဟုတ်ဘူးလေ၊ ခင်ဗျားကိုယ်တိုင်က အားကစားရုံကို သွားလို့ မစ္စစပရင်လာက သဘောမကျတာမျိုး ရှိသလားလို့ ဆိုလိုတာပါ"

"ကျွန်မ အားကစားရုံထဲကို နှစ်ကြိမ်လောက်ပဲ ရောက်ဖူးပါတယ်။ ကျွန်မမှာက အလုပ်များလို့ သွားဖို့အချိန်မရပါဘူး။ တစ်ခါနှစ်ခါ ရောက်တာကလည်း ကျောင်းအုပ်ဆရာမကြီးက ကျောင်းသူမိန်းကလေးတွေဆီကို စာပေးခိုင်းလိုက်လို့ သွားရတာပါ"

"ဒါဖြင့် မစ္စဘလန့်(ချ)က အားကစားရုံကို သွားတော့ မစ္စစပရင်လာက ကန့်ကွက်ခဲ့တာကို မသိဘူးပေါ့"



"မသိပါဘူးရှင့်၊ ကျွန်မဖြင့် မကြားမိပါဘူး။ သြော်…နေဦးရှင်း တစ်ခုတော့ မှတ်မိတယ်။ တစ်နေ့ မစ္စဘလန့်(ချ)က တော်တော်စိတ်တို နေပုံရပါတယ်။ အဲဒါက ပန်းချီဆွဲသင်တန်းခန်းမထဲ သူ ဝင်သွားတော့ ပုံဆွဲဆရာမက တစ်ခုခုပြောလိုက်တာကို မစ္စဘရန့်(ချ)က စိတ်ဆိုးလာတယ်လို့ သိရပါတယ်။ ဒီဆရာမက ပြင်သစ်ဘာသာ တစ်ဘာသာတည်း သင်ရတော့ အချိန်တွေ အများကြီး အားနေပါတယ်။ ပြီးတော့ သူက နေရာတကာမှာ စပ်စုတတ်တယ်ရှင့်"

"ဒါဖြင့် မစ္စဘလန့်(ချ)ဟာ အားကစားရုံထဲ သွားပြီး ကျောင်းသူတွေ ရေးဆွဲထားတဲ့ အံဆွဲတွေ ကြည့်နေခဲ့လို့များလား"

"ဒါလည်း မဖြစ်နိုင်ဘူးလို့ မဆိုနိုင်ဘူးရှင့်"

"မစ္စစပရင်လာ ကိုယ်တိုင်အတွက် သူ့ပစ္စည်းတွေ ထားဖို့ သီးသန့်ဗီရိုအံဆွဲ ရှိပါသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"တကယ်လို့ မစ္စဘလန့်(ချ)က အားကစားရုံထဲ ဝင်ပြီး မစ္စစပရင်လာရဲ့ ဗီရိုအံဆွဲကို ဖွင့်ကြည့်မယ်ဆိုရင် မစ္စစပရင်လာက စိတ်ဆိုးမှာ မဟုတ်လား"

"ဒါတော့ စိတ်ဆိုးမှာ သေချာပါတယ်"

"ခင်ဗျားအနေနဲ့ မစ္စစပရင်လာရဲ့ ကိုယ်ရေးကိုယ်တာ အတွင်းရေးအကြောင်းကို သိလို့လား"

"မသိပါဘူး၊ ဘယ်သူကမှလည်း သိမှာမဟုတ်ပါဘူး"

"ကောင်းပါပြီ။ အားကစားရုံနဲ့ ပတ်သက်ပြီး ကျုပ်ကို တခြား ဘာပြောစရာရှိပါသေးသလဲ"

"တစ်ခုတော့ ရှိတယ်ရှင့်"

ဤသို့ ပြောပြီးမှ အယ်နီသည် စကားကို မဆက်ဘဲ ဆိုင်းနေသဖြင့် ရဲမှူးကယ်လ်ဆီက "အင်း… ပြောစမ်းပါဦး" ဟု ထပ်၍ တိုက်တွန်းလိုက်သည်။

"အရေးတော့ ကြီးမယ်မထင်ပါဘူး။ ဥယျာဉ်မှူးကြီးဘရစ်ရဲ့ လက်ထောက်လူငယ် အလုပ်သမားအသစ်ဟာ တစ်နေ့ အားကစားရုံထဲက ထွက်လာတာ ကျွန်မ မြင်လိုက်ပါတယ်။ တကယ်ဆိုရင် သူ့အနေနဲ့ အားကစားရုံထဲကို ဝင်ဖို့ ဘာအလုပ်မှ မရှိဘူး"

"ဒီလူက အားကစားရုံထဲ ဝင်တာဟာ ထူးဆန်းတယ်လို့ ဆိုချင်တယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတာက ဒီလိုပါ။ အဲဒီ ပန်းခြံအလုပ်သမားက အားကစား ရုံထဲက ထွက်အလာမှာ ကျွန်မကို မြင်တော့ သူ့အမူအရာက တစ်မျိုးပဲရှင်။ လိပ်ပြာမလုံသလိုလို၊ ကျွန်မကိုပဲ ဒေါသထွက်သလိုဟန်မျိုးဖြစ်နေလို့ပါ။ ဒါဟာ အမှုအတွက် အရေးကြီးတဲ့အချက် မဟုတ်ပါဘူးနော်"

"ဒါပေမဲ့ ကျုပ်က ဒီအချက်ကို မှတ်ထားလိုက်ပါမယ်။ ကျေးဇူးတင်ပါတယ်" ကယ်လ်ဆီက ပြောလိုက်ပြီးနောက် အယ်နီလည်း ပြန်ထွက်သွားလေသည်။

မှတ်စုစာအုပ်ဖြင့် လိုက်မှတ်နေသူ ဆာဂျင်ပါစီသည် စိတ်ပျက်နေပုံ ရလေသည်။

"အခုအချိန်အထိတော့ ဆရာ မေးမြန်းခဲ့သမျှ လူတွေထဲက တစ်ယောက်မှ အရေးပါတဲ့ အချက်ကို ပြောမပြနိုင်ကြဘူး။ ကျောင်းက အစေခံတွေ အလုပ်သမားတွေကို ခေါ်မေးတဲ့အခါကျမှ ထူးခြားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

□

သို့ရာတွင် အစေခံအလုပ်သမားများကို ခေါ်မေးရာတွင်လည်း ထူးခြားသည့် အချက်အလက်ဆို၍ ပြောပလောက်အောင် မရခဲ့ချေ။

ရှေးဦးစွာ လာရောက်အစစ်ခံသူမှာ မစ္စဂိဘွန်အမည်ရှိ စားဖိုဆောင်မှူး (ထမင်းချက်) အမျိုးသမီးကြီး ဖြစ်သည်။ အရေးထဲ ထိုအမျိုးသမီးက နားလေးသူဖြစ်ရာ ရဲမှူးကယ်လ်ဆီသည် မေးခွန်းများကို အော်ဟစ်၍ မေးရလေသည်။

သေသူ စပရင်လာကို ကျောင်းရှိ အခြားဆရာမများက သဘောမကျကြောင်း၊ ခင်မင်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းလေ့ မရှိကြောင်းကိုသာ ထမင်းချက်အမျိုးသမီးကြီးက ပြောနိုင်လေသည်။

ထို့နောက် ကျောင်းတွင်းမှ မိန်းကလေး အလုပ်သမားတစ်ဦးကို ခေါ်မေးကြပြန်ရာ သူမကလည်း မသိကြောင်းကိုသာ ပြန်ဖြေလေသည်။

ထိုအခိုက် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုက လာပြီး "ရဲမှူးကြီးရှင့်၊ ကျောင်းသူမိန်းကလေးတစ်ယောက်က ရဲမှူးကြီးနဲ့ စကားပြောချင်တယ်လို့ ဆိုပါတယ်" ဟု ပြောလိုက်ရာ ကယ်လ်ဆီသည် အံ့သြသွားမိလေသည်။

"ဟုတ်လား။ ဒီမိန်းကလေးက တစ်ခုခုသိနေလို့လား"



"ဒါတော့ ကျွန်မလည်း မပြောတတ်ဘူး။ ရဲမှူးကြီးကိုယ်တိုင် စကားပြောကြည့်မှပဲ သိမှာပဲ။ ဒီကလေးမက နိုင်ငံခြားကျောင်းသူတစ်ဦး ဖြစ်ပါတယ်။ အာရပ်စော်ဘွားနယ်တစ်ခုက မင်းသမီး ရှာအီစတာပါ။ နောက်တစ်ချက်က သူဟာ သူ့ကိုယ်သူ အရေးပါတဲ့ လူတစ်ယောက်လို ထင်နေပုံရတယ်။ အဲဒါကို ရဲမှူးကြီးအနေနဲ့ သိထားစေချင်ပါတယ်"

ရဲမှူးကယ်လ်ဆီက နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ပြီးနောက် ဆရာမကြီးသည် မင်းသမီး ရှာအီစတာအား ခေါ်လာခဲ့လေသည်။

ရှာအီစတာသည် ကယ်လ်ဆီအား သေချာစွာ အကဲခတ်ကြည့်ပြီးနောက် "ရှင်တို့က ရဲအရာရှိတွေလားရှင့်" ဟု မေးလိုက်သည်။

ရဲမှူးကယ်လ်ဆီကလည်း ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့က ရဲအရာရှိတွေ ဖြစ်ပါတယ်။ ထိုင်း... ထိုင်ပါဦး၊ ပြီးတော့ သေသူမစ္စစပရင်လာနဲ့ ပတ်သက်လို့ သိတာရှိရင် ပြောပြစမ်းပါ"

"ဟုတ်ကဲ့၊ ကျွန်မ ပြောပြပါမယ်"

ဤသို့ စကားစလိုက်ပြီးနောက် ရှာအီစတာသည် အရေးကြီးသည့် လျှို့ဝှက်ကိစ္စတစ်ခု ပြောဟန်မျိုးဖြင့် ခပ်တိုးတိုး ဆက်ပြောလေသည်။

"ဒီကျောင်းမှာ လာပြီး အားကစားနည်းပြဆရာမ လုပ်နေရတဲ့ဘဝနဲ့ ဆိုရင် ငွေတွေ အများကြီးရပြီး လုပ်ချင်တာလုပ်၊ သွားချင်ရာသွား၊ လျှောက်သည်ပတ်ရတာမျိုးကို ဘယ်သူက မလိုချင်ဘဲ ရှိပါ့မလဲ။ အထူးသဖြင့် မစ္စစပရင်လာက ရုပ်ရည်မလှတော့ ဘယ်ယောကျ်ားကမှ ဂရုစိုက်မကြည့်တဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ငွေများများရရင် လိုချင်မှာပဲ။ ဒါကြောင့် အခြားလူတွေထက် မစ္စစပရင်လာက ပိုပြီး ငွေကို မက်မောတာ ဖြစ်နိုင်ပါတယ်"

"အင်း... ဒီလိုဆိုတော့ ကျုပ်တောင် ဘာဆက်ပြောရမှန်း မသိဘူး"

ရဲမှူးကယ်လ်ဆီက ဤသို့ပြောလိုက်ပြီးမှ "အခုပြောတာဟာ မိန်းကလေးရဲ့ စိတ်ကူးသက်သက်မဟုတ်လား။ မစ္စစပရင်လာကိုယ်တိုင်က တစ်ခုခု ပြောလို့လား" ဟု မေးလိုက်သည်။

"ဟာ... မစ္စစပရင်လာကတော့ အားကစားလေ့ကျင့်ခန်းတွေ လုပ်ဖို့ အမိန့်ပေးတာကလွဲလို့ ဘာစကားမှ ပြောတာမဟုတ်ဘူးရှင့်"

ရှာအီစတာက အားကစားဆရာမအပေါ် မကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com



"ပြန်ပေးဆွဲဖို့ ကြံစည်နေတယ်ဆိုတာဟာ မိန်းကလေးစိတ်ကူးယဉ်ပြီး စိတ်ထဲက ထင်နေတာ သက်သက်ပဲ မဟုတ်လား"

ကယ်လ်ဆီက ဤသို့ မေးလိုက်ပြန်သောအခါ ရှာအီစတာသည် သဘောမကျရုံမက စိတ်တိုလာပုံရလေသည်။

"ရှင်တို့က ဘာမှ မသိပါဘူး။ ကျွန်မရဲ့အစ်ကိုဝမ်းကွဲက ရာမတ်ပြည်နယ်က မင်းသား အလီယူဆွတ် ဖြစ်တယ်။ သူဟာ ဟိုမှာ တော်လှန်ရေး ဖြစ်တုန်း ထွက်ပြေးဖို့ ကြံစည်ရင်း သေသွားရှာတယ်။ တစ်နေ့ကျရင် ကျွန်မက သူနဲ့ လက်ထပ်ဖို့ အစီအစဉ်ရှိတယ်။ ဒါကြောင့် ကျွန်မဟာ အရေးပါတဲ့ လူတစ်ယောက်ဖြစ်နေတာပေါ့။ ဒီကျောင်းပတ်ဝန်းကျင်မှာ လာပြီး ချောင်းနေသူတွေက ကွန်မြူနစ်တွေလည်း ဖြစ်နိုင်တယ်။ သူတို့က ကျွန်မကို ပြန်ပေးဆွဲ ငွေညှစ်ဖို့ မဟုတ်ဘဲ လုပ်ကြံသတ်ပစ်ဖို့ ကြံစည်နေတာလည်း ဖြစ်နိုင်တယ်ရှင့်"

ရှာအီစတာက ခပ်တည်တည်ပြောလိုက်ပြန်ရာ ရဲမှူးကယ်လ်ဆီသည် အလွန်အံ့သြသွားမိလေသည်။

"ဒီလိုထိအောင်တော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

"ရှင်ကသာ မဖြစ်နိုင်ဘူးထင်ပေမယ့် ကျွန်မကတော့ ဖြစ်နိုင်တယ်လို့ ဆိုချင်ပါတယ်။ ကွန်မြူနစ်တွေက အလွန်ဆိုးတယ် ဆိုတာ လူတိုင်းသိတာပဲ မဟုတ်လား"

ရဲမှူးကယ်လ်ဆီက အံ့သြနေစဉ်မှာပင် ရှာအီစတာက ဆက်ပြောပြန်လေသည်။

"ကျောက်မျက်ရတနာတွေ ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်မ ပြောနိုင်လိမ့်မယ်လို့ ထင်နေပုံရတယ်"

"ဘာကျောက်မျက်ရတနာတွေလဲ"

ကယ်လ်ဆီက အံ့သြစွာဖြင့် ပြန်မေးလိုက်သည်။

"ကျွန်မရဲ့အစ်ကိုဝမ်းကွဲ မင်းသားအလီယူဆွတ်ရဲ့ ကျောက်မျက်ရတနာတွေကို ပြောတာပါ။ သူ့ဖခင်ကြီးမှာလည်း ရတနာတွေ ရှိခဲ့တယ်။ ကျွန်မတို့မိသားစုဆိုရင် အရေးအကြောင်းရှိရင် သုံးနိုင်အောင်လို့ ကျောက်မျက်ရတနာတွေကို စုဆောင်းထားတယ်။ ဒါကို ရှင်တို့နားလည်လိမ့်မယ်လို့ ထင်ပါတယ်"

ထိုစကားကို ကြားလျှင် ရဲမှူးကယ်လ်ဆီသည် အလွန်အံ့သြစွာဖြင့် ငေးကြည့်နေမိလေသည်။



"ဒါက မိန်းကလေးနဲ့ ဘယ်လိုသက်ဆိုင်လို့လဲ။ မစ္စစပရင်လာနဲ့ရော ဘယ်လိုဆက်စပ်နေလို့လဲ"

"ဟိုလူတွေက ကျောက်မျက်ရတနာတွေရှိတဲ့ နေရာကို ကျွန်မက သိတယ်လို့ ယူဆပြီး ကျွန်မကို လာဖမ်းလိမ့်မယ်။ ပြီးတော့ ကျွန်မကို အတင်းခြိမ်းခြောက်ပြီး မေးကြလိမ့်မယ်"

"ကျောက်မျက်ရတနာတွေရှိတဲ့ နေရာကို မိန်းကလေးက တကယ်ပဲ သိလို့လား"

"မသိပါဘူး။ ရာမတ်ပြည်မှာ တော်လှန်ရေးဖြစ်တဲ့အချိန်က ပျောက်သွားတယ်။ ကွန်မြူနစ်တွေက သိမ်းယူသွားတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူတို့လည်း ရှာလို့ရချင်မှရမယ်"

"အဲဒီကျောက်မျက်ရတနာတွေကို ဘယ်သူက ပိုင်ဆိုင်သလဲ"

"ကျွန်မရဲ့ အစ်ကိုဝမ်းကွဲမင်းသား သေဆုံးသွားပြီဆိုတော့ အခုဆိုရင် ကျွန်မကပဲ ပိုင်တာပေါ့။ သူတို့မိသားစုမှာ တခြားယောကျ်ားတွေလည်း မရှိဘူး။ သူ့မိခင် (ကျွန်မရဲ့အဒေါ်)ကလည်း ဆုံးသွားရှာပြီ။ ကျွန်မရဲ့အစ်ကိုဝမ်းကွဲဟာ မသေရင် သူနဲ့ကျွန်မ လက်ထပ်ဖို့ အစီအစဉ်ရှိတယ်။ အခု သူ သေဆုံးသွားပြီဖြစ်တဲ့အတွက် သူကိုယ်တိုင်က ဒီပစ္စည်းတွေ ကျွန်မ ရစေချင်မှာပဲ"

"ဒီလိုပဲ မူလကတည်းက အစီအစဉ်ရှိခဲ့ပါသလား"

"ကျွန်မက အစ်ကိုဝမ်းကွဲနဲ့ လက်ထပ်ဖို့ အစီအစဉ်ရှိတယ်ရှင့်"

"လက်ထပ်လိုက်တယ်ဆိုရင် အဲဒီကျောက်မျက်ရတနာတွေကို မိန်းကလေးက အလိုအလျောက်ရမလား"

"လက်ထပ်လိုက်တယ်ဆိုရင် ကျွန်မက ကျောက်မျက်ရတနာအသစ်တွေရမှာရှင့်၊ ပြင်သစ်ပြည် ပဲရစ်မြို့က အထူးစပါယ်ရှယ်ဝယ်ယူတဲ့ ရတနာအသစ်တွေရမယ်"

ရဲမှူးကယ်လ်ဆီသည် အရှေ့တိုင်းမှ လူများ၏ အစီအစဉ်ကို အထူးပင် အံ့သြနေမိရာစဉ် ရှာအီစတာကပင် ဆက်ပြောလေသည်။

"ကျွန်မထင်တာပြောပြမယ်နော်၊ အဲဒီကျောက်မျက်ရတနာတွေကို တစ်ယောက်ယောက်က ရာမတ်ပြည်က ထုတ်ယူလာတယ်လို့ ထင်တယ်။ ဒီလူကလည်း လူကောင်းလည်း ဖြစ်နိုင်တယ်။ မကောင်းတဲ့လူလည်း ဖြစ်နိုင်တယ်။ ကောင်းတဲ့လူဆိုရင် ကျောက်မျက်ရတနာတွေကို ကျွန်မဆီ လာပေးမှာပဲ။ ဒီတော့ ကျွန်မက အဲဒီလူကို ဆုချီးမြှင့်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှာအီစတာက မျက်နှာထားတည်တည်ဖြင့် ပြောခြင်းဖြစ်ရာ ရဲမှူးကယ်လ်ဆီသည် ဤကလေးမအား ရုပ်ရှင်ပြဇာတ်မင်းသမီးလို သရုပ်ဆောင်ဟန် အမူအရာ အတော်ကောင်းသူတစ်ပါတကားဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

ရှာအီစတာ၏ စကားက မဆုံးသေးချေ။

"တကယ်လို့ အဲဒီလူက လူကောင်းတစ်ယောက်မဟုတ်ရင်တော့ ကျောက်မျက်ရတနာတွေကို လာမပေးဘဲ ယူထားလိုက်ပြီး ရောင်းစားပစ်လိုက်မှာပဲ။ ဒီလိုမှမဟုတ်ရင် ကျွန်မဆီကို လာပြီး သူ့ကို ငွေဘယ်လောက်ပေးမလဲလို့ လာပြောချင် ပြောမယ်"

"အခုအထိ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူကမှ မိန်းကလေးကို စကားလာမပြောသေးဘူးလား"

"ဘယ်သူမှ လာမပြောသေးပါဘူး"

ရှာအီစတာက ဤသို့ပြန်ဖြေလိုက်ရာ ရဲမှူးကယ်လ်ဆီသည် ပြတ်သားစွာ ပြန်ပြောရန် ဆုံးဖြတ်လိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် မိန်းကလေး အခုပြောတာဟာ လုံးဝအဓိပ္ပာယ်မရှိဘူးလို့ ကျုပ်တော့ သဘောရမိတယ်"

ဤတွင် ရှာအီစတာက ဒေါသထွက်လာဟန်ဖြင့် ပြန်ကြည့်လိုက်သည်။

"ကျွန်မ သိသလောက် ရှင်တို့ကို ပြောပြစရာ ဒါပဲရှင့်"

"ဟုတ်ပါတယ်၊ ကျုပ်တို့က မှတ်ထားပါမယ်။ ကျေးဇူးလည်း တင်ပါတယ်"

ပြောပြောဆိုဆို ရဲမှူးကယ်လ်ဆီက ရှာအီစတာအား တံခါးဝသို့ လိုက်ပို့ပေးလိုက်သည်။

မင်းသမီး ရှာအီစတာ ပြန်သွားသောအခါ ရဲမှူးကယ်လ်ဆီသည် သူ၏ တပည့် ဆာဂျင်ပါစီအား လှမ်းကြည့်ပြီး ပြုံးလိုက်သည်။

"ပြန်ပေးဆွဲတာတို့၊ အဖိုးတန် ကျောက်မျက်ရတနာတွေအကြောင်းတို့ ကြားရပုံဟာ ပသီပုံပြင်ဝတ္ထုထဲက ဒဏ္ဍာရီတစ်ခု ကျနေတာပဲကွ။ နောက်ထပ် ဘာများထူးဆန်းတာတွေ ကြားရဦးမလဲ မသိဘူး"

❑ ❑ ❑



## ၁၀

ရဲမှူးကယ်လ်ဆီသည် ကျောင်းမှ ရဲစခန်းသို့ ပြန်ရောက်သွားသောအခါ တာဝန်ကျ ရဲကြပ်ကြီး (ဆာဂျင်)က သတင်းပို့အစီရင်ခံလေသည်။

"မစ္စတာအာဒမ်ဆိုတဲ့လူ ဒီမှာ ရောက်နေတယ်ဆရာ။ ဆရာ့ကို စောင့်နေပါတယ်"

"ဟေ...ဟုတ်လား၊ အာဒမ်ဆိုတာ ဘယ်သူပါလိမ့်။ ဪ..သိပြီ၊ မဲဒိုးဘင်းကျောင်းက ပန်းခြံအလုပ်သမား လူသစ်ဆိုတာပဲ"

ပြောပြောဆိုဆို ကယ်လ်ဆီသည် တစ်ဖက်သို့ လှည့်လိုက်ရာ အာဒမ်ဆိုသူလည်း ရိုသေလေးစားဟန်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ သူသည် အရပ်မြင့်မြင့်၊ ရုပ်ရည်ခံ့ညားချောမွေ့သူ လူငယ်တစ်ဦးဖြစ်ကြောင်း ရဲမှူးကယ်လ်ဆီက သတိပြုမိသွားလေသည်။

"ရဲမှူးက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့"

အာဒမ်က စတင် နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ရုံးခန်းထဲကို လိုက်ခဲ့ပါ"

ကယ်လ်ဆီက ဤသို့ပြောပြီး သူ၏ရုံးခန်းထဲသို့ ခေါ်သွားလေသည်။

အာဒမ်သည် ရဲစခန်းက သူ့အား ခေါ်ယူခြင်းကို သဘောကျပုံမရချေ။

"ကျွန်တော်က လူသတ်မှုအကြောင်း ဘာမှသိတာ မဟုတ်ဘူးခင်ဗျ၊ ဘာမှလည်း မဆိုင်ဘူး။ မနေ့ညက ကျွန်တော်က အိမ်မှာပဲနေပြီး အိပ်ပျော်နေပါတယ်"

အာဒမ်က စတင်ပြောရာ ကယ်လ်ဆီက ခေါင်းညိတ်လိုက်ပြီး ရုတ်တရက် ဘာမှမပြောသေးဘဲ သူ၏ စားပွဲတွင် ထိုင်လိုက်သည်။

ထိုအချိန်၌ ဘာဘာအမည်ရှိ အရပ်ဝတ် အရပ်စားနှင့် ရဲစုံထောက်တစ်ဦးကလည်း ရုံးခန်းတွင်းသို့ ဝင်လာလေသည်။

"မောင်ရင့်နာမည်က အာဒမ် ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ခင်ဗျ၊ ဒါပေမဲ့ ရဲမှူးကြီးကို ကျွန်တော်က ဟောဒါကလေး ပြချင်ပါတယ်"

ပြောပြောဆိုဆို အာဒမ်သည် သူ၏ အင်္ကျီအိတ်ထဲမှ တစ်ခုတစ်ခုကို ထုတ်ယူ၍ ရဲမှူးကယ်လ်ဆီကို ပြလိုက်သည်။ ထိုအချိန်တွင် အာဒမ်၏

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာသည် စောစောကလို စိတ်တိုနေသည့်ဟန်မျိုး မဟုတ်ဘဲ တည်ငြိမ်အေးဆေးသည့်အသွင်မျိုး ဖြစ်လာလေသည်။

ရဲမှူးကယ်လ်ဆီသည် အာဒမ် ထုတ်ပြသော အရာဝတ္ထုကို ကြည့်ပြီးနောက် အံ့အားသင့်သွားလျက် သူ၏ လက်ထောက်ရဲအရာရှိအား "ဟော့... ဘာဘာ မင်း ဒီမှာရှိနေဖို့ မလိုတော့ဘူး" ဟု ပြောလိုက်သည်။

သည်တော့မှ ရဲမှူးကယ်လ်ဆီသည် အာဒမ်နှင့် လွတ်လပ်စွာ စကားပြောလေသည်။

"လက်စသတ်တော့ မောင်ရင်က ဒီလိုဖြစ်နေတာကိုး။ နေပါဦး မောင်ရင်က မိန်းကလေးကျောင်းမှာ လာပြီး ပန်းခြံအလုပ်သမား ဝင်လုပ်နေတယ်ဆိုတာကတော့ အံ့သြစရာပါပဲလား"

"ဟုတ်ကဲ့၊ ကျွန်တော့်အဖို့ ဒီလိုတာဝန်ကျတာဟာ ပထမဆုံးအကြိမ်ပါပဲ။ ဒါထက် ရဲမှူးကြီးခင်ဗျား၊ ကျွန်တော်က ပန်းခြံအလုပ်သမားနဲ့ မတူဘူးလား"

"သိပ်ပြီး မတူလှဘူး။ ဒီအရပ်မှာက ပန်းခြံအလုပ်သမားဆိုတာ လူငယ်မဟုတ်ဘဲ လူကြီးတွေသာ များတယ်။ မောင်ရင်က ဥယျာဉ်မှူးလုပ်နေတာ အလုပ်ကော နားလည်လို့လား"

"ကောင်းကောင်းတတ်ကျွမ်းပါတယ်"

"ထားပါတော့၊ ကိုင်း...မောင်ရင်က မဲဒိုးဘင်းကျောင်းကို တာဝန်နဲ့ လာနေရအောင် ကျောင်းမှာ ဘာတွေဖြစ်နေလို့လဲ"

"ဘာတွေဖြစ်နေတယ်ဆိုတာကိုတော့ ကျွန်တော်တို့က အတိအကျမသိသေးပါဘူး။ ကျွန်တော့်တာဝန်က လောလောဆယ် အကဲခတ်စောင့်ကြည့်နေဖို့သာ ဖြစ်တယ်။ ဒါပေမဲ့ မနေ့ညက အားကစားနည်းပြဆရာမ အသတ်ခံရတာကတော့ ဒီကျောင်းအနေနဲ့ အတော့်ကို ထူးဆန်းနေပါတယ်"

"ဒါတော့ မှုခင်းဆိုတာ ဖြစ်ချင်တဲ့နေရာမှာသာ ဖြစ်တတ်တာပဲ။ ကောင်းပြီလေ။ ဒီမိန်းကလေးကျောင်းမှာ မောင်ရင်လာပြီး စောင့်ကြည့်နေရအောင် နောက်ခံအတွင်းရေးက ဘယ်လိုရှိသလဲ"

ကယ်လ်ဆီက မေးသဖြင့် အာဒမ်က အသေးစိတ် ပြောပြလိုက်သည်။ ရဲမှူးကယ်လ်ဆီကလည်း နားထောင်ရင်း အလွန်စိတ်ဝင်စားသွားဟန် တူလေသည်။

"ဒီအတိုင်းဆိုရင် ကျုပ်က မိန်းကလေးကို မဟုတ်တာတွေ စိတ်ကူးယဉ်ပြောနေတာပဲလို့ ဝေဖန်ပြောခဲ့မိတာ မှားသွားပြီ။ ဒါပေမဲ့ ကျောက်မျက်



ရတနာတွေအကြောင်း ပြောပုံက ယုံနိုင်စရာမရှိဘူး။ အခု မောင်ရင်ပြောတဲ့အရဆိုရင် ဒီရတနာတွေဟာ စတာလင်ပေါင် ငါးသိန်းက ဆယ်သိန်းအထိတန်ကြေး ရှိတယ်ဆိုတော့ တကယ့်ကို အံ့သြစရာဖြစ်နေတယ်။ အဲဒီကျောက်မျက်ရတနာတွေကို အခု ဘယ်သူက ပိုင်ဆိုင်သလဲ"

"ဒါက တော်တော်ပြောရခက်ပါတယ်။ နာမည်ကျော် ရှေ့နေကြီးတွေဆိုရင် ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ အမျိုးမျိုး အငြင်းပွားလို့ရတဲ့ အခြေအနေဖြစ်နေတယ်။ လွန်ခဲ့တဲ့ သုံးလလောက်ကတော့ ဒီကျောက်မျက်ရတနာတွေကို အရှေ့အလယ်ပိုင်း ရာမတ်ပြည်နယ်က မင်းသား အလီယူဆွတ်က ပိုင်ဆိုင်ခဲ့ပါတယ်။ တကယ်လို့ ဒီရတနာတွေဟာ ရာမတ်ပြည်နယ်မှာ ရှိနေရင်တော့ လက်ရှိအစိုးရပိုင်ဖြစ်သွားမှာ သေချာတယ်။ နောက်တစ်ချက်က မင်းသား အလီယူဆွတ်က သူသေဆုံးသွားရင် ဒီပစ္စည်းတွေကို ဘယ်သူ့ရစေလို့ သေတမ်းစာ ရေးခဲ့တာမျိုးလည်း ရှိချင်ရှိမယ်။ ဒါလည်း သံသယဖြစ်နေတယ်။ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဟာ မင်းသားရဲ့ မိသားစုဆွေမျိုးတွေလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ လက်တွေ့ကျကျပြောရရင်တော့ အခုနေအခါ ခင်ဗျားဖြစ်ဖြစ်၊ ကျွန်တော်ဖြစ်ဖြစ် ကျောက်မျက်တနာတွေကို လမ်းမှာ ကောက်ရရင် ရတဲ့လူကပဲ ပိုင်ဆိုင်တယ်လို့ပဲ ဆိုရပါမယ်"

"ဟာ...မောင်ရင်ကလည်း ကျောက်မျက်ရတနာတွေကို တွေ့တဲ့လူက ပိုင်စတမ်းဆိုတာဟာ မကောင်းပါဘူး"

"ဟုတ်ကဲ့၊ မကောင်းတာဟာ အမှန်ပါပဲ။ အရေးကြီးတာက အဲဒီကျောက်မျက်ရတနာတွေကို ရာမတ်ပြည်က အပြင်ဘက်ကို ထုတ်ယူသွားတယ်ဆိုတဲ့ သတင်းက ပျံ့နှံ့သွားတယ်။ ဟိုမှာ တော်လှန်ရေးဖြစ်ခါနီးအချိန်က ထုတ်သွားတယ်လို့ သတင်းဖြစ်ခဲ့တယ်"

"ကောင်းပြီ၊ မဲဒိုးဘင်းမိန်းကလေးကျောင်းနဲ့ ဘယ်လိုပတ်သက်တာလဲ။ မင်းသမီးကလေး ရှာအီစတာကြောင့်များလား"

"ဟုတ်ပါတယ်။ ရှာအီစတာဟာ မင်းသားအလီယူဆွတ်ရဲ့ နှမဝမ်းကွဲတော်သူ ဖြစ်တယ်။ ကျောက်မျက်ရတနာတွေကို ထုတ်ယူလာတဲ့ လူက မင်းသမီးကလေး ရှာအီစတာကို ပေးအပ်ဖို့ ဒီကျောင်းကို လာဆက်သွယ်ချင်ဆက်သွယ်မယ်လို့ ထင်စရာလည်း ရှိနေတယ်။ နောက်ပြီး ကျွန်တော်တို့အမြင်မှာ မသင်္ကာစရာလူအချို့ဟာ ဒီပတ်ဝန်းကျင်မှာ ရောက်နေကြတယ်။ ဥပမာ ဂရင်းဟိုတယ်မှာ လာတည်းခိုနေတဲ့ မစ္စကိုလင်စဘီဆိုတဲ့အမျိုးသမီးဆိုရင် နိုင်ငံတကာ လျှို့ဝှက်ထောက်လှမ်းရေးသတင်းတွေ လိုက်စုံစမ်းရယူ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အမျိုးသမီးတစ်ဦး ဖြစ်တယ်။ နောက်ပြီး ရာမတ်ပြည်မှာ တော်လှန်ရေးဖြစ်ခါနီးက ဟိုမှာ ရောက်နေတဲ့ အမျိုးသမီးတစ်ဦးလည်း ရှိသေးတယ်။ သူက နိုင်ငံခြားအစိုးရတစ်ခုရဲ့ သူလျှိုဖြစ်တယ်လို့ အဆိုရှိတယ်။ အခုတစ်ခါ မနေ့ညက မစ္စစပရင်လာ အသတ်ခံရတာလည်း ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုလို့ ဆိုရပါမယ်"

အာဒမ်၏စကားအဆုံးတွင် ရဲမှူးကယ်လ်ဆီသည် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"အင်း... အခြေအနေက အတော့်ကို ရှုပ်ထွေးနေတာပဲကိုး။ ကျုပ်တို့တောမြို့ကလေးမှာ ဒါမျိုးတွေဟာ အလွန်ဆန်းနေတယ်"

"သူလျှိုတွေ၊ အကြမ်းဖက်မှုတွေ၊ လူသတ်မှု ဖြစ်တာတွေက သာမန်လူတွေအဖို့ ဆန်းကြယ်ပေမယ့် တကယ်ရှိကြတယ်ခင်ဗျ"

"ဒါပေမဲ့ မဲဒိုးဘင်းကျောင်းလို နေရာမျိုးမှာတော့ အလွန်ထူးဆန်းနေတယ်"

"ဒါတော့ ဟုတ်ပါတယ်"

"မနေ့ညက အဖြစ်အပျက်ကိုက ဘယ်လိုဖြစ်တယ်လို့ မောင်ရင်ထင်သလဲ"

ရဲမှူးကယ်လ်ဆီက မေးလိုက်ရာ အာဒမ်သည် ခေတ္တစဉ်းစားပြီးနောက် သူ၏ ထင်မြင်ချက်ကို ပြောလေသည်။

"ပထမအချက်က မစ္စစပရင်လာဟာ ညကြီးအချိန်မတော် အားကစားရုံထဲ ရောက်နေတယ်။ ဘာကြောင့်လဲ၊ ဘာကိစ္စနဲ့ ရောက်နေတာလဲ။ အဲဒီအချက်စပြီး ကျွန်တော်တို့ စဉ်းစားရလိမ့်မယ်။ သူ ဘာကြောင့် အားကစားရုံထဲကို လာတယ်ဆိုတာ စဉ်းစားလို့ရမှသာ လူသတ်တရားခံက ဘယ်သူလဲလို့ ဆက်စဉ်းစားလို့ရမယ်။ တစ်ခုဖြစ်နိုင်တာက မစ္စစပရင်လာဟာ အားကစားနည်းပြဆရာမဖြစ်ပေမယ့် ညဘက် အိပ်မပျော်နိုင် ဖြစ်နေရာက ပြတင်းပေါက်က အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ အားကစားရုံထဲ မီးလင်းနေတာ တွေ့လိမ့်မယ်။ သူ့အခန်းက ပြတင်းပေါက်ကလည်း အားကစားရုံဘက်ကို မျက်နှာမူထားတယ်"

ထိုအချက်ကို ရဲမှူးကယ်လ်ဆီက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ အာဒမ်က သူ၏စကားကို ဆက်လေသည်။

"မစ္စစပရင်လာဟာ ကျန်းမာသန်စွမ်းပြီး သတ္တိရှိတဲ့ အမျိုးသမီးတစ်ဦးဖြစ်တဲ့အတွက် အားကစားရုံထဲကို စုံစမ်းကြည့်ဖို့သွားတာ ဖြစ်နိုင်တယ်။ ဟိုရောက်တော့ တစ်ယောက်ယောက်နဲ့ ပက်ပင်းတိုးတယ်။ အဲဒီလူက အားကစား



ရုံထဲမှာ ဘာလုပ်နေတယ်ဆိုတာတော့ မသိဘူး၊ ဒါပေမဲ့ ဒီလူဟာ မစ္စစပရင်လာကို မြင်တော့ သေနတ်နဲ့ ပစ်လောက်အောင် သူ့ကိစ္စဟာ အရေးကြီးလို့ ဖြစ်ရမယ်"

"ဟုတ်နိုင်တယ်၊ ကျုပ်တို့လည်း ဒီလိုပဲ စဉ်းစားမိပါတယ်။ တစ်ခုရှိတာက မမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာတဲ့ လူတစ်ယောက်ကို သေနတ်နဲ့ အသေပစ်သတ်ဖို့ဆိုတာက..."

ရဲမှူးကယ်လ်ဆီ၏ စကားမဆုံးမီ အာဒမ်က ကြားဖြတ်လျက်...

"သေနတ်နဲ့ပစ်သူဟာ ကြီးကြီးကျယ်ကျယ် ကိစ္စတစ်ခုအတွက် အားကစားရုံထဲလာတာ ဖြစ်ရမယ်။ ဒါကြောင့် မစ္စစပရင်လာခမျာ သေနတ်နဲ့ပစ်သတ်ခံရတာ ဖြစ်မယ်။ နောက်တစ်ခုဖြစ်နိုင်တာ ရှိသေးတယ်ဗျ။ မစ္စစပရင်လာက မဲဒိုးဘင်းကျောင်းမှာ အလုပ်ရအောင် တမင်အကြံအဖန်လုပ်ပြီး အလုပ်ဝင်လုပ်ခဲ့တယ်ဆိုပါတော့၊ သူ့မှာ လျှို့ဝှက်အကြံအစည်တစ်ခုခု ရှိတယ်။ ဒါကြောင့် သူ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ သင့်တော်တဲ့ ညတစ်ညမှာ အားကစားရုံထဲကို တစ်ယောက်တည်းသွားတယ်။ ဒါပေမဲ့ သူ့နောက်က တခြားလူတစ်ယောက်က ခြေရာခံလိုက်သွားတာ (ဒါမှမဟုတ်) အားကစားရုံထဲကျမှ လူတစ်ယောက်နဲ့ မမျှော်လင့်ဘဲ သွားတိုးမိတာလည်း ဖြစ်နိုင်တယ်။ ခက်တာက အားကစားရုံထဲမှာ ဘာကိစ္စရှိလို့လဲဆိုတာ စဉ်းစားလို့ မရဘူး။ ဒီနေရာမျိုးက ဘာပစ္စည်းမှ ဝှက်ထားလို့ ရတာလဲ မဟုတ်ဘူး"

"ဒါတော့ သေချာပါတယ်။ ကျုပ်တို့ ရဲတပ်ဖွဲ့ဝင်တွေက အားကစားရုံထဲမှာ စေ့စေ့စပ်စပ် ရှာကြည့်ပြီးပြီ။ ကျောင်းသူမိန်းကလေးတွေရဲ့ အားကစားပစ္စည်းထားတဲ့ ဗီရိုအံဆွဲတွေကိုပါ ရှာကြည့်ပြီးပြီ။ မသင်္ကာစရာဆိုလို့ ဘာမှ မတွေ့ရဘူး။ အားကစားရုံထဲမှာ ကျောက်မျက်ရတနာတွေ ဝှက်ထားတာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ကျောက်မျက်ရတနာတွေမဟုတ်ဘဲ တခြားပစ္စည်းတစ်ခုခုဆိုရင်လည်း လူသတ်သမားက ယူသွားပြီး ဖြစ်ရမယ်။ နောက်ဖြစ်နိုင်တာတစ်ခု ရှိသေးတယ်။ အားကစားရုံက လူချင်း တွေ့နိုင်ဖို့ ချိန်းတဲ့ နေရာသက်သက် ဖြစ်နိုင်တယ်။ ချိန်းသူဟာ မစ္စစပရင်လာလား၊ တခြားတစ်ယောက်ယောက်လားဆိုတာတော့ မပြောတတ်ဘူး၊ လူချင်းချိန်းပြီး တွေ့ဆုံဖို့တော့ အားကစားရုံက နေရာကောင်းတစ်ခု ဖြစ်တယ်။ သိပ်လည်း မဝေးလှဘူး။ ကျောင်းအဆောက်အအုံတွေ၊ အဆောင်တွေနဲ့လည်း အတော်လှမ်းတဲ့အတွက် လွတ်လွတ်လပ်လပ် စကားပြောနိုင်တဲ့ နေရာတစ်ခုဖြစ်တယ်။ ကောင်းပြီ၊ မစ္စစပရင်လာဟာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်နဲ့ တွေ့ဖို့ အားကစားရုံကို သွားတယ်လို့ ယူဆကြပါစို့။ ဟိုရောက်သွားတော့ လူတစ်ယောက်နဲ့ တွေ့ပြီး မစ္စစပရင်လာဟာ သေနတ်ပစ်ခံရတယ်။ ဒါမှမဟုတ် မစ္စစပရင်လာက တစ်ယောက်ယောက် အားကစားရုံကို သွားတာမြင်လို့ နောက်က အသာလိုက်သွားတယ်ဆိုပါတော့။ ဟိုရောက်တဲ့အခါ သူမမြင်စေချင်တာ သွားမြင်ရတဲ့အတွက် အသတ်ခံရတာလည်း ဖြစ်နိုင်တယ်"

"ကျုပ်က မစ္စစပရင်လာကို အသက်ရှင်စဉ်က တစ်ခါမှ မတွေ့ဆုံဖူးပါဘူး။ တခြားလူတွေ ပြောပြချက်အရဆိုရင်တော့ သူဟာ နေရာတကာမှာ စပ်စုပြီး ဘာမဆို သိချင်တဲ့ ဝါသနာရှိတယ်လို့ ပြောတယ်"

ရဲမှူးကယ်လ်ဆီက ပြောလျှင် အာဒမ်ကလည်း "ဒါဖြင့် ခင်ဗျားပြောသလို ဖြစ်နိုင်ပါတယ်။ မစ္စစပရင်လာဟာ စပ်စုပြီး သိချင်တာနဲ့ သေရတာဖြစ်မှာပဲ" ဟု ပြန်ပြောလိုက်သည်။

"ဒါဖြင့် မောင်ရင်က အားကစားရုံထဲမှာ လူချင်းချိန်းတွေ့တယ်လို့ပဲ ဆိုချင်တယ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ လေ့လာရမှာက ဒီကျောင်းမှာ သေသေချာချာ စုံစမ်းထောက်လှမ်းဖို့လိုတဲ့ လူတစ်ယောက်ယောက်ရှိမှာမို့ အဲဒီလူကို စုံစမ်းရလိမ့်မယ်"

အာဒမ်၏ စကားကို ရဲမှူးကယ်လ်ဆီသည် ခေတ္တစဉ်းစားပြီးမှ ပြန်ပြောလေသည်။

"ဒီကျောင်းမှာ လူသစ်ဆိုလို့ သုံးယောက်ရှိတယ်။ ကျောင်းအုပ်ဆရာမကြီးရဲ့ အတွင်းရေးမှူး အယ်နီရယ်၊ ပြင်သစ်ဆရာမဖြစ်တဲ့ မစ္စဘလန့်(ချ်)ရယ်၊ ပြီးတော့ သေသူ မစ္စစပရင်လာရယ်၊ သူတို့သုံးယောက်ဟာ အခုစာသင်နှစ်စတော့မှ ရောက်လာကြသူတွေ ဖြစ်တယ်။ သုံးယောက်အနက် မစ္စစပရင်လာက သေနေပြီဆိုတော့ သူ့ကို လေ့လာဖို့ မလိုတော့ဘူး။ ကျန်တဲ့နှစ်ယောက်ကိုပဲ စဉ်းစားစရာရှိတယ်"

"ဟုတ်ကဲ့၊ ရဲမှူးကြီးပြောမှ ကျွန်တော်လည်း သတိရမိတယ်။ တစ်နေ့မှာ မစ္စဘလန့်(ချ်)ဟာ အားကစားရုံထဲက ထွက်လာတာကို ကျွန်တော် မြင်မိတယ်။ သူ့မျက်နှာ အမူအရာကလည်း လိပ်ပြာမလုံသလိုပဲခင်ဗျ"

အာဒမ်က ပြောလိုက်ရာ ရဲမှူးကယ်လ်ဆီက ရယ်မောလိုက်သည်။

"ဘာကြောင့် ရယ်နေတာလဲခင်ဗျ"

အာဒမ်က မေးလိုက်ရာ ကယ်လ်ဆီက ရယ်မောလျက်ပင် ရှင်းပြလေသည်။



"မောင်ရင်ကသာ မစ္စဘလန့်(ချ်)ကို မသင်္ကာသလို ပြောနေတာပါ။ သူကပြောတော့ မောင်ရင်ဟာ မသင်္ကာစရာ အမူအရာနဲ့ အားကစားရုံထဲက ထွက်လာတာကို သူက တွေ့ခဲ့တယ်လို့ ဆိုတယ်"

အာဒမ်လည်း အံ့အားသင့်သွားမိလေသည်။

"သူက ဒီလိုပဲပြောသလား"

"ဟုတ်တယ်။ ကျုပ်ကို ဒီတိုင်းပဲ ပြောတယ်။ ဒါတွေ ခဏထားလိုက်ဦး။ ကျုပ်တို့အနေနဲ့ တာဝန်ရှိနေတယ်။ မဲဒိုးဘင်းကျောင်းဟာ အလွန်နာမည်ကောင်းတဲ့ မိန်းကလေးကျောင်းတစ်ကျောင်း ဖြစ်တယ်။ ဒါကြောင့် လူသတ်မှုကို အမြန်ဆုံးပေါ်အောင် စုံစမ်းထောက်လှမ်းပြီး ရှင်းပစ်လိုက်ရင် ကောင်းမယ်။ ဒါမှလည်း ဆရာမကြီး မစ္စဘားစထရို့ စိတ်ချမ်းသာမယ်"

"ဒါတော့ ဟုတ်ပါတယ်"

"နောက်တစ်ခုက ကျောင်းအုပ်ဆရာမကြီးကို မောင်ရင် ဘယ်သူဘယ်ဝါဖြစ်ပြီး ဘာတာဝန်နဲ့ လာနေတယ်ဆိုတာ အမှန်အတိုင်း ပြောပြလိုက်ရင် ကောင်းမယ်။ သူက နှုတ်လုံဖို့ စိတ်ချရပါတယ်။ ဘယ်သူ့ကိုမှ ပြောမှာမဟုတ်ပါဘူး"

ရဲမှူးကယ်လ်ဆီက ဤသို့ ပြောလိုက်ရာ အာဒမ်သည် ခေတ္တစဉ်းစားနေပြီးနောက် သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့။ ဒီအခြေအနေကျမှတော့ ကျောင်းအုပ်ဆရာမကြီးကိုလည်း ပဲ အမှန်အတိုင်း ဖွင့်မပြောလို့ မဖြစ်တော့ဘူးလို့ ကျွန်တော် ထင်ပါတယ်"

❑ ❑ ❑

## ၁၁

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့သည် ရဲမှူးကယ်လ်ဆီနှင့် အာဒမ်တို့၏ ပြောပြချက်ကို စိတ်ရှည်လက်ရှည် နားထောင်လေသည်။ သူမသည် အံ့အားသင့် တုန်လှုပ်ခြင်း စသော စိတ်လှုပ်ရှားမှု လုံးဝဖြစ်ပုံမရဘဲ တည်ငြိမ်အေးဆေးစွာဖြင့် နားထောင်နေပြီးနောက် "ရှင်တို့က ကျွန်မကို ဘာလုပ်စေချင်ပါသလဲ" ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကြီးအနေနဲ့ သိထားသင့်တယ်လို့ အခုလို လာပြောပြတာပါပဲ"

ရဲမှူးကယ်လ်ဆီက ပြန်ပြောလိုက်ရာ ဆရာမကြီးက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...ကောင်းပါတယ်၊ ကျွန်မက ကျောင်းအုပ်အနေနဲ့ ဒီကျောင်းက ကျောင်းသူ မိန်းကလေးတွေနဲ့ ဆရာမတွေ ဝန်ထမ်းတွေ အားလုံးအတွက် တာဝန်ရှိနေပါတယ်။ အခုမစ္စစပရင်လာ သေဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အကြီးအကျယ် ဟိုးလေးတကျော် မဖြစ်ရင် ကျွန်မတို့ ကျောင်းအဖို့ အကောင်းဆုံးပါပဲ။ ဒီအကြောင်းကို လူသိနည်းလေ ကောင်းလေပဲလို့ ပြောချင်ပါတယ်"

"ဟုတ်ပါတယ် ဆရာမကြီး၊ ကျွန်တော်တို့ကလည်း ဒီကိစ္စမှာ တတ်နိုင်သလောက် ကူညီပါမယ်။ ဒါကြောင့် သတင်းစာတွေကို အသိပေးရာမှာ ဘာမှ အရေးမကြီးတဲ့ သာမန်မှုခင်းတစ်ခု ဖြစ်တယ်လို့သာ သတင်းထုတ်ပြန်မယ် စိတ်ကူးပါတယ်။ ဒီအရပ်ထဲက ဆိုးသွမ်းလူငယ်တစ်စု ဝင်လာတာကို မစ္စစပရင်လာက သွားတွေ့တဲ့အချိန်မှာ ကောင်လေးတွေက သေနတ်နဲ့ပစ်လိုက်တဲ့ သဘောမျိုး သတင်းပေးလိုက်ချင်ပါတယ်။ တစ်နုရှိတာက ဒီကျောင်းက နာမည်ကြီး မိန်းကလေးကျောင်းတစ်ကျောင်း ဖြစ်လေတော့ ထည့်ရေးကြလိမ့်မယ် ထင်တယ်"

"ဒီနေရာမှာ ကျွန်မကလည်း တစ်ဖက်တစ်လမ်းက ကူညီနိုင်ပါတယ်။ ကျွန်မတို့အနေနဲ့ သတင်းစာတိုက်ကို ပိုင်တဲ့ ပုဂ္ဂိုလ်ကြီးနှစ်ဦးနဲ့ ပြည်ထဲရေးဝန်ကြီးနဲ့လည်း ခင်မင်ရင်းနှီးပါတယ်။ သတင်းစာတွေကို ဒီသတင်းကို အကြီးအကျယ် အသားပေး မရေးကြအောင် သူတို့ကို အကူအညီတောင်းရင် ဖြစ်လာနိုင်ပါတယ်"

ဆရာမကြီးက ပြောလိုက်လျှင် အာဒမ်က..."ဒီလိုဆိုရင် အလွန်ကောင်းပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်က တတ်နိုင်သလောက် ဒီကိစ္စကို လူမသိစေချင်ပါဘူး" ဟု ပြောလိုက်သည်။

ဆရာမကြီးသည် အာဒမ်အား လှည့်ကြည့်၍..."မောင်ရင်က ဒီကျောင်းမှာ ပန်းခြံအလုပ်သမားအဖြစ်နဲ့ပဲ ဆက်နေမှာလား"ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာမကြီးက မကန့်ကွက်ဘူးဆိုရင် ဒီအတိုင်းပဲ ဆက်နေချင်ပါတယ်။ ဒါမှလည်း ကျွန်တော်က အခြေအနေကို နီးနီးကပ်ကပ် အကဲခတ်ကြည့်နိုင်ပါမယ်"

"နောက်ထပ် လူသတ်မှုဖြစ်မယ်လို့ ထင်မိလို့လား"



"မဟုတ်ပါဘူး ခင်ဗျ၊ ဒီလို မထင်ပါဘူး"

"ဒါဖြင့် တော်ပါသေးရဲ့"

ဤသို့ပြောပြီး ဆရာမကြီးသည် ရဲမှူးကယ်လ်ဆီဘက်သို့ လှည့်လိုက်ပြန်သည်။

"အားကစားရုံမှာ ရှင်တို့ စစ်ဆေးကြည့်ရှုတာ ပြီးပြီလား။ ကျောင်းအနေနဲ့ အားကစားရုံကို အသုံးမပြုဘဲ နေရတာ စိတ်မကောင်းဘူးရှင့်"

"ကျွန်တော်တို့ စစ်ဆေးလို့ ပြီးပါပြီ။ ဆရာမကြီးတို့က အားကစားရုံကို ပြန်ပြီး အသုံးပြုနိုင်ပါတယ်"

"မိန်းကလေးတွေ အားကစားကိရိယာတွေ ထည့်တဲ့ ဗီရိုအံဆွဲတွေကို ရှာကြည့်တော့ ဘာမှ မတွေ့ဘူးလား"

"အမှုနဲ့ပတ်သက်တာဆိုလို့ ဘာမှ မတွေ့ပါဘူး"

"ကျွန်မတို့က ဘာများ ကူညီရဦးမလဲ"

"တစ်ခုတော့ မေးချင်ပါတယ်၊ အခုစာသင်နှစ် စတဲ့ အချိန်နောက်ပိုင်း ဒီကျောင်းမှာ ထူးခြားတဲ့ အဖြစ်အပျက် သို့မဟုတ် လူတစ်စုံတစ်ယောက်နဲ့ ပတ်သက်လို့ သာမန်ထက် ထူးခြားတာများ သတိပြုမိပါသလား"

"မှန်တာပြောရရင် ကျွန်မ မပြောတတ်အောင် ဖြစ်နေပါတယ်"

ဤတွင် အာဒမ်က ဝင်၍ "ဆရာမကြီးစိတ်ထဲက ဒီနှစ်ကျောင်းမှာ တစ်မျိုးထူးခြားတာ တစ်ခုခုရှိနေတယ်လို့ ထင်နေမိတယ် မဟုတ်ပါလား" ဟု မေးလိုက်သည်။

ဆရာမကြီးသည် ခေတ္တစဉ်းစားပြီးမှ ပြန်ဖြေလေသည်။

"အဲဒါ ပြောရခက်ပါတယ်၊ ဒါပေမဲ့ ကျွန်မစိတ်ထဲ တစ်မျိုးဖြစ်နေမိတဲ့အချက်ကိုတော့ ပြောပြပါမယ်။ ကျောင်းဖွင့်ခါစ ဂျူလီယာဆိုတဲ့ ကျောင်းသူကလေးနဲ့ မိခင် မစ္စအပ်ဂျွန်ဆိုသူဟာ ရုံးခန်းထဲမှာနေရင်း အပြင်ဘက်ကို လှမ်းကြည့်ရာက အကြီးအကျယ် အံ့သြသွားခဲ့တယ်။ သူက ဘာမှဖွင့်မပြောပေမယ့် သူ လုံးဝမမျှော်လင့်တဲ့ လူတစ်ယောက်ကို ဒီကျောင်းမှာ လာတွေ့နေရလို့ အလွန်အံ့သြသွားတဲ့ ဟန်မျိုးပါပဲ။ ဒါပေမဲ့ သူက ကျွန်မကို မပြောတော့ ကျွန်မကလည်း မမေးဘဲ နေလိုက်ပါတယ်။ အဲဒါတစ်ခုကတော့ ထူးခြားတယ်လို့ ထင်မိပါတယ်။ ဘာမှန်းရယ်လို့တော့ မပြောတတ်ဘူးရှင့်"

"အဲဒီအမျိုးသမီးက သူမှတ်မိတဲ့ လူတစ်ယောက်ကို မြင်လို့ အံ့သြသွားတဲ့ ပုံမျိုးလားခင်ဗျ"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဆက်ပြောပါဦး"

"အဲဒီအချိန်က အခြားကျောင်းသူတစ်ဦး မိဘကလည်း ရောက်လာတာနဲ့ ခဏစကားပြတ်သွားပါတယ်။ တော်တော်လေးကြာမှ ကျွန်မက မစ္စအပ်ဂျွန်ဘက်သို့ ပြန်လှည့်ပြီး စကားပြောတော့ သူက အိမ်ထောင်မကျမီ စစ်အတွင်းက သူကိုယ်တိုင် အတွေ့အကြုံ ရှိခဲ့ဖူးတဲ့ သူလျှိုထောက်လှမ်းရေး လုပ်ငန်းတွေအကြောင်း ပြောနေပါတယ်"

ထိုအချက်ကို အာဒမ်က စိတ်ဝင်စားပုံရလေသည်။

"ဒီလိုဆိုရင် အဲဒီအမျိုးသမီးဟာ စစ်အတွင်းက သိကျွမ်းခဲ့ဖူးသူ လူတစ်ယောက်ကို ဒီကျောင်းမှာ လာတွေ့ရလို့ အံ့သြသွားတာ ဖြစ်နိုင်တယ်။ အဲဒီလူက ဒီကျောင်းက ဆရာမတစ်ယောက်ယောက် ဒါမှမဟုတ် ကျောင်းသူတစ်ဦးဦးရဲ့ မိဘတစ်ဦးဖြစ်နိုင်တယ်"

"ကျွန်မတို့ကျောင်းက ဆရာမတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

"မဖြစ်နိုင်ဘူးလို့လည်း မဆိုနိုင်ဘူးခင်ဗျ"

အာဒမ်က ပြောလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီက...

"ကျောင်းသူ ဂျူလီယာရဲ့မိခင် မစ္စအပ်ဂျွန်ကို အမြန်ဆုံး တွေ့ဆုံမေးမြန်းကြည့်ချင်ပါတယ်။ သူ့လိပ်စာကို ဆရာမကြီး ပြောနိုင်မှာပေါ့"

"ဟုတ်ကဲ့၊ လိပ်စာပေးနိုင်ပါတယ်။ နေဦးရှင့်၊ အခုလောလောဆယ်မှာ မစ္စအပ်ဂျွန်ဟာ နိုင်ငံခြားရောက်နေတယ် ထင်ပါတယ်။ သေချာအောင် ကျွန်မ စုံစမ်းကြည့်ပါဦးမယ်"

ဤသို့ပြောပြီး ဆရာမကြီးသည် အခန်းအပြင်ဘက်ကို ထွက်လိုက်စဉ် ဖြတ်လျှောက်သွားသော မိန်းကလေးတစ်ဦးအား "ဂျူလီယာဆိုတဲ့ မိန်းကလေးကို ဒီကိုခဏလာခဲ့ဖို့ ပြောလိုက်ပါ" ဟု ညွှန်ကြားလိုက်သည်။

ဆရာမကြီးက ရုံးခန်းအတွင်းသို့ ပြန်ရောက်သောအခါ အာဒမ်က ပြန်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ဟိုမိန်းကလေးရောက်မလာခင် ကျွန်တော်က ထွက်သွားမှ ကောင်းလိမ့်မယ်။ ရဲမှူးကြီးက စုံစမ်းစစ်ဆေးတဲ့ နေရာမှာ ကျွန်တော်က ပန်းခြံအလုပ်သမားတစ်ယောက်အနေနဲ့လာပြီး ကူညီတယ်ဆိုတာ သဘာဝမကျဘူး။ ရဲမှူးကြီးက ကျွန်တော့်ကို အလုပ်သမားတစ်ယောက်အဖြစ် ခေါ်စစ်မေးပြီးတော့ ပြန်လွှတ်တဲ့သဘောမျိုးမှ ကောင်းမယ်"

"ကောင်းသားပဲ၊ ဒါပေမဲ့ ကျုပ်က မောင်ရင့်ကို တစေ့တစောင်း အကဲခတ်ကြည့်နေမယ်ဆိုတာ သတိထားပါ"



ရဲမှူးကြီးကယ်လ်ဆီက ပြောလိုက်သည်။

အာဒမ်သည် ထွက်သွားပြီး တံခါးဝနားသို့ ရောက်မှ ကျောင်းအုပ်ဆရာမကြီးအား လှမ်း၍ စကားပြောပြန်သည်။

"ဆရာမကြီးကို တစ်ခုခွင့်တောင်းချင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီကျောင်းက ဆရာမတွေနဲ့ ရင်းရင်းနှီးနှီး ချဉ်းကပ်ဆက်ဆံမယ်ဆိုရင် ခွင့်ပြုလိမ့်မယ်လို့ ထင်ပါတယ်"

"ဘယ်ဆရာမတွေလဲ"

"ဥပမာဆိုရင် မစ္စဘလန့်(ချ)လို ဆရာမမျိုးဆိုပါတော့"

"ဟင်... သူက ဒီအမှုနှင့် ပတ်သက်ပြီး..."

"ဒီလိုလည်းမဟုတ်ပါဘူးခင်ဗျ၊ သူက ဒီကျောင်းမှာ အတော်ငြီးငွေ့နေပုံရပါတယ်"

ဤတွင် ဆရာမကြီးမစ္စဘားစထရိုက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်လိမ့်မယ်။ နောက်တခြားဘယ်ဆရာမတွေကို ချဉ်းကပ်မယ်လို့ စိတ်ကူးသလဲ"

"ကျွန်တော်က ဘယ်သူ့ရယ်လို့မဟုတ်ဘူး၊ အားလုံးကို လိုက်ချဉ်းကပ်ပြီး လေ့လာကြည့်ရမှာပဲ။ နောက်ပြီး ကျောင်းသူတွေထဲက ကျွန်တော် အလုပ်လုပ်နေတဲ့ ပန်းခြံထဲကို လာတာသိရင် ဆရာမကြီးက အထင်မလွဲပါနဲ့၊ ကျွန်တော်က မှုခင်းစုံစမ်းထောက်လှမ်းရေးအတွက်သာ စကားပြောတာပဲလို့ မှတ်ယူစေချင်ပါတယ်"

"မောင်ရင်က ကျောင်းသူမိန်းကလေးတွေအနေနဲ့ အမှုနဲ့ ပတ်သက်လို့ သိတာများ ရှိနေတယ် ထင်လို့လား"

ဆရာမကြီးက ပြန်မေးလိုက်သည်။

"ဒီလိုရှိပါတယ် ဆရာမကြီးခင်ဗျား၊ လူတိုင်း လူတိုင်းဟာ သူတို့သိထားတဲ့ အချက်တွေ ရှိကြပါတယ်။ အဲဒီအချက်တွေက အရေးကြီးတယ် မကြီးဘူးဆိုတာကိုတော့ သူတို့က သိချင်မှ သိမယ်ဆိုပါတော့"

"ဒါလည်း ဟုတ်နိုင်ပါတယ်"

ဆရာမကြီးက ပြောလိုက်စဉ်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံကြားရပြီး ဂျူလီယာအမည်ရှိ မိန်းကလေးသည် တံခါးဝတွင် လာရပ်လေသည်။

"လာလေ ဂျူလီယာ၊ အထဲကို ဝင်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ပြောလိုက်ချိန်တွင် ရဲမှူးကယ်လ်ဆီက အာဒမ်အား အလုပ်သမားတစ်ယောက်အဖြစ် ခေါ်စစ်သလိုဟန်မျိုးဖြင့် ကြည့်ရင်း "ကိုင်း... အာဒမ်၊ မင်းသွားနိုင်ပြီ။ မင်းအလုပ်ကိုသာ မင်းသွားပြန်လုပ်ပေတော့" ဟု ခပ်တည်တည်ပြောလိုက်သည်။

အာဒမ်ကလည်း သူ့အား ခေါ်စစ်၍ မကျေနပ်သည့်ဟန်မျိုး သရုပ်ဆောင်ကာ "ကျွန်တော် ဘာမှမသိပါဘူးလို့ စောစောကတည်းက ပြောသားပဲ" ဟု ညည်းတွားသလိုပြောကာ ထွက်သွားလေသည်။

ဂျူလီယာလည်း မောပန်းနေပုံရလေသည်။

"ဆရာမကြီး ခေါ်တယ်ဆိုလို့ ကျွန်မက တင်းနစ်ရိုက်တဲ့နေရာကနေ တောက်လျှောက်ပြေးလာခဲ့ပါတယ်"

ဂျူလီယာက မောကြီးပန်းကြီး ပြောလျှင် ဆရာမကြီးက ခေါင်းညိတ်လိုက်သည်။

"ဒီကိစ္စက တခြားမဟုတ်ပါဘူးကွဲ့၊ ဂျူလီယာရဲ့မိခင်လိပ်စာကို မေးချင်လို့ပါပဲ။ ဆရာမကြီးက သူ့ကို ဆက်သွယ်ချင်တယ်"

"ဟုတ်လား၊ ဒါဖြင့် ဆရာမကြီးက ကျွန်မရဲ့အဒေါ်အန်တီ အီဆာဗယ်ကိုပဲ ဆက်သွယ်မှ ဖြစ်မယ်။ မာမီက နိုင်ငံခြားသွားနေပါတယ်"

"ဆရာမကြီးဆီမှာ ဂျူလီယာရဲ့အဒေါ် လိပ်စာရှိပါတယ်။ ဒါပေမဲ့ ဆရာမကြီးက မင်းမာမီနဲ့ တိုက်ရိုက်ဆက်သွယ်ချင်လို့ပါ"

"ဒါတော့ မလွယ်ဘူးထင်ပါတယ် ဆရာမကြီး၊ မာမီက အာနာတိုလီယာပြည်ကို သွားနေပါတယ်။ ပြီးတော့ သူက ဘတ်စ်ကားနဲ့ ခရီးသွားနေတယ်"

"ဘတ်စ်ကားနဲ့ ခရီးသွားတာလား"

ဆရာမကြီးက အံ့သြဟန်ဖြင့် မေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာမကြီး၊ မာမီက ဘတ်စ်ကားနဲ့ ခရီးသွားတာ ဈေးနှုန်းသက်သာလို့ သွားတာပါ"

"ဟုတ်လား၊ ဒါထက် ဂျူလီယာ မင်းရဲ့မာမီက ဒီကျောင်းမှာ စစ်အတွင်းတုန်းက သူနဲ့ သိကျွမ်းခဲ့သူတစ်ယောက်ယောက်ကို မြင်မိတယ်လို့ ပြောဖူးသလား"

"မပြောဖူးပါဘူး ဆရာမကြီး"

"ဒါထက် မင်းရဲ့မာမီက စစ်အတွင်းတုန်းက ထောက်လှမ်းရေးဘက်မှာ အလုပ်လုပ်ခဲ့ဖူးတယ် မဟုတ်လားကွဲ့"



"ဟုတ်ပါတယ်၊ မာမီက ထောက်လှမ်းရေးဘက်မှာ လုပ်ခဲ့တာ အလွန်သဘောကျပုံရပါတယ်။ စစ်အတွင်းတုန်းက ဆွစ်ဇာလန်နိုင်ငံမှာလား ပိုတူရီမှာလား မပြောတတ်ဘူး၊ အလုပ် လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဆရာမကြီးရယ် စစ်အတွင်းက အကြောင်းတွေ ပြောပြတာကို ကျွန်မက ငြီးငွေ့လာလို့ ကောင်းကောင်းတောင် နားမထောင်ခဲ့ပါဘူး"

"အေး...အေး...ဒါပါပဲ"

"ဂျူလီယာ မင်းသွားနိုင်ပါပြီ"

ဆရာမကြီးက ပြောလိုက်လျှင် ဂျူလီယာလည်း ပြန်ထွက်သွားလေသည်။

❐

ဂျင်နီဖာသည် တင်းနစ်ရိုက်သည့်ကွင်းမှ ပြန်လျှောက်လာရင်း သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေမိလေသည်။ ထိုနေ့က သူ တင်းနစ်ကစားရာတွင် ခါတိုင်းလို ရိုက်ချက်မကောင်းသဖြင့် မကျေနပ်ခြင်းပင် ဖြစ်သည်။

အမှန်အားဖြင့် ဂျင်နီဖာသည် တင်းနစ်ကစားရာတွင် သူများထက် ထူးချွန်သူ မိန်းကလေးတစ်ဦး ဖြစ်သည်။ တင်းနစ်ရိုက်ခြင်းကို အထူးဝါသနာပါ၍ ကြိုးစားလေ့ကျင့်ကစားခဲ့ခြင်းကြောင့်လည်း ထူးချွန်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ယခုတစ်လော သူမသည် တင်းနစ်ရိုက်ရာ၌ ခါတိုင်းလို မကောင်းဘဲ လက်ကျနေသဖြင့် သူ့ကိုယ်သူ မကျေမနပ် ဖြစ်မိလေသည်။ ဘာကြောင့် လက်ကျလာလေသနည်း ဟူ၍ကား စဉ်းစား၍မရချေ။

ဤသို့စဉ်းစားရင်း လျှောက်လာစဉ် ဂျင်နီဖာသည် သူ၏ ရှေ့တည့်တည့် လမ်းပေါ်၌ ရပ်နေသူ မျက်နှာစိမ်းအမျိုးသမီးတစ်ဦးအား မြင်လိုက်ရသဖြင့် ရုတ်တရက် အံ့အားသင့်သွားမိလေသည်။ ခပ်စောစောက လမ်းလျှောက်လာသည်ကို မမြင်မိဘဲ ယခုမှ ဘွားခနဲပေါ်လာသလို ဖြစ်ခြင်းကြောင့် အံ့သြမိခြင်း ဖြစ်လေသည်။ ထိုအမျိုးသမီးသည်လည်း လမ်းဘေးရှိ သစ်ပင်များကြား တွင် ပုန်းနေပြီး ယခုမှ ရှေ့သို့ ထွက်လာခြင်း ဖြစ်နိုင်ကြောင်းကိုကား ဂျင်နီဖာက မတွေးမိချေ။

ထိုအမျိုးသမီးမှာ ရွှေဝါရောင်ဆံပင် ရှိပြီး အဝတ်အစားကို သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်ထားလေသည်။ သူမ၏ လက်တွင်လည်း ခပ်ရှည်ရှည် နှင့်သည်အထုပ်တစ်ထုပ် ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟဲလို…ကလေးမ၊ ဒီကျောင်းက မိန်းကလေးတစ်ယောက်ကို တွေ့ချင်လို့ပါ။ ကလေးမရဲ့ နာမည်က…”

ပြောရင်း ထိုမိန်းမသည် လက်မှ စာရွက်တစ်ရွက်ကို ကြည့်လိုက်ပြီးမှ “နာမည်က ဂျင်နီဖာလို့ ခေါ်ပါတယ်၊ သူ့ကို ခဏတွေ့ချင်လို့ပါ” ဟု ဆက်ပြောလိုက်သည်။

ဂျင်နီဖာက အံ့အားသင့်သွားလျက် “ဂျင်နီဖာဆိုတာ ကျွန်မပါပဲရှင့်” ဟု ပြောလိုက်သည်။

“ဟင်…ဟုတ်လား၊ အခုလို တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတာ အံ့သြစရာပါပဲ။ ဒီလိုပါ ဒီမြို့ကလေးလာဖို့ ကိစ္စရှိကြောင်း ညှော်ခံပွဲတစ်ခုမှာ စကားစပ်ပြောမိရင်းက ဂျင်နီဖာရဲ့အဒေါ်လား၊ ဂေါ့(ဒ)မားသား(မွေးစားမိခင်) လား မသိဘူး၊ အမျိုးသမီးတစ်ယောက်နဲ့ တွေ့ဆုံမိတယ်။ သူ့နာမည်လည်း ပြောပါတယ်၊ အခု နာမည်မေ့သွားလို့ပါ။ သူက ဒီမြို့ကို ရောက်မယ်ဆိုရင် ဂျင်နီဖာအတွက် တင်းနစ်ရိုက်တဲ့ ရက်ကက်တစ်ခု ပေးလိုက်ချင်ပါတယ်လို့ ပြောတယ်။ သူကပြောတော့ ဂျင်နီဖာဟာ တင်းနစ်ရိုက်တဲ့ ရက်ကက်တစ်ခု လိုချင်နေတယ်လို့လည်း ပြောပါတယ်”

မျက်နှာစိမ်းမိန်းမက ပြောလိုက်လျှင် ဂျင်နီဖာသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

“ဟင်…ဟုတ်လား၊ ဒါဖြင့် ကျွန်မရဲ့ ဂေါ့(ဒ)မားသား မစ္စကင်းဘဲလ်ဆိုတာပဲ ဖြစ်ရမယ်။ သူ့ကို ကျွန်မက အန်တီဂီနာလို့ ခေါ်ပါတယ်”

“ဟုတ်ပြီ၊ အခုမှပဲ နာမည်ကို ပြန်မှတ်မိပြီ၊ မစ္စကင်းဘဲလ် ဖြစ်ပါတယ်။ သူက ဂျင်နီဖာအတွက် တင်းနစ်ရက်ကက်အသစ်တစ်ခု ပေးလိုက်ပါတယ်”

ပြောပြောဆိုဆို ထိုမိန်းမသည် သူ၏လက်မှ ပါဆယ်ထုပ်ကို လှမ်းပေးရာ ဂျင်နီဖာကလည်း ဝမ်းသာအားရ လက်ခံယူလိုက်သည်။

စက္ကူပတ်ထားသော အထုပ်ကို ချက်ချင်း ဖြေကြည့်ရာ အတွင်းမှ တင်းနစ်ရက်ကက်ကို မြင်လျှင် ဂျင်နီဖာသည် ပို၍ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

“ဟာ…သိပ်ကောင်းတဲ့ အမျိုးအစားပါလား၊ ကျွန်မဖြင့် ဒီရက်ကက်မျိုးနဲ့ တင်းနစ်ရိုက်ချင်နေတာ ကြာပါပြီ။ တင်းနစ်ကစားရာမှာ ရက်ကက်အမျိုးအစားညံ့ရင် ရိုက်လို့ မကောင်းဘူးရှင့်”

“အင်း၊ ဟုတ်မှာပေါ့”



“အခုလို ယူလာပြီး ပေးတာကို ကျေးဇူးတင်ပါတယ်ရှင်”

ဂျင်နီဖာက ပြောလိုက်ရာ ထိုမိန်းမက ပြုံးနေလေသည်။

“ကိစ္စမရှိပါဘူးကွယ်၊ လမ်းကြုံလို့ ယူလာခဲ့တာပဲ။ သြော်…ဒါထက် ဂျင်နီဖာရဲ့ ရက်ကက်အဟောင်းကို ပြန်ယူလာခဲ့ဖို့လည်း မှာလိုက်တယ်”

ပြောပြောဆိုဆို ထိုမိန်းမသည် စောစောက ဂျင်နီဖာကိုင်လာပြီး ဆားတွင် ချထားသော ရက်ကက်အဟောင်းကို ကောက်ယူလိုက်သည်။

“ဂျင်နီဖာရဲ့ အန်တီက ပြောလိုက်ပါတယ်။ ဒီရက်ကက်အဟောင်းကို ကြိုးအသစ်ပြန်လဲတပ်ပေးမယ်တဲ့”

ဤသို့လည်း ထိုအမျိုးသမီးက ဆက်ပြောရာ ဂျင်နီဖာက “ကြိုးအသစ်လဲတပ်လို့လည်း မထူးပါဘူးရှင့်” ဟု ပြောလိုက်သည်။

ထိုအချိန်၌ ဂျင်နီဖာသည် တင်းနစ်ရက်ကက်အဟောင်းကို စိတ်ဝင်စားခြင်း မရှိတော့ချေ။

“ဒါပေမဲ့ ဒီရက်ကက်အဟောင်းကို ကြိုးတွေ အသစ်လဲတပ်ထားလိုက်ရင် အပိုတစ်ခုဆောင်ထားလို့ ရတာပေါ့။ ကိုင်း စကားပြောကောင်းနေလိုက်တာ အချိန်တောင် အတော်နှောင်းသွားပြီ၊ သွားလိုက်ဦးမှပဲ”

“ဟုတ်လား၊ ဘာနဲ့သွားမှာလဲ။ တက္ကစီကားခေါ်ပေးရမလား”

ဂျင်နီဖာက ပြောလိုက်ရာ၊ ထိုအမျိုးသမီးက…

“မလိုပါဘူး၊ မော်တော်ကားပါလာပါတယ်။ အပြင်ဘက်ဂိတ်ဝမှာ ရပ်ထားပါတယ်။ ကိုင်း… သွားလိုက်ဦးမယ်နော်။ ဂျင်နီဖာနဲ့ တွေ့ရတာ ဝမ်းသာပါတယ် ဂွတ်ဘိုင်” ဟု ပြောပြောဆိုဆို လျင်မြန်သွက်လက်စွာ လျှောက်ထွက်သွားလေသည်။

ဂျင်နီဖာသည် တင်းနစ်ရက်ကက်အသစ်ကို အလွန်သဘောကျမိလျက် သူငယ်ချင်းဂျူလီယာကို လိုက်ရှာပြီး ဝမ်းသာအားရ ကြွားသလို ပြလေသည်။

“ဟော့ ဂျူလီယာ၊ ဒီမယ် ကြည့်ပါဦးကွ”

“ဟင်… ရက်ကက်အသစ်ကြီးပါလား။ မင်းက ဘယ်ကရလာတာလဲ”

ဂျူလီယာက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်လေသည်။

“တို့ရဲ့ ဂေါ့(ဒ)မားသား အန်တီဂီနာ ဆိုတာက ပို့ပေးလိုက်တယ်။ သူက အလွန်ချမ်းသာကြွယ်ဝတယ်။ ဧကန္တ တို့က တင်းနစ်ရက်ကက်ကို အသစ်လိုချင်တယ်လို့ ပူဆာနေတာကို မာမီက ပြောတာ ကြားတာနဲ့ ဝယ်ပေးလိုက်တယ်နဲ့ တူပါတယ်။ သူ့ဆီကို ကျေးဇူးတင်ကြောင်း စာရေးလိုက်ဦးမှပဲ”

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မင်းသမီး ရှာအီစတာသည် သူတို့နားသို့ ရောက်လာရာ ဂျင်နီဖာက တင်းနစ်ရက်ကက်အသစ်ကို ပြလိုက်ပြန်သည်။

“ကြည့်စမ်းပါဦး ရှာအီစတာ၊ တင်းနစ်ရက်ကက်အသစ်တစ်ခု ရလာတယ်”

“ဟုတ်ပါရဲ့၊ ဒါမျိုးက အတော့်ကို ဈေးကြီးမှာပဲနော်။ ဂျင်နီဖာတို့လို တင်းနစ်ကောင်းကောင်းရိုက်တတ်ချင်လိုက်တာ။ ပြီးတော့ အမေရိကန်က အမျိုးသမီး တင်းနစ်ချန်ပီယံ မစ္စအယ်လင် ဝတ်တဲ့ ဝတ်စုံမျိုးလည်း ဝတ်ချင်တယ်”

ရှာအီစတာက ဤသို့ပြောပြီး ထွက်သွားသောအခါ ဂျင်နီဖာနှင့် ဂျူလီယာတို့သည် အားကစားရုံဘက်သို့ လျှောက်သွားကြသည်။

“ရှာအီစတာကတော့ အဝတ်အစားကောင်းကောင်းလှလှဝတ်ဖို့လောက်ပဲ အမြဲစဉ်းစားနေတာပဲ”

ဂျူလီယာက ဝေဖန်လိုက်လေသည်။

အားကစားရုံတွင် စောစောပိုင်းက ရဲအရာရှိများ ရှိနေသော်လည်း ယခုတော့ သူတို့ စစ်ဆေးရှာဖွေပြီး၍ ကျောင်းသူများ ပြန်လည်အသုံးပြုခွင့် ရရှိနေပြီ ဖြစ်လေသည်။

ဂျင်နီဖာနှင့် ဂျူလီယာတို့သည် အားကစားရုံဘက်သို့ ရောက်သောအခါ ဂျင်နီဖာက တင်းနစ်ရက်ကက်အသစ်ကို အမြတ်တနိုး ကိုင်တွယ်ပွတ်သပ်နေပြန်လေသည်။

“ဒီတင်းနစ်ရက်ကက်အသစ်က တကယ်ကောင်းတာပဲ ဂျူလီယာ”

“ကောင်းပါတယ်၊ ဒါနဲ့ မင်းရဲ့ ရက်ကက်အဟောင်းကကော ဘယ်ရောက်သွားသလဲ”

“သူက ပြန်ယူသွားတယ်”

“သူဆိုတာက ဘယ်သူ့ကို ပြောတာလဲ”

“ဒီရက်ကက်အသစ်လာပို့ပေးတဲ့ မိန်းမပေါ့။ သူက အန်တီဂီနာနဲ့ ညည်ခံပွဲတစ်ခုမှာ တွေ့ဆုံရာက လူကြုံပါးလိုက်တယ်လို့ ပြောတယ်။ နောက်ပြီးကိုယ့်ရက်ကက်အဟောင်းကို ကြိုးအသစ်ပြန်တပ်ဖို့ အန်တီဂီနာက ပြန်ယူလာခိုင်းတယ်တဲ့”

“ဟုတ်လား”

ဂျူလီယာက ပြောလိုက်ပြီးနောက် စိတ်ထဲမှ တစ်စုံတစ်ခုကို ဘဝင်မကျသလို မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက် သူမကပင် ဆက်၍



“နေဦးကွဲ့၊ ရက်ကက်အဟောင်းက ကြိုးအသစ်လဲတပ်ဖို့မှ မလိုဘဲ” ဟု ပြောလိုက်သည်။

“လိုတာပေါ့၊ ကောင်းမှမကောင်းတော့ဘဲ”

“ဒီမှာ ဂျင်နီဖာ၊ မင်းမေ့သွားပြီ ထင်တယ်။ မင်းနဲ့ တို့နဲ့ ဟိုတစ်လောကပဲ ရက်ကက်ချင်း လဲလိုက်ကြတယ်လေကွာ။ မင်းရဲ့ ရက်ကက်အဟောင်းက အခု တို့ဆီရောက်နေတယ်။ အဲဒီရက်ကက်က ကြိုးအသစ်လဲတပ်ပြီးသားပဲ။ မင်းတို့အန်တီဂီနာကလည်း ဒါကို သိပြီးသားဖြစ်မှာပဲ။ ဒါနဲ့များ ဘာကြောင့် ကြိုးအသစ်လဲတပ်ပေးဖို့ ဆိုပြီး ရက်ကက်အဟောင်းကို ပြန်ယူခိုင်းလိုက်တာလဲ။ အဲဒါက ထူးဆန်းနေတယ်”

“ဒါတော့ ဂျူလီယာရယ် အန်တီဂီနာက ရက်ကက်အဟောင်းကို ကြိုးအသစ်လဲတပ်ဖို့ လိုတယ်ထင်လို့ နေမှာပေါ့”

“အေးပါလေ၊ ဒါက သိပ်အရေးမကြီးပါဘူး၊ တို့ စဉ်းစားနေတာက မင်းရဲ့ ရက်ကက်အဟောင်းကို ယူပြီး အသစ်ပေးသွားတာဟာ အတော့်ကို ထူးဆန်းတယ်လို့ ထင်မိတယ်။ ပသိပုံပြင်ထဲက အာလာဒင်နဲ့ ဆီမီးခွက်ပုံပြင်ကို သိတယ် မဟုတ်လား။ အဲဒီပုံပြင်မှာ အဖိုးတန်ပြီး တန်ခိုးရှိတဲ့ ဆီမီးခွက်ဟောင်းကို မှော်ဆရာကြီးက လိုချင်တော့ မီးခွက်အသစ်တစ်ခုနဲ့ လာလဲသွားတာလို ဖြစ်နေတယ်။ တကယ်တော့ မင်းရဲ့ရက်ကက်အဟောင်းက တို့ဆီမှာ ရောက်နေတယ်”

ဤသို့ ဂျူလီယာက သူ၏ထင်မြင်ချက်ကို ပြောလိုက်သော်လည်း ဂျင်နီဖာသည် တင်းနစ်ရက်ကက်အသစ်ကိုပင် ကျေနပ်သဘောကျနေမိလေသည်။

❑ ❑ ❑

၁၂

တနင်္ဂနွေနေ့ ဖြစ်လေသည်။

မဲဒိုးဘင်းကျောင်းအတွင်း၌ ကျောင်းသူမိန်းကလေးများ အနည်းငယ်သာရှိပြီး တိတ်ဆိတ်ခြောက်သွေ့နေသလို ဖြစ်နေသည်။ အကြောင်းကား စာသင်နှစ်စတင်ပြီး ရက်သတ္တသုံးပတ်ကျော်လာပြီ ဖြစ်၍ ယခုလိုကျောင်းပိတ်

www.burmeseclassic.com



ရက်တွင် ကျောင်းသူများအား သက်ဆိုင်ရာမိဘများက ခေတ္တအပြင်သို့ ခေါ်ထုတ်ခွင့်ပြုထားခြင်းကြောင့် ယနေ့ (တနင်္ဂနွေနေ့) တွင် ကျောင်းသူအများစုမှာ မိဘများနှင့်အတူ ထိုနေ့အဖို့ ထွက်၍လည်ပတ်နေကြသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် နေ့လယ်စာစားချိန်တွင် ကျောင်းသူမိန်းကလေးနှစ်ဆယ်ခန့်သာ ကျောင်းတွင် ကျန်ရစ်လေသည်။ ကျောင်းမှ ဆရာမအချို့သည်လည်း ရက်အားဖြစ်၍ အပြင်ဘက်သို့ ထွက်ကြလေသည်။

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိ့သည် သာမန်အားဖြင့် ကျောင်းမှ ထွက်ခွာသွားလေ့မရှိသော်လည်း ယခုရက်သတ္တပတ်တွင်မူ အပြင်ဘက်သို့ ထွက်ရန် ပြင်ဆင်နေလေသည်။

ဤသည်မှာလည်း အကြောင်းရှိလေသည်။ ဆရာမကြီးသည် သူနှင့်ခင်မင်ရင်းနှီးသော ဝယ်လ်ရှန်မြို့စားကတော်အိမ်သို့ ယခု အလည်အပတ်နေထိုင်ရန် စိတ်ကူးမိသောကြောင့်ပင် ဖြစ်သည်။ မြို့စားကတော်က ယခုအပတ်စနေ၊ တနင်္ဂနွေနေ့များတွင် သူ၏အိမ်သို့ ဧည့်သည်အချို့ ဖိတ်ကြားထားကြောင်း၊ ဧည့်သည်များအနက် မဲဒိုးဘင်းကျောင်းကို အစဉ်တစိုက် အားပေးခဲ့သူ ဟင်နရီဘင်းအမည်ရှိ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးသည်လည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာမကြီးပါလာခဲ့စေလိုကြောင်း မြို့စားကတော်က ဖိတ်ကြားထားသဖြင့် မစ္စဘားစထရိ့က လက်ခံပြီး သွားရောက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ဆရာမကြီးသည် ထိုပုဂ္ဂိုလ် (ဟင်နရီဘင်း) နှင့် တွေ့ဆုံစကားပြောလိုသည့် ဆန္ဒလည်း ရှိနေသည်။ မိမိတို့ မဲဒိုးဘင်းကျောင်း၏ အနာဂတ်အရေး ဆွေးနွေးရင်း ကျောင်း၌ လူသတ်မှု ဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍လည်း အဖြစ်မှန်ကို ပြောပြလိုသဖြင့် မြို့စားကတော်၏ ဖိတ်ကြားချက်ကို လက်ခံရန် စိတ်ကူးရခဲ့ခြင်း ဖြစ်လေသည်။

ဆရာမကြီး၏ အပေါင်းအသင်း အဆက်အသွယ်ကောင်းခြင်းကြောင့် လူသတ်မှုအကြောင်းကို သတင်းစာများက အကြီးအကျယ် အသားပေး ရေးသားဖော်ပြခြင်းမပြုဘဲ အသင့်အတင့် သဘောလောက်သာ သာမန်မှုခင်းတစ်ခုအဖြစ် ဖော်ပြခဲ့ကြလေသည်။ မဲဒိုးဘင်းကျောင်း၏ အားကစားရုံအတွင်းသို့ ဒေသခံဆိုးသွမ်းလူငယ်တစ်စု ဝင်ရောက်ဖောက်ထွင်းကြရာမှ မစ္စစပရင်လာသည် မတော်တဆ ထိခိုက်သေဆုံးသွားသယောင် အချို့သော သတင်းစာများက ရေးသားဖော်ပြကြလေသည်။



စနေနေ့နံနက်တွင် ဆရာမကြီး မစ္စဘားစထရိ့သည် ရေးစရာရှိသော စာများကို အတွင်းရေးမှူး အယ်နီနှင့်အတူ ထိုင်ရေးနေစဉ် အယ်နီကပင် တယ်လီဖုန်းကို ကောက်ကိုင်၍ စကားပြောလေသည်။

အယ်နီက ခေတ္တနားထောင်နေပြီးနောက် တယ်လီဖုန်းစကားပြောခွက်ကို ကိုင်ထားလျက် ဆရာမကြီးအား တစ်ဆင့်အစီရင်ခံလေသည်။

“ဆရာမကြီးရှင့်၊ အခုတယ်လီဖုန်းဆက်တာ အာရပ်စော်ဘွား အိဘရာဟင်ဖြစ်ပါတယ်။ သူက မနက်ဖြန် တနင်္ဂနွေနေ့မှာ ရှာအီစတာကို အပြင်ဘက်ခေါ်ထုတ်သွားချင်ပါသတဲ့”

ဤတွင် ဆရာမကြီးကိုယ်တိုင် တယ်လီဖုန်းကို လှမ်းယူပြီး စကားပြောလေသည်။ ရှာအီစတာအား အပြင်ဘက်ခေါ်ထုတ်မည်ဆိုလျှင် တနင်္ဂနွေနေ့နံနက် ဆယ့်တစ်နာရီအချိန် လာခေါ်ပြီး ထိုနေ့ညနေ ရှစ်နာရီမထိုးမီ ကျောင်းသို့ အရောက်ပြန်ပို့ပေးရမည် ဖြစ်ကြောင်း ပြောလိုက်သည်။

ဆရာမကြီးသည် တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချထားပြီးနောက် အယ်နီဘက်သို့ လှည့်၍ ညည်းညူသလို ပြောလေသည်။

“အရှေ့တိုင်းက လူတွေက တော်တော်ခက်တာပဲ။ ကြိုကြိုတင်တင် အကြောင်းကြားဖို့ကောင်းတယ်၊ အမှန်က ရှာအီစတာက ဒီအပတ် တခြားအဖွဲ့နဲ့ အပြင်ဘက်ထွက်မလို့ စီစဉ်ထားတယ်။ အခုတော့ အစီအစဉ်ဖျက်ရတော့မှာပေါ့။ ကိုင်း တို့ရေးစရာတွေ အားလုံး ပြီးပြီလား”

“ဟုတ်ကဲ့၊ ပြီးပါပြီ ဆရာမကြီး”

“ဒါဖြင့် အယ်နီက လက်နှိပ်စက်ရိုက်ပြီးရင် စာတွေကို ပို့လိုက်ပေတော့။ ပြီးတော့ စနေ၊ တနင်္ဂနွေမှာ အယ်နီလည်း အနားယူပြီး အပြင်သွားနိုင်တယ်။ တနင်္လာနေ့မနက်ပိုင်းကျမှပဲ ဒီမှာ အလုပ်ရှိမယ်”

“ကျေးဇူးပါပဲ ဆရာမကြီး”

“ဒါထက် အခုအားလပ်ခွင့်ရရင် ဘာလုပ်မယ် စိတ်ကူးသလဲ။ ယောကျ်ားကလေးတစ်ယောက်ယောက်နဲ့ သွားမှာလား”

“ဟုတ်ကဲ့၊ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ သွားတွေ့မှာပါ။ ဘာမှ အထူးပျော်စရာကောင်းမှာ မဟုတ်ပါဘူး”

“အိမ်ထောင်ပြုမယ်လို့ စိတ်ကူးရင်တော့ လောလောဆယ် ပျော်ပျော်ရောနောက်လိုက်တာ မကောင်းဘူးကွဲ့၊ ကိုင်း ဒီက ထွက်သွားရင် ဓမ္မချက်ဒဏ်ကို ခဏလွှတ်လိုက်စမ်းပါ”

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင် မစွချက်ဒစ်သည် ဆရာမကြီးရှေ့သို့ ရောက်လာလေသည်။

ခေါ်လိုက်ခြင်းအကြောင်းမှာ နောက်တစ်နေ့ တနင်္ဂနွေနေ့တွင် ဆရာမကြီးက မြို့စားကတော်အိမ်သို့ သွားရန် ရှိသဖြင့် မစွချက်ဒစ်အား လိုအပ်သည်များကို မှာကြားခဲ့ရန်ပင် ဖြစ်သည်။

"ဒီမယ် နက်ဖြန်ကျရင် ရှာအီစတာရဲ့ ဦးလေးဖြစ်သူ ဆော်ဘွား အ ဘရာဟင်က သူ့တူမကို အပြင်ဘက်ခေါ်ထုတ်ဖို့ လာလိမ့်မယ်။ မိန်းကလေးရဲ့ ပညာသင်ကြားမှု အခြေအနေကို မေးရင် တိုးတက်မှုရှိတယ်လို့သာ ပြောလိုက်ပါ"

ဆရာမကြီးက ပြောလိုက်လျှင် မစွချက်ဒစ်က "အမှန်တော့ ရှာအီစတာဟာ သိပ်ဉာဏ်မကောင်းပါဘူး ဆရာမကြီး" ဟု ပြန်ပြောလေသည်။

"ဒါကတော့ ဒီလိုပါ၊ ရှာအီစတာဟာ ပညာသင်ကြားမှုဘက်က ဉာဏ်သိပ်မရင့်ကျက်သေးလို့ပါ။ ဒါပေမဲ့ သူက တစ်ဖက်မှာတော့ အံ့ဩစရာကောင်းလောက်အောင် ရင့်ကျက်နေပြီလို့ ဆိုရမယ်။ တစ်ခါတလေများ သူ စကားပြောပုံက အသက်နှစ်ဆယ့်ငါးနှစ်လောက် မိန်းကလေးတစ်ယောက်နဲ့ တောင် တူနေတတ်တယ်။ ဒါဟာလည်း ရှာအီစတာအနေနဲ့ ပြင်သစ်ပြည် ပဲရစ်မြို့၊ ကိုင်ရို (အီဂျစ်)၊ တီဟီရန်လိုမြို့ကြီးတွေမှာ အရွယ်ရောက်ပြီးတဲ့ အမျိုးသမီးတစ်ယောက်လို နေထိုင်ခဲ့ရတဲ့ အတွေ့အကြုံကြောင့် ဖြစ်နိုင်တယ်။ ဒီအင်္ဂလန်မှာက မိဘတွေဟာ ကိုယ့်သားသမီး အရွယ်ရောက်လာပေမယ့် ကလေးငယ်များလို သဘောထား ဆက်ဆံကြလေ့ ရှိကြတယ်။ ဒီနည်းက မကောင်းလှဘူးလို့ ဆိုရမယ်"

"ဒါတော့ ကိုယ့်အယူအဆနဲ့ ကိုယ်ပဲ ဆိုပါတော့။ ဒါကြောင့် ကျွန်မ အခုပဲ သွားပြီး ရှာအီစတာကို သူ့ဦးလေး လာခေါ်မယ့်အကြောင်း ကြိုတင် ပြောထားလိုက်ပါ့မယ်။ ဆရာမကြီး စိတ်ချပြီး သွားစရာရှိတာသာ သွားပါ။ ကျောင်းအတွက် ဘာမှ တွေးပူမနေပါနဲ့"

"စိတ်မပူပါဘူး၊ မစွချက်ဒစ်တစ်ယောက်လုံးကို တာဝန်လွှဲထားမှတော့ ဘာမှ စိတ်မချစရာ မရှိပါဘူး"

"ဒါဖြင့် ကျွန်မက ရှာအီစတာကို သွားပြောလိုက်ပါ့မယ်"

ဤသို့ပြောပြီး မစွချက်ဒစ်သည် ပြန်ထွက်သွားလေသည်။

ရှာအီစတာသည် သူမ၏ ဦးလေးက လာခေါ်မည်ကို သိရသောအခါ အံ့အားသင့်သွားပြီး သဘောကျပုံ မရချေ။



"ဦးလေးက ကျွန်မကို လာခေါ်မယ်ဆိုတော့ ခက်တာပါပဲ။ တကယ် တော့ ကျွန်မက ဂီဆယ်ဆိုတဲ့ မိန်းကလေးနဲ့ သူ့အမေတို့နဲ့အတူ နက်ဖြန် အပြင်ဘက်ထွက်လိုက်ဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ် ဆရာမ"

ရှာအီစတာက မကျေနပ်သလို ပြောလေသည်။

"ဒါတော့ကွယ်၊ နောက်တစ်ခေါက်ကျမှ သွားပေါ့"

"မဟုတ်ဘူးဆရာမ၊ ကျွန်မ ဂီဆယ်နဲ့ပဲ သွားချင်တယ်။ ကျွန်မရဲ့ ဦးလေးက နည်းနည်းမှ စိတ်ဝင်စားဖို့ မကောင်းဘူး။ သူနဲ့သွားရတာ အလွန် ပျင်းစရာကောင်းလှတယ်"

"ဒီလိုမပြောရဘူးကွဲ့၊ မယဉ်ကျေးရာကျတယ်။ ရှာအီစတာရဲ့ဦးလေး က အင်္ဂလန်ပြည်မှာ တစ်ပတ်လောက်ပဲ နေမယ်လို့ သိရတယ်။ ဒါကြောင့် သူက တူမလေးနဲ့ တွေ့ချင်တာပေါ့"

မစွချက်ဒစ်က ဤသို့ပြောလိုက်ပြီးနောက် ရှာအီစတာသည် တစ်စုံ တစ်ခုစဉ်းစားမိဟန်ဖြင့် မျက်နှာရွှင်လာပြန်သည်။

"ဒါဖြင့် ဦးလေးက ကျွန်မကို ထိမ်းမြားလက်ထပ်ပေးဖို့ စီစဉ်ထား ပုံနဲ့ တူတယ်။ ဒီလိုဆိုရင်တော့ သိပ်ပျော်စရာကောင်းမှာပဲ"

"အဲဒီလိုဟုတ်ရင်လည်း သူက ပြောမှာပေါ့။ ဒါပေမဲ့ ရှာအီစတာက အိမ်ထောင်ပြုဖို့ရာ သိပ်ငယ်လွန်းပါသေးတယ်လေ။ ပညာကိုသာ ဆုံးခန်းတိုင် ပြီးသတ်သင်ကြားဖို့ အရေးကြီးတယ်ကွဲ့"

"ဟာ... ဆရာမကလည်း၊ ပညာသင်ရတာ အလွန်ပျင်းစရာကို ကောင်းလှပါတယ်"

□

နေ့တွင် ကျောင်းအုပ်ဆရာမကြီး မစွဘားစတရို့ကျောင်းမှ ထွက်သွား ပြီးနောက် မရှေးမနှောင်းမှာပင် အတွင်းရေးမှူးအယ်နီလည်း အားလပ်ခွင့် ယူသဖြင့် ထွက်သွားလေသည်။

ဆရာမများဖြစ်ကြသော မစ္စဂျွန်ဆင်၊ မစွရစ်(ချ)နှင့် မစွဘလိတ်တို့ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကျောင်းမှ ထွက်သွားကြပြန်သည်။ ထို့ကြောင့် ကျောင်းတွင် မစွချက်ဒစ်၊ မစ္စရိုဝင်နှင့် မစွဘလန့်(ချ)တို့ လေးဦးသာ ကျန် ပြီး တာဝန်ယူနေကြရလေသည်။

"မိန်းကလေးတွေအနေနဲ့ မစ္စစပရင်လာ သေဆုံးတဲ့အကြောင်း ပြောကြရင် ကောင်းလိမ့်မယ်။ ဒီလိုကိစ္စမျိုးက မေ့ထားလိုက်တာ ကောင်း ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မစ္စချက်ဒစ်က ပြောလိုက်ရာ မစ္စဗာဆီတတ်ကလည်း "ဒီအကြောင်းကို ကောင်မလေးတွေက အကျယ်တဝင့်မပြောကြဖို့ မျှော်လင့်ရတာပဲ။ တကယ်လို့ ဒီကိုလာတဲ့ မိဘတွေက ဒီအကြောင်း စကားစပ်ပြောရင် ကျွန်မတော့ စကားစပ်မပြောဖို့ ပိတ်လိုက်မယ်လို့ စိတ်ကူးထားတယ်" ဟု ပြန်ပြောလိုက်သည်။

နံနက်ဆယ်နာရီအချိန်တွင် မစ္စချက်ဒစ်နှင့် မစ္စဗာဆီတတ်တို့က ခေါင်းဆောင်လျက် ကျောင်းသူမိန်းကလေးများသည် ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုရန် သွားကြရလေသည်။ မိန်းကလေးများအနက် လေးဦးက ကက်သလစ် (ဘုရင်ကျိ) ဘာသာ ကိုးကွယ်သူများလည်း ဖြစ်၍ သူတို့ကိုလည်း ဆရာမတစ်ဦးဦးက ဦးဆောင်ပြီး ဘုရင်ကျိဘုရားရှိခိုးကျောင်းတစ်ကျောင်းသို့ လိုက်ပို့ပေးလေသည်။

ဆယ့်တစ်နာရီသာသာတွင် ကျောင်းသူများအပြင်ဘက်သို့ လာခေါ်သည့် မိဘများ၏ မော်တော်ကားများ ရောက်လာစပြုလေသည်။ မစ္စဗာဆီတတ်သည် ကျောင်း၏ ခန်းမကြီးတွင် အသင့်ရပ်စောင့်နေပြီး ရောက်လာသူ မိဘများအား ဆီးကြိုနှုတ်ဆက်ခြင်း၊ အပြင်ဘက်ထွက်မည့် ကျောင်းသူများအား ခေါ်ပေးခြင်း စသည်တို့ဖြင့် တာဝန်ယူနေလေသည်။ လူသတ်မှုအကြောင်း စကားစပ်ပြောခြင်းကိုမူ မစ္စဗာဆီတတ်က လုံးဝ အားမပေးချေ။

မစ္စချက်ဒစ်သည်လည်း သိကျွမ်းရင်းနှီးနေသော မိဘများအား နှုတ်ဆက်စကားပြောရင်း ကျောင်းသူ မိန်းကလေးများအကြောင်း ဆွေးနွေးနေလေသည်။

ဂျူလီယာနှင့် ဂျင်နီဖာတို့သည် အခြားကျောင်းသူများက လာခေါ်နေသည်ကို စာသင်ခန်းတစ်ခန်း၏ ပြတင်းပေါက်မှ လှမ်းကြည့်နေကြလေသည်။

"နောက်တစ်ပတ်ကျရင်တော့ မာမီက တို့ကိုလာပြီးခေါ်ထုတ်ပါလိမ့်မယ်။ ဒီအပတ်တော့ ဒယ်ဒီရဲ့ အရေးကြီးတဲ့ ဧည့်သည်တွေလာမှာမို့ မာမီက ဒီကိုမလာနိုင်ဘူး"

ဂျင်နီဖာက ပြောလိုက်စဉ် ဂျူလီယာသည် ဧည့်ခန်းမကြီးဘက် လှမ်းကြည့်နေရာမှ "ဟိုမယ်...ကြည့်စမ်းပါဦး။ ရာအီစတာတစ်ယောက် လန်ဒန်မြို့ကို သွားဖို့ ဝတ်စားထားလိုက်တာ ရှိုးအပြည့်ပဲ။ သူစီးထားတဲ့ ဒေါက်မြင့်ဖိနပ်ကိုလည်း ကြည့်ပါဦးလေ။ သိပ်ပြီး ခေတ်ဆန်လွန်းတယ်" ဟု ပြောလိုက်သည်။

ထိုအချိန်၌ ကျောင်းရှေ့ဆင်ဝင်အောက်တွင် ကက်ဒီလက်အမျိုးအစား မော်တော်ကားကြီးတစ်စီး ရပ်ထားပြီး ယူနီဖောင်းဝတ် ဒရိုင်ဘာက တံခါး



ဖွင့်ပေးရာ ရာအီစတာက ထိုကားပေါ်သို့ တက်ထိုင်လိုက်ပြီးနောက် မော်တော်ကားမောင်းထွက်သွားလေသည်။

"နောက်အပတ်ကျရင် ဂျူလီယာက တို့နဲ့ အပြင်ဘက်ကို လိုက်ခဲ့ပါလား။ တို့က ကျောင်းသူ သူငယ်ချင်းတစ်ယောက် ခေါ်လာချင်တယ်လို့ မာမီကို ကြိုတင်ပြောထားပြီးပြီ"

ဂျင်နီဖာက ပြောလိုက်ပြန်သည်။

"ကောင်းသားပဲ၊ တို့လည်း လိုက်ချင်ပါတယ်။ ဟောဟိုမယ် မစ္စဗာဆီတတ်ကြီးကို ကြည့်ပါဦး။ မိဘတွေနဲ့ နှုတ်ဆက်စကားပြောနေတာ ရွှန်းရွှန်းကို ဝေနေတာပဲ"

ဂျူလီယာက ဧည့်ခန်းဘက်ဆီသို့ ကြည့်ရင်း ပြောလိုက်ရာ ဂျင်နီဖာကလည်း "အင်း...ဟုတ်ပါရဲ့" ဟု ပြန်ပြောလိုက်သည်။

ထို့နောက် ဂျင်နီဖာကပင် ဆက်၍ "ဒါထက် ဂျူလီယာ၊ ဒီနေ့ နေ့လယ်ပိုင်းအားလပ်ချိန်မှာ ဘာလုပ်မယ်စိတ်ကူးသလဲ။ တို့ကတော့ မာမီဆီလည်း စာရေးဖို့မလိုဘူး၊ နောက်အပတ် ဒီမှာလာတွေ့မှာမို့ ဒီအပတ် စာမရေးတော့ဘူးလို့ စိတ်ကူးတယ်" ဟု ပြောလိုက်သည်။

"မင်းကတော့ စာရေးဖို့ အတော်ပျင်းတာပဲ"

ဂျူလီယာက ဝေဖန်သလို ပြောလိုက်သည်။

"ပျင်းတာရယ်လို့ မဟုတ်ပါဘူး။ စာရေးတဲ့အခါ ဘာတွေရေးရမှန်း စိတ်ကူးလို့ မရဘူးကွဲ့"

"တို့တော့ စာရေးမယ်ဆိုရင် ရေးစရာ အကြောင်းတွေ အများကြီး စဉ်းစားလို့ရတယ်။ ဒါပေမဲ့ စာရေးရမယ့်လူက မရှိဘူး"

ဂျူလီယာက ပြန်ပြောလိုက်သည်။

"မင်းရဲ့အမေဆီကို စာမရေးဘူးလား"

"မာမီက အာနာတိုလီယာကို ဘတ်စ်ကားနဲ့ ခရီးသွားနေတယ်လို့ ပြောခဲ့ပြီ မဟုတ်လား။ ခရီးသွားနေတဲ့လူဆီ ဘယ်လိုလုပ်ပြီး စာရေးမလဲ"

"တကယ်လို့ စာရေးမယ်ဆိုရင်ကော ဘယ်ကို ရေးရသလဲ"

"အာနာတိုလီယာက တူရကီနိုင်ငံမှာရှိတော့ တူရကီပြည်က ဗြိတိသျှကောင်စစ်ဝန်ရုံးတွေကတစ်ဆင့် ရေးရတယ်။ အီစတန်ဘူလ်နဲ့ အန်ဂါရာမြို့တွေမှာ ကောင်စစ်ဝန်ရုံးတွေ ရှိတယ်။ အရေးထဲ ဆရာမကြီးဘာသာစထရိုက မာမီနဲ့ ဆက်သွယ်ချင်တယ်လို့ ပြောတယ်၊ ဘာများအရေးကြီးလို့လည်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဂျူလီယာနဲ့ ပတ်သက်တာ ဟုတ်မယ်မထင်ပါဘူး။ မင်းက ဒီမှာ ဘာအပြစ်မှ လုပ်ခဲ့တာမှ မဟုတ်ဘဲ"

"တစ်ခုတော့ ရှိတယ်။ ဆရာမကြီးက မာမီကို မစ္စစပရင်လာအကြောင်း ပြောချင်သလား မသိဘူး"

"ဟုတ်မယ်မထင်ပါဘူး။ မစ္စစပရင်လာအကြောင်း ပြောစရာ ဘာမှ လိုမယ်မထင်ပါဘူး။ မင်းရဲ့မာမီကလည်း မစ္စစပရင်လာကို သိတာမှ မဟုတ်ဘဲ။ ဒါကိုက တစ်မျိုးကောင်းတယ်"

"ဘာကြောင့် ဒီလိုပြောတာလဲ။ မိခင်တွေအနေနဲ့ သူတို့သမီးတွေကို အသတ်ခံရမှာ စိုးရိမ်ကြမယ်ထင်လို့လား"

"တို့မာမီကတော့ ဒီလိုထင်မှာမဟုတ်ဘူး"

ဂျင်နီဖာက ပြောလိုက်လျှင် ဂျူလီယာသည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် "ဒါထက် ဆရာမတွေက တို့က မစ္စစပရင်လာအကြောင်း အပြည့်အစုံ ပြောမပြဘဲထားတယ်လို့ ထင်တယ်" ဟု ပြောလိုက်သည်။

"အပြည့်အစုံဆိုတာ ဘာအကြောင်းတွေများ ရှိလို့လဲ"

ဂျင်နီဖာက ပြန်မေးလိုက်သည်။

"ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို ဆိုလိုတာပါ။ ဥပမာ မင်းက တင်းနစ်ရက်ကက်အသစ် ရနေပုံဟာ ထူးဆန်းတယ်"

"အေး၊ မင်းပြောမှ သတိရတယ်။ တို့က အန်တီဂီနာဆီကို တင်းနစ်ရက်ကက်အသစ် ပို့လိုက်တာ ကျေးဇူးတင်ကြောင်း စာတစ်စောင်ရေးလိုက်တယ်၊ အန်တီဂီနာက စာပြန်ရေးလိုက်တယ်။ အဲဒီတင်းနစ်ရက်ကက်အသစ်ဟာ သူပို့လိုက်တာ မဟုတ်ဘူးတဲ့ကွဲ့၊ အဲဒါတော့ ထူးဆန်းတာ အမှန်ပဲ"

"အေး... ဒါကြောင့် တို့ကပြောတာပေါ့။ တင်းနစ်ရက်ကက်အသစ်ရပုံက အတော့်ကို ထူးဆန်းတယ်။ နောက်ပြီး ဂျင်နီဖာ မင်းတို့အိမ်မှာ ဟိုတစ်လောက ဖောက်ထွင်းမှုလည်း ဖြစ်ခဲ့တယ် မဟုတ်လား"

"ဒါပေမဲ့ ဖောက်ထွင်းဝင်ရောက်တဲ့လူက ဘာပစ္စည်းမှ ယူမသွားပါဘူး"

"အဲဒါကိုက ထူးဆန်းနေတယ်။ စိတ်ဝင်စားဖို့လည်း ကောင်းတယ်။ ဒီမယ် ဂျင်နီဖာ၊ တို့ထင်တာပြောရရင် မကြာခင်မှာ နောက်ထပ်လူသတ်မှုတစ်ခု ဖြစ်လိမ့်ဦးမယ် ထင်တယ်"

"ဟာ...ဂျူလီယာကလည်း ဘာဖြစ်လို့ နောက်ထပ် လူသတ်မှု ဖြစ်ရမှာလဲ"



ဂျင်နီဖာက အံ့အားသင့်လျက် ပြန်မေးလိုက်သည်။

"ဒီလိုလေကွာ၊ စုံထောက်ဝတ္ထုတွေထဲမှာ လူသတ်မှုတစ်ခု ဖြစ်ပြီးရင် မကြာခင် နောက်ထပ်တစ်မှု ဖြစ်တတ်ပုံ ပါလာလေ့ရှိတယ် မဟုတ်လား။ ဂျင်နီဖာကိုလည်း သတိပေးချင်တယ်။ မင်းကိုယ်တိုင် အသတ်မခံရအောင် အထူးသတိထားနေဖို့ ကောင်းတယ်"

ဂျူလီယာက ဤသို့ပြောလိုက်လျှင် ဂျင်နီဖာသည် အလွန်အံ့အားသင့်သွားလေသည်။

"ဟင်...ဘာဖြစ်လို့ တို့ကို တစ်ယောက်ယောက်က သတ်ရမှာလဲ"

"ဘာကြောင့်လဲဆိုတော့ မင်းက အခုပြဿနာထဲမှာ တစ်နည်းနည်းနဲ့ ပတ်သက်နေလို့ပေါ့။ ရှေ့အပတ် မင်းရဲ့မာမီလာရင် သူ့ကို ကပ်ပြီး မေးကြည့်စမ်းပါ။ မင်းတို့သားအမိ ရာမတ်ပြည်နယ်မှာ ရှိတုန်းက တစ်ယောက်ယောက်က မင်းရဲ့မာမီကို လျှို့ဝှက်စာရွက်စာတမ်းတွေ ပေးလိုက်သလား မသိဘူး"

"ဘယ်လိုလျှို့ဝှက်စာရွက်စာတမ်းတွေလဲ"

"ဒါတော့ တို့လည်း ဘယ်သိမလဲ။ အဏုမြူဗုံးလုပ်တဲ့ လျှို့ဝှက်ဖော်မြူလာနည်းလားမှမသိဘဲ"

ဂျူလီယာက ဤသို့ သူ၏ ထင်မြင်ချက်ကို ပြောလိုက်သော်လည်း ဂျင်နီဖာက လက်ခံယုံကြည်ပုံမရချေ။

❒

မစ္စဗာဆီတတ်နှင့် မစ္စချက်ဒစ်တို့သည် ဆရာမများ၏ သီးသန့်အခန်းထဲတွင် ရှိနေစဉ် မစ္စရိုဝင်သည် စိုးရိမ်မကင်းဖြစ်ဟန်ဖြင့် ဝင်လာလေသည်။

"ရှာအီစတာတစ်ယောက် ဘယ်ရောက်နေသလဲဟင်၊ ကျွန်မ သူ့ကို လိုက်ရှာနေတာ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ သူ့ကို အပြင်ဘက်ခေါ်ထုတ်ဖို့ သူ့ဦးလေး စော်ဘွားရဲ့ မော်တော်ကား ရောက်နေပါတယ်"

မစ္စရိုဝင်၏စကားကို ကြားလျှင် မစ္စချက်ဒစ်သည် အလွန်အံ့အားသင့်သွားသည်။

"ဟင်...ဘယ်လိုဖြစ်တာလဲ၊ လွန်ခဲ့တဲ့ လေးဆယ့်ငါးမိနစ်လောက်က ရှာအီစတာကို ခေါ်ဖို့ စော်ဘွားရဲ့ကား ရောက်လာလို့ ရှာအီစတာတက်လိုက်သွားတာ ကိုယ်တိုင်မြင်လိုက်ရတယ်။ ဒီနေ့အပြင်ထွက်တဲ့ ကျောင်းသူတွေထဲမှာ ရှာအီစတာတက်လိုက်သွားတာ အစောဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



မစ္စချက်ဒစ်က ဤသို့ ပြောလိုက်ရာ မစ္စဗာဆီတတ်က "ဒီလိုထင်ပါရဲ့၊ မော်တော်ကားစီစဉ်တဲ့လူက နှစ်ကြိမ်စီစဉ်လိုက်မိလို့ မော်တော်ကားက နောက်ထပ်တစ်ခေါက် လာကြိုတာဖြစ်နိုင်တယ်" ဟု ပြောလိုက်သည်။

ထို့နောက် မစ္စဗာဆီတတ်သည် မော်တော်ကားရှိရာသို့ ထွက်သွားပြီး ယာဉ်မောင်းသူနှင့် စကားပြောလေသည်။

"ရှင်တို့ အစီအစဉ်မှားနေပြီ ထင်ပါတယ်၊ ရှာအီစတာဟာ လွန်ခဲ့တဲ့ လေးဆယ့်ငါးမိနစ်လောက်က သူ့အတွက် မော်တော်ကား လာကြိုလို့ လန်ဒန်မြို့ကို ထွက်သွားပြီရှင့်"

ထိုစကားကို ကြားလျှင် ယာဉ်မောင်းသူသည် အလွန်အံ့ဩသွားပုံရလေသည်။

"ဘယ်လိုဖြစ်တာလဲတော့ မသိဘူး ခင်ဗျ၊ ကျွန်တော့်ကို ညွှန်ကြားလိုက်တာက ဒီမဲဒိုးဘင်းကျောင်းကို လာပြီး မင်းသမီးလေး ရှာအီစတာကို ခေါ်ခဲ့ဖို့ အတိအကျမှာလိုက်ပါတယ်"

"အစီအစဉ်တွေမှားပြီး ရှုပ်ထွေးကုန်တယ်နဲ့ တူတယ်"

မစ္စဗာဆီတတ်က ပြောလိုက်လျှင် ယာဉ်မောင်းသူလည်း လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ တယ်လီဖုန်းနဲ့ အော်ဒါပေးလိုက်တာကို မေ့သွားတာမျိုး ဖြစ်လေ့ ရှိပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက လူကြီးလူကောင်းတွေ မော်တော်ကားအလိုရှိတဲ့အခါကျရင် အမြဲတမ်း ဂရုစိုက်ပါတယ်။ အရှေ့တိုင်းက ပုဂ္ဂိုလ်တွေ တစ်ခါတစ်ခါ အစိုးရိမ်လွန်ပြီး မော်တော်ကားမှာရင် နှစ်ကြိမ်သုံးကြိမ် ထပ်မှာတတ်ပါတယ်။ အခုလည်း ဒီလိုဖြစ်သွားပုံရပါတယ်"

ယာဉ်မောင်းသူက ဤသို့ ပြောပြီး ပြန်သွားသောအခါ မစ္စဗာဆီတတ်လည်း ထိုကိစ္စကို စိုးရိမ်ပူပန်စရာမရှိဟု ယူဆလိုက်လေသည်။

နေ့လယ်စာစားပြီးချိန်တွင် ကျောင်း၌ ကျန်ရစ်သော မိန်းကလေးအချို့သည် စာထိုင်ရေးသူက ရေးပြီး အချို့ကလည်း ကျောင်းဝင်းအတွင်း လမ်းလျှောက်နေကြလေသည်။ ရေကူးကန်သို့ သွားပြီး ရေကူးသူများ၊ တင်းနစ်ရိုက်ကစားသူများလည်း ရှိကြသည်။

ညနေ လေးနာရီခွဲအချိန်တွင် ကျောင်းသို့ တယ်လီဖုန်းလာသဖြင့် မစ္စချက်ဒစ်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။



တစ်ဖက်မှ ဆက်သူ၏အသံမှာ ရည်ရည်မွန်မွန်ရှိသော လူငယ်တစ်ဦး၏ အသံမျိုး ဖြစ်လေသည်။

"ဟဲလို... မဲဒိုးဘင်းကျောင်းက မဟုတ်ပါလား။ ဆရာမကြီးမစ္စဘားစထရိုဒ် ရှိပါသလားခင်ဗျ"

"မစ္စဘားစထရိုဒ် မရှိပါဘူးရှင်၊ အခု မစ္စချက်ဒစ်စကားပြောနေပါတယ်။ ဘယ်ကဆက်တာပါလဲ"

မစ္စချက်ဒစ်က ပြန်ပြောလိုက်သည်။

"ကျောင်းသူတစ်ယောက်နဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ။ အခုတယ်လီဖုန်းဆက်နေတာဟာ ကလဲရစ်ဟိုတယ်က စော်ဘွားအီဘရာဟင်ရဲ့အခန်းကဆက်နေပါတယ်"

"ဟုတ်ကဲ့၊ ကျောင်းသူရှာအီစတာနဲ့ ပတ်သက်လို့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ စော်ဘွားအီဘရာဟင်က သူ့ကို ကြိုတင်အကြောင်းမကြားတာကို အတော်ပဲ စိတ်အနှောင့်အယှက်ဖြစ်နေပါတယ်"

"ဘာကို ကြိုတင်အကြောင်းမကြားတာလဲရှင့်"

မစ္စချက်ဒစ်က နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"သူ့တူမ ရှာအီစတာအနေနဲ့ ဒီနေ့ လိုက်မလာဘူးဆိုတာ ကြိုတင်အကြောင်းမကြားလို့ပါပဲ"

ဤတွင် မစ္စချက်ဒစ်သည် အလွန်အံ့အားသင့်သွားမိလေသည်။

"ဟင်... ဘယ်လိုဖြစ်တာလဲ၊ အခု ရှာအီစတာက လန်ဒန်မြို့ကို ရောက်မလာဘူးလား"

"ဟုတ်ကဲ့၊ ရောက်မလာဘူး။ ဒါဖြင့် ရှာအီစတာက ခင်ဗျားတို့ မဲဒိုးဘင်းကျောင်းက ထွက်သွားပါသလား"

"မနက်ဆယ့်တစ်နာရီခွဲလောက်က မော်တော်ကားတစ်စီးလာကြိုတာနဲ့ ရှာအီစတာဟာ အဲဒီကားနဲ့ လိုက်ပါသွားပါတယ်"

"ဟုတ်လား၊ အဲဒါ တော်တော်ထူးဆန်းတာပဲ။ ဒီလိုဆိုရင် စော်ဘွားအတွက် မော်တော်ကားတွေငှားတဲ့ ကုမ္ပဏီကို တယ်လီဖုန်းဆက်ကြည့်ဦးမှပဲ"

"ဒုက္ခပါပဲရှင်၊ ရှာအီစတာတို့ မော်တော်ကား မတော်တဆ ထိခိုက်မှုများ ဖြစ်နေသလား မသိဘူး"

မစ္စချက်ဒစ်က စိုးရိမ်ပူပန်စွာဖြင့် ပြောလိုက်ရာ တစ်ဖက်မှ တယ်လီဖုန်းဆက်သူ လူငယ်က ပြန်၍ နှစ်သိမ့်ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း ဟုတ်မယ်မထင်ပါဘူး။ တကယ်လို့ မော်တော်ကားက မတော်တဆ တိုက်မိတာတို့၊ တိမ်းမှောက်တာတို့ ဖြစ်ရင် ဆရာမတို့သတင်း ကြားမှာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်တို့ဆီ သတင်းရောက်လာမှာပဲ။ ဒါကြောင့် ဆရာမအနေနဲ့ ဘာမှ မစိုးရိမ်ပါနဲ့"

"အတော်တော့ ထူးဆန်းတာပဲရှင့်"

"ဒီမယ်ဆရာမ၊ အခု ကျွန်တော်ပြောတာ စော်ဘွားအိဘရာဟင် သိဖို့ မဟုတ်ဘူးနော်။ ဆရာမနဲ့ ကျွန်တော် နှစ်ယောက်ချင်း ပြောတဲ့သဘော ဖြစ်ပါတယ်။ ကျွန်တော် သိချင်တာက ရှာအီစတာမှာ ချစ်သူရည်းစားများ ရှိနေသလားလို့ သိချင်ပါတယ်"

"ဟာ...မဖြစ်နိုင်တာဘဲ၊ ဒါမျိုး လုံးဝမရှိဘူးရှင့်"

မစ္စချက်ဒစ်က လေသံခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကောင်းပါပြီ။ ကျွန်တော်လည်း မထင်ပါဘူး၊ ဒါပေမဲ့ အခုခေတ်မိန်းကလေးတွေဆိုတာက အပြောရအတော်ခက်တယ်ဗျ"

"ရှာအီစတာနဲ့ ပတ်သက်လို့တော့ ဒါမျိုးမဖြစ်နိုင်ဘူးလို့ ကျွန်မက ပြောချင်ပါတယ်"

မစ္စချက်ဒစ်က ဤသို့ ပြန်ပြောလိုက်ပြီးနောက် တစ်ဖက်မှ ဖုန်းဆက်သူ လူငယ်က စကားဖြတ်လိုက်လေသည်။

ရှာအီစတာနှင့် ပတ်သက်၍ မစ္စချက်ဒစ်က ရဲရဲကြီး အာမခံသလို ပြောလိုက်သော်လည်း စိတ်ထဲတွင်ကား သူ့ကိုယ်သူ သံသယဖြစ်နေမိလေသည်။ တစ်ဖက်မှ တယ်လီဖုန်းဆက်သူ လူငယ်ပြောသည့်အတိုင်း ယခုခေတ်လူငယ် မိန်းကလေးများကို အကဲခတ်ရန် မလွယ်ကူသည်မှာ အမှန်ပင်ဖြစ်သည်။

မစ္စချက်ဒစ်သည် စိတ်ထဲ၌ ဘဝင်မကျနိုင်သဖြင့် မစ္စဗာဆီတတ်အား လန်ဒန်မှ တယ်လီဖုန်းဆက်သည့်အကြောင်းကို တိုင်ပင်သည့်အနေဖြင့် ပြောပြလိုက်သည်။

မစ္စဗာဆီတတ်သည် နားထောင်ပြီးနောက် "ရှာအီစတာကို နောက်ထပ်လာခေါ်တဲ့ ဒုတိယကားက မသင်္ကာစရာဘဲ" ဟု မှတ်ချက်ချလိုက်သည်။

"ဒါဖြင့် ဒီကိစ္စကို ရဲတပ်ဖွဲ့သိအောင် အကြောင်းကြားလိုက်ရင် ကောင်းမလား"

မစ္စချက်ဒစ်က အကြံတောင်းသလို မေးလိုက်ရာ မစ္စဗာဆီတတ်သည် အံ့အားသင့် တုန်လှုပ်သွားပုံရလေသည်။

"ဟာ...ဆရာမကလည်း၊ ဘာဖြစ်လို့ ရဲကို အကြောင်းကြားရမှာလဲ"



"ရှာအီစတာကိုယ်တိုင်က တစ်ခါက ပြောဖူးတယ်။ သူ့ကို တစ်ယောက်ယောက်က ပြန်ပေးဆွဲဖို့ ကြံချင်ကြံမှာတဲ့"

"ဒါတော့ သူက အဓိပ္ပာယ်မရှိတဲ့စကားကို ပြောတာပဲ"

"ဒါဖြင့် ဒီကိစ္စကို ရဲကို အကြောင်းကြားဖို့ မလိုဘူးလား"

မစ္စချက်ဒစ်က ထပ်၍ မေးပြန်သောအခါ မစ္စဗာဆီတတ်သည် မျက်နှာထားတည်တည်ဖြင့် ခေါင်းခါလိုက်သည်။ သူ၏ မျက်နှာအမူအရာက လည်း တည်ငြိမ်သော ဣန္ဒြေကို ဆောင်နေလေသည်။

"ဒီမယ်ဆရာမ၊ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့က သူမရှိတုန်းမှာ ကျွန်မကို အစစအရာရာ တာဝန်လွှဲအပ်သွားခဲ့တယ်။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်ပြီး ရဲကို အကြောင်းကြားဖို့ ကျွန်မက ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး။ ကျွန်မတို့ကျောင်းအနေနဲ့ ရဲတပ်ဖွဲ့နဲ့ နောက်ထပ် ဘာမှ မပတ်သက်ချင်ဘူး"

မစ္စဗာဆီတတ်က ဤသို့ ခပ်ပြတ်ပြတ်ပြောလိုက်သောအခါ မစ္စချက်ဒစ်သည် ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်လေသည်။

သို့ရာတွင် စိတ်ထဲတွင်မူ မစ္စဗာဆီတတ်သည် ဤကိစ္စတွင် ဉာဏ်အမြော်အမြင် နည်းပါးသည်ဟု ဝေဖန်မိလေသည်။

ထို့နောက် သူမသည် ကျောင်းအုပ်ဆရာမကြီး သွားလည်ပတ်နေသော ဒယ်လ်ရှမ်မြို့စားကတော်အိမ်သို့ တယ်လီဖုန်းလှမ်းဆက်ကြည့်လေသည်။ သို့သော် ထိုအချိန်က အိမ်သားတွေ မည်သူမျှ မရှိကြသဖြင့် တယ်လီဖုန်းစကား ပြောခွင့်မရချေ။

❑ ❑ ❑

## ၁၃

မစ္စချက်ဒစ်သည် ကြိုးစား၍ အိပ်ပါသော်လည်း အိပ်မပျော်နိုင်ပါသဖြင့် ငုတ်တုတ်ညစ်နေလေသည်။ အိပ်မပျော်နိုင်သည်မှာလည်း သူမ၏စိတ်၌ ပူပင်ကြောင့်ကြ စိုးရိမ်နေမိသောကြောင့်ပင် ဖြစ်သည်။

ညရှစ်နာရီထိုးသည့်တိုင်အောင် ရှာအီစတာသည် ကျောင်းသို့ ပြန်မရောက်လာဘဲ ဘာသတင်းမှလည်း မကြားရသဖြင့် စိုးရိမ်ပူပန်စရာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေရာ မစ္စချက်ဒစ်သည် မည်သူ့ကိုမှ တိုင်ပင်မနေတော့ဘဲ သူ့သဘောနှင့်သူ ဆုံးဖြတ်ကာ ရဲမှူးကြီးကယ်လ်ဆီထံသို့ တယ်လီဖုန်းလှမ်းဆက်လိုက်သည်။

ရဲမှူးကယ်လ်ဆီက စိုးရိမ်ပူပန်ခြင်းမဖြစ်ရန် နှစ်သိမ့်အားပေးခဲ့သည်။ မော်တော်ယာဉ် မတော်တဆထိခိုက်မှု ဖြစ်မဖြစ် စုံစမ်းပြီးနောက် လန်ဒန်မြို့ရှိ သက်ဆိုင်ရာတို့နှင့် ဆက်သွယ်မည် ဖြစ်ကြောင်း၊ ရှာအီစတာကိုယ်တိုင်က ကျောင်းသို့ ချက်ချင်း ပြန်မလာချင်သဖြင့် လန်ဒန်မြို့တွင် ဆက်နေခြင်းလည်း ဖြစ်နိုင်ကြောင်း စသည်ဖြင့် ပြောခဲ့သည်။

"နောက်တစ်ချက်က ခင်ဗျားတို့ဆရာမကြီး မစ္စဘားစထရိ့အနေနဲ့ ကျောင်းနဲ့ ပတ်သက်ပြီး ဟိုးလေးတကျော်သတင်း နောက်ထပ်ဖြစ်လာတာကို လိုလားမယ်မဟုတ်ဘူး။ ကျွန်တော့်အထင်တော့ ရှာအီစတာကို ပြန်ပေးဆွဲတာ လုံးဝမဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့် ဆရာမက ဘာမှ စိုးရိမ်မနေပါနဲ့"

ဤသို့ ရဲမှူးကယ်လ်ဆီက နှစ်သိမ့်အားပေးခဲ့သော်လည်း မစ္စချက်ဒစ်သည် မစိုးရိမ်ဘဲ မနေနိုင်ချေ။ ထို့ကြောင့် သူမသည် ယခု အိပ်ရာဝင်ပြီး အိပ်၍မပျော်နိုင်ခြင်းဘဲ ဖြစ်လေသည်။

ရှာအီစတာအား တစ်စုံတစ်ယောက်က ပြန်ပေးဆွဲသွားပြီဟု သူမက အထူးစိုးရိမ်နေမိလေသည်။ မကြာသေးမီက ကျောင်းတွင် ဖြစ်ခဲ့သော လူသတ်မှုအကြောင်းပါ ဆက်စပ် တွေးတောစဉ်းစားမိပြန်သည်။

မိမိတို့ မဲဒိုးဘင်းကျောင်းတွင် လူသတ်မှု ဖြစ်ပွားခဲ့ခြင်းသည် အလွန်အရုပ်ဆိုးလှပေသည်။

မစ္စချက်ဒစ်သည် မဲဒိုးဘင်းကျောင်းအပေါ် အထူးသံယောဇဉ်တွယ်ကာ မြတ်နိုးသူ ဖြစ်လေသည်။ သူမသည် ဆရာမကြီး မစ္စဘားစထရိ့နှင့်အတူ ကျောင်းစတင်တည်ထောင်ခဲ့စဉ်ကပင် ပါဝင်၍ ရုန်းကန် ကြိုးစားခဲ့သဖြင့် ကျောင်းကြီး တိုးတက်အောင်မြင်လာသောအခါ အထူးဂုဏ်ယူမိခဲ့သည်။

မစ္စချက်ဒစ်သည် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိ့က အငြိမ်းစားယူရန် ရည်ရွယ်ကြောင်း စတင်ပြောခဲ့စဉ်ကလည်း စိတ်မကောင်းဖြစ်ခဲ့မိလေသည်။ ဤသည်မှာလည်း ကျောင်းအပေါ် သံယောဇဉ်ကြီးမားသောကြောင့် ဆရာမကြီး အနားယူမည်ဆိုခြင်းကို စိတ်မကောင်းဖြစ်ရခြင်း ဖြစ်ပေသည်။

ယခုတော့ မိမိတို့ကျောင်းတွင် လူသတ်မှုဖြစ်ပွားရခြင်းမှာ အရုပ်ဆိုးလှပေသည်။ အထူးသဖြင့် မိမိတို့ကျောင်းကဲ့သို့ ထိပ်တန်းမိန်းကလေးကျောင်း၌ လူသတ်မှုဖြစ်ပွားခြင်းမှာ ယုံနိုင်စရာမရှိအောင်ပင် ဖြစ်ပေသည်။



မစ္စချက်ဒစ်သည် အိပ်မပျော်၍ ရောက်တတ်ရာရာ တွေးတောနေရာမှ သေသူ မစ္စစပရင်လာအကြောင်းကိုပါ ဆက်စပ်စဉ်းစားနေမိပြန်သည်။

မစ္စစပရင်လာ သေဆုံးရခြင်းမှာ သူမကိုယ်တိုင်က ချွတ်ယွင်းချက်တစ်စုံတစ်ရာရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ မစ္စစပရင်လာသည် မိမိတို့မဲဒိုးဘင်းကျောင်း၏ အတိတ်က အစဉ်အလာကောင်းများကိုလည်း နားလည်သိရှိပုံမရချေ။ သူမအနေဖြင့် ချွတ်ယွင်းချက် သို့မဟုတ် အပြစ်တစ်စုံတစ်ရာရှိ၍ သေရခြင်း ဖြစ်နိုင်ပေသည်။

မစ္စချက်ဒစ်သည် စဉ်းစားလေ အိပ်မပျော်နိုင်လေ ဖြစ်နေပြီး အလွန်စိတ်ညစ်နေမိလေသည်။ အိပ်လိုက်ပါတော့မည်ဟု ဆုံးဖြတ်လျက် အိပ်ကြည့်သော်လည်း အိပ်မပျော်နိုင်ဘဲ ဖြစ်နေလေသည်။

နာရီကို ကြည့်လိုက်သောအချိန်မှာ ညတစ်နာရီထိုးရန် ဆယ့်ငါးမိနစ်သာ လိုတော့ကြောင်း တွေ့ရပေသည်။ မစ္စစပရင်လာ အသတ်ခံခဲ့ရသည်မှာ ယခု အချိန်မျိုးမှာ ဖြစ်ကြောင်းကို ဆက်စပ် တွေးမိပြန်သည်။

မစ္စချက်ဒစ်သည် အိပ်မပျော်နိုင်ခြင်းကို စိတ်ပျက်နေရာမှ အက်စ်ပရင်ဆေးပြား ထသောက်လိုက်မှ ကောင်းမည်ဟု စိတ်ကူးရလာလေသည်။

ထို့ကြောင့် သူမသည် အိပ်ရာမှထ၍ အက်စ်ပရင်ဆေးပြားနှစ်ပြားယူပြီး ရေတစ်ခွက်နှင့်သောက်ချလိုက်သည်။ ဆေးသောက်ပြီးနောက် အိပ်ရာသို့ ပြန်အလာတွင် မစ္စချက်ဒစ်သည် ပြတင်းပေါက်မှ ခန်းဆီးကို လှစ်၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

မစ္စစပရင်လာ အသတ်ခံရသည့်ညက ယခုလိုအချိန် အားကစားရုံမီးလင်းနေသည်ကို မြင်ရာက စတင်ခဲ့ကြောင်း သတိရမိသဖြင့် ယခု သူမသည် အားကစားရုံဘက်သို့ အမှတ်တမဲ့လှမ်းကြည့်လိုက်ခြင်း ဖြစ်သည်။

မီးရောင်လုံးဝမရှိဘဲ မှောင်မည်းနေလိမ့်မည်ဟု မျှော်လင့်လျက် လှမ်းကြည့်လိုက်ရာ မစ္စချက်ဒစ်သည် အကြီးအကျယ် အံ့သြ တုန်လှုပ်သွားမိလေတော့သည်။

ထိုအချိန်၌ အားကစားရုံထဲတွင် မီးလင်းနေသည်ကို မြင်လိုက်ရသောကြောင့်ပင်တည်း။

မစ္စချက်ဒစ်သည် ကုတ်အင်္ကျီတစ်ထည်ကို ကောက်ဝတ်လိုက်ပြီး လက်နှိပ်ဓာတ်မီးကိုပါ ယူ၍ လျင်မြန်စွာ အောက်ထပ်သို့ ဆင်းလာလေသည်။ သူမအနေဖြင့် အားကစားရုံထဲသို့ ကျူးကျော်ဝင်ရောက်လာသူ မည်သူနည်းဟု စုံစမ်းရန် ဆင်းလာခဲ့ခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သေသူ မစ္စစပရင်လာသည် အားကစားရုံအတွင်း မီးလင်းနေသည်ကို မြင်၍ သွားစုံစမ်းသောအခါ အဖော်တစ်စုံတစ်ယောက် ခေါ်မသွားခဲ့ခြင်းကို မစ္စချက်ဒစ်က ပြစ်တင်ဝေဖန်ခဲ့မိသော်လည်း ယခု သူမကိုယ်တိုင်ကလည်း မည်သူ့ကိုမျှ အဖော်ခေါ်ရန် စိတ်မကူးတော့ဘဲ အားကစားရုံဘက်သို့ အမြန်ဆုံး ရောက်ချင်ဇောဖြင့် လျှင်မြန်စွာ ထွက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် လိုလိုမည်မည် လက်နက်အဖြစ် တစ်စုံတစ်ခု ယူဆောင်သွားမှ ဖြစ်မည်ဟူ၍ကား အကြံရလေသည်။

အားကစားရုံသို့ ရောက်သောအခါ တံခါးစေ့ထားသဖြင့် မစ္စချက်ဒစ်သည် တံခါးကို အသာတွန်း၍ ကြည့်လိုက်သည်။

□

မစ္စချက်ဒစ်က အိပ်မပျော်၍ အက်စ်ပရင်ဆေးပြားသောက်ရန် အိပ်ရာမှ ထနေချိန်တွင် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့၏ အတွင်းရေးမှူးအယ်နီသည် စားသောက်ဆိုင်တစ်ဆိုင်၌ ဒင်းနစ္စအမည်ရှိ လူငယ်တစ်ဦးနှင့် စားသောက်ရင်း စကားပြောနေလေသည်။ သူမသည် ဒင်းနစ္စအား ရွှန်းရွှန်းစားစားကြီး ကြည့်ရင်း စိတ်ထဲမှ ကြည်နူးပီတိ ဖြစ်နေပုံရလေသည်။

“ဒါထက် အယ်နီ၊ မင်း အခုဝင်လုပ်နေတဲ့ အလုပ်က ဘယ်လိုနေသလဲကွဲ့”

ဒင်းနစ္စက စကားစပ်၍ မေးလိုက်သည်။

“မဆိုးပါဘူး၊ ကျွန်မအနေနဲ့ ဒီအလုပ် လုပ်ရတာ စိတ်ထဲက ပျော်ပါတယ်”

“ဒီအလုပ်က မင်းလုပ်နေကျ အလုပ်မျိုးတော့ မဟုတ်ဘူးနော်”

“ဒါပေမဲ့ ကျွန်မက အလုပ်တစ်မျိုး လုပ်ရာက နောက်တစ်မျိုးပြောင်း လုပ်ရတာကို သဘောကျမိတယ်ရှင့်”

အယ်နီက ရယ်ကာမောကာဖြင့် ပြန်ပြောလိုက်သည်။

“နေပါဦးကွဲ့၊ မင်းက အရင်က ဆာမာဗင်ဆိုတဲ့ လူကြီးဆီက အလုပ်ထွက်လိုက်တာ ဘာဖြစ်လို့လဲ။ ငါတော့ စဉ်းစားလို့ မရဘူး”

“ဘာဖြစ်လို့လဲဆိုတော့ ဆာမာဗင်ကြောင့်ပဲရှင့်။ သူက ကျွန်မကို အထူး အရေးပေးပြီး ဆက်ဆံတာကို သူ့ဇနီးက သဘောမကျဖြစ်လာတယ်။ ဒါကြောင့် ကျွန်မက ကြာရှည်မလုပ်တော့ဘဲ ထွက်လာခဲ့တယ်”



“အေးကွာ၊ ဒီအဘွားကြီးတွေက အလကားသက်သက် မနာလို ဝန်တိုတတ်တယ်”

“ဒီလိုလည်း မဟုတ်ဘူးရှင့်၊ ကျွန်မက ဆာမာဗင်ရဲ့ ဇနီးကို သဘောကျပါတယ်။ ကျွန်မ သဘောမကျသူက အဘိုးကြီး ဆာမာဗင် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မ ထွက်လိုက်တာပဲ။ ဒါထက် ရှင်က ကျွန်မ အခုဝင်လုပ်နေတဲ့ အလုပ်ကို ဘာကြောင့် အံ့သြနေတာလဲ”

“ဪ… စာသင်ကျောင်းတစ်ကျောင်းမှာ ဝင်အလုပ်လုပ်နေလို့ ပြောတာပါ။ မင်းက ပညာသင်ကြားရေးကို ဝါသနာမပါဘူး မဟုတ်လား”

“ကျောင်းဆရာမအဖြစ် စာသင်ရတဲ့ အလုပ်ကိုတော့ ကျွန်မက အလွန်မုန်းပါတယ်။ ဒါပေမဲ့ အခု ကျွန်မ လုပ်နေရတာက မဲဒိုးဘင်းကျောင်းမှာ အတွင်းရေးမှူး လုပ်နေရတယ်။ ဒီအလုပ်ကတော့ ပျော်စရာအကောင်းသားရှင့်။ ဆရာမကြီး မစ္စဘားစထရို့ကလည်း သဘောကျဖို့ ကောင်းတယ်။ သူက အလုပ်လုပ်ရာမှာ အလွန်စေ့စပ်သေချာတယ်။ ခိုင်းလည်း ခိုင်းတတ်တယ်။ ကျွန်မဖြင့် သူက စာရေးခိုင်းလို့ လက်ရေးတို့နဲ့ လိုက်ရေးရတဲ့အခါမှာ မှားမှာ သိပ်ကြောက်တာပဲရှင့်”

“မင်းက အဲဒီ အလုပ်မျိုးတွေကို ငြီးငွေ့လာရင် သိပ်ကောင်းမှာပဲ။ ဒါမှ တို့နှစ်ယောက် လွတ်လွတ်လပ်လပ် ပျော်နိုင်မယ်”

“ဒီလိုလည်း မဖြစ်သေးဘူးရှင့်။ ကျွန်မရဲ့ အမေကြီးက ရှိသေးတယ်ရှင့်”

“အေးပါ၊ ငါကလည်း အဲဒီအကြောင်း ပြောမလို့ပါဘဲ”

“ဟင်… ရှင်က ကျွန်မရဲ့ အမေကြီးအကြောင်း ပြောမလို့လား။ ဘာများပြောမှာမို့လဲ”

အယ်နီက အံ့အားသင့်ဟန်ဖြင့် ပြန်မေးလိုက်သည်။

“မင်းအလုပ် လုပ်နေပုံကို ကြည့်ပြီး ပြောမလို့ပါ။ မင်းက အလုပ်တစ်ခုဝင်လုပ်လို့ နေသားတကျရှိရော၊ အလုပ်ကထွက်ပြီး အမေ့ဆီကို ပြန်သွားလေ့ ရှိတယ် မဟုတ်လား”

“ကျွန်မရဲ့အမေက လူမမာ ဖြစ်နေတော့ ဒီလိုပဲ မကြာခဏ သူ့ဆီ သွားရတာပေါ့ရှင့်။ သူ့ရောဂါ အခြေအနေက တစ်ခါတစ်ခါ အတော်ဆိုးလာတတ်တယ်”

“ဒါကို ငါလည်း သိပါတယ်ကွာ၊ ငါဆိုလိုတာက မင်းရဲ့ မိခင်ကြီးကို ကောင်းကောင်းကြီး ဂရုစိုက် ပြုစုမယ့် နေရာတစ်ခုခုမှာ ထားလိုက်ရင် ကောင်းမယ်လို့ အကြံပေးမလို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ရှင်ကလည်း အဲဒီလိုနေရာမျိုးတွေက ကုန်ကျစရိတ် အဆမတန် ပေးရတယ် ရှင့်"

"မဟုတ်ဘူးကွဲ့၊ စရိတ်စကက သိပ်များများ ကုန်ကျစရာ လိုမယ် မထင်ဘူး။ အစိုးရရဲ့ ပြည်သူ့ကျန်းမာရေးစီမံကိန်းတွေလည်း ရှိသားပဲ"

ခင်းနစ္စက ဤသို့ပြောလိုက်သည်ကို အယ်နီသည် သဘောကျပုံ မရချေ။

"အဲဒီအဆင့်ထိ ရောက်အောင်တော့ မဖြစ်သေးဘူးရှင့်။ တစ်နေ့ကျ ရင် ရှင်ပြောသလို ကျန်းမာရေးစီမံကိန်းအရ အကူအညီလိုချင်လိုလာမယ်။ အခုလောလောဆယ် ကျွန်မရဲ့အမေကြီးက အခြေအနေ သိပ်မဆိုးသေးပါဘူး"

"မင်း အမေကြီးက တစ်ခါတစ်ခါ မကြမ်းဘူးလား"

"မာမီက ဘယ်တော့မှ မကြမ်းဘူးရှင့်။ တစ်ခုပဲရှိတာက တစ်ခါ တစ်ခါ သတိမေ့နေတတ်တယ်။ သူ ဘယ်ရောက်နေတယ်ဆိုတာ မသိဘဲ မေ့ နေတတ်တယ်။ အဲဒီအခါမျိုးမှာ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါမှန်းတောင် မသိရှာဘူး။ နောက်ပြီး မာမီက လမ်းလျှောက်ထွက်ချင် ထွက်တတ်တယ်။ ဒီလိုအခါမျိုးမှာ သူ့စိတ်က မမှန်ချင်ဘူး။ ခြေဦးတည့်ရာ ဇွတ်သွားချင်သလို မျိုး ဖြစ်တတ်တယ်။ တစ်ခါတစ်ခါတော့လည်း သူစကားပြောတာ ရယ်စရာ ဖြစ်နေတတ်တယ်။ ကျွန်မ မှတ်မိပါသေးတယ်။ တစ်ခါတုန်းက မာမီဟာ သူ့ကိုယ်သူ တိဗက်ပြည်ကို သွားရတော့မယ်လို့ ထင်နေတယ်။ ဘာကြောင့် တိဗက်ပြည်ကို သွားရမယ်ဆိုတာလည်း သူ့ကိုယ်သူ မသိဘူးလို့ ပြောတယ်။ အမှန်ကတော့ သူ့စိတ်ဟာ တစ်ခါတစ်ခါ မမှန်တဲ့သဘောပါဘဲ"

"မင်းရဲ့အမေကြီးကို ငါတစ်ခါမှ မတွေ့ဖူးပါဘူး"

"ဒါတော့ ကျွန်မကိုယ်တိုင်က မာမီနဲ့ လူတွေ တွေ့ဆုံတာကို အား မပေးဘူးရှင့်။ လူတွေက ကျွန်မရဲ့အမေကို အထူးအဆန်းတစ်ခုလို ကြည့်ချင် နေကြတာမို့ ကျွန်မက သဘောမကျဘူး"

"ငါကတော့ အထူးအဆန်းသဘောမျိုး ကြည့်ချင်တာမဟုတ်ပါဘူး ကွာ"

"ဒါပေမဲ့ ရှင်က မာမီကိုတွေ့ရင် သနားစရာ အဘွားကြီးလို့ သဘော ထားမှာပါ။ အဲဒါကိုလည်း ကျွန်မက မလိုလားဘူးရှင့်"

"အေးပါ၊ ငါ သဘောပေါက်ပါတယ်"

"နောက်ပြီး ကျွန်မက အလုပ်တစ်ခုဝင်လုပ်ရာက မကြာခင် အလုပ် က ထွက်ပြီး အမေဆီပြန်သွားတာကို ရှင်က ဝေဖန်တယ်။ ဒါဟာ ကျွန်မ



အနေနဲ့ အကြောင်းရှိပါတယ်။ အလုပ်တစ်မျိုးတည်း တောက်လျှောက်လုပ် နေရင် အလုပ်အမျိုးမျိုး ပြောင်းလုပ်တာလောက် ဗဟုသုတအတွေ့အကြုံ ရှိမှာ မဟုတ်ဘူးလေ။ အလုပ်အမျိုးမျိုး ပြောင်းလုပ်တော့ စိတ်ဝင်စားဖို့ ကောင်းတယ်။ အခုဆိုရင် ကျွန်မက စာသင်ကျောင်းမှာ ဝင်လုပ်နေလို့ စာသင်ကျောင်း ဗဟုသုတအစုံ လေ့လာခွင့်ရနေတယ်။ ကျောင်းကလည်း အင်္ဂလန်နိုင်ငံမှာ အကောင်းဆုံး ကျောင်းတစ်ကျောင်းပဲရှင့်။ ဒီကျောင်းမှာ အနည်းဆုံး ရှစ်နှစ်ခွဲလောက် အလုပ်လုပ်ရမယ်လို့ စိတ်ကူးတယ်"

"မင်းက ပြဿနာ အရှုပ်အထွေးဖြစ်တဲ့ အထဲတော့ ဝင်မပတ်သက် တတ်ဘူးနော်"

"ကျွန်မက ဘယ်တော့မှ ဝင်မပတ်သက်တတ်ဘူး။ ကျွန်မက ပြင်ပ က လေ့လာသူတစ်ယောက် သဘောမျိုးနဲ့ အရာရာကို လေ့လာကြည့်တတ် တယ်ရှင့်"

"အင်း... မင်းကတော့ ဘယ်သူ့အပေါ်မှာမှ သံယောဇဉ်ရှိပုံမရပါဘူး"

"တစ်နေ့ကျရင်တော့ သံယောဇဉ်ဖြစ်လာပါလိမ့်မယ်"

"မင်း စိတ်သဘောထားကို ငါ နားလည်ပါတယ်"

"ကျွန်မရဲ့စိတ်ကို ရှင် နားလည်မယ် မထင်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်း ဒီကျောင်းမှာ တစ်နှစ်ပြည့်အောင် ဆက် နေနိုင်မယ် မထင်ပါဘူး။ မကြာခင် ကျောင်းက ဆရာမတွေကို မင်းက စိတ် ပျက်လာမှာပါပဲ"

"ဒါပေမဲ့ ကျောင်းက ပန်းခြံအလုပ်သမားတစ်ယောက် ရှိတယ်ရှင့်။ သူက လူငယ်တစ်ယောက်ဖြစ်တဲ့အပြင် ရုပ်ကလည်း တော်တော်ချောတယ်"

အယ်နီက ဤသို့ ပြောလိုက်ရာ ခင်းနစ္စသည် မသိမသာ မျက်နှာပျက် သွားလေသည်။

အယ်နီက ရိပ်မိပြီး ချက်ချင်းရယ်မောလိုက်သည်။

"ကျွန်မက ရှင် မနာလိုဖြစ်လာအောင် တမင်သက်သက်ပြောတာပါရှင့်"

သည်တော့မှ ခင်းနစ္စသည် စကားကို တစ်မျိုးလှည့်ပြောင်းလျက် "ဟေ့ ဒါထက် ကျောင်းမှာ ဆရာမတစ်ယောက် အသတ်ခံရတယ် ဆိုတာက ဘယ်လိုလဲကွဲ့" ဟု မေးလိုက်သည်။

"သြော်... ဒါလား၊ တော်တော်တော့ ထူးဆန်းတယ်၊ အသတ်ခံရသူက အားကစားနည်းပြ ဆရာမဖြစ်တယ်။ သူ့ကို ကြည့်ရတာ နည်းနည်းအောင် မြင့်ပုံရတယ်။ လူသတ်မှုနဲ့ ပတ်သက်လို့ ကျွန်မတို့ မသိရတဲ့အချက်တွေ ရှိ လိမ့်မယ်လို့ ထင်တယ်"

www.burmeseclassic.com



"မင်းကတော့ အဲဒီအမှုမှာ ဘာမှဝင်မပတ်သက်ပါဘူးနော်"

"စိတ်သာချပါ။ ကျွန်မက ဒီလိုကိစ္စမျိုးမှာ ဝင်မပါပါဘူး။ စုံထောက်တွေလို လိုက်ပြီး စုံစမ်းထောက်လှမ်းမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်ကိုတော့ ကျွန်မ သိတယ်"

"ဟင်... ဟုတ်လား"

"ရှင်က ဘာမှမစိုးရိမ်ပါနဲ့။ ကျွန်မသိတဲ့အချက်က အမှုနဲ့ တိုက်ရိုက်သက်ဆိုင်တယ်လို့ မထင်ပါဘူး။ တစ်ခုပဲ ရှိတာက နောက်ထပ်လူသတ်မှုတစ်ခု ဖြစ်လာရင်တော့ ကျွန်မ သိထားတဲ့အချက်ဟာ အဓိပ္ပာယ်ရှိလာမယ် ထင်တာပဲ"

အယ်နီက ဤသို့ ပြောလိုက်ချိန်မှာပင် မစ္စချက်ဒစ်သည် အားကစားရုံ၏ တံခါးကို တွန်းဖွင့်လိုက်ချိန် ဖြစ်နေပေသည်။

❑ ❑ ❑

## ၁၄

ရဲမှူးကယ်လ်ဆီသည် အာဒမ်၏ အခန်းတွင် ထိုင်၍ နှစ်ယောက်သား အမှုအကြောင်း ဆွေးနွေးပြောဆိုနေကြစဉ် တယ်လီဖုန်းလာသဖြင့် ကယ်လ်ဆီက နားထောင်ပြီး ချက်ချင်းလိုပင် တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်သည်။ သူ၏မျက်နှာထားသည် လေးနက် တည်ကြည်သောအသွင်ကို ဆောင်လျက် အာဒမ်အား လှမ်းပြောလေသည်။

"ကျုပ်တို့ အခုချက်ချင်းသွားမှ ဖြစ်မယ်။ နောက်ထပ် တစ်မှုဖြစ်ပြန်ပြီ"

"ဘာအမှုလဲဗျ"

"လူသတ်မှုပေါ့"

ကယ်လ်ဆီကပြောရင်း သူကပင် ရှေ့ဆောင်၍ ထွက်သွားရာ အာဒမ်လည်း လိုက်သွားရလေသည်။

"အသတ်ခံရတာ ဘယ်သူလဲဗျ"

အာဒမ်က မေးလိုက်သည်။

"နောက်ဆရာမတစ်ယောက်ပဲ။ နာမည်က မစ္စဗာဆီတတ်တဲ့"



"ဘယ်မှာ အသတ်ခံရတာလဲ"

"အားကစားရုံထဲမှာ"

ကယ်လ်ဆီက ပြောလိုက်လျှင် အာဒမ်သည် အံ့အားသင့်သွားလေသည်။

"ဟင်...အားကစားရုံထဲမှာလား။ ဒီအားကစားရုံထဲ ဘာများ ရှိနေလို့လဲ"

"မောင်ရင်ကိုယ်တိုင် အားကစားရုံထဲ စေ့စေ့စပ်စပ် ရှာကြည့်ရင် ကောင်းမယ်။ ကျုပ်တို့ ရဲတပ်ဖွဲ့ဝင်တွေ ရှာတုန်းက ဘာမှမတွေ့ခဲ့ပေမယ့် မောင်ရင်က ရှာရင် တွေ့ချင် တွေ့မယ်။ လူနှစ်ယောက်တောင် ဆက်တိုက် အသတ်ခံရပုံ ထောက်တော့ အားကစားရုံဟာ အလွန်အရေးပါကြောင်း ထင်ရှားတယ်"

ရဲမှူးကယ်လ်ဆီက ပြောပြီး သူတို့နှစ်ယောက်သား မော်တော်ကားပေါ်သို့ တက်ကြလေသည်။

"ကျုပ်တို့မရောက်ခင် ဆရာဝန်က ကြိုရောက်နေမယ်လို့ ထင်တာပဲ"

ထင်သည့်အတိုင်း ကယ်လ်ဆီနှင့် အာဒမ်တို့ ရောက်သွားကြသောအခါ ဆရာဝန်က ရောက်နှင့်နေပြီ ဖြစ်သည်။ သူသည် အလောင်း၏ဘေးတွင် ဒူးထောက်၍ စစ်ဆေးကြည့်ရာမှ ခဏမျှအကြာတွင် ပြန်ထပြီး ရဲမှူးကယ်လ်ဆီအား သူ၏ တွေ့ရှိချက်ကို ပြောပြလေသည်။

"အသတ်ခံရတာဟာ လွန်ခဲ့တဲ့ နာရီဝက် သို့မဟုတ် မိနစ်လေးဆယ်လောက်အတွင်းက ဖြစ်တယ်"

"အလောင်းကို ဘယ်သူကတွေ့တာလဲ"

ကယ်လ်ဆီက မေးလိုက်ရာ ရောက်ရှိနေသော ရဲသားတစ်ဦးက "မစ္စချက်ဒစ်ဆိုတဲ့ ဆရာမက တွေ့ခဲ့ပါတယ်ဆရာ" ဟု ပြန်ဖြေလေသည်။

"မစ္စချက်ဒစ်ဆိုတာ အသက်ခပ်ကြီးကြီးဆရာမတစ်ယောက်မဟုတ်လား"

"ဟုတ်ကဲ့၊ သူက အားကစားရုံထဲမှာ မီးလင်းနေတာမြင်လို့ စုံစမ်းဖို့ လာကြည့်တော့ မစ္စဗာဆီတတ် သေနေတာ တွေ့ရတာပဲတဲ့။ သူ့ခမျာ အလွန် စိတ်တုန်လှုပ် ချောက်ချားနေလို့ တယ်လီဖုန်းတောင် မဆက်နိုင်ရှာဘူး။ ဒါကြောင့် အဆောင်မှူး မစ္စဂျွန်ဆင်က တယ်လီဖုန်းဆက်ပါတယ်"

"ကောင်းပြီ၊ အသတ်ခံရတာက ဘယ်လိုလဲ။ သေနတ်နဲ့ ပစ်သတ်ခံရတာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကယ်လ်ဆီက ပြန်မေးလိုက်ရာ ဆရာဝန်က ခေါင်းခါပြလိုက်လေသည်။

"သေနတ်နဲ့ ပစ်တာမဟုတ်ဘူး၊ ဦးခေါင်းနောက်စေ့ကို အရိုက်ခံရလို့ သေသွားတာပဲ"

ဆရာဝန်က ပြောပြီးနောက် ကယ်လ်ဆီသည် လှည့်ပတ်ကြည့်လိုက်ရာ အားကစားရုံ၏ တံခါးဝအနီး ကြမ်းပြင်ပေါ်တွင် ဂေါက်သီးရိုက်သောတုတ်တစ်ချောင်းကျနေသည်ကို တွေ့ရလေသည်။ ထိုဂေါက်သီးရိုက်တံ၏ ထိပ်ဖျားမှာ သံမဏိထိပ်ဖျားတပ်ထားလေသည်။ ယင်းပစ္စည်းမှလွဲ၍ အားကစားရုံထဲတွင် အခြားလက်ရာခြေရာ ပျက်ခြင်းမရှိပေ။

ကယ်လ်ဆီသည် ဆရာဝန်အား ဂေါက်သီးရိုက်တံရှိရာသို့ ညွှန်ပြလိုက်လေသည်။

"သေသူကို အဲဒါနဲ့ ရိုက်တာကော မဖြစ်နိုင်ဘူးလား"

သို့ရာတွင် ဆရာဝန်က ခေါင်းခါပြလေသည်။

"မဖြစ်နိုင်ဘူးဗျ၊ သေသူရဲ့ ဦးခေါင်းက ဒဏ်ရာကို ကြည့်ရတာ ဒါမျိုးနဲ့ ရိုက်တာမဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ သဲအိတ်လိုပစ္စည်းမျိုး ဖြစ်ရမယ်"

"ဒါကြောင့် ဝါရင့်ကြေးစားလူသတ်သမားတစ်ဦးရဲ့ လက်ချက်မျိုးဆိုပါတော့"

"ဟုတ်တယ်၊ ဒီလူက အသံကျယ်ကျယ်မမြည်ဘဲ သတ်သွားတဲ့သဘောပဲ၊ သေဆုံးသူ ဆရာမရဲ့ နောက်က အသာကပ်လိုက်လာပြီး တအားလွှဲရိုက်လိုက်တော့ ဆရာမခမျာ မှောက်လျက်လဲကျပြီး သေသွားတာ ဖြစ်ရမယ်။ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး"

"အရိုက်ခံရကဲ့အချိန်မှာ ဆရာမက ဘာလုပ်နေတယ် ထင်ပါသလဲ"

"ဒူးထောက်နေတယ်လို့ ထင်ပါတယ်၊ ဟောဟိုက အားကစားပစ္စည်းတွေထားတဲ့ ဗီရိုအံဆွဲတစ်ခုရှေ့မှာ ဒူးထောက်နေတယ်လို့ ယူဆရတယ်"

ထိုအခါ ရဲမှူး ကယ်လ်ဆီသည် ဗီရိုအံဆွဲရှိရာသို့ ချဉ်းကပ်သွားပြီး ကြည့်လေသည်။

"ဒါက ကျောင်းသူမိန်းကလေးတွေရဲ့ ပစ္စည်းထားတဲ့ ဗီရိုအံဆွဲဖြစ်တဲ့အတွက် နာမည်ရှိရမယ်။ ဟော တွေ့ပြီ၊ ကျောင်းသူနာမည်က ရှာအီစတာတဲ့။ အဲဒါ အရှေ့အလယ်ပိုင်းက မင်းသမီးလေး ရှာအီစတာပဲ ဖြစ်ရမယ်။ နေဦးဗျို့၊ ညနေက ပျောက်နေတယ်လို့ တိုင်ထားတဲ့ မိန်းကလေးပဲ မဟုတ်လား"



ကယ်လ်ဆီက ဤသို့ ပြောလိုက်ရာ အနီးရှိ ရဲကြပ်ကြီးက ပြန်ဖြေလေသည်။

"ဟုတ်ပါတယ်ဆရာ၊ ဒီမိန်းကလေးရဲ့ ဦးလေးက အခေါ်လွှတ်သလို မော်တော်ကားတစ်စီးက ကျောင်းမှာ လာခေါ်တယ်။ ရှာအီစတာကလည်း အဲဒီကားပေါ် တက်လိုက်သွားတာပဲတဲ့ဆရာ"

"အဲဒါနဲ့ ပတ်သက်လို့ သတင်းရပြီလား"

"မရသေးဘူးခင်ဗျ၊ ရဲတွေကတော့ အနှံ့အပြား ရှာနေကြပါတယ်။ စကော့တလန်ယတ်ဒ် စုံထောက်ဌာနကလည်း ဒီအမှုကို ဝင်ကိုင်နေပါပြီ"

"အင်း…ဒီအတိုင်းဆို လွယ်လွယ်လေးနဲ့ ပိပိရိရိ ပြန်ပေးဆွဲသွားတာပဲ။ ကျောင်းသူမိန်းကလေးကို မော်တော်ကားနဲ့ လာခေါ်ဖို့ စီစဉ်ထားတာကို ကြိုသိထားတာနဲ့ ပြန်ပေးဆွဲလို့ရတဲ့သဘော ဖြစ်နေတယ်။ ကလေးကို တကယ်လာခေါ်မယ့်ကားက မရောက်ခင်မှာ မော်တော်ကား ကောင်းကောင်းတစ်စီးကို ယူနီဖောင်းဝတ် ဒရိုင်ဘာမောင်းလာပြီး ခေါ်တာနဲ့ မိန်းကလေးကလည်း သူ့ကို ခေါ်ဖို့ လွှတ်လိုက်တဲ့ ကားပဲလို့ ယုံကြည်ပြီး တက်လိုက်သွားမှာပဲ။ အကြံက တော်တော့်ကို ပိရိတယ်"

အာဒမ်က ဤသို့ မှတ်ချက်ချလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီသည် ရဲကြပ်ကြီးအား လှည့်မေးပြန်သည်။

"ရဲက လိုက်ရှာတော့ မော်တော်ကားတစ်စီး စွန့်ပစ်ထားတာမျိုး မတွေ့ဘူးလား"

"ခုအချိန်အထိတော့ ဘာသတင်းမှ မရသေးဘူးဆရာ။ စကော့တလန်ယတ်ဒ်စုံထောက်ဌာနနဲ့ ရဲတပ်ဖွဲ့ အထူးစုံစမ်းထောက်လှမ်းရေးဌာနကလည်း လိုက်နေကြပါတယ်"

"ဒါဟာ နိုင်ငံရေးနဲ့ ပတ်သက်တာ ဖြစ်နိုင်တယ်။ အခုအတိုင်းဆိုရင် မင်းသမီးလေး ရှာအီစတာကို ပြည်ပကို ခေါ်ထုတ်သွားလိမ့်မယ် ထင်တယ်"

ကယ်လ်ဆီက သူ၏ထင်မြင်ချက်ကို ပြောလိုက်ရာ ဆရာဝန်က နားမလည်ဟန်ဖြင့် "နေပါဦးဗျ၊ ဒီကလေးမကို ဘာကြောင့် ပြန်ပေးဆွဲချင်ရတာလဲ" ဟု မေးလိုက်သည်။

"ဒါတော့မပြောတတ်ဘူး၊ တစ်ခုရှိတာက မိန်းကလေးကိုယ်တိုင် ကျုပ်နဲ့ တွေ့တုန်းက သူ့ကို ပြန်ပေးဆွဲမှာ စိုးရိမ်တယ်လို့ ပြောဖူးတယ်။ အဲဒီတုန်းက ကျုပ်က မိန်းကလေးက စိတ်ကူးယဉ်ပြီး ပြောတာပဲလို့ ယူဆမိခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ရဲမှူးကြီးက ပြောပြတော့ ကျွန်တော်လည်း ဒီအတိုင်းပဲ ထင်ခဲ့မိတယ်"

အာဒမ်ကလည်း ထောက်ခံသလို ပြောလိုက်သည်။

"ခက်တာက ကျုပ်တို့အနေနဲ့ အချက်အလက် အပြည့်အစုံကို မသိရဘူး။ သဲလွန်စဆိုလို့ ဘာမှလည်း မည်မည်ရရ မတွေ့ရဘူး"

ကယ်လ်ဆီက ညည်းညူသလို ပြောလိုက်ပြီးမှ ရဲကြပ်ကြီးအား ညွှန်ကြားချက်ပေးလေသည်။

"ကိုင်း… ငါတို့ ဒီမှာ ဆက်နေလို့ အကြောင်းထူးမှာ မဟုတ်ဘူး။ မင်းက ကြီးကြပ်ပြီး ထုံးစံအတိုင်း ဓာတ်ပုံရိုက်တာတို့၊ လက်ဗွေပုံစံတွေ ကြည့်လုပ်တာကို လုပ်ပါ။ ငါတို့က ကျောင်းပေါ်သွားကြည့်လိုက်ဦးမယ်"

ကျောင်း၏ ဧည့်ခန်းသို့ ရောက်သောအခါ အဆောင်မှူး မစ္စဂွျန်ဆင်က ခရီးဦးကြိုပြုလေသည်။ သူမသည် လူသတ်မှုကြောင့် စိတ်ထိခိုက် လှုပ်ရှားနေသော်လည်း စိတ်ကို ကြိုးစား ထိန်းထားဟန်ဖြင့် ဣန္ဒြေမပျက် စကားပြောနိုင်လေသည်။

"အဖြစ်ကတော့ တကယ်ဆိုးတာပဲ ရဲမှူးကြီးရယ်။ ကျွန်မတို့ ကျောင်းက ဆရာမနှစ်ဦး ဆက်တိုက် အသတ်ခံရတာဟာ ချောက်ချားဖို့ကောင်းပါတယ်။ မစ္စချက်ဒစ်ဆိုရင် စိတ်ဖြေလို့မရအောင် တုန်လှုပ်ချောက်ချားနေရှာပါတယ်"

"ဟုတ်ကဲ့၊ မစ္စချက်ဒစ်နဲ့ ခဏတွေ့ချင်ပါတယ်"

"ဆရာဝန်ကတော့ ဆေးတစ်မျိုးတိုက်ထားလို့ မစ္စချက်ဒစ်ဟာ အခုတော့ အတော်ကလေး စိတ်သက်သာရာ ရနေပါပြီ။ အခုပဲ ရဲမှူးကြီးဆီကို ခေါ်လာရမလား"

"ခဏလေးကြာရင် သွားတာပေါ့။ အခုလောလောဆယ် ခင်ဗျားအနေနဲ့ မစ္စဗာဆီတတ်ကို နောက်ဆုံးအကြိမ် တွေ့ခဲ့တုန်းကအကြောင်း ပြောပြစမ်းပါဦး"

"ကျွန်မက အပြင်ဘက်သွားနေလို့ သူနဲ့ တစ်နေ့လုံး မတွေ့ရဘူးရှင့်၊ ညဆယ့်တစ်နာရီမှ ပြန်ရောက်ပြီး တိုက်ရိုက်အိပ်ရာဝင်ခဲ့ပါတယ်"

"အဲဒီအချိန်က ပြတင်းပေါက်နေပြီး အားကစားရုံဘက်ကို လှမ်းကြည့်မိပါသလား"

"မကြည့်မိခဲ့ပါဘူး၊ ကြည့်ဖို့လည်း စိတ်ကူးမရခဲ့ပါဘူးရှင့်၊ ကျွန်မက မနေ့က တစ်နေ့ကုန် ကျွန်မရဲ့ညီမဆီ သွားနေခဲ့လေတော့ ဒီပြန်ရောက်ချိန်



မှာလည်း ညီမရဲ့အိမ်ကိုပဲ သတိရနေမိပါတယ်။ ဒီပြန်ရောက်တော့ ကျွန်မဟာ ရေမိုးချိုးပြီး စာအုပ်တစ်အုပ် ခဏထိုင်ဖတ်ပါတယ်။ ပြီးတော့ အိပ်ရာဝင်လိုက်တာပဲ။ နောက် မကြာခင် မစ္စချက်ဒစ်က အလွန် တုန်လှုပ်ချောက်ချားပြီး ကျွန်မအခန်းကို ဝင်လာတာပါ"

"မစ္စဗာဆီတတ်က ဒီနေ့ အပြင်ဘက်ကို ထွက်ပါသေးသလား"

"မထွက်ပါဘူး၊ တစ်နေ့ကုန် ရှိပါတယ်။ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့က အပြင်ဘက်သွားနေလို့ မစ္စဗာဆီတတ်ကို သူ့ကိုယ်စား ကြည့်နေဖို့ တာဝန်လွှဲအပ်ပေးခဲ့ပါတယ်"

"ကောင်းပါပြီ၊ ကျောင်းမှာ တခြား ဘယ်ဆရာမတွေ ကျန်ရစ်ပါသေးသလဲ"

"မစ္စဗာဆီတတ်အပြင် မစ္စချက်ဒစ်ရယ်၊ မစ္စရိုဝင်ရယ်၊ ပြင်သစ်ဆရာမ ဖြစ်တဲ့ မစ္စဘလန့်(ချ) ရယ် ရှိနေပါတယ်"

"ကျေးဇူးတင်ပါတယ်၊ အခု ကျုပ်ကို မစ္စချက်ဒစ်ဆီခေါ်သွားပါတော့"

ကယ်လ်ဆီက ပြောလိုက်သဖြင့် မစ္စဂျွန်ဆင်သည် မစ္စချက်ဒစ်ရှိရာသို့ ခေါ်သွားလေသည်။

မစ္စချက်ဒစ်သည် သူမ၏အခန်းထဲတွင် ချမ်းနေဟန်ဖြင့် စောင်ခြုံထားလေသည်။ မျက်နှာကလည်း သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

သူမသည် ရဲမှူးကယ်လ်ဆီအားမြင်လျှင် "သူ… သူ… သေသွားပြီလားဟင်၊ အသက်ရှင်ဖို့ မျှော်လင့်ချက် လုံးဝမရှိတော့ဘူးလား" ဟု မေးရှာလေသည်။

ကယ်လ်ဆီက အားနာစွာနှင့်ပင် ခေါင်းခါပြလိုက်ရာ မစ္စချက်ဒစ်သည် ပို၍ပင် စိတ်ထိခိုက်ဟန်ဖြင့် မျက်ရည်များ ကျလာလေသည်။

"ဒုက္ခပါပဲရှင်၊ ကျွန်မတို့ကျောင်းကြီး နာမည်ပျက်တော့မှာပဲ ။ မဲဒိုးဘင်းကျောင်း နာမည်ကောင်းလာခဲ့သမျှ အခုတော့ ပျက်စီးပါပြီ။ ကျွန်မဖြင့် ရှေ့ရေးအခြေအနေကို တွေးတောင် မတွေးဝံ့ပါဘူး"

မစ္စချက်ဒစ်က ဝမ်းနည်းကြေကွဲဟန်ဖြင့်ပြောရာ ကယ်လ်ဆီလည်း သူမအနီးတွင် ထိုင်လိုက်ပြီး နှစ်သိမ့်အားပေးစကားပြောလေသည်။

"ဟုတ်ကဲ့ခင်ဗျား။ အခုကိစ္စက အလွန်စိတ်ထိခိုက် တုန်လှုပ်စရာကောင်းတယ်ဆိုတာလည်း ကျွန်တော်သဘောပေါက်ပါတယ်။ သို့သော်လည်း ဆရာမအနေနဲ့ စိတ်ကို တင်းထားစေချင်ပါတယ်။ စိတ်အေးအေးထားပြီး

www.burmeseclassic.com

www.burmeseclassic.com



သိသလောက်ကို ပြောပြစမ်းပါ။ ဒီအမှုကိုကျူးလွန်တဲ့ တရားခံ ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော်တို့ အမြန်ဆုံးသိရမှသာ အားလုံးအတွက် စိတ်အေးရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက လူသတ်မှုတရားခံ မြန်မြန်ပေါ်ရင် ကျောင်းရဲ့သိက္ခာထိခိုက်စေမယ့် ဟိုးလေးတကျော် ဖြစ်တာမျိုးကို ကာကွယ်နိုင်ပါလိမ့်မယ်"

"ဟုတ်ကဲ့ရှင်။ ကျွန်မကြိုးစားပြီး သိသလောက် ပြောပြပါမယ်။ ညက ကျွန်မ ခပ်စောစောပဲ အိပ်ရာဝင်ခဲ့ပါတယ်။ စောစော အလုပ်အားတာနဲ့ အားရပါးရအိပ်လိုက်မယ်ဆိုပြီး အိပ်ရာဝင်တာပဲရှင့်။ ဒါပေမဲ့ ကျွန်မက ပူပင်သောကဖြစ်နေလို့ အိပ်လို့မပျော်နိုင်အောင် ဖြစ်နေရပါတယ်"

"ဘာကြောင့် ပူပင်သောကဖြစ်နေတာလဲ။ ကျောင်းနဲ့ပတ်သက်ပြီး စိုးရိမ်နေလို့လားခင်ဗျ"

"ဟုတ်ကဲ့။ ကျောင်းအတွက်လည်း ဟုတ်ပါတယ်။ ပြီးတော့ ရှာအီစတာဆိုတဲ့မိန်းကလေး ပျောက်နေတာကြောင့်လည်း စိတ်ပူနေမိပါတယ်။ ဒါ့အပြင် မစ္စစပရင်လာ အသတ်ခံရတာနဲ့ပတ်သက်လို့ မိဘတွေက ကျောင်းအပေါ် အထင်အမြင်သေးပြီး သူတို့သမီးတွေကို ကျောင်းက ပြန်ထုတ်သွားမလားလို့လည်း စိုးရိမ်မိပါတယ်။ အထူးသဖြင့် ဒီကျောင်းကို ပြုစုပျိုးထောင်ခဲ့တဲ့ ဆရာမကြီး မစ္စဘားစထရိုအတွက်တွေးပြီး ကျွန်မ စိတ်မကောင်းဖြစ်နေမိပါတယ်"

"ကျွန်တော်နားလည်ပါပြီ။ ကဲ... ဆက်ပြီးပြောပါဦး။ ညက ဆရာမ အိပ်ရာဝင်တော့ အိပ်မပျော်နိုင်ဘဲ ဖြစ်နေတယ်ဆိုပါတော့"

"ဟုတ်ပါတယ်။ ကျွန်မလည်း အိပ်ပျော်အောင်ကြိုးစားအိပ်တာပါပဲ။ တော်တော်ကြာလို့ အိပ်လို့မပျော်နိုင်တာနဲ့ အိပ်ရာကထပြီး အက်စ်ပရင်ဆေးပြားသောက်ပါတယ်။ အဲဒီအချိန်က ကျွန်မဟာ အမှတ်မဲ့ ပြတင်းပေါက်က လှမ်းကြည့်လိုက်မိပါတယ်။ အားကစားရုံထဲမှာ မီးလင်းနေတာ တွေ့ရတော့တာပဲရှင်"

"မီးရောင်က ဘယ်လိုမီးရောင်မျိုးလဲ ခင်ဗျ"

"မီးရောင်ဟာ ငြိမ်မနေဘဲ လှုပ်ရှားနေတဲ့အတွက် လက်နှိပ်ဓာတ်မီးက အလင်းရောင်လို့ ထင်ရပါတယ်။ တစ်ချိန်က ကျွန်မနဲ့ မစ္စဂျွန်ဆင်တို့မြင်ရတဲ့ မီးရောင်မျိုးပါပဲ"

"ဟိုတစ်ချိန်ကမြင်ရတဲ့ မီးရောင်မျိုးပဲလား"

"ဟုတ်ပါတယ်"



"ကောင်းပါပြီ။ နောက်ပြီးတော့ ဘာဖြစ်ပါသလဲ"

"ကျွန်မစိတ်ထဲမှာ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်မိပါတယ်။ ဒီတစ်ခါတော့ အားကစားရုံထဲ အချိန်မတော် ဘယ်သူက ဝင်ပြီး ဘာလုပ်နေတယ်ဆိုတာ သိရအောင် စုံစမ်းပါမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါကြောင့် ကျွန်မဟာ ကုတ်အင်္ကျီတစ်ထည် ဆွဲဝတ်ပြီး သွားကြည့်ပါတယ်"

"အဲဒီအချိန်က ဆရာမအနေနဲ့ အဖော်တစ်ယောက်ယောက်ခေါ်သွားဖို့ စိတ်မကူးခဲ့ဘူးလား"

"ဘယ်သူ့ကိုမှခေါ်ဖို့ စိတ်မကူးပါဘူး။ အားကစားရုံထဲ ဝင်ရောက်နေသူကိုသာ အမိဖမ်းချင်နေပါတယ်။ ကြာနေရင် သူ ထွက်ပြေးသွားမှာလည်း စိုးရိမ်နေတာနဲ့ ခပ်မြန်မြန်သွားလိုက်တာပါပဲ"

မစ္စချက်ဒစ်သည် စိတ်ဓာတ်ပြင်းထန် ခိုင်မာလာဟန်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ဆက်ပြောပါဦး"

"ကျွန်မက အားကစားရုံကို အမြန်ဆုံးရောက်အောင်သွားလိုက်ပါတယ်။ အနားရောက်တော့ ကျွန်မက ခြေသံမကြားရအောင်လည်း ခြေဖျားထောက်ပြီး သွားပါတယ်။ တံခါးက ပိတ်မထားဘဲ စေ့ရုံစေ့ထားတာနဲ့ ကျွန်မလည်း အသာ တံခါးကိုတွန်းဖွင့်ပြီး ကြည့်လိုက်ပါတယ်။ အဲဒီတော့မှ တွေ့ပါပြီပဲရှင်၊ မစ္စဗာဆီတတ်ဟာ မှောက်လျက်လဲကျပြီး သေနေရှာတယ်"

ပြောရင်းနှင့် မစ္စချက်ဒစ်သည် စိတ်ထိခိုက်တုန်လှုပ်လာဟန်ဖြင့် အသားများပင် ဆတ်ဆတ်တုန်နေပြန်လေသည်။

"ဟုတ်ကဲ့ခင်ဗျ။ ဒါထက် ဆရာမအနေနဲ့ တစ်ခုသတိပြုမိပါသလား။ အားကစားရုံထဲမှာ ဂေါက်သီးရိုက်တဲ့ တုတ်တံတစ်ခု တွေ့ရပါတယ်။ အဲဒါကို ဆရာမက ထုတ်ယူလိုက်ပါလား။ ဒါမှမဟုတ် မစ္စဗာဆီတတ်ကများ ထုတ်ယူခဲ့သလား"

"ဟင်... ဂေါက်ရိုက်တံတစ်ခုလား၊ ကောင်းကောင်းမမှတ်မိဘူး၊ အဲ... နေဦးရှင့်။ အဲဒါ ကျွန်မကိုယ်တိုင်က အားကစားရုံကို အသွားမှာ သုံးလိုမည်မည် လက်နက်တစ်ခုခု ကိုင်သွားမှ ကောင်းမယ်ဆိုပြီး ကျွန်မ ယူသွားခဲ့ပါတယ်။ ဟိုရောက်လို့ မစ္စဗာဆီတတ် သေနေတာ မြင်တော့ ကျွန်မ စိတ်ချောက်ချားပြီး လွှတ်ချခဲ့တာ ဖြစ်ပါလိမ့်မယ်။ ကျွန်မ စိတ်တွေချောက်ချားလွန်းလို့ ချက်ချင်းပြန်ပြေးပြီး မစ္စဂျွန်ဆင်ကို အကျိုးအကြောင်းပြောပြလိုက်ပါတယ်။ ဖြစ်ပုံက တော်တော်ပဲ ဆိုးလှပါတယ်ရှင်"

www.burmeseclassic.com



ဤတွင် အဆောင်မှူး မစ္စဂျွန်ဆင်က ရဲမှူးကယ်လ်ဆီအား အကြံပေးသလို ပြောလေသည်။

"တစ်နေရာတည်းမှာ လူသတ်မှုနှစ်ခုဖြစ်တယ်ဆိုတာ အလွန် စိတ်ချောက်ချားဖို့ ကောင်းလှပါတယ်။ အထူးသဖြင့် မစ္စချက်ဒစ်လို အသက်အရွယ်နဲ့ ဆရာမတစ်ယောက်အဖို့ ဒီဒဏ်ကို ခံနိုင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် ရဲမှူးကြီးတို့က နောက်ထပ်မေးခွန်းတွေ မမေးဘဲနေရင် ကောင်းမယ်ထင်ပါတယ်၊ မေးစရာတွေ ကျန်သေးလို့လား"

မစ္စဂျွန်ဆင်က ဤသို့ပြောလိုက်သည်တွင် ရဲမှူး ကယ်လ်ဆီသည် ဘာမှပြန်မပြောဘဲ ခေါင်းခါပြလျက် ပြန်ထွက်လာလေသည်။

သူသည် အဆောက်အအုံအပြင်ဘက်သို့ ထွက်လာစဉ် တစ်နေရာ၌ သဲအိတ်များစုပုံထားသည်ကို သတိပြုမိလေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လူနေအိမ်များတွင် ထားလေ့ရှိသော သဲအိတ်မျိုး ဖြစ်လေသည်။ ဤတွင် ကယ်လ်ဆီသည် ဆရာဝန်၏စကားကို ချက်ချင်းသတိရမိလေသည်။ ဆရာဝန်က မစ္စချက်ဒစ်သွားကြည့်သော မစ္စဗာဆီတတ် သေဆုံးခြင်းမှာ ဦးခေါင်းနောက်စေ့ကို သဲအိတ်ကဲ့သို့သော လေးလံသောအရာဝတ္ထုတစ်ခုခုဖြင့် ရိုက်ခြင်းခံရ၍ သေဆုံးရကြောင်း ပြောခဲ့ပေသည်။

ဤအတိုင်းဆိုလျှင် လူသတ်မှုတရားခံသည် ပြင်ပမှ ကြေးစား လူသတ်သမား ဟုတ်ချင်မှ ဟုတ်မည်။ ဤကျောင်းအတွင်းမှ တစ်စုံတစ်ယောက်က ဒုတိယအကြိမ် လူသတ်မှုကျူးလွန်ရာတွင် သေနတ်ပစ်သလိုအသံလည်း မမြည်ဘဲ ထိရောက်ထက်မြက်သည့်လက်နက်အဖြစ် ကျောင်းတွင်းမှ သဲအိတ်ကိုပင် အသုံးပြုခဲ့လေသလား။ တစ်နည်းအားဖြင့် လူသတ်မှုတရားခံသည် ကျောင်းတွင်းမှ လူတစ်ယောက်ယောက် ဖြစ်နိုင်သည်ပါတကားဟု စဉ်းစားမိလေသည်။

❑ ❑ ❑

## ၁၅

အာဒမ်သည် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့အား လှေလာ အခ... ခတ်ကြည့်ရင်း စိတ်ထဲမှ လေးစားချီးကျူးနေမိလေသည်။



ဆရာမကြီးသည် ကျောင်း၌ လူသတ်မှုနှစ်ခု ဆက်တိုက်ဖြစ်ပွားခြင်း၏ ဂယက်ရိုက်ခတ်မှုကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နိုင်လောက်အောင် စိတ်ဓာတ်ခိုင်မာ ပြင်းထန်ပုံရလေသည်။

ဂယက်ရိုက်မှုတစ်ခုကား ကျောင်းသူမိန်းကလေးများ၏ မိဘအချို့က သူတို့၏သမီးများကို ကျောင်းတွင် ဆက်လက်မထားလိုတော့ဟု ဆိုကာ ကျောင်းနုတ်၍ ပြန်ခေါ်သွားကြခြင်းပင် ဖြစ်သည်။ အလွန်စိတ်ထိခိုက်စရာ ကောင်းသော်လည်း ဆရာမကြီးက ဣန္ဒြေမပျက် တည်ငြိမ်အေးဆေးစွာပင် ရှိနေလေသည်။

ခဏမျှ စဉ်းစားပြီးနောက် ဆရာမကြီးသည် တစ်စုံတစ်ခု စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် အတွင်းရေးမှူး အယ်နီအား ခေါ်ယူကာ ကြေညာချက်တစ်ရပ် ထုတ်ပြန်ရန် စီစဉ်လေတော့သည်။

ကြေညာချက်မှာ ကျောင်းကို ယခုစာသင်နှစ်ကုန်ချိန်အထိ ပိတ်ထားမည်ဖြစ်၍ မိဘများက လောလောဆယ်ပြန်ခေါ်ရန် အဆင်မပြေပါက မိန်းကလေးများကို ကျောင်း၌ ဆက်ထားလိုလျှင် ထားနိုင်ကြောင်း၊ ဆရာမကြီးက တာဝန်ယူ စောင့်ရှောက်ထားပြီး ပညာကိုလည်း ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် မိဘများအား အကြောင်းကြားသည့် ကြေညာချက်ပင် ဖြစ်လေသည်။

ကြေညာချက်တွင် ပါရမည့် အချက်များကို အယ်နီက ရေးမှတ်ပြီးနောက် ဆရာမကြီးက "မိဘတွေရဲ့လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်တွေ ရှိတယ်ဟုတ်လား" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ ရှိပါတယ် ဆရာမကြီး"

"ဒါဖြင့် တယ်လီဖုန်းနဲ့ စပြီး ဆက်သွယ်အကြောင်းကြားပေတော့။ ကျန်တဲ့မိဘတွေကိုတော့ စာနဲ့ပဲ အကြောင်းကြားလိုက်ပါ"

"ဟုတ်ကဲ့ ဆရာမကြီး"

ဤသို့ပြောပြီး အယ်နီသည် ရုံးခန်းအပြင်ဘက်သို့ ပြန်ထွက်သွားရင်း တံခါးဝတွင် ခေတ္တရပ်ပြီး ဆရာမကြီးအား မရဲတရဲနှင့် ပြောပြန်လေသည်။

"ဆရာမကြီးရှင့်၊ ကျွန်မနဲ့တော့ ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ အကြံပေးချင်ပါတယ်။ အခုလို ကျောင်းပိတ်ပြီး မိဘတွေကို သူတို့သမီးတွေ ပြန်ခေါ်ခိုင်းတာဟာ အချိန်စောလွန်းတယ်လို့ ထင်မိပါတယ်။ မိဘတွေအနေနဲ့ မလောက်လည်း စိုးရိမ်ကြောင့်ကြကြမယ် မထင်ပါဘူး။ သူတို့သမီးတွေ ကျောင်းမှာ ဆက်ထားချင်မယ့် မိဘတွေ အများကြီးရှိပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ညည်းက ငါဟာ လွယ်လွယ်နဲ့ အရှုံးပေးတယ်လို့ ထင်နေသလား"

ဆရာမကြီးက ခပ်တည်တည်ပြန်မေးလိုက်ရာ အယ်နီသည် ရှက်သွားပြီး ရုတ်တရက် ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်ပြီးမှ မရဲတရဲနှင့်...

"ဟုတ်ကဲ့ ဆရာမကြီး၊ မှန်တာပြောရရင် ဆရာမကြီးက အရှုံးပေးလွယ်လွန်းတယ်လို့ ထင်မိပါတယ်"

"အေး... ညည်းရဲ့စိတ်ဓာတ်ကိုတော့ ငါ ချီးကျူးပါတယ်။ ဒါပေမဲ့ အယ်နီ အခုဟာက ငါ့အနေနဲ့ အရှုံးပေးတာ မဟုတ်ဘူးကွဲ့၊ လူတွေရဲ့ သဘာဝစိတ်ဓာတ်ကို သိလို့ နည်းပရိယာယ် သုံးလိုက်တာပါ။ တို့က အရှင်ဦးအောင် မိဘတွေကို သူတို့သားသမီးများ လာပြန်ခေါ်ပါလို့ အကြောင်းကြားလိုက်ခြင်းအားဖြင့် သူတို့က တစ်မျိုးစဉ်းစားလာလိမ့်မယ်။ မိန်းကလေးတွေကို ပြန်မခေါ်ဘဲ ကျောင်းမှာ ဆက်ထားချင်စိတ် ဖြစ်ပေါ်လာနိုင်တယ်"

ဤသို့ပြောလိုက်ပြီးနောက် ဆရာမကြီးသည် အနီးတွင်ရှိနေသူ ရဲမှူးကယ်လ်ဆီဘက်သို့ လှည့်လိုက်ပြန်သည်။

"အခုအခြေအနေမှာ ရဲမှူးကြီးတို့တာဝန်ပဲ ကျန်ပါတော့တယ်။ လူသတ်မှုတွေ မြန်မြန်စုံစမ်းပြီး လက်သည်တရားခံကို ဖမ်းလိုက်နိုင်တယ်ဆိုရင် ကျွန်မတို့ကျောင်းအခြေအနေလည်း ပြန်ကောင်းသွားမှာပါ"

"ဟုတ်ကဲ့။ ကျွန်တော်တို့ကလည်း အစွမ်းကုန်ကြိုးစားနေပါတယ် ဆရာမကြီး"

ရဲမှူးကြီးကယ်လ်ဆီက နှစ်သိမ့်အားပေးဟန်ဖြင့် ပြန်ပြောလိုက်စဉ် အတွင်းရေးမှူးအယ်နီသည် ထွက်သွားလေသည်။

"ကောင်မလေးက မဆိုးဘူးရှင့်။ ကျောင်းအပေါ် တကယ်သစ္စာရှိရှာတယ်"

အယ်နီအကြောင်းကို ဤသို့ပြောပြီးမှ ဆရာမကြီးသည် ကယ်လ်ဆီအား မေးခွန်းထုတ်ပြန်လေသည်။

"ဒီမယ် ရဲမှူးကြီး၊ ကျွန်မတို့ကျောင်းက ဆရာမနှစ်ယောက်ကို ဆက်တိုက် အားကစားရုံထဲမှာ သတ်သွားတဲ့တရားခံဟာ ဘယ်သူဖြစ်နိုင်တယ်ဆိုတာ ရှင်တို့ လုံးဝမရိပ်မိသေးဘူးလား။ အခုအချိန်လောက်ဆိုရင် ရှင်တို့အနေနဲ့ စုံစမ်းထောက်လှမ်းဖို့ အချိန်သင့်ပြီလို့ ထင်ပါတယ်။ အရေးထဲ ကျောင်းသူမိန်းကလေးတစ်ယောက် ပြန်ပေးဆွဲခံရမှုက ဖြစ်လာပြန်တယ်။ အဲဒီကိစ္စမှာတော့ ကျွန်မရဲ့ချွတ်ယွင်းချက်လည်း ပါသင့်သလောက် ပါပါတယ်။ ကောင်မလေးကိုယ်တိုင်က သူ့ကို တစ်စုံတစ်ယောက်က ပြန်ပေးဆွဲလိမ့်မယ် ထင်တယ်လို့ ပြောခဲ့ဖူးတယ်။ အဲဒါကို ကျွန်မက လေးလေးနက်နက် မယူဆမိခဲ့ဘူး။ အခုတော့ ရှာအီစတာပြောတဲ့ စကားက အဓိပ္ပာယ်ရှိသလို ဖြစ်လာတယ်။ သူ့အနေနဲ့ စိုးရိမ်ပူပန်လောက်အောင် အကြောင်းတစ်ခုခု ရှိပါလိမ့်မယ်။ ဒါထက် ရဲမှူးကြီးတို့စုံစမ်းထောက်လှမ်းနေတာ ဘာသတင်းမှ မထူးသေးဘူးလားရှင့်"

"အခုတော့ မထူးသေးဘူးခင်ဗျ။ ဒါပေမဲ့ ဆရာမကြီးတို့အနေနဲ့ သိပ်ပြီးစိုးရိမ်ကြောင့်ကြမနေပါနဲ့။ ဒီအမှုကို အထူးစုံစမ်းစစ်ဆေးဌာနက ပါဝင်လုပ်ကိုင်နေတာမို့ ပျောက်နေတဲ့ကလေးမကို နှစ်ဆယ့်လေးနာရီ (သို့မဟုတ်) အလွန်ဆုံး သုံးဆယ့်ခြောက်နာရီအတွင်း ရှာလို့တွေ့မှာ သေချာပါတယ်။ မြို့တိုင်း နယ်တိုင်းက ရဲတပ်ဖွဲ့တွေကို အကြောင်းကြားထားတဲ့အပြင် လေဆိပ်တို့ သင်္ဘောဆိပ်တို့မှာလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေပါတယ်။ ပြန်ပေးဆွဲတာလောက် ကြာရှည် ဖုက်ထားဖို့က အလွန်ခက်ပါတယ်။ ဒါကြောင့် ပျောက်နေတဲ့ကျောင်းသူကလေးကို ကျွန်တော်တို့ရှာတွေ့မှာ သေချာပါတယ်"

"တွေ့တာကတော့ ဟုတ်ပါပြီ၊ တွေ့တဲ့အခါသာ ကောင်မလေးကို အသက်ရှင်လျက် ပြန်တွေ့ပါစေလို့ မျှော်လင့်ပါတယ်။ ယခုအခြေအနေ ကြည့်ရသလောက် အခုလို ကြံစည်တဲ့လူက လူတစ်ယောက်ရဲ့အသက်ကို တန်ဖိုးထားမယ့်လူစားမျိုး ဖြစ်ပုံမရဘူးရှင့်"

"ဒါက ဒီလိုပါ ဆရာမကြီး။ သူတို့က မိန်းကလေးကို ကိစ္စတုံး ပျောက်ဖျက်ဖို့ ကြံမယ်ဆိုရင် ပြန်ပေးဆွဲနေတော့မှာ မဟုတ်ဘူး။ တစ်ခါတည်း သတ်ပစ်လိုက်မှာပဲ"

ကယ်လ်ဆီက ဤသို့ပြောလိုက်ပြီးမှ ဆရာမကြီးကို အားနာသွားမိလေသည်။

"အင်း... ရှင်ပြောတာလည်း ဟုတ်တာပဲ"

ဆရာမကြီးက မျက်နှာတည်တည်ဖြင့် ပြန်ပြောလိုက်စဉ် တယ်လီဖုန်းလာသဖြင့် ဆရာမကြီးကပင် ကောက်ကိုင်နားထောင်လိုက်ပြီးနောက် ကယ်လ်ဆီအား တယ်လီဖုန်းစကားပြောခွက်ကို လှမ်းပေးလေသည်။

"ရဲမှူးကြီးနဲ့ ပြောချင်လို့တဲ့"

ကယ်လ်ဆီက တယ်လီဖုန်းပြောနေစဉ် ဆရာမကြီးနှင့် အာဒမ်တို့က စိတ်ဝင်စားဟန်ဖြင့် အကဲခတ်ကြည့်နေကြလေသည်။

ရဲမှူးကယ်လ်ဆီသည် တစ်ဖက်မှ ပြောသံကို နားထောင်ရင်း လက်တစ်ဖက်ဖြင့် စာရွက်တစ်ရွက်ပေါ်တွင် ရေးမှတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ နေရာက အယ်လ်ဒါတန်အရပ်ပဲနော်။ ကျွန်တော်တို့ အဲဒီနေရာကို သိပါတယ်။ ကျွန်တော်တို့ဘက်က ပူးပေါင်းကူညီဖို့ အဆင်သင့်ပါပဲ။ ဒီအတောအတွင်း ကျွန်တော်တို့က ဒီမှာဆက်ပြီး ကြိုးစားနေပါမယ်"

ဤသို့ပြော၍ တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီသည် ဆရာမကြီးအား လှမ်းကြည့်လိုက်သည်။

"ကလေးမရဲ့ဦးလေး စော်ဘွားဆီကို ပြန်ပေးဆွဲတာ သွားရွေးယူဖို့ ငွေတောင်းတဲ့စာ ဒီမနက်ပဲ ရောက်လာပါတယ်တဲ့။ စာကို လက်နှိပ်စက်နဲ့ ရိုက်ထားပြီး စာတိုက်က ထည့်လိုက်ပါတယ်လို့ ဆိုတယ်။ ကျွန်တော်တော့ ဒါဟာ တစ်မျိုးအကွက်ဆင်တယ်လို့ ထင်တယ်"

"ဘယ်လိုငွေတောင်းတာလဲ၊ ဘယ်မှာလာပေးရမှာတဲ့လဲ"

ဆရာမကြီးက ပြန်မေးလိုက်သည်။

"အယ်လ်ဒါတန်ဆိုတဲ့ အရပ်မှာပါ။ ဒီနေရာက လူနေအိမ်ခြေမရှိဘဲ လူပြတ်တဲ့အပြင် စိမ့်မြိုင်တွေလည်း ရှိတယ်။ အဲဒီနေရာက ကျောက်တုံးကြီးတစ်တုံးအောက်မှာ ငွေပါတဲ့စာအိတ်ကို နက်ဖြန်မနက် အရုဏ်မတက်မီ နှစ်နာရီမှာ လာထားရမယ်လို့ ဆိုတယ်"

"ငွေက ဘယ်လောက်တောင်းတာလဲ"

"အင်္ဂလိပ်ငွေ စတာလင်ပေါင် နှစ်သောင်းတောင်းတယ်။ ကျွန်တော်တော့ အခုလို ငွေတောင်းတာ လှည့်ကွက်တစ်မျိုးပဲလို့ ထင်မိတယ်"

"ရှင်တို့ ဘာလုပ်မယ် စိတ်ကူးပါသလဲ"

"ကျွန်တော်တို့မှာ လုပ်နိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်"

ရဲမှူးကယ်လ်ဆီက သူတို့ရဲတပ်ဖွဲ့၏လုပ်နည်းလုပ်ဟန်အသေးစိတ်ကို ဖွင့်မပြောလိုဟန်ဖြင့် စကားကို အလိမ္မာသုံး၍ ဖြေလိုက်ခြင်းဖြစ်သည်။

"ဒါဖြင့် ရှင်တို့ကြိုးစားတာ အောင်မြင်ပါစေလို့ မျှော်လင့်ပါတယ်"

ဆရာမကြီးက ပြောလိုက်သောအခါ အာဒမ်က ဝင်၍ "ဒါတော့ ခက်ခဲစရာမရှိပါဘူး" ဟု ပြောလိုက်သည်။

ကျောင်းအုပ်ဆရာမကြီးသည် ခေတ္တမှုစဉ်းစားနေရာမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် "ဒါထက် ကျွန်မတို့ကျောင်းက ဆရာမတွေကော ဘယ်လိုသဘော ထားရမှာလဲ။ ကျွန်မတို့အနေနဲ့ သူတို့ကို ယုံကြည်စိတ်ချရမှာလား ရှင့်" ဟု မေးလိုက်သည်။

ထိုမေးခွန်းကို ရဲမှူးကယ်လ်ဆီက ချက်ချင်းမဖြေဘဲ ဆိုင်းနေရာ ဆရာမကြီးကပင် ဆက်၍ "ဘာလဲ၊ ရှင်က ပြောရမှာ ဝန်လေးနေလို့လား။ ဆရာမ



ထဲက ရှင်တို့ သင်္ကာမကင်းဖြစ်တဲ့လူရှိရင် ကျွန်မသိအောင် ပြောဖို့ ခက်နေတယ်ထင်ပါရဲ့။ တကယ်လို့ ကျွန်မက သိနေရင် အဲဒီမသင်္ကာတဲ့လူ ရိပ်မိလောက်အောင် ကျွန်မက အမူအရာပြမှာ စိုးရိမ်တယ် မဟုတ်လား။ ဒီလိုမထင်ပါနဲ့ ရဲမှူးကြီးရှင့်။ ကျွန်မသိထားရင်လည်း ဘယ်သူမှ မရိပ်မိအောင် နေတတ်ပါတယ်" ဟု ပြောလိုက်ပြန်သည်။

"ဒီလိုသဘောလည်း မဟုတ်ပါဘူး။ ဆရာမကြီးကို ကျွန်တော်ယုံကြည်စိတ်ချပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဒီလိုအမှုမျိုးမှာ အထူး သတိထားရပါတယ်။ တကယ်တော့လည်း ကျွန်တော်တို့ရှာနေတဲ့ တရားခံဟာ ဒီကျောင်းက ဆရာမတစ်ယောက်ယောက် ဖြစ်နိုင်မယ် မထင်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့က ဒီနှစ်မှ ကျောင်းကိုရောက်လာတဲ့ ဆရာမလူသစ်တွေကို ဂရုစိုက် လေ့လာကြည့်ပြီးပါပြီ။ အဲဒီလူသစ်တွေထဲက ပြင်သစ်ဆရာမဖြစ်တဲ့ မစ္စဘလန့်(ချ)ရယ်၊ သေသူ မစ္စစပရင်လာရယ်၊ ပြီးတော့ ဆရာမကြီးရဲ့ အတွင်းရေးမှူး အယ်နီတို့ပဲ ဖြစ်ပါတယ်။ အယ်နီရဲ့နောက်ကြောင်းရာဇဝင်ကိုလည်း ကျွန်တော်တို့ စုံစမ်းကြည့်ပြီးပါပြီ။ သူဟာ အငြိမ်းစား ဗိုလ်ချုပ်ကြီးတစ်ဦးရဲ့သမီး ဖြစ်ပါတယ်။ ဒီကျောင်းကို မလာခင် သူက တခြားနေရာတွေမှာ အလုပ်လုပ်ခဲ့ကြောင်း သူ့လျှောက်လွှာထဲမှာပါတဲ့အတိုင်း မှန်ကန်နေပါတယ်။ ပြီးတော့ မနေ့ညက လူသတ်မှုဖြစ်ပွားချိန်မှာ အယ်နီဟာ ဒင်းနစ္စဆိုတဲ့ လူငယ်တစ်ဦးနဲ့အတူ စားသောက်ဆိုင်တစ်ဆိုင်မှာ ရှိနေတယ်။ အဲဒီဒင်းနစ္စဆိုသူကလည်း အကျင့်စာရိတ္တကောင်းမွန်တဲ့ လူငယ်တစ်ဦး ဖြစ်ပါတယ်။ မစ္စဘလန့်(ချ်)ရဲ့နောက်ကြောင်းကိုလည်း လေ့လာကြည့်ပြီးပါပြီ။ သူက ဒီကျောင်းကိုရောက်မလာခင်က အင်္ဂလန်ပြည်မြောက်ပိုင်းက ကျောင်းတစ်ကျောင်းမှာရယ်၊ ဂျာမနီက ကျောင်းတစ်ကျောင်းမှာရယ် စာသင်ခဲ့ဖူးတယ်။ အရည်အချင်းနဲ့ ပြည့်စုံပြီး ကိုယ်ကျင့်တရားကောင်းမွန်သူလည်း ဖြစ်ပါတယ်။ စာသင်ကြားရာမှာ အလွန်တော်တယ်လို့လည်း ဆိုပါတယ်"

ရဲမှူးကယ်လ်ဆီ၏စကားအဆုံးတွင် ဆရာမကြီးက "ကျွန်မတို့ကျောင်းက စာသင်ကြားမှု အဆင့်အတန်းအရဆိုရင် မစ္စဘလန့်(ချ်)က စာသင်တာ သိပ်မတော်ဘူးရှင့်" ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ နောက်ပြီး ကျွန်တော်တို့က သေသူ မစ္စစပရင်လာရဲ့ နောက်ကြောင်းကို လေ့လာကြည့်တော့ အားကစား နည်းပြဆရာမအဖြစ် သင်တန်းတက်ခဲ့တာ မှန်နေကြောင်း တွေ့ရပါတယ်။ သို့သော်လည်း သူ့ရဲ့ ကိုယ်ရေးသမိုင်းတစ်လျှောက်မှာ အချိန်ကာလအချို့အတွင်း သူ ဘယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုတာတော့ စုံစမ်းလို့မရဘူး ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ်လေ အခု မစ္စစပရင်လာက အသတ်ခံရသူဖြစ်လေတော့ သူ့ဟာသူ လူသတ်တရားခံ မဖြစ်နိုင်ဖို့ များတယ်"

"ဒါက ဟုတ်ပါပြီ။ ပြင်သစ်ဆရာမဖြစ်တဲ့ မစ္စဘလန့်(ချ်)ကို မသင်္ကာဖြစ်စရာရှိတာက သူဟာ အခု အသက်ရှင်နေလို့များလား"

ဆရာမကြီးက မေးခွန်းထုတ်ပြန်ရာ ရဲမှူးကယ်လ်ဆီက စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြလေသည်။

"ဒီလိုရှိပါတယ်ခင်ဗျ။ ကျွန်တော်တို့ရဲတပ်ဖွဲ့အနေနဲ့ မှုခင်းတစ်ခု စုံစမ်းထောက်လှမ်းတဲ့အခါ တရားခံဖြစ်နိုင်မယ့် လူမှန်သမျှအပေါ် မသင်္ကာတဲ့မျက်စိနဲ့ ကြည့်ရပါတယ်။ မစ္စဘလန့်(ချ)ဆိုရင် လူသတ်မှုနှစ်ခုစလုံးကို ကျူးလွန်နိုင်တဲ့အခြေအနေရှိတာ တွေ့ရပါတယ်။ သူကိုယ်တိုင် ထွက်ဆိုချက်အရ မနေ့ညက စောစောအိပ်ရာဝင်ပြီး အိပ်လိုက်တာ ဘာသံမှ မကြားလိုက်ဘဲ နောက်ပိုင်း ဆူညံဆူညံဖြစ်လာတော့မှ လန့်နိုးတယ်လို့ ဆိုတယ်။ သူပြောတာ မဟုတ်နိုင်ဘူးလို့ ဆိုရအောင်လည်း ဘာအထောက်အထားမှ မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မစ္စဘလန့်(ချ)အပေါ် သင်္ကာမကင်းဖြစ်စရာ မရှိတော့ဘူးလို့ ဆိုရပါမယ်။ မစ္စချက်ဒစ်ကသာ ပြင်သစ်ဆရာမဟာ မသင်္ကာစရာကောင်းအောင် နိုးကြောင်နိုးဂုက်နေတတ်တယ်လို့ ပြောတယ်ခင်ဗျ"

ထိုစကားကို ဆရာမကြီး မစ္စဘားစထရို့က သဘောကျပုံမရချေ။

"မစ္စချက်ဒစ်ကတော့ ပြင်သစ်ဆရာမဆိုရင် ဒီလိုပဲ အထင်လွဲတတ်ပါတယ်။ သူက သက်သက်မဲ့ ပြင်သစ်ဆရာမတွေကို မုန်းနေဟန် တူပါတယ်"

ဤသို့ပြောပြီးနောက် ဆရာမကြီးသည် အာဒမ်ဘက်သို့ လှည့်၍ "ရှင်ကော ဘယ်လိုသဘောရသလဲ" ဟု မေးလိုက်သည်။

"ကျွန်တော့်အနေနဲ့ အကဲခတ်ကြည့်ရသလောက် မစ္စဘလန့်(ချ)က နေရာတကာမှာ သိချင်ပြီး စပ်စုတတ်လို့ပါ။ ဘာကြောင့် စပ်စုမှန်းတော့ မပြောတတ်ဘူး။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ လူသတ်မှုဖြစ်လောက်တဲ့အထိ ကျူးလွန်လိမ့်မယ်လို့ မထင်ပါဘူး"

အာဒမ်က ပြန်ပြောလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီက ဝင်၍ ဆွေးနွေးပြန်လေသည်။

"တစ်ခုသေချာတာက ဒီကျောင်းပတ်ဝန်းကျင်မှာ လူသတ်သမား တစ်ယောက်ရှိနေတယ်။ နှစ်ကြိမ်တိုင်တိုင် သတ်လောက်အောင် ရက်စက်တဲ့ လူသတ်သမားဖြစ်နေတယ်။ ဒါပေမဲ့ အဲဒီလူသတ်သမားဟာ ကျောင်းက



ဆရာမတစ်ယောက်ဖြစ်တယ်လို့ ဆိုရအောင်က အလွန်ခက်နေပါတယ် ဆရာမကြီးခင်ဗျား။ အဆောင်မှူး မစ္စဂျွန်ဆင်ဆိုရင် ယနေ့ညက သူ့ညီမဆီ သွားနေလို့ ဒီမှာမရှိဘူး။ နောက်ပြီး သူက ဆရာမကြီးဆီမှာ အလုပ်လုပ်နေတာ ခုနစ်နှစ်တောင် ရှိပြီမို့ သံသယဖြစ်စရာ မရှိဘူး။ မစစ္စချက်ဒစ်ဆိုတာကလည်း ဒီကျောင်း စတင်တည်ထောင်တဲ့အချိန်က စပြီး ဆရာမကြီးနဲ့ တွဲအလုပ်လုပ်ခဲ့သူ ဖြစ်တယ်။ ဒါကြောင့် သူတို့နှစ်ဦးစလုံးကို လူသတ်မှုနဲ့ ပတ်သက်လို့ မသင်္ကာစရာမရှိနိုင်ပါဘူး။ မစ္စချက်ဒစ်ဆိုတဲ့ ဆရာမက လူသတ်မှုဖြစ်ပွားချိန်က မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ဟိုတယ်တစ်ခုမှာ ရောက်နေတယ်။ မစ္စဘလိတ်ကလည်း သူ့မိတ်ဆွေတွေဆီ သွားလည်ပတ်နေတယ်။ မစ္စရိုဝင်ဆိုတာကလည်း ရိုးသားပြီး ကိုယ်ကျင့်တရားကောင်းတဲ့ နောက်ကြောင်းရာဇဝင်ရှိသူဖြစ်တယ်။ ပြီးတော့ ဒီကျောင်းက အမှုထမ်းတွေ၊ အခိုင်းအစေတွေကလည်း လူသတ်မှု ကျူးလွန်မယ့် လူတစ်ယောက်မှ မရှိဘူးလို့ ထင်ပါတယ်"

ကယ်လ်ဆီက ဤသို့ပြောလိုက်လျှင် ဆရာမကြီးသည် သဘောကျသွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ရဲမှူးကြီး တွေးခေါ် ကောက်ချက်ချပုံကို ကျွန်မလည်း လက်ခံသဘောတူပါတယ်။ ဒီတော့ မသင်္ကာစရာလူကို စဉ်းစားဖို့ အတော်ခက်နေပြီဆိုပါတော့။ ဩော်... တစ်ခုတော့ရှိတယ်"

ပြောရင်းနှင့် ဆရာမကြီးသည် အာဒမ်ဘက်သို့ လှည့်၍ "လူသတ်သမားလို့ ထင်စရာ ရှင်ပဲရှိတော့တယ်" ဟု ပြောလိုက်ရာ အာဒမ်သည် အလွန်အံ့အားသင့်သွားမိတော့သည်။

ဆရာမကြီးကပင် ဆက်၍ ပြောပြန်သည်။

"ရှင်က ဒီကျောင်းမှာ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်တဲ့ အခြေအနေရှိတယ်။ ကျောင်းတွင်းမှာ ဘယ်နေရာကိုမဆို သွားလို့ရတယ်။ ရှင့်ရဲ့ နောက်ကြောင်းရာဇဝင်က အပြစ်ဆိုစရာမရှိအောင် ကောင်းနေပေမယ့် လူဆိုတာ ပြောနိုင်ဘူး။ ရှင်က လူရိုးဟန်ဆောင်နေတဲ့ လူသတ်သမားဖြစ်နိုင်တာပဲ"

ဤတွင် အာဒမ်က တည်ငြိမ်အေးဆေးစွာဖြင့် ပြန်ပြောလေသည်။

"ဆရာမကြီးရဲ့ ဆင်ခြင်တွေးခေါ်ပုံက ချီးကျူးစရာကောင်းပါတယ်။ ပြဿနာကို ရှုထောင့်အားလုံးက အကွက်စေ့အောင် သုံးသပ် ဆင်ခြင်တတ်တာကို ကျွန်တော် အထူးပဲ လေးစားမိပါတယ်"

❒

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဖာ၏ မိခင်ဂျုန်သည် သတင်းစာဖတ်နေရာမှ အလွန်အံ့အားသင့်သွားလျက် ခင်ပွန်းဖြစ်သူ ဟင်နရီအား လှမ်းခေါ်လိုက်လေသည်။

"ဒီမှာ ဟင်နရီ၊ ဒီမှာ ကြည့်စမ်းပါဦးရှင့်"

"ဘာများလဲကွ၊ မင်းကလည်း အလန့်တကြားနဲ့"

ခင်ပွန်းဖြစ်သူ ဟင်နရီက စီးပွားရေးစာစောင်တစ်ခု ဖတ်နေရာမှ ပြန်မေးလိုက်သည်။

"ဘာဖြစ်ရမှာလဲရှင့်၊ မဲဒိုးဘင်းကျောင်းမှာ နောက်ထပ် လူသတ်မှုတစ်ခု ဖြစ်ပြန်သတဲ့။ သမီးလေး ဂျင်နီဖာတို့ကျောင်းမှာ ဖြစ်တယ်။ ဟောဒီသတင်းစာထဲမှာ ပါလာတယ်"

"ဟေ...ဟုတ်လား၊ ပြောစမ်းပါဦး"

ပြောပြောဆိုဆိုပင် ဟင်နရီသည် ဇနီးလက်ထဲမှ သတင်းစာကို ဆွဲယူပြီး ဖတ်ကြည့်လေသည်။

"အင်း...ဟုတ်ပါရဲ့၊ သေသူက မစ္စဗာဆီတတ်ဆိုတဲ့ ဆရာမဆိုပဲ။ အသတ်ခံရတာကလည်း အားကစားရုံမှာပဲဆိုတော့ ဟိုအားကစားနည်းပြဆရာမ မစ္စစပရင်လာသေတဲ့နေရာပဲ ဖြစ်နေပါကလား"

ဟင်နရီက သတင်းစာဖတ်ရင်း မှတ်ချက်ချလိုက်သည်။

"ကျွန်မဖြင့် မယုံနိုင်လောက်အောင် အံ့သြမိတယ်ရှင့်၊ မဲဒိုးဘင်းကျောင်းက အကောင်းဆုံး ထိပ်တန်းနာမည်ကျော်ကျောင်းတစ်ကျောင်း ဖြစ်တယ်။ ဒီကျောင်းမှာ လူသတ်မှုဖြစ်ရတယ်ဆိုတော့"

ဂျုန်၏စကားမဆုံးသေးမီ ဟင်နရီသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် သတင်းစာကို စားပွဲပေါ် ပစ်တင်လိုက်သည်။

"ကိုင်း... တို့အနေနဲ့ လုပ်စရာတစ်နည်းပဲ ရှိတယ်။ မင်းက အမြန်ဆုံး မဲဒိုးဘင်းကျောင်းကို သွားပြီး သမီးဂျင်နီဖာကို ပြန်ခေါ်ထုတ်ခဲ့ပေတော့"

"ဟင်... ရှင်က ဘာကိုဆိုလိုတာလဲ။ ဂျင်နီဖာကို အပြီးအပိုင်ကျောင်းနုတ်ပြီး ပြန်ခေါ်လာခဲ့ရမှာလား"

"ဟုတ်တယ်။ တစ်ခါတည်း အပြီးကျောင်းထုတ်လိုက်ပေါ့"

"စဉ်းစားပါဦးလားရှင်၊ ဒီလိုကျောင်းမျိုးက ဝင်ခွင့်ရဖို့ မလွယ်ဘူးဆိုတာ ရှင်လည်း သိသားနဲ့"

"ဒါအတွက် မပူစမ်းပါနဲ့ကွယ်၊ အခုအခြေအနေမှာ ကိုယ့်သားသမီးကိုယ် ပြန်ကျောင်းနုတ်ခေါ်သွားတာကို မင်းတစ်ယောက်တည်းလုပ်မှာ မဟုတ်ပါဘူး၊ တခြားမိဘတွေလည်း ဒီလိုပြန်ခေါ်သွားကြမှာ သေချာပါတယ်။



နောက်တော့ အခြေအနေအရ ဒီကျောင်းမှာပဲ ပြန်ထားချင်တယ်ဆိုရင်လည်း လွယ်ပါလိမ့်မယ်၊ ကျောင်းသူအတော်များများ ထွက်သွားမှာမို့ သမီးကို ပြန်ထားချင်ရင် နေရာအများကြီး ရှိပါလိမ့်မယ်"

"ဟုတ်ပါ့မလားရှင်၊ ရှင်က ဒီလိုပဲ ထင်သလား"

"ဟုတ်တယ်၊ အခုလောလောဆယ်မှာ ကျောင်းရဲ့အခြေအနေက မကောင်းဘူး။ ဒါကြောင့် ဒီနေ့ပဲ မင်းသွားပြီး သမီးဂျင်နီဖာကို ပြန်ခေါ်ခဲ့ရင် ကောင်းလိမ့်မယ်"

"ခေါ်တာက ဟုတ်ပါပြီ။ ခေါ်လာပြီးတော့ သမီးအတွက် ဘာလုပ်ပေးရင် ကောင်းမလဲ"

"တခြားသင့်တော်မယ့်ကျောင်းတစ်ကျောင်းမှာ ထားလိုက်ရုံပေါ့"

"ဒီလိုလည်း မပြောပါနဲ့ရှင်၊ ဟိုတစ်လောကပဲ ကျောင်းတစ်ကျောင်းမှာ ကျောင်းသားတစ်ဦးက သိပ္ပံဆရာကို သေနတ်နဲ့ ပစ်ခဲ့တဲ့အကြောင်း သတင်းစာထဲပါခဲ့သေးတယ် မဟုတ်လား"

ဇနီးဖြစ်သူက ဤသို့ ထောက်ပြလိုက်ရာ ဟင်နရီသည် ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါရဲ့၊ တို့ရဲ့အင်္ဂလန်ပြည်ကြီးဟာ အခု ဘယ်လိုဖြစ်လာတယ် မသိပါဘူး"

၁

အာဒမ်သည် တစ်ယောက်တည်း အားကစားရုံသို့ သွား၍ ကျောင်းသူမိန်းကလေးများ အားကစားပစ္စည်း ကိရိယာများ ထားသိုရာ ဗီရိုအံဆွဲများကို ဖွင့်ပြီး ရှာဖွေနေလေသည်။

အမှန်အားဖြင့် အားကစားရုံတွင်း၌ ရဲတပ်ဖွဲ့ဝင်များ ရှာဖွေကြပြီးဖြစ်ရာ အာဒမ်အနေဖြင့် ထပ်မံရှာဖွေ၍ သဲလွန်စအထောက်အထား တစ်စုံတစ်ရာ တွေ့နိုင်ရန် မလွယ်ကူလှချေ။ သို့သော် ဘာမှတွေ့နိုင်မည်မဟုတ်ဟု တထစ်ချ ပြောရန်လည်း ခက်လေသည်။ ရဲမှူးကြီး ကယ်လ်ဆီပြောသလို ဌာနတစ်ခုနှင့်တစ်ခု လုပ်နည်းလုပ်ဟန်ခြင်း မတူဘဲ ကွာခြားတတ်သဖြင့် ယခု မိမိကထပ်မံ ရှာဖွေရာတွင် ရဲတပ်ဖွဲ့ဝင်များ ဂရုမပြုမိသော သဲလွန်စတစ်ခု တွေ့ချင် တွေ့နိုင်သည်ဟု တွက်၍ အာဒမ်က လာရောက်ရှာကြည့်နေခြင်း ဖြစ်လေသည်။

စဉ်းစားဖွယ်အချက်ကား ဤခေတ်မိန်းကလေးကျောင်း၏ အားကစားရုံတွင်း လူသတ်မှု ဖြစ်ပွားရလောက်အောင် မည်သို့သောအကြောင်းများ ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေလေသနည်း ဟူ၍ပင် ဖြစ်သည်။ အားကစားရုံထဲ၌ လူနှစ်ယောက် လျှို့ဝှက်စွာ ချိန်းတွေ့ပြီးဖြစ်သည်ဟူသော ယူဆချက်ကလည်း မခိုင်လုံလှချေ။ အထူးသဖြင့် ပထမအကြိမ် လူသတ်မှုဖြစ်ခဲ့ပြီးသော နေရာ၌ နောက်ထပ်ချိန်းတွေ့ခြင်းကို မည်သူကမှ လုပ်မည်မဟုတ်။ ဖြစ်နိုင်သည့် အချက်တစ်ခုကား ဤအားကစားရုံတွင်း၌ တစ်စုံတစ်ယောက်က ပစ္စည်းတစ်ခုခုလာရောက်ရှာဖွေခြင်းတော့ ဖြစ်နိုင်ပေသည်။ ပစ္စည်းဆိုရာ၌ အဖိုးတန်ကျောက်မျက်ရတနာများတော့ ဖြစ်နိုင်မည်မထင်။ အားကစားရုံထဲ၌ ကျောက်မျက်ရတနာများဝှက်ထားနိုင်သည့် လျှို့ဝှက်အပုံးတွေလည်း မရှိချေ။

မိန်းကလေးများ၏ ဗီရိုအံဆွဲများထဲတွင် တွေ့ရသောပစ္စည်းများကား သာမန်ကျောင်းသူ မိန်းကလေးများ၏ ပစ္စည်းမျိုးတွေသာ ဖြစ်သည်။ နာမည်ကျော် ရုပ်ရှင်မင်းသားများ၏ ပို့စကတ်ပုံများ၊ စီးကရက်ဘူးများ၊ လူငယ်ကြိုက် ဝတ္ထုစာအုပ်များ စသည်တို့ကိုသာ တွေ့ရလေသည်။

အာဒမ်သည် ရှာအီစတာ၏ ပစ္စည်းများထားရာ ဗီရိုအံဆွဲကို ထပ်မံ၍ သေချာစေ့စပ်စွာ ရှာကြည့်ပြန်သည်။ မစ္စဗာဆီတတ်သည် ဤဗီရိုအံဆွဲကို ငုံ့၍ ရှာကြည့်နေခိုက်မှာပင် အသတ်ခံရသည်ဟု ယူဆရသဖြင့် မစ္စဗာဆီတတ်အနေဖြင့် ဘာပစ္စည်းများ ရှာဖွေခြင်း ဖြစ်လေသနည်း။ သူရှာသော ပစ္စည်းများကို တွေ့သွားခဲ့လေသလော။ တွေ့ခဲ့သည်ဆိုလျှင် လူသတ်သမားက မစ္စဗာဆီတတ်အား သတ်ပြီးနောက် ယူသွားခြင်း ဖြစ်သလော။

ဘာပစ္စည်းဟူ၍ မပြောနိုင်သော်လည်း အကယ်၍ မစ္စဗာဆီတတ် က ရှာတွေ့ခဲ့လျှင် ယခုတော့ လူသတ်သမားက ယူသွားပြီဖြစ်ကြောင်း ထင်ရှားနေလေသည်။

အာဒမ်သည် ဤသို့ စဉ်းစားနေစဉ် အပြင်ဘက်မှ ခြေသံကြားရသဖြင့် ဒူးထောက်နေရာမှ မတ်တတ်ပြန်ရပ် ကြည့်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသောက်နေလိုက်သည်။

အားကစားရုံဝသို့ လာသူမှာ ဂျူလီယာအမည်ရှိ ကျောင်းသူဖြစ်နေလေသည်။

သူမသည် အားကစားရုံထဲသို့ ဝင်မည်ပြုပြီးမှ အာဒမ်ကို မြင်သဖြင့် ခြေလှမ်း တန့်ကာရပ်နေလေသည်။

"မိန်းကလေးက ဘာများအလိုရှိလို့လဲ"

အာဒမ်က ဖော်ရွေစွာ မေးလိုက်တော့မှ ဂျူလီယာက မရဲတရဲနှင့် "ကျွန်မရဲ့တင်းနစ်ရက်ကက်ကို ယူချင်လို့ပါ" ဟု ပြန်ပြောလေသည်။



"ယူချင်ရင်ရပါတယ်။ ကျုပ်က ဒီမှာ ရောက်နေတာဟာ တာဝန်ကျရဲသားက ကိစ္စရှိလို့ ရဲစခန်းခဏပြန်သွားတုန်း ဒီမှာ ခဏစောင့်ခိုင်းလို့ပါ"

"သြော်... လူသတ်သမားပြန်လာမယ် ထင်လို့လားရှင့်"

ဂျူလီယာက မေးလိုက်ရာ အာဒမ်သည် အံ့အားသင့်သွားမိလေသည်။

"မိန်းကလေး ဘာပြောလိုက်တာလဲ"

"လူသတ်သမားက ဒီကိုတစ်ခေါက်ပြန်လာမယ် ထင်လို့ စောင့်နေတာလားလို့ မေးတာပါ။ ကျွန်မ ကြားဖူးတာက လူသတ်မှုလို ပြစ်မှုကျူးလွန်တဲ့သူတွေဟာ အခင်းဖြစ်ပွားရာနေရာကို ပြန်လာလေ့ရှိတယ်လို့ ကြားဖူးတယ်ရှင့်"

"ဒါတော့ ဖြစ်နိုင်မယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်"

ဤသို့ပြောပြီး အာဒမ်က တင်းနစ်ရိုက်သည့် ရက်ကက်များ ထားရှိရာ နေရာအနီးသို့ လျှောက်သွားလေသည်။

"မိန်းကလေးရဲ့ ရက်ကက် ဘယ်ဟာလဲ"

"ဟိုဘက်ညာအစွန်နားမှာ ရှိပါတယ်။ ရက်ကက်မှာ နာမည်ရေးထားတယ်ရှင့်"

ဂျူလီယာကပြောရင်း ညွှန်ပြသဖြင့် အာဒမ်လည်း သူ၏နာမည်တပ်ထားသော ရက်ကက်ကို ယူပေးလိုက်သည်။

"ကျွန်မသူငယ်ချင်း ဂျင်နီဖာရဲ့ ရက်ကက်ကိုပါ ယူသွားပါရစေ"

ဂျူလီယာကပြောသဖြင့် အာဒမ်သည် ဂျင်နီဖာ၏နာမည်တပ်ထားသော ရက်ကက်ကိုပါ ယူပေးလိုက်သည်။

"ဒါ အသစ်ကြီးပါလားကွဲ့"

"ဟုတ်ကဲ့၊ မကြာသေးခင်ကမှ သူ့အန်တီက ပို့ပေးလိုက်တာပါ"

"ဟုတ်လား၊ ဒါဖြင့် ဂျင်နီဖာက ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

"ဂျင်နီဖာက တင်းနစ်ကစားရာမှာ အလွန်တော်တယ်ရှင့်၊ သူ့အနေနဲ့ ရက်ကက်ကောင်းကောင်းကိုင်ဖို့ ကောင်းတယ်။ ဒါထက် ဟိုလူသတ်သမားက ပြန်လာမယ်လို့ ထင်ပါသလား"

"သြော်...ဒါလား၊ ဖြစ်နိုင်မယ် မထင်ပါဘူးကွယ်၊ သူပြန်လာရင် သူ့အတွက် အန္တရာယ်ရှိမယ်မဟုတ်လား"

"လူသတ်သမားက သူတို့သတ်ခဲ့တဲ့ နေရာကို ပြန်လာတတ်ကြတယ်လို့ မထင်ဘူးလား ဟင်"

"သူတို့အနေနဲ့ ပစ္စည်းတစ်ခုခု ကျန်ခဲ့မှသာ ပြန်လာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သဲလွန်စတစ်ခုခု ကျန်ရစ်ခဲ့လို့ ပြန်လာတဲ့သဘော ရှိတယ်ဆိုပါတော့။ ဒါထက် ရဲအရာရှိတွေက သဲလွန်စတစ်ခုခုများ တွေ့ထားပြီးပြီလား"

"ကျုပ်ကိုတော့ ရဲအရာရှိတွေက ဘာမှမပြောပြဘူး"

"ဟုတ်တာပေါ့။ သူတို့က ဘယ်ပြောပါ့မလဲ။ ရှင့်အနေနဲ့ မှုခင်းတွေကို စိတ်ဝင်စားသလား၊ ဝါသနာပါသလား"

ဂျူလီယာက ဤသို့မေးလိုက်လျှင် အာဒမ်သည် သူမ၏မျက်နှာကို အကဲခတ်ကြည့်လိုက်မိသည်။ ဂျူလီယာသည် အသက်အားဖြင့် ရှာဆီစတာနှင့် ရွယ်တူလောက်ပင် ရှိမည်ဟု ခန့်မှန်းရသည်။ သို့သော် အရွယ်ရောက်ပြီးသူ အမျိုးသမီးတစ်ဦးကဲ့သို့ စိတ်က ရင့်ကျက်ပုံ မရသေးချေ။ ကလေးတစ်ယောက်သဖွယ် သိချင် နားလည်ချင်သည့်သဘောသာ ရှိဟန်တူပါပေသည်။

"ဒါတော့ကွာ၊ လူတိုင်းလူတိုင်းဟာ မှုခင်းဆိုရင် အနည်းနဲ့အများ စိတ်ဝင်စားတတ်ကြတာပဲ မဟုတ်လား"

အာဒမ်က ယေဘုယျသဘော ပြောလိုက်ရာ ဂျူလီယာသည် သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင့်၊ ကျွန်မဆိုရင် ဒီလူသတ်မှုရဲ့ အဖြေမှန်ကို နည်းမျိုးစုံနဲ့ စဉ်းစားကြည့်မိတယ်။ ဒါပေမဲ့ ကျွန်မ စဉ်းစားတာတွေဟာ မဖြစ်နိုင်တာတွေ များတယ်"

"မိန်းကလေးက မစ္စဗာဆီတတ်ကို သိပ်သဘောမကျဘူးလား"

"သဘောမကျဘူးရယ်လို့တော့ မဟုတ်ပါဘူး။ မစ္စဗာဆီတတ်အကြောင်း အထူး မစဉ်းစားမိပါဘူး။ တစ်ခုပဲရှိတာက သူဟာ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုနဲ့တော့ မတူဘူးရှင့်၊ တစ်မျိုးကြီးပဲ။ ဒါပေမဲ့ သူ အခု သေဆုံးသွားတာကိုတော့ ကျွန်မက ဝမ်းသာတယ်လို့ မဆိုလိုပါဘူး။ မစ္စဗာဆီတတ် သေသွားတယ်ဆိုလို့ ဝမ်းနည်းပါတယ်"

ထိုမျှနှင့် စကားဖြတ်၍ ဂျူလီယာသည် ရက်ကက်နှစ်ခုကို ယူ၍ ပြန်ထွက်သွားလေသည်။

အာဒမ်သည် အားကစားရုံအတွင်း ဘာပစ္စည်းများ ဝှက်ထားလေသနည်းဟု ဆက်လက်စဉ်းစားနေလေသည်။

❐



ဂျင်နီဖာနှင့် ဂျူလီယာတို့သည် ပျော်ရွှင်စွာ တင်းနစ်ကစားနေကြလေသည်။

ဂျင်နီဖာသည် ကစားနေရင်းက အပြင်ဘက်သို့ လှမ်းကြည့်မိပြီး အံ့အား သင့်သွားလေသည်။

"ဟော့ ဂျူလီယာ၊ ဟိုမှာ တို့မာမီ လာနေပြီကွဲ့"

ဂျင်နီဖာက ပြောလိုက်သဖြင့် ဂျူလီယာလည်း လှမ်းကြည့်လိုက်ရာ ဂျင်နီဖာ၏ မိခင်မစ္စက်ဂျုန်သည် မစ္စရစ် (ချ) နှင့်အတူ သူတို့ရှိရာသို့ လျှောက်လာသည်ကို မြင်ရလေသည်။

ဂျင်နီဖာသည် မိခင်ကို ကြည့်ပြီး စိတ်ပျက်နေပုံရလေသည်။

"ကျောင်းမှာ လူသတ်မှုဖြစ်တာနဲ့ မာမီတို့ကို လာခေါ်ပြီနဲ့ တူတယ်။ ဂျူလီယာကတော့ ကံကောင်းတယ်။ မင်းရဲ့မာမီကတော့ နိုင်ငံခြားကို ရောက်နေတော့ ဒီကိုလာနိုင်မှာ မဟုတ်ဘူး"

ဤသို့ ပြောလိုက်စဉ်မှာပင် မိခင်ဂျုန်က အနီးသို့ ရောက်လာသဖြင့် ဂျင်နီဖာက "ဟဲလို မာမီ" ဟု နှုတ်ဆက်လိုက်သည်။

"ကဲ... ဂျင်နီဖာ အဝတ်အစားပစ္စည်းတွေ သိမ်းရမယ်။ အခု မာမီက သမီးကို ပြန်ခေါ်သွားဖို့ လာခဲ့တာ"

မိခင်က ပြောလိုက်ရာ ဂျင်နီဖာက အံ့အားသင့်ဟန်ဖြင့် "ဘာလဲ မာမီ။ သမီးက အိမ်ကို ပြန်လာရတော့မှာလား" ဟု ပြန်မေးလိုက်သည်။

"ဟုတ်တယ်သမီး၊ အိမ်ကို ပြန်ရမယ်"

"အိမ်ကို ပြန်ရမယ်ဆိုတာက ခဏလား၊ တစ်ခါတည်း အပြီးကျောင်းက ထွက်ပြီး ပြန်ရမှာလား"

"အပြီးပြန်ရမှာ"

"ဟာ... မာမီကလည်း အပြီးမပြန်ချင်ဘူး။ ဒီမှာ သမီးက တင်းနစ်ကစားလေ့ကျင့်နေတာ အတော့်ကိုပဲ ခရီးရောက်နေပြီ။ မကြာခင် ပြိုင်ပွဲဝင်ကစားရင် နိုင်မယ့် အခြေအနေမှာ ရှိနေတယ် မာမီရဲ့"

"ဘာပဲဖြစ်ဖြစ် ဂျင်နီဖာ၊ ဒီနေ့ပဲ မာမီနဲ့ ပြန်လိုက်ခဲ့ရမယ်"

"ဘာဖြစ်လို့လဲ မာမီ"

"စကားရှည်မနေစမ်းပါနဲ့ကွယ်"

"ဒါဖြင့် မစ္စစပရင်လာနဲ့ မစ္စဗာဆီတတ်ဆိုတဲ့ ဆရာမနှစ်ယောက် အသတ်ခံရလို့ မဟုတ်လား၊ ဒါပေမဲ့ ကျောင်းသူတွေထဲက အသတ်ခံရတာမှ မဟုတ်တာ မာမီရဲ့။ ကျောင်းသူတွေကို ဘယ်သူကမှလည်း လာသတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ နောက် သုံးပတ်ကြာရင် ဒီမှာ အားကစားပြိုင်ပွဲလုပ်ဖို့ ရှိတယ်။ အဲဒီမှာ သမီးက ဝင်ပြိုင်ချင်တယ်"

"စကားရှည်မနေစမ်းနဲ့ကွယ်၊ ဘာမှ ငြင်းမနေနဲ့၊ ဒီနေ့ပဲ အိမ်ကို ပြန်လိုက်ခဲ့ရမယ်။ သမီးဒက်ဒီကလည်း ဆက်ဆက်ပြန်ခေါ်ခဲ့ရမယ်လို့ မှာလိုက်တယ်"

ပြောပြောဆိုဆို မိခင်ဂျူန်သည် ဂျင်နီဖာအား ဆွဲခေါ်သွားလေသည်။

အတန်ငယ်သွားပြီးမှ ဂျင်နီဖာသည် သူငယ်ချင်း ဂျူလီယာရှိရာသို့ ပြန်ပြေးလာသည်။

"ကဲ...ဂျူလီယာ မင်းကို နှုတ်ဆက်ခဲ့ပါတယ်၊ မာမိနဲ့ ဒက်ဒီကတော့ ဇွတ်အတင်းပဲ ပြန်ခေါ်နေလို့ မတတ်နိုင်ဘူး။ စိတ်ပျက်စရာပါပဲ။ ဒါပေမဲ့ သူငယ်ချင်းဆီကို စာရေးဆက်သွယ်ပါ့မယ်"

ဂျင်နီဖာက နှုတ်ဆက်ရာ ဂျူလီယာကလည်း "ကိုယ်လည်း မင်းဆီကို စာရေးပါ့မယ်ကွယ်၊ ဒီမှာ ဖြစ်ပျက်တာတွေ အကြောင်း စာထဲ ထည့်ရေးလိုက်မယ်" ဟု ပြန်ပြောလေသည်။

"လူသတ်သမားတွေက နောက်ထပ် ဆရာမတစ်ယောက်ကို သတ်ဦးမယ်ဆိုရင် ချက်ဒစ်ကြီး မဖြစ်မိပါစေနဲ့လို့ မျှော်လင့်မိတယ်။ တို့သဘောက မစ္စဘလန့်(ချ)ကို သတ်ရင် တော်သေးတယ်"

"ဟုတ်တယ်၊ ဒီဆရာမ ကျောင်းမှာ မရှိလို့လည်း အရေးမကြီးဘူး။ ဒါနဲ့ မစ္စရစ်(ချ)ရဲ့ မျက်နှာထားကို အကဲခတ်မိရဲ့ မဟုတ်လား၊ စိတ်တိုနေပုံရတယ်"

"အေးကွဲ့၊ စကားလည်း တစ်ခွန်းမှ မပြောဘူး။ တို့ကို မာမိက လာပြန်ခေါ်တာကို စိတ်ဆိုးနေပုံရတယ်"

"မစ္စရစ်(ချ)က စိတ်ဓာတ်ခိုင်မာ ပြင်းထန်တယ်။ သူက မင်းရဲ့ မာမိကို ပြန်မခေါ်အောင် ပြောချင်ပြောလိမ့်မယ် ထင်တယ်"

"တို့စိတ်ထဲမှာလည်း မစ္စရစ်(ချ)ကို ကြည့်ပြီး အခြားလူတစ်ယောက်ကို သတိရမိတယ်။ သူနဲ့တူတဲ့ လူတစ်ယောက်ရှိတယ်"

"ဟာ...ဂျင်နီဖာကလည်း၊ မစ္စရစ်(ချ) က ဘယ်သူနဲ့မှ တူမှာ မဟုတ်ပါဘူး၊ သူက တစ်မျိုးကြီးပဲ"

"တစ်မျိုးကြီးဖြစ်တာတော့ ဟုတ်တယ်၊ တို့သိခဲ့တဲ့ အမျိုးသမီးက သူနဲ့တူပေမယ့် အလွန်ဝတယ်ကွဲ့"

ထိုအခိုက် မိခင်ဖြစ်သူက လှမ်း၍ "ဂျင်နီဖာရေ လာခဲ့လေကွယ်" ဟု လှမ်းခေါ်လိုက်သည်။



ဂျင်နီဖာလည်း မတတ်နိုင်ဘဲ သူငယ်ချင်း ဂျူလီယာအား–

"မိဘတွေက စိတ်ပျက်ဖို့ ကောင်းတယ်နော်၊ မင်းကတော့ ကံကောင်းတယ်။ မာမိက နိုင်ငံခြားခရီးထွက်နေလို့ ဟန်ကျတယ်" ဟု ပြောပြန်သည်။

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ မှန်တာပြောရရင် အခုအချိန်မှာ မာမိဟာ ဒီအနီးအနားမှာ ရှိနေစေချင်တယ်"

ဂျူလီယာက ပြန်ပြောနေစဉ် မိခင် ဂျူန်က ထပ်ခေါ်သဖြင့် ဂျင်နီဖာကလည်း ပြန်လျှောက်သွားရလေသည်။ ထိုအချိန်၌ ဂျင်နီဖာသည် စိတ်ထဲမှ တစ်စုံတစ်ခုကို တွေးပြီး ဘဝင်မကျဟန်ဖြင့် မျက်မှောင်ကြုတ်နေလေသည်။

ထိုအခိုက်မှာပင် ကျောင်းသူများ နေ့လယ်စာစားရန် ခေါင်းလောင်းထိုး အချက်ပေးသံကို ကြားရလေသည်။ ဂျူလီယာသည် ထမင်းစားခန်းသို့ တိုက်ရိုက်မသွားဘဲ လက်တွင် ကိုင်ထားသော တင်းနစ်ရက်ကက်ကို ငုံ့ကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူတို့၏ အိပ်ဆောင်ဘက်သို့ သွားလေသည်။

အခြားမိန်းကလေးများနှင့်လည်း မတွေ့ချင်သဖြင့် သူမသည် အိပ်ဆောင်၏ ရှေ့တံခါးဝမှ ဝင်သွားလေသည်။ အိပ်ခန်းအတွင်းသို့ ရောက်သောအခါ ခေတ္တ လှည့်ပတ်ကြည့်လိုက်ပြီးနောက် ခုတင်ပေါ်ရှိ မွေ့ရာကို လှန်လိုက်ကာ တင်းနစ်ရက်ကက်ကို မွေ့ရာအောက်သို့ ထိုးထည့်ထားလိုက်သည်။

❑ ❑ ❑

## ၁၆

ထိုနေ့ညဘက် အိပ်ရာဝင်ချိန်တွင် ကျောင်းသူမိန်းကလေးများသည် ခါတိုင်းလို ဆူဆူညံညံ စကားမပြောကြဘဲ ငြိမ်သက်စွာပင် အိပ်ရာဝင်ကြလေသည်။ ကျောင်းသူသုံးဆယ်ခန့်ကို မိဘများက လာပြန်ခေါ်သွားသဖြင့် ကျောင်းသူဦးရေ နည်းပါးခြင်းကလည်း မိန်းကလေးများအဖို့ အားငယ်သလို ပျင်းသလို ဖြစ်စေဟန်တူ၏။ အချို့မိန်းကလေးများက ကိုယ့်စိတ်ကူးနှင့်ကိုယ် ဆိတ်ဆိတ်နေ၍ ငြိမ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာသည် အခြားမိန်းကလေးများနှင့်အတူ ရောနှောမသွားဘဲ တစ်ယောက်တည်း ချန်ရစ်ပြီးမှ သူမ၏ အိပ်ခန်းသို့ တက်သွားလေသည်။ အခန်းတွင်းသို့ ဝင်ပြီးနောက် တံခါးကို ပိတ်လိုက်သည်။ တံခါးက သော့ခတ်ပိတ်၍ မရသဖြင့် ဂျူလီယာသည် တံခါး၏အတွင်းဘက်မှ ကုလားထိုင်တစ်လုံး ချထားလိုက်သည်။ အပြင်ဘက်မှ တစ်စုံတစ်ယောက်ဝင်လာလျှင် ကြိုတင်သိရန်အတွက် ဤသို့ ပြုလုပ်ထားလိုက်ခြင်း ဖြစ်သည်။

အမှန်တော့ ကျောင်းစည်းကမ်းအရ ညဘက်တွင် ကျောင်းသူ မိန်းကလေးများသည် တစ်ယောက်အခန်းသို့ တစ်ယောက်ဝင်ခွင့် မရှိကြချေ။ အဆောင်မှူး မစ္စဂွျန်ဆင်သာလျှင် ကျောင်းသူတစ်ယောက်ယောက် နာမကျန်းဖြစ်ပါက အိပ်ခန်းအတွင်းသို့ ဝင်ခွင့်ရှိလေသည်။

ဂျူလီယာသည် ခုတင်ဆီသို့ လျှောက်သွားပြီး မွေ့ရာအောက်သို့ လက်ဖြင့် စမ်း၍ ဝှက်ထားသော တင်းနစ်ရက်ကက်ကို ဆွဲထုတ်လိုက်သည်။

ရက်ကက်ကို လက်ဖြင့် ကိုင်၍ သေသေချာချာ ကြည့်လေသည်။ သူမ၏ စိတ်ထဲတွင်ကား စဉ်းစားရခက်သလို ဖြစ်နေမိသည်။

စောစောပိုင်းက ဤရက်ကက်တွင် ပစ္စည်းတစ်စုံတစ်ခု ဝှက်ထားသည်ဟု ထင်မိ၍ အိပ်ရာအောက်တွင် ဝှက်ထားခြင်း ဖြစ်သော်လည်း တင်းနစ်ရက်ကက်အတွင်း မည်သို့လျှင် ဝှက်ထားနိုင်မည်နည်းဟု စဉ်းစားရခက်နေခြင်းပင် ဖြစ်သည်။

သို့သော် ပြန်၍ ဆင်ခြင်သုံးသပ်လိုက်သောအခါ ဂျင်နီဖာတို့၏ နေအိမ်တွင် ဖောက်ထွင်းခံရခြင်းနှင့် ဂျင်နီဖာအား တင်းနစ်ရက်ကက်တစ်ခု အမျိုးသမီးတစ်ယောက်က ယူလာပြီး အဟောင်းနှင့် လဲယူသွားပုံတို့ကို ပြန်စဉ်းစားမိသောအခါ ဤရက်ကက် (ဂျင်နီဖာ၏ မူလရက်ကက်အဟောင်း) အတွင်း၌ ပစ္စည်းဝှက်ထားခြင်း ဖြစ်နိုင်သည်ဟု ကောက်ချက်ချမိပြန်လေသည်။

ရက်ကက်အသစ်ယူလာပြီး အဟောင်းနှင့် လာလဲယူသွားသူ အမျိုးသမီးသည် ဂျင်နီဖာ၏ ရက်ကက်အဟောင်းကို လိုချင်၍ တမင်သက်သက် လာလဲယူသွားခြင်း ဖြစ်မည်။ စင်စစ်အားဖြင့် ဂျင်နီဖာ၏ ရက်ကက်အဟောင်း မိမိ (ဂျူလီယာ) ၏ ရက်ကက်နှင့် လဲထားလိုက်ကြခြင်းကို မည်သူမှ မသိကြချေ။ ရက်ကက်အဟောင်းသည် ယခု မိမိလက်တွင် ရှိနေပေသည်။

အားကစားရုံထဲ၌ လူတကာ ရှာနေကြသည်မှာလည်း ဤရက်ကက်ပင် ဖြစ်ရပေမည်။

ဂျူလီယာသည် တင်းနစ်ကို သေချာစေ့စပ်စွာ ကြည့်ပြန်လေသည်။



အပေါ်ယံအားဖြင့် ကြည့်ရသည်မှာ မည်သို့မှ ထူးခြားခြင်း မရှိချေ။ ရက်ကက်အမျိုးအစားကောင်းပြီး ကြာရှည်အသုံးပြုထားသဖြင့် ဟောင်းနွမ်းနေခြင်းသာ ပြောစရာရှိပေသည်။

ရက်ကက်အတွင်း ပစ္စည်းတစ်စုံတစ်ရာ ဝှက်ထားမည်ဆိုလျှင် ဝှက်စရာ နေရာက လက်ကိုင်တစ်နေရာတည်းသာ ရှိပေသည်။ လက်ကိုင်ရိုး၏အတွင်း၌ အခေါင်းပေါက် ပြုလုပ်ထားပြီး ဝှက်ထားလျှင်လည်း ဖြစ်နိုင်ပေသည်။

ထို့ပြင် ရက်ကက်အဟောင်းကို ဂျင်နီဖာက ရိုက်၍မကောင်းဟု ဆိုခြင်းမှာ တစ်စုံတစ်ယောက်က ရက်ကက်၏ လက်ကိုင်ကို တစ်နည်းနည်းဖြင့် ပစ္စည်းဝှက်ထားနိုင်အောင် ဖန်တီးပြုလုပ်ထားခြင်းကြောင့် အချိန်အဆ ယခင်ကလို မကောင်းဘဲ နေခြင်းလည်း ဖြစ်နိုင်သည်။

ဤသို့ စဉ်းစားရင်း ဂျူလီယာသည် ရက်ကက်၏ လက်ကိုင်ကို အသေးစိတ် ဂရုစိုက် ကြည့်ပြန်လေသည်။ လက်ကိုင်အရိုးတစ်နေရာတွင် သားရေဖြင့် ဖုံးအုပ်ထားသည်ကို သတိပြုမိသဖြင့် ထိုသားရေကို ခွာကြည့်ရန် စိတ်ကူးမိလေသည်။ သူမသည် မောင်းချဓားငယ်ဖြင့် ထိုးခွာပြီးကြည့်ရာ မကြာမီ သားရေအဖုံးသည် ကွာထွက်လာသည်။ ထိုသားရေဖုံးအုပ်ထားသည့်နေရာတွင် သစ်သားပါးပါး ဝိုင်းဝိုင်းတစ်ခု တွေ့ရလေသည်။ အပေါက်တစ်ခုကို ဖုံးထားသည့် အဖုံးနှင့် တူသဖြင့် ဂျူလီယာသည် ယင်းသစ်သားအဖုံးကို မောင်းချဓားဖြင့် ထိုး၍ ခွာထုတ်လေသည်။

အတွင်းသို့ ကြည့်လိုက်သောအခါ အနီရောင်နှင့် အပြာရောင်အဆင်းရှိသော ပလတ်စတစ်ခင်း ခေါ် ပလတ်စတစ်တစ်မျိုး တွေ့ရပြန်သည်။ ဂျူလီယာသည် ထိုပလတ်စတစ်ခင်းကို လက်သည်းညှပ်သည့် ကတ်ကြေးငယ်ဖြင့် ထိုးဆွကြည့်ရာ အောက်ထဲ၌ ကျောက်ခဲလုံးကလေးများကဲ့သို့ မာကျောသော အရာငယ်များကို စမ်းမိလေသည်။

ဤတွင် အားတက်လာကာ ကတ်ကြေးငယ်ဖြင့် ဆက်လက် ထိုးဆွလိုက်သည်။ ခဏမျှ ကြာသောအခါ အတွင်းမှ ကျောက်ခဲလုံးကလေးလို အရာဝတ္ထုငယ်များ လိမ့်ထွက်ကျလာသည်။ ဂျူလီယာလည်း တင်းနစ်ရက်ကက်ကို ကိုင်မြှောက်၍ သွန်ချလိုက်ရာ ကျောက်တုံးငယ်ကလေးများ ဆက်တိုက်ထွက်ကျလာသည်။

သေချာစွာကြည့်လိုက်သောအခါမှ ဂျူလီယာသည် အကြီးအကျယ် အံ့အားသင့်နေမိတော့သည်။ အကြောင်းမူကား ကျောက်တုံးကလေးများဟု

www.burmeseclassic.com



ထင်ရသော အရာဝတ္ထုများမှာ အရောင်တဖျပ်ဖျပ် ထွက်နေသော အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဖြူရောင် အဆင်းရှိသော (ပတ္တမြား၊ နီလာ၊ မြ၊ စိန်) စသည့် ကျောက်မျက်ရတနာများ ဖြစ်နေသောကြောင့်ပင်တည်း။

ထိုအချိန်မှာပင် ဂျူလီယာ၏ စိတ်သည် တစ်မျိုးပြောင်းလဲသွားလေတော့သည်။ သူမသည် ကလေးစိတ်ရှိသော ကျောင်းသူမိန်းကလေးမဟုတ်တော့ဘဲ အဖိုးတန်ကျောက်မျက်ရတနာများကို လိုချင်တပ်မက်သည့်စိတ်ဖြင့် ကြည့်နေရသော အရွယ်ရောက်ပြီး အမျိုးသမီးတစ်ဦး၏စိတ် ဖြစ်လာလေသည်။

ဂျူလီယာ၏စိတ်ထဲတွင် ပသီပုံပြင်ဝတ္ထုများထဲမှ အာလာဒင်လုလင်၏ ဓာတ်လမ်းကို သတိရမိလေသည်။ အာလာဒင်သည် ကျောက်ဂူကြီးတစ်ခုထဲ၌ အဖိုးတန် ကျောက်မျက်ရတနာများကို ထူးဆန်းစွာ တွေ့ရှိပုံကို မြင်ယောင်လာမိသည်။

ဂျူလီယာသည် အံ့အားသင့်နေရာမှ စိတ်ကူးယဉ်မိပြန်သည်။ ကျောက်မျက်ရတနာများကို လက်ဖြင့် ကိုင်ကြည့်ငေးမောနေရင်းမှ တစ်သက်တာတွင် မကြုံစဖူး ထူးခြားစွာ သဘောကျနေမိလေသည်။

ထိုအခိုက် အသံတစ်ခုလိုလို ကြားလိုက်ရသဖြင့် ဂျူလီယာလည်း စိတ်ကူးယဉ်အိပ်မက် မက်နေသလို ဖြစ်နေရာမှ ပြန်၍ သတိရလာမိလေသည်။

ခုတင်ပေါ်တွင် ခေတ္တထိုင်၍ ဘာလုပ်ရလျှင် ကောင်းမည်လဲဟု စဉ်းစားနေမိလေသည်။ စောစောက ကြားလိုက်ရသော အသံကြောင့် စိတ်ထဲမှလည်း ထိတ်လန့် တုန်လှုပ်သလို ဖြစ်လာလေသည်။ ထို့နောက် အကြံရလာသဖြင့် ကျောက်မျက်ရတနာများကို ကောက်ယူ၍ သူမ၏ ဆပ်ပြာ၊ သွားတိုက် သွားပွတ်တံ စသော အလှပြင်ပစ္စည်းများထည့်သည့် လက်ဆွဲအိတ်တွင်းသို့ ထည့်လိုက်လေသည်။ အိတ်၏အောက်ဆုံး၌ ထည့်၍ အပေါ်မှ အခြားပစ္စည်းများဖြင့် သေသပ်စွာ ဖုံးအုပ်ထားလိုက်သည်။ တစ်ဖန် တင်းနစ်ရက်ကက်၏ လက်ကိုင်ကိုလည်း မူလအနေအထားအတိုင်း ပြန်ဖြစ်အောင် အပေါက်ငယ်ကို ပိတ်၍ သားရေပြားပါ ပြန်တပ်ဖုံးထားလိုက်သည်။ တင်းနစ်ရက်ကက်သည် မူလအတိုင်း လက်ရာခြေရာမပျက် ပြန်ဖြစ်လာလေသည်။

ဂျူလီယာသည် စောစောက ကြားလိုက်ရသော အသံသည် အပြင်ဘက်မှ တစ်စုံတစ်ယောက် လာနေသည့် ခြေသံများလားဟု နားစွင့်နေမိသည်။ ထိုအချိန်၌ သူမသည် အကြီးအကျယ် တုန်လှုပ်ကြောက်ရွံ့လာမိလေသည်။



လူနှစ်ယောက် အသတ်ခံခဲ့ရသည်မှာ ဤကျောက်မျက်ရတနာများကြောင့်ပင် ဖြစ်ရမည်။ ယခု မိမိက ရတနာများကို တွေ့ရှိနေကြောင်းကို တစ်စုံတစ်ယောက် သိသွားပါက မိမိလည်း ကေန်မုချ အသတ်ခံရမည် ဖြစ်ပေသည်။

ဤသို့ တွေးမိသဖြင့် ဂျူလီယာမှာ ပို၍ပင် ကြောက်လာမိလေသည်။

အခန်း၏ ပြတင်းပေါက်မှ တစ်စုံတစ်ယောက် ဝင်လာနိုင်မည်လောဟု စဉ်းစားကြည့်ရာ ပြတင်းပေါက်၏ အပြင်ဘက်တွင် သစ်ပင် လုံးဝမရှိသဖြင့် ပြတင်းပေါက်မှ ဝင်လာနိုင်စရာအကြောင်းမရှိဟု စိတ်ချမိသော်လည်း ပို၍ သေချာအောင် ပြတင်းပေါက်ကို ကန့်လန့်ထိုးလိုက်ကာ ပိတ်ထားလိုက်သည်။

အခန်းတွင်းရှိ စားပွဲတင်နာရီကို ကြည့်ရာ အချိန်မှာ ည ဆယ်နာရီခွဲနေပြီ ဖြစ်ကြောင်း သိရလေသည်။

အကယ်၍ တံခါးပေါက်မှ တစ်စုံတစ်ယောက် ဝင်လာလျှင် ဘာလုပ်ရပါမည်နည်းဟု စဉ်းစားမိပြန်ရာမှ အကြံတစ်ခုရလာသဖြင့် ခုခံရန် လက်နက်သဖွယ် အသုံးပြုမည်ဟု စိတ်ကူးကာ သူမ၏ ခုံမြင့်ဖိနပ်တစ်ဖက်ကို လက်တွင် အသင့်ကိုင်ကာ ခုတင်ပေါ်တွင် ထိုင်နေလိုက်သည်။ ထို့ပြင် အခန်းတွင်းသို့ သူစိမ်းတစ်ယောက် ဝင်လာပါက ဟစ်အော် အကူအညီတောင်းရန် စိတ်ကူးနေလေသည်။ သူမ၏ အခန်းနှင့် ကပ်လျက်အခန်းတွင် မေရီအမည်ရှိ ကျောင်းသူတစ်ဦး အိပ်နေသည် ဖြစ်၍ အသံကုန် အော်လိုက်ပါက မေရီသည် နိုးလာမည်ဟု တွက်မိလေသည်။

ဂျူလီယာသည် ခုတင်ပေါ်တွင် ထိုင်စောင့်ရင်း နားစွင့်နေစဉ် အပြင်ဘက်ကြမ်းမှ လူတစ်ယောက် လျှောက်လာသည့် ခြေသံကို ကြားရလေသည်။ ခြေသံသည် ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ပင် လျှောက်လာပြီး သူမ၏ အခန်းတံခါးဝတွင် ရပ်သွားလေသည်။

ထို့နောက် အပြင်ဘက်မှလူက အခန်းတံခါးကို ဖွင့်ရန် ကြိုးစားလေသည်။ သို့သော်လည်း အတွင်းမှ ပိတ်ကာထားသော ကုလားထိုင်ကြီးကြောင့် တံခါးက တွန်းဖွင့်၍မရဘဲ ဖြစ်နေလေသည်။ ခဏမျှကြာသော် တံခါးဖွင့်ရန် ခေါက်သံကို ညင်သာစွာ ကြားရလေသည်။

ဂျူလီယာသည် ဟစ်အော်လိုက်ရလျှင် ကောင်းမည်လောဟု စဉ်းစားပြီးကာမှ ဘာမှ အော်ရန်မလိုသေးဟု ဆုံးဖြတ်ချက်အသာချကာ ငြိမ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှလူက တံခါးကို ညင်သာစွာ ခေါက်ပြန်လေသည်။

တံခါးခေါက်ပုံက မရဲတရဲနှင့် ညင်သာစွာ ခေါက်ခြင်းကြောင့် စဉ်းစားစရာဖြစ်နေလေသည်။ အကယ်၍ ဆရာမတစ်ဦးဆိုလျှင် ရဲတင်းစွာ ခေါက်မည် ဖြစ်လေသည်။

ဂျူလီယာသည် ခုတင်ပေါ်တွင် အတန်ကြာကြာ ထိုင်နေစဉ် တဖြည်းဖြည်း အိပ်ငိုက်လာလေသည်။

အပြင်ဘက်မှ တံခါးခေါက်သံလည်း ရပ်သွားသည်။

ကြာသော် ဂျူလီယာသည် အိပ်ငိုက်လွန်းသဖြင့် ဆက်ထိုင်မနေနိုင်တော့ဘဲ ခုတင်ခြေရင်းနားမှာပင် လှဲချမိကာ အိပ်ပျော်သွားလေတော့သည်။

နှစ်ခြိုက်စွာ အိပ်ပျော်သွားသဖြင့် နံနက်စောစော ကျောင်းမှ ခေါင်းလောင်းထိုးသံ ကြားရမှပင် ပြန်နိုးလာလေသည်။

❒

နောက်တစ်နေ့ နံနက်စာ စားပြီးသောအခါ ကျောင်းသူမိန်းကလေးများသည် ထုံးစံအတိုင်း မိမိတို့၏ အိပ်ရာများ ပြန်သိမ်းရခြင်း၊ စုပေါင်း ဘုရားရှိခိုးခြင်း စသည်တို့ ပြုလုပ်ကြရပြီးနောက် စာသင်ခန်း အသီးသီးသို့ ဝင်ကြရလေသည်။

ဂျူလီယာသည် အကြံရှိသည်ဖြစ်၍ စာသင်ခန်းသို့ ဝင်ရမည့်အချိန်တွင် မဝင်ဘဲ မည်သူမျှ မမြင်အောင် အပြင်ဘက်ပန်းခြံတွင်းသို့ ထွက်ခဲ့လေသည်။ ကျောင်းသူအားလုံး မည်သူကမှ ဂရုတစိုက် ကြည့်နေမည် မဟုတ်ဟု ဂျူလီယာက တွက်ထားလေသည်။

ပန်းခြံမှတစ်ဆင့် အပြင်ဘက်အုတ်နံရံနှင့် ကပ်လျက်ရှိသော သစ်ပင်တစ်ပင်ရှိရာသို့ သွားပြီး ဂျူလီယာသည် သစ်ပင်ပေါ်သို့ တက်လိုက်သည်။ သူမသည် ငယ်စဉ်ကပင် သစ်ပင်တက် ကျွမ်းကျင်သူဖြစ်၍ သစ်ပင်ပေါ်ကို အလွယ်တကူပင် တက်သွားနိုင်လေသည်။ သစ်ပင်ပေါ်မှ အုတ်နံရံ၏အပြင်ဘက်သို့ ခုန်ချလိုက်လေသည်။

ထိုနေရာအနီးတွင် ဘတ်စ်ကားမှတ်တိုင်တစ်ခုရှိရာ ဂျူလီယာသည် ပထမဆုံးလာသော ဘတ်စ်ကားပေါ် တက်လိုက်သွားလေသည်။ မီးရထားဘူတာရုံသို့ ရောက်သောအခါ သူမသည် ဘတ်စ်ကားပေါ်မှ ဆင်း၍ လန်ဒန်မြို့သို့ လက်မှတ်တစ်စောင် ဝယ်ယူလိုက်ပြီး အချိန်တန်၍ မီးရထားလာသည်နှင့် သူမသည် ရထားဖြင့် လန်ဒန်မြို့ကို လိုက်ပါသွားလေသည်။



ဂျူလီယာ၏ အိပ်ခန်းထဲတွင်ကား ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုထံသို့ ရေးထားသည့် စာတစ်စောင် ထားပစ်ခဲ့လေသည်။

ဆရာမကြီးရှင့်

ကျွန်မဟာ ထွက်ပြေးသွားတာလည်း မဟုတ်၊ ပြန်မပေးဆွဲခံရတာလည်း မဟုတ်ပါ။ ဘာမှ မစိုးရိမ်ပါနှင့်။ မကြာခင် ပြန်လာပါ့မယ်။ အမြန်ဆုံး ကျောင်းကို ပြန်လာခဲ့ပါမယ် ဆရာမကြီးရှင့်။

ရိုသေလေးစားစွာဖြင့်

ဂျူလီယာ

❒

နာမည်ကျော် စုံထောက်ကြီး ဟာကျူလီ၏ နေအိမ်သည် လန်ဒန်မြို့ ဝိုက်ဟောက်စ်အမှတ် (၂၂၈) တွင် တည်ရှိလေသည်။

ဟာကျူလီ၏ လူယုံတပည့် ဂျော့ဆိုသူသည် အိမ်ရှေ့မှ ဘဲလ်(လူခေါ်ခေါင်းလောင်း) တီးသံကြားသဖြင့် တံခါးပေါက်ကို ဖွင့်လိုက်သောအခါ ဧည့်သည်ကို မြင်လျှင် အလွန်အံ့အားသင့်နေလေသည်။

လာသည့်ဧည့်သည်က လူကြီးမဟုတ်ဘဲ ကျောင်းသူမိန်းကလေးတစ်ဦး ဖြစ်နေသောကြောင့် အံ့အားသင့်မိခြင်း ဖြစ်လေသည်။

"စုံထောက်ကြီး မစ္စတာဟာကျူလီနဲ့ ခဏတွေ့ချင်လို့ပါရှင့်"

မိန်းကလေးက မရဲတရဲနှင့် ပြောလိုက်ရာ ဂျော့သည် ခပ်တည်တည်နှင့် "မစ္စတာဟာကျူလီက ကြိုတင်ချိန်းမထားရင် ဘယ်သူနဲ့မှ လက်ခံ မတွေ့ဘူး" ဟု ပြောလိုက်သည်။

"ကျွန်မက ကြိုတင် ရက်ချိန်းယူဖို့ အချိန်မရလို့ပါရှင်။ တွေ့ချင်တဲ့ကိစ္စက အလွန်အရေးကြီးပါတယ်။ လူသတ်မှုတွေ၊ ခိုးမှုတွေနဲ့ ပတ်သက်ပါတယ်"

ဂျူလီယာက ဤသို့ပြောလိုက်သောအခါ ဂျော့သည် ပို၍ပင် အံ့အားသင့်သွားပြီးမှ "ဒါဖြင့် ဒီမှာ ခဏစောင့်နေဦး၊ မစ္စတာဟာကျူလီကို ကျုပ်သွားမေးကြည့်ပါဦးမယ်" ဟု ပြော၍ အတွင်းဘက်သို့ ဝင်သွားလေသည်။

www.burmeseclassic.com



သူသည် စုံထောက် ဟာကြူလီရှိရာသို့ သွား၍ သတင်းပို့လေသည်။

"မိန်းကလေးငယ်ငယ်တစ်ယောက်က ဆရာနဲ့ တွေ့ချင်လို့တဲ့ခင်ဗျ"

"ဘယ်လို မိန်းကလေးငယ်ငယ်လဲ"

"ကျောင်းသူမိန်းကလေးတစ်ယောက်နဲ့ တူတာပဲ။ သူ့အဝတ်အစားတွေကလည်း ပေရေနေတယ်။ ဒါပေမဲ့ သူ့ရုပ်ရည်ကတော့ ရည်ရည်မွန်မွန် လူကြီးလူကောင်း သားသမီးတစ်ယောက်နဲ့ တူပါတယ်"

"ဪ... ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ပြီးတော့ သူက ဆရာနဲ့ တွေ့ချင်တာက လူသတ်မှု၊ ခိုးမှုနဲ့ ပတ်သက်တယ်လို့ ပြောပါတယ်"

ဂျော့က ဤသို့ ပြောလိုက်သည်တွင် စုံထောက်ဟာကြူလီသည် အံ့အားသင့်သွားပြီးနောက် ချက်ချင်း စိတ်ဝင်စားလာလေသည်။

"လူသတ်မှု ခိုးမှုနဲ့ ပတ်သက်တယ်လို့ ပြောသလား၊ ဒါဖြင့် စိတ်ဝင်စားစရာပဲ။ ကဲ... မိန်းကလေးကို ဒီကို ခေါ်လာခဲ့ပါ"

မကြာမီ ဂျူလီယာသည် ရောက်လာပြီး ယဉ်ကျေးရည်မွန်စွာ စကားပြောလေသည်။

"မစ္စတာဟာကြူလီရှင့်၊ ကျွန်မနာမည် ဂျူလီယာလို့ ခေါ်ပါတယ်။ လူကြီးမင်းက ကျွန်မမိခင်ရဲ့ မိတ်ဆွေတစ်ဦးနဲ့ သိကျွမ်းခင်မင်တယ်လို့ သိရပါတယ်။ အဲဒီမိတ်ဆွေက မစ္စဆန်းမားဟေးဆိုသူ ဖြစ်ပါတယ်"

စုံထောက်ဟာကြူလီသည် ခေတ္တစဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ဪ... မစ္စဆန်းမားဟေးလား။ ကျုပ် သူနဲ့ သိပါတယ်"

"ဟုတ်ကဲ့ရှင့်၊ သူက ပြောပြလို့ ကျွန်မက လူကြီးမင်းအကြောင်း ကြားဖူးနေပါတယ်။ တစ်ခါက လူတစ်ယောက်ဟာ အပြစ်မရှိဘဲ လူသတ်မှုနဲ့ ထောင်ကျနေတာကို လူကြီးမင်းက အမှုမှန်ပေါ်အောင် ထောက်လှမ်းပြီး ဒီလူကို ကူညီတယ်လို့ သိရပါတယ်။ အခုလည်း ကျွန်မအနေနဲ့ ဘာလုပ်ရမှန်းမသိလို့ လူကြီးမင်းကို သတိရမိပါတယ်"

"ဒါဖြင့် ကျုပ်အဖို့ ဂုဏ်ယူစရာပါပဲ"

ပြောရင်းနှင့် စုံထောက်ဟာကြူလီသည် ဂျူလီယာအား ကုလားထိုင်တစ်လုံးတွင် ထိုင်နိုင်းလိုက်သည်။

"ကိုင်း... ကလေးမ ဒီကိုလာတဲ့ကိစ္စကို ပြောစမ်းပါဦး၊ ကျုပ်ကြားတပည့်ကျော် ဂျော့က တင်ပြတော့ ခိုးမှုတစ်ခုရယ်၊ လူသတ်မှုတွေရယ် အဲဒါ



တွေနဲ့ ပတ်သက်ပြီး မင်းက ကျုပ်ကို တိုင်ပင်ဆွေးနွေးချင်တယ်လို့ ပြောတယ်"

"ဟုတ်ကဲ့ရှင့်၊ မစ္စစပရင်လာနဲ့ မစ္စဗာဆီတတ်တို့နှစ်ယောက်က အသတ်ခံရတယ်။ ပြီးတော့ ပြန်ပေးဆွဲမှုတစ်ခုလည်း ဖြစ်သေးတယ်။ အဲဒါတော့ ကျွန်မနဲ့ ဘာမှမဆိုင်ဘူးလို့ ယူဆမိပါတယ်"

"ဟင်... ဟုတ်လား။ နေဦးကွဲ့၊ အဲဒါတွေက ဘယ်မှာဖြစ်တာလဲ"

စုံထောက်ဟာကြူလီက အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

"ကျွန်မတို့ရဲ့ မဲဒိုးဘင်းကျောင်းမှာ ဖြစ်ခဲ့ပါတယ်"

ဂျူလီယာကပြောလိုက်လျှင် ဟာကြူလီသည် ပို၍ပင် အံ့သြသွားဟန်ဖြင့် "ဟင်... မဲဒိုးဘင်းကျောင်းမှာ ဖြစ်တာလား" ဟု ပြောရင်း သူ၏ဘေးနားတွင် အသင့်ရှိနေသော သတင်းစာတစ်စောင်ကို ဆွဲယူ၍ မျက်နှာဖုံးသတင်းတစ်ခုကို ဖတ်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"အေး... ကျုပ်က အခုသဘောပေါက်လာပြီ။ ကိုင်း... ဂျူလီယာ အစကအဆုံး အကြောင်းစုံကို ပြောပြစမ်းပါဦး"

စုံထောက်ဟာကြူလီက မေးလိုက်ရာ ဂျူလီယာသည် အဖြစ်အပျက်အသေးစိတ်ကို အစမှအဆုံး ပြောပြလေသည်။ တတ်နိုင်သလောက် ပြည့်စုံအောင် ပြောပြရင်း ယမန်နေ့ညက အိပ်ခန်းထဲတွင် တင်းနစ်ရိုက်သော ရက်ကက်ကို ဖွင့်ကြည့်ခဲ့ပုံသို့ ရောက်သောအခါ "မျက်နှာစိမ်းမိန်းမတစ်ယောက်က ဂျင်နီဖာရဲ့ ရက်ကက်အဟောင်းကို အသစ်နဲ့လဲသွားပုံက အာလာဒင်ပုံပြင်ထဲက မီးခွက်အဟောင်းကို လိုချင်လို့ အသစ်နဲ့ လာလဲယူသွားတာနဲ့ တူနေတယ်လို့ ကျွန်မစိတ်ထဲက ထင်မိပါတယ်။ ဒါကြောင့် အဲဒီရက်ကက်ထဲမှာ ပစ္စည်းတစ်ခုခု ဝှက်ထားမယ်လို့လည်း ထင်မိပါတယ်" ဟု ပြောလေသည်။

"ဒါနဲ့ ရက်ကက်ကို ဖွင့်ကြည့်လိုက်တော့ ပစ္စည်းကို တွေ့ရရောလား"

"ဟုတ်ကဲ့ရှင့်"

ပြောပြောဆိုဆို ဂျူလီယာသည် ဂါဝန်အတွင်း ဝှက်ယူလာသော ပလတ်စတစ်အိတ်တစ်ခုကို ထုတ်ယူလိုက်ပြီး တစ်ဖန် ပလတ်စတစ်အိတ်တွင်းမှ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်လေသည်။

စုံထောက်ဟာကြူလီသည် အရောင်တဖျပ်ဖျပ် လက်နေသော ကျောက်မျက်ရတနာများကို ကြည့်ပြီး အလွန်အံ့သြမိလေသည်။

ရတနာအချို့ကို လက်ဖြင့် ကောက်ယူကြည့်ရင်း "ဒါတွေဟာ တကယ့်ရတနာအစစ်တွေပါပဲလား" ဟုလည်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မကလည်း ဒီရတနာတွေဟာ အစစ်ဖြစ်ရမယ်လို့ ယူဆပါတယ်။ အစစ်မို့လို့သာ လူသတ်မှုကျူးလွန်တဲ့အထိ ဖြစ်လာတာပေါ့"

ဤသို့ ပြောလိုက်စဉ် ဂျူလီယာ၏ ဟန်အမူအရာနှင့် မျက်လုံးများသည် မသိနားမလည်သော ကလေးငယ်တစ်ယောက်နှင့် မတူတော့ဘဲ အရွယ်ရောက်ပြီး အမျိုးသမီးတစ်ဦးအသွင် ဖြစ်နေသည်ကိုလည်း စုံထောက် ဟာကြူလီက သတိပြုမိလေသည်။

"အင်း… မိန်းကလေးက ကျောက်မျက်ရတနာတွေရဲ့ ဆွဲဆောင်မှု သတ္တိကို နားလည်သဘောပေါက်ပုံရတယ်"

"ဒါတွေက တကယ့်ရတနာအစစ်တွေပဲ မဟုတ်လားဟင်"

"ဟုတ်ပါတယ်၊ ဒါတွေကို တင်းနစ်ရက်ကက်ထဲက တွေ့ခဲ့သလား"

"ဟုတ်ပါတယ်"

ဂျူလီယာက အဆိုပါ တင်းနစ်ရက်ကက်သည် သူငယ်ချင်း ဂျင်နီဖာ၏ရက်ကက်ဖြစ်ကြောင်းကိုပါ ထည့်ပြောရင်း "မစ္စတာဟာကြူလီရှင့်၊ ဒီကျောက်မျက်ရတနာတွေဟာ ဘယ်သူ့ပစ္စည်းတွေများ ဖြစ်မလဲ" ဟု မေးလိုက်သည်။

"ဒါတော့ အလွန်ပြောရခက်တယ်ကွဲ့။ တစ်ခုတော့ သေချာတယ်။ ဒီပစ္စည်းတွေဟာ မိန်းကလေးရဲ့ပစ္စည်းလည်း မဟုတ်ဘူး၊ ကျုပ်ပစ္စည်းလည်း မဟုတ်ဘူး။ ဒါကြောင့် ဒီပစ္စည်းတွေကို ဘာလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားဖို့ လိုတယ်"

စုံထောက် ဟာကြူလီက ဤသို့ပြောလိုက်လျှင် ဂျူလီယာက အငိုမျှော်ပါပါ ကြည့်လိုက်သည်။ ပါးစပ်က မည်သို့မျှ ဖွင့်မပြောသော်လည်း ဟာကြူလီက ချက်ချင်း သဘောပေါက်သွားလျက် "ဒါဖြင့် ဒီကိစ္စကို ကျုပ်ကို တာဝန်လွှဲအပ်ထားမယ် ဆိုပါတော့။ အဲဒါပဲ ကောင်းပါတယ်" ဟု ပြောလိုက်သည်။

ထို့နောက် သူသည် ခေတ္တမျက်စိမှိတ်ပြီး စဉ်းစားနေလေသည်။

သို့သော် မကြာပါချေ။ ချက်ချင်းလိုပင် အကြံရလာဟန်ဖြင့် မျက်လုံးပြန်ဖွင့်လိုက်လေသည်။ ဟာကြူလီ၏ ဟန်အမူအရာသည်လည်း ဖျတ်လတ်သွက်လက်လာလေသည်။

"ကျုပ်က ပြဿနာတစ်ခုပေါ်လာရင် ကုလားထိုင်မှာ ထိုင်ပြီး စဉ်းစားအဖြေရှာလေ့ ရှိတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း ထိုင်ရာမထဘဲ စဉ်းစားအဖြေရှာလို့ ရတာမျိုးလည်း ကြုံရတတ်တယ်။ အခုကလေးမက



ကျုပ်ကို ပြောပြတဲ့ အချက်တွေက စနစ်တကျ မရှိသလို အစီအစဉ်မကျသလို ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ပြဿနာတစ်ခုတည်း ဖြစ်ပေမယ့် သူနဲ့ ဆက်စပ်နေတဲ့ ချည်မျှင်ကြိုးရှည်တွေ အများကြီး ရှိနေတဲ့သဘော ဖြစ်နေလို့ပဲ။ အဲဒီချည်မျှင်တွေ အားလုံးက မဲဒိုးဘင်းကျောင်းမှာ လာဆုံနေတယ်။ ဒီတော့ ကျုပ်လည်းပဲ မဲဒိုးဘင်းကျောင်းကိုသွားမှ ဖြစ်မယ်။ ဒါထက် မင်းရဲ့ မိခင်ကကော အခု ဘယ်မှာရှိသလဲ"

"မာမီက အာနာတိုလီယာပြည်နယ်ကို ဘတ်စ်ကားနဲ့ ခရီးသွားနေပါတယ်"

"သြော်…ဟုတ်လား၊ သူက ကျုပ်မိတ်ဆွေ မစ္စဆန်းမားပေါးနဲ့ ခင်တာကိုး။ အဲဒီအိမ်ကို မင်းလည်း ရောက်ဖူးမှာပေါ့"

"ဟုတ်ကဲ့… ရောက်ဖူးပါတယ်၊ အဲဒီအန်တီက ကြက်ဥကို အောမလက်ကြော်တာ သိပ်ကောင်းတာပဲ"

ဂျူလီယာက ပြောလိုက်လျှင် စုံထောက် ဟာကြူလီသည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

"ဟုတ်လား၊ ဒါဖြင့် ဝမ်းသာစရာပဲ၊ မစ္စဆန်းမားပေါးကို ကြက်ဥ (အောမလက်) ကြော်နည်း ကျုပ်က သင်ပေးခဲ့ပါတယ်"

ဤသို့ ပြောပြီးမှ ဟာကြူလီသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ပထမဆုံးလုပ်ရမှာက မင်းတို့ကျောင်းအုပ်ဆရာမကြီးကို မင်း ဘာမှ ဘေးရန်မရှိတဲ့အကြောင်း ကျုပ်နဲ့အတူ မဲဒိုးဘင်းကျောင်းကို လာခဲ့မယ့်အကြောင်း ကြိုတင် ပြောထားရင် ကောင်းမယ်"

"ဆရာမကြီးက ကျွန်မအတွက် စိတ်ပူမှာ မဟုတ်ပါဘူး၊ ကျွန်မ ပြန်သေးဆွဲခံရတာ မဟုတ်တဲ့အကြောင်း စာတစ်စောင် ရေးထားပစ်ခဲ့ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်က တယ်လီဖုန်းဆက်ပြောလိုက်ရင် ဆရာမကြီးအနေနဲ့ ပိုပြီး စိတ်ချသွားမှာပေါ့"

ပြောပြောဆိုဆို ဟာကြူလီသည် မဲဒိုးဘင်းကျောင်းသို့ တယ်လီဖုန်းလှမ်းဆက်လိုက်လေသည်။

"ဟဲလို… ဆရာမကြီး မစ္စဘားစထရို့နဲ့ စကားပြောချင်ပါတယ်။ သြော်… ဆရာမကြီးပါလား၊ ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က ဟာကြူလီပါ၊ အခု ကျွန်တော့်ဆီမှာ ဆရာမကြီးတို့ ကျောင်းက မိန်းကလေး ဂျူလီယာဆိုတာ ကောင်းမွန်စွာ ရောက်ရှိနေပါတယ်။ အခုပဲ မော်တော်ကားနဲ့ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို လာခဲ့ပါမယ်။ ပြီးတော့ တာဝန်ကျ ရဲအရာရှိကိုလည်း ပြောလိုက်ပါ။ အဖိုးတန်ပစ္စည်းအထုပ်တစ်ထုပ်ကို လုံခြုံစိတ်ချရတဲ့ ဘဏ်တိုက်တစ်ခုမှာ အပ်နှံထားပြီးပြီလို့လည်း ပြောလိုက်ပါ"

ထိုမျှနှင့်ပင် ဟာကြူလီက စကားဖြတ်လိုက်သည်။

"ဟင်... ကျောက်မျက်ရတနာတွေက ဘဏ်တိုက်မှာ မအပ်ရသေးပါလား"

ဂျူလီယာက နားမလည်ဟန်ဖြင့် မေးလိုက်ရာ စုံထောက်ဟာကြူလီက ရှင်းပြလေသည်။

"ဒါတော့ မကြာခင် အပ်လိုက်မှာပါ။ ဆရာမကြီးကို ကြိုတင်ပြောလိုက်တာက မဲဒိုးဘင်းကျောင်းထဲမှာ သတင်းပျံ့နှံ့သွားအောင် အကြောင်းကြားလိုက်တာပဲ။ အခုဆိုရင် ဂျူလီယာဆီမှာ ရတနာတွေ မရှိတော့ဘဲ ဘဏ်တိုက်ရောက်သွားပြီဆိုတာ သိသွားကြမယ် မဟုတ်လား။ ဒါဟာ မင်းအတွက် အန္တရာယ်မရှိအောင် ကြိုတင်ကာကွယ်တဲ့ သဘောပေါက်တယ်။ ကျောက်မျက်ရတနာတွေနောက် လိုက်နေတဲ့ လူတွေအတွက် မင်းဆီမှာ ကျောက်မျက်ရတနာတွေ မရှိတော့ဘူးဆိုရင် မင်းကိုလည်း အန္တရာယ်ပြုတော့မှာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ဂျူလီယာ၊ မင်းရဲ့စိတ်ကူးဉာဏ် ထက်မြက်ပုံနဲ့ သတ္တိကောင်းတာကိုတော့ ချီးကျူးပါတယ်"

❑ ❑ ❑

## ၁၇

စုံထောက် ဟာကြူလီသည် မဲဒိုးဘင်းကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုက သူ့အား မည်သို့ သဘောထား ဆက်ဆံမည်နည်းဟု စိုးရိမ်သဘောထားလျက် ကျောင်းသို့ သွားလေသည်။ အထူးသဖြင့် မိမိလို နှုတ်ခမ်းမွေးကားကားနှင့် နိုင်ငံခြားသား (ဘယ်လ်ဂျီယံနိုင်ငံသား) တစ်ဦးအပေါ် ဆရာမကြီးက ဖော်ရွေစွာ လက်ခံ ဆက်ဆံပါမည်လောဟု သံသယဖြစ်မိခဲ့သည်။ သို့ရာတွင် တကယ်ရောက်သွားသောအခါ ဆရာမကြီးက အလွန်ပျူငှာစွာ ဆီးကြိုနှုတ်ဆက်သဖြင့် စုံထောက် ဟာကြူလီသည် အံ့သြမိရင်း သဘောကျမိလေသည်။



ဟာကြူလီသည် အလွန်ထူးချွန်သော စုံထောက်တစ်ဦးအဖြစ် ဆရာမကြီးအား ကောင်းစွာ သိနေပြီ ဖြစ်လေသည်။

"မစ္စတာ ဟာကြူလီရှင့်၊ ကျွန်မတို့အနေနဲ့ စိုးရိမ်နေမယ်မှန်း သိလို့ ကြိုတင် တယ်လီဖုန်းဆက် အကြောင်းကြားလိုက်တာကို အထူးပဲ ကျေးဇူးတင်ပါတယ်။ တကယ်တော့လည်း ကျွန်မတို့က ဂျူလီယာ ပျောက်နေတာကို နေ့လယ်စာစားချိန်အထိ မသိကြသေးဘူး။ ကျောင်းသူအတော်များများကို မိဘတွေက ပြန်ခေါ်သွားလေတော့ ရုတ်တရက်ဆိုရင် ဘယ်သူဘယ်ဝါ ပျောက်နေတယ်ဆိုတာကို သတိမထားမိကြဘူး။ ကျွန်မက ရှင့်ဆီက တယ်လီဖုန်းဆက်ပြီးမှ ဂျူလီယာ့အိပ်ခန်းကို သွားကြည့်တော့ သူရေးထားတဲ့စာကို တွေ့ရပါတယ်"

ဆရာမကြီး၏ စကားအဆုံးတွင် ဂျူလီယာက "ကျွန်မကို ဆရာမကြီးတို့က ပြန်ပေးဆွဲသွားတယ်လို့ ထင်မှာစိုးလို့ စာရေးပစ်ခဲ့တာပါ"ဟု ဝင်ပြောလေသည်။

"စာရေးခဲ့တာတော့ ကောင်းပါတယ်ကွယ်။ ဒါပေမဲ့ ဂျူလီယာက ဘယ်သွားလို့ ဘာလုပ်မယ်ဆိုတာ ဆရာမကြီးကို ကြိုတင်အသိပေးဖို့ကောင်းတယ်။ ဒါက မင်းကို အပြစ်တင်တဲ့ သဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ကိုင်း... ဖြစ်ပွားခဲ့ပုံ အပြည့်အစုံကို ပြောပြစမ်းပါဦး"

ဆရာမကြီးက ပြောလိုက်စဉ် စုံထောက်ဟာကြူလီသည် ရုံးခန်း၏ ပြတင်းပေါက်ဆီသို့ ထသွားပြီး အပြင်ဘက်သို့ သေချာစွာ ကြည့်လိုက်ပြီးမှ လှည့်ဝင်လာလေသည်။

"အိုကေ... ဒီအနီးနားတစ်ဝိုက်မှာ ဘယ်သူမှမရှိဘူး၊ စိတ်ချလက်ချ စကားပြောနိုင်ပါတယ်"

ဟာကြူလီက ဤသို့ ပြောလိုက်လျှင် ဆရာမကြီးသည် နားမလည်ဟန်ဖြင့် ပြတင်းပေါက်သို့ လှမ်းကြည့်လိုက်၊ စုံထောက်ဟာကြူလီအား လှမ်းကြည့်လိုက် လုပ်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ သို့သော် ပါးစပ်က ဘာမှ မပြောဘဲ ဂျူလီယာဘက်သို့ လှည့်လိုက်သည်။

"ကဲ... ဂျူလီယာ၊ ဆရာမကြီးကို ပြောပြစမ်းပါဦး"

ဂျူလီယာသည်လည်း ဖြစ်ပျက်ခဲ့ပုံများကို အပြည့်အစုံ ပြောပြလေသည်။ သူနှင့် ဂျင်နီဖာတို့ တင်းနစ်ရိုက်သည့် ရက်ကက်ချင်း လဲလှယ်ခဲ့ကြပုံ၊ မျက်နှာစိမ်းမိန်းမတစ်ယောက်က ရက်ကက်အသစ်တစ်ခု ယူလာပြီး အဟောင်းနှင့် လဲယူသွားပုံများမှ စ၍ နောက်ဆုံး ဂျင်နီဖာ၏ ရက်ကက်

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းကို ဖွင့်ကြည့်ရာတွင် ကျောက်မျက်ရတနာများ တွေ့ခဲ့ရပုံအထိ ပြောပြလိုက်သည်။

ဂျူလီယာ၏ စကားအဆုံးတွင် ဆရာမကြီးသည် စုံထောက်ဟာကြူလီအား လှမ်းကြည့်လိုက်သည်။ ဟာကြူလီက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဂျူလီယာပြောသွားတာတွေဟာ အားလုံးမှန်ပါတယ်။ သူ ယူလာခဲ့တဲ့ပစ္စည်းတွေကို ကျုပ်က တာဝန်ယူ ထိန်းသိမ်းထားပြီး ဘဏ်တိုက်တစ်တိုက်မှာ သေချာစွာ အပ်နှံထားလိုက်ပါတယ်။ ဒါကြောင့် ဒီကျောင်းမှာ နောက်ထပ် မလိုလားအပ်တဲ့ ဖြစ်ရပ်မျိုးတွေ မဖြစ်နိုင်တော့ဘူးလို့ ထင်ပါတယ်"

"ဟုတ်လား၊ ဒါထက် ဂျူလီယာက ဒီကျောင်းမှာ ဆက်နေလို့ သူ့အတွက် စိတ်ချရပါ့မလား ရှင့်။ ဒါမှမဟုတ် လန်ဒန်မြို့က သူ့အဒေါ်အိမ်မှာ ပို့ထားရင် ကောင်းမလား"

ဤတွင် ဂျူလီယာက ဝင်၍ "မသွားပါရစေနဲ့ ဆရာမကြီးရယ်။ ကျွန်မ ဒီမှာပဲ နေပါရစေ" ဟု ပြောလိုက်သည်။

"မင်းက ဒီမှာနေရတာ ပျော်လို့လား"

ဆရာမကြီးက ပြန်မေးရာ ဂျူလီယာက ခေါင်းညိတ်ပြလေသည်။

"ကျွန်မ ဒီမှာပဲ ပျော်ပါတယ် ဆရာမကြီး။ ပြီးတော့ ဒီမှာက စိတ်ဝင်စားစရာ အဖြစ်အပျက်တွေ ကြုံတွေ့နေရပါတယ်"

"အခုဖြစ်ပျက်ခဲ့တာတွေက တို့ မဲဒိုးဘင်းကျောင်းမှာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူးကွဲ့"

စုံထောက် ဟာကြူလီသည် တံခါးပေါက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် "ကျုပ်သဘောအရတော့ ဂျူလီယာဟာ ဒီကျောင်းမှာ ဆက်နေလို့က အန္တရာယ်မရှိနိုင်ဘူးလို့ ထင်ပါတယ်" ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ သဘောပေါက်ပါပြီ"

"ဒါပေမဲ့ သတိထားပြီးနေရင်တော့ မမှားဘူးပေါ့၊ အနေအထိုင် အပြုအမူ ဆင်ခြင်ရင်တော့ အကောင်းဆုံးပဲ"

စုံထောက်ဟာကြူလီက ဤသို့ ပြောသည်ကို ဆရာမကြီးက ဂျူလီယာအား ထပ်ဆင့် ရှင်းပြလေသည်။

"မစ္စတာဟာကြူလီ ဆိုလိုချင်တာက မင်းအနေနဲ့ ဒီကိစ္စအကြောင်း ဘယ်သူ့ကိုမှ မပြောစေချင်ဘူး။ တခြားကျောင်းသူတွေနဲ့လည်း စကားစပ် မပြောဘဲ နှုတ်လုံလုံနေဖို့ ပြောတာပါ။ ဘယ့်နှယ်လဲ။ အဲဒီလိုနေနိုင်ပါ့မလား"



"ဟုတ်ကဲ့ ဆရာမကြီး၊ နေနိုင်ပါတယ်"

"တကယ်စိတ်ချရမှာလား ဂျူလီယာ"

"စိတ်ချပါ ဆရာမကြီး"

သည်တော့မှ ဆရာမကြီးက ပြုံးလိုက်သည်။

"မင်းရဲ့ မာမီလည်း မကြာခင် ပြန်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"

"ဟုတ်ကဲ့ ဆရာမကြီး"

"ရဲမှူး ကယ်လ်ဆီက ပြောတော့ သူတို့လည်း မင်းရဲ့မာမီနဲ့ ဆက်သွယ်ဖို့ ကြိုးစားနေတယ်တဲ့။ ဒါပေမဲ့ အာနာတိုလီယာပြည်နယ်က ဆက်သွယ်လို့ အတော်ခက်နေတယ်လို့ ဆိုတယ်"

"ဒီအကြောင်းကို မာမီကိုတော့ ပြောပြရင် ဖြစ်တယ် မဟုတ်လား ဆရာမကြီး"

"အေး... ပြောနိုင်ပါတယ်၊ ကဲ... ဂျူလီယာ မင်းသွားနိုင်ပြီ"

ဆရာမကြီးက ပြောလိုက်လျှင် ဂျူလီယာလည်း ပြန်ထွက်သွားလေသည်။

ဆရာမကြီး မစ္စဘားစထရို့သည် စုံထောက် ဟာကြူလီအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

"မစ္စတာဟာကြူလီရှင့်၊ ရှင်က ဒီမှာ စကားကို စိတ်ချလက်ချ ပြောနိုင်ပါတယ်လို့ ပြောပေမယ့် တံခါးကို လုံအောင် မပိတ်ဘဲ ဟနေအောင်ထားလိုက်တာဟာ တမင်သက်သက် လုပ်တာမဟုတ်လားရှင့်"

ဟာကြူလီက ခေါင်းညိတ်လိုက်သောအခါ ဆရာမကြီးကပင် ဆက်လက်၍...

"ကျွန်မတို့ ဒီရုံးခန်းထဲမှာ စကားပြောနေတာကို အပြင်ဘက်က တစ်ယောက်ယောက်က ကြားနိုင်အောင် သက်သက် ဖန်တီးတဲ့သဘောပေါ့"

"ဟုတ်ပါတယ်၊ တကယ်လို့ တစ်စုံတစ်ယောက်က ကျုပ်တို့ပြောနေတာတွေကို ချောင်းနားထောင်လို့ ကြားသွားအောင် တမင် တံခါးကို ဟထားလိုက်တာပဲ။ တစ်နည်းအားဖြင့် ဂျူလီယာအတွက် အန္တရာယ်မရှိအောင် ကြိုယာယ်ဆင်လိုက်ခြင်း ဖြစ်ပါတယ်။ ကျောက်မျက်ရတနာတွေဟာ ဂျူလီယာဆီမှာ မရှိတော့ဘဲ ဘဏ်တိုက်ရောက်နေပြီဆိုတာကို စိတ်ဝင်စားတဲ့သူတွေ သိစေချင်လို့ပါပဲ"

စုံထောက်ဟာကြူလီက ရှင်းပြလိုက်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဟာကြူလီသည် ရဲတပ်ဖွဲ့ အကြီးအကဲနှင့် သွားရောက်တွေ့ဆုံရာတွင် ရဲမှူးကယ်လ်ဆီလည်း ရှိနေလေသည်။

ရဲတပ်ဖွဲ့ အကြီးအကဲသည် နာမည်ကျော် စုံထောက်ကြီး ဟာကြူလီ ကိုယ်တိုင် ရောက်လာသည်ကို အထူးဂုဏ်ယူနေပုံရလေသည်။

"မစ္စတာဟာကြူလီ အခုလို ကိုယ်တိုင် လာရောက်တဲ့အတွက် ကျွန်တော်တို့ အထူးဂုဏ်ယူမိပါတယ်။ ဟောဒီက ရဲမှူးကယ်လ်ဆီဆိုရင် မစ္စတာဟာကြူလီကို ကောင်းကောင်းမှတ်မိနေပါတယ်"

ရဲတပ်ဖွဲ့မှူးက ပြောလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီက "ဟုတ်ကဲ့၊ အဲဒါ အတော်ကြာသွားပါပြီ။ ကျွန်တော်က ဆာဂျင် (ရဲကြပ်ကြီး) အဆင့်ပဲ ရှိသေးတယ်။ မစ္စတာဟာကြူလီ ကူညီထောက်လှမ်းပေးတဲ့အမှုကို တာဝန်ယူကိုင်ရသူက ရဲမှူးချုပ်ဝါရင်ဖြစ်ပါတယ်" ဟု ပြောလေသည်။

ရဲတပ်ဖွဲ့မှူးက စကားဆက်လေသည်။

"ဒီမှာရောက်နေတဲ့ အာဒမ်ဆိုတဲ့ လူကိုတော့ မစ္စတာဟာကြူလီ သိမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူ အမှုထမ်းနေတဲ့ အတွင်းစုံစမ်းထောက်လှမ်းရေး ဌာနက အကြီးအကဲကိုတော့ သိလိမ့်မယ် ထင်ပါတယ်"

"ဗိုလ်မှူးကြီးပိုက်ဝေးဆိုတာ မဟုတ်လား"

ဤသို့ပြောရင်း စုံထောက် ဟာကြူလီသည် အနီးတွင် ရှိနေသူ အာဒမ်ဘက်သို့ လှည့်၍...

"ကျုပ်က ဗိုလ်မှူးကြီးပိုက်ဝေးနဲ့ မတွေ့တာတောင် အတော်ကြာသွားပြီ။ သူ့ကိုကြည့်လိုက်ရင် အမြဲတမ်း အိပ်ငိုက်နေသလိုပဲ ထင်ရတယ်။ အခုလည်းပဲ ဒီလိုပဲလား" ဟု ပြောလိုက်ရာ အာဒမ်သည် သဘောကျသွားဟန်ဖြင့် ရယ်မောလိုက်သည်။

"မစ္စတာဟာကြူလီက ဗိုလ်မှူးကြီးပိုက်ဝေးကို ကောင်းကောင်းသိနေတာ ထင်ရှားပါတယ်။ ဟုတ်ပါတယ်ခင်ဗျာ၊ သူ့ကို ကြည့်လိုက်ရင် အမြဲတမ်း အိပ်ငိုက်နေသလိုပါပဲ"

အာဒမ်က ပြောလိုက်ပြီးနောက် ရဲတပ်ဖွဲ့မှူးက အမှုအကြောင်း ဆက်ပြောလေသည်။

"ကိုင်း...အမှုနဲ့ ပတ်သက်တာကို ဆွေးနွေးကြပါဦးစို့။ ဒီကိစ္စမှာ ကျုပ်အနေနဲ့ ထင်မြင်ချက်သဘောထားပေးဖို့ မလိုပါဘူး။ ကျုပ်က အမှုကို လက်တွေ့ကိုင်နေတဲ့ လူတွေဆီက အချက်လက်တွေ သူတို့ရဲ့ ထင်မြင်ချက်တွေ တင်ပြတာကို နားထောင်လေ့လာဖို့ပဲ ဖြစ်တယ်။ အခုအချိန်အထိ



ထားရသလောက်ကတော့ ကျောင်းသူမိန်းကလေးတစ်ဦးဟာ မစ္စတာဟာကြူလီဆီကို လာပြီး တင်းနစ်ရိုက်တဲ့ ရက်ကက်ရဲ့ လက်ကိုင်ရိုးအတွင်းမှာ ကျောက်မျက်ရတနာတွေ မမျှော်လင့်ဘဲ တွေ့ရပုံကို ပြောတယ်လို့ ဆိုတယ်။ မိန်းကလေးဟာ ကလေးသာသာအရွယ် ဖြစ်လေတော့ ကျောက်မျက်ရတနာတွေကို မြင်ပြီး အလွန်အံ့သြသွားရာက စိတ်လှုပ်ရှားလာတယ်။ စိတ်ဝင်စားလာတယ်။ ပစ္စည်းတွေရဲ့တန်ဖိုးကို မိန်းကလေးက တကယ်ဟုတ်တာထက် ပိုပြီး ခန့်မှန်းပြောတာ ဖြစ်နိုင်တယ် မဟုတ်လား မစ္စတာဟာကြူလီခင်ဗျား"

"ဟုတ်ကဲ့၊ ဖြစ်နိုင်ပါတယ်"

စုံထောက်ဟာကြူလီက စကားကို မယုတ်မလွန်ပြောလိုက်ရာ ရဲတပ်ဖွဲ့မှူးသည် သဘောကျသွားပုံရလေသည်။

"ကောင်းပြီ၊ ကျောက်မျက်ရတနာတွေကို ဒီအင်္ဂလန်နိုင်ငံထဲကို ရောက်လာအောင် သွင်းယူခဲ့တဲ့ လူက သူကိုယ်တိုင် ဘာမှ မသိဘဲ ယူဆောင်လာခဲ့ပုံရတဲ့အတွက် ရတနာတွေ မှောင်ခိုသွင်းလာတဲ့ အမှုမျိုး မဖြစ်နိုင်ဘူးလို့ ကျုပ်တို့ ယူဆရလိမ့်မယ်။ နောက်တစ်ချက်က အခုကိစ္စမှာ ကျုပ်တို့နိုင်ငံရဲ့ နိုင်ငံခြားရေး ပေါ်လစီ (ဝါဒ)နဲ့လည်း ပတ်သက်ဆိုင်နေတာမို့ အလွန်လိမ္မာသိမ်မွေ့စွာ ကိုင်တွယ်ကြဖို့ လိုတယ်။ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်တွေနဲ့ ဆက်ဆံရမှာ ရေနံတို့၊ ဓာတ်သတ္တုတို့ထွက်တဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရတဲ့အခါ အဲဒီနိုင်ငံရဲ့ လက်ရှိအာဏာရ အစိုးရနဲ့သာ ကျုပ်တို့ ဆက်ဆံရမှာ ဖြစ်တယ်။ ဒါက ပေါ်လစီပိုင်းနဲ့ ပတ်သက်တဲ့ သဘောထားပဲ။ အခု လူသတ်မှုတွေနဲ့ ပတ်သက်လို့ သတင်းစာထဲ လုံးလုံးမပါအောင် ပိတ်ထားလို့တော့ မရဘူး။ လူသတ်မှုဖြစ်ရင် သတင်းစာထဲ မပါအောင် တားမြစ်ပိတ်ပင်တဲ့ အစဉ်အလာလည်း မရှိခဲ့ဘူး။ တစ်ခုပဲ ရှိတာက အခုအချိန်အထိ လူသတ်မှုနဲ့ ဆက်စပ်နေတဲ့ ကျောက်မျက်ရတနာတွေအကြောင်း သတင်းစာတွေထဲ မပါသေးဘူး မဟုတ်လား။ လောလောဆယ် အခြေအနေမှာ ရတနာတွေအကြောင်း သတင်းစာထဲပါဖို့လည်း မလိုသေးဘူးလို့ ထင်တယ်"

"မှန်တယ်၊ ကျုပ်လည်း သဘောတူပါတယ်၊ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လာရင် အလွန်သိမ်သိမ်မွေ့မွေ့နဲ့ လိမ္မာပါးနပ်စွာ ကိုင်တွယ်သွားဖို့ လိုပါတယ်"

စုံထောက်ဟာကြူလီက သူ၏ သဘောထားကို ပြောလိုက်သည်။

"မစ္စတာဟာကြူလီပြောတာ ဟုတ်ပါတယ်။ ကျုပ် ထင်မြင်ချက်ပြောရရင် ကွယ်လွန်သွားတဲ့ ရာမတ်ပြည်နယ်က မင်းသားကို ကျုပ်တို့နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မိတ်ဆွေတစ်ဦးအဖြစ် သက်ဆိုင်ရာက သဘောထားတယ်လို့ ကျုပ် ထင်တယ်။ ဒီတော့ အဲဒီပုဂ္ဂိုလ် ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ တစ်ခုတစ်ခု ဒီတိုင်းပြည်ထဲကို ရောက်နေရင် ကွယ်လွန်သူ မင်းသားရဲ့ ဆန္ဒအတိုင်း ဖြစ်စေသင့်တယ်လို့ ဆိုရမယ်။ တကယ်လို့ ရာမတ်ပြည်နယ်ရဲ့ လက်ရှိအစိုးရသစ်က ဒီပစ္စည်းတွေဟာ သူတို့ ပိုင်ဆိုင်ခွင့်ရှိတယ်လို့ တောင်းဆိုလာရင် ကျုပ်တို့အနေနဲ့ ဒီပစ္စည်းတွေအကြောင်း ဘာမှ မသိဘူးဆိုရင် အကောင်းဆုံး ပဲ မဟုတ်လား"

ရဲတပ်ဖွဲ့မှူး၏ စကားဆုံးလျှင် စုံထောက်ဟာကြူလီကလည်း သူ၏ ထင်မြင်ချက်ကို ပြောလေသည်။

"ဒီလိုရှိတယ်ဗျ။ သံတမန်ဆက်ဆံရေးမှာ အစိုးရတစ်ခုနဲ့တစ်ခု အလွန်ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရပါတယ်။ ဥပမာ ရာမတ်ပြည်ရဲ့ လက်ရှိအစိုးရက အရေးဆိုလာရင် ကျုပ်တို့ဘက်က စကားကို ဝေ့လည်ကြောင်ပတ်နဲ့ အဖြေပေးရလိမ့်မယ်။ ဒီပစ္စည်းတွေအကြောင်း ဘာမှမသိသေးတဲ့အကြောင်း၊ ဘာမှ မသိသေးတဲ့အတွက် လေ့လာစုံစမ်းနေဆဲ ဖြစ်တဲ့အကြောင်း၊ ပစ္စည်းတွေက ရာမတ်ပြည်တွင်းမှာပဲ ရှိနေနိုင်ကြောင်း၊ သို့မဟုတ် ကွယ်လွန်သူ မင်းသား အလီယူဆွတ်ရဲ့ မိတ်ဆွေတစ်ဦးဆီမှာ ရှိနေနိုင်ကြောင်း၊ ရာမတ်ပြည်တွင်းမှာ ဝှက်ထားခြင်းလည်း ဖြစ်နိုင်ကြောင်း၊ ပြည်ပကို ထုတ်ယူသွားတာလည်း ဖြစ်နိုင်ကြောင်း အဲဒီ အဖြေပေးတာ အကောင်းဆုံးပဲ"

ထိုစကားကို ရဲတပ်ဖွဲ့မှူးကြီးက သဘောကျသွားပုံ ရလေသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဟာကြူလီခင်ဗျား၊ ကျုပ်လည်း ဒီအတိုင်းပဲ သဘောရပါတယ်။ နောက်တစ်ခုက ဒီနိုင်ငံက ထိပ်တန်းပုဂ္ဂိုလ်တွေက မစ္စတာဟာကြူလီကို အလွန်ယုံကြည် စိတ်ချကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ (တရားဝင်သဘောမဟုတ်ဘဲ) ပစ္စည်းကို ခင်ဗျားလက်မှာ ထားချင်ကြတယ်လို့ သိရပါတယ်"

"ဟုတ်ကဲ့၊ ကျုပ်ကလည်း မငြင်းပါဘူး။ ကဲ... ကျုပ်တို့မှာ စဉ်းစားစရာကိစ္စတွေ ရှိသေးတယ်။ တကယ်တမ်း ပြောရရင် စတာလင်ငွေ ခုနစ်သိန်းခွဲတန် ပစ္စည်းတွေဟာ လူတစ်ယောက်ရဲ့အသက်လောက် တန်ဖိုးမရှိပါဘူး"

"မှန်ပါတယ်ခင်ဗျ"

ရဲတပ်ဖွဲ့မှူးကြီးက ပြောပြီးနောက် ရဲမှူးကယ်လ်ဆီက... "အခု ကျွန်တော်တို့ အရေးတကြီး အလိုရှိနေတာက လူသတ်မှုတရားခံပဲ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့က မစ္စတာဟာကြူလီရဲ့ ထင်မြင်ချက်ကို သိချင်ပါတယ်။ ကျွန်တော်တို့ကလည်း အခုအခြေအနေမှာ စိတ်က ထင်တာပဲ ရှိပါတယ်" ဟု ပြောလိုက်သည်။



"ဟုတ်ပါတယ်။ အခုအခြေအနေမှာ ဖြစ်နိုင်တဲ့ အချက်အလက်တွေကို ဝေဖန်သုံးသပ်ပြီး အဖြေရှာကြရလိမ့်မယ်"

"ဟုတ်ကဲ့ခင်ဗျ"

"ဒါဖြင့် ခင်ဗျားတို့ မပင်ပန်းဘူးဆိုရင် ဖြစ်ပျက်ခဲ့ပုံတွေကို ကျုပ် ကို ပြန်ပြောပြစေချင်ပါတယ်"

ဤသို့ ပြောပြီးနောက် စုံထောက်ဟာကြူလီသည် ရဲမှူးကယ်လ်ဆီနှင့် အာဒမ်တို့က တစ်လှည့်စီ ပြောပြသော ဖြစ်ပျက်ခဲ့ပုံများကို စိတ်ရှည်လက်ရှည် နားထောင်နေလေသည်။ ရဲတပ်ဖွဲ့မှူးကြီးကလည်း မှုခင်းများ ဖြစ်ပျက်ပုံကို ပြန်လည် အကျဉ်းချုပ်ပြောပြလေသည်။

စုံထောက် ဟာကြူလီသည် နားထောင်နေရာမှ ခေါင်းညိတ်လိုက်သည်။

"တစ်နေရာတည်းမှာ လူသတ်မှုနှစ်ခုက ခပ်ဆင်ဆင် ဖြစ်ခဲ့တယ်။ ပြီးတော့ ပြန်ပေးဆွဲမှုတစ်ခု ဖြစ်ပြန်တယ်။ ဘာ့ကြောင့် ဒီကလေးမကို ပြန်ပေးဆွဲရတာလဲ ဆိုတာ စဉ်းစားကြရမယ်"

"ဒါနဲ့ပတ်သက်လို့ ကောင်မလေးကိုယ်တိုင် ပြောခဲ့တာကိုတော့ ကျွန်တော် ပြောပြနိုင်ပါတယ်"

ရဲမှူးကယ်လ်ဆီက ဤသို့ အစချီကာ မင်းသမီးကလေး ရှာအီစတာ ပြောခဲ့ပုံကို ပြန်ပြောပြလိုက်သည်။

စုံထောက်ဟာကြူလီသည် နားထောင်နေပြီးနောက် မကျေနပ်ဟန်ဖြင့် ခေါင်းခါလိုက်သည်။

"သူပြောတဲ့အတိုင်းက အဓိပ္ပာယ်မရှိဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီလိုပဲ သဘောရမိပါတယ်။ ကောင်မလေးက သူ့ကိုယ်သူ အလွန်အရေးပါသလို စိတ်ကူးယဉ်ပြီး လုပ်ကြံပြောတယ် ထင်မိလို့"

ကယ်လ်ဆီ၏ စကားမဆုံးမီ စုံထောက်ဟာကြူလီက ကြားဖြတ်လျက် "ဒါပေမဲ့ မိန်းကလေးက တကယ်ပဲ ပြန်ပေးဆွဲခံရတာကို ငြင်းလို့ မရဘူး။ အမှန်ဖြစ်နေတယ်။ ဘာကြောင့် ပြန်ပေးဆွဲရတာလဲ"ဟု ပြန်မေးလိုက်သည်။

"ပြန်ပေးဆွဲပြီး ငွေနဲ့ ပြန်ရွေးဖို့ ငွေတောင်းတယ်ဆိုတဲ့ စာကိုတော့ ရခဲ့ပါတယ်၊ ဒါပေမဲ့..."

"ဒါပေမဲ့ ငွေတောင်းတာဟာ ဟန်ပြသဘောပါပဲ။ လုပ်ကြံစားတဲ့ သဘောလို့ ထင်တယ် မဟုတ်လား။ ငွေလိုချင်လို့ ပြန်ပေးဆွဲတာလို့ ထင်အောင် တမင်သက်သက် ဖန်တီးတယ်လို့ ထင်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက် ဟာကြူလီက မေးလိုက်ရာ ရဲမှူးကယ်လ်ဆီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျ၊ ပြန်ရွေးဖို့ ငွေတောင်းပြီး ချိန်းတဲ့နေရာကို သူတို့ဘက်ကလူတွေက မလာဘူး"

"ဒီတော့ ရှာအီစတာကို ပြန်ပေးဆွဲတာဟာ ငွေလိုချင်လို့မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်ရမယ်လို့ ယူဆစရာ ဖြစ်လာတယ်။ အဲဒီအကြောင်းက ဘာလဲဆိုတာ စဉ်းစားဖို့ လိုတယ်"

ဤတွင် အာဒမ်က သူ၏ထင်မြင်ချက်ကို ပြောသည့်အနေဖြင့် "ရှာအီစတာကို ပြန်ပေးဆွဲတာဟာ ကျောက်မျက်ရတနာတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ခြိမ်းခြောက်မေးဖို့ မဖြစ်နိုင်ဘူးလား" ဟု ပြောလိုက်ရာ စုံထောက်ကြီး ဟာကြူလီက ခေါင်းခါလိုက်သည်။

"ကလေးမကိုယ်တိုင်က ကျောက်မျက်ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာ သိမှမသိဘဲ၊ ဒါက သေချာတယ်။ ဒီတော့ တခြားအကြောင်းတစ်ခုခု ရှိရမယ်"

ဤသို့ ပြောပြီးနောက် စုံထောက် ဟာကြူလီသည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ခေတ္တ ငြိမ်နေလေသည်။

ခဏမျှအကြာတွင် သူသည် အာဒမ်အား ထူးဆန်းသော မေးခွန်းတစ်ခု မေးလေသည်။

"ဒီမယ်...မိန်းကလေးရဲ့ ဒူးဆစ်တွေကို ခင်ဗျား သတိပြုမိသလား"

"သတိမပြုမိဘူးခင်ဗျ၊ ဘာအကြောင်းထူးများ ရှိလို့လဲ"

အာဒမ်က အံ့အားသင့်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"မိန်းကလေးရဲ့ ဒူးဆစ်ကို သတိပြုမိဖို့က အကြောင်းတွေ ရှိတယ်။ ဒါပေမဲ့ ခင်ဗျားက သတိမပြုမိခဲ့ဘူး"

"ဘာကြောင့်လဲခင်ဗျ၊ ကောင်မလေးရဲ့ဒူးဆစ်မှာ အမာရွတ်တစ်ခုခုများ ရှိလို့လား။ ကျွန်တော်တော့ မသိဘူး၊ ကျောင်းသူမိန်းကလေးတွေက ခြေအိတ်ရှည်တွေ ဝတ်လေ့ရှိတဲ့အပြင် သူတို့ရဲ့ စကတ်(ဂါဝန်)က ဒူးဆစ်ဖုံးလောက်အောင် ရှည်ပါတယ်"

"ရေကူးတဲ့အခါမျိုးကျတော့ကော"

ဟာကြူလီက ထပ်မေးလိုက်ပြန်သည်။

"ကျွန်တော်တော့ တစ်ခါမှ ရေကူးတာ မမြင်မိပါဘူး။ နောက်တစ်ချက်က ဒီကရာသီဥတုက ရေကူးဖို့ အေးလွန်းပါတယ်၊ ဒီမိန်းကလေးက ပူ



အိုက်တဲ့တိုင်းပြည်က လာတာမို့ အအေးဒဏ်ကို ခံနိုင်မှာမဟုတ်ဘူး၊ စုံထောက်ကြီးက ဘာကို ဆိုလိုတာလဲခင်ဗျ"

"မဟုတ်ပါဘူး"

ပြောရင်းနှင့် စုံထောက် ဟာကြူလီသည် ရဲတပ်ဖွဲ့မှူးကြီးဘက်သို့ လှည့်လိုက်ပြန်သည်။

"ကိုင်း...ရဲတပ်ဖွဲ့မှူးကြီးခင်ဗျား၊ ကျုပ်အနေနဲ့ ဂျီနီဗာမြို့က မိတ်ဆွေတစ်ဦးဆီကို ဆက်သွယ်ချင်တယ်။ ဒီကိစ္စမှာ သူက ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ရှာအီစတာက ဂျီနီဗာမြို့က ကျောင်းမှာနေခဲ့စဉ်က တစ်ခုခုဖြစ်ခဲ့တာနဲ့ ပတ်သက်တာများလား"

"ဒါလည်း ဖြစ်နိုင်ပါတယ်။ အခုဟာက ကျုပ်စိတ်ထဲမှာ ထင်မိတဲ့ ကိစ္စတစ်ခုခုနဲ့ ပတ်သက်ပါတယ်။ ဒါထက် ပြန်ပေးဆွဲမှုနဲ့ ပတ်သက်လို့တော့ သတင်းစာတွေထဲ မပါဘူးနော်"

"ဟုတ်ကဲ့၊ ကလေးမရဲ့ ဦးလေးတော် စော်ဘွား အီဘရာဟင်က သတင်းစာထဲမှာ လုံးဝမပါစေချင်ဘူး"

"ဒါပေမဲ့ သတင်းစာရဲ့ လူမှုရေးကဏ္ဍမှာ သတင်းတိုကလေးတစ်ပုဒ်ကိုတော့ ကျုပ် သတိပြုမိလိုက်တယ်။ ရေးထားပုံက နိုင်ငံခြားသူကျောင်းသူတစ်ဦးဟာ အချစ်ရေးကိစ္စနဲ့ ပတ်သက်တာ ဖြစ်နိုင်သလိုနဲ့ ရုတ်တရက် ကျောင်းက ထွက်သွားတာလိုမျိုး ရေးထားတာ တွေ့ရပါတယ်"

ထိုအခါ အာဒမ်က ဝင်၍ "အဲဒီလိုရေးဖို့ ကျွန်တော်က စိတ်ကူးရပြီး အကြံပေးလိုက်တာ ဖြစ်ပါတယ်။ သတင်းစာဆရာတွေအနေနဲ့ တစ်ခုခုရေးရမှာ ကျနပ်မှာမို့ အဲဒီလိုရေးသင့်ကြောင်း ကျွန်တော်က အကြံပေးခဲ့ပါတယ်" ဟု ပြောလိုက်သည်။

"ဟုတ်လား၊ ဒါလည်း တစ်မျိုးကောင်းပါတယ်။ ကိုင်း ကျုပ်တို့ ဆက်ပြီး စဉ်းစားကြပါစို့။ ပြန်ပေးဆွဲမှုပြီးတော့ မဲဒိုင်းဘင်ကျောင်းမှာ ဖြစ်ခဲ့တဲ့ လူသတ်မှုနှစ်ခုအကြောင်း ဆက်စဉ်းစားကြရလိမ့်မယ်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"မဲဒိုးဘင်းကျောင်းမှာ လူသတ်မှုနှစ်ခု ဆက်တိုက်ဖြစ်ခဲ့တာဟာ စဉ်းစားစရာပဲ"

စုံထောက် ဟာကြူလီက မှတ်ချက်ချသလို ဝင်ပြောလိုက်လျှင် ရဲမှူးကယ်လ်ဆီက...

"အချက်အလက်တွေကို ကျွန်တော်တို့ ပြောပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ မစ္စတာဟာကြူလီက ဘယ်လိုများ ယူဆပါသလဲ"

စုံထောက် ဟာကြူလီသည် အာဒမ်ဘက်သို့ လှည့်လိုက်ပြန်သည်။

"လူသတ်မှုတွေက ဘာကြောင့် အားကစားရုံထဲမှာ ဖြစ်ပွားခဲ့တာလဲလို့ စောစောပိုင်းက ကျွန်တော်တို့ စဉ်းစားရခက်နေတယ် မဟုတ်လား။ အခုတော့ အဖြေကို သိရပြီ ဖြစ်တယ်။ အဖိုးတန် ကျောက်မျက်ရတနာတွေ ဝှက်ထားတဲ့ တင်းနစ်ရက်ကက်တစ်ခုက အားကစားရုံထဲမှာ ရှိနေတယ် မဟုတ်လား။ အဲဒီ ရက်ကက်အကြောင်းကို တစ်ယောက်ယောက်က သိနေရမယ်။ သိသူက ဘယ်သူလဲဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်။ သေသူ မစ္စစပရင်လာကိုယ်တိုင်က သိခဲ့တာလည်း ဖြစ်နိုင်တယ်။ ဒီဆရာမအနေနဲ့ အားကစားရုံထဲကို လူတွေလာတာ သဘောမကျခဲ့ဘူး မဟုတ်လား။ လူတကာကို မယုံသင်္ကာသလိုလည်း ဖြစ်နေခဲ့တယ်။ ပြင်သစ်ဆရာမဖြစ်တဲ့ မစ္စဘလန့်(ချ)ကလည်း ဒီလိုပါပဲ"

ဟာကြူလီ၏ စကားအဆုံးတွင် ရဲမှူးကယ်လ်ဆီက "ဟင်... မစ္စဘလန့်(ချ)လား"ဟု အံ့ဩဟန်ဖြင့် ပြောလိုက်သည်။

စုံထောက်ဟာကြူလီကမူ အာဒမ်ကိုပင် ဆက်၍ ပြောလေသည်။

"အားကစားရုံနဲ့ ပတ်သက်ပြီး မစ္စဘလန့်(ချ)ရဲ့ ဟန်အမူအရာက ထူးဆန်းတယ်လို့ ခင်ဗျားကိုယ်တိုင် ထင်ခဲ့မိတယ် မဟုတ်လား"

"ဒါကို သူက ရှင်းပြခဲ့ပါတယ်။ ကျွန်တော်က မမေးဘဲနဲ့ သူက ရှင်းပြတာကိုက ထူးဆန်းနေပါတယ်။ သူ ဘာကြောင့် အားကစားရုံထဲ လာရတယ်ဆိုတာ ရှင်းပြခဲ့တယ်"

စုံထောက် ဟာကြူလီက ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ ဒီအချက်က စဉ်းစားစရာပဲ။ နောက်တစ်ခုက မစ္စစပရင်လာ အားကစားရုံထဲမှာ အသတ်ခံရတာ ညသန်းခေါင်တစ်ချက်တီးအချိန်



ဖြစ်တယ်။ ဒီအချိန်မှာ သူဟာ အားကစားရုံထဲကို လာဖို့ ဘာမှ အကြောင်းမရှိဘူး"

ဤသို့ပြောပြီး ဟာကြူလီသည် ရဲမှူးကယ်လ်ဆီဘက်သို့ လှည့်၍ "မစ္စစပရင်လာဟာ မဲဒိုးဘင်းကျောင်းမှာ လာအလုပ်မလုပ်ခင်က ဘယ်မှာ ရှိနေခဲ့ပါသလဲ" ဟု မေးလိုက်သည်။

"ဒါတော့ အတိအကျ မသိဘူးခင်ဗျ၊ သူဟာ မနှစ်က နွေရာသီမှာ အလုပ်လုပ်ရာက ထွက်ခဲ့တယ်။ အဲဒီအချိန်နဲ့ ဒီကျောင်းကို လာအလုပ်လုပ်တဲ့ အချိန် ကြားကာလအတွင်း ဘယ်ရောက်နေတယ်ဆိုတာ မသိရဘူး။ ကျွန်တော်တို့အနေနဲ့ စုံစမ်းမေးမြန်းကြည့်ဖို့လည်း အကြောင်းမရှိခဲ့ဘူး၊ နောက်တစ်ခုက မစ္စစပရင်လာမှာ ဆွေမျိုးရင်းချာတို့၊ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတို့လည်း မရှိဘူးခင်ဗျ"

"ဒီလိုဆိုရင် မစ္စစပရင်လာဟာ အဲဒီကြားကာလအတွင်းက ရာမတ်ပြည်နယ်ထဲကို ရောက်နေခဲ့တာ ဖြစ်နိုင်တာပေါ့"

စုံထောက် ဟာကြူလီက ပြောလိုက်ရာ အာဒမ်ကလည်း "ရာမတ်ပြည်နယ်မှာ တော်လှန်ရေးဖြစ်နေချိန်က ကျောင်းဆရာမတွေ ပါဝင်တဲ့အဖွဲ့တစ်ဖွဲ့က အဲဒီတိုင်းပြည်ကို လေ့လာရေးသွားနေကြတယ်လို့ သိရပါတယ်"ဟု ပြောလိုက်ပြန်သည်။

"ဟုတ်လား၊ ဒါဖြင့် မစ္စစပရင်လာဟာ ရာမတ်ပြည်နယ်ကို ရောက်နေတယ်လို့ ယူဆကြပါစို့။ အဲဒီမှာရှိတုန်း သူက ကျောက်မျက်ရတနာတွေ ဝှက်ထားတဲ့ တင်းနစ်ရက်ကက်အကြောင်း သိလာခဲ့တာ ဖြစ်နိုင်တယ်။ ဒါကြောင့် သူဟာ မဲဒိုးဘင်းကျောင်းမှာ လာဝင် အလုပ်လုပ်နေပြီး အခွင့်သာတဲ့တစ်ညမှာ အားကစားရုံထဲကို သွားလိုက်တယ် ဆိုပါစို့။ ဟိုရောက်လို့ တင်းနစ်ရက်ကက်ကို ယူပြီး ကျောက်မျက်ရတနာတွေကို ထုတ်ယူမယ် လုပ်နေတုန်းမှာ မမျှော်လင့်ဘဲ တစ်စုံတစ်ယောက်က ရောက်လာတာ ဖြစ်နိုင်တယ်။ အဲဒီလူဟာ မစ္စစပရင်လာရဲ့ သွားလာ လှုပ်ရှားမှုကို တစေ့တစောင်း ကြည့်နေတာ ဖြစ်ရမယ်။ ဒါပေမဲ့ သူ့အနေနဲ့ ကျောက်မျက်ရတနာတွေ ထုတ်ယူဖို့ အချိန်မရခင်မှာ အားကစားရုံကို လူတွေလာနေသံ ကြားရလေတော့ ကပျာကယာ ရှောင်ထွက်သွားရတာ ဖြစ်နိုင်တယ်"

စုံထောက်ဟာကြူလီက ဤသို့ ပြောပြီး စကားကို ဖြတ်ထားလိုက်ရာ ရဲမှူးကြီးက "အဲဒီအတိုင်း ဖြစ်ခဲ့တယ်လို့ ခင်ဗျားထင်ပါသလား" ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အတိအကျတော့ မပြောနိုင်ဘူး။ ကျုပ်က ဖြစ်နိုင်တာတစ်ခုကို စိတ်ကူးပြီး ပြောတာပါ။ နောက်တစ်ခုဖြစ်နိုင်တာက သေနတ်နဲ့ လူက အားကစားရုံထဲ ကြိုတင်ရောက်နှင့်နေပြီး မစ္စစပရင်လာက နောက်မှ ရုတ်တရက် ရောက်လာတာလည်း ဖြစ်နိုင်တယ်။ ဒီလူဟာ မစ္စစပရင်လာအနေနဲ့ စောစောကတည်းက မသင်္ကာဖြစ်နေတဲ့ လူတစ်ယောက်ဖြစ်နိုင်တယ်။ မစ္စစပရင်လာရဲ့ ဝါသနာစရိုက်နဲ့ ပတ်သက်လို့ ကျုပ်တို့ သိရသလောက် သူဟာ နေရာတကာမှာ စပ်စုပြီး အလွယ်သိချင်တယ်လို့ ဆိုတယ် မဟုတ်လား"

"နောက်ဆရာမတစ်ဦး အသတ်ခံရတာကကော"

အာဒမ်က ဝင်မေးလိုက်ရာ စုံထောက် ဟာကြူလီသည် အာဒမ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ကျန်လူနှစ်ဦးဘက်သို့ ပြန်လှည့်၍ ပြောလေသည်။

"ဒါတော့ ခင်ဗျားတို့လည်း မသိဘူး၊ ကျုပ်လည်း မသိဘူး၊ လူသတ်သမားဟာ ပြင်ပက လူတစ်ယောက် ဖြစ်နိုင်တယ်"

ထိုစကားကို ရဲမှူးကယ်လ်ဆီက သဘောမတူဟန်ဖြင့် ခေါင်းခါပြလေသည်။

"ကျွန်တော်တော့ မထင်ဘူး၊ ဒီကျောင်းပတ်ဝန်းကျင်တစ်ဝိုက်မှာ ကျွန်တော်တို့ ရဲတပ်ဖွဲ့က သေသေချာချာ လေ့လာစုံစမ်းပြီးပါပြီ။ အထူးသဖြင့် မျက်နှာစိမ်းလူတွေကို သတိထားကြည့်ခဲ့ပါတယ်။ သူစိမ်းဆိုလို့ ဟောဒီက မစ္စတာအာဒမ်နဲ့ သိတဲ့ မဒမ်ကိုလင်စကီးဆိုသူ အမျိုးသမီးတစ်ဦးပဲ ရှိတယ်။ သူကလည်း လူသတ်မှုနဲ့ ပတ်သက်စရာအကြောင်း မရှိဘူး"

"ဒါဖြင့် သတ်သူဟာ ဒီမဲဒိုးဘင်းကျောင်းက လူတစ်ယောက်ပဲလို့ ယူဆရမလို ဖြစ်နေပြီ။ ဒီတော့ အမှန်ကို ဖော်ထုတ်ဖို့က တစ်နည်းပဲ ရှိတယ်။ ဒီမှာရှိတဲ့ လူတွေအနက်က လူသတ်သမားမဖြစ်နိုင်သူတွေကို စာရင်းက ဖယ်ထုတ်ပြီး ကြည့်တဲ့နည်း ဖြစ်တယ်"

ရဲမှူးကယ်လ်ဆီက ထိုစကားကို ထောက်ခံချင်ပုံရလေသည်။

"ဟုတ်ကဲ့၊ အဲဒီနည်းနဲ့ စဉ်းစားကြည့်လို့ မရသလို ဖြစ်နေပါတယ်။ ပထမလူသတ်မှုဆိုရင် ကျောင်းမှာရှိတဲ့ မည်သူမဆို သတ်နိုင်တဲ့ အခွင့်အရေး ရှိခဲ့တယ်။ ခြွင်းချက်အနေနဲ့တော့ မစ္စဂျွန်ဆင်ရယ်၊ မစ္စချက်ဒစ်ရယ် ပြီးတော့ နားကိုက်တယ်ဆိုတဲ့ ကလေးမရယ် ရှိတယ်။ ဒုတိယလူသတ်မှုကျတော့ စဉ်းစားစရာတောင် နည်းနည်းကျဉ်းလာတယ်။ မစ္စရစ်(ချ)၊ မစ္စဘလိတ်နဲ့ မစ္စအယ်နီဆိုတဲ့ အမျိုးသမီးသုံးဦးကိုတော့ ဖယ်ပစ်ရလိမ့်မယ်။ မစ္စရစ်(ချ)



က မိုင်နှစ်ဆယ်ဝေးတဲ့ ဟိုတယ်တစ်ခုမှာ ရောက်နေတယ်။ မစ္စဘလိတ်ကလည်း ပင်လယ်ကမ်းခြေမြို့တစ်မြို့ကို ရောက်နေတယ်။ မစ္စအယ်နီကတော့ ဒင်းနစ္စ ဆိုတဲ့ လူငယ်တစ်ဦးနဲ့ အတူ မှုခင်းဖြစ်ပွားချိန်မှာ ကလပ်တစ်ခုကို ရောက်နေတယ်"

"ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့ကလည်း အဲဒီအချိန်က မရှိဘူးလို့ သိရပါတယ်"

အာဒမ်က ပြောလိုက်ရာ ရဲမှူးကယ်လ်ဆီက "ဆရာမကြီးက အဲဒီအချိန်က သူ့မိတ်ဆွေ ဝီလ်ရှမ်မြို့စားကတော်အိမ်ကို သွားလည်နေပါတယ်"ဟု ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် တရားခံဖြစ်နိုင်တဲ့ လူစာရင်းက ကျောင်းအုပ်ဆရာမကြီးကိုလည်း ဖယ်ပစ်လိုက်ရတာပေါ့။ ဒီတော့ ဘယ်သူတွေ ကျန်မလဲ"

စုံထောက်ဟာကြူလီက ဝင်မေးလိုက်ပြန်သည်။

"အလုပ်သမားဝန်ထမ်းထဲက ကျောင်းမှာအိပ်တဲ့ လူနှစ်ဦးရှိတယ်။ အဲဒါက မစ္စက်ဂီမွန်ဆိုတဲ့ အမျိုးသမီးနဲ့ ဒေါ်ရစ္စဆိုတဲ့ မိန်းကလေးတစ်ယောက်တို့ ဖြစ်တယ်။ သူတို့ကိုတော့ ကျွန်တော်က မသင်္ကာသူတွေအဖြစ် ထည့်မစဉ်းစားမိပါဘူး။ ဒီတော့ ကျန်တာက မစ္စရိုဝင်နဲ့ မစ္စဘလန့်(ချ)တို့ပဲ ရှိတော့တယ်"

"ပြီးတော့ ကျောင်းသူ မိန်းကလေးတွေလည်း ကျန်တယ် မဟုတ်လား"

စုံထောက် ဟာကြူလီက ဤသို့ ပြောလိုက်သောအခါ ရဲမှူးကယ်လ်ဆီသည် အံ့အားသင့်သွားလေသည်။

"မစ္စတာဟာကြူလီခင်ဗျား၊ ကျောင်းသူမိန်းကလေးတွေအနေနဲ့ လူသတ်တရားခံမဖြစ်နိုင်ဘူးလို့ ယူဆတယ် မဟုတ်လား"

"မှန်ပါတယ်၊ ဒါပေမဲ့ မှုခင်းထောက်လှမ်းတဲ့ နေရာမှာ အသေးစိတ် တိတိကျကျ စဉ်းစားသုံးသပ်ဖို့ လိုတယ်"

ဟာကြူလီက ပြန်ပြောလိုက်ပြီး ရဲမှူး ကယ်လ်ဆီသည် ဆက်ပြောလေသည်။

"မစ္စရိုဝင်က ဒီကျောင်းမှာ လာအမှုထမ်းနေတာ တစ်နှစ်ကျော် ရှိသွားပြီ။ သူ့ကို မသင်္ကာဖြစ်စရာ ဘာအထောက်အထားမှ မရှိဘူး"

"ဒါဖြင့် မစ္စဘလန့်(ချ)တစ်ယောက်တည်း ကျန်တော့တယ် ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"မစ္စဘာလန့်(ချ)ကို မသင်္ကာဖြစ်စရာလည်း ဘာအထောက်အထားမှ မရှိဘူး။ ပြီးတော့ သူ့ရဲ့အတိတ်က အမှုထမ်းသက်နဲ့ အရည်အချင်း ထောက်ခံစာတွေကလည်း အားလုံး အစစ်အမှန်တွေချည်းပဲ"

ရဲမှူး ကယ်လ်ဆီက ဤသို့ ထောက်ပြလိုက်ရာ စုံထောက်ဟာကြူလီက "ဒါတော့ ထောက်ခံစာတွေမှာ ဘာချွတ်ယွင်းချက်မှ မရှိအောင် လုပ်ခဲ့ရမှာပေါ့" ဟု မှတ်ချက်ချလိုက်သည်။

အာဒမ်ကလည်း သူ၏ထင်မြင်ချက်ကို ပြောသည့်အနေဖြင့် "မစ္စဘာလန့်(ချ)က နေရာတကာမှာ စပ်စုပြီး သိချင်တတ်တဲ့ ဝါသနာရှိတယ်။ ဒါပေမဲ့ အဲဒီလို စပ်စုတာက လူသတ်မှုနဲ့ ပတ်သက်တဲ့ အထောက်အထား မဟုတ်ဘူးခင်ဗျ" ဟု ပြောလိုက်သည်။

ထိုအခိုက် ရဲမှူးကယ်လ်ဆီသည် တစ်စုံတစ်ခု စဉ်းစားဟန်ဖြင့်... "နေဦးဗျ၊ ပထမဆုံးအကြိမ် မစ္စဘာလန့်(ချ)နဲ့ တွေ့ဆုံစစ်ဆေးတုန်းက သူပြောတာ တစ်ခုရှိတယ်။ အားကစားရုံရဲ့ တံခါးသော့ဟာ တံခါးဝနားမှာ ကျနေတာတွေ့လို့ သူက ကောက်ယူခဲ့တယ်လို့ ဆိုတယ်။ ပြီးတော့ သော့ကို ချက်ချင်းပြန်ထားဖို့လည်း မေ့နေတယ်တဲ့" ဟု ပြောလိုက်သည်။

ထိုအချက်ကို စုံထောက် ဟာကြူလီက စိတ်ဝင်စားပုံရလေသည်။

"ညအချိန်မတော် အားကစားရုံထဲ ဝင်ပြီး တင်းနစ်ရက်ကက်ကို ရှာချင်တဲ့ လူအနေနဲ့ တံခါးဖွင့်ဖို့လိုရမည်ရ မဟုတ်လား။ အနည်းဆုံး ဖယောင်းပုံနဲ့ သော့တူတစ်ချောင်းလုပ်ထားဖို့ လိုလိမ့်မယ်"

ဤတွင် အာဒမ်က "ဖယောင်းပုံနဲ့ သော့တူလုပ်မယ်ဆိုရင် ဒီဆရာမက ရဲမှူးကြီးကို သော့အကြောင်း လုံးလုံးပြောပြမှာ မဟုတ်ဘူး" ဟု ပြောလိုက်သည်။

"မစ္စစပရင်လာကလည်း အဲဒီသော့အကြောင်းကို ပြောခဲ့တယ်။ ဒါကတော့ သော့အနေနဲ့ အသေးအဖွဲ့ကိစ္စတစ်ခု ဖြစ်သယောင် တမင်ပြောတာလည်း ဖြစ်နိုင်တယ်"

"ဟုတ်ပါတယ်၊ ဒီအချက်ကိုလည်း စဉ်းစားစရာပါပဲ"

စုံထောက် ဟာကြူလီက ပြောလိုက်ပြီးနောက် ရဲမှူးကယ်လ်ဆီသည် စိတ်ဓာတ်ကျဟန်ဖြင့် "ဒီအတိုင်းဆိုရင် ကျွန်တော်တို့ စဉ်းစားသုံးသပ်နေတာဟာ ဘာမှခရီးမရောက်ဘူး ဖြစ်နေပြီ" ဟု ပြောလိုက်လေသည်။

စုံထောက်ဟာကြူလီသည် စဉ်းစားမိသော အချက်တစ်ခုကို ပြောပြလေသည်။



"ဖြစ်နိုင်စရာ တစ်ခုတော့ ရှိတယ်။ ကျောင်းဖွင့်ချိန်တုန်းက ကျောင်းသူ မိန်းကလေးတွေကို မိဘတွေကိုယ်တိုင် လာပို့ခဲ့ကြတယ် မဟုတ်လား။ အဲဒီနေ့က ဂျူလီယာဆိုတဲ့ မိန်းကလေးရဲ့ မိခင်ဟာ ဒီကျောင်းမှာ သူမှတ်မိတဲ့လူတစ်ယောက်ကို တွေ့ရလို့ အတော်အံ့သြသွားခဲ့တယ်လို့ သိရတယ်။ ဘယ်သူဘယ်ဝါ ဖြစ်တယ်လို့တော့ သူက မပြောခဲ့ဘူး။ ယူဆစရာရှိတာက ဂျူလီယာရဲ့မိခင်က မြင်လိုက်တဲ့လူဟာ နိုင်ငံတကာသူလျှို ထောက်လှမ်းရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့လူ ဖြစ်ရမယ်လို့ ထင်စရာရှိတယ်။ တကယ်လို့ သူမြင်လို့ အံ့အားသင့်မိသူဟာ မစ္စဘာလန့်(ချ)ဖြစ်ပါတယ်လို့ အတိအကျပြောရင်တော့ ကျုပ်တို့ ဆက်ပြီး စုံစမ်းထောက်လှမ်းရာမှာ ခရီးရောက်နိုင်ပါလိမ့်မယ်"

"ဒါက မလွယ်ဘူးခင်ဗျ၊ ကျွန်တော်တို့က ဂျူလီယာရဲ့မိခင် မစ္စအထ်ပ္ဖျန်ကို ဆက်သွယ်ဖို့ အထူးကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဒီအမျိုးသမီးက အနာတိုလီယာမှာ ဘတ်စ်ကားနဲ့ ခရီးသွားနေတယ်လို့သာ သူ့သမီးက ပြောတယ်။ ဘယ်ကိုရောက်နေမှန်းကို မသိရလို့ ဆက်သွယ်ဖို့ အလွန်ခက်နေပါတယ်။ ဒါကြောင့် အခု ဂျူလီယာရဲ့မိခင်ဟာ ဘယ်ရောက်နေမှန်းတောင် မသိရဘူး"

ကယ်လ်ဆီက ပြောလိုက်လျှင် စုံထောက်ဟာကြူလီကလည်း "ဟုတ်ပါတယ်၊ ဆက်သွယ်ရတာ မလွယ်ပါဘူး" ဟု ပြောလိုက်သည်။

ရဲမှူးကယ်လ်ဆီသည် စိတ်ပျက်ဟန်ဖြင့် ညည်းညူသလို ပြောပြန်သည်။

"ဂျူလီယာရဲ့မိခင်ကိုက တော်တော်ခက်ပါတယ်။ နိုင်ငံခြားကို ခရီးသွားနေတယ်ဆိုရင် ဆက်သွယ်လို့ လွယ်ကူတဲ့ ခရီးစဉ်တွေ ရှိလျက်သားနဲ့ ဘာကြောင့်များ တစ်ယောက်တည်း လျှောက်သွားနေချင်မှန်း မသိဘူး။ အခုတော့ ကျွန်တော်တို့ အနေနဲ့ ခွကျနေတာပေါ့။ ပြင်သစ်ဆရာမအပေါ် မသင်္ကာဖြစ်စရာ ဘာအထောက်အထားမှလည်း မရှိလေတော့ ဒီမိန်းမက အချိန်မရွေး ဒီကျောင်းက ထွက်သွားနိုင်တယ်"

သို့ရာတွင် စုံထောက် ဟာကြူလီက ခေါင်းခါလိုက်သည်။

"မစ္စဘာလန့်(ချ)က ဒီလိုတော့ ထွက်သွားမှာ မဟုတ်ပါဘူး"

"သေချာလို့လားခင်ဗျာ၊ ဘယ်လိုလုပ်ပြီး တထစ်ချ ပြောနိုင်ရတာလဲ"

"ကျုပ်က သေချာတယ်လို့ ယူဆတယ်။ လူတစ်ယောက်ဟာ လူသတ်မှု ကျူးလွန်ပြီးရင် သူ့အပေါ် သင်္ကာမကင်းဖြစ်စရာ အပြုအမူမျိုးဆို

www.burmeseclassic.com

www.burmeseclassic.com



အထူးသတိထားပြီး ရှောင်လေ့ရှိတယ်။ ဒါကြောင့် မစ္စဘာလန့်(ချ)က လူသတ်မှု ကျူးလွန်တယ်ပဲ ထားဦး၊ သူဟာ ဒီကျောင်းက ရုတ်တရက် ထွက်သွားမှာ မဟုတ်ဘူး"

"စုံထောက်ကြီး ယူဆသလိုပဲ မှန်ပါစေလို့ မျှော်လင့်ပါတယ်"

"ကျုပ်ကတော့ ဒီအယူအဆဟာ မှန်တယ်လို့ ယုံကြည်တယ်။ နောက်တစ်ချက်က ခင်ဗျားတို့ သတိပြုစေချင်တယ်။ ကျောင်းဖွင့်တဲ့နေ့က ဂျူလီယာရဲ့မိခင် မစ္စအတ်ပ္ဂျွန်ဟာ သူ မမျှော်လင့်တဲ့ လူတစ်ယောက်ကို ဒီကျောင်းမှာ လာတွေ့လို့ အံ့ဩမိတယ် မဟုတ်လား။ ဒါပေမဲ့ သူက မြင်သွားတာကို အဲဒီလူက မသိနိုင်ဘူး။ ဒါကြောင့် ဒီအချက်ဟာ အရေးကြီးပါတယ်"

စုံထောက် ဟာကျူလီက ပြောလိုက်သော်လည်း ရဲမှူးကယ်လ်ဆီသည် အားတက်လာပုံမရချေ။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့မှာ စုံစမ်းထောက်လှမ်းစရာ သဲလွန်စ အထောက်အထား ဘာမှမရှိတာ ခက်တယ် ခင်ဗျ"

"ဘာမှမရှိဘူးလို့လည်း မဆိုနိုင်ဘူး။ ဥပမာ လူတွေအချင်းချင်း စကားပြောကြတာကို လေ့လာရင် ဖြစ်နိုင်တယ်"

စုံထောက် ဟာကျူလီ၏ စကားကို ရဲမှူးကယ်လ်ဆီသည် နားမလည်ဟန်ဖြင့် "ဘာကိုဆိုလိုတာလဲခင်ဗျ" ဟု ပြန်မေးလိုက်သည်။

"လူတွေအချင်းချင်း စကားပြောကြရာမှာ အပြစ်ရှိတဲ့လူဟာ စကားများများပြောရင် စကားထဲက အမှားပါလာတတ်တယ်။ သူ့ရဲ့ လျှို့ဝှက်ချက်ကို မသိမသာ အမှတ်တမဲ့ သတိလစ်ပြီး ပြောမိတတ်တယ်။ အဲဒါမျိုးက ကျုပ်တို့အတွက် သဲလွန်စဖြစ်လာနိုင်တယ်"

စုံထောက်ဟာကျူလီက ပြောလိုက်ရာ ရဲတပ်ဖွဲ့မှူးကြီးက "ဖြစ်နိုင်ပါ့မလားဗျ" ဟု သံသယဖြစ်ဟန်နှင့် မေးလိုက်သည်။

"ဒီလိုရှိပါတယ်၊ တမင်သက်သက်ပြောတာမျိုးတော့ မဟုတ်ပါဘူး။ လူတစ်ယောက်ဟာ သူ့မှာ လျှို့ဝှက်ချက်ရှိတယ်ဆိုရင် တတ်နိုင်သလောက် ဖုံးဖိထားမှာပါပဲ။ ဒါပေမဲ့ စကားများများပြောတဲ့အခါကျတော့ မရည်ရွယ်ဘဲ သတိလစ်ပြီး အမှတ်တမဲ့ လွှတ်ခနဲပြောလိုက်မိတတ်တယ်။ နောက်တစ်ချက်က လူတွေအချင်းချင်း စကားပြောတာကို နားထောင်ခြင်းအားဖြင့် မမျှော်လင့်ဘဲ သဲလွန်စ ရလာတတ်တယ်။ တချို့လူတွေက တစ်မျိုးခင်ဗျ။ သူတို့က ရိုးအလွန်းတော့ သူတို့သိထားတဲ့ အချက်ဟာ အရေးပါ အရာရောက်မှန်း မသိကြဘူး။ မသိဘဲနဲ့ အမှတ်တမဲ့ပြောတဲ့ စကားတွေထဲက သဲလွန်စရနိုင်မယ့် အချက်မျိုးတွေ ရလာနိုင်တယ်။ အင်း...ပြောရင်း ဆိုရင်း ကျုပ် လုပ်စရာတစ်ခု သတိရလာတယ်"



ပြောပြောဆိုဆို စုံထောက်ဟာကျူလီသည် ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။

"ကိုင်း...ခင်ဗျားတို့ ကျုပ်ကို ခွင့်ပြုပါဦး။ ကျုပ်က ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့ဆီ သွားပြီး ပန်းချီဆွဲတတ်တဲ့ လူများရှိသလားလို့ မေးမှ ဖြစ်မယ်"

"အလို... ပန်းချီဆွဲတတ်တဲ့လူလား"

"ဟုတ်တယ်၊ ပန်းချီဆွဲတတ်တဲ့လူတစ်ယောက် လိုတယ်"

ပြောပြောဆိုဆို ဟာကျူလီသည် အပြင်ဘက်သို့ ထွက်သွားလေသည်။

ဤတွင် အာဒမ်က နားမလည်ဟန်ဖြင့် "ဒီလူကြီးက ဘယ်လိုများပါလိမ့်။ စောစောကတော့ မိန်းကလေးတစ်ယောက်ရဲ့ ဒူးဆစ်အကြောင်း ပြောတယ်။ အခုတစ်ခါ ပန်းချီပုံဆွဲတတ်တဲ့လူလိုပြန်သတဲ့။ နောက်ထပ် ဘာများ အထူးအဆန်းလိုချင်ဦးမလဲ မသိဘူး" ဟု ပြောလိုက်သည်။

□

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစရို့သည် စုံထောက်ဟာကျူလီ၏ မေးမြန်းစုံစမ်းချက်ကို အံ့ဩပုံမရဘဲ ခပ်တည်တည် ခပ်အေးအေးပင် ပြန်ဖြေလေသည်။

"ကျွန်မတို့ကျောင်းမှာ အချိန်ပိုင်း ပုံဆွဲဆရာမတစ်ယောက်တော့ ရှိပါတယ်။ သူ့နာမည်က မစ္စလော်ရီ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့တော့ သူက ကျောင်းမှာ မရှိဘူးရှင့်။ မစ္စတာ ဟာကျူလီက ဘာပုံများဆွဲခိုင်းချင်ပါသလဲ"

"လူမျက်နှာပုံတွေ ဆွဲခိုင်းမလို့ပါဘဲ"

စုံထောက် ဟာကျူလီက ပြောလိုက်သောအခါ ဆရာမကြီးက အကြံရလာဟန်ဖြင့် "ဒီလိုဆိုရင် မစ္စရစ်(ချ)က လူရုပ်ပုံတွေကို ဆွဲရာမှာ တော်တယ်ရှင့်၊ ပုံတူဆွဲရင် အလွန်တူတတ်ပါတယ်" ဟု ပြောလိုက်သည်။

"အဲဒီလို ပုံတူဆွဲတတ်တဲ့လူပဲ လိုချင်ပါတယ်"

ဤတွင် ဆရာမကြီးသည် စုံထောက်ဟာကျူလီက ဘာကြောင့်ပုံတူဆွဲတတ်သူကို လိုချင်ကြောင်း ပြန်လည် မမေးဘဲ အခန်းထဲမှ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချက်ချင်းလိုပင် မစ္စရစ်(ချ) ကို ခေါ်၍ ပြန်ဝင်လာလေသည်။

လူချင်းမိတ်ဆက်ပေးပြီးနောက် ဟာကြူလီက မစ္စရစ်ချ်အား "ဆရာမက လူရုပ်ပုံတွေ ပန်းချီဆွဲတတ်တယ်နော်။ ခဲတံနဲ့ (စက္ကူချ်) ပုံကြမ်းတွေ ခပ်မြန်မြန်ဆွဲနိုင်ပါသလား" ဟု မေးလိုက်ရာ မစ္စရစ်(ချ)က ခေါင်းညိတ်ပြလေသည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မက အပျင်းပြေသဘောနဲ့ လူရုပ်ပုံတွေ ပုံတူဆွဲလေ့ ရှိပါတယ်"

"ဒါဖြင့် ဟန်ကျတာပဲ"

"ဒါဖြင့် ကျုပ်အတွက် ကွယ်လွန်သူ မစ္စပရင်လာရဲ့ ပုံတူတစ်ပုံလောက် ဆွဲပေးစေချင်ပါတယ်"

"ဒါတော့ သိပ်မလွယ်ဘူးရှင့်၊ ကျွန်မက မစ္စပရင်လာနဲ့ သိကျွမ်းခဲ့တာက ခဏလေးသာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မ ကြိုးစားပါ့မယ်"

ပြောပြောဆိုဆို မစ္စရစ်(ချ)သည် စာရွက်တစ်ရွက်ပေါ်တွင် မစ္စပရင်လာ၏ ပုံတူကြမ်း စက္ကူချ်တစ်ပုံကို လျင်မြန်စွာ ရေးဆွဲလေတော့သည်။

စုံထောက် ဟာကြူလီသည် သဘောကျသွားဟန်ဖြင့် စာရွက်တစ်ရွက်ကို လှမ်းယူလိုက်လေသည်။

"တကယ်ကောင်းတဲ့ လက်ရာပါပဲ။ ကိုင်း... နောက်ထပ် ပုံတူတွေ ဆွဲပေးပါဦး။ ဆရာမကြီး မစ္စဘားစထရီ့ရုပ်၊ ပြီးတော့ မစ္စရိုဝင်၊ မစ္စဘလန့်(ချ်) နဲ့ ပန်းခြံအလုပ်သမား အာဒမ်တို့ရဲ့ ပုံတူတစ်ပုံစီ ဆွဲပေးစမ်းပါ"

ဤသို့ ဟာကြူလီက ထပ်ခိုင်းပြန်ရာ မစ္စရစ်(ချ)သည် ဘာမှန်းမသိသော်လည်း နောက်ထပ် ပုံတူလေးပုံကို လျင်မြန်စွာ ရေးဆွဲပေးလေသည်။

ထိုပုံလေးပုံကိုလည်း စုံထောက်ဟာကြူလီက အလွန်သဘောကျသွားလျက် "ခင်ဗျားရဲ့ လက်ရာက တကယ်ကောင်းပါတယ်။ နောက်ထပ် ဆရာမကို ခိုင်းချင်ပါသေးတယ်။ ဒါဟာ ကျုပ်အနေနဲ့ စမ်းသပ်လေ့လာစရာ ရှိလို့ပါပဲ။ ဟောဒီ ဆရာမကြီး မစ္စဘားစထရီ့ရဲ့ ပုံကြမ်းမှာ ဆံပင်ပုံနဲ့ မျက်ခုံးမွေးအနေအထားကို တစ်မျိုးပြုပြင်ပြောင်းလဲလိုက်ပါ" ဟု ပြောလိုက်ပြန်သည်။

မစ္စရစ်(ချ)လည်း စုံထောက်ဟာကြူလီ ဘာကြောင့် ခိုင်းမှန်း မသိသော်လည်း ခိုင်းသည့်အတိုင်း ခဲတံဖြင့် ပြုပြင်ပေးလိုက်သည်။

"ဟုတ်ပြီ၊ ကျုပ်လိုချင်တာ ဒီအတိုင်းပါပဲ။ ကိုင်း ဆရာမ မစ္စရိုဝင်



နဲ့ မစ္စဘလန့်(ချ)တို့ရဲ့ ပုံနှစ်ခုကိုလည်း အခုလိုပဲ ဆံပင်ပုံအနေအထားနဲ့ မျက်ခုံးမွေးကို ပြုပြင်ပြောင်းလဲလိုက်ပါဦး"

မစ္စရစ်(ချ)လည်း လျင်မြန် သွက်လက်စွာ ပုံတူများတွင် ပြုပြင်ဆေးလိုက်ပြီးနောက် စုံထောက် ဟာကြူလီက ဆရာမသုံးဦးပုံများကို တန်းစီ၍ ပြလေသည်။

"ဒီပုံသုံးပုံကို သေသေချာချာ ကြည့်စမ်းပါ။ ဆရာမကြီး မစ္စဘားစထရီ့ကတော့ ဆံပင်ပုံနဲ့ မျက်ခုံးမွေး အနေအထားပြောင်းလိုက်ပေမယ့် ရုပ်က သိပ်ပြီး ပြောင်းမသွားဘူး။ ဒါဟာ သူ့ရဲ့ မျက်နှာပေါက် အနေအထားက ပေါ်လွင်နေလို့ ဖြစ်တယ်။ သို့သော်လည်း ကျန်ဆရာမနှစ်ဦးရဲ့ပုံကို ကြည့်လိုက်ရင် ရုပ်က သိသိသာသာ ပြောင်းသွားတယ်။ တခြားလူရုပ်မျိုး ဖြစ်လာတယ် မဟုတ်လား။ ဥပမာ မစ္စရိုဝင်ရဲ့ပုံဟာ မူလရုပ်နဲ့ မတူတော့ဘူး"

စုံထောက်ဟာကြူလီက ထောက်ပြလိုက်ရာ မစ္စရစ်(ချ)သည် သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်။ ဒါထက် ရှင်က ဒီပုံတွေကို ဘာလုပ်မလို့လဲ"

"ဒီပုံတွေကို ကျုပ်က အသုံးချစရာ ရှိလို့ပါပဲ"

ဟာကြူလီက ပုံတူများကို သိမ်းယူရင်း ခပ်တည်တည်ပြောလိုက်သည်။

❑ ❑ ❑

## ၁၉

စုံထောက်ဟာကြူလီသည် ကျောင်းသူဂျင်နီဖာ၏ မိခင်မစ္စက်ဂျုန်ထံသို့ သွားရောက်တွေ့ဆုံလေသည်။

"ကျွန်မရဲ့ခင်ပွန်း ဟင်နရီကတော့ မရှိဘူးရှင့်။ ခရီးထွက်နေပါတယ်"

ဂျုန်က စုံထောက်ဟာကြူလီ လာရောက်သည်ကို သဘောမကျသလို ပြောလိုက်သည်။ ယခုကိစ္စမျိုးတွင် သူမ၏ ခင်ပွန်းရှိမှသာ ဆွေးနွေးပြောဆိုနိုင်လိမ့်မည်ဟု ယူဆသည့် သဘောမျိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ဟင်နရီ

www.burmeseclassic.com



ဆိုသူက နိုင်ငံခြားနှင့် ဆက်သွယ်ရသည့် အလုပ်လုပ်သူဖြစ်ရာ အာဖရိက၊ တောင်အမေရိကနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ မကြာခဏ ခရီးထွက်ရသူလည်း ဖြစ်ပေသည်။

မစ္စက်ဂျုန်သည် မဲဒိုးဘင်းကျောင်းမှ အဖြစ်အပျက်များကို ဆွေးနွေးချင်ပုံ မရချေ။

"ကျွန်မဖြင့် တော်တော်ပဲ စိတ်ပျက်မိပါတယ်။ ကျွန်မရဲ့သမီးလေး ဂျင်နီဖာ အခုအိမ်မှာ ချောချောမောမော ပြန်ရောက်နေလို့ တော်သေးတယ်။ သူကလည်း တစ်မျိုးပဲရှင့်။ စောစောပိုင်းက မဲဒိုးဘင်းကျောင်းကို မသွားချင်ဘူးလို့ ပြောခဲ့တယ်။ အခုတော့လည်း ကျောင်းကို အလွန်သဘောကျပြီး ကျွန်မက သူ့ကို ပြန်ခေါ်တာကို မကျေမနပ်ဖြစ်နေပြန်တယ်"

"ဟုတ်ကဲ့၊ ဒီကျောင်းက အင်္ဂလန်ပြည်မှာ အကောင်းဆုံး မိန်းကလေးကျောင်းဖြစ်တယ်လို့ ပြောကြပါတယ်"

စုံထောက်ဟာကျူလီက ပြောလိုက်ရာ မစ္စက်ဂျုန်က "တစ်ချိန်ကတော့ ဟုတ်ပါတယ်"ဟု အစိမ့်ဟွယ်တစ်မျိုးနှင့် ပြောလိုက်သည်။

"နောင်ကိုလည်း ဒီကျောင်းက အကောင်းဆုံးကျောင်း ပြန်ဖြစ်လာပါလိမ့်မယ်"

"ရှင်က ထင်သလား"

မစ္စက်ဂျုန်က မဲဒိုးဘင်းကျောင်း၏ အခြေအနေကို သံသယဖြစ်ဟန်နှင့် ပြောလိုက်ပြန်သည်။ သူမသည် စုံထောက်ဟာကျူလီအား အင်္ဂလိပ်လူမျိုးမဟုတ်သော နိုင်ငံခြားသားတစ်ဦးအဖြစ် အထင်ကြီးပုံလည်း မရချေ။ ဟာကျူလီကမူ စိတ်ရှည်ရှည်ထား၍ ဆက်လက်ပြောလေသည်။

"ဒါတော့ဗျာ။ မဲဒိုးဘင်းကျောင်းဟာ အခု လတ်တလော အခိုက်အတန့်မှာ ကံမကောင်းတဲ့ သဘောမျိုးသာ ဖြစ်ပါတယ်"

"ဒါပေမဲ့ရှင့်၊ လူသတ်မှုနှစ်ခု ဆက်တိုက် ဖြစ်ပွားပြီး ကျောင်းသူမိန်းကလေးတစ်ယောက် ပြန်ပေးဆွဲခံရတယ်ဆိုတော့ မိဘတွေအနေနဲ့ ဒီလိုကျောင်းမျိုးမှာ ကိုယ့်သမီးကို ထားချင်ပါတော့မလား"

မစ္စက်ဂျုန်က ဤသို့ပြောလိုက်ရာ ယင်းယူဆချက်က ငြင်း၍မရသော ယူဆချက်မျိုး ဖြစ်နေကြောင်း စုံထောက် ဟာကျူလီက စဉ်းစားမိသဖြင့် တစ်မျိုးလှည့်ပြောရန် ဆုံးဖြတ်လိုက်သည်။

"တကယ်လို့ အဲဒီလူသတ်မှုတွေ ကျူးလွန်တဲ့တရားခံက လူတစ်ယောက်တည်း ဖြစ်နေပြီး ဒီတရားခံကို ဖမ်းမိလိုက်ရင်တော့ အခြေအနေ တစ်မျိုးဖြစ်သွားမယ်မဟုတ်လား"



ဤသို့ ပြောလိုက်ရသော်လည်း မစ္စက်ဂျုန်သည် ဘဝင်ကျပုံ မရသလို သံသယရှိသလို ဖြစ်နေပြန်သည်။

"အင်း... အခြေအနေတစ်မျိုး ဖြစ်ချင်ရင် ဖြစ်လာနိုင်တယ်လို့ ဆိုရမှာပေါ့။ ဒီလူသတ်သမားကလည်း ကျောင်းဆရာမတွေကို လိုက်လျှောက်သတ်နေရသတဲ့လား။ ဘာပဲဖြစ်ဖြစ်လေ အဲဒီလူသတ်သမားကို ရှင်တို့က ဖမ်းမိရင်တော့ အခြေအနေတစ်မျိုး ဖြစ်လာနိုင်တယ်။ ဒီလိုလိုက်လျှောက်သတ်နေတဲ့ လူမျိုးဆိုတာကလည်း များများစားစား ရှိမှာ မဟုတ်ပါဘူး"

"မှန်ပါတယ်"

"နောက်ပြီး ပြန်ပေးဆွဲမှုကလည်း ရှိသေးတယ်ရှင့်။ မိဘအနေနဲ့ ကိုယ့်သမီးလေးကို ပြန်ပေးဆွဲခံရနိုင်တဲ့ ကျောင်းမျိုးမှာ ဘယ်ထားချင်ပါ့မလဲ"

"ဒါလည်း မှန်ပါတယ်။ ခင်ဗျားတွေးခေါ် ယူဆပုံတွေက အားလုံးမှန်ပါတယ်"

စုံထောက်ဟာကျူလီက ပြောလိုက်သောအခါ ဂျုန်သည် သဘောကျသွားပုံရလေသည်။

"ကျွန်မက လေးလေးနက်နက် စဉ်းစားမိတယ်ရှင့်"

"တစ်ခုတော့ ရှိပါတယ်။ ပြန်ပေးဆွဲမှုနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် သိပ်မဖြစ်စေချင်ပါဘူး။ ခင်ဗျားနဲ့ နှစ်ယောက်ချင်းပြောရရင် မင်းသမီးကလေး ရှာအီစတာကိစ္စက ပြန်ပေးဆွဲမှုသက်သက် ဟုတ်မယ်မထင်ဘူးဗျ၊ အချစ်ရေးကိစ္စတစ်ခုနဲ့ ပတ်သက်တယ်လို့ ထင်ရပါတယ်"

"ဟင်... ရှင်က ဘာကိုဆိုလိုတာလဲ။ ကောင်မလေး ယောကျ်ားတစ်ယောက်နဲ့ ထိမ်းမြားလက်ထပ်ဖို့ ထွက်ပြေးသွားတယ်လို့ ဆိုလိုသလား"

"ကျုပ်အနေနဲ့ ဒါထက် ပိုပြီး ပြောခွင့်မရှိပါဘူး။ အခုပြောတာလည်း ခင်ဗျားကို ယုံကြည်လို့ ပြောတာပါ။ ကျောင်းအနေနဲ့ နာမည်ပျက်ပြီး သိက္ခာကျမယ့် အဖြစ်မျိုးဆိုတာ မလိုလားအပ်ဘူး မဟုတ်ပါလား။ ဒါကြောင့် ခင်ဗျားကလည်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ယုံကြည်ပါတယ်"

"ဟုတ်တာပေါ့ရှင်၊ မပြောပါဘူး"

ပြောပြောဆိုဆို မစ္စက်ဂျုန်သည် ရဲတပ်ဖွဲ့ဝင်မှူးကြီးက ဟာကျူလီအား မိတ်ဆက်ပေးလိုက်သည့်စာကို ပြန်ကြည့်ပြီးမှ "ဒါထက် မစ္စတာ ဟာကျူလီရှင့်။ ကျွန်မအနေနဲ့ ရှင့်ရဲ့အလုပ်တာဝန်ကို ကျွန်မက ကောင်းကောင်းနားလည်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ရှင်ဟာ ဝတ္ထုစာအုပ် တွေထဲမှာပါတဲ့ အလွတ်စုံထောက်များလား"

"ကျုပ်က အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးဆိုပါတော့"

ဟာကြူလီက ခပ်တည်တည် ပြန်ပြောလိုက်သည်။

"ဩော်...ဟုတ်လား၊ ရှင်က ကျွန်မသမီး ဂျင်နီဖာနဲ့ စကားပြော ချင်တယ်ဆိုတာ ဘာပြောချင်လို့လဲရှင့်"

"သူ့ရဲ့ထင်မြင်ချက်ကို သိချင်လို့ပါပဲ။ ဂျင်နီဖာက ပတ်ဝန်းကျင်ကို သတိထားပြီး လေ့လာမှတ်သားတတ်တဲ့ မိန်းကလေး မဟုတ်လား"

"ဒါတော့ ကျွန်မအနေနဲ့ မပြောတတ်ဘူးရှင့်။ ဂျင်နီဖာက အရာရာကို တော့ သတိထားမယ် မဟုတ်ဘူး ထင်တယ်။ သူဟာ လက်တွေ့ကျကျ သုံး သပ်တတ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်"

"ဒါဟာလည်း တစ်မျိုးကောင်းတာပါပဲ။ စိတ်ကူးယဉ်ပြီး လုပ်ကြံ ပြောတာထက် ပိုကောင်းပါတယ်"

"ဟုတ်ကဲ့၊ ဂျင်နီဖာကတော့ မဟုတ်ဘဲနဲ့ လုပ်ကြံမပြောတတ်ဘူး"

ပြောရင်းနှင့် ဂျုန်သည် ထိုင်ရာမှ ထပြီး "ဂျင်နီဖာရေ သမီးရေ" ဟု လှမ်းခေါ်လိုက်သည်။

တစ်ဖန် စုံထောက်ဟာကြူလီအနီးသို့ ပြန်လာပြီး ပြောပြန်သည်။

"ရှင်က ကျေးဇူးပြုပြီး ဂျင်နီဖာ နားလည်အောင် ပြောပြစေချင်ပါ တယ်။ ကျွန်မနဲ့ သူ့ဖခင်ဟာ သူ့အတွက် အကောင်းဆုံး ဖြစ်စေချင်တာနဲ့ အရာရာကို စီစဉ်နေတယ်ဆိုတာ သဘောပေါက်အောင် ပြောပေးစမ်းပါရှင်"

ဤသို့ ပြောနေစဉ်မှာပင် ဂျင်နီဖာသည် အခန်းတွင်းသို့ ဝင်လာလေ သည်။ မျက်နှာအမူအရာက မကျေမနပ် ဖြစ်နေပုံရပြီး စုံထောက်ဟာကြူလီ ကိုလည်း မယုံသင်္ကာဟန်ဖြင့် လှမ်းကြည့်လေသည်။

"ဟဲလို ဂျင်နီဖာ၊ ကျုပ်က မိန်းကလေးရဲ့ သူငယ်ချင်း ဂျူလီယာနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ။ ဂျူလီယာကိုယ်တိုင် လန်ဒန်မြို့ ကို လာပြီး ကျုပ်ကို ရှာတယ်"

စုံထောက်ဟာကြူလီက စတင်နှုတ်ဆက်လိုက်ရာ ဂျင်နီဖာသည် အံ့အားသင့်သွားလေသည်။

"ဟင် ဟုတ်လား၊ ဂျူလီယာကိုယ်တိုင် လန်ဒန်မြို့ကို လာသလား ဘာကြောင့် သူက လာရတာလဲ"

"ကျုပ်ဆီက အကြံဉာဏ်တောင်းချင်လို့ပါပဲ"



ထိုစကားကို ဂျင်နီဖာသည် ယုံကြည်ပုံမရသဖြင့် ဟာကြူလီကပင် ဆက်ပြောလေသည်။

"ကျုပ်ကလည်း သူ့ကို အကြံဉာဏ်ပေးနိုင်ခဲ့ပါတယ်။ အခု ဂျူလီယာ ဟာ မဲဒိုးဘင်းကျောင်းမှာ ပြန်ရောက်နေပါပြီ"

"ဒါဖြင့် ဂျူလီယာကို သူ့အန်တီက ကျောင်းက ခေါ်ထုတ်မသွား ဘူးပေါ့"

ဂျင်နီဖာက ဤသို့ပြောရင်း မိခင်ဖြစ်သူအား မကျေမနပ်ဖြစ်ဟန်ဖြင့် လှမ်းကြည့်လိုက်လေသည်။

မိခင်ဂျုန်သည် အလုပ်တစ်ခုခုရှိဟန်ဖြင့် အခန်းတွင်းမှ ထွက်သွားလေ သည်။

ဂျင်နီဖာသည် ရင်ဖွင့်သည့်အနေဖြင့် စုံထောက်ဟာကြူလီအား လှည့် ပြောပြန်လေသည်။

"ကျောင်းကထွက်လာရတော့ ဟိုမှာ ဘာတွေဖြစ်နေတယ် ဆိုတာ မသိတဲ့အတွက် အတော်စိတ်ပျက်ဖို့ ကောင်းပါတယ်။ ကျွန်မက မာမီကို အခုလို ပြန်ခေါ်တာဟာ အဓိပ္ပာယ်မရှိဘူးလို့ အတန်တန်ပြောခဲ့ပါသေးတယ်။ မာမီတို့က ကဲလွန်းပါတယ်။ ကျောင်းမှာ ဘာမှစိုးရိမ်စရာလည်း မရှိပါဘူး။ ကျောင်းသူမိန်းကလေးတွေထဲက အသတ်ခံရတာမှ မဟုတ်ဘဲ"

"လူသတ်မှုတွေနဲ့ ပတ်သက်လို့ မိန်းကလေးက ဘယ်လိုသဘော သလဲ"

စုံထောက်ဟာကြူလီက မေးလိုက်ရာ၊ ဂျင်နီဖာက ခေါင်းခါပြလေ သည်။

"ဒါတော့ ကျွန်မ ဘယ်လိုမှ မပြောတတ်ပါဘူး။ ဒါထက် ဆရာမကြီး ဗူးလ်စထရို့က အခုဆိုရင် ဆရာအသစ်တွေ ထပ်ခန့်ရတော့မှာပေါ့နော်"

"ဟုတ်ပါလိမ့်မယ်။ ဒီမယ် ဂျင်နီဖာ ကျုပ်အနေနဲ့ စိတ်ဝင်စားမိတာ တစ်ခုရှိပါတယ်။ မိန်းကလေးဆီကို မိန်းမတစ်ယောက်လာပြီး တင်းနစ်ရက် ကက်အသစ်နဲ့ အဟောင်းကိုလဲ ယူသွားတဲ့ မိန်းမကို ပြောပြတာပါ။ သူ့ကို မှတ်မိရဲ့လား"

"ဟုတ်ကဲ့ မှတ်မိပါတယ်၊ ထူးဆန်းတာက တင်းနစ်ရက်ကက်အသစ် ကို ဘယ်သူက ပို့ခိုင်းလိုက်မှန်း ဒီနေ့အထိ မသိရဘူး။ ကျွန်မရဲ့အဒေါ် အန်တီဂီနာက ပို့လိုက်တယ်လို့ ထင်ခဲ့မိပေမယ့် သူက ပို့လိုက်တာ မဟုတ်ဘူး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမရဲ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုရှိပါသလဲ"

"ရက်ကက်အသစ်ယူလာတဲ့ မိန်းမကို မေးတာလား။ လူပုံပန်းကို ပြောရတာ ခက်သားပဲ။ သူက အပြာရောင် ဝတ်စုံ ဝတ်ထားပြီး ခေါင်းပေါ်မှာလည်း ဦးထုပ်ဆောင်းထားတယ်"

"အဝတ်အစားကို မေးတာ မဟုတ်ဘူးကွဲ့။ သူ့မျက်နှာပုံပန်းကို မေးတာပါ"

"ဟုတ်ကဲ့၊ မျက်နှာမှာက မိတ်ကပ်အလှပြင်ထားပုံက လိုတာထက် ပိုနေတယ်လို့ အောက်မေ့မိပါတယ်။ ဆံပင်ကတော့ ရွှေဝါရောင် ဖြစ်ပါတယ်။ ကျွန်မကတော့ အမေရိကန် အမျိုးသမီးတစ်ယောက် ဖြစ်မယ်လို့ ထင်မိတယ်"

"သူ့ကို အရင်က မြင်ဖူးသလား"

"ဟင့်အင်း၊ မမြင်ဖူးပါဘူး။ သူက ဒီအရပ်မှာ နေတယ်လို့လည်း မထင်မိပါဘူး။ သူပြောတော့ သူက ဒီမြို့မှာ ညှော်ခံပွဲတစ်ခုရှိလို့ လာတာတဲ့ တာလို့ ပြောပါတယ်"

ဂျင်နီဖာက ပြောလိုက်လျှင် ဟာကြူလီသည် ခေတ္တစဉ်းစားနေလိုက်သည်။

ဤကလေးမသည် အခြားလူများက ပြောသမျှကို အလွယ်တကူ လက်ခံယုံကြည်တတ်သည်ဟုလည်း သုံးသပ်မိလေသည်။

"ဒါပေမဲ့ ဒီအမျိုးသမီးက အမှန်ကို ပြောတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့ကွဲ့"

"ဒီလိုလည်း ဟုတ်မယ်မထင်ဘူးရှင့်"

"ဒီမယ် ဂျင်နီဖာ၊ သေသေချာချာ ပြန်စဉ်းစားကြည့်စမ်းပါ။ ဒီမိန်းမကို တစ်ခါမှ မမြင်ဖူးခဲ့ဘူးဆိုတာ သေချာရဲ့လား။ ဒီလိုကော မဖြစ်နိုင်ဘူးလား။ ကျောင်းသူမိန်းကလေးထဲက သို့မဟုတ် ဆရာမတစ်ယောက်ယောက်က ရုပ်ဖျက်ပြီး အဝတ်အစား တစ်မျိုးပြောင်း ဝတ်လာတာကော မဖြစ်နိုင်ဘူးလား"

"ဘာကို ဆိုလိုတာလဲဟင်"

ဂျင်နီဖာက နားမလည်ဟန်ဖြင့် ပြန်မေးသောအခါ စုံထောက်ဟာကြူလီသည် ပန်းချီပုံတူ ပုံကြမ်းတစ်ခုကို ထုတ်ပြလေသည်။

ဂျင်နီဖာသည် ပုံတူကို ကြည့်ပြီး ပြင်သစ်ဆရာမ ဖြစ်သော မစ္စဘလန်(ချ)၏ ပုံတူဖြစ်ကြောင်း မှတ်မိပုံ မရချေ။



"ဟိုမိန်းမပုံနဲ့ ဒီပုံနဲ့ဆိုရင် နည်းနည်းတော့ ဆင်တယ်၊ ဒါပေမဲ့ ဟုတ်မယ်မထင်ပါဘူး။ ကျွန်မက သူ့မျက်နှာကို သေသေချာချာလည်း မကြည့်လိုက်မိပါဘူး။ သူက အမေရိကန်လူမျိုး သူဌေးမတစ်ယောက်ပါပဲ။ သူက ကျွန်မကို တင်းနစ်ရက်ကက်အသစ်အကြောင်း ပြောပြတာကိုပဲ ဂရုစိုက်နားထောင်နေမိပါတယ်"

သူမသည် တင်းနစ်ရက်ကက်အသစ် ရရှိရေးကိုသာ စိတ်ဝင်စားနေခဲ့ကြောင်း ထင်ရှားသည်ဟု စုံထောက်ဟာကြူလီက စိတ်ထဲမှာ ကောက်ချက်ချလိုက်မိသည်။

"ဒါထက် မိန်းကလေးကို တစ်ခုမေးချင်ပါတယ်။ မဒိုဘင်းကျောင်းမှာ ဟိုရာမတ်ပြည်နယ်တုန်းက တွေ့မြင်ဖူးခဲ့တဲ့ လူတစ်ယောက်ကို မြင်မိပါသလား"

"ဟင် ရာမတ်ပြည်နယ်မှာလား"

ဂျင်နီဖာသည် ခေတ္တ စဉ်းစားနေပြီးနောက် "ဟင့်အင်း ဟိုမှာ မြင်ဖူးခဲ့တဲ့ လူတစ်ယောက်ယောက်ကို ဒီမှာ လာတွေ့ရတယ်လို့ မထင်ပါဘူး" ဟု ပြန်ပြောလေသည်။

စုံထောက်ဟာကြူလီသည် ဂျင်နီဖာ ပြောလိုက်ပုံက တထစ်ချ ပြောပုံမျိုး မဟုတ်သဖြင့် "ဒါပေမဲ့ ဒီလိုမဟုတ်ဘူးဆိုတာ မသေချာဘူးမဟုတ်လား" ဟု ဆက်မေးလိုက်ပြန်သည်။

"ဒါတော့လည်း ပြောရခက်သားပဲရှင့်။ မကြာခဏဆိုသလို ရုပ်ချင်းခပ်ဆင်ဆင်တူတဲ့ လူတွေကို တွေ့ရတတ်တယ် မဟုတ်ပါလား။ နောက်ပြီး တစ်ခါတလေကျတော့လည်း လူချင်း တွေ့ဖူးပေမယ့် နာမည်မမှတ်မိတဲ့ လူတွေနဲ့လည်း ဆုံရတတ်တယ်။ ရုပ်ကိုသာ သိပြီး နာမည်နဲ့ ဘယ်တုံးက ဘယ်မှာ တွေ့ဖူးတယ်ဆိုတာကိုတော့ မမှတ်မိတာမျိုးလည်း ရှိတတ်ပါတယ်"

"မှန်ပါတယ်၊ ဒါမျိုး ကြုံရတတ်ပါတယ်။ ဒါထက် မင်းသမီးကလေး ရာအီစတာကိုတော့ မှတ်မိမှာပေါ့။ သူ့ကို ရာမတ်ပြည်နယ်မှာတုန်းက မြင်ဖူးတယ် မဟုတ်လား"

"ဟုတ်လား၊ ရာအီစတာက ရာမတ်ပြည်နယ်မှာ ရှိခဲ့သလား"

ဂျင်နီဖာက ပြန်မေးလိုက်သည်။

"ရှိနိုင်ပါတယ်။ သူဟာ ရာမတ်ပြည်ကို အုပ်စိုးတဲ့ စော်ဘွားမျိုးနွယ်က ဖြစ်တာမို့ သူ့ကို ရာမတ်ပြည်နယ်မှာတုန်းက မြင်ဖူးချင် မြင်ဖူးလိမ့်မယ်"

"ကျွန်မကတော့ မြင်ဖူးမယ်လို့ မထင်ဘူးရှင့်။ တကယ်လို့ သူက ဟိုမှာရှိနေခဲ့ရင်လည်း လူမြင်ကွင်းမှာလည်း လမ်းလျှောက်သွားနေမှာမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ။ သူတို့တိုင်းပြည်က အမျိုးသမီးတွေက အပြင်ဘက်ထွက်ရင် မျက်နှာဖုံးကို အုပ်လေ့ ရှိတယ်။ နိုင်ငံခြားသွားတဲ့အခါမှသာ မျက်နှာကို ဖော်လေ့ ရှိပါတယ်”

“ကိုင်း ထားပါတော့၊ မဲဒိုးဘင်းကျောင်းမှာ အရင်က မြင်ဖူးတဲ့ တစ်စုံတစ်ယောက်ကိုတော့ မတွေ့ရဘူးပေါ့”

“ဟုတ်ကဲ့ရှင့်။ မတွေ့ပါဘူး၊ နောက်ပြီး သာမန်အားဖြင့် လူတွေနဲ့ မျက်နှာကို သတိထားပြီး ကြည့်လေ့ မရှိပါဘူး။ တစ်ခုပဲ ရှိတာက မစ္စရစ်ချ်လို သာမန်နဲ့မတူတဲ့ အင်္ဂါရုပ်မျိုးရှိသူကိုသာ သတိထား ကြည့်မိတတ်ပါတယ်”

“ဒါထက် မစ္စရစ်(ချ)ကို အရင်က တစ်နေရာရာမှာ မြင်ဖူးပါသလား”

“မမြင်ဖူးပါဘူး။ ကျွန်မ မြင်ဖူးတဲ့ မိန်းမတစ်ယောက်နဲ့ ခပ်ဆင်ဆင် တူပေမယ့် သူ့ထက် ပိုပြီး ဝတယ်ရှင့်”

“ပိုပြီး ဝတယ်လား”

စုံထောက်ဟာကျူလီက တစ်စုံတစ်ခုကို စဉ်းစားမိရင်း ပြန်မေးလိုက်ရာ ဂျင်နီဖာက ပြုံးလိုက်သည်။

“မစ္စရစ်(ချ)က အလွန်ပိန်တော့ သူ့ကို ဝဝပုံမျိုး စဉ်းစားကြည့်လို့တောင် မရပါဘူး။ ဘာပဲဖြစ်ဖြစ်လေ သူကတော့ ရာမတ်ပြည်နယ်မှာ မရှိနိုင်ပါဘူး။ အဲဒီအချိန်က သူဟာ နာမကျန်းဖြစ်လို့ အနားယူနေပါတယ်”

“ကျောင်းသူမိန်းကလေးတွေထဲကကော အရင်က တွေ့ခဲ့ဖူးသူများ ရှိသလား”

“တစ်ယောက်နှစ်ယောက်ပဲ ရှိပါတယ်။ ကျန်တဲ့ မိန်းကလေးတွေကို ကောင်းကောင်းတောင် မရင်းနှီးသေးပါဘူး။ သတိထားပြီးတော့လည်း မကြည့်မိပါဘူး”

“မိန်းကလေးက ဘာမဆို သတိထားပြီး ကြည့်ဖို့ ကောင်းတယ်ကွဲ့”

“ဒါတော့ နေရာတကာမှာ ဘယ်လိုလုပ်ပြီး သတိထားကြည့်နိုင်ပါ့မလဲ။ ဒါထက် မဲဒိုးဘင်းကျောင်းက ဆက်ဖွင့်နေမယ်ဆိုရင် ကျွန်မကျောင်းကို ပြန်သွားချင်ပါတယ်။ အဲဒါကို မာမီကို ပြန်ပြောပေးစမ်းပါလားဟင်။ ဒက်ဒီကလည်း ကျွန်မကို ကျောင်းပြန်လွှတ်ဖို့ သဘောမတူဘူး ထင်ပါတယ်။ ကျွန်မက တင်းနစ်ကစားတာကို ပိုပြီး ကျွမ်းကျင်အောင် လေ့ကျင့်ချင်ပါတယ်”

“စိတ်ချပါကွယ်၊ ကျုပ်လည်း တတ်နိုင်သလောက် ကြိုးစားပေးပါ့မယ်”



ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့သည် မစ္စရစ်(ချ)နှင့် စကားပြော နေလေသည်။

“ကျွန်မအနေနဲ့ မဲဒိုးဘင်းကျောင်းကို အလွန်သဘောကျမိပါတယ်။ ဒီကျောင်းကို ရောက်လာတဲ့အချိန်ကစပြီး သဘောကျမိခဲ့ပါတယ်။ ဒါကြောင့်လည်း အခု ဘာပဲဖြစ်ဖြစ် စိတ်ဓာတ်မကျမိပါဘူး ဆရာမကြီး”

မစ္စရစ်(ချ)က စတင်ပြောလိုက်သည်။

“ကောင်းပါတယ်၊ ဆရာမရဲ့ စိတ်ဓာတ်ကို ချီးကျူးပါတယ်။ ကျုပ်ကိုယ်တိုင်ကလည်း စိတ်အားမလျှော့ဘဲ ကျောင်းကို ဆက်ဖွင့်သွားနိုင်အောင် ရည်ရွယ်ထားပါတယ်။ အစွမ်းကုန် ကြိုးစားဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ ရှိသမျှ အင်အားနဲ့ ကြိုးစားသွားမှာပါပဲ။ နောက်တစ်ခုက တကယ်လို့ ဒီကျောင်းကို ဆက်ပြီး ဖွင့်သွားဖြစ်ရင် ဆရာမအနေနဲ့ အစုစပ်ရှယ်ယာပါဝင်ပြီး လုပ်ကိုင် သွားနိုင်မလား”

ဆရာမကြီး၏ စကားကို မစ္စရစ်(ချ)သည် အံ့အားသင့်သွားလေသည်။

“ဟင်… ကျွန်မက ဒီကျောင်းမှာ အစုစပ်ရှယ်ယာ ပါဝင်ဖို့ကို ပြော တာလား ဆရာမကြီး”

“ဟုတ်ပါတယ်။ ဆရာမကို ပြောတာပါ”

“မဖြစ်နိုင်ဘူး ထင်ပါတယ် ဆရာမကြီး။ ကျွန်မကလည်း အသက် ငယ်သေးတယ်။ အတွေ့အကြုံ ဗဟုသုတကလည်း အလွန်နည်းပါတယ်။ ဆရာမကြီး လိုချင်တာက အတွေ့အကြုံနဲ့ ဗဟုသုတ ကြွယ်ဝတဲ့သူကို လို ချင်တာ မဟုတ်ပါလား”

“ကျုပ် ဘာကိုလိုချင်တယ်ဆိုတာ ဆရာမ စဉ်းစားဖို့ မလိုပါဘူး။ ကိုယ့်ဘာသာကိုယ် သိပါတယ်။ အခုလို ဒီကျောင်းမှာ အစုရှယ်ယာဝင်ဖို့ ကမ်း လှမ်းတာဟာ အကြောင်းရှိပါတယ်။ ဆရာမအဖို့လည်း အကျိုးရှိမှာပါပဲ။ တစ်ခုသိစေချင်တာက မစ္စဗားဆီတတ် ရုတ်တရက် ကွယ်လွန်သွားလေတော့ ရှေ့လျှောက် ဒီကျောင်းကို ဆက်ပြီး ဦးစီးကွပ်ကဲသွားဖို့ ဆရာမကိုပဲ တာဝန် ပေးဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်”

“ဟင်…ဟုတ်လား ဆရာမကြီး”

“ဟုတ်ပါတယ်၊ မူလကတော့ မစ္စဗားဆီတတ်ကို ရည်ရွယ်ခဲ့ပါတယ်။ သူနဲ့တော့ တိတိကျကျ ဘာမှ မစီစဉ်ရသေးပါဘူး။ တခြားဆရာမတွေက လည်း ကျုပ် အငြိမ်းစားယူရင် မစ္စဗားဆီတတ်က ဆက်ခံလိမ့်မယ်လို့ ယူဆ

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ကြတယ်။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်တော့ မစ္စဗာဆီတတ်ကို သဘောမကျသလို ဖြစ်လာမိပြန်တယ်"

"သူက အလွန်သင့်လျော်မယ် မဟုတ်လား ဆရာမကြီး"

"သူက ရှေးဆန်လွန်းတယ်။ ခေတ်နဲ့ လိုက်လျောတဲ့ အယူအဆတွေ မရှိဘူး။ မဲဒိုးဘင်းကျောင်းက မျက်မှောက်ခေတ် မိန်းကလေးတွေအတွက် ကျောင်းဖြစ်လေတော့ ခေတ်မီဖို့ လိုတယ်။ ဆရာမကတော့ အသက်လည်း ငယ်တယ်။ ခေတ်လည်း မီတယ်။ ဒါကြောင့် ဆရာမကို ဒီကျောင်းမှာ ကွပ်ကဲအုပ်ချုပ်သွားစေချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာမကြီး၊ ဒါပေမဲ့ ကျွန်မအနေနဲ့ စဉ်းစားချင်ပါသေးတယ်။ အခုလောလောဆယ် ကျွန်မ ဘယ်လိုအဖြေပေးရမှန်းမသိ ဖြစ်နေပါတယ်"

"ကောင်းပါပြီလေ၊ စဉ်းစားမယ်ဆိုရင်လည်း စဉ်းစားပေါ့"

ဆရာမကြီးက စကားကို အဆုံးသတ်လိုက်သည်။

❑ ❑ ❑

## ၂၀

ကျောင်းအုပ်ဆရာမကြီး၏ အတွင်းရေးမှူး အယ်နီသည် အာဒမ်နှင့် စကား ပြောနေလေသည်။

"မစ္စရစ်(ချ)ဆိုတဲ့ ဆရာမကို ကြည့်စမ်းပါဦးရှင့်။ သူ့ဆံပင်ပုံက ကိုးရိုးကားရားနဲ့ လုံးဝ ကြည့်မကောင်းဘူး။ ဆံပင်ကို ပုံတစ်မျိုး ပြုပြင်ဖို့ ကောင်းတယ်"

"မင်းကိုယ်တိုင်က သူ့ကို ပြောပြဖို့ ကောင်းတယ်"

အာဒမ်က ပြန်ပြောလိုက်သည်။

"ပြောဖို့က မလွယ်ဘူးရှင့်။ ဪ...ဒါထက် ဒီကျောင်းက ဆက်ပြီး ဖွင့်သွားနိုင်မယ် ထင်သလား"

"ဒါတော့ ဘယ်ပြောနိုင်ပါ့မလဲ။ ကျုပ်က အကဲဖြတ်ရအောင် ဘာမို့ လို့လဲ"



"ထင်မြင်ချက်ကိုတော့ ပြောနိုင်တာပေါ့ရှင်။ ကျောင်းအုပ်ဆရာမကြီး ကတော့ ကျောင်းသူတွေရဲ့ မိဘများအပေါ် တော်တော် သြဇာရှိပုံရတယ်"

"တကယ်လို့ ကျောင်းကို ဆက်ဖွင့်သွားမယ်ဆိုရင် မင်းအနေနဲ့ ဒီမှာ ဆက်လုပ်သွားမယ် စိတ်ကူးသလား"

"ဟင့်အင်း၊ ကျွန်မက ကျောင်းမှာ အလုပ်လုပ်ရတာ စိတ်ကုန်ပါပြီ။ နောက်ပြီး ကျွန်မက လူသတ်မှုဖြစ်တာကို သဘောမကျလှဘူး။ ဒါကြောင့် အခု စာသင်နှစ်ပြီးသွားရင် အလုပ်ထွက်ပြီး ဒင်းနစ္စနဲ့ လက်ထပ်လိုက်တော့ မယ် စိတ်ကူးတယ်၊ အေးအေးဆေးဆေးပဲ နေတော့မယ်"

"ဒင်းနစ္စဆိုတာ မင်းတစ်ခါပြောပြဖူးတဲ့ လူငယ်မဟုတ်လား။ သူ့ အလုပ်က ဂျပန်၊ စင်္ကာပူ၊ မလေးရှားနိုင်ငံတွေကို မကြာခဏ ခရီးသွားရ တယ်လို့ သိရတယ်။ သူနဲ့ လက်ထပ်ရင် တစ်နေရာတည်းမှာ အခြေတကျ နေဖို့ လွယ်မှာမဟုတ်ဘူး"

အာဒမ်က ဤသို့ပြောလိုက်ရာ အယ်နီက ရယ်မောလိုက်သည်။

"ကျွန်မက အခြေတကျ နေတော့မယ် ဆိုတာက တစ်နေရာတည်း ဘယ်မှမသွားမလာဘဲ နေတာမျိုးတော့ မဟုတ်ဘူးပေါ့ရှင်"

"ဒါပေမဲ့ အယ်နီရယ်၊ မင်းအနေနဲ့ ဒင်းနစ္စထက်သာတဲ့ ယောကျ်ား တစ်ယောက် ရနိုင်ပါတယ်"

"အလို...ရှင်က သွယ်ဝိုက်ပြီး ချစ်ရေးဆိုတာများလား"

"မဟုတ်ပါဘူးကွာ၊ မင်းက လောကမှာ မျှော်လင့်ချက်အဆင့်အတန်း မြင့်မြင့် ရည်မှန်းထားတဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား။ မင်းက အညတရ ပန်းခြံအလုပ်သမားတစ်ယောက်ကို ဘယ်ယူပါ့မလဲ"

"ကျွန်မက စီအိုင်ဒီစုံထောက်ဌာနက အမှုထမ်းတစ်ယောက်ကို ယူ ရင် ကောင်းမလားလို့ စဉ်းစားမိပါတယ်"

"ကျုပ်က စီအိုင်ဒီစုံထောက်ဌာနက အမှုထမ်းတစ်ယောက် မဟုတ် ပါဘူး."

"မဟုတ်ဘူးပဲ ထားပါတော့လေ။ ဒါထက် ရှာအီစတာဟာ ပြန်ပေး ဆွဲခံရတာ မဟုတ်ဘူးလို့ ကြားတယ်။ ကောင်မလေးက ဂျီနီဖာကို ရောက် သွားပြီလို့လည်း ပြောနေကြတယ်။ သူက ဒီအင်္ဂလန်က ထွက်သွားနိုင်တာဟာ ရှင်တို့လူတွေ ညံ့ဖျင်းလို့ပဲ ဖြစ်ရမယ်"

"ကျုပ်အနေနဲ့ ဒီကိစ္စမှာ ဝေဖန်ပြောဆိုခွင့် မရှိဘူး"

"ဟုတ်ပါတယ်လေ၊ ရှင်က ဘာမှသိတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မစ္စတာဟာကြူလီရဲ့ စိတ်ကူးဉာဏ်ကိုတော့ ချီးကျူးရလိမ့်မယ်"

"မစ္စတာဟာကြူလီဆိုတဲ့ လူက ဂျူလီယာကို ကျောင်းပြန်ခေါ်လာတဲ့ လူကြီးကို ပြောတာ မဟုတ်လား"

"ဟုတ်တယ်၊ သူကပြောတော့ သူဟာ အတိုင်ပင်ခံစုံထောက်တစ်ဦးလို့ ဆိုတယ်"

"ဟာ... ဒီလူကြီးက စိတ်ကူးဉာဏ် အတွေးအခေါ် ခေတ်မီပုံမရပါဘူး။ ခေတ်နောက်ကျနေပြီလို့ ထင်မိတယ်ရှင့်"

"သူ့ရဲ့ လုပ်နည်းလုပ်ဟန်တွေကို ကျုပ်ဖြင့် နားမလည်နိုင်ဘူး။ သူက ကျုပ်ရဲ့အမေကိုလည်း သွားတွေ့ဆုံတယ်လို့ သိရတယ်"

"ဟင်... ဘာကြောင့် ရှင့်အမေကို သွားတွေ့ရတာလဲ"

"မပြောတတ်ဘူး၊ ပြီးတော့ သူဟာ ဂျင်နီဖာရဲ့ မိခင်ကိုလည်း သွားတွေ့ဆုံခဲ့သတဲ့"

"ဒါဖြင့် မစ္စရစ်(ချ)ရဲ့ အမေကို သွားတွေ့သေးသလား"

အယ်နီက ရယ်စရာလုပ်ပြောလိုက်သည်။

"မစ္စရစ် (ချ)ရဲ့အမေက မရှိဘူးကွ"

"မစ္စချက်ဒစ်မှာတော့ အမေရှိတယ်ရှင့်။ အဘွားကြီးက အသက်ရှစ်ဆယ်လောက် ရှိပြီလို့ ပြောတယ်။ မစ္စချက်ဒစ်ကိုယ်တိုင်ကလည်း ကြည့်ရတာ အတော့်ကို အိုနေပြီနော်။ ဟော...ပြောရင်းဆိုရင်း မစ္စချက်ဒစ်က ကျွန်မတို့ကို စကားပြောရအောင် လာနေပြီ"

အယ်နီက ပြောလိုက်သဖြင့် အာဒမ်လည်း မော်ကြည့်လိုက်သည်။

"အင်း ဟုတ်တယ်၊ ဒီဆရာမကြည့်ရတာ အခုတလော ပိုပြီး အိုလာသလိုပဲ"

"ဟုတ်တယ်ရှင့်၊ သူက ဒီကျောင်းအပေါ် သိပ်ပြီး သံယောဇဉ်ကြီးရှာတယ်။ အခု ကျောင်းမှာ ပြဿနာတွေ ဖြစ်နေတာကို သူ့စိတ်ထဲက အလွန်ထိခိုက်ပုံ ရတယ်"

အယ်နီက ပြောလိုက်စဉ်မှာပင် မစ္စချက်ဒစ်သည် သူတို့အနီးသို့ ရောက်လာလေသည်။ သူမသည် အာဒမ်ရှိရာသို့ ချဉ်းကပ်လာလေသည်။

"ဆရာမကြီး မစ္စဘားထရိုနဲ့ ခဏလာတွေ့ပါဦး။ ဆရာမကြီးက ပန်းခြံနဲ့ ပတ်သက်ပြီး မောင်ရင့်ကို ညွှန်ကြားချက် ပေးစရာရှိတယ်"



မစ္စချက်ဒစ်က ပြောလိုက်လျှင် အာဒမ်က "ကျွန်တော်က ပန်းခြံမှာ အလုပ်အပြီးသတ်စရာ နည်းနည်း ရှိပါသေးတယ်။ ပြီးတော့ သွားတွေ့ပါမယ်" ဟု ပြောကာ သူ၏ကိရိယာတန်ဆာပလာများကို ကောက်ယူပြီး လျှောက်ထွက်သွားလေသည်။

မစ္စချက်ဒစ်နှင့် အယ်နီတို့က ကျောင်းအဆောက်အအုံဘက်ဆီသို့ ပြန်လျှောက်သွားကြလေသည်။

"အခုတလော ဒီကျောင်းဟာ အလွန်တိတ်ဆိတ် ခြောက်သွေ့နေတာပဲနော်၊ ပွဲကြည့်ပရိသတ်မရှိတဲ့ ဇာတ်ရုံကြီးတစ်ရုံလို ဖြစ်နေတယ်"

အယ်နီက စကားစပြောလိုက်သည်။

"ဟုတ်ပါတယ်၊ အလွန်စိတ်ပျက်ဖို့ ကောင်းတယ်။ မဲဒိုးဘင်းကျောင်းမှာ ဒီလိုဖြစ်ပျက်ရတာဟာ တကယ်ဆိုးတာပဲ။ နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်ခဲ့ရသမျှ အခုတော့ ပျက်စီးရမလို ဖြစ်နေပြီ။ ဒါကို စဉ်းစားပြီး ညက အိပ်လို့တောင် မရဘူး"

မစ္စချက်ဒစ်က ညည်းညူသလို ပြောလိုက်ရာ အယ်နီလည်း စိတ်မကောင်း ဖြစ်သွားမိလေသည်။

"နောက်ပိုင်း အခြေအနေ ပြန်ကောင်းသွားနိုင်ပါတယ် ဆရာမရယ်။ တဖြည်းဖြည်းနဲ့ လူတွေက ဘာမဆို မေ့သွားတတ်တယ် မဟုတ်ပါလား"

"မေ့တယ်ဆိုပေမယ့် အခုလိုကိစ္စမျိုးကို ခဏနဲ့တော့ မေ့ကြမှာ မဟုတ်ဘူး"

မစ္စချက်ဒစ်က ဤသို့ ပြောလိုက်သည်ကို အယ်နီက ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။ သူမ၏ စိတ်ထဲတွင်လည်း မစ္စချက်ဒစ်ကဲ့သို့ပင် စိုးရိမ်နေမိလေသည်။

❒

မစ္စဘာလန့်(ချ)သည် သင်တန်းတစ်ခု၌ ပြင်သစ်ဘာသာသင်ကြားပို့ချပြီးနောက် စာသင်ခန်းထဲမှ ထွက်ခွာလာသည်။ သူ၏လက်ပတ်နာရီကို ကြည့်လိုက်သည်။ သူမအနေဖြင့် လုပ်စရာရှိသည်တို့ကို လုပ်ရန် အချိန်များစွာ ရသည်ဟု တွေးလိုက်မိသည်။ ယခုအခါ ကျောင်းသူမိန်းကလေး အလွန်နည်းနေသဖြင့် ဆရာမများအနေဖြင့် အားလပ်ချိန် အတော်များများ ရရှိနေပေသည်။

မစ္စဘာလန့်(ချ)သည် သူမ၏ အခန်းသို့ တက်သွားပြီး ဦးထုပ်တစ်လုံး ဆောင်းလိုက်သည်။ သူမသည် သွားလာသည့်အခါ ဦးထုပ်ဆောင်းလေ့ရှိသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ဆောင်းပြီးနောက် သူ့ကိုယ်သူ မှန်ထဲကြည့်ရင်း ကျေနပ်သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။ သူမ၏ အင်္ဂါရုပ်သည် သာမန် သူလို ငါလိုအသွင်မျိုး ဖြစ်နေ၍ မည်သူကမှ အထူးတလည် ဂရုစိုက်ကြည့်တတ်သော ရုပ်မျိုး မဟုတ်သောကြောင့် အခြေအနေက ပို၍ ကောင်းနေပေသည်။

စင်စစ်အားဖြင့် မစ္စဘလန့်(ချ)သည် ကွယ်လွန်သွားပြီ ဖြစ်သော သူ၏ညီမ အင်ဂျီလီအတွက် စာရွက်စာတမ်းများကို အသုံးပြုကာ ညီမဟန်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။ အင်ဂျီလီက အသင်အပြကောင်းသော ဆရာမတစ်ဦး ဖြစ်ခဲ့သည်။

အင်ဂျီလီ ကွယ်လွန်သွားပြီးနောက် သူမ၏ ထောက်ခံချက်စာရွက်စာတမ်းများကို အသုံးချရန် မစ္စဘလန့်(ချ)က စိတ်ကူးရခဲ့ခြင်းပင် ဖြစ်သည်။ ယင်းသို့ အသုံးချခဲ့ခြင်းအားဖြင့် မိမိအတွက် များစွာ အကျိုးရှိလာနိုင်သည်ဟုလည်း မစ္စဘလန့်(ချ)က စဉ်းစားမိပြီး ရှေ့အဖို့ မိမိဘဝသည် အလွန်သာယာပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလာတော့မည်ဟုလည်း စိတ်ကူးယဉ်မိလေသည်။

သူမသည် လက်ကိုင်အိတ်ကို ကောက်ယူပြီးနောက် အခန်းတွင်းမှ ထွက်ကာ အပြင်ဘက်စင်္ကြံအတိုင်း လျှောက်လာလေသည်။ စင်္ကြံတစ်နေရာတွင် အမျိုးသမီးတစ်ဦးက ကြမ်းပြင်တွင် ဒူးထောက်၍ သန့်ရှင်းရေး အလုပ်လုပ်နေပုံရသည်ကို မစ္စဘလန့်(ချ)က မြင်မိလေသည်။ သူမ၏ စိတ်ထဲတွင်ကား ဤအမျိုးသမီးသည် ရဲစုံထောက်အမျိုးသမီး ဖြစ်ပြီး ဤကျောင်းသို့ လာရောက်စုံစမ်းထောက်လှမ်းနေခြင်း ဖြစ်ရမည်ဟု တွက်လိုက်မိသည်။ မစ္စဘလန့်(ချ)သည် အလွန်အကင်းပါးသူ တစ်ဦးဖြစ်၍ ဣန္ဒြေမပျက် ဆက်လျှောက်သွားပြီး ကျောင်းအပြင်ဘက်သို့ ထွက်သွားလေသည်။ အပြင်ဘက်သို့ ရောက်သောအခါ မလှမ်းမကမ်းရှိ ဘတ်စ်ကားမှတ်တိုင်သို့ သွား၍ ရပ်စောင့်နေလိုက်သည်။ ထိုနေရာသို့ ဘတ်စ်ကားတစ်စီး မကြာမီ ရောက်လာတော့မည်ဟု သူမက သိထားပြီး ဖြစ်လေသည်။

ထိုအချိန်၌ ပတ်ဝန်းကျင်တွင် လူသူပရိသတ် အနည်းငယ်မျှသာ ရှိလေသည်။ မလှမ်းမကမ်းတွင် မော်တော်ကားတစ်စီး ရပ်ထားပြီး လူတစ်ယောက်က စက်ဖုံးကို ဖွင့်ကာ မော်တော်ကားကို ပြင်နေဟန် တူလေသည်။ တစ်နေရာတွင် စက်ဘီးတစ်စီးနှင့် လူတစ်ယောက်လည်း ရှိနေသည်။ ဘတ်စ်ကားမှတ်တိုင်တွင်လည်း လူတစ်ယောက်က ဘတ်စ်ကားကို စောင့်နေလေသည်။



မစ္စဘလန့်(ချ)သည် လူသုံးဦးစလုံးက မိမိနောက်သို့ ခြေရာခံလိုက်ခြင်း အတွက် စောင့်နေကြခြင်း ဖြစ်သည်ဟု တထစ်ချ တွက်လိုက်မိသည်။ သို့သော် သူမသည် စိုးရိမ်ကြောင့်ကြခြင်း လုံးဝ မဖြစ်ချေ။

မကြာမီ ဘတ်စ်ကား ရောက်လာရာ မစ္စဘလန့်(ချ)သည် ဘတ်စ်ကား ပေါ် တက်လိုက်သွားလေသည်။ နာရီဝက်ခန့် ကြာသောအခါ မြို့လယ်ရှိ မှတ်တိုင်တစ်တိုင်တွင် သူမသည် ကားပေါ်မှ ဆင်းလိုက်သည်။ နောက်မှ တစ်စုံတစ်ယောက် ခြေရာခံလိုက်လာလေသလောဟု ဂရုမစိုက်ဘဲ နောက်သို့ပင် လှည့်မကြည့်ချေ။

သူမသည် ကုန်ပစ္စည်းမျိုးစုံရောင်းသော ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်သို့ သွားရောက်ပြီး အပြင်ဘက်တွင် ခေတ္တရပ်၍ ကုန်ပစ္စည်းများကို ကြည့်နေလိုက်သည်။

ခဏမျှအကြာတွင် သူမသည် ဆိုင်တွင်းသို့ ဝင်သွားပြီး ပစ္စည်းတစ်ခုနှစ်ခု ဝယ်ယူလိုက်သည်။ ထို့နောက် ဆိုင်အပေါ်ထပ်သို့ တက်သွားပြီး အမျိုးသမီးများ အနားယူသည့် သီးသန့်အခန်းတစ်ခန်းတွင်းသို့ ဝင်လိုက်သည်။ ထိုအခန်းတွင်း၌ စာရေးစားပွဲတစ်လုံးနှင့် ကုလားထိုင်များ ရှိသည့်ပြင် တယ်လီဖုန်းလည်း ရှိလေသည်။ ထိုအချိန်၌ အခန်းထဲတွင် မည်သူမှ မရှိချေ။

မစ္စဘလန့်(ချ) သည် တယ်လီဖုန်းဖြင့် နံပါတ်တစ်ခုသို့ ဆက်လိုက်ပြီး တစ်ဖက်မှ တစ်စုံတစ်ယောက်က ပြန်ဖြေသံကို ကြားရလျှင် စကားကို ခပ်မှန်မှန်ပြောလေသည်။

"ဒီမယ် မစ္စဘလန့်(ချ)စကားပြောနေတယ်။ ရှင့်ကို သတိပေးမလို့ ဆက်တာပဲ၊ ရှင်ပေးစရာရှိတဲ့ ငွေကို မနက်ဖြန်ညနေ မတိုင်မီ ပေးရလိမ့်မယ်။ နက်ဖြန်ညနေနော်။ အဲဒါ မမေ့ပါနဲ့။ ငွေကို လန်ဒန်မြို့က နေရှင်နယ်ဘဏ်တိုက်မှာရှိတဲ့ ကျွန်မနာမည်နဲ့ ငွေစာရင်းထဲကို သွင်းလိုက်ရမယ်"

ဤတွင် မစ္စဘလန့်(ချ)သည် ငွေပမာဏကို ပြောလိုက်ပြီးနောက် "အဲဒီငွေကို နက်ဖြန်ညနေ နောက်ဆုံးထားပြီး ကျွန်မရဲ့ စာရင်းထဲရောက်အောင် မသွင်းရင်တော့ လွန်ခဲ့တဲ့ (၁၂) ရက်ညက ကျွန်မ မြင်ခဲ့သိခဲ့တာတွေကို သက်ဆိုင်ရာကို အသိပေးလိုက်ရလိမ့်မယ်။ ကိစ္စကတော့ မစ္စစပရင်လာဆိုတဲ့ ဆရာမနဲ့ ပတ်သက်တယ်။ အဲဒါကို သတိထားပါ။ အခု ရှင့်အဖို့ အချိန်က နှစ်ဆယ့်လေးနာရီလောက်ပဲ ရှိတော့တယ်" ဟု ဆက်ပြော၍ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အမျိုးသမီးတစ်ဦးသည် အခန်းတွင်းသို့ ဝင်လာလေသည်။ ထိုအမျိုးသမီးသည် ဈေးဝယ်လာသူတစ်ဦး ဖြစ်နိုင်သလို ဈေးဝယ်သူမဟုတ်ဘဲ ပြင်ပမှ ယခုမှ ဝင်လာသူလည်း ဖြစ်နိုင်ပေသည်။ မိမိတယ်လီဖုန်းစကားပြောနေသည်ကို နားစွန်နားဖျားများ ကြားသွားလေသလား ဟူ၍ကား မပြောတတ်ပေ။

မစ္စဘလန့်(ချ)သည် အောက်ထပ်သို့ ဆင်းလာပြီး ဆိုင်တွင်းရှိ ပစ္စည်းများကို ခေတ္တ လျှောက်ကြည့်နေလေသည်။ ခဏမျှကြာလျှင် သူမသည် အပြင်ဘက်သို့ ထွက်၍ ဘတ်စ်ကားတစ်စီးဖြင့် မဲဒိုးဘင်ကျောင်းသို့ ပြန်လာခဲ့လေသည်။ သူ့ကိုယ်သူ ကျေနပ်ဟန်ဖြင့် တစ်ယောက်တည်း ပြုံးနေမိလိုက်သည်။

ကျောင်းသို့ ပြန်ရောက်ပြီး ဝင်းဝမှ လျှောက်ဝင်လာစဉ် သူမသည် အခြေအနေကို ပြန်လည် စဉ်းစားရင်း သူ့ကိုယ်သူ ကျေနပ်မိလေသည်။ တောင်းလိုက်သော ငွေပမာဏကလည်း မများလွန်းလှသဖြင့် သက်ဆိုင်သူအဖို့ ရှာဖွေရန် ခက်ခဲလှမည် မဟုတ်ချေ။ သို့သော် ထိုငွေသည် မိမိ၏ အနာဂတ်ဘဝတွင် အလွန်အသုံးဝင်မည် ဖြစ်ပေသည်။

မစ္စဘလန့်(ချ)သည် သူ့ကိုယ်သူ အပြစ်ရှိသလို လိပ်ပြာမလုံသလို လုံးဝ မဖြစ်မိချေ။ သူမအနေဖြင့် မြင်ခဲ့သိခဲ့သော အကြောင်းအရာများကို ရဲတပ်ဖွဲ့သို့ အကြောင်းကြား သတင်းပေးရန် တာဝန်မရှိဟုလည်း ယူဆလေသည်။ သူမကိုယ်တိုင်က သေသူ မစ္စစပရင်လာအား ခင်မင်ခြင်းမရှိရုံမက မုန်းတီးခဲ့မိသည်။ မစ္စစပရင်လာသည် နေရာတကာတွင် ဝင်ရောက် စပ်စုတတ်သူ ဖြစ်၍ မုန်းစရာကောင်းသည် မဟုတ်ပါလား။

မစ္စဘလန့်(ချ)သည် ရေကူးကန်အနီးသို့ သွား၍ ခေတ္တကြည့်နေလိုက်သည်။ ထိုအချိန်၌ မစ္စရစ်(ချ)က ရေကူးနေရာ ရေကူးကန်အတွင်း ဒိုင်ဗင်ထိုး၍ ဆင်းသွားသည်ကို မြင်ရလေသည်။ မကြာမီပင် ကျောင်းအုပ်ဆရာမကြီး၏ အတွင်းရေးမှူး အယ်နီရောက်လာပြီး သူမသည်လည်း ရေကူးကန်အတွင်းသို့ ဒိုင်ဗင်ထိုးဆင်းကာ ရေကူးနေလေသည်။

မကြာမီ ခေါင်းလောင်းထိုးသံ ကြားရသဖြင့် မစ္စဘလန့်(ချ)သည် သူမ စာသင်ကြားပို့ချရမည့် အချိန်ရောက်နေကြောင်း သတိရကာ စာသင်ခန်းတစ်ခန်းသို့ သွားလေသည်။ သူမသည် စာသင်ကြားပို့ချရခြင်းအလုပ်ကို အလွန်စိတ်ပျက်ပြီး ငြီးငွေ့သူဖြစ်သည်။ သို့သော် ဤအလုပ်ကို သူမသည် ကြာရှည် လုပ်ရတော့မည် မဟုတ်ချေ။ မကြာမီ သူမအနေဖြင့် လုံးဝ စာမသင်ရတော့ဘဲ အေးချမ်းစွာ နေရတော့မည် မဟုတ်ပါလော။



ညနေစာ စားချိန်နီးသောအခါ မစ္စဘလန့်(ချ) သည် သူမ၏ အိပ်ခန်းသို့ သွား၍ အဝတ်အစားလဲရင်း မျက်နှာကို အလှပြုပြင်လေသည်။ ထူးခြားချက်တစ်ခုကား အခန်းနံရံတွင် ချိတ်ထားလေ့ရှိသော ကုတ်အင်္ကျီရှည်ကြီးသည် ကုလားထိုင်တစ်လုံးတွင် ဖြန့်ချိတ်လျက် ရှိသည်ကို တွေ့ရခြင်းပင် ဖြစ်သည်။ သို့သော် သူမသည် သူမကိုယ်တိုင် ကုလားထိုင်ပေါ် ဖြန့်မိခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ထင်ကာ ဆက်လက် အလှပြင်နေလေသည်။

ဖြစ်ပျက်ပုံက လျင်မြန်လွန်းလှသဖြင့် မစ္စဘလန့်(ချ)က အော်အားသင့် တုန်လှုပ်သွားလေသည်။ သို့သော်လည်း ဘာမျှမတတ်နိုင်ချေ။ ကုတ်အင်္ကျီဖြန့်တင်ထားသော ကုလားထိုင်နောက်တွင် ပုန်းနေသော တစ်စုံတစ်ယောက်၏ လက်သည် လျင်မြန်စွာ လှုပ်ရှားလိုက်လေသည်။ လက်ထဲတွင် အသင့်ကိုင်ထားသော သဲအိတ်ကြီးဖြင့် မစ္စဘလန့်(ချ)၏ ဦးခေါင်းနောက်သို့ တအားပစ်ရိုက်ချလိုက်လေသည်။

❑ ❑ ❑

## ၂၁

တူရကီနိုင်ငံ အာနာတိုလီယာ ပြည်နယ်သို့ ရောက်နေသူ မစ္စက်အတ်ဂျွန်ကျောင်းသူ ဂျူလီယာ၏မိခင်သည် လေ့လာရေးခရီးထွက်ရင်း တူရကီလူမျိုး အမျိုးသမီးကြီးတစ်ဦးနှင့် စကားပြောနေလေသည်။

ထိုအမျိုးသမီးကြီးမှာ အင်္ဂလိပ်စကားမပြောတတ်ဘဲ ပြင်သစ်ဘာသာဖြင့်သာ စကားပြောနေရာ မစ္စက်အတ်ဂျွန်ကလည်း ပြင်သစ်စကား မတတ်တတတ်နှင့် ကြံဖန် ကြိုးစားပြောနေရလေသည်။ အမျိုးသမီးကြီးက သူမတွင် သားသမီးကိုးယောက်ရှိပြီး ရှစ်ယောက်က ယောကျ်ားကလေးများဖြစ်ကြောင်း ပြောပြီးနောက် မစ္စက်အတ်ဂျွန်တွင် သားသမီးမည်မျှရှိ ပါသနည်းဟု မေးလေသည်။

www.burmeseclassic.com



"သမီးတစ်ယောက် ရှိပါတယ်"

"သားယောကျ်ားကော"

မစ္စက်အတ်ဂျွန်က လက်ငါးချောင်းထောင်ပြပြီး ပြင်သစ်ဘာသာ စကားဖြင့် "ငါးယောက်" ဟု ပြောလိုက်ရာ တူရကီအမျိုးသမီးကြီးသည် သဘောကျသွားလေသည်။

သူတို့ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားပေါ်မှ အခြားခရီးသည်များသည် မိမိတို့ ယူဆောင်လာသော စားသောက်ဖွယ်ရာများကို စားသောက်နေကြလေသည်။ ထိုအချိန်၌ ဘတ်စ်ကားသည် စက်ချို့ယွင်းသဖြင့် ကားကို ရပ်ပြီး ယာဉ်မောင်းသူ ဒရိုင်ဘာနှင့် သူ၏ အဖော်တစ်ယောက်တို့က စက်ဖုံးဖွင့်ပြီး ကြိုးစား ပြင်ဆင်နေကြလေသည်။

သူတို့ လေ့လာရေးခရီးထွက်လာကြသည့် လမ်းမှာ တောင်ပေါ်လမ်းတစ်လမ်းဖြစ်ရာ အလွန်ကြမ်းပြီး အခြေအနေ ဆိုးလှပေသည်။ အရေးထဲ လမ်းနှစ်နေရာတွင် ရေလျှံနေခြင်းကြောင့် ဘတ်စ်ကားကို အခြားလမ်းတစ်လမ်းမှ ကွေ့၍ မောင်းခဲ့ရလေသည်။ တစ်နေရာတွင် တောင်ကျရေလွှမ်းနေသော လမ်းတစ်လမ်း၏ သူတို့၏ ဘတ်စ်ကားသည် ရေကျချိန်အထိ ခုနစ်နာရီခန့် စောင့်နေခဲ့ရလေသည်။

မစ္စက်အတ်ဂျွန်သည် ခရီးအဆင်မပြေသည့်ကြားမှ တူရကီအမျိုးသမီးကြီး စကားအဆက်မပြတ် ပြောနေခြင်းကြောင့် အလွန်စိတ်ပျက်နေမိရင်း မျက်လုံးကို လုံးဝ မှိတ်ထားလိုက်လေသည်။

"မစ္စက်အတ်ဂျွန်ခင်ဗျား"

တစ်စုံတစ်ယောက် လှမ်းခေါ်သံ ကြားရသဖြင့် မစ္စက်အတ်ဂျွန်သည် မျက်လုံးဖွင့်ကြည့်လိုက်ရာ မီးခိုးရောင်ဝတ်စုံ ဝတ်ထားသူ သူစိမ်းတစ်ယောက်ကို မြင်ရလေသည်။ ထိုသူသည် မော်တော်ကားတစ်စီးဖြင့် လာဟန်တူပြီး သူ၏ ကားက မလှမ်းမကမ်းတွင် ရပ်ထားလေသည်။

မစ္စက်အတ်ဂျွန်သည် အံ့အားသင့်နေမိစဉ် ထိုလူက စတင်စကားပြောလေသည်။

"ကျွန်တော်က အင်ကာရာမြို့တော် ဗြိတိသျှကောင်စစ်ဝန်ရုံးက ဖြစ်ပါတယ်။ ကျွန်တော်တို့က မစ္စက်အတ်ဂျွန်ကို ဆက်သွယ်ဖို့ ကြိုးစားနေတာ နှစ်ရက်သုံးရက် ရှိနေပါပြီ။ လမ်းတွေက အဆက်အသွယ် ပြတ်နေလို့ အခု မှပဲ ဒီကို ရောက်လာတော့တယ်ခင်ဗျ"



"ဟင်... ဟုတ်လား၊ ဘာကြောင့် ကျွန်မကို ဆက်သွယ်ဖို့ ကြိုးစားတာလဲရှင့်။ ကျွန်မ သမီးကလေး ဂျူလီယာများ တစ်ခုခုဖြစ်လို့များလား ဟင်"

မစ္စက်အတ်ဂျွန်က သမီးအတွက် စိုးရိမ်ပူပန်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"မဟုတ်ပါဘူးခင်ဗျ။ ဂျူလီယာက ဘာမှမဖြစ်ပါဘူး။ သူတို့ရဲ့ မဲဒိုးဘင်းကျောင်းမှာ ပြဿနာတစ်ခု ဖြစ်ခဲ့ပါတယ်။ အခု ကျွန်တော်တို့က ခင်ဗျားကို အင်္ဂလန်ပြည်ကို အမြန်ပြန်ရောက်အောင် ပို့ပေးဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ကားနဲ့ အင်ကာရာမြို့ကို ပြန်လိုက်ခဲ့ပါ။ ဟိုရောက်ပြီး တစ်နာရီလောက်ကြာရင် ခင်ဗျား အင်္ဂလန်ပြည်ကို လေယာဉ်နဲ့ သွားဖို့ ဆက်စီစဉ်ပေးပါမယ်။ ဒါထက် ကျွန်တော့်နာမည် အက်ကင်ဆင်လို့ ခေါ်ပါတယ်"

အက်ကင်ဆင်ဆိုသူက ပြောလိုက်ရာ မစ္စက်အတ်ဂျွန်သည် လေ့လာရေးခရီး မဆက်တော့ဘဲ ပြန်လိုက်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

"ကောင်းပါပြီလေ။ ကျွန်မ လိုက်ခဲ့ပါမယ်။ ရှင်က တစ်ခုတော့ ကူညီရပါလိမ့်မယ်။ ဘတ်စ်ကားခေါင်မိုးပေါ်က ကျွန်မရဲ့အိတ်တစ်လုံးကို ချပေးစမ်းပါ။ နက်ပြာရောင်အိတ် ဖြစ်ပါတယ်"

ဤသို့ပြောပြီး တူရကီ အမျိုးသမီးဘက်သို့ လှည့်၍ "ကိုင်း...ကျွန်မ ဆက်ပြီး မလိုက်နိုင်တော့ဘူး။ ဒီကပဲ လှည့်ပြန်ရတော့မှာမို့ နှုတ်ဆက်ပါတယ်" ဟု ပြောလိုက်လေသည်။

သူမသည် ဗြိတိသျှကောင်စစ်ဝန်ရုံးမှ အက်ကင်ဆင်ဆိုသူအား နောက်ထပ် မေးခွန်းတွေ မေးမနေတော့ဘဲ ဘတ်စ်ကားပေါ်မှ ဆင်းကာ အက်ကင်ဆင်နှင့်အတူ လိုက်ပြန်ရန် အသင့်ပြင်ဆင်နေလေတော့သည်။

အက်ကင်ဆင်လည်း မစ္စက်အတ်ဂျွန်ကို အကဲခတ်ကြည့်ပြီး ဤအမျိုးသမီးသည် ဉာဏ်အမြော်အမြင်ကြီးသူတစ်ယောက် ဖြစ်သည်ပါတကားဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိလေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိ့သည် စာသင်ခန်းတစ်ခန်းထဲတွင် စုရုံးရောက်ရှိနေသော လူများကို အကဲခတ်ကြည့်နေလေသည်။ ကျောင်းဆရာမများဖြစ်သော မစ္စချက်ဒစ်၊ မစ္စဂျွန်ဆင်၊ မစ္စရစ်(ချ)နှင့် အသက်ငယ်ငယ်ဆရာမနှစ်ဦးတို့ စုံညီစွာ ရောက်ရှိနေကြပြီ ဖြစ်သည်။ အတွင်းရေးမှူး အယ်နီက ဆရာမကြီးအနေဖြင့် လိုအပ်လျှင် မှတ်တမ်းရေးနိုင်ရန် မှတ်စုစာအုပ်နှင့် ခဲတံကို အသင့်ကိုင်ကာ ထိုင်နေလေသည်။

ဆရာမကြီး၏ ဘေးနားတွင်ကား ရဲမှူးကယ်လ်ဆီနှင့် စုံထောက်ဟာကျူလီတို့ ရှိနေကြသည်။ အာဒမ်သည်လည်း မလှမ်းမကမ်းတွင် ထိုင်နေလေသည်။

လူစုံနေပြီဖြစ်၍ ဆရာမကြီးက စတင် စကားပြောလေသည်။

"အခုလို ဆရာမတွေကို စုရုံးခေါ်ယူရတဲ့ အကြောင်းက အားလုံးဟာ ဒီကျောင်းရဲ့ အနာဂတ်ကံကြမ္မာကို စိတ်ဝင်စားတဲ့ လူတွေချည်းဖြစ်တာမို့ အမှုစုံစမ်းစစ်ဆေးတဲ့ အခြေအနေကို သိစေချင်လို့ပဲ ဖြစ်ပါတယ်။ ဟောဒီက စုံထောက်ကြီး ဟာကျူလီဟာ နိုင်ငံတကာ အဆင့်အတန်းရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံက အရေးပါတဲ့ အကူအညီကို ရယူနိုင်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ သူကိုယ်တိုင် အစီရင်ခံပါလိမ့်မယ်။ ရဲမှူးကြီးကယ်လ်ဆီကလည်း ဆရာမကြီးကို အချက်အလက် အတော်များများ ပြောပြခဲ့ပါတယ်။ အမှုစုံစမ်းဆေးတာ ဆုံးခန်းတိုင်တော့ မရောက်သေးပါဘူး။ ဒါပေမဲ့ အခုလောလောဆယ် ဘယ်အခြေအနေကို ရောက်ရှိနေပြီဆိုတာ ဆရာမတွေအနေနဲ့ သိထားသင့်တယ်လို့ ယူဆတဲ့အတွက် အခုလို ခေါ်ပြောရခြင်းပဲ ဖြစ်ပါတယ်"

ဆရာမကြီးသည် စကားကို အဆုံးသတ်ရန် ရဲမှူးကယ်လ်ဆီအား လှမ်းကြည့်လိုက်သည်။

ကယ်လ်ဆီကလည်း ထိုင်ရာမှ ထ၍ စကားပြောလေသည်။

"ကျွန်တော့်အနေနဲ့ သိရှိထားသမျှ အချက်အားလုံးကို လောလောဆယ် ဖွင့်ပြောလို့ မဖြစ်သေးပါဘူး။ တစ်ခုတော့ ပြောနိုင်ပါတယ်။ ဒီကျောင်းမှာ ဖြစ်ပွားခဲ့တဲ့ အမှုသုံးခုကို ကျူးလွန်သူဟာ ဘယ်သူဘယ်ဝါဆိုတာကို



တော့ ကျွန်တော်တို့ ရိပ်မိထားပြီး ဖြစ်ပါတယ်။ ကျွန်တော်က ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းတစ်ဦးအနေနဲ့ ဒါလောက်ပဲ ပြောနိုင်ပါတယ်။ ဟောဒီက မစ္စတာဟာကျူလီက အစိုးရဝန်ထမ်းတစ်ဦး မဟုတ်တဲ့အတွက် သူ့ရဲ့ထင်မြင်ယူဆချက်တွေကို လွတ်လပ်စွာပြောနိုင်တဲ့ အခြေအနေရှိပါတယ်။ သူ့ရဲ့အဆက်အသွယ် အပေါင်းအသင်းကောင်းမှုကြောင့် ရရှိခဲ့တဲ့ အချက်အလက်တွေကိုလည်း သူကိုယ်တိုင် ခင်ဗျားတို့ကို ပြောပြပါလိမ့်မယ်။ ဆရာမတွေအားလုံးဟာ ဒီမဲဒိုးဘင်းကျောင်းနှင့်တကွ ဆရာမကြီး မစ္စဘားစထရိ့အပေါ် သစ္စာရှိသူတွေချည်း ဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် အခု မစ္စတာဟာကျူလီ ပြောပြမယ့် အချက်တွေကို လောလောဆယ် အပြင်ဘက်ကို မပေါက်ကြားအောင် နှုတ်လုံလုံထားစေချင်ပါတယ်။ ဒီအကြောင်းတွေကို တတ်နိုင်သလောက် အပြင်ဘက်မှာ ဆွေးနွေးပြောဆိုခြင်း မပြုတာ အကောင်းဆုံးပါပဲ။ သိရတဲ့ အချက်တွေကို ကိုယ့်ဘာသာကိုယ်ပဲ မှတ်ထားကြပါ။ ကျွန်တော် အခုပြောတာ အားလုံး သဘောပေါက်ကြရဲ့လား"

ရဲမှူးကယ်လ်ဆီ၏ စကားအဆုံးတွင် မစ္စချက်ဒစ်က "ဟုတ်ကဲ့၊ နားလည်ပါတယ်။ စိတ်ချပါ။ ကျွန်မတို့အားလုံးက မဲဒိုးဘင်းကျောင်းအပေါ်မှာ အားလုံးသစ္စာရှိကြပါတယ်" ဟု ပြောလိုက်သည်။

မစ္စဂျွန်ဆင်ကလည်း "မှန်ပါတယ်ရှင့်" ဟု ပြောလိုက်သည်။

ကျန်ဆရာမများကလည်း နှုတ်လုံစွာ နေပါမည်ဟု အသီးသီး ကတိပေးကြလေရာ ရဲမှူးကယ်လ်ဆီက စုံထောက် ဟာကျူလီဘက်သို့ လှည့်၍...

"ဒါဖြင့် မစ္စတာ ဟာကျူလီ အလှည့်ပဲ ရှိပါတော့တယ်"

စုံထောက်ဟာကျူလီ ထိုင်ရာမှ ထ၍ ပြုံးလိုက်သည်။

ဆရာမငယ်နှစ်ဦးတို့သည် ဟာကျူလီ၏ နှုတ်ခမ်းမွေးကားကားနှင့် အင်္ဂါရုပ်ကို ကြည့်ပြီး ရယ်ချင်နေကြသော်လည်း သတိထား၍ မရယ်ဘဲ နေလိုက်ကြသည်။

ဟာကျူလီက စကားစပြောလေသည်။

"ဒီကျောင်းက ဆရာမတွေအနေနဲ့ အခုကိစ္စမှာ အထူးပဲ စိတ်အနှောင့်အယှက်ဖြစ်ကြလိမ့်မယ်ဆိုတာ ကျုပ် သဘောပေါက်ပါတယ်။ အထူးသဖြင့် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိ့ဆိုရင် အလွန်စိတ်ထိခိုက်နေရှာမှာသေချာပါတယ်။ ဆရာမတွေအဖို့ လုပ်ဖော်ကိုင်ဖက် ဆရာမသုံးဦး ဆုံးရှုံးရတာဟာ အလွန်ကြေကွဲဝမ်းနည်းဖွယ်ကောင်းပါတယ်။ အဲဒီဆရာမသုံးဦးအနက် တစ်ဦးကဆိုရင် ဒီကျောင်းမှာ ဝါရင့်နေသူတစ်ဦး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မစ္စဗာဆီတတ်ကို ဆိုလိုပါတယ်။ ကျန်ဆရာမနှစ်ဦးဖြစ်တဲ့ မစ္စပရင်လာနဲ့ မစ္စဘာလန့်(ချ)တို့ကတော့ ဒီကျောင်းကို ရောက်လာတာ မကြာသေးပါဘူး။ ဒါပေမဲ့ သူတို့ အသတ်ခံရတာဟာ ဆရာမတွေအဖို့ အလွန်စိတ်တုန်လှုပ်ချောက်ချားစရာ ဖြစ်ရတာတော့ အမှန်ပါပဲ။ လူသတ်သမားဟာ ဒီကျောင်းက ဆရာမတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေတယ်လို့တောင် ခင်ဗျားတို့ ထင်ရင် ထင်ကြလိမ့်မယ်။ ဒါပေမဲ့ ဒီလိုမဟုတ်ဘူးဆိုတာ ကျုပ်နဲ့တကွ ရဲမှူးကယ်လ်ဆီတို့က ပြောချင်ပါတယ်။ ဖြစ်ရပုံက တိုက်တိုက်ဆိုင်ဆိုင်ကြောင့် ဆိုရပါမယ်။ မဲဒိုးဘင်းကျောင်းအနေနဲ့ ကံမကောင်းချင်တော့ မလိုလားအပ်သူတွေရဲ့ စိတ်ဝင်စားမှု ရှိလာရတဲ့ တိုက်ဆိုင်မှုကို ဆိုလိုချင်ပါတယ်။ အခုဆိုရင် ဒီကျောင်းမှာ လူသတ်မှုသုံးခု ဖြစ်ပွားတဲ့အပြင် ပြန်ပေးဆွဲမှုတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ကျုပ်အနေနဲ့ ပြန်ပေးဆွဲမှုအကြောင်းကို အရင်ဆုံး ပြောပြပါမယ်။ လူသတ်မှုတွေနဲ့ ပတ်သက်လို့တော့ နောက်မှ ပြောပါမယ်။ ခင်ဗျားတို့အထဲမှာ အလွန်ရက်စက်တဲ့ လူသတ်သမား တစ်ယောက် ရှိနေတယ်ဆိုတာတော့ သိထားစေချင်ပါတယ်”

ပြောရင်းနှင့်ပင် စုံထောက်ဟာကြူလီသည် သူ၏ အင်္ကျီအိတ်ထဲမှ ဓာတ်ပုံတစ်ပုံ ထုတ်ယူလိုက်လေသည်။ ဓာတ်ပုံက မိန်းကလေးတစ်ဦး၏ပုံ ဖြစ်လေသည်။

“အရင်ဆုံး ဒီဓာတ်ပုံကို ကျုပ်က အားလုံးကြည့်နိုင်ဖို့ ပေးပါမယ်။ ဆရာမတွေက ဓာတ်ပုံကို အရင်လှေလာစေချင်ပါတယ်”

ပြောပြောဆိုဆို စုံထောက်ဟာကြူလီသည် ဓာတ်ပုံကို ရဲမှူးကယ်လ်ဆီအား လှမ်းပေးလိုက်သည်။ ကယ်လ်ဆီက တစ်ဆင့် ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရို့အား ပေးလိုက်သည်။

ဆရာမကြီးသည် ဓာတ်ပုံကို ခေတ္တကြည့်ပြီးနောက် အခြားဆရာမများ လှေလာကြည့်နိုင်ရန် လက်ဆင့်ကမ်းပေးလိုက်သည်။

အားလုံးကြည့်ပြီးသောအခါ ဓာတ်ပုံသည် ဟာကြူလီထံသို့ ပြန်ရောက်လာလေသည်။ သူသည် ဆရာမများ၏ မျက်နှာကို အကဲခတ်ကြည့်ရာ မည်သူကမှ ဓာတ်ပုံထဲမှ အမျိုးသမီးကို မှတ်မိပုံမရချေ။

“ကိုင်း... ဓာတ်ပုံထဲက မိန်းကလေးကို ဘယ်သူများ မှတ်မိကြပါသလဲ”

စုံထောက် ဟာကြူလီက မေးလိုက်ရာ ဆရာမအားလုံးက ခေါင်းခါလိုက်သည်။



“တကယ်တော့ ခင်ဗျားတို့ မှတ်မိကြဖို့ ကောင်းတယ်။ ဒီပုံကို ကျုပ်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့က မှာယူရရှိခဲ့ပါတယ်။ ဒီပုံဟာ မင်းသမီးကလေး ရှာအီစတာရဲ့ပုံပဲ ဖြစ်ပါတယ်”

ဟာကြူလီက ပြောလိုက်ရာ မစ္စချက်ဒစ်က “ဟင်...ဟုတ်လား။ ကျွန်မတို့အမြင်မှာတော့ ဒီဓာတ်ပုံဟာ ရှာအီစတာရဲ့ဓာတ်ပုံ လုံးဝမဟုတ်ဘူးရှင့်” ဟု ပြောလိုက်သည်။

စုံထောက် ဟာကြူလီက သဘောကျဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

သူ ကြိုတင် တွက်မိသည့်အတိုင်း ဟုတ်လေပြီဟု ကျေနပ်သဘောကျသွားခြင်း ဖြစ်သည်။ ထို့နောက် သူသည် ဆရာမများအား နောက်ခံဇာတ်ကြောင်းကို ရှင်းပြလေသည်။

“ဒီမှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ အားလုံးရဲ့ မူလအစက အရှေ့အလယ်ပိုင်းဒေသက ရာမတ်ပြည်နယ်မှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးလက ရာမတ်ပြည်မှာ တော်လှန်ရေးတစ်ရပ် ဖြစ်ခဲ့တာကိုလည်း ဆရာမများ သိကောင်း သိပါလိမ့်မယ်။ ရာမတ်ပြည်နယ်ကို အုပ်ချုပ်ခဲ့တဲ့ မင်းသား အလီယူဆွတ်ဟာ သူ့ရဲ့ကိုယ်ပိုင်လေယာဉ်နဲ့ ထွက်ပြေးခဲ့ပါတယ်။ အဲဒီလေယာဉ်ကိုလည်း မင်းသားရဲ့ သီးသန့်လေယာဉ်မှူးက မောင်းပြီး ထွက်ခဲ့ပါတယ်။ သို့သော်လည်း သူတို့လေယာဉ်က ရာမတ်ပြည်မြောက်ပိုင်း တောင်တန်းတွေမှာ ပျက်ကျသွားတယ်။ လေယာဉ်ပျက်ကျသွားတာကိုလည်း အချိန်တော်တော်ကြာသွားမှ သိရတယ်။ အရေးကြီးတဲ့ အချက်တစ်ခုက မင်းသားအလီယူဆွတ် အမြဲဆောင်ထားလေ့ရှိတဲ့ ပစ္စည်းတစ်မျိုးက လုံးဝကို ပျောက်နေတယ်။ လေယာဉ်ပျက်ကျတဲ့ နေရာမှာလည်း ရှာမတွေ့ဘူး။

ကောလာဟလသတင်းများအရတော့ အဲဒီပစ္စည်းဟာ ဒီအင်္ဂလန်ပြည်ကို ရောက်ရှိနေတယ်လို့ ဆိုတယ်။ သဲလွန်စတစ်ခုက မင်းသား အလီယူဆွတ်ရဲ့ နှစ်ဝမ်းကွဲတော်သူ မင်းသမီးကလေး ရှာအီစတာဆီ ရောက်နေတယ်လို့ သိရတယ်။ ဟိုအချိန်က ရှာအီစတာဟာ ဆွစ်ဇာလန်နိုင်ငံက ကျောင်းတစ်ကျောင်းမှာ တက်ရောက်နေတယ်။ မင်းသား အလီယူဆွတ်ရဲ့ အဖိုးတန်ပစ္စည်းဟာ ဖြစ်နိုင်စရာရှိတာက မင်းသမီးလေး ရှာအီစတာထံသို့ ဖြစ်စေ သူ့ရဲ့ ဆွေမျိုးသားချင်း သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်ယောက်က ယူလာပေးလိမ့်မယ်လို့ ထင်ရတယ်။ ဒါကြောင့်လည်း စိတ်ဝင်စားတဲ့ အဖွဲ့အစည်းအချို့က ရှာအီစတာရဲ့ ဦးလေးတော်စော်ဘွား အီဘရာဟင်နဲ့ ရှာအီစတာတို့ကို တစေ့တစောင်း အကဲခတ် စောင့်ကြည့်နေဖို့ တာဝန်ပေးထားတဲ့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားတယ်။ မင်းသမီးလေး ရှာအီစတာဟာ ဒီနှစ်မှာ မဲဒိုးဘင်းကျောင်းမှာ ပညာလာသင်လိမ့်မယ်လို့လည်း ကြိုတင်သိနေကြတယ်။ ဒါကြောင့် ဒီကျောင်းမှာ တစ်နည်းနည်းနဲ့ အလုပ်ရအောင် ဝင်လုပ်ပြီး မင်းသမီးလေး ရှာအီစတာကို စောင့်ကြည့်ဖို့ အစီအစဉ်လုပ်တာလည်း ဖြစ်နိုင်တယ်။ ရှာအီစတာဆီကို စာ သို့မဟုတ် တယ်လီဖုန်းနဲ့ ဆက်သွယ်တာတို့၊ လူကိုယ်တိုင် ချဉ်းကပ် ဆက်သွယ်တာတို့ကို စောင့်ကြည့်ဖို့ ဆိုပါတော့။ အဲဒါထက် ပိုပြီး လွယ်ကူ အဆင်ပြေတဲ့ နည်းလမ်းတစ်ခုကိုလည်း သက်ဆိုင်ရာတို့က စိတ်ကူးရမိဟန် တူပါတယ်။

ဒါက ဘာလဲဆိုတော့ မင်းသမီးကလေး ရှာအီစတာကို လုံခြုံတဲ့နေရာမှာ ခေါ်ထားလိုက်ပြီး တခြားမိန်းကလေးကျောင်းသူတစ်ဦးကို ရှာအီစတာ ဟန်ဆောင်ပြီး ဒီကျောင်းကို ပို့ထားလိုက်တဲ့ နည်းပါပဲ။ ဒီအကြံ လွယ်ကူပုံက ဦးလေးဖြစ်သူ စော်ဘွား အိဘရာဟင်ဟာ ဟိုအချိန်က အီဂျစ်နိုင်ငံမှာ ရောက်နေပြီး အင်္ဂလန်ပြည်ကို နွေရာသီကုန်လောက်မှပဲ လာဖို့ အစီအစဉ် ရှိခဲ့လို့ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိ့ဟာ ရှာအီစတာကို မမြင်ဖူးလို့ ဘယ်လိုအင်္ဂါရုပ်မျိုးဆိုတာ ကြိုတင် သိမထားဘူး။ ရှာအီစတာရဲ့ ပတ်သက်တဲ့ အစီအစဉ်တွေကိုလည်း လန်ဒန်မြို့မှာရှိတဲ့ ရာမတ်သံရုံးနဲ့ ဆက်သွယ်စီစဉ်ဖို့သာ လုပ်ထားခဲ့တယ်။ ဒီအကြံအစည်ဟာ ရှင်းရှင်းလေးနဲ့ လွယ်ကူတဲ့ အကြံအစည်ဖြစ်နေပါတယ်။ ဒါနဲ့ပဲ ရှာအီစတာအစစ်ကို ဆွစ်ဇာလန်နိုင်ငံကျောင်းက လူတစ်ယောက် လာခေါ်သွားတယ်။ ဒီလူက လန်ဒန်မြို့က သူတို့သံရုံးကိုယ်စားလှယ်တစ်ဦးလို့ ဆိုတယ်။ တကယ်တော့ လန်ဒန်က သံရုံးကို အကြောင်းကြားတာက ရှာအီစတာ လန်ဒန်လာတဲ့အခါ ဆွစ်ဇာလန်ပြည်က ကျောင်းကိုယ်စားလှယ်တစ်ဦးက သတင်းလာပို့ပေးပါမယ်လို့ အကြောင်းကြားခဲ့တယ်။ ရှာအီစတာအစစ်ကတော့ ဆွစ်ဇာလန်နိုင်ငံတစ်နေရာမှာ ခေါ်သွားပြီး အခုအချိန်အထိ အဲဒီနေရာမှာပဲ ရှိနေလိမ့်မယ်။ လန်ဒန်မြို့ကို ရောက်လာသူကတော့ ရှာအီစတာဟန်ဆောင်ထားတဲ့ အခြားမိန်းကလေးတစ်ဦး ဖြစ်တယ်။ သူ့ကို သံရုံးက ကိုယ်စားလှယ်က ကြိုဆိုပြီး ဒီကျောင်းကို ခေါ်လာခဲ့တယ်။ အဲဒီဟန်ဆောင်လာတဲ့ မိန်းကလေးက ရှာအီစတာထက် အသက်ကြီးတယ်။ ဒါပေမဲ့ သူ့ကို အရှေ့တိုင်းသူတွေဟာ အသက်ငယ်ငယ်နဲ့ အသက်ကြီးသူလို ဖြစ်နေတတ်တာကို အားလုံးက သိကြလို့ ဒါက ပြဿနာဖြစ်စရာ အကြောင်းမရှိဘူး။



ရှာအီစတာဟန်ဆောင်လာသူက ကျောင်းသူမိန်းကလေးအသွင် သရုပ်ဆောင်နေကျ ပြင်သစ် ရုပ်ရှင်ပြဇာတ် မင်းသမီးတစ်ဦး ဖြစ်ပါတယ်။ အကြံကတော့ ရှာအီစတာဟန်ဆောင်နေတဲ့ မိန်းကလေးဆီကို တစ်စုံတစ်ယောက်က လာဆက်သွယ်လိမ့်မယ်လို့ မျှော်လင့်ပြီး လုပ်ခဲ့တာပဲ။ ကျုပ်က ရှာအီစတာရဲ့ ဒူးဆစ်တွေကို သတိပြုမိကြသလားလို့ မေးတာကို မှတ်မိကြပါလိမ့်မယ်။ ဒါဟာ အကြောင်းရှိပါတယ်။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ ဒူးဆစ်အောက်ပိုင်းဟာ အဲဒီလူရဲ့ အသက်ကို ခန့်မှန်းလို့ရနိုင်တဲ့ အစိတ်အပိုင်းဖြစ်တယ်။ အသက်နှစ်ဆယ့်လေးနှစ်အရွယ် အမျိုးသမီးတစ်ဦးရဲ့ ဒူးဆစ်ဟာ အသက်ဆယ့်ငါးနှစ်အရွယ်ရှိတဲ့ မိန်းကလေးတစ်ဦးရဲ့ ဒူးဆစ်နဲ့ လုံးဝမတူနိုင်ဘူး။

ခက်တာက ဒီကျောင်းမှာ ဘယ်သူကမှ ရှာအီစတာရဲ့ ဒူးဆစ်ကို သတိထား မကြည့်မိကြဘူး။ ဒီအတောအတွင်း သူတို့ရဲ့ အကြံအစည်က မျှော်လင့်သလို ဖြစ်မလာဘူး။ ရှာအီစတာကို ဘယ်သူကမှ လာပြီး မဆက်သွယ်တဲ့အပြင် တယ်လီဖုန်း သို့မဟုတ် စာနဲ့လည်း အဆက်အသွယ် မလုပ်ကြဘူး။ ဒီလိုနဲ့ အချိန်က တဖြည်းဖြည်း ကြာလာတော့ ကြံစည်တဲ့လူတွေအဖို့ စိုးရိမ်မကင်း ဖြစ်လာကြတယ်။ ရှာအီစတာအစစ်ရဲ့ ဦးလေးဖြစ်တဲ့ စော်ဘွား အိဘရာဟင်က အချိန်မရွေး အင်္ဂလန်ပြည်ကို လာမယ့် အခြေအနေမျိုးလည်း ရှိနေတယ်။ ဒီစော်ဘွားက ကြိုတင် အစီအစဉ်မရှိဘဲ လန်ဒန်မြို့ကို သွားဖို့ စိတ်ကူးရရင် ချက်ချင်း ထသွားတတ်တဲ့ လူတစ်ယောက်ဖြစ်တယ်။ ဒီအခြေအနေမှာ ရှာအီစတာ ဟန်ဆောင်ပြီး ဒီမှာ လာနေတဲ့ မိန်းကလေးက အချိန်မရွေး ရှာအီစတာအစစ်ကို သိသူ တစ်ယောက်ယောက် ကျောင်းကို ရောက်လာနိုင်တယ် ဆိုတာ စိုးရိမ်လာတယ်။

အထူးသဖြင့် လူသတ်မှုဖြစ်တဲ့နောက် သူဟာ ဒီကျောင်းမှာ ကြာရှည်ဆက်နေလို့ မဖြစ်တော့ဘူးလို့ စဉ်းစားမိလာတယ်။ ဒါကြောင့် သူ့ကိုယ်သူ ပြန်ပေးဆွဲခံရချင် ဟန်ဆောင်ပြီး ကျောင်းက ထွက်ပြေးဖို့ ကြံစည် ပြင်ဆင်ခဲ့တယ်။ သူဟာ ပြန်ပေးဆွဲခံရမှာ စိုးရိမ်ကြောင်းကိုလည်း ရဲမှူးကယ်ဆီကို တမင် ကြိုတင် ပြောခဲ့တယ်။ ရှာအီစတာအစစ်ရဲ့ ဦးလေးက ရောက်လာတော့မယ် ဆိုတာ သတင်းကြားတာနဲ့ ရှာအီစတာအတုဟာ သူ့လူတွေဆီကို တယ်လီဖုန်းနဲ့ အကြောင်းကြားလိုက်တယ်။ မကြာခင် မော်တော်ကားတစ်စီးက သံရုံးက လွှတ်ခေါ်ခိုင်းသလို လာပြီး ရှာအီစတာကို ခပ်တည်တည်နဲ့ ခေါ်ထုတ်သွားတယ်။ တကယ့် သံရုံးကားအစစ်က နောက်နာရီဝက်လောက်ကြာမှ ရောက်လာတော့ ရှာအီစတာက ကျောင်းမှာ မရှိတော့ဘူး။ အဲဒီမှာ

www.burmeseclassic.com



ပြန်ပေးဆွဲခံရသလို ဖြစ်သွားတာပဲ။ တကယ်တော့ ရှာအီစတာအတုဟာ ဆွစ်ဇာလန်နိုင်ငံ တစ်နေရာကို သွားပြီး သူ့ရဲ့မူလ ပုံမှန်ဘဝအတိုင်း ပြန်အသွင်ပြောင်းနေလိုက်တယ်။ သံရုံးကို ငွေတောင်းတဲ့ စာတစ်စောင် ပို့လိုက်တာကတော့ တကယ်ပဲ ပြန်ပေးဆွဲခံရတဲ့ သဘော ထင်ရအောင် ပို့လိုက်တာ ဖြစ်တယ်"

စုံထောက်ဟာကျူးလီသည် စကားကို ခေတ္တဖြတ်ထားလိုက်ပြီးနောက် "အခုကိစ္စမှာ လူတွေကို မျက်စိလည်အောင် လှည့်ဖြားလိုက်တာပါပဲ။ ခင်ဗျားတို့အားလုံးက ရှာအီစတာကို ဒီကျောင်းက လာခေါ်ပြီး ပြန်ပေးဆွဲသွားတယ်လို့ ထင်နေကြတယ် မဟုတ်လား။ အမှန်တကယ် ပြန်ပေးဆွဲမှုက စောစောကတည်းက ဆွစ်ဇာလန်နိုင်ငံကျောင်းမှာ ဖြစ်ခဲ့တယ်" ဟု ဆက်ပြောလိုက်လေသည်။

ပရိသတ်အားလုံးက ဘာမှမပြောဘဲ အံ့သြငေးမောလျက် နားထောင်နေကြစဉ် စုံထောက် ဟာကျူးလီကပင် ဆက်ပြောလေသည်။

"ကိုင်း... ပြန်ပေးဆွဲမှုအကြောင်း ပြောပြီးတော့ ပိုပြီး အရေးကြီးတဲ့ လူသတ်မှုအကြောင်း ဆက်ဆွေးနွေးကြပါစို့။ အားကစားနည်းပြဆရာမဖြစ်တဲ့ မစ္စစပရင်လာကို သတ်သူဟာ ရှာအီစတာအတု ဖြစ်နိုင်တယ်။ သို့သော်လည်း မစ္စဗာဆီတတ်နဲ့ မစ္စဘလန့်(ချ)တို့ကိုတော့ သူသတ်တာ မဖြစ်နိုင်ဘူး။ သူ့အနေနဲ့ ဘယ်သူ့ကိုမှ သတ်စရာအကြောင်းလည်း မရှိဘူး။ သူ့တာဝန်က တစ်စုံတစ်ယောက်က သူ့ကို ရှာအီစတာအစစ်မှတ်ပြီး အဖိုးတန်ပစ္စည်း လာပေးတာ လက်ခံယူလိုက်ဖို့ပဲ ဖြစ်တယ်။ ဒါမှမဟုတ် အဲဒီအဖိုးတန်ပစ္စည်းနဲ့ ပတ်သက်လို့ သတင်းလာပေးရင် သတင်းကို မှတ်သားထားဖို့ ဖြစ်တယ်။ ကဲ... အခု ကျုပ်တို့က ရာမတ်ပြည်က အခြေအနေကို ပြန်သုံးသပ်ကြည့်ကြရအောင်။ ဟိုမှာ ပြောနေကြတဲ့ ကောလာဟလသတင်းအရဆိုရင် မင်းသား အလီယူဆွတ်ဟာ သူ့ရဲ့အဖိုးတန်ပစ္စည်းတွေပါတဲ့ အထုပ်တစ်ထုပ်ကို သူ့ရဲ့ကိုယ်ပိုင်လေယာဉ်က လေယာဉ်မှူး ရော်လင်ဆင်ကို ပေးအပ်လိုက်တယ်လို့ ဆိုတယ်။

ရည်ရွယ်ချက်ကတော့ လေယာဉ်မှူး ရော်လင်ဆင်က အဲဒီပစ္စည်းတို့ အင်္ဂလန်ပြည်ရောက်အောင် ပို့ပေးဖို့ ဖြစ်တယ်။ ကျုပ်တို့ သိရသလောက် ရာမတ်ပြည်မှာ တော်လှန်ရေးဖြစ်တဲ့နေ့က ရော်လင်ဆင်ဟာ သူ့အစ်မ ဂျူန်တို့သားအမိ တည်းခိုနေထိုင်တဲ့ ဟိုတယ်ကို သွားခဲ့တယ်။ ဂျူန်ဆိုတာက ကျောင်းသူ ဂျင်နီဖာရဲ့ မိခင်ဖြစ်တယ်။ ဟိုတယ်ရောက်သွားတဲ့ အချိန်မှာ ဂျူန်တို့သားအမိက မရှိကြဘဲ အပြင်ထွက်နေတယ်။ ဒါပေမဲ့လည်း လေယာဉ်



မှူးရော်လင်ဆင်ဟာ ဟိုတယ်အခန်းကို တက်သွားပြီး မိနစ် နှစ်ဆယ်လောက်ကြာအောင် နေခဲ့တယ်လို့ သိရတယ်။ ဟိုတယ်ထဲမှာ ဘာကြောင့် ဒီလောက်ကြာကြာ နေခဲ့ရတာလဲဆိုတာ စဉ်းစားစရာ ဖြစ်နေတယ်။ သူဟာ သူ့အစ်မဆီကို စာရှည်ရှည်တစ်စောင် ထိုင်ရေးနေလို့များလား။ ဒါလည်း မဖြစ်နိုင်ဘူး။ ရော်လင်ဆင်ဟာ သူ့အစ်မဆီကို ရေးထားခဲ့တဲ့ စာက စာတစ်ကြောင်းနှစ်ကြောင်းသာ ရှိပြီး ရေးမယ်ဆိုရင် နှစ်မိနစ်လောက်ပဲ ကြာဖို့ရှိတယ်။ ဒီတော့ လေယာဉ်မှူး ရော်လင်ဆင်ဟာ ဟိုတယ်ခန်းထဲမှာ ရှိနေတုန်း သူ့အစ်မရဲ့ ပစ္စည်းတစ်ခုခု အတွင်းမှာ မင်းသား အလီယူဆွတ်ရဲ့ အဖိုးတန်ပစ္စည်းကို လုံလုံခြုံခြုံ ထည့်ဝှက်ထားလိုက်တယ်လို့ ယူဆရတယ်။ ဒါကို သူ့အစ်မဂျူန်က မသိဘဲ အင်္ဂလန်ပြည်ကို အပြန်မှာယူလာခဲ့တယ်။ ဒီနေရာမှာ ကျုပ်တို့က စဉ်းစားစရာ သဲလွန်စ လမ်းကြောင်းနှစ်ခု ရှိနေတယ်။

ပထမအချက်က လေယာဉ်မှူးရဲ့ အစ်မ (ဂျင်နီဖာရဲ့မိခင်) ဟာ ရာမတ်ပြည်က အဖိုးတန်ပစ္စည်းကို အင်္ဂလန်ပြည်ကို သယ်ယူလာလို့သာ သူ့အိမ်ကို ဖောက်ထွင်းပြီး မွှေနှောက် ရှာဖွေခြင်းခံရတယ်လို့ ယူဆရတယ်။ ဖောက်ထွင်းပြီး ဝင်ရှာတဲ့လူက အဖိုးတန်ပစ္စည်း ဘယ်မှာ ရှိတယ်ဆိုတာ မသိကြောင်း ထင်ရှားတယ်။ ဒီတော့ အဲဒီပစ္စည်းဟာ မစ္စက်ဂျူန်ဆီမှာပဲ ရှိနေရမယ်လို့ ယူဆရတယ်။

နောက်တစ်ချက်က ရာမတ်ပြည်က အဖိုးတန်ပစ္စည်းဟာ ဘယ်နေရာမှာ ဝှက်ထားတယ် ဆိုတာ အတိအကျ သိသူတစ်ယောက် ရှိရမယ်လို့ ယူဆရတယ်။ လေယာဉ်မှူး ရော်လင်ဆင်ဟာ သူ့တူမလေး ဂျင်နီဖာရဲ့ တင်းနစ်ရက်ကက် လက်ကိုင်ရိုးအတွင်းမှာ ထည့်ဝှက်ထားပြီး ရုတ်တရက် ဘယ်သူမှ မသိအောင် သေသေသပ်သပ် ပြန်ပိတ်ထားလိုက်တယ်လေ။ ဒါနဲ့ အဖိုးတန်ပစ္စည်း ပါရှိတဲ့ တင်းနစ်ရက်ကက်ဟာ ဂျင်နီဖာနဲ့အတူ ဒီကျောင်းကို ရောက်လာတယ် ဆိုပါတော့။ ဒါနဲ့ တင်းနစ် ရက်ကက်အကြောင်း သိထားတဲ့လူဟာ တစ်ညမှာ ကြိုတင်လုပ်ထားတဲ့ သော့တူနဲ့ အားကစားရုံကို ဖွင့်ပြီး ဝင်လိုက်တယ်လေ။ ဒီအချိန်က လူတွေအားလုံး အိပ်မောကျနေကြတဲ့ ညဉ့်သန်းခေါင်ကျော် ဖြစ်တယ်။ သို့သော်လည်း အဲဒီညက မစ္စစပရင်လာက နိုးနေလို့ အားကစားရုံထဲမှာ လက်နှိပ်ဓာတ်မီးအလင်းရောင်လိုလို မြင်တဲ့အတွက် စုံစမ်းကြည့်ဖို့ အားကစားရုံထဲကို သွားတယ်။ သူဟာ ကျန်းမာသန်စွမ်းတဲ့ အမျိုးသမီး တစ်ယောက်လည်း ဖြစ်လေတော့ ဘာကိုမှ မကြောက်ဘဲ တစ်ယောက်တည်း သွားခဲ့ခြင်း ဖြစ်တယ်။ အဲဒီအချိန်မှာ အားကစားရုံထဲ ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေသူဟာ တင်းနစ်ရက်ကက်တွေ အများကြီးထဲက သူလိုချင်တဲ့ ရက်ကက်ကို ရှာဖွေနေဆဲ ဖြစ်ပုံရတယ်။ ရုတ်တရက် မစ္စစပရင်လာ ရောက်သွားတော့ ဒီလူဟာ သူ့ကို မစ္စစပရင်လာ မှတ်မိမှန်းသိတဲ့အတွက် အခက်တွေ့နေတယ်။ ဒီလူဟာ လူသတ်ခဲ့တဲ့လူလည်း ဖြစ်နေတဲ့အတွက် မစ္စစပရင်လာကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်။ သေနတ်သံကို အပြင်ဘက်က ကြားရတဲ့အတွက် လူတွေရောက်လာတော့မှာပဲ ဆိုတာ စဉ်းစားပြီး လူသတ်သမားဟာ အားကစားရုံထဲက အမြန်ဆုံး ရှောင်ထွက်သွားလိုက်ရတယ်။ ဒါကြောင့် အဲဒီအချိန်က အဖိုးတန်ပစ္စည်း ပါရှိတဲ့ ရက်ကက်ဟာ အားကစားရုံထဲမှာပဲ ကျန်ရစ်တော့တယ်။

နောက် ရက်အနည်းငယ်ကြာတော့ တခြားနည်းတစ်မျိုးနဲ့ ကြိုးစားပြန်တယ်။ သူ့စိမ်းမိန်းမတစ်ယောက်ဟာ အမေရိကန် အမျိုးသမီးတစ်ဦး ဟန်ဆောင်ပြီး ဂျင်နီဖာဆီကို လာတယ်။ သူ့အဒေါ်က တင်းနစ်ရက်ကက် အသစ်တစ်ချောင်း လူကြုံပါးလိုက်သလိုနဲ့ ဂျင်နီဖာရဲ့ ရက်ကက်အဟောင်းနဲ့ လဲယူဖို့ ကြိုးစားပြန်တယ်။ ဒါပေမဲ့ အဲဒီအမျိုးသမီး မသိလိုက်တဲ့အချက်တစ်ခုက ဂျင်နီဖာနဲ့ သူ့သူငယ်ချင်း ဂျူလီယာတို့ဟာ တင်းနစ်ရက်ကက်ချင်း လဲလိုက်ကြတယ်။ ဒါကြောင့် ဟိုအမျိုးသမီး ယူသွားတဲ့ ရက်ကက်အဟောင်းဟာ စင်စစ် ဂျူလီယာရဲ့ ရက်ကက်သာ ဖြစ်တယ်။ ရက်ကက်ရဲ့လက်ကိုင်မှာတော့ ဂျင်နီဖာရဲ့နာမည် တိတ်ပြားကလေး ကပ်ထားတာပဲ ရှိတယ်။ ကောင်းပြီ၊ ဒါကို အသာထားလိုက်ဦး။

ဒုတိယမြောက် လူသတ်မှုအကြောင်း ဆက်ပြောကြရအောင်။ မစ္စဗာဆီတတ်ဟာ ဘာကြောင့်မှန်း မသိဘူး။ တစ်ည လူတွေ အားလုံး အိပ်ချိန်မှာ လက်နှိပ်ဓာတ်မီးနဲ့ အားကစားရုံကို သွားတယ်။ သူ့အနေနဲ့ အဲဒီက ရှာအိစတာ ပြန်ပေးဆွဲခံရတာနဲ့ ပတ်သက်လို့ စိတ်ကူးတစ်ခုခု ရသွားလို့လည်း ဖြစ်နိုင်တယ်။ အားကစားရုံကို အသွားမှာ သူ့နောက်က လူတစ်ယောက် အသာလိုက်ပြီး မစ္စဗာဆီတတ်က ရှာအိစတာရဲ့ အားကစားပစ္စည်းတွေ ထားတဲ့ ဗီရိုမှာ ခေါင်းငုံ့ပြီး ရှာဖွေနေတုန်း အဲဒီလူက နောက်က ဝင်လာပြီး သဲအိတ်နဲ့ ခေါင်းကို ရိုက်သတ်လိုက်တယ်။

ဒီအချိန်မှာ တိုက်ဆိုင်ပုံက မစ္စချက်ဒစ်က အားကစားရုံထဲမှာ မီးရောင်မြင်လို့ လာကြည့်တော့ မစ္စဗာဆီတတ် သေဆုံးနေတာ တွေ့ရတယ်။ အဲဒီနောက်ပိုင်း ရဲတပ်ဖွဲ့က အားကစားရုံကို တာဝန်ယူပြီး ထိန်းသိမ်းထားလိုက်တဲ့အတွက် လူသတ်သမားဟာ နောက်ထပ် အားကစားရုံထဲ ဝင်ပြီး တင်းနစ်



ရက်ကက်ကို ရှာဖို့ အခွင့်အရေးမရတော့ဘဲ ဖြစ်နေတယ်။ ဒီအတောအတွင်း ဂျူလီယာဆိုတဲ့ ကလေးမက ဉာဏ်ထက်မြက်သူတစ်ဦးဖြစ်တဲ့အတိုင်း သူ့လက်ထဲရောက်နေတဲ့ ဂျင်နီဖာရဲ့ ရက်ကက်အဟောင်းအကြောင်း စဉ်းစားရာက အဲဒီရက်ကက်အဟောင်းထဲမှာ အဖိုးတန်ပစ္စည်းတစ်ခုခု ဝှက်ထားတာ ဖြစ်နိုင်တယ်လို့ တွေးလာမိတယ်။ ဒါနဲ့ သူကိုယ်တိုင် ရက်ကက်ရဲ့လက်ကိုင်အရိုးကို ဖွင့်ကြည့်တော့ ဟုတ်နေတာ တွေ့ရတယ်။ ဂျူလီယာဟာ ရက်ကက်ထဲက တွေ့ရတဲ့ပစ္စည်းကို ကျုပ်ဆီကို ယူလာတယ်။ အခု အဲဒီပစ္စည်းဟာ လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာ ထားလိုက်ပြီမို့ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။

အခု ကျုပ်က ဆက်လက်ပြီး တတိယမြောက် လူသတ်မှုကို ဆက်စဉ်းစားကြဖို့ပဲ ရှိတယ်။ သေသူ မစ္စဘလန့်(ချ)က ဘာအကြောင်းကို သိခဲ့တယ်၊ သံသယမကင်းဖြစ်ခဲ့တယ် ဆိုတာတော့ ကျုပ်တို့ သိနိုင်တော့မှာ မဟုတ်ဘူး။ မစ္စစပရင်လာ အသတ်ခံရတဲ့ညက မစ္စဘလန့်(ချ)အနေနဲ့ တစ်စုံတစ်ယောက်ကို မြင်လိုက်တာ ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် သူဟာ လူသတ်သမား ဘယ်သူဘယ်ဝါဆိုတာ သိသွားတယ်။ ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူ့ကိုမှမပြောဘဲ ဆိတ်ဆိတ်နေပြီး နှုတ်ပိတ်ခ ငွေကြေး ရယူဖို့ ကြံစည်ခဲ့တယ်။ ခင်ဗျားတို့အားလုံး သိထားဖို့က လူသတ်မှု နှစ်ကြိမ် ကျူးလွန်ခဲ့တဲ့ လူသတ်သမားတစ်ယောက်ဆီက ခြိမ်းခြောက် ငွေညှစ်တောင်းတာဟာ အလွန်အန္တရာယ်များလှတယ်။ မစ္စဘလန့်(ချ)အနေနဲ့တော့ အန္တရာယ်ကို ကြိုတင်ကာကွယ်မှု အစီအစဉ် လုပ်ထားကောင်းလုပ်မှာပဲ။ ဒါပေမဲ့ မလုံလောက်လို့ ဖြစ်ရမယ်။ မစ္စဘလန့်(ချ)ဟာ လူသတ်သမားနဲ့ တွေ့ဆုံဖို့ ချိန်းလိုက်တာ ဖြစ်ရမယ်။ ဒါကြောင့် သူဟာ အသတ်ခံရတာ ဖြစ်တယ်။ ကိုင်း...ဒါလောက်ဆိုရင် ခင်ဗျားတို့ နားလည်သဘောပေါက်ပြီ ထင်ပါတယ်"

စုံထောက် ဟာကြူလီက စကားကို အဆုံးသတ်လိုက်ရာ လူအားလုံးမှာ အံ့အားသင့် ငေးမောလျက် ဆိတ်ဆိတ်နေကြလေသည်။ အားလုံး အံ့သြတုန်လှုပ်၍ စကားမပြောနိုင်ဘဲ ဖြစ်နေကြဟန် တူလေသည်။

စုံထောက် ဟာကြူလီသည် လူများကို အကဲခတ်ကြည့်ပြီး နားလည်မှုရှိဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားတို့စိတ်ထဲ ဘယ်လို ခံစားနေရတယ်ဆိုတာ ကျုပ်သဘောပေါက်ပါတယ်။ စိုးရိမ် တုန်လှုပ်စရာပါပဲ။ ဒီအတောအတွင်း ကျုပ်နဲ့ဘာကွဲရဲမှူးကယ်လ်ဆီနဲ့ မစ္စတာ အာဒမ်တို့က ဆက်လက်ပြီး စုံစမ်းနေကြတယ်။ ဒီကျောင်းမှာ လာပြီး ဟန်ဆောင်နေသူ တစ်စုံတစ်ယောက် ရှိနေသေးသလား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျုပ်တို့က စုံစမ်းကြည့်ကြတယ်။ တခြားလူတစ်ယောက်နာမည်နဲ့ ဟန်ဆောင်ပြီး လာနေတဲ့လူများ ရှိသေးသလားလို့ စုံစမ်းကြည့်တယ်”

ပရိသတ်က စိတ်ဝင်စားဟန်ဖြင့် နားထောင်နေကြရာ စုံထောက် ဟာကြူလီကပင် ဆက်လက် ပြောလေသည်။

“ခင်ဗျားတို့အားလုံး ဝမ်းသာဖို့ ကျုပ်ပြောချင်တာက လေ့လာစုံစမ်းကြည့်လိုက်တော့ အခု ဒီမှာ ရောက်ရှိနေတဲ့ လူတွေဟာ အစစ်အမှန်ချည်းပဲ ဖြစ်တယ်ဆိုတာ သိရတယ်။ မဟုတ်ဘဲနဲ့ ဟန်ဆောင်ပြီး လာနေတဲ့လူ မရှိဘူး။ ဥပမာ မစ္စချက်ဒစ်ဟာ မစ္စချက်ဒစ် အစစ်အမှန်ပဲ ဖြစ်တယ်။ မစ္စချက်ဒစ်အဖြစ် တစ်ယောက်ယောက် လာဟန်ဆောင်နေတာ မဟုတ်ဘူး။ အလားတူပဲ မစ္စဂျွန်ဆင်ကလည်း မစ္စဂျွန်ဆင် အစစ်အမှန်ဖြစ်တယ်။ မစ္စရစ်(ချ)ကလည်း မစ္စရစ်(ချ)အမှန်ပဲ။ မစ္စအယ်နီဟာ မစ္စအယ်နီ အမှန်ဖြစ်တယ်။ မစ္စရိုဝင်နဲ့ မစ္စဘာလီတ်တို့ကလည်း အလားတူပဲ အစစ်အမှန်တွေ ဖြစ်တယ်။ တစ်ခုပဲ ပြောစရာရှိတယ်”

ဤနေရာတွင် ဟာကြူလီသည် အာဒမ်ဘက်သို့ လှည့်ကြည့်ပြီးမှ ဆက်ပြောလေသည်။

“မစ္စတာအာဒမ်ကတော့ မစ္စတာ အာဒမ်အစစ် မဟုတ်ဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ ထောက်ခံချက် စာရွက်စာတမ်းတွေမှာ အာဒမ်လို့ပဲ ဖော်ပြထားပါတယ်။ ဒါ ကိစ္စမရှိပါဘူး။ အရေးကြီးတာက ကျုပ်တို့ ဒီမှာ လာဟန်ဆောင်နေတဲ့ လူကို ရှာဖွေဖော်ထုတ်ဖို့ မဟုတ်ဘူး။ ဟန်မဆောင်ဘဲနဲ့ လူသတ်မှုကျူးလွန်နေတဲ့ လူသတ်သမားကို ရှာဖွေဖော်ထုတ်ဖို့ လိုတယ်”

ဟာကြူလီ စကားကို ရပ်လိုက်ချိန်တွင် တစ်ချိန်လုံး တိတ်ဆိတ် ငြိမ်သက်နေလေသည်။ အားလုံးက သည်းထိတ်ရင်ဖိုကာ စိုးရိမ်နေကြပုံရလေသည်။

စုံထောက် ဟာကြူလီက စကားဆက်ပြန်သည်။

“ပထမဆုံး ကျုပ်တို့ စဉ်းစားရမှာက လွန်ခဲ့တဲ့ သုံးလလောက်က ရာမတ်ပြည်ကို ရောက်နေတဲ့လူဟာ ဘယ်သူလဲဆိုတာ သိဖို့ လိုတယ်။ ဂျင်နီဖာရဲ့ တင်းနစ်ရက်ကက်ထဲမှာ အဖိုးတန်ပစ္စည်းတွေ ဝှက်ထားကြောင်း သိဖို့ နည်းလမ်းက တစ်ခုပဲ ရှိတယ်။ ဘာလဲဆိုတော့ လေယာဉ်မှူး ဗော်လင်ဆင်က ဟိုတယ်အခန်းထဲမှာ အဲဒီပစ္စည်း ဝှက်နေတာကို တစ်ယောက်ယောက်က မြင်ခဲ့လို့ ဖြစ်ရမယ်။ ဒီတော့ အခု ဒီကျောင်းမှာရှိနေတဲ့ လူထဲက လွန်ခဲ့တဲ့ သုံးလလောက်က ဘယ်သူဟာ ရာမတ်ပြည်ကို ရောက်နေသလဲ။ အဲဒါကို စဉ်းစားကြရမယ်။ ဆရာမတွေထဲက မစ္စချက်ဒစ်ဆိုရင် လွန်ခဲ့တဲ့ သုံးလက ဒီမှာ ရှိနေတယ်။ မစ္စဂျွန်ဆင်လည်း ရှိနေတယ်”



ဤနေရာတွင် ဟာကြူလီသည် ဆရာမငယ်နှစ်ဦးအား ကြည့်ရင်း “မစ္စရိုဝင်နဲ့ မစ္စဘာလီတ်တို့ကလည်း ဒီမှာ ရှိနေကြတယ်” ဟု ပြောပြီးနောက် မစ္စရစ်(ချ)ဘက်သို့ လှမ်းကြည့်လိုက်သည်။

“မစ္စရစ်(ချ)ကတော့ အဲဒီအချိန်မှာ ဒီကျောင်းမှာ မရှိဘူးလို့ သိရတယ်”

“အဲဒီတုန်းက ကျွန်မဟာ နေမကောင်းဖြစ်နေလို့ ဒီကျောင်းက ခဏ အနားယူနေခဲ့ရပါတယ်”

မစ္စရစ်(ချ)က ပျာပျာသလဲ ပြောလိုက်သည်။

စုံထောက် ဟာကြူလီသည် မစ္စရစ်(ချ)အား ကြည့်ရင်း ဆက်ပြောလေသည်။

“ဒါကို စောစောက ကျုပ်တို့ မသိခဲ့ရဘူး။ မနေ့တစ်နေ့က တစ်ယောက်က အမှတ်မဲ့ ပြောလို့သာ သိခဲ့ရတယ်။ စောစောပိုင်းက ဆရာမကို ရဲအရာရှိတွေက စစ်ဆေးတော့ ခင်ဗျားဟာ ဒီမဲဒိုးဘင်းကျောင်းမှာ ရှိနေတာ တစ်နှစ်ခွဲရှိပြီလို့ ပြောခဲ့တယ်။ ဒါလည်း ဟုတ်ပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့ စာသင်နှစ်အတွင်းက ခင်ဗျားဟာ ဒီကျောင်းမှာ မရှိဘူး။ အဲဒီအချိန်မှာ ခင်ဗျားဟာ ရာမတ်ပြည်နယ်ကို ရောက်နေတာ ဖြစ်နိုင်တယ်။ ကျုပ်တော့ ခင်ဗျား ရာမတ်ပြည်ကို ရောက်နေတယ်လို့ ထင်မိတယ်။ ခင်ဗျားဖြေတဲ့အခါ သတိထားပြီးလည်း ဖြေပါ။ ခင်ဗျားရဲ့ နိုင်ငံကူး (ပတ်စ်ပို့)ကို ယူကြည့်လိုက်ရင် အဖြစ်မှန် ပေါ်လာမှာပဲ”

ဤတွင် မစ္စရစ်(ချ)သည် ခေတ္တ စဉ်းစားပြီးနောက် “ဟုတ်ပါတယ်၊ ကျွန်မက ရာမတ်ပြည်ကို သွားနေပါတယ်။ အဲဒါ ဘာဖြစ်သလဲ” ဟု ပြောလေသည်။

“ခင်ဗျားက ဘာကြောင့် ရာမတ်ပြည်ကို သွားခဲ့တာလဲ”

စုံထောက်ဟာကြူလီက မေးလိုက်ပြန်သည်။

“ကျွန်မ နေမကောင်း ဖြစ်နေပါတယ်လို့ ပြောခဲ့ပြီ မဟုတ်လား။ ကျွန်မအနေနဲ့ နိုင်ငံခြားသွားပြီး အနားယူ အပန်းဖြေဖို့ ခရီးထွက်ခဲ့တာပဲ။ ကျွန်မက ဆရာမကြီး မစ္စဘားစထရို့ဆီကို အကျိုးအကြောင်း စာရေးပြီး ခွင့်တောင်းခဲ့ပါတယ်။ ဆရာမကြီးကလည်း နားလည်မှု ရှိခဲ့ပါတယ်”

ထိုအခါ ဆရာမကြီး မစ္စဘားစထရို့က ဝင်၍ “ဟုတ်ပါတယ်၊ မစ္စရစ်(ချ) က ခွင့်ပန်တဲ့စာနဲ့အတူ ဆရာဝန်လက်မှတ်တစ်စောင်လည်း ပူးတွဲပါရှိခဲ့ပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ စာသင်နှစ်အတွင်းက မစ္စရစ်(ချ)ကို အနားယူခွင့် ပေးခဲ့ပါတယ်” ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားက ရာမတ်ပြည်နယ်ကို သွားခဲ့သလား"

စုံထောက် ဟာကြူလီက ဆက်မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျောင်းဆရာမတွေအနေနဲ့ ရာမတ်ပြည်ကို အပန်းဖြေခရီးထွက်ဖို့ ခရီးစရိတ် အကုန်အကျသက်သာတဲ့ တိုးရစ်ခရီးစဉ်ရှိလို့ ကျွန်မကလည်း ရာသီဥတု ခြောက်သွေ့တဲ့အရပ်မှာ အနားယူချင်တာနဲ့ သွားခဲ့တာပါပဲ။ ဟိုမှာ ကျွန်မ နှစ်လလောက်နေခဲ့တယ်။ ကျွန်မအနေနဲ့ ရာမတ်ပြည်ကို သွားခဲ့တာ ဘာဖြစ်သလဲ"

"ဒါပေမဲ့ ခင်ဗျား ဟိုမှာရှိနေတုန်း ရာမတ်ပြည်မှာ တော်လှန်ရေးဖြစ်ခဲ့တာကို ခင်ဗျား ထုတ်ဖော်မပြောခဲ့ဘူး"

"ဘာပြောစရာလိုလဲရှင့်၊ ဟိုက ပြဿနာဟာ ဒီကျောင်းက လူတွေနဲ့ သက်ဆိုင်တာမှ မဟုတ်ဘဲ။ ဒီမယ်ရှင့် ကျွန်မက လူသတ်သမား မဟုတ်ဘူး။ ကျွန်မက ဘယ်သူ့ကိုမှ သတ်ခဲ့တာ မဟုတ်ဘူး"

"ခင်ဗျားကို မှတ်မိတယ်ဆိုတဲ့ လူရှိတယ်ဆိုတာ ခင်ဗျား သိရဲ့လား။ ဂျင်နီဖာဆိုတဲ့ ကလေးမဟာ ခင်ဗျားကို ရာမတ်ပြည်မှာ မြင်ခဲ့ဖူးသလို ထင်ခဲ့မိတယ်။ ဒါပေမဲ့ သိပ်မသေချာသလို ဖြစ်နေတယ်။ ဟိုမှာ သူမြင်ခဲ့တဲ့ အမျိုးသမီးက ခပ်ဝဝဖြစ်နေတယ်။ ပိန်ပိန်မဟုတ်ဘူးလို့တော့ ပြောတယ်။ ဒါနဲ့ပတ်သက်လို့ ခင်ဗျား ဘာများ ပြောချင်ပါသလဲ"

ဟာကြူလီက ဤသို့ မေးလိုက်ရာ မစ္စရစ်(ချ)သည် စိတ်တိုလာဟန် ရလေသည်။

"ရှင်က ဘာကိုဆိုလိုချင်တယ်ဆိုတာ ကျွန်မက သိပါတယ်။ ဒီက လူသတ်မှုတွေ ကျူးလွန်သူဟာ ပြင်ပက လျှို့ဝှက် သူလျှို သို့မဟုတ် ရာမတ်ပြည်ကို ရောက်ဖူးတဲ့လူက ကျူးလွန်တယ်လို့ စွပ်စွဲချင်တာလား။ လူတစ်ယောက်က ရာမတ်ပြည်နယ်ကို ရောက်နေတုန်း အဖိုးတန်ကျောက်မျက်ရတနာတွေကို တင်းနစ်ရက်ကက်ထဲ ဝှက်ထားတာမြင်ပြီး ရက်ကက်ပိုင်ရှင် မိန်းကလေးက မဲဒိုးဘင်ကျောင်းကို လာမယ်ဆိုတာ သိတဲ့အတွက် အဖိုးတန်ပစ္စည်းကို သူ့အတွက် ရယူဖို့ ကြံစည်ခဲ့တယ်လို့ ရှင်က ဆိုလိုချင်တယ် မဟုတ်လား။ အဲဒါ လုံးဝမဟုတ်ဘူးရှင့်"

"ကျုပ်တော့ ဒီအတိုင်းပဲ ထင်မိတယ်။ ရာမတ်ပြည်မှာ ရှိနေတုန်း အဖိုးတန်ကျောက်မျက်ရတနာတွေ ဝှက်တာကို မြင်လိုက်တော့ လူ့ကျင့်ဝတ်သိက္ခာကို မေ့သွားပြီး ရတနာတွေကို လိုချင်တဲ့ လောဘထွက်လာတယ်။ ရတနာတွေကို ရယူချင်လာတယ်"



"မဟုတ်ပါဘူးရှင့်၊ ကျွန်မက ဘာမှမမြင်ခဲ့ပါဘူး"

ဤတွင် စုံထောက်ဟာကြူလီက ရဲမှူးကယ်လ်ဆီအား ခေါင်းညိတ်အချက်ပြလိုက်သည်။

ရဲမှူးကယ်လ်ဆီလည်း ထိုင်ရာမှ ထ၍ တံခါးပေါက်ကို ဖွင့်ပေးလိုက်ရာ ဂျူလီယာ၏ မိခင် မစ္စက်အတ်ပွန်သည် အခန်းတွင်းသို့ ဝင်လာလေသည်။

❒

"ဟဲလို၊ ဆရာမကြီး နေကောင်းပါရဲ့လား။ ကျွန်မက မနေ့ကမှ တူရကီပြည် အင်ကာရာမြို့ကို ရောက်ပြီး အခုပဲ လေယာဉ်နဲ့ တိုက်ရိုက်လာခဲ့ရလို့ အဝတ်အစားတောင် လဲဖို့ အချိန်မရခဲ့ဘူးရှင့်"

မစ္စက်အတ်ပွန်က ကျောင်းအုပ်ဆရာမကြီးအား တောင်းပန်သလို နှုတ်ဆက်လိုက်ရာ စုံထောက်ဟာကြူလီက "ကိစ္စမရှိပါဘူး ခင်ဗျ၊ ကျုပ်တို့က မစ္စက်အတ်ပွန်ကို မေးစရာတစ်ခုရှိလို့ပါ" ဟု ပြောလိုက်သည်။

ဤတွင် ရဲမှူးကယ်လ်ဆီက မစ္စက်အတ်ပွန်အား မေးခွန်းထုတ်လေသည်။

"မစ္စက်အတ်ပွန်ခင်ဗျား၊ ခင်ဗျားသမီးလေး ဂျူလီယာကို ဒီကျောင်းလာပို့တဲ့နေ့က ဆရာမကြီးရဲ့ ရုံးခန်းထဲရှိနေတုန်း ပြတင်းပေါက်က အပြင်ဘက်ကို လှမ်းကြည့်လိုက်ရင်း တစ်စုံတစ်ယောက်ကို တွေ့ရလို့ အလွန်အံ့သြသွားခဲ့တယ် မဟုတ်လား။ ဆိုလိုတာက ခင်ဗျား သိခဲ့ဖူးတဲ့ လူတစ်ယောက်ကို ဒီမှာ လာတွေ့ရတဲ့အတွက် အံ့သြသွားတဲ့ သဘောမျိုး ဖြစ်သွားခဲ့တယ်။ အဲဒါ ဟုတ်ရဲ့ မဟုတ်လား"

ထိုမေးခွန်းကို မစ္စက်အတ်ပွန်က ခေတ္တစဉ်းစားပြီးမှ ပြန်ဖြေလေသည်။

"ဩော်... ဆရာမကြီး ရုံးခန်းမှာတုန်းကလား။ ဟုတ်ကဲ့၊ ကျွန်မက လူတစ်ယောက်ကို မြင်မိပါတယ်"

"မြင်လိုက်တော့ ခင်ဗျား အလွန်အံ့သြသွားတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မက အံ့သြသွားမိပါတယ်။ အရင်တွေ့ခဲ့မိတုန်းက ကြာလှမှကိုးရှင့်"

"ဘာကိုဆိုလိုတာလဲခင်ဗျ၊ အဲဒီလူကို တွေ့ခဲ့တာဟာ ခင်ဗျား စစ်အတွင်းက ထောက်လှမ်းရေးဘက်မှာ ဝင်အမှုထမ်းခဲ့တုန်းက တွေ့ခဲ့တာကို ဆိုလိုပါသလား"

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကယ်လ်ဆီက ဤသို့ မေးလိုက်ရာ မစ္စက်အတ်ဂျွန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်။ အဲဒီတုန်းက တွေ့ခဲ့ရတာပါ။ ဒါပေမဲ့ ဒီကျောင်းမှာ သူ့ကို ပြန်တွေ့တော့ ကျွန်မက သူ့ကို ချက်ချင်း မှတ်မိပါတယ်။ အဲဒါက သူပါပဲ"

ပြောပြောဆိုဆို မစ္စက်အတ်ဂျွန်က လက်ညှိုးဖြင့် ညွှန်ပြလိုက်သည်။

ထိုအချိန်၌ ရဲမှူးကယ်လ်ဆီနှင့် အာဒမ်တို့က လှုပ်ရှားလိုက်ပုံမှာ လျှင်မြန်လင့်ကစား စက္ကန့်ပိုင်းမျှ နောက်ကျသွားလေသည်။ အတွင်းရေးမှူး အယ်နီသည် ရုတ်တရက် ထိုင်ရာမှ ထလိုက်ပြီး ပစ္စတိုသေနတ်တစ်လက်ဖြင့် မစ္စက်အတ်ဂျွန်အား ချိန်ရွယ်ထားလိုက်သည်။ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရီ့သည် ယောကျ်ားနှစ်ယောက်ထက် ပို၍ လျှင်မြန်စွာ မစ္စက်အတ်ဂျွန်အနီးသို့ ပြေးသွားလိုက်သည်။

တစ်ဖန် မစ္စချက်ဒစ်က ပို၍ပင် လျှင်မြန်လေသည်။

အယ်နီက ပစ္စတိုသေနတ်ဖြင့် ပစ်လိုက်ချိန်တွင် ဆရာမကြီး၏ ရှေ့တည့်တည့်သို့ ဝင်ကာ ဆီး၍ ရပ်နေလိုက်သည်။ အယ်နီပစ်လိုက်သော သေနတ်ကျည်ဆန်သည် မစ္စချက်ဒစ်အား ထိမှန်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။ အဆောင်မှူး မစ္စဂျွန်ဆင်သည် မစ္စချက်ဒစ် လဲကျနေရာသို့ ပြေးဝင်သွားချိန်တွင် ရဲမှူးကယ်လ်ဆီနှင့် အာဒမ်တို့က အယ်နီအား အတင်းဖမ်းချုပ်လိုက်ပြီး ပစ္စတိုသေနတ်ကို ဆွဲလုလိုက်ကြလေသည်။

မစ္စအတ်ဂျွန်သည် အံ့သြတုန်လှုပ်နေရာမှ

"သူဟာ အသက်ငယ်သလောက် လူသတ်တဲ့နေရာမှာ အလွန်ရက်စက်တယ်လို့ ကျွန်မ ကြားဖူးခဲ့ပါတယ်။ သူလျှို (ဂျေဂု့)များထဲမှာ ကြောက်စရာအကောင်းဆုံးပါပဲ။ သူ့ရဲ့ လျှို့ဝှက်နာမည်က အင်ဂျီလီကာလို့ ခေါ်ပါတယ်" ဟု ပြောလိုက်သည်။

အယ်နီသည် ယောကျ်ားနှစ်ဦး ဖမ်းချုပ်ထားရာမှ ရုန်းကန်ရင်း "ရှင်က လိမ်ပြောတာပဲ" ဟု အော်ပြောလိုက်သည်။

ဤတွင် စုံထောက်ဟာကြူလီက အယ်နီအား လေသံခပ်အေးအေးဖြင့် ပြောလေသည်။

"သူက လိမ်ပြောတာ မဟုတ်ပါဘူး၊ မင်းဟာ အလွန်ကြောက်စရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ မင်းဟာ ဘဝတစ်လျှောက်လုံး ရက်စက်ကြမ်းကြုတ်ခဲ့တယ်။ အခုအချိန်အထိ ဘယ်သူကမှ မင်းကို သင်္ကာမကင်းမဖြစ်ကြဘူး။ မဖြစ်အောင်လည်း မင်းက အလွန်ပိပိရိရိ နေခဲ့တယ်။ ဒီကျောင်းမှာ အလုပ်ဝင်လုပ်ဖို့ လျှောက်တော့ တင်ပြတဲ့ ထောက်ခံစာတွေကလည်း အမှန်ဖြစ်ခဲ့တယ်။ မင်းဟာ အတွင်းရေးမှူး စာရေးမအဖြစ် လုပ်စားခဲ့ဖူးကြောင်း ထောက်ခံစာတွေ ပါတဲ့အတိုင်း တကယ်ပဲ လုပ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအလုပ်တွေ ဝင်လုပ်ခဲ့တာဟာ မင်းက လျှို့ဝှက်သတင်းတွေ ရယူဖို့ ရည်ရွယ်ချက်နဲ့ ဝင်လုပ်ခဲ့တာ ဖြစ်တယ်။ မင်းဟာ စောစောပိုင်းက ရေနံကုမ္ပဏီတစ်ခုမှာ ဝင်လုပ်ခဲ့တယ်။ နောက်ပြီး ရှေးဟောင်း သုတေသန ဆရာကြီးတစ်ဦးဆီမှာ အလုပ်ဝင်လုပ်ခဲ့သေးတယ်။ အဲဒီပုဂ္ဂိုလ်နဲ့ အလုပ်လုပ်နေရာက မင်းဟာ နိုင်ငံခြားတစ်နေရာကိုလည်း ရောက်ခဲ့တယ်။

ပြီးတော့ မင်းဟာ ရုပ်ရှင်ပြဇာတ် မင်းသမီးတစ်ဦးဆီမှာလည်း လုပ်ခဲ့တယ်။ အဲဒီမင်းသမီးနဲ့ ရင်းနှီးတဲ့ ပုဂ္ဂိုလ်က ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ မင်းဟာ အသက်ခုနစ်နှစ်အရွယ်ကစပြီး သူလျှို (ဂျေဂု့) အလုပ် လုပ်ခဲ့တယ်။ သို့သော်လည်း မင်းဟာ တစ်ဦးတစ်ယောက်တည်း သစ္စာခံ လုပ်ခဲ့တာမဟုတ်ဘဲ ငွေပေးနိုင်တဲ့ လူအမျိုးမျိုးအတွက် လုပ်ကိုင်ခဲ့တယ်။ ရှင်းရှင်းပြောရရင်တော့ မင်းကို အခကြေးငွေ ပေးနိုင်းရင် မင်းက လက်ခံလုပ်ခဲ့တယ်။ အခကြေးငွေအဖြစ် ငွေလည်း အများကြီးရခဲ့တယ်။ မင်းက လက်ခံပြီး လုပ်ခဲ့တဲ့ လုပ်ငန်းတာဝန်အများစုကတော့ မင်းနာမည်ရင်းနဲ့ပဲ လုပ်ခဲ့တယ်။ အဲဒီအခါမျိုးမှာ မင်းက မမာနေတဲ့ မိခင်ကြီးဆီမှာ သွားပြုစုနေရတယ်လို့ အကြောင်းပြခဲ့တယ်။ အဲဒီအချက်ကို ဟုတ်မဟုတ် ကျုပ်က ထောက်လှမ်း စုံစမ်းပြီးခဲ့ပါပြီ။ သူနာပြုဆရာမတစ်ယောက်နဲ့အတူ ကျေးရွာတစ်ရွာမှာ နေထိုင်တဲ့ မိခင်ဆိုတဲ့ အမျိုးသမီးကြီးကို ကျုပ်သွားကြည့်ခဲ့တယ်။ အဲဒီအမျိုးသမီးကြီးဟာ စိတ်ရောဂါဝေဒနာရှင် အမျိုးသမီးကြီးတစ်ဦး ဖြစ်ပြီး မင်းရဲ့မိခင်မဟုတ်ဘူးလို့ ကျုပ် ယူဆတယ်။ အမှန်က အဲဒီအမျိုးသမီးကြီးကို ထားတာဟာ မင်းက တစ်ခါတစ်ခါ လုပ်စရာ အလုပ်ရှိရင် မိခင်ကြီး နေမကောင်းလို့ သွားပြုစုရဦးမယ်လို့ အကြောင်းပြပြီး လက်ရှိအလုပ်က ထွက်သွားနိုင်အောင် ဖန်တီးထားတာသာ ဖြစ်တယ်။

ပြီးခဲ့တဲ့ ဆောင်းရာသီ သုံးလအတွင်းက မင်းဟာ မင်းရဲ့မိခင်ကြီးဆီ သွားပြုစုမယ်လို့ အကြောင်းပြပြီး ထွက်သွားတာဟာ တကယ်တော့ မင်းဟာ အဲဒီအချိန်က ရာမတ်ပြည်နယ်ကို သွားခဲ့တယ်။ ဟိုမှာတော့ မင်းရဲ့ နာမည်ရင်းနဲ့ မဟုတ်ဘဲ စပိန်ကချေသည် အင်ဂျီလီကာ နာမည်နဲ့ နေခဲ့တယ်။ ရာမတ်ပြည်မှာ တည်းခိုတော့လည်း မစ္စက်ဂျုန် (လေယာဉ်မှူးရော်လင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အစ်မ)တို့ သားအမိနေခဲ့တဲ့ အခန်းကပ်လျက် အခန်းမှာ တည်းခိုခဲ့တယ်။ ဒါကြောင့် ဟိုမှာ တော်လှန်ရေးဖြစ်တဲ့နေ့က ရော်လင်ဆင်က သူ့အစ်မ အခန်းထဲမှာ ကျောက်မျက်ရတနာတွေ ဝှက်ထားတာကို မင်းက တစ်ဖက်ခန်းက လှမ်းမြင်ခဲ့ရတယ်။ အဲဒီအချိန်က နိုင်ငံခြားအခြေအနေကြောင့် ဗြိတိသျှနိုင်ငံသားတွေ အမြန်ပြောင်းရွှေ့ ထွက်ခွာနေကြရတဲ့အတွက် မင်းဟာ တင်းနစ်ရက်ကက်ကို ရယူဖို့ အခွင့်အရေးမရခဲ့ဘူး။

သို့သော်လည်း မစ္စက်ဂျုန်တို့ သားအမိရဲ့ ပစ္စည်းတွေပေါ်မှာ ကပ်ထားတဲ့ နာမည်နဲ့ လိပ်စာကိုတော့ မင်းက ဖတ်လိုက်ရလို့ သူတို့ ဘယ်သူဘယ်ဝါဆိုတာ သိခဲ့ရတယ်။ ဒါကြောင့် မင်းက ဒီကျောင်းကို အလုပ်ရအောင် ကြံဖန်ပြီး အလုပ်ဝင်လုပ်ခဲ့တယ်။ ကျောင်းအုပ်ဆရာမကြီးရဲ့ မူလအတွင်းရေးမှူးအမျိုးသမီးကို မင်းက ကျိတ်ဆက်သွယ်ပြီး ငွေပေးခဲ့တယ်။ ငွေပေးတာက သူ့အနေနဲ့ အလုပ်က ထွက်သွားဖို့ ခိုင်းတာပဲ။ ဒါမှ ကျောင်းမှာ အတွင်းရေးမှူးနေရာ လစ်လပ်ပြီး မင်းက အလုပ်လာလျှောက်ခဲ့တယ်။

နောက်ပြီး မင်းက ဆရာမကြီးလက်ခံအောင်လည်း အကြောင်းတစ်ခုပြခဲ့တယ်။ မင်းဟာ နာမည်ကြီး မိန်းကလေးကျောင်းတစ်ကျောင်းမှာ လေ့လာပြီး သတင်းဆောင်းပါးတွေ ရေးဖို့ရှိပါတယ်လို့လည်း အကြောင်းပြခဲ့တယ်။ မင်းအဖို့ အဖက်ဖက်က အဆင်ပြေခဲ့တယ် မဟုတ်လား။ ကျောင်းသူမိန်းကလေးတစ်ဦးရဲ့ တင်းနစ်ရက်ကက်တစ်ခု ပျောက်နေရင် ဘာမှ အရေးကြီးတာ မဟုတ်ဘူး။ ပိုပြီး လွယ်ကူတာက မင်းက ညဘက် အားကစားရုံကို သွားပြီး တင်းနစ်ရက်ကက်ထဲက ကျောက်မျက်ရတနာတွေကို ထုတ်ယူလိုက်ရုံပဲ။ သို့သော်လည်း မစ္စစပရင်လာကို ထည့်မစဉ်းစားမိဘူး။ သူက မင်းတင်းနစ်ရက်ကက်တွေ ယူကြည့်တာကို မြင်ခဲ့တာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် အားကစားရုံထဲ မင်းသွားတဲ့ညက မစ္စစပရင်လာဟာ အိပ်မပျော်သေးတော့ မင်းနောက်ကို လိုက်လာတယ်။ ဒါကြောင့် မင်းက သူ့ကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်။ နောက်တော့ မစ္စဘလန့်(ချ)က ခြိမ်းခြောက် ငွေညှစ်ပြီးတောင်းတော့ သူ့ကိုလည်း မင်းက သတ်လိုက်ပြန်တယ်။ မင်းအဖို့ လူသတ်ရတာ သဘာဝတစ်ခုလို ဖြစ်နေတယ် မဟုတ်လား”

ဟာကြူလီသည် စကားကို ရပ်လိုက်သောအခါ ရဲမှူးကယ်လ်ဆီက အယ်နီအား တရားဥပဒေအရ သူပြောသည့် စကားများကို မှတ်တမ်းပြု၍ တရားရုံးတွင် အထောက်အထားအဖြစ် အသုံးပြုနိုင်ကြောင်း သတိပေး ပြောဆိုလိုက်သည်။



အယ်နီသည် စုံထောက် ဟာကြူလီအား အလွန်ဒေါသထွက်စွာဖြင့် ဆဲရေးလေသည်။

ရဲမှူး ကယ်လ်ဆီက အယ်နီအား ဖမ်းခေါ်သွားစဉ် အာဒမ်က “အတော်ကြမ်းတဲ့ အမျိုးသမီးပါပဲလား။ ကျွန်တော်က သူ့ကို ယဉ်ကျေးရည်မွန်တဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့မိတယ်” ဟု ပြောလိုက်သည်။

အဆောင်မှူး မစ္စရွှန်ဆင်သည် ကြမ်းပြင်ပေါ်လဲကျနေသူ မစ္စချက်ဒစ်အား သေချာစွာကြည့်ရာမှ “ဒဏ်ရာက အတော်ပြင်းထန်ပုံရတယ်၊ ဆရာဝန်ရောက်လာတဲ့အထိ သူ့ကို ဒီနေရာက မရွှေ့ဘဲထားရင် ကောင်းလိမ့်မယ်” ဟု ပြောလိုက်သည်။

❑ ❑ ❑

## ၂၃

ဂျူလီယာ၏မိခင် မစ္စက်အတ်ပျွန်သည် မဲဒိုးဘင်းကျောင်း၏ စကြံများမှ လျှောက်သွားပြီး သူ၏သမီးအား လိုက်ရှာလေသည်။

မကြာမီ စာသင်ခန်းလွတ်တစ်ခု၌ စာစီစာကုံးရေးနေသော ဂျူလီယာကို သွားတွေ့လေသည်။

ဂျူလီယာသည် စာရေးနေရာမှ မော်ကြည့်လိုက်ပြီး မိခင်ကို မြင်လိုက်လျှင် ထလာကာ အားရပါးရ ပြေးဖက် နှုတ်ဆက်လေသည်။

“ဟင် မာမီ”

ထို့နောက် လူချင်းခွာလိုက်ပြီး ဂျူလီယာက “မာမီ ပြန်ရောက်လာတာ စောတယ်နော်” ဟု မှတ်ချက်ချသလို ပြောလိုက်သည်။

“ဟုတ်တယ်ကွဲ့၊ မာမီက တူရကီ အင်ကာရာမြို့ကနေပြီး လေယာဉ်နဲ့ ပြန်လာခဲ့တယ်”

“ဟုတ်လား၊ ဘာပဲဖြစ်ဖြစ်လေ မာမီ ပြန်ရောက်လာတာ သမီးတော့ ဝမ်းသာတယ်”

“မာမီလည်း ဝမ်းသာပါတယ်။ ဒါထက် သမီးက အခု ဘာတွေ ရေးနေတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မစ္စက်အတ်ဂျွန်သည် ဂျူလီယာ ရေးလက်စ စာရွက်ကို လှမ်းကြည့်လိုက်သည်။

"မစ္စရစ်(ချ)က ရေးခိုင်းတဲ့ စာစီစာကုံးတစ်ပုဒ် ရေးနေတယ်။ ဆရာမကလည်း တော်တော်ခက်တဲ့ စာစီစာကုံးကိုမှ ရေးခိုင်းတယ်"

ဂျူလီယာက ပြောလိုက်စဉ် မစ္စက်အတ်ဂျွန်သည် စာရွက်ပေါ်မှ ခေါင်းစဉ်ကို ကြည့်လိုက်ရာ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီးယား၏ ပြဇာတ်တစ်ခုဖြစ်သော မက်ဘက်ပြဇာတ်မှ လူတွေ လျှောက်သတ်သူ အမျိုးသမီးအကြောင်း ဖြစ်နေလေသည်။

ဂျူလီယာက တစ်ပိုင်းတစ်စ ရေးထားသော စာစီစာကုံးမှာ ပြဇာတ်ထဲမှ အမျိုးသမီးသည် လူတွေလိုက်သတ်ရာတွင် သတ်ဖြတ်ရခြင်းကိုပင် ကျေနပ်သဘောကျသည့် စိတ်ဓာတ်ရှိကြောင်း ရေးသားထားသည်ကို တွေ့ရလေသည်။

"အင်း... စာစီစာကုံးရဲ့ အကြောင်းအရာကတော့ ဒီကျောင်းမှာ လက်တွေ့ဖြစ်ပျက်တာ ကိုက်ညီနေတယ်လို့ ဆိုရမယ်"

မစ္စက်အတ်ဂျွန်က မှတ်ချက်ချလိုက်သည်။

၅

ရဲမှူးကယ်လ်ဆီသည် စုံထောက်ဟာကျူလီနှင့် စကားပြောနေလေသည်။ သူသည် ဟာကျူလီ၏ လုပ်နည်းလုပ်ဟန် ပရိယာယ်အကြောင်း သုံးသပ်ပြောနေလေသည်။

"မစ္စတာ ဟာကျူလီကတော့ ကျွန်တော်တို့လို အစိုးရဝန်ထမ်းမဟုတ်တော့ အများကြီး လွတ်လပ်တာပဲ။ ကျွန်တော်တို့ မလုပ်နိုင်တာတွေကို လုပ်နိုင်တဲ့ အခြေအနေလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် အခု တရားခံကို ဖော်ထုတ်လိုက်တာကိုတော့ ချီးကျူးမိပါတယ်။ အယ်နီကို ခင်ဗျားက အငိုက်ဖမ်းလိုက်တာပဲ။ စောစောပိုင်းက မစ္စရစ်(ချ)ကို တရားခံအဖြစ် စွပ်စွဲတော့မလို စကားစပြောလိုက်တော့ အယ်နီက မရိပ်မိသေးဘူး။ နောက်တော့ မစ္စက်အတ်ဂျွန်ရုတ်တရက် ရောက်လာတဲ့အခါ သူဟာ တုန်လှုပ်ချောက်ချားသွားပုံရပါတယ်။ သူက မစ္စစပရင်လာကို သတ်ပြီး ပစ္စတိုသေနတ်ကို သိမ်းထားတာလည်း တစ်မျိုးကောင်းတယ်။ မစ္စစပရင်လာရဲ့ ခန္ဓာကိုယ်မှာ တွေ့ရတဲ့ ကျည်ဆန်ခွံက သူ့သေနတ်နဲ့ ပစ်တာ ဟုတ်နေရင်"



"ဟုတ်မှာပါဗျ။ မစ္စစပရင်လာရဲ့ ကိုယ်က ကျည်ဆန်ဟာ အဲဒီသေနတ်နဲ့ ပစ်တာမှန်ကြောင်း စစ်ဆေး တွေ့ရှိမှာ သေချာပါတယ်"

စုံထောက်ဟာကျူလီက ပြောလိုက်သည်။

"ဒါဖြင့် ကျွန်တော်တို့က အယ်နီကို မစ္စစပရင်လာသတ်မှုနဲ့ စွဲချက်တင်ဖို့ နိုင်လုံပြီလို့ ဆိုရမယ်။ မစ္စချက်ဒစ်ခမျာ ဒဏ်ရာက အတော်ပြင်းထန်တယ်လို့ သိရတယ်။ ဒါထက် မစ္စအယ်နီ ဘယ်လိုလုပ်ပြီး မစ္စဗာဆီတတ်ကို သတ်တယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ကို မရဘူး။ အဲဒီအချိန်က အယ်နီဟာ တစ်နေရာမှာ ဒင်းနစ္စဆိုတဲ့ လူငယ်တစ်ဦးနဲ့ အတူရှိနေတယ်"

"ဟုတ်တယ်လေ၊ အယ်နီက အခင်းဖြစ်ပွားတဲ့ နေရာမှာ မရှိဘူး။ မစ္စဗာဆီတတ်ကို သတ်ခဲ့သူက အယ်နီမဟုတ်ဘူးဗျ။ မစ္စဗာဆီတတ်ကို မစ္စချက်ဒစ်က သတ်လိုက်တယ်"

စုံထောက်ဟာကျူလီက ဤသို့ပြောလိုက်သောအခါ အနီးတွင် ရှိနေသူ ကျောင်းအုပ်ဆရာမကြီး မစ္စဘားစထရိုသည် အလွန်အံ့အားသင့်လျက် "ဟင်...မစ္စချက်ဒစ်က သတ်လိုက်တယ်လား" ဟု မေးလိုက်သည်။

စုံထောက်ဟာကျူလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော် မစ္စချက်ဒစ်က သတ်လိုက်တယ်လို့ ယူဆတယ်"

"ဘာကြောင့် သတ်ရတာလဲဟင်"

"ဘာကြောင့်လဲဆိုတော့ မစ္စချက်ဒစ်ဟာ မဲဒိုးဘင်းကျောင်းကြီးအပေါ် သံယောဇဉ်ကြီးလွန်းလို့ပဲ ဆိုရမယ်"

ဟာကျူလီ၏ စကားကို ဆရာမကြီးသည် ခေတ္တ စဉ်းစားနေပြီးနောက် သဘောပေါက်သွားဟန်ဖြင့် "သြော်...ဒီလိုလား" ဟု ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ မစ္စချက်ဒစ်ဟာ ဆရာမကြီးနဲ့ အတူ ဒီကျောင်းကို စတင်တည်ထောင်ခဲ့တယ် မဟုတ်လား။ သူ့စိတ်ထဲမှာ ဒီကျောင်းဟာ ဆရာမကြီးနဲ့ သူနဲ့နှစ်ယောက်တွဲပြီး ဖက်စပ်ထောင်ခဲ့တဲ့ ကျောင်းပဲလို့ ယူဆနေခဲ့တယ်"

"ဒါလည်း တစ်နည်းအားဖြင့် မှန်တာပါပဲ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ သူနဲ့ ဆရာမကြီးနဲ့ တွဲဖက်စပ်လုပ်ခဲ့တာဟာ ငွေရေးကြေးရေး အပိုင်းသာ ဖြစ်ခဲ့တယ်။ နောက်ပိုင်းဆရာမကြီးက အငြိမ်းစားယူဖို့ စကားစပြောတော့ ဆရာမကြီးရဲ့ နေရာကို သူကပဲ ဆက်ခံရလိမ့်မယ်လို့ ယူဆခဲ့တယ်"

www.burmeseclassic.com



"ဒါပေမဲ့ သူက ကျောင်းအုပ်တာဝန်ယူဖို့ အသက်ကြီးလွန်းနေပြီ ရှင့်"

"မှန်ပါတယ်။ သူက အသက်ကြီးလွန်းတဲ့အပြင် ကျောင်းအုပ်ဆရာမကြီး တာဝန်ယူဖို့လည်း မသင့်တော်ပါဘူး။ ခက်ပုံက သူကိုယ်တိုင် အဲဒီလို မယူဆဘူး။ ဆရာမကြီး အနားယူရင် သူကပဲ ကျောင်းအုပ်ဆရာမကြီးနေရာကို ရလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ဆရာမကြီးက သူ့ကို နေရာမပေးဘဲ တခြားဆရာမတစ်ယောက်ကို ရည်မှန်းကြောင်း သူသိသွားတယ်။ ဆရာမကြီးက မစ္စဗာဆီတတ်ကို ရည်ရွယ်ကြောင်း သူသိသွားတယ်။ မစ္စချက်ဒစ်ဟာ မဲဒိုးဘင်းကျောင်းကို အလွန်မြတ်နိုးသူ ဖြစ်တယ်။ သူဟာ မစ္စဗာဆီတတ်ကို သဘောမကျဘူး။ နောက်ပိုင်း သူဟာ မစ္စဗာဆီတတ်ကို မုန်းတီးတဲ့အထိ ဖြစ်လာခဲ့တယ်"

"အင်း၊ ဒါလည်း ဟုတ်နိုင်တာပဲ။ မစ္စဗာဆီတတ်က အရာရာမှာ ဖျတ်လတ်သွက်လက်ပြီး တော်တဲ့အတွက် မစ္စချက်ဒစ်အနေနဲ့ မနာလိုဖြစ်ချင် ဖြစ်မယ်။ ရှင်ကလည်း ဒါကိုဆိုလိုတာ မဟုတ်လားရှင့်"

"ဟုတ်ပါတယ်၊ မစ္စချက်ဒစ်ဟာ မစ္စဗာဆီတတ် အပေါ် မနာလိုဖြစ်သလို မဲဒိုးဘင်းကျောင်းကိုလည်း အလွန်သံယောဇဉ်ကြီးလေတော့ မစ္စဗာဆီတတ်က ကျောင်းအုပ်ဆရာမကြီးနေရာယူမှာကို လက်မခံနိုင်ဘူး။ နောက်ပြီး ဆရာမကြီးကိုယ်တိုင်ကလည်း မစ္စချက်ဒစ် အမြင်မှာ နည်းနည်း စိတ်ဓာတ်ပျော့ညံ့တယ်လို့ ထင်ချင်ထင်မယ်"

"ဟုတ်ကဲ့၊ ကျွန်မအနေနဲ့က ကျောင်းအုပ်ဆရာမကြီးနေရာကို အသက်ခပ်ငယ်ငယ် ဆရာမတစ်ယောက်ကို ရည်မှန်းခဲ့တယ်။ ဒီအကြောင်း ကျွန်မစိတ်ကူးရတာကို ထုတ်ပြောခဲ့တုန်းက မစ္စချက်ဒစ်က အနားမှာ ရှိနေတယ်ရှင့်"

"ဟုတ်လိမ့်မယ်။ မစ္စချက်ဒစ်က ခင်ဗျားဟာ မစ္စဗာဆီတတ်ကို ကျောင်းအုပ်ဆရာမကြီးနေရာပေးလိမ့်မယ်လို့ ယူဆလိုက်တယ်။ သူ့အနေနဲ့က အတွေ့အကြုံ ဝါရင့်မှု၊ ဉာဏ်ပညာ အမြော်အမြင် ရှိမှုက ပိုအရေးကြီးတယ်လို့ သဘောထားတယ်။ ဒါပေမဲ့ ခင်ဗျားက မစ္စဗာဆီတတ်ကိုပဲ သဘောကျလို့ စနေ၊ တနင်္ဂနွေနေ့ ခင်ဗျား အပြင်ဘက် ထွက်ချိန်မှာ မစ္စဗာဆီတတ်ကို ကျောင်းမှာ အုပ်ချုပ်နေခဲ့ဖို့ တာဝန်လွှဲအပ်ပေးခဲ့တယ်။ အဲဒီ တနင်္ဂနွေနေ့ညက ဖြစ်ပုံကို ကျုပ်ထင်တဲ့အတိုင်း ပြော ပြပါမယ်။ မစ္စချက်ဒစ်ဟာ ညဘက် အိပ်မပျော်နိုင်ဘဲ စိတ်တွေ လှုပ်ရှားနေချိန်မှာ အားကစားရုံထဲမှာ



မီးရောင်မြင်တော့ (နောက်ပိုင်း သူက ရဲကို အစစ်ခံတဲ့အတိုင်း) စုံစမ်းကြည့်ဖို့ ထွက်သွားတယ်။ အားကစားရုံထဲမှာ ပြင်ပက သူစိမ်းတစ်ယောက် ရှိနေပြီထင် လို့လည်း အရေးရှိရင် ခုခံကာကွယ်ဖို့ လက်နက်တစ်ခုခု ယူဆောင်သွားဖို့လည်း စိတ်ကူးရသွားတယ်။ သူကိုင်ဆောင်သွားတာက သူအစစ်ခံသလို ဂေါက်သီးရိုက် တဲ့ တုတ်တံမဟုတ်ဘူး။ ကျောင်းမှာ အဆင်သင့်ရှိနေတဲ့ သဲအိတ်တစ်အိတ် ယူသွားတယ်။ တကယ်လို့ ရန်သူသူစိမ်းနဲ့ တွေ့ရင် သဲအိတ်နဲ့ ရိုက်ပြီး ခုခံဖို့ ပါပဲ။

အားကစားရုံထဲရောက်တော့ တွေ့ရတာက သူစိမ်းမဟုတ်ဘဲ မစ္စဗာဆီ တတ် ဖြစ်နေတယ်။ မစ္စဗာဆီတတ်ဟာ ကျောပေးပြီး ကျောင်းသူမိန်းကလေး တွေ ပစ္စည်းထားတဲ့ ဗီရိုတစ်ခုနား ရောက်နေတယ်။ မစ္စချက်ဒစ်က စိတ်ထဲ က မုန်းတီး မနာလိုဖြစ်နေတဲ့ မစ္စဗာဆီတတ်ကို မြင်လိုက်တော့ ဘာရယ် လို့ စဉ်းစားမနေတော့ဘဲ စိတ်လိုက်မာန်ပါ သဲအိတ်နဲ့ တအားလွှဲရိုက်လိုက်တယ်။ မစ္စဗာဆီတတ်လည်း သေသွားရော ဆိုပါတော့။ မစ္စချက်ဒစ်က နဂိုက လူသတ် သမားစိတ် ရှိသူလည်း မဟုတ်ဘူး။ သူ မနာလိုဖြစ်နေသူကို ရုတ်တရက် မြင်လိုက်ချိန်မှာ ဆင်ခြင် စဉ်းစားခြင်း မပြုနိုင်ဘဲ စိတ်လိုက်မာန်ပါ လုပ်မိ တဲ့အတွက် သူဟာ တုန်လှုပ်ချောက်ချားနေမိတယ်။ သို့သော်လည်း မစ္စဗာဆီ တတ် သေသွားမှတော့ သူသာလျှင် မဲဒိုးဘင်းကျောင်းအုပ်ဆရာမကြီးနေရာ ကို ဆက်ခံရတော့မယ်လို့ တွေးမိပြန်တယ်။ ဒါကြောင့် သူဟာ အမှန်ကို ဖွင့်မပြောခဲ့ဘူး။ အမှန်က အားကစားရုံထဲမှာ တွေ့ရတဲ့ ဂေါက်သီးရိုက်တံက မစ္စဗာဆီတတ်က လက်နက်အဖြစ် ဆောင်သွားတာ ဖြစ်ရမယ်။ အဲဒါကို မစ္စချက်ဒစ်က သူယူသွားတာပါလို့ ရဲကို အစစ်ခံခဲ့တယ်။ သူ တကယ်ယူဆောင် သွားတာက သဲအိတ်ဖြစ်ကြောင်း ဘယ်သူမှ မသိစေချင်ဘူး"

"ဒါထက် မစ္စအယ်နီက မစ္စဘလန့်(ချ)ကို သတ်ရာမှာ ဘာကြောင့် သဲအိတ်ကို လက်နက်အဖြစ် သုံးခဲ့ရတာလဲ"

ဆရာမကြီး မစ္စဘားစထရို့က စုံထောက်ဟာကြူလီအား မေးလိုက် ပြန်သည်။

"ဒါတော့ ကျောင်းအဆောက်အအုံအတွင်းမှာ ဖြစ်နေတော့ သေနတ်သံ မကြားစေချင်လို့ ဖြစ်မယ်။ နောက်တစ်ခုက အယ်နီဟာ အလွန်ဉာဏ်များ တဲ့ မိန်းကလေးဖြစ်တယ်။ ဒီကျောင်းမှာဖြစ်တဲ့ ဒုတိယ လူသတ်မှုဖြစ်ချိန်က သူဟာ တခြားတစ်နေရာ ရောက်နေလို့ သူက လွတ်နေတယ် မဟုတ်လား။ ဒီတော့ သူ့အနေနဲ့ တတိယ လူသတ်မှု ကျူးလွန်ရာမှာ ဒုတိယလူသတ်မှု

www.burmeseclassic.com

www.burmeseclassic.com



တုန်းက သုံးခဲ့တဲ့ သဲအိတ်ကို အသုံးပြုခြင်းအားဖြင့် ရဲက တတိယ လူသတ်မှု ကျူးလွန်သူဟာ ဒုတိယလူသတ်မှု တရားခံပဲလို့ ထင်အောင် အကွက်ဆင်လိုက်တာလည်း ဖြစ်နိုင်တယ်"

"မစ္စဗာဆိတတ်က ညကြီး အချိန်မတော် အားကစားရုံထဲ ဘာသွားလုပ်တာလဲဆိုတာ ကျွန်မဖြင့် စဉ်းစားလို့ကို မရနိုင်ဘူး"

"ကျုပ်ထင်တာပြောရရင် မစ္စဗာဆိတတ်ဟာ မင်းသမီးလေး ရှာအီစတာ ပျောက်သွားတာနဲ့ ပတ်သက်ပြီး အထူးစိတ်ထိခိုက်နေပုံရတယ်။ ဆရာမကြီးက သူ့ကို ကျောင်းမှာ အုပ်ချုပ်နေခဲ့ဖို့ တာဝန်ပေးထားနေချိန်မှာ ရှာအီစတာက ပြန်ပေးဆွဲခံရတာကို သူ့အနေနဲ့ အပြစ်မကင်းဘူးလို့ ယူဆဟန်တူတယ်။ အဲဒီညက သူဟာ စိတ်ထိခိုက်ပြီး အိပ်မပျော်ဖြစ်နေတော့ အားကစားရုံထဲမှာ ရှာအီစတာရဲ့ပစ္စည်းထားတဲ့ ဗီရိုမှာ သဲလွန်စတစ်စုံတစ်ခု တွေ့လိုတွေ့ငြား သွားရှာကြည့်တာ ဖြစ်နိုင်တယ်"

"အင်း... မစ္စတာဟာကြူလီကတော့ အဖက်ဖက်က အကွက်စေ့အောင် လေ့လာပြီး အဖြေရှာနိုင်တာပဲကိုး"

ဆရာမကြီးက ပြောလိုက်ရာ ရဲမှူးကယ်လ်ဆီက "ဒါတော့ မစ္စတာဟာကြူလီ အဲဒီလို အကွက်စေ့အောင် လေ့လာတတ်ပြီး ထောက်လှမ်းတဲ့နေရာမှာ အထူးကျွမ်းကျင်သူ ဖြစ်ပါတယ်" ဟု ပြောလိုက်သည်။

"ဒါထက် မစ္စတာ ဟာကြူလီရှင့်၊ မစ္စရစ်(ချ)ကို ပန်းချီပုံတူတွေ ရေးဆွဲခိုင်းတာက ဘာကြောင့်လဲ"

"ဂျင်နီဖာဆိုတဲ့ ကလေးမက လူတွေ မျက်နှာကို သတိထား လေ့လာမှတ်သားမိသလားလို့ စမ်းကြည့်တာပါ။ သူက သတိထားပြီး မမှတ်တတ်ဘူး။ ဥပမာ မစ္စဘာလန့်(ချ)ရဲ့ ပုံတူမှာ ဆံပင်ပုံတစ်မျိုး ပြောင်းထားလိုက်တာကို ဂျင်နီဖာက မမှတ်မိဘူး။ နောက်ပြီး အယ်နီက ဆရာမကြီးရဲ့ အတွင်းရေးမှူးဆိုတော့ ဂျင်နီဖာက ကျောင်းသူအနေနဲ့ အယ်နီကို နီးနီးကပ်ကပ် တွေ့ရတာ မဟုတ်ဘူး"

"ဒါဖြင့် ဂျင်နီဖာဆီ လာပြီး တင်းနစ်ရက်ကက်အသစ်နဲ့ အဟောင်း လာလဲယူသွားတဲ့ မိန်းမဟာ အယ်နီပဲလို့ ရှင်က ထင်ပါသလား"

"ဟုတ်တယ်၊ အယ်နီက ရုပ်ပြောင်း ရုပ်လွှဲ အတွေ့အကြုံရှိပြီးသူ ဖြစ်တယ်။ ဆံပင်ပုံ အတုတစ်မျိုး ဆောင်းပြီး မျက်နှာကိုလည်း မိတ်ကပ်ပြုပြင် ခြယ်မှုန်းလိုက်ရုံနဲ့ ရုပ်တစ်မျိုး ပြောင်းသွားဖို့ အလွန်လွယ်ပါတယ်"

ဆရာမကြီး မစ္စဘားစထရို့က တစ်စုံတစ်ခုစဉ်းစားမိဟန်ဖြင့် "ဒါထက်



မစ္စရစ်(ချ)နဲ့ ပတ်သက်လို့" ဟု စကားစလိုက်စဉ် စုံထောက်ဟာကြူလီအာ မျက်ရိပ်ပြလိုက်သဖြင့် ရဲမှူးကယ်လ်ဆီသည် ထပြီး ထွက်သွားလေသည်။

သည်တော့မှ ဟာကြူလီက ဆရာမကြီးအား "မစ္စရစ်(ချ)ကို ခေါ်ခိုင်းလိုက်ပါ" ဟု ပြောလိုက်သည်။

မကြာမီ မစ္စရစ်(ချ)သည် ရောက်လာရာ မသိမသာ မျက်နှာပျက်နေလေသည်။

သူကပင် စတင်၍ ဆရာမကြီးအား "ကျွန်မက ရာမတ်ပြည်မှာ ဘာသွားလုပ်တာလဲဆိုတာ သိချင်တယ် မဟုတ်လား" ဟု မေးလိုက်သည်။

"ဒါဟော့ ရိပ်မိတန်သလောက် ရိပ်မိပါတယ်"

ဆရာမကြီးက ပြောလိုက်စဉ် စုံထောက် ဟာကြူလီသည် ထိုင်ရာမှ ထလိုက်သည်။

"ကလေးတွေက ရိုးသားတဲ့အတွက် မျက်စိနဲ့ မြင်တာတောင် အမှန်ကို မသိရှာကြဘူး။ ဒါဟာ သဘာဝပါပဲ။ ကိုင်း ကျုပ်လည်း အလုပ်ရှိလို့ သွားလိုက်ဦးမှ"

ပြောပြောဆိုဆို ဟာကြူလီသည်လည်း ထွက်သွားလေသည်။

ကျောင်းအုပ်ဆရာမကြီးက မစ္စရစ်(ချ)အား ကြည့်၍ ပြောလေသည်။

"ဂျင်နီဖာက ရာမတ်ပြည်မှာ သူမြင်ခဲ့တဲ့ အမျိုးသမီးက ခပ်ဝဝ ဖြစ်နေပါတယ်လို့ ပြောတာဟာ အဲဒီမိန်းမက ကိုယ်ဝန်ရှိနေတာကို မသိလို့ပြောလိုက်တာ ဖြစ်လိမ့်မယ်။ ဒီအတိုင်း ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မမှာ ကိုယ်ဝန်ရှိလာတော့ အလွန်စိတ်ဆင်းရဲခဲ့ပါတယ်။ ဒီကျောင်းအပေါ်မှာ သံယောဇဉ်ရှိတဲ့အတွက် အလုပ်ကလည်း ထွက်မသွားချင်ပါဘူး။ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မသိစေချင်တာနဲ့ ကျန်းမာရေးအကြောင်းပြပြီး ခွင့်ယူသွားခဲ့ပါတယ်။ အသိမိတ်ဆွေတစ်ယောက်မှမရှိ‹ဘဲ နိုင်ငံခြား တစ်နေရာမှာ သွားနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ နောက်တော့ ကျွန်မ ဒီအင်္ဂလန်ပြည်ကို ပြန်လာပြီး ဒီမှာပဲ မွေးဖွားပါတယ်။ အဲဒီလို ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာရှိနေလို့လည်း ဆရာမကြီးက ဒီကျောင်းမှာ အစုစပ်ပါတနာအဖြစ် လုပ်ဖို့ပြောတော့ ကျွန်မက လက်မခံချင်ဘူးဆိုတာ ဆရာမကြီး နားလည်လိမ့်မယ်လို့ ထင်ပါတယ်"

ဆရာမကြီးက ဘာမှမပြောဘဲနေသောအခါ မစ္စရစ်(ချ)ကပင် ဆက်၍ "ကျွန်မအနေနဲ့ အခု စာသင်နှစ်ဆုံးအောင် နေရမှာလား။ ဒါမှမဟုတ် အခုပဲ ထွက်သွားစေချင်ပါသလား"

www.burmeseclassic.com

www.burmeseclassic.com



"မသွားရဘူး၊ စာသင်နှစ်ဆုံးအောင် နေရမယ်။ နောက်စာသင်နှစ် အသစ်ရောက်ရင်လည်း ဆက်နေရမယ်"

"ဟင်...ဆရာမကြီးက ကျွန်မကို ဒီကျောင်းမှာ ဆက်ထားဖို့ လိုလားနေပါသေးသလား"

မစ္စရစ်(ချ)က အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့မလိုလားရမှာလဲ။ ဆရာမက လူသတ်ခဲ့တာလည်း မဟုတ်ဘူး။ ကျောက်မျက်ရတနာတွေကို လိုချင်တပ်မက်တဲ့ လောဘဇောနဲ့ လူသတ်ပြီး ရတနာတွေကို လိုချင်တာလည်း မဟုတ်ဘူး။ ဆရာမမှာ ချစ်သူယောက်ျားတစ်ဦး ရှိခဲ့လို့ ကိုယ်ဝန်ဖြစ်ခဲ့တာ ဖြစ်မှာပါ။ အခြေအနေက လက်ထပ်ယူဖို့လည်း မဖြစ်ဘူးနဲ့ တူတယ်"

"လက်ထပ်ဖို့ လုံးဝမဖြစ်ပါဘူး။ ဒါဟာလည်း သူ့ကို လုံးဝအပြစ်မဆိုသာပါဘူး"

"ဩော်... ဒီလိုလား၊ ဆရာမမှာ အချစ်ရေးကိစ္စတစ်ခု ဖြစ်ပေါ်လာရာက ကလေးတစ်ယောက် ရခဲ့တယ်ဆိုပါတော့။ အဲဒီကလေးကို ဆက်ပြီး တာဝန်ယူထားချင်သလား"

"ဟုတ်ပါတယ် ဆရာမကြီး။ ကျွန်မက ကလေးကို ဆက်ယူထားချင်ပါတယ်"

"ဆရာမကြီး တစ်ခုပြောမယ်၊ ဆရာမဟာ အချစ်ရေးပြဿနာဖြစ်ပေါ်ခဲ့ပေမယ့် ဆရာမရဲ့ ဝါသနာနဲ့ စရိုက်အရ စာသင်ကြားရတဲ့ ဆရာမအလုပ်နဲ့ အကိုက်ညီဆုံး ဖြစ်တယ်။ ဆရာမကိုယ်တိုင်ကလည်း အိမ်ရာတည်ထောင်တဲ့ ဘဝနဲ့စာရင် စာသင်ကြားရတဲ့အလုပ်ကို ပိုပြီး နှစ်သက် မြတ်နိုးတယ် မဟုတ်လား"

"မှန်ပါတယ်ဆရာမကြီး။ ကျွန်မအနေနဲ့ စာသင်ရတဲ့ဆရာမအလုပ်ကိုသာ အလွန်ဝါသနာလည်း ပါတယ်။ အနှစ်သက်ဆုံးနဲ့ မြတ်နိုးပါတယ်"

"ဒါဖြင့် ဘာမှ စိတ်ကူးမလွဲပါနဲ့။ ဆရာမကြီးက အကောင်းဆုံးနည်းကို အကြံပေးချင်တယ်။ ဆရာမက ကျုပ်နဲ့အတူ တွဲပြီး ဒီကျောင်းကို ဆက်လက် ထိန်းသိမ်း အုပ်ချုပ်သွားကြမယ်။ ကျောင်းကို ပြုပြင်ဖို့ ဆရာမမှာလည်း စိတ်ကူး အကြံဉာဏ်တွေ ရှိမှာပါပဲ။ ဆရာမကိုယ်တိုင်က ဒီမဲဒိုးဘင်းကျောင်းမှာ ပြုပြင်စရာတွေ ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်။ ကျောင်းသူ မိန်းကလေးတွေ လက်ခံတဲ့နေရာမှာ မူသစ်တစ်မျိုး သတ်မှတ်ပြီး လက်ခံသင့်တယ်လို့ ထင်မိပါတယ်"



"ဆရာမအနေနဲ့ ဒီကျောင်းမှာ လက်ခံဖို့ မိန်းကလေးတွေကို ထပ်ပြီး ရွေးစင် စိတ်ကြိုက်ရွေးပြီးမှ လက်ခံချင်တဲ့သဘော မဟုတ်လား။ ကောင်းပြီ။ အဲဒီမိန်းကလေးမျိုးဖြစ်ဖို့ရာ အရင်ဆုံးကျောင်းရဲ့ ဂုဏ်သိက္ခာသတင်းကြီးဖို့ လိုအပ်တယ်။ အထက်တန်းလွှာ လူကြီးလူကောင်း သားသမီးတွေ၊ နိုင်ငံခြားက ဘုရင့်သွေးတော်မျိုးတော်ထဲက မိန်းကလေးတွေ၊ ဒီကျောင်းမှာ နေတယ်ဆိုရင် အင်္ဂလန်တစ်ပြည်လုံးက မိဘတွေကလည်း သူတို့ရဲ့သမီးတွေကို ဒီကျောင်းမှာ အလုအယက်ကို လာထားချင်ကြလိမ့်မယ်။ အဲဒီလို ဝင်ခွင့်လျှောက်သူတွေ အများကြီး ရှိမှလည်း ဆရာမတို့ စိတ်ကြိုက် လက်ရွေးစင် မိန်းကလေးတွေ ရွေးပြီး လက်ခံနိုင်မယ်၊ အဲဒီလိုဖြစ်အောင် ကျုပ်က နည်းလမ်းတွေ ရှာပြီး အစပျိုးပေးပါမယ်။ ထိပ်တန်း ကြေးရတတ် သားသမီးတွေ ဒီကျောင်းမှာ လာနေနိုင်အောင် ကြိုးစား ဖန်တီးမယ်။ နောက်ပိုင်းကျတော့မှ ဆရာမသဘောအတိုင်း ကျောင်းကို စီမံအုပ်ချုပ်သွားကြတာပေါ့။ ဆရာမက အသက်လည်း ငယ်ပါသေးတယ်။ ရှေ့အလားအလာ အများကြီး ရှိပါတယ်။ ပြီးတော့ ဒီမဲဒိုးဘင်းကျောင်းဟာ အင်္ဂလန်ပြည်မှာ အကောင်းဆုံး မိန်းကလေးကျောင်း ဖြစ်လာနိုင်တယ်"

"ဟုတ်ကဲ့၊ အင်္ဂလန်ပြည်မှာ အကောင်းဆုံး မိန်းကလေးကျောင်း ဖြစ်လာနိုင်တာ သေချာပါတယ် ဆရာမကြီး"

"ဟုတ်ပြီ၊ ဒါဖြင့် ဒီတိုင်းပဲ လုပ်ကြတာပေါ့။ ကိုင်း မစ္စချက်ဒစ်ကို သွားကြည့်လိုက်ဦးမှပဲ"

ဆရာမကြီးက စကားဖြတ်လိုက်ပြီးနောက် မစ္စချက်ဒစ်ရှိရာသို့ သွားကြည့်လေသည်။

မစ္စချက်ဒစ်မှာ ခုတင်ပေါ်တွင် ပက်လက်အိပ်နေပြီး မျက်နှာက သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေရှာလေသည်။ ရဲအရာရှိတစ်ဦးက မှတ်စုစာအုပ်တစ်အုပ်ကိုင်လျက် ခုတင်ဘေးနားတွင် ထိုင်နေသည်။ အဆောင်မှူး မစ္စဂျွန်ဆင်ကလည်း ခုတင်၏ တစ်ဖက်တွင် ထိုင်နေလေသည်။

"ဟဲလို မစ္စချက်ဒစ် ဘယ့်နှယ်နေသလဲ။ သက်သာရဲ့လား"

ဆရာမကြီးက မစ္စချက်ဒစ်၏ လက်တစ်ဖက်ကို ယုယစွာ ဆုပ်ကိုင်ရင်း မေးလိုက်သည်။

မစ္စချက်ဒစ်သည် အလွန်စိတ်ထိခိုက် ဝမ်းနည်းသွားဟန်ဖြင့် "ဆရာမကြီး ဟို...ဟို... သတ်တာဟာ ကျွန်မဖြစ်ပါတယ်" ဟု ပြောလေသည်။

"ဒါကို သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက ညင်သာစွာ ပြန်ပြောလိုက်သည်။

"ကျွန်မ... ကျွန်မ... က မစ္စဗာဆီတတ်အပေါ် မနာလိုဖြစ်မိလို့"

"ဒါကိုလည်း သိပါတယ်"

ဆရာမကြီးက ပြောလိုက်လျှင် မစ္စချက်ဒစ်သည် ဝမ်းနည်းဟန်ဖြင့် မျက်ရည်များ ကျလာလေသည်။

"အဖြစ်က သိပ်ဆိုးပါတယ် ဆရာမကြီးရယ်၊ ကျွန်မအနေနဲ့ ရက်စက်ယုတ်မာတဲ့ အလုပ်မျိုးလုပ်ဖို့ လုံးဝ ရည်ရွယ်ချက် မရှိခဲ့ပါဘူး"

"ဒါတွေ မစဉ်းစားဘဲနေပါတော့လေ၊ စိတ်ကောင်းကောင်းထားပါ"

"ဒါပေမဲ့ ကျွန်မကိုယ်လည်းကျွန်မ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင်လည်း ဖြစ်မိပါတယ်"

"ဒီလိုသဘောမထားပါနဲ့၊ ဒီမယ် မစ္စချက်ဒစ်၊ ကျွန်မရဲ့ အသက်ကို ဆရာမက ဝင်ကယ်ခဲ့တယ် မဟုတ်လား။ ဒါတင်မကသေးဘူး၊ ဂျူလီယာရဲ့ မိခင် မစ္စက်အတ်ဂျွန်ရဲ့ အသက်ကိုလည်း ဆရာမက ဝင်ကယ်ခဲ့တာပဲ။ ဒီအတွက်တော့ ထည့်စဉ်းစားရမယ် မဟုတ်လား"

"ကျွန်မရဲ့ဆန္ဒက ဆရာမကြီးနဲ့ မစ္စက်အတ်ဂျွန်တို့ကို ကယ်ဖို့ ကျွန်မရဲ့အသက်ကို စွန့်လိုက်ချင်တာပါပဲ"

ဆရာမကြီးသည် မစ္စချက်ဒစ်အား အလွန်ကရုဏာဖြစ်ဟန်နှင့် ကြည့်လိုက်သည်။

"ဘာမှစိတ်မကောင်းမရှိပါနဲ့။ ဆရာမက ကျွန်မရဲ့အသက်ကို ကယ်ဖို့အတွက် အသက်ကိုစွန့်ပြီး ရှေ့က ဝင်ကာကွယ်လိုက်ခဲ့တာပဲ မဟုတ်လား။ အဲဒါကို စဉ်းစားပြီး စိတ်ကို ဖြေပါ ဆရာမရယ်"

❑ ❑ ❑

## ၂၆

စုံထောက်ဟာကြူလီ၏ တပည့်ကျော် ဂျော့သည် သူ့ဆရာထံသို့ လာရောက်သတင်းပို့လေသည်။

"မစ္စတာရော်ဘင်ဆင်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဆရာနဲ့ တွေ့ချင်လို့ အပြင်မှာ ရောက်နေပါတယ်"



"ဟော ဟုတ်လား၊ ဒါဖြင့် ဒီကိုခေါ်လာခဲ့ပါ။ သူ့ကို ငါလက်ခံတွေ့ပါမယ်"

ဟာကြူလီက ဤသို့ ပြောလိုက်၍ ဂျော့လည်း အပြင်ဘက်သို့ ပြန်ထွက်သွားစဉ် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စားပွဲပေါ်ရှိ စာတစ်စောင်ကို ကောက်ယူပြီး ပြန်လည် ဖတ်ကြည့်လေသည်။

စာက စုံထောက်ဟာကြူလီနှင့် ခင်မင်ရင်းနှီးသူ ဗိုလ်မှူးကြီး ပိုက်ဆေးထံမှ ဖြစ်ပြီး အောက်ပါအတိုင်း ရေးသားထားလေသည်။

**မိတ်ဆွေကြီး မစ္စတာဟာကြူလီ**

မစ္စတာရော်ဘင်ဆင် အမည်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦး မကြာမီရက်အတွင်း မိတ်ဆွေကြီးထံ လာရောက်တွေ့ဆုံပါလိမ့်မည်။ သူ့အကြောင်းကို မိတ်ဆွေကြီး သိကောင်းသိထားမည် ထင်ပါသည်။ သူသည် အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ယခုလိုမျက်မှောက်ခေတ်တွင် အထူးလိုအပ်သော ပုဂ္ဂိုလ်မျိုးလည်း ဖြစ်ပါသည်။ ဤစာကို ရေးလိုက်ရခြင်းမှာ မိတ်ဆွေကြီးအနေဖြင့် မစ္စတာရော်ဘင်ဆင်အား ကောင်းမွန်စွာ လက်ခံတွေ့ဆုံအောင် မိတ်ဆက် ထောက်ခံစာသဘော ရေးလိုက်ခြင်းဖြစ်ပါသည်။ သို့သော် သူက မိတ်ဆွေကြီးနှင့် ဆွေးနွေး ပြောဆိုလိုသော အကြောင်းကိစ္စကိုမူ လုံးဝ မသိပါ။

ခင်မင်လေးစားစွာဖြင့်

**ပိုက်ဆေး**

(ဗိုလ်မှူးကြီး)

❑

ထိုစာကို စုံထောက်ဟာကြူလီက တစ်ခေါက်ပြန်ဖတ်နေစဉ်မှာပင် ရော်ဘင်ဆင်ဆိုသူသည် ဝင်လာလေသည်။

ဟာကြူလီက ထ၍ လက်ဆွဲနှုတ်ဆက်ပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်ရန် ညွှန်ပြလိုက်သည်။

မစ္စတာရော်ဘင်ဆင်သည် ထိုင်ရင်း လက်ကိုင်ပဝါတစ်ထည် ထုတ်ယူ၍ သူ၏မျက်နှာမှ ချွေးများ သုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရာသီဥတုက ပူအိုက်နေချိန်မှာ မစ္စတာရော်ဘင်ဆင်က ဒီကို လမ်းလျှောက်လာတာများလား"

"မဟုတ်ပါဘူး၊ ကျုပ်ရဲ့ရိုးလ်စရွိုက်မော်တော်ကားနဲ့ လာခဲ့တာပါ။ ဒါပေမဲ့ လမ်းမှာ ယာဉ်အသွားအလာ သိပ်ရှုပ်တာက စိတ်ပျက်ဖို့ ကောင်းတယ်။ တချို့နေရာတွေမှာ ကားကို နာရီဝက်လောက် ရပ်ပြီး စောင့်နေရတယ်"

ရော်ဘင်ဆင်က ပြန်ပြောလိုက်လျှင် စုံထောက်ဟာကျူလီက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

ထို့နောက် ရော်ဘင်ဆင်ကပင် စကားဆက်လေသည်။

"အခုတစ်လော မစ္စတာ ဟာကျူလီဟာ မိန်းကလေးကျောင်းတစ်ကျောင်းရဲ့ အရေးကိစ္စတွေနဲ့ အတော်အလုပ်များနေခဲ့တယ်လို့ သိရပါတယ်။ ကျုပ်က အဲဒီအကြောင်း ကြားမိတာ စိတ်ဝင်စားခဲ့ပါတယ်"

"ဪ... ဒါလား"

စုံထောက်ဟာကျူလီက ထိုမျှသာ စကားပြောလိုက်သည်။

"ဟုတ်တယ်၊ မဲဒိုးဘင်းဆိုတဲ့ ကျောင်းက အင်္ဂလန်ပြည်မှာ အကောင်းဆုံးကျောင်းတစ်ကျောင်းပဲလို့ သိရတယ်"

"ဟုတ်ကဲ့၊ အကောင်းဆုံးကျောင်းတစ်ကျောင်းပါပဲ"

"ရှေ့အဖို့ကော မဲဒိုးဘင်းကျောင်းအနေနဲ့ အခြေအနေကောင်းပါ့မလား"

"ကောင်းပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

စုံထောက်ဟာကျူလီက စကားကို မယုတ်မလွန်ပြောလိုက်သည်။

"ကျုပ်လည်း ဒီလိုပဲ မျှော်လင့်ပါတယ်။ လောလောဆယ်တော့ ကျောင်းအခြေအနေက နည်းနည်းယိုင်နေတယ်လို့ သိရပါတယ်။ အဲဒါကို သေးက ဝိုင်းကူလိုက်ရင် ပြေလည်သွားနိုင်ပါတယ်။ ငွေရေးကြေးရေး နည်းနည်း အခက်အခဲရှိတာကို ကူညီလိုက်ရင် ဖြစ်တယ်။ ပြီးတော့ ကျောင်းနာမည်ကောင်းစေမယ့် ကျောင်းသူအသစ်တွေ နေအောင် ဆက်သွယ် ကူညီပေးလိုက်ရင်လည်း ကောင်းမယ်။ ကျုပ်က ဥရောပမှာ အပေါင်းအသင်းကောင်းကောင်းရှိပါတယ်"

ရော်ဘင်ဆင်က ပြောလိုက်ရာ စုံထောက်ဟာကျူလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျုပ်ကလည်း ကိုယ်နဲ့ပတ်သက်တဲ့ အပေါင်းအသင်းတွေကိုချည်း ကပ်ပြီး ကျောင်းကို ကူညီဖို့ ကြိုးစားနေပါတယ်။ တစ်ခုတော့



သေးတာက လူတွေရဲ့ သဘာဝတစ်ခုက အဖြစ်အပျက်တစ်ခုခုကို ကြာရှည်မေ့ပျောက်သွားတတ်တဲ့သဘော ရှိပါတယ်"

"ဒီလိုပဲ မျှော်လင့်မိပါတယ်။ ကျောင်းမှာ ဖြစ်ပျက်ခဲ့တာတွေကတော့ မိဘတွေအဖို့ သူတို့သားသမီးများအတွက် စိုးရိမ်ပူပန်စရာပဲ။ ပထမဆုံး အားကစားဆရာမ၊ နောက်တော့ ပြင်သစ်ဆရာမ၊ နောက်ထပ် ဆရာမတစ်ဦးပါ အားလုံး အသတ်ခံရတယ်လို့ ဆိုတယ်"

"ဟုတ်ပါတယ်"

"ဒါထက် ကျုပ်တစ်ခုကြားတယ်။ တရားခံမိန်းကလေးဟာ စိတ်ရောဂါဝေဒနာရှင်တစ်ဦး ဖြစ်သလို ပြောနေကြတယ်။ သူဟာ ငယ်စဉ်က ကျောင်းနေချိန်မှာ လုံးဝ စိတ်ပျော်ရွှင်ချမ်းသာမှု မရှိဘဲ နေခဲ့တာကြောင့် ကျောင်းဆရာမတွေကို အလိုလိုမုန်းတီးနေတာလို့ ဆိုနေတယ်။ စိတ်ရောဂါအထူးကုဆရာဝန်တွေအဖို့ အထူးစိတ်ဝင်စားကြမှာပါပဲ"

"သူ့အမှု ရုံးတင်တဲ့အခါ ဒီမိန်းကလေးဟာ စိတ်မမှန်တဲ့ ဝေဒနာရှင်တစ်ဦးအနေနဲ့ အပြစ်ဒဏ်လျှော့ပေါ့အောင် တရားခံရှေ့နေတွေက ကြိုးစားလိမ့်မယ်လို့ ထင်တယ်"

"ကျုပ်ကတော့ အဲဒီလို ကြိုးစားရင် မအောင်မြင်ပါစေနဲ့လို့ မျှော်လင့်ပါတယ်"

စုံထောက်ဟာကျူလီက ခပ်တည်တည်ပြောလိုက်သည်။

"ဟုတ်တာပေါ့၊ ကျုပ်လည်း ဒီလိုပဲ သဘောရပါတယ်။ သူဟာ အလွန်ရက်စက်ပြီး သွေးအေးအေးနဲ့ သတ်ခဲ့တဲ့ လူသတ်သမားတစ်ဦး ဖြစ်တယ်။ ဒါနဲ့များ သူဟာ စစ်အတွင်းက ထောက်လှမ်းရေးဘက်မှာ ဝင်လုပ်ခဲ့ဖူးတယ်လို့ ဆိုတယ်။ ဒါပေမဲ့ လောဘထွက်လာတယ်နဲ့ တူပါတယ်။ သူလိုချင်တပ်မက်တဲ့ ကျောက်မျက်ရတနာတွေကလည်း တကယ် တပ်မက်ချင်စရာကောင်းတာကိုးဗျ"

စုံထောက်ဟာကျူလီက ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်သောအခါ မစ္စတာ ရော်ဘင်ဆင်က ဆက်၍ "မစ္စတာဟာကျူလီခင်ဗျား။ အဲဒီရတနာတွေက ဘယ်မှာရှိပါသလဲ" ဟု မေးလေသည်။

"ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိပြီး ဖြစ်တယ်လို့ ကျုပ်ထင်ပါတယ်"

"မှန်ပါတယ်။ အခုလိုကိစ္စမျိုးကျတော့ ဘဏ်တိုက်တွေဟာ တကယ် အသုံးကျတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စုံထောက်ဟာကြူလီက ပြုံးလိုက်ပြီး "ဒီမယ်ရော်ဘင်ဆင်၊ ခင်ဗျားနဲ့ကျုပ်က စကားကို ဝေ့လည်ကြောင်ပတ်ပြောနေဖို့ မလိုပါဘူး။ ခင်ဗျားက ရတနာတွေကို ဘာလုပ်မလို့လဲ" ဟု မေးလိုက်သည်။

"ကျုပ်က စောင့်နေတုန်းပဲ"

"ဘာကို စောင့်နေတာလဲ"

"အကြံဉာဏ်ပေးတာကို စောင့်နေတယ်ဆိုပါတော့ဗျာ"

"ဒီပစ္စည်းတွေဟာ ကျုပ်ပိုင်ဆိုင်တာ မဟုတ်ဘူးဆိုတာလည်း ခင်ဗျား သိပါတယ်။ ကျုပ်က ပစ္စည်းတွေကို တရားဝင် ပိုင်ဆိုင်တဲ့ လူတွေရဲ့ လက်ကို ပေးအပ်လိုက်ချင်တယ်။ ဒါပေမဲ့ ဒီလိုပေးအပ်ဖို့က မလွယ်ဘူး"

ဟာကြူလီက သူ၏ သဘောထားကို ပြောလိုက်သည်။

"ဒီလိုရှိပါတယ်။ အစိုးရတွေအနေနဲ့ အတော်ပဲ အခက်အခဲရှိနေတယ်။ အားနည်းချက်ပဲ ဆိုပါတော့။ အစိုးရတွေအဖို့ ရေနံမရှိရင် မဖြစ်ဘူး မဟုတ်လား။ ဒါကြောင့် နိုင်ငံခြားနဲ့ ဆက်သွယ်ရေးကိစ္စမှာ အင်မတန်မှ လိမ္မာသိမ်မွေ့စွာ ဆက်ဆံဖို့ အရေးကြီးပါတယ်။ တချို့ပြဿနာမှာဆိုရင် ကျုပ်တို့အစိုးရက လုံးဝ မသိပါဘူးလို့ ပြောနိုင်တဲ့ အခြေအနေမျိုး လိုအပ်တယ်"

"နားလည်ပါတယ်။ တစ်ခုရှိတာက ဒီပစ္စည်းကို ကျုပ်က ဘဏ်တိုက်မှာ အပ်နှံထားတာ အချိန်အကန့်အသတ်မရှိ ထားလို့ မဖြစ်ဘူးဗျ"

စုံထောက်ဟာကြူလီက ပြောလိုက်လျှင် ရော်ဘင်ဆင်က "ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်က အခု ခင်ဗျားဆီကို လာခဲ့တာပဲ။ ပစ္စည်းတွေကို ခင်ဗျားက ကျုပ်လက်ထဲအပ်ဖို့ အကြံပြုချင်ပါတယ်" ဟု ပြောလိုက်သည်။

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတာ ပြောပါမယ်"

"ဒီကျောက်မျက်ရတနာတွေဟာ ကွယ်လွန်သူ မင်းသားအလီယူဆွတ်ရဲ့ ပစ္စည်းတွေ အမှန်ဖြစ်တယ်ဆိုတာ သေချာတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျုပ်လည်း ဒီလိုပဲ နားလည်ပါတယ်"

"မင်းသားအလီယူဆွတ်က ကျောက်မျက်ရတနာတွေကို သူ့ရဲ့လေယာဉ်မှူး ရော်လင်ဆင်လက်ကို ပေးအပ်လိုက်စဉ်က ညွှန်ကြားချက်တွေလည်း ပေးခဲ့တယ်။ အဲဒီ ညွှန်ကြားချက်အရ ကျောက်မျက်ရတနာတွေကို ရာမတ်ပြည်က ထုတ်ယူသွားကြပြီး ကျုပ်လက်ကို ပေးအပ်ဖို့ အစီအစဉ် ရှိတယ်"



"ဒါနဲ့ ပတ်သက်လို့ မှန်ကန်ကြောင်း အထောက်အထား ခင်ဗျားမှာ ရှိသလား"

စုံထောက်ဟာကြူလီက ပြန်မေးလိုက်သည်။

"ဟုတ်ကဲ့၊ ရှိပါတယ်"

ပြောပြောဆိုဆို မစ္စတာရော်ဘင်ဆင်သည် သူ၏အင်္ကျီအိတ်တွင်းမှ စာအိတ်ရှည်ကြီးတစ်ခုကို ထုတ်လိုက်သည်။ နောက်စာအိတ်တွင်းမှ စာရွက်စာတမ်းများ ထုတ်ယူပြီး စုံထောက်ဟာကြူလီ၏ ရှေ့ရှိ စားပွဲပေါ်တွင် ချပြလိုက်သည်။

ဟာကြူလီသည် စာရွက်စာတမ်းများကို သေချာစွာ ဖတ်ရှုလေ့လာပြီးနောက် ခေါင်းညိတ်လိုက်သည်။

"အင်း... ခင်ဗျားပြောတဲ့အတိုင်း မှန်နေပါတယ်။ ဒါပေမဲ့ ခင်ဗျား..."

"ဟုတ်ကဲ့၊ မေးနိုင်ပါတယ်"

"ခုကိစ္စမှာ ခင်ဗျားအတွက် ဘာများ အကျိုးကျေးဇူးခံစားရမှာလဲ"

"အကျိုးကျေးဇူးအနေနဲ့ ကျုပ်က အခကြေးငွေရမှာပါပဲ။ ငွေကလည်း အတော်များလိမ့်မယ်။ မစ္စတာဟာကြူလီ သိအောင် ရှင်းပြပါမယ်။ ကျုပ်တို့လို လူမျိုးတွေဟာ ကမ္ဘာအနှံ့အပြားမှာ ရှိကြပါတယ်။ လူမသိတဲ့ စီးပွားရေးလုပ်ငန်းတစ်မျိုး လုပ်နေကြတာပါပဲ။ ကျုပ်တို့က နိုင်ငံအကြီးအကဲတွေ၊ ဘုရင်တွေ၊ သမ္မတတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေအတွက် လူမသိအောင် လျှို့ဝှက် အစီအစဉ်တွေကို အခကြေးငွေ ယူပြီး လုပ်ပေးရတယ် ဆိုပါတော့။ ကျုပ်တို့ရဲ့ အခကြေးငွေက အလွန်များပါတယ်။ သို့သော်လည်း ကျုပ်တို့ဟာ ကိုယ့်ကို ယုံကြည်လို့ တာဝန်ပေးသူတွေအပေါ် အထူးသစ္စာရှိစွာနဲ့ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ပေးလေ့ ရှိတယ်။ ဒါကြောင့် ကျုပ်တို့ကို ယုံကြည်စိတ်ချကြတယ်"

"ဟုတ်ကဲ့၊ ကျုပ်သဘောပေါက်ပါပြီ။ ခင်ဗျား တောင်းဆိုတာကို ကျုပ် သဘောတူပါတယ်"

"မစ္စတာဟာကြူလီက အခုလို ဆုံးဖြတ်လိုက်တာဟာ အားလုံးအတွက် စိတ်ချမ်းသာမှု ဖြစ်ပါလိမ့်မယ်လို့ ကျုပ်က အာမခံချက် ပေးပါတယ်"

ရော်ဘင်ဆင်က ပြောရင်း စုံထောက်ဟာကြူလီ ရှေ့ရှိ စားပွဲပေါ်မှ ခိုလ်မှုးကြီးပိုက်ဝေး၏ မိတ်ဆက်စာကို လှမ်းကြည့်လိုက်သည်။

ဟာကြူလီသည် ရော်ဘင်ဆင်အား မေးခွန်းထပ်မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိနဲ့နော် ကျုပ်က သိချင်လို့ မေးတာပါ။ ခင်ဗျားက ဒီကျောက်မျက်ရတနာတွေကို ဘာလုပ်မှာလဲ"

ထိုအခါ မစ္စတာရော်ဘင်ဆင်သည် ပြုံးလိုက်သည်။

"ခင်ဗျား သိချင်ရင် ကျုပ်က ပြောပြပါ့မယ်"

ဤသို့ အစချီကာ ရော်ဘင်ဆင်သည် စုံထောက် ဟာကြူလီအား အသေးစိတ် ပြောပြလိုက်လေသည်။

၈

လမ်းပေါ်တွင် ကလေးများ ပြေးလွှား ကစားလျက် ရှိနေကြလေသည်။

မစ္စတာရော်ဘင်ဆင်သည် သူ၏ ရိုးလ်စရွိုက် မော်တော်ကားကြီးမှ ဆင်း၍ လျှောက်လာစဉ် ကစားနေသော ကလေးတစ်ဦးက ပြေးလွှားရင်း လူချင်း ဝင်တိုက်မိလေသည်။ မစ္စတာရော်ဘင်ဆင်က ကလေးငယ်အား ညင်သာစွာ ဘေးသို့ ဖယ်လိုက်ပြီးနောက် သူ၏ ရှေ့တည့်တည့်မှ အိမ်နံပါတ်ကို မော်ကြည့်လိုက်သည်။

အိမ်နံပါတ်မှာ (၁၅) ဖြစ်နေရာ သူရှာဖွေနေသော အိမ်နံပါတ်ပင် ဖြစ်နေသည်။

ရော်ဘင်ဆင်သည် အိမ်ရှေ့တံခါးဝဆီသို့ လျှောက်သွားပြီး တံခါးကို ခေါက်လိုက်သည်။ အိမ်က လန်ဒန်မြို့၏ မထင်ရှားသော ရပ်ကွက်တစ်ခုတွင် တည်ရှိသော်လည်း ကောင်းမွန်သပ်ရပ်သော အိမ်ဖြစ်လေသည်။

မကြာမီ အိမ်တံခါးပွင့်လာပြီး အသက်နှစ်ဆယ့်ငါးနှစ်အရွယ် လှပချောမောသော မိန်းကလေးတစ်ဦးက ပြုံး၍ နှုတ်ဆက်လေသည်။

"မစ္စတာရော်ဘင်ဆင် မဟုတ်ပါလား၊ ဟုတ်ကဲ့ အိမ်ထဲကို ကြွပါရှင်"

ပြောပြောဆိုဆို မိန်းကလေးသည် မစ္စတာရော်ဘင်ဆင်အား ဧည့်ခန်းတွင်းသို့ ခေါ်သွားလေသည်။

ဧည့်ခန်းတွင်း၌ စန္ဒရားတစ်လုံးအပြင် ရုပ်မြင်သံကြား (တီဗွီ) စက်တစ်ခုလည်း ရှိလေသည်။

"လက်ဖက်ရည်သောက်ပါဦးနော်၊ ကျွန်မ ရေနွေးအသင့်တည်ထားပါတယ်"

မိန်းကလေးက ဖော်ရွေစွာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ မသောက်တော့ပါဘူး၊ နောက်ပြီး ကျုပ်က



အချိန်လည်း သိပ်မရလို့ပါ။ အခု ကျုပ်လာတာဟာ မိန်းကလေးဆီကို ထျူးခ်စာရေး အကြောင်းကြားထားတဲ့ ပစ္စည်းကို လာပို့ပေးတာပါပဲ"

"အလီယူဆွတ်ဆီကလား"

"ဟုတ်ပါတယ်"

"ဒီမယ်ရှင့်၊ သူ သေဆုံးသွားပြီလို့ ကြားရတာ အမှန်ပဲလားဟင်၊ သတင်းက မှားနေတာ မဖြစ်နိုင်ဘူးလား"

"ပြောရတာတော့ ဝမ်းနည်းပါတယ်၊ သတင်းက မှားတာ မဟုတ်ပါဘူး၊ ကြားရတဲ့အတိုင်း အမှန်ဖြစ်နေပါတယ်"

မစ္စတာရော်ဘင်ဆင်က ညင်သာသိမ်မွေ့စွာဖြင့် ပြန်ပြောလိုက်သည်။

"ဒါလည်း ဟုတ်မှာပါပဲလေ၊ သူက ရာမတ်ပြည်ကို ပြန်သွားတော့ ကျွန်မစိတ်ထဲမှာ သူနဲ့ နောက်ထပ် တွေ့ရတော့မှာ မဟုတ်ဘူးလို့ ထင်ခဲ့မိပါတယ်။ ဟိုမှာ တော်လှန်ရေးဖြစ်ပြီး သူ သေရမယ်ဆိုတာ သိလို့တော့ မဟုတ်ပါဘူး။ တကယ်တော့ သူဟာ ကိုယ့်ဆွေမျိုးထဲက မိန်းကလေးတစ်ဦးနဲ့ ထိမ်းမြားလက်ထပ်ဖို့ အစီအစဉ် ရှိခဲ့ပါတယ်"

မစ္စတာရော်ဘင်ဆင်သည် အထုပ်တစ်ထုပ်ကို စားပွဲပေါ် ချပေးလိုက်သည်။

"အထုပ်ကို ဖွင့်ကြည့်ပါဦး"

BURMESE CLASSIC

မစ္စတာရော်ဘင်ဆင်က ပြောလိုက်ရာ မိန်းကလေးသည် စက္ကူထုပ်ကို ဖြေလိုက်သည်။

အတွင်းမှ ပစ္စည်းများကို မြင်ရသောအခါ မိန်းကလေးသည် အလွန်အံ့အားသင့်စွာဖြင့် ငေးမောကြည့်နေလေသည်။

အထုပ်တွင်းမှ ပစ္စည်းများမှာ အစိမ်း၊ အပြာ၊ အနီ၊ အဖြူ စသော အရောင်မျိုးစုံတို့ဖြင့် တဖျပ်ဖျပ် ပြောင်လက်တောက်ပသော အဖိုးတန်ကျောက်မျက်ရတနာများ ဖြစ်နေလေသည်။

မစ္စတာရော်ဘင်ဆင်သည် မိန်းကလေး၏ မျက်နှာကို အကဲခတ်ကြည့်နေလေသည်။ အမျိုးသမီးများအနေဖြင့် ကျောက်မျက်ရတနာများ မြင်ရလျှင် မည်သို့ စိတ်လှုပ်ရှားတတ်ကြောင်း သူသည် သိထားပြီး ဖြစ်လေသည်။

မိန်းကလေးသည် အတန်ကြာအောင် ငေးမောနေပြီးမှ စကားပြောလေသည်။

"ဒါတွေက တကယ့်အစစ်တွေပဲလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အားလုံးအစစ်တွေပါပဲ"

"ဟုတ်လား၊ ဒါဖြင့် ဒီပစ္စည်းတွေရဲ့ တန်ဖိုးက"

မိန်းကလေးက တန်ဖိုးကို မဖြတ်တတ်သလို ဖြစ်နေစဉ် မစ္စတာရော်ဘင်ဆင်က "ထုခွဲရောင်းချမယ်ဆိုရင် အနည်းဆုံး အင်္ဂလိပ်စတာလင်ပေါင် ငါးသိန်းလောက်ရမယ်" ဟု ပြောလိုက်သည်။

"ဟင်...ဟုတ်ပါ့မလားရှင့်၊ စတာလင်ငွေ ငါးသိန်းတောင်လား။ ကျွန်မတော့ ဒါလောက်များများ ရနိုင်လိမ့်မယ် မထင်မိဘူး"

ပြောရင်း မိန်းကလေးသည် ကျောက်မျက်ရတနာများကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံးကောက်ယူလိုက်ပြီးနောက် အထုပ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"ဒီကျောက်မျက်ရတနာတွေကို မြင်ရတာနဲ့ ကျွန်မဖြင့် ကြောက်မိပါတယ်။ ဒါတွေကို ကျွန်မ ဘာလုပ်ရပါ့မလဲ"

သူမက ဤသို့ပြောလိုက်စဉ် အသားညိုညို သူငယ်ကလေးတစ်ယောက်သည် တံခါးပေါက်မှ ပြေးဝင်လာလေသည်။

"မာမီ...မာမီ၊ သားသားကလေ..."

ဤသို့ စကားစလိုက်ပြီးမှ သူငယ်ကလေးသည် မစ္စတာရော်ဘင်ဆင်ကို မြင်ပြီး ဆက်မပြောဘဲ ငေးကြည့်နေလေသည်။

ထိုအခါ သူငယ်လေး၏မိခင်အမျိုးသမီးက "သားလေးအယ်လင်၊ မီးဖိုခန်းထဲကို သွားလိုက်ပါ။ လက်ဖက်ရည် အသင့်ဖြစ်လောက်ပြီ။ နွားနို့နဲ့ ဘီစကွတ်တွေလည်း ရှိတယ်" ဟု ပြောလိုက်လေသည်။

သူငယ်ကလေးသည် သဘောကျသွားဟန်ဖြင့်"ဟုတ်လား၊ ဟန်ကျတာပဲ" ဟု ပြောပြီး မီးဖိုခန်းတွင်းသို့ သွက်လက်စွာ လျှောက်သွားလေသည်။

"မိန်းကလေးက သူ့ကို အယ်လင်လို့ နာမည်ပေးထားသကိုး"

မစ္စတာရော်ဘင်ဆင်က မှတ်ချက်ချသလို ပြောလိုက်ရာ မိန်းကလေးသည် ရှက်သယောင် ဖြစ်သွားလေသည်။

"အယ်လင်ဆိုတဲ့ နာမည်က ကျွန်မ မြတ်နိုးတဲ့ အလီဆိုတဲ့ နာမည်နဲ့ အနီးစပ်ဆုံး ဖြစ်ပါတယ်။ ကျွန်မက ကလေးကို အလီလို့ ပေးထားရင် ဒီပတ်ဝန်းကျင်က လူတွေ၊ အိမ်နီးပါးချင်းတွေနဲ့ မလွယ်ဘူး မဟုတ်ပါလား"

ဤသို့ ပြောပြီးနောက် သူမကပင် ဆက်၍"ကျွန်မက ဒီရတနာတွေကို ဘာလုပ်ရမှာလဲဟင်" ဟု မေးလိုက်ပြန်သည်။



"အရင်ဆုံး မိန်းကလေးရဲ့ ထိမ်းမြားလက်ထပ်စာချုပ်ကို ကျုပ်ကြည့်ချင်တယ်၊ မိန်းကလေးက လူရော နာမည်ရော အမှန်ဖြစ်ကြောင်း သေချာအောင် ကျုပ်က စစ်ဆေးကြည့်ဖို့ လိုပါတယ်"

မစ္စတာရော်ဘင်ဆင်က ပြောလိုက်သည်တွင် အမျိုးသမီးသည် စားပွဲအံဆွဲတစ်ခုထဲမှ စာအိတ်တစ်အိတ် ထုတ်ယူလိုက်သည်။

ထို့နောက် စာအိတ်ထဲမှ စာရွက်ကို ထုတ်ယူ၍ ပြလေသည်။

မစ္စတာရော်ဘင်ဆင်လည်း စာရွက်ကို သေချာစွာ ဖတ်ကြည့်ပြီးမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ၊ ဒါက တရားဝင် လက်ထပ်စာချုပ်ပဲ။ ကျောင်းသား အလီယူဆွတ်နဲ့ အဲလစ္စဆိုတဲ့ မိန်းကလေးတို့ တရားဝင် ထိမ်းမြားလက်ထပ်ပြီးခဲ့ကြောင်း လက်မှတ်ဖြစ်တယ်"

"ဟုတ်ပါတယ်ရှင်၊ အလီယူဆွတ်က မွတ်စလင်ဘာသာဝင် ဖြစ်လေတော့ ကျွန်မနဲ့ လက်ထပ်ထားပေမယ့် သူ့အနေနဲ့ နောက်ထပ် မိန်းမယူလို့ရပါတယ်။ ဒါကို ကျွန်မ သိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ အခြေအနေက သားကလေး အယ်လင် ကိုယ်ဝန်ရှိနေပြီဖြစ်တဲ့အတွက် လက်ထပ်ထားလိုက်ပါတယ်။ ဒီလို လက်ထပ်ထားခြင်းအားဖြင့် ဒီအင်္ဂလန်ပြည်မှာတော့ အယ်လင်ဟာ တရားဝင်သားတစ်ယောက် ဖြစ်နေတယ်။ ဒါကြောင့်လည်း အလီယူဆွတ်က လိုက်လျောပြီး ကျွန်မကို လက်ထပ်ခဲ့တာပါ။ သူက ကျွန်မကို တကယ်ချစ်မြတ်နိုးခဲ့ပါတယ်"

"ဟုတ်မှာပါပဲ။ ကျုပ်လည်း ယုံကြည်ပါတယ်။ ကောင်းပြီ ရှေ့ဆက်လုပ်ဖို့ အစီအစဉ်အကြောင်း ပြောကြရအောင်။ မိန်းကလေးက ကျုပ်ကို ဘာဝန်ပေးမယ်ဆိုရင် ကျုပ်က ကျောက်မျက်ရတနာတွေကို ထုခွဲရောင်းချပေးပါမယ်။ နောက်ပြီး ကျုပ်က အလွန်ယုံကြည် စိတ်ချရတဲ့ ရှေ့နေကြီးတစ်ဦးရဲ့ လိပ်စာကိုလည်း ပေးပါမယ်။ သူက မိန်းကလေးကို အစုစအရာရာ အကြံဉာဏ်ပေးပါလိမ့်မယ်။ ငွေတွေကိုတော့ ဘဏ်တိုက်မှာ အပ်နှံထားဖို့ အကြံဉာဏ်ပေးမှာပါပဲ။ မိန်းကလေးအဖို့ ဘဝအသစ်တစ်ခုအဖြစ် နေထိုင်သွားရတော့မယ် ဆိုပါတော့။ မိန်းကလေးရဲ့ သားကလေး ပညာသင်ကြားရေးကိစ္စကိုလည်း စီစဉ်ဖို့ လိုလိမ့်မယ်။ များသောအားဖြင့် ငွေကြေး ကြွယ်ဝချမ်းသာတဲ့ လူတွေဟာ စိတ်ပျော်ရွှင်ချမ်းသာမှု မရကြဘူး။ ဒါပေမဲ့ မိန်းကလေးကတော့ စိတ်ဓာတ်ကောင်းမွန်သူမို့ စိတ်ချမ်းသာပါလိမ့်မယ်။ မိန်းကလေးရဲ့ သားလေးအဖို့လည်း သူ့ဘဝဟာ သူ့ဖခင်ရဲ့ ဘဝထက် ပိုပြီး

www.burmeseclassic.com



ပျော်ရွှင်ချမ်းမြေ့စရာဖြစ်လာနိုင်တယ်။ ကိုင်း... ကျုပ်ကို တာဝန်ပေးဖို့ သဘောတူပါသလား"

"ဟုတ်ကဲ့ရှင့်၊ သဘောတူပါတယ်။ ရတနာတွေကို ယူသွားပါတော့၊ ဒါပေမဲ့ တစ်ခုပြောချင်ပါတယ်။ ဒီရတနာတွေ ဝှက်ထားတာကို စတွေ့ခဲ့တဲ့ ကျောင်းသူမိန်းကလေးတစ်ယောက် ရှိတယ် မဟုတ်လား၊ သူ့ကို ကျွန်မက ဆုလာဘ်အဖြစ် ရတနာတစ်ခုတော့ လက်ဆောင်ပေးချင်ပါတယ်။ ကောင်မလေးက ဘာအရောင်အသွေးများ ကြိုက်လဲ မသိဘူး"

"အစိမ်းရောင် မြတစ်လုံးပေးရင် ကောင်းပါတယ်။ ကောင်မလေးက သဘောကျပါလိမ့်မယ်"

ပြောရင်းနှင့် မစ္စတာ ရော်ဘင်ဆင်သည် ထိုင်ရာမှ ထလိုက်ပြီး "တစ်ခုတော့ ရှိတယ်နော်၊ ကျုပ်က တာဝန်ယူ ဆောင်ရွက်ပေးရတဲ့အတွက် အခကြေးငွေယူရလိမ့်မယ်။ ကျုပ်ယူတဲ့ နှုန်းကလည်း များတယ်။ ဒါပေမဲ့ ကျုပ်က မလိမ်မကောက်ဘဲ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးပါမယ်" ဟု ဆက်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မက အရောင်းအဝယ်ကိစ္စ ဘာမှ နားမလည်တဲ့အတွက် တတ်ကျွမ်း နားလည်သူရဲ့ အကူအညီကို လိုအပ်ပါတယ်"

"ဟုတ်ပြီ၊ မိန်းကလေးက ဉာဏ်အမြော်အမြင်ရှိသူတစ်ယောက်ပါပဲ။ ကဲ... ကျုပ် ဒီရတနာတွေ ယူမသွားခင် မိန်းကလေးအတွက် ကျောက်တစ်လုံးလောက် ယူမထားလိုက်ချင်ဘူးလား"

ဤတွင် အဲလစ္စအမည်ရှိ မိန်းကလေးသည် ကျောက်မျက်ရတနာများကို ကြည့်ရင်း ခေတ္တ စဉ်းစားပြီးနောက် ခေါင်းခါလိုက်သည်။

"မယူတော့ပါဘူးရှင်၊ မင်းသားအလီယူဆွတ်က မှတ်စလင်ဘာသာဝင်ဖြစ်ပေမယ့် ကျွန်မကို ခရစ်ယာန်သမ္မာကျမ်းစာ (ဘိုင်ဘယ်လ်) စာအုပ်ဖတ်ခွင့် ပြုပါတယ်။ အဲဒီကျမ်းစာ စာအုပ်ထဲမှာ ကျောက်မျက်ရတနာတွေထက် အဖိုးတန်တဲ့ အမျိုးသမီးတစ်ယောက်အကြောင်း ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဘာကျောက်မျက်ရတနာမှ မလိုချင်ပါဘူး"

ထိုမျှနှင့် စကားစ ပြတ်သွားကြပြီးနောက် မစ္စတာရော်ဘင်ဆင်သည် သူ၏ မော်တော်ကားရှိရာသို့ ပြန်လျှောက်လာစဉ် "အင်း... တကယ်ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ပါပဲ" ဟု သူ့ကိုယ်သူ ပြောသလိုနှင့် ရေရွတ်လိုက်မိလေသည်။

❑ ❑ ❑

## The Couple စာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ကျော်ဝင်း | အင်တာဗျူး |
| ၂။ | ခင်စောတင့် | စိတ်ရှင်းရင် ဘဝလည်းရှင်းတယ် |
| ၃။ | ရဲမြလွင် | နင်လားဟဲ့ လောကစံ |
| ၄။ | မောင်သာမည | ဆန့်ကျင်ဘက်ဆောင်းပါးများ |
| ၅။ | အောင်ဝေး | လူငယ်တွေရဲ့ကဗျာ (၂၀၀၃) |
| ၆။ | နတ်နွယ် | ရတနာလိုဏ်ဂူ |
| ၇။ | သည်မော်နိုင် | အင်တာနက်ပုံပြင် |
| ၈။ | ရဲမြလွင် | ဂျပန်အံ့ဖွယ်ပုံပြင်များ |
| ၉။ | ပါရဂူ | မဟာကဝိ |
| ၁၀။ | စိုင်းဝင်းမြင့် | နားနားပြီးပြော |
| ၁၁။ | ကျော်ဝင်း | ဂျပန်အိပ်မက် |
| ၁၂။ | ခင်စောတင့် | နားခိုဖို့နေရာကလေး |

www.burmeseclassic.com